www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

'စိတ္တဇ' သည်
စိတ်ပညာ အခြေပြု
လျှို့ဝှက်သော၊ ဆန်းကြယ်သော၊ ထိတ်လန့်ဖွယ်ရာ ကောင်းအောင်
တမင် ဖန်တီး ရေးသားထားသော ဝတ္ထုတစ်ပုဒ်မျှသာ
ဖြစ်ပါသည်။
ဝတ္ထု၏ ရည်ရွယ်ချက်ဖြစ်သော
လျှို့ဝှက်ခြင်း၊ ဆန်းကြယ်ခြင်း၊ ထိတ်လန့်ဖွယ်ရာ ကောင်းခြင်း
အရသာကိုမှ အပြည့်အဝ ပေးစွမ်းနိုင်ဆဲ ....။

[ မြန်မာပြန်သူ၏ အမှာ.... မှ ]

www.burmeseclassic.com

www.burmeseclassic.com

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အဖ သခင်ဗတုတ်၊ အမိ ဒေါ်မြမေ တို့က ၁၉၃၇ ခုနှစ်တွင် မန္တလေးမြို့မှာ မွေးဖွားသည်။ အမည်ရင်း ဦးစိန်မြင့် ဖြစ်၏။

မန္တလေးမြို့ စိန့်တောင် မြန်မာ ဘုန်းတော်ကြီးကျောင်း၊ စိန့်ပီတာ အင်္ဂလိပ် ခရစ်ယာန်ကျောင်းတို့တွင် ပညာသင်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်သည်။ မန္တလေးတက္ကသိုလ်တွင် ၁၉၅၆–၅၈ ခုနှစ်များမှာ ပညာသင်ခဲ့သည်။ သို့သော် မည်သည့် ဘွဲ့မှ မရရှိခဲ့ပေ။

တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း မြန်မာစာ စာတည်း၊ မန်းတက္ကသိုလ် ကလောင်ရှင်အသင်း အမှုဆောင်၊ 'မန်းခေတ်' သတင်းစာနှင့် 'ခေတ်' ဂျာနယ်တို့တွင် အယ်ဒီတာ၊ 'မိုးဦးပန်း' စာပေတိုက် တည်ထောင်သူ၊ 'ရေပွက်ပမာ'နှင့် 'ရန်ကုန်သားနှင့် မန္တလေးသူ' ဇာတ်ညွှန်းများ ရေးခဲ့သူ၊ 'မှုန်နံ့သာ ခြယ်ကာ သပါလို့'၊ 'ကျွန်တော့်နာမည် ကျော်ကျော်' အပါအဝင် ရုပ်ရှင်ဇာတ်ကား ၁၀ ကားကျော် ရိုက်ကူးခဲ့သည့် ဒါရိုက်တာ၊ ဗီဒီယို ခေတ်ဦးတွင် 'ရက်လည်း ရက်တယ်၊ ချစ်လည်း ချစ်တယ်'နှင့် 'ချစ်မိခဲ့ပြီ' ကားများ ရိုက်ခဲ့သည့် ဗီဒီယို ဒါရိုက်တာနှင့် မြန်မာနိုင်ငံ ရုပ်ရှင်ကောင်စီ ဗဟိုကော်မတီဝင် အဖြစ် တာဝန်ယူခဲ့သည်။

၁၉၅၃ ခုနှစ်ခန့်တွင် မန္တလေး 'ဗဟိုစည်'၊ 'မြန်မာ့လမ်းစဉ်' တို့မှာ ကဗျာများ စတင်ရေးသားခဲ့သည်။ **ည** (၁၉၆၁)၊ **မမေကြည်** (၁၉၆၂)၊ **ရန်ကုန်သားနှင့် မန္တလေးသူ** (၁၉၆၆)၊ **မိုးပိတောက်တို့ ပန်တော်မမီ** (၁၉၆၇)၊ ပင်ကိုရေး ဝတ္ထုများကို လည်းကောင်း၊ **ဝတ္ထုနှင့် ဝတ္ထုသဘောတရား စာတမ်း**၊ မိုးဦးပန်း **အစမ်းစာ** စာပေဆိုင်ရာ စာအုပ်များကို လည်းကောင်း၊ **စိတ္တဇ** (၁၉၆၅)၊ **အိပ်မက်ကုန်သည်** (၁၉၇၆)၊ **သေနေ** (၁၉၇၇)၊ **ကြေးစား** (၁၉၈၁)၊ **အိပ်နိုးဒပ် [နိုင်ငံတစ်ခု မွေးဖွားခြင်း]** (၁၉၈၁)၊ **ကျားကုတ်ကျားခဲ** (၁၉၈၁)၊ **သဲကြီးမဲကြီး**(၁၉၈၂)၊ **သူနိုင်ငါနိုင်** (၁၉၈၂)၊ **အချစ်ပုံပြင်** (၁၉၈၂)၊ **သက်စွန့်ဆံဖျား**(၁၉၈၃)၊ **စိန့်ပီတာစဘတ်မှ လူ** (၁၉၈၃)၊ **မာဖီးယားနှင့် ပေါပီပန်း**(၁၉၈၃)၊ **ကျိန်းစာဘွန်း၏ အထူးတာဝန်** (၁၉၈၃)၊ **လူစွန့်စား** (၁၉၈၃)၊ **အိပ်မိုးဆေး**(၁၉၈၄)၊ **အတိတ်တစ္ဆေ**(၁၉၈၄)၊ **လင်းယုန်တို့အောင်ပွဲ** (၁၉၈၄)၊ ရိုလာ ကိုစတား၊ **ခု မကြည့်နဲ့ဦး**(၁၉၈၅)၊ **ငြိုးသူရန်ဖက်** (၁၉၈၅)၊ **ပစ်မသွားနဲ့ အချစ်ရယ်**(၁၉၈၆) စသည့် ဘာသာပြန် ဝတ္ထုများကို လည်းကောင်း ရေးသားခဲ့သည်။

ယခုအခါ နေမဂ္ဂဇင်း အယ်ဒီတာ အဖြစ် ဆောင်ရွက်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

**၂၀၀၂ ထုတ် ရာပြည့်စာအုပ်များ**


၁၅၉။ သခင်ဘသောင်း၏ တစ်ထောင့်တစ်ည ပုံပြင်များ

၁၆၀။ ရဲမြလွင်၏ ကြိုးကြာတစ်ထောင်

၁၆၁။ လင်းယုန်မောင်မောင်၏ ထောင်ပြေးစပိုင်

၁၆၂။ မောင်ခင်မင် (ဓနုဖြူ) ၏ နှစ်လေးဆယ် ဘဝမှတ်တိုင်များ

၁၆၃။ ဂျာနယ်ကျော်မမလေး၏ ဘဝပုံရိပ်များ

၁၆၄။ ဂါဘရီယယ် ဂါစီယာ မားကွက်စ်၏ လက်ရွေးစင်ဝတ္ထုတိုများ

၁၆၅။ ရွှေဥဒေါင်း၏ သုံးပေါက်ချွန်းနှင့် အခြားဝတ္ထုတိုများ

၁၆၆။ တက်တိုး၏ ဘုန်းတော်အတွေးအခေါ် မှတ်စုများ

၁၆၇။ ကိုကို၏ ခေါင်းလောင်းသံ (For Whom The Bell Tolls by Hemingway)

၁၆၈။ ဇော်ဂျီ၊ မင်းသုဝဏ်၏ ခရီးသည်

၁၆၉။ စိုးမြင့်၏ မရဏတောင်ကြား (The Valley of Fear by Sir Arthur ConanDoyle)

၁၇၀။ ကျော်လှိုင်ဦး၏ ရေပေါ်က လ နှင့် နိဗ္ဗာန်ဆုရ ဝတ္ထုတိုများ

၁၇၁။ မင်းသုဝဏ်၏ ဝတ္ထုတိုများ

၁၇၂။ ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)၏ သီပေါမင်းနှင့် အင်းဝမြို့စား ဒပ်ဗရင်

၁၇၃။ ပါရဂူ၏ ဓမ္မစကား

၁၇၄။ မောင်ရဲနိုင်၏ မဟာ ပရဟိတလူသား အဲလ်ဘတ်ရွိုက်ဇာ

၁၇၅။ မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ (မောင်ခင်မင်-တည်းဖြတ်)

၁၇၆။ ဦးရွှေအောင်၏ စာဖတ်သူများ

၁၇၇။ ဒဂုန်တာရာ၏ မှုးယစ်ဝေသော နွေဦးညများ

၁၇၈။ နန္ဒ၏ သံနှင့် သွေး

၁၇၉။ မောင်ပေါ်ထွန်း၏ ငါ့ဘဝ ငါ့သာသခင် ငါသာဘုရင်

၁၈၀။ ဦးရွှေအောင်၏ ဓမ္မပဒ

၁၈၁။ မောင်ထွန်းသူ၏ လူမည်း ပညာရေးသုခမိန် ဒေါက်တာ ဘွတ်ကာ တီ ဝါရှင်တန်


**၂၀၀၃ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီတွင် ထုတ်ဝေမည့် စာအုပ်များ**


၁၈၄။ မောင်ဆုရှင်၏ တီထွင်မှုများသမိုင်း

၁၈၅။ တင်မောင်မြင့်၏ မဟာရုံတံတိုင်းကို ဖြတ်ကျော်ခြင်း

၁၈၆။ ရွှေဥဒေါင်း၏ စွန့်ဝံ့သူ

၁၈၇။ မောင်မိုးသူ၏ အိပ်စိုးဒပ် (နိုင်ငံတစ်ခု မွေးဖွားခြင်း)

၁၈၈။ ဦးရွှေအောင်၏ ရသစာပေ၏ ရသ




# မောင်မိုးသူ

# စိတ္တဇ

**PSYCHO**

by Robert Bloch


**ရာပြည့်စာအုပ်တိုက်**

အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၅၂၇၉၈ (ဆိုင်)

[ ၁၊ ဒီဇင်ဘာ၊ ၂၀၀၂ ]


www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၂၄၇/၂၀၀၂ (၃) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၇၈၉ /၂၀၀၂ (၉) ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် -(၁၉၆၅) ပြည်ချစ်စာပေ
ဒုတိယအကြိမ် -(၁၉၆၈) မိုးဦးပန်း
တတိယအကြိမ် -(၁၉၈၄) မြဝတ်ရည်စာပေ
စတုတ္ထအကြိမ် -(၂၀၀၂) ရာပြည့်စာအုပ်တိုက်
(၁၊ ဒီဇင်ဘာ၊ ၂၀၀၂)
အုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေစက်

❑

စာအုပ်ချုပ်
ကိုမြင့်နှင့် ညီဝင်းမြင့်

❑

မျက်နှာဖုံး ပန်းချီ
Graphic Mg Thein Win and Ocean Group
ဒီဇိုင်းဖွဲ့စည်းသည်။

❑

တန်ဖိုး
၇၀၀ ကျပ်

# မြန်မာပြန်သူ၏ အမှာ

ကြည့် ...

အချိန်များသည် မြစ်ရေပြင်ကဲ့သို့ အဆက်မပြတ် စီးဆင်းလျက်ရှိပါကလား။ မြစ်ရေပြင်ကို သာမန် ကြည့်ရှုနေပါက တစ်ပြင်တည်း၊ တစ်သားတည်းဖြင့် ကြည့်ခါစ ရေများ ပျောက်ဆုံးရွေ့လျားသွားသည်ကို သတိမမူမိ။ အသစ် အသစ် ရောက်လာသော ရေများကြောင့် ပကတိ မူလ မြစ်ရေပြင်အတိုင်း ကဲ့သို့ပင် မှတ်ထင်နေတတ်ပါကလား။

လူ့ဘဝဆိုသည်မှာလည်း ကျော်လွန် ကုန်ဆုံး နေခဲ့သည်များကို သတိမမူမိ။ တစ်နေ့တစ်နေ့ အသစ်အသစ် ဖြစ်ပေါ်လာမှုများကို ရင်ဆိုင်ရင်း ကျော်လွန် ဖြတ်သန်းနေမှုကို သတိမမူခဲ့မိကြ။

နှစ်ပေါင်း နှစ်ဆယ်ဆိုသည်မှာ မနေ့တစ်နေ့ကလိုပါကလား။

*

"ဓိတ္တာဇ" စာအုပ်ကို မြဝတ်ရည်စာပေမှ ထုတ်ဝေမည် ဆိုသောအခါ သည်လိုပဲ အမှတ်မထင် အိမ်မှာ ရှာဖွေ စုဆောင်းထားသော စာအုပ်နှစ်အုပ်ကို ပေးလိုက်မိသည်။ "မြဝတ်ရည်" စာပေမှ ပုဂ္ဂိုလ်သည် ကျွန်တော့်ထံသို့ စာအုပ်သစ်တစ်အုပ် ရေးပေးရန် လာတောင်းခြင်း ဖြစ်ပါသည်။ သူက ကျွန်တော်နှင့် ရင်းနှီးသည်ဟု ယူဆထားသော စာရေးဆရာ "အောင်ကျော်ကျော်" ကို ခေါ်လာပါသည်။ စာရေးဆရာ အောင်ကျော်ကျော်မှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မရင်းနှီးပါ။ သူ့စာများကို ကျွန်တော် နည်းနည်းပါးပါးသာ ဖတ်ဖူးပါသည်။ ကျွန်တော့်စာများကိုလည်း သူ များများဖတ်ဖူးမည် မထင်ပါ။ သို့သော် သူခေါ်လာသော အောင်အောင် (အောင်ကျော်ကျော်) နှင့် ကျွန်တော်တို့သည် ဟိုး လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က တစ်ကျောင်းတည်းနေ၊ တစ်ဆရာတည်း၏ တပည့်များ ဖြစ်ကြပါသည်။ ကျွန်တော်တို့ကျောင်းမှာ စိန့်တောင်မြန်မာ ဘုန်းကြီးကျောင်း၊ ကျွန်တော်တို့ နှစ်ယောက်စလုံး၏ အလွန် ချစ်ရကြောက်ရသော ဆရာမှာ ဆရာတော် ဦးစန္ဒိမာ ဖြစ်ပါသည်။ ထို့ကြောင့် အောင်အောင် ခေါ်လာသည့် ထုတ်ဝေသူမှာ ကျွန်တော် ငြင်း၍ မဖြစ်နိုင်ပါ။ ရေးလည်း ရေးပေးချင်ပါသည်။ ဆန္ဒရှိသော်လည်း၊ စေတနာရှိသော်လည်း ကျွန်တော် ရေးအား မရှိပါ။ ရေးအား မရှိသည့်ပြင် စာရေးရမှာကို အလွန်ပျင်းပါသည်။ ထို့ပြင် ဘာအလုပ်မှ မလုပ်ဘဲ လက်ဖက်ရည်ဆိုင် ထိုင်ခြင်း၊ အလှူပေါင်းစုံမှ မိတ်ဆွေပေါင်းစုံနှင့် စကားပြောခြင်း၊ စာဖတ်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း အစရှိသော စာမရေးရသည့် အလုပ်များကို တစ်ခုပြီးတစ်ခု ရှာဖွေ လုပ်ကိုင်နေရပါသောကြောင့် စာရေးရန် အချိန် သိပ်မရပါ။ လာတောင်းသူကလည်း တောင်း၊ ကြောက်ရမည့်သူကလည်း ပါသဖြင့် ရေးပေးပါမည်ဟု အာမဘာန္တေ ခံလိုက်မိပါသည်။ တစ်လကျော်ကျော် ကြာသော်လည်း စာရေးဖို့ နေနေသာသာ ဘာသာပြန်ရမည့် စာအုပ်ကိုပင် မတွေ့သေး။ နောက်ဆုံး တွေ့မည့်တွေ့တော့ အထူကြီး၊ စာအုပ်အထူကြီးကို ကျွန်တော် ဘာသာပြန်ပုံမျိုးနှင့် ပြန်ရလျှင် အကြာကြီး ဖြစ်နေမည်။ သည်အတောအတွင်း မြန်မြန်ထက်ထက် ထုတ်ဝေနိုင်ရန် စာအုပ်အဟောင်းဖြစ်သော "စိတ္တဇ" ကို မြဝတ်ရည်အား ပေးဖတ်ခိုင်းမိသည်။ မြဝတ်ရည်က နှစ်ခြိုက်သည် ဆို၍ စိစစ်ရေးသို့ တင်ပြခဲ့ရာ ထုတ်ဝေခွင့် ရခဲ့ပါသည်။

သည်တော့မှ "စိတ္တဇ" ကို ကျွန်တော် ပြန်ဖတ်မိပါသည်။

*

"စိတ္တဇ" စာအုပ်မှာ ကျွန်တော်၏ ပထမဦးဆုံးသော ဘာသာပြန်နှင့် ရုံးချင်း စာအုပ် ဖြစ်ပါသည်။ ၎င်းစာအုပ်ကို ၁၉၆၅ ခုနှစ်က ပထမတစ်ကြိမ်၊ ၁၉၆၈ ခုနှစ်က ဒုတိယတစ်ကြိမ် ရိုက်နှိပ်ခဲ့ပါသည်။ ဒုတိယအကြိမ် ရိုက်နှိပ်ခဲ့သည်ကပင် ၁၆ နှစ် ကျော်နေပေပြီ။ ပထမအကြိမ်ကား ၁၉ နှစ်ကျော်၊ အနှစ်နှစ်ဆယ် နီးပါက စာအုပ်ပါကလား။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ဆိုတော့ နည်းနည်းနောနော နှစ်တွေ မဟုတ်ပါလား။ ကျွန်တော်သည် "စိတ္တဇ" စာအုပ်ကို ကြည့်ရင်း ရင်ထဲမှာ တစ်မျိုးကြီး ခံစားရပါသည်။ ထို့အတူ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က နှစ်ခြိုက်ခဲ့သော စာအုပ်တစ်အုပ်ကို ကျွန်တော် နှစ်ခြိုက်နိုင်ပါသေးသလား။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ကျွန်တော်၏ ဘာသာပြန် မြန်မာစကားပြေ အရေးအသားသည် ယနေ့ ပြန်ဖတ်၍ အဆင်ပြေပါဦးမည်လား။ ရင်တထိတ်ထိတ်ဖြင့် စိတ္တဇကို ကျွန်တော် ပြန်ဖတ်ရပါတော့သည်။ ဝတ္ထုကား ဝတ္ထုကောင်းကြီးတစ်ပုဒ် မဟုတ်ပါ။ စိတ်ပညာ အခြေပြု လျှို့ဝှက်သော၊ ဆန်းကြယ်သော၊ ထိတ်လန့်ဖွယ်ရာ ကောင်းအောင် တမင် ဖန်တီးရေးသားထားသော ဝတ္ထုတစ်ပုဒ်မျှသာ ဖြစ်ပါသည်။ သို့သော် သူ၏ ရည်ရွယ်ချက်ဖြစ်သော လျှို့ဝှက်ခြင်း၊ ဆန်းကြယ်ခြင်း၊ ထိတ်လန့်ဖွယ်ရာ ကောင်းခြင်း အရသာကိုမူ ပေးစွမ်းနိုင်ဆဲဖြစ်ကြောင်း ကျွန်တော် တွေ့ရပါသည်။ ယနေ့ခေတ် ဘာသာပြန်စာအုပ် တော်တော်များများမှာ အဖြစ်အပျက်များကို အခြေပြုသည့် စာအုပ်တွေ ဖြစ်ကြပါသည်။ ကမ္ဘာ့အရေးအခင်း၊ စစ်ဖြစ်ခြင်း၊ ထောက်လှမ်းခြင်း၊ ကြီးပွားချမ်းသာ အောင်မြင်ကျော်ကြားခြင်း၊ ချစ်ကြိုက်၍ မက်မော ညားခြင်း၊ ကွဲခြင်း စသည် စသည်ဖြင့် အဖြစ်အပျက်တို့ကို အခြေပြုကြသည်က များပါသည်။ "စိတ္တဇ" ကား ဝတ္ထုနာမည်အတိုင်း အဖြစ်အပျက်ထက် စိတ်ကို အခြေပြု ဖွဲ့ဆိုသော စာအုပ် ဖြစ်ပါသည်။ သို့ဖြစ်၍ စိတ်၏ နက်ရှိုင်းဆန်းကြယ်မှုကား လူသားသမိုင်းအဆက်ဆက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ရုပ်အဖြစ်အပျက်များထက် လှုံ့ဆော်၊ ထိတ်လန့်စရာ ကောင်းနေဦးမည်သာ ဖြစ်ပါသည်။

ကျွန်တော်၏ ဘာသာပြန် မြန်မာစကားပြေ အရေးအသားနှင့် ပတ်သက်၍ကား ကျွန်တော် ဘာမှ မပြောလိုပါ။

"စိတ္တဇ" စာအုပ် ပထမအကြိမ် နှိပ်ခြင်း၌ ကျွန်တော်၏ ဘာသာပြန် အရေးအသားနှင့် ပတ်သက်၍ အမှာစာတွင် ...

"မူရင်း စာရေးဆရာ ရောဘတ်ဘလော့ချ်သည် စာရေးသားခြင်း အတတ်၌ အထူးကျွမ်းကျင်ပုံ ရလေသည်။ သူသည် သူ့ဇာတ်၏ အလေးအပင် အနိမ့်အမြင့်ကို ကောင်းစွာ သိပြီး ၎င်းအလိုက် အပေးအယူ၊ အပို့၊ အချိတ်အဆက် အတိုင်းတို့ကို စကားလုံးများဖြင့် ဝေဆာမြိုင်ဆိုင်အောင် ရေးထားပါလေ၏။

သူသည် ဝေါဟာရများ၊ စကားလုံးများ၊ ဝါကျများကို မျက်လှည့်ဆရာက ပုလင်းများ၊ မီးတုတ်များ၊ ပန်းကန်ပြားများကို ကစားပြသလို ကစားထားပါသည်။ သူ့ဝါကျများ၌ ပထမ စာရေးသူ အရေးဖြင့် 'နော်မန်သည် ဘာလုပ်နေသည်' ဟု ရေးလိုက်၊ နောက် နာမ်စားကို သုံးကာ 'သူ ဘာလုပ်နေသည်' ဟု ရေးလိုက်၊ နောက် ပုံသဏ္ဌာန် ပြောင်းသွားပြီး 'ငါ ဘာလုပ်နေသည်' ဟု ရေးလိုက်နှင့် အနီးအဝေး အနိမ့်အမြင့် စိတ်အစဉ်အတိုင်း ပေါ်လာပုံတို့ကို ရေးပြပါသည်။

ရိုးရိုး ပြောပြသလို ရေးရာမှ မေးခွန်းလိုလို၊ အာမေဍိတ်လိုလိုများ ထည့်ရေးပါသည်။ သို့သော် သူ မမေ့သည်က သူ့ဇာတ်၏ အညာပင် ဖြစ်ပါ၏။ သည်အညာကိုမှု သူက ဖိလိုက် ချွာလိုက်၊ တို့လိုက် ဆိတ်လိုက်နှင့် တစ်ပုဒ်လုံး ရေးသွားပါသည်။

ကျွန်တော် မြန်မာပြန်သော အခါ၌လည်း မူရင်းနှင့် နီးနိုင်သမျှ နီးရလေအောင် ပြန်ဆိုရေးသားရန် ရည်ရွယ်ပါသည်။





တကယ်တမ်း ရေးချလိုက်သော[illegible]ကျင်ကျင်းဆုံးမားရိုး ကျ ရေးနည်း မဟုတ်သဖြင့် အရေးအသား ထူးဆန်းနေခဲ့သော်၊ ဖတ်ရာ၌ ထောင့်နေခဲ့သော် ပြန်ဆိုသူ ကျွန်တော့်အပြစ်သာ ဖြစ်ပါလိမ့်မည်။ ကျွန်တော်၏ စေတနာကမူ မူရင်း အရသာအတိုင်း စိတ်အစဉ် အပြောင်းအလဲများကို ထိမိစေချင်သည့်အတွက် အဆက်အတောက် အပြတ်များ ထည့်ထားခြင်း ဖြစ်ပါသည်။"

ဟူ၍ လွန်ခဲ့သော အနှစ် ၂၀ က ကျွန်တော် အမှာ ရေးခဲ့ဖူးပါသည်။

*

"စိတ္တဇ" ဝတ္ထု နာမည်ကြီးရခြင်း အကြောင်းမှာ ၎င်းဝတ္ထုကို ကွယ်လွန်သူ ရုပ်ရှင် ဒါရိုက်တာကြီး အဲလ်ဖရက်ဟာစ်ချ်ကော့က "ဆိုင်ကို" အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခြင်းကြောင့် ပိုမို လူသိများ ထင်ရှားလာရခြင်း ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်ကျော်က ဟာစ်ချ်ကော့၏ "ဆိုင်ကို" ဇာတ်ကားမှာ ကမ္ဘာကျော် ဇာတ်ကားတစ်ခု ဖြစ်ခဲ့ပြီး၊ ဟာစ်ချ်ကော့၏ အကောင်းဆုံး လက်ရာ ဇာတ်ကားတစ်ကားအဖြစ် အသိအမှတ် ပြုခဲ့ကြပါသည်။

ထိုကဲ့သို့ ပထမ "ဆိုင်ကို" ၏ ကျော်ကြားမှုကို အကြောင်းပြု၍ "ဆိုင်ကို" ၏ အဆက် "ဆိုင်ကို ၂" ကို မကြာသေးမီက ရိုက်ကူးခဲ့ကြပါသည်။

"ဆိုင်ကို ၂" ဇာတ်ကားကို ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီမှ မူရင်း စာရေးဆရာ ရောဘတ်ဘလော့ချ်၏ ဇာတ်ကောင်များကို အခြေခံ၍ တွမ်ဟိုလန့် ဆိုသူက ရေးသားပြီး၊ ရစ်ချတ်ဖရင်ကလင်က ဒါရိုက်တာအဖြစ် ရိုက်ကူးပါသည်။ မူလ "ဆိုင်ကို" ဇာတ်ကားတွင် "နော်မန်ဘိတ်" အဖြစ် ပါဝင်ခဲ့သူ "အင်တိုနီပါကင်း"၊ "လိုင်လာ" ဖြစ် ပါဝင်ခဲ့သူ "ဗီရာမိုင်လ်" တို့ကို ပြန်လည် အသုံးပြုခဲ့ပါသည်။ ဇာတ်လမ်းမှာလည်း နော်မန်ဘိတ် စိတ်ရောဂါအထူးကု ဆေးရုံထောင်တွင် နှစ်ပေါင်း ၂၀ ကျော် အချခံခဲ့ပြီး နေကောင်း၍ ပြန်လွတ်လာချိန်တွင် အခဲမကျေနိုင်သူ လိုင်လာတို့ သားအမိ



www.burmeseclassic.com

www.burmeseclassic.com



က အနှောင့်အယှက် ပေးရာမှ နောက်ထပ် ထိတ်လန့်စရာကောင်းသော အဖြစ်အပျက်များ ဖြစ်ပွားပုံကို ရိုက်ကူးထားခြင်း ဖြစ်ပါသည်။ ဗီဒီယို ရုပ်ရှင်အဖြစ် ကြည့်ခွင့်ရပါသည်။ စိတ်လှုပ်ရှားဖွယ် ဓာတ်ကားတစ်ခုအဖြစ် ရိုက်ကူးထားသည်ကို တွေ့ရပါသည်။

*

"ဆိုင်ကို ၂" ကို အကြောင်းပြု၍ ယနေ့ လူငယ်တချို့က သူတို့ မကြုံမဆုံ လိုက်ရသော မူရင်း "ဆိုင်ကို" ဓာတ်ကားအကြောင်းကို မေးကြ မြန်းကြ ပါသည်။ ကြားဖူးနားဝ ရှိသူတချို့က ကျွန်တော် ဘာသာပြန်ဖူးသော "စိတ္တဇ" ဝတ္ထုအကြောင်းကို မေးကြမြန်းကြပါသည်။ တချို့ကမူ ကျွန်တော့် အိမ်သို့ တကူးတက လာပြီး "စိတ္တဇ" စာအုပ်ကို ငှားဖတ်ကြပါသည်။ ယနေ့ခေတ်မှ ဖြစ်ပေါ် ထွန်းကားလာသော အငှားစာအုပ်ဆိုင်များတွင် ရှာမတွေ့ဟု ပြောကြပါသည်။ စာအုပ်အငှားဆိုင် ဆိုသော စနစ် ပေါ်ပေါက် လာသည်မှာ အနှစ် ၂၀ မှ မကြာသေးရာ လွန်ခဲ့သော အနှစ် ၂၀ က "စိတ္တဇ" ကို ရှာမတွေ့သည်မှာ အံ့ဩစရာ မရှိပါ။

*

ဤသို့ ဤသို့သော အကြောင်းများကြောင့် "စိတ္တဇ" စာအုပ်ကို ကျွန်တော် ပြန်လည်ထုတ်ဝေခွင့် ပြုလိုက်ပါသည်။

နှစ်ပေါင်း ၂၀ ဆိုသည်မှာ မကြုံရသေးသော အနာဂတ်ကို လှမ်းမျှော် ကြည့်ပါက အဝေးကြီး၊ အကြာကြီးဟု ထင်မှတ်ရသော်လည်း ကြုံခဲ့၊ ကျော်ခဲ့ ပြီးသော နှစ်ပေါင်း ၂၀ ဆိုသည်ကမူ ဘာမှ ကြာလိုက်ပုံ မရပါကလား။

မနေ့ တစ်နေ့ကလို ပါကလား။

မောင်မိုးသူ

၁၁-၁၀-၈၄

[ တစ် ]

နော်မန်သည် ချွတ်ခနဲ အသံကြားလိုက်လျှင် ကြားလိုက်ချင်း လန့်သွား၏။ ကျောရိုးထဲက စိမ့်ခနဲ ဖြစ်သွားခြင်းပေတည်း။

တစ်စုံတစ်ယောက်သည် မှန်ပြတင်းကို ခပ်ဆတ်ဆတ် လာ၍ ခေါက်နေသည်ထင့်။ သို့မဟုတ်-

သူသည် နေရာမှ သွက်လက်စွာ ထမည်ပြုလိုက်ရာ ဖတ်လက်စ စာအုပ်သည် လက်ထဲမှ လျှောခနဲ ပေါင်ပေါ်သို့ ကျသွား၏။

လှမ်းကြည့်လိုက်ရာ ပြတင်းပေါက် အပြင်ဘက်တွင် မိုးစက်များ ခိုနေသည်ကို မြင်နေရ၏။

သြော် ပြတင်းမှန်ကို မိုးပေါက်များက လာရောက်နှုတ်ဆက်ခြင်း ပေကိုး။

နော်မန်သည် မိုးရွာမည့်အဖြစ်ကို လည်းကောင်း၊ နေ့ခင်း နေပူပူမှ ရုတ်ခြည်း ပြောင်းလဲကာ အလင်းရောင် မေးမှိန်သွားမည့် အရေးကို လည်းကောင်း သတိပြုမိခြင်း မရှိပေ။ သူသည် စာ၌ စိတ်ဝင်စား နစ်မျောနေခြင်း ဖြစ်သည်။

ခုတော့ သူ စာဖတ်နေသော လသာဆောင်မှာ ခပ်မှောင်မှောင် ဖြစ်နေ ပြီမို့ စာ ဆက်မဖတ်မီ အလျှင်ပထမ မီးကို ဖွင့်လိုက်ရ၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်သည် စားပွဲတင် မီးအိမ်မှ ရုတ်တရက် ထွက်လာ၏။ မီးအိမ်မှာ အလွန် ဟောင်းနွမ်းနေပြီ ဖြစ်သော၊ ဘယ်တုန်းက အမေ ဝယ်ထားမှန်း မသိသော ပစ္စည်းတစ်ခု ဖြစ်လေသည်။ အမေသည် ဤ မီးအိမ်အဟောင်းကို စွန့်ပစ်ရန် အမြဲ တွန့်ဆုတ်ခဲ့ဖူးသည်ကို သူ မှတ်မိ၏။

သူ့အနေနှင့်လည်း အမေ၏ အဟောင်းအပေါ် သံယောဇဉ် တွယ်တာတတ်ခြင်းကို ကန့်ကွက်ရန် အကြောင်းမရှိပါ။ သူ ဤအိမ်တွင် အနှစ်လေးဆယ်ပတ်လုံး နေထိုင်ခဲ့ရာ၌ ပတ်ဝန်းကျင်အားလုံး နေသားတကျ ပစ္စည်းကောင်းကလေးများနှင့်သာ နေထိုင်ခဲ့သည် မဟုတ်ပါလား။

ဤ အိမ်ကလေးတွင်တော့ အရာရာသည် နေသားတကျ အဟောင်းအမြင်း ကလေးများနှင့်သာ အတိ ပြီးနေ၏။ တကယ်ဆိုတော့လည်း ပြောင်းလဲခြင်းဆိုသည်က ဤအိမ်နှင့် မပတ်သက်ပါ။

အပြောင်းအလဲ ဆိုသည်က ပြင်ပလောကနှင့်သာ ဆိုင်သည် မဟုတ်ပါလား။

ဤအိမ်ကား မပြောင်းလဲခြင်း၏ သင်္ကေတတည်း။

ကြည့်၊ အကယ်၍ သူသည် ဤ ညနေခင်း၌ နေသာပါသေးသည် အထင်နှင့် လမ်းလျှောက်ခဲ့လျှင်၊ နွံတောဘက်သို့ နေဝင်ချိန် လမ်းလျှောက်ခဲ့မည် ဆိုပါလျှင် ယခုကဲ့သို့ မကြေညာဘဲ ရွာချလိုက်သော မိုးနှင့် မဆုံပါလော။

မိုးနှင့် ဆုံခဲ့သော် နွံတောနှင့် ဤအိမ်အကြား ခိုစရာ ကင်းသော လတာပြင်တွင် မိုးရွှဲရွှဲ မစိုပါလော။

မိုးရွှဲရွှဲစိုပါက အိမ်ပြန်မရောက်မီအထိ ကြွက်စုတ်ကလေးနှင့် တူလှပြီး အိမ်ရောက်လျှင်လည်း အကြောင်းမညီညွတ်လျှင် အအေးမိနိုင်သေးသည် မဟုတ်ပါလော။ ကဲ အပြင်လောကသည် မည်မျှ အသိခက်လှပါသနည်း။ ပြီး ဘယ်သူများကော မိုးမှောင်မှောင်တွင် အပြင်မှာ နေချင်သူ ရှိပါလိမ့်။

နွေးနွေးထွေးထွေး လုံလုံခြုံခြုံ လသာခန်းဆောင်တွင် ပက်လက်





ကုလားထိုင် တစ်လုံး၊ စာတစ်အုပ်နှင့် [illegible] မှိန်သော စည်းစိမ်သည် အဘယ်မှာ ရှိမှာတုံး။

စားပွဲတင် မီးရောင်သည် အကာ၏ အောက်ပိုင်း အစမှ ပြူထွက်၍ အတွေးယဉ်ကြော၌ မျောနေသော နော်မန်၏ မျက်နှာကို ဖျန်းပက်ထားလေ၏။

မျက်နှာဝိုင်းဝိုင်း၊ ဆံပင်ကျဲကျဲ၊ ရွှေကိုင်း မျက်မှန်ဝိုင်းဝိုင်းနှင့် နော်မန်သည် စာထဲသို့ စိတ်ရောက်အောင် ကြိုးစားရင်း စာအုပ်ကိုဖွင့်ကာ မျက်စိနှင့် စာမျက်နှာ အပ်လိုက်၏။

စာအုပ်မှာလည်း တကယ်ကောင်းသော စာအုပ်ပါပေ။ သူ အချိန်ကုန်မှန်း မသိဘဲ ကုန်သွားခြင်းသည် အကယ်တိ ဆိုလျှင် အံ့ဩစရာ မဟုတ်။ "ဘွန့်ဟောဂင်" ၏ "အင်ကာတို့၏ အရိုင်းဘဝ" စာအုပ် ဖြစ်လေသည်။

နော်မန်သည် ဤရွှေ့ဤမျှ လျှို့ဝှက်သည်းဖိုရော၊ ရသကိုပါ ပေးနိုင်သည့် စာအုပ်မျိုး မဖတ်ဖူးသည်ကို ကောင်းစွာ ဝန်ခံရမလို ဖြစ်လေသည်။

ဥပမာအားဖြင့် စစ်သည်တော်တို့သည် စည်းချက်ညီညီနှင့် စက်ဝန်းသဏ္ဌာန်တွင် မြွေလိမ်မြွေတွန့်သဖွယ် ဝိုင်းကကြရသည့် "ကော်ချာပွဲတော်" (ဝါ) "အောင်ပွဲရ ပွဲတော်" အကြောင်းကို ရေးထားလိုက်ပုံများက ဆိုလျှင်–

"အောင်ပွဲရ ပွဲတော်၏ စည်တော်သည် ဆိုလျှင် အမြဲတစေအားဖြင့်ပင် ရန်သူ၏ အလောင်းကောင်ကို ပြုလုပ်ထားမြဲ ဖြစ်လေသည်။

"အလောင်းကို အရေဆုတ်၊ နေလှမ်းလိုက်ပြီး ဝမ်းဗိုက်ကို သားရေအဖြစ် ကြက်ကာ စည်ဝသဏ္ဌာန် ပြုလုပ်ထားလေ့ ရှိပေသည်။ ခန္ဓာကိုယ်ကြီး တစ်ခုလုံးမှာ စည်၏ လိုဏ်သဏ္ဌာန်အဖြစ် အသုံးပြုထားရကား စည်ကို တီးလိုက်တိုင်း စည်၏ အသံသည် ဆတ်ခနဲ ဆတ်ခနဲ ဟလာသော ပါးစပ်မှ ထွက်လာလေ၏။ ကျက်သရေမရှိ၊ အလွန် ထိမိလှပေသည် တကား။"

နော်မန်သည် စာအုပ်ကို မျက်နှာမှ ခွာလိုက်ပြီး ကိုယ့်ဘာသာ တစ်ချက်မျှ မိန့်မိန့်ကြီး ကြက်သီးထလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျက်သရေမရှိ၊ အလွန် ထိမိလှပေသည် တကား" တဲ့။ ဟုတ်ပေလိမ့်မည်။

နော်မန်သည် မျက်စိ မမှိတ်ဘဲနှင့်ပင် အလောင်းကောင်ကြီးကို စည်အဖြစ် တီးလိုက်တိုင်း ပါးစပ်က အသံမြည်လာပြီး၊ လုံးတီးသဖွယ် ဖြစ်နေသော စစ်သည်တော်များက မြွေလိမ်မြွေတွန့် ကနေကြပုံကို ရုပ်ရှင်ပြသည့်သဖွယ် ထင်ထင်ရှားရှားကြီး မြင်နေရလေသည်။

နားထဲတွင်လည်း စည်၏ ထူးခြားသော အသံကို ကြားယောင်နေမိသလိုလိုပင်။

နော်မန်၏ အာရုံကြောသည် ရုတ်တရက် မှန်ပြတင်းကို လာရောက်ထိမှန်နေကြသော ခြေသံသဖွယ် ကြားနေရသည့် မိုးပေါက်များဆီသို့ ပြောင်းလဲသွားပြန်၏။

အကယ်လည်း သူ့နားထဲတွင် ခြေသံကို ကြားနေရခြင်း ဖြစ်လေသည်။

နော်မန်သည် အမြဲတစေပင် မကြားမိသော်လည်း သိနေသည့် ခြေသံဖြစ်လေသည်။

နှစ်ရှည်လများစွာက အသိစိတ်တို့တွင် ကောင်းစွာ နေရာယူထားပြီးသော မှတ်ဉာဏ်တို့က အမေ လာပြီဆိုလျှင် ချက်ချင်းသိနေ၏။

ခြေသံ ကြားရသည်၊ မကြားရသည်ကတော့ ထားပါတော့။ အို အမေ အနားမှာ ရောက်လာ မလာကိုတောင်မှ မော့ကြည့်စရာ မလိုအောင် သေချာလိုက်ပါဘိ။

တကယ်လည်း သူသည် မော့မကြည့်ပေ။ မော့မကြည့်သည့်အပြင် စာအုပ်ထဲ၌ စိတ်အလွန် ဝင်စားချင်ဟန်ကို ကြိုးစား၍ ဆောင်လိုက်ပါသေးသည်။ အမေသည် ကောင်းစွာ နေကောင်းသည် မဟုတ်။ အခန်းထဲ၌ ၂၄ နာရီ ခုတင်ပေါ်မှာ အိပ်နေရသူ ဖြစ်၏။ ခုတင်ပေါ်မှ ထရန် အမေသည် ဝန်လေးသူ ဖြစ်၏။ ထလာဖြစ်ပြန်ကလည်း ဒေါသက ကြီးနေတတ်ပြန်၏။





နော်မန်သည် ဆိတ်ဆိတ်နေက ထောင်တန်သည် ဟူသော စကားကို နှလုံးသွင်းရင်း အမေ ဒေါသကြီးနေခြင်း မရှိပါစေနှင့်ဟု ဆုတောင်းနေ၏။

'ဘယ်အချိန်ရှိပြီလဲ၊ သိလား နော်မန်'

သူသည် သက်ပြင်းချလိုက်ကာ စာအုပ်ကို ပိတ်လိုက်၏။ အမေ၏ စိတ်မှာ အေးဆေးစွာ မရှိကြောင်းကို သူ သိပါပြီ။ အချိန်ကို မေးလိုက်သော အခွန်းသည်ပင် "စိန်" ခေါ်လိုက်ခြင်း ဖြစ်၏။ အမေသည် ခန်းမဆောင်ရှိ ဘိုင်ကပ်နာရီရှေ့မှ ဖြတ်လာရသူပီပီ ဘယ်အချိန်ရှိပြီကို သိပြီးသား ဖြစ်ရမည် မဟုတ်ပါလား။

ဘာပဲပြောပြော အငြင်းပွားနေခြင်းဖြင့် အကျိုးထူးရန် မရှိပေ။ နော်မန်သည် လက်၌ ပတ်ထားသော နာရီကို ကြည့်လိုက်၏။

'ငါးနာရီကျော်ကျော်လေးပါပဲ။ အင်း၊ စာထဲ စိတ်ဝင်စားသွားလိုက်တာ ... အချိန်တောင်မှ'

'တော်၊ နင်လုပ်နေတာတွေ မမြင်ရအောင် ငါက အကန်းမဟုတ်ဘူး။ နင် လုပ်နေတာတွေလည်း ငါ မြင်တာပဲ၊ နင် လုပ်မနေတာတွေလည်း ငါ မြင်တာပဲ။ ခု ကြည့်စမ်း၊ ဘယ်လောက် မိုးချုပ်နေပြီလဲ။ ခုထိ ဆိုင်းဘုတ် မီးကလေးတောင် ဖွင့်ဖော်မရသေးဘူး။ ဒီအချိန်ဆိုရင် နင့်ရုံးခန်းထဲမှာ ရောက်နေဖို့ တော်ပြီ ထင်တယ်'

'ဒီလောက် မိုးထဲလေထဲမှာ ဘယ်သူများ လာမှာမို့လို့လဲ အမေရ'

နော်မန်သည် အမေ့ကို ဖြေသလိုလိုနှင့် ညည်းတွားလိုက်၏။

'ဟော့၊ ဆင်ခြေတွေ လဲမနေစမ်းနဲ့။ မင်း တာဝန်ရှိတာ မင်းလုပ်ထားဖို့ပဲ။ ဧည့်သည်ဆိုတာက မိုးထဲလေထဲမှာ ကျမှ အမိုးလေး အကာလေးထဲ ဝင်ဖို့ သတိရတာ'

နော်မန်သည် သက်ပြင်းချလိုက်၏။

'လမ်းမသစ်ကြီး ဖောက်ပြီးကတည်းက ဒီဘက်ကို ဘယ်သူကများ



www.burmeseclassic.com

www.burmeseclassic.com



ခြေဦးလှည့်သေးလို့လဲ အမေရယ်။ လူတိုင်· လမ်းသစ်က သွားနေကြတာပဲ ဟာ'

နော်မန်သည် သူပြောနေသော စကားသံထဲမှပင် နာကြည်းသံများ တွေ့ရှိနေရလေ၏။ ပြောရင်းပြောရင်း နာကြည်းမှုများ၊ ခါးသီးမှုများသည် ရင်ထဲမှ အလုံးကြီးပမာ ဆို့လာပြီး လည်ပင်းဝသို့ တက်လာ၏။ နော်မန်သည် နင်နေသူ တစ်ဦးပမာ မျိုပစ်ရန် ကြိုးစားပါ၏။ နောက်ကျနေပြီကော။ နာကြည်းမှုတို့သည် လည်ပင်းကို ကျော်၍ နှုတ်ဖျားသို့ပင် ရောက်ရှိနေပြီ ဖြစ်၏။

'ဟင်၊ ကျွန်တော်ပြောတယ် မဟုတ်လား။ လမ်းသစ်ဖောက်တော့မယ် ဆိုတာကို ကြိုသိရတုန်းကလေ။ ဒီ ဟိုတယ်ကို ရောင်းကြပါစို့လို့။ လမ်းသစ်တစ်လျှောက်မှာ ဖြစ်ဖြစ်၊ ဖဲယားဗဲ မြို့နားမှာ ဖြစ်ဖြစ် ဟိုတယ် တစ်ခု ဆောက်တန်ရင် ဆောက်၊ ရှာတန်ရင် ရှာပြီး အလုပ် လုပ်ကြဖို့။ ဟင်၊ ကျွန်တော် မပြောဘူးလား၊ ခင်ဗျားကြီးဟာ ဘယ်တော့မှ နားမဝင်ဘူး။ ကျွန်တော့်စကားဆိုရင် နားဖျား လေသွေးတယ်တောင် မထင်ဘူး။ အမြဲ ခင်ဗျား စဉ်းစားတာမှ ခင်ဗျား ဆုံးဖြတ်တာပဲ။ အမြဲ ငါတကော ကောနေ တာပဲ။ တကယ်ပါပဲ၊ စိတ်ကို ကုန်နေပါပြီ'

'အမေကများ စိတ်ကုန်အောင် လုပ်မိသလား လူကလေးရယ်'

အမေ၏ အသံသည် သိသိသာသာပင် နူးညံ့လာ၏။ သို့သော် နော်မန်သည် အမေ၏ လှည့်ကွက်ထဲသို့ ဤမျှနှင့် ကျရောက်တတ်သူ မဟုတ်ချေ။ ကြည့်၊ အသက် လေးဆယ်ကျော်စ ပြုနေပြီ ဖြစ်သော သူ့ကို "လူကလေး" လို့ ခေါ်နေလိုက်ပါသေး၏။ ခေါ်ရုံတင်လားဆိုတော့ မကသေးပေ။ ဆက်ဆံ သဘောထားနေပုံကတော့ ပုခက်တွင်းမှာလိုလို၊ နို့စို့မှာလိုလို နှင့်။ တကယ်လို့များ သူက နားမထောင်ဘူးဆိုလျှင် ...။ အတွေးသည် ပြတ်၍ ရပ်သွား၏။ အကြောင်းမှု သူသည် အမြဲတစေပင် အမေ၏စကားကို နားထောင်ခဲ့သူ၊ နားထောင်နေသူ၊ နားထောင်နေဦးမည့်သူ ဖြစ်ပေ၏။





'အမေကမှားလား လူကလေးရယ်

အမေသည် ပို၍ပျော့သော လေသံနှင့် ထပ်၍ မေးလိုက်၏။

ဆက်၍-

'အမေက စိတ်ကုန်အောင်လုပ်တာ မဟုတ်ပါဘူးကွယ်။ မင်းကိုယ် မင်းသာ စိတ်ကုန်အောင် လုပ်နေတာပါ။ အေး၊ မင်းကိုယ်မင်း စိတ်ကုန် အောင် လုပ်နေလို့လည်း မင်း ဒီလမ်းအိုကြီး နံဘေးက မခွဲနိုင် မခွာရက် ဖြစ်နေတာပေါ့။ မဟုတ်ဘူးလားဟင်။ အမှန်က မင်းမှာ ကိုယ်ပွမ်းကိုယ်စ မရှိတာဟော့။ ဟုတ်တယ်၊ ကိုယ်ပွမ်းကိုယ်စ မရှိခဲ့ဘူး။ အိမ်က မခွဲရဲဘူး၊ အပြင်ထွက်ပြီး အလုပ်ထွက်မလုပ်ရဲဘူး၊ စစ်တပ်ထဲ မဝင်ရဲဘူး။ ကုန်ကုန် ပြောလိုက်မယ်၊ အပြင်ထွက်ပြီး မိန်းမတစ်ယောက်တောင် ရှာပြီး ...'

'ခင်ဗျားကကော ဘယ်တုန်းကများ လွှတ်ဖူးလို့လဲ'

'အေး၊ ငါက မလွှတ်တာတော့ အမှန်ပါပဲ။ မင်းသာ ယောက်ျားသွေး တစ်ဝက်လောက်ရှိရင် ခုနေ မင်းအရိပ်တောင် ငါ ရှာတွေ့မယ် မဟုတ်ပေါင် ကွယ်'

နော်မန်သည် အမေ့ကို ပြန်၍ ကုန်းအော်ပစ်လိုက်ချင်၏။ အမေ မှသားတွေ ပြောနေကြောင်းပင်။ သို့သော် သူ မအော်နိုင်။ အကြောင်းမှာ အမေပြောနေသော စကားများမှာ တကယ်ဆိုလျှင် သူ့ကိုယ်သူ အကြိမ် ပေါင်း များစွာ ပြောခဲ့သော စကားများပင် ဖြစ်ပေသည်။ အမှန်လည်း အမှန်များပေတည်း။

အမေသည် သူ့ကို စည်းမျဉ်းကလနား သတ်ထားခြင်းသည် အမှန် ဖြစ်ပါ၏။ အမေက ကလနားသတ်ထားတိုင်း သူက အမြဲနာခံရမည်ဆိုသည် ကတော့ အမှန်ပေ။ မိခင်တိုင်းကတော့ သားသမီးများကို အမြဲ ကိုယ်ပိုင် သိမ်းထားချင်တတ်တာမျိုး ဖြစ်သည်။ သို့သော် သားသမီးများကတော့ အမြဲ အသိမ်းခံချင်တတ်သည် မဟုတ်ပေ။ ကမ္ဘာလောကကြီးတွင် သူတို့ လည်း အမျိုးအဆွေမရှိသော မုဆိုးမမျိုး၊ တစ်ဦးတည်းသော သားမျိုး ရှိကြ



www.burmeseclassic.com

www.burmeseclassic.com



မည်ပင်။ သို့သော် အားလုံးသော မုဆိုးမ သားအမိတိုင်း သူတို့လည်း မခွဲနိုင် မခွာရက် ခင်မင်တွယ်တာကြမည်တော့ မဟုတ်ပေ။ တကယ်တော့ သည်လို ဖြစ်နေခြင်းမှာ အမေ့မှာ တာဝန်ရှိသလို သူ့မှာလည်း တာဝန်ရှိပါ၏။ အကြောင်းမူ သူကိုယ်တိုင်မှာ အမေပြောသလိုပင် ကိုယ်စွမ်းကိုယ်စ အရည် အသွေးက နည်းလှပေသောကြောင့်တည်း။

'မင်း မလုပ်နိုင်ပါဘူးကွယ်'

အမေသည် စကားကို ဆက်၏။

'ကဲ၊ မင်းက ဒီနေရာကခွာပြီး နေရာသစ်ရှာပြီ ဆိုပါစို့။ မင်းက ဒီနေရာနဲ့ ဒီအိမ်ကြီးကို ရောင်းပစ်မယ်ပေါ့လေ၊ ဟင်။ "လေ" တွေပါ နော်မန်ရယ်၊ နင့်ကို ငါက မွေးလာတာပါ။ နင့်အကြောင်းများ ငါက မသိ တာ မှတ်လို့။ ငါ့ကို နင် ဘယ်တုန်းက ညာလို့ ရခဲ့ဖူးလို့လဲ ဟင်။ တကယ် တော့ ဒီနေရာက မင်း တစ်ဖဝါးမှ မခွာနိုင်ပါဘူးကွ။ မင်း ဘယ်တုန်းကမှ မခွာခဲ့ဘူး၊ ခုလည်း မခွာနိုင်ဘူး... သိလား။ နောင်လည်း ခွာနိုင်မှာ မဟုတ်ဘူး။ မင်းစိတ်ဓာတ် ဘယ်တော့မှ ကြီးထွားမလာသလိုပေါ့လေ'

သူသည် အမေ့ကို မကြည့်ပေ။ အထူးသဖြင့် သည်လို ပြောနေပြီ ဆိုသော အချိန်မျိုးမှာ ပို၍ အမေ့ကို မကြည့်တတ်ပေ။ ကြည့်စရာလည်း ထူးထူးခြားခြား မရှိပေ။ အရာခပ်သိမ်းသည် အဟောင်းအမြင်း အဆွေး အမြည့်များသာ ရှိလေသည်။

သူသည် ပြတင်းပေါက်မှ အပြင်ဘက်သို့ ကြည့်ရန် ကြိုးစားပြန်၏။ အပြင်မှာ မိုးနှင့် လေနှင့် အမှောင်သည် ရှိလေသည်။ အပြင်မှာလည်း သူ့အတွက် လွတ်မြောက်မှု မရှိနိုင်ကြောင်းကို သူ ကောင်းစွာ သိလေသည်။ ဘယ်မှာပဲဖြစ်ဖြစ် သည်အသံသည် သူ့နားထဲ၌ သံမှိုနှက်သလို ကြားနေရမည် ပင် ဖြစ်လေသည်။ သူ ဘယ်ကို ထွက်ပြေး၍မှလည်း သူ လွတ်မြောက်စရာ အကြောင်း မမြင်ပေ။ သည်အသံကို သူ ကြားရမည်ပင် ထင်ကာ လှူရိုင်း ဝတ္ထုထဲကလို အလောင်းကောင် စည်ကြီးထဲမှ အသံကြီးနှယ်။





နော်မန်သည် စာအုပ်ကို ဖွင့်လိုက်ပြီး စာအုပ်ထဲ အာရုံသွင်းကာ အမေ့ကို မေ့ပစ်ဖို့၊ လျစ်လျူရှုဖို့၊ ဟန်ဆောင်ကြိုးစားကာ ဤကြိုးဆည်ဖို့။ မအောင်မြင်ပေ။

'နင့်ကိုယ်နင် ပြန်ကြည့်စမ်း နော်မန်'

အမေသည် စကားပြောနေ၏။

နော်မန့် နားထဲကမူ အလောင်းစည်ကြီး တီးခတ်လိုက်သည့်အခါ ပါးစပ်ကြီးမှ ထွက်လာသော စည်သံကို ကြားနေရလေ၏။

'ငါသိပါတယ်ဟယ်၊ နင် ဘာလို့ ဆိုင်းဘုတ်မီးကလေးတောင် မဖွင့်ချင်ဘူးဆိုတာ။ နင် ပျင်းလို့လည်း မဟုတ်ဘူး၊ မေ့တာလည်း မဟုတ် ဘူး။ နင်က ဒီနေရာကို ဘယ်သူမှ မလာစေချင်ဘူး မဟုတ်လား နော်မန် ဟင်'

နော်မန်သည် အားခဲ၍ အံကို ကြိတ်လိုက်၏။

'ဟုတ်တယ်ဗျာ။ ကိုင်း ဘာဖြစ်တုံး၊ ကျုပ်က ဟိုတယ်ကို မဖွင့်ချင် ဘူး။ ဘယ်တုန်းကမှကို မဖွင့်ချင်ဘူးဗျာ'

'ဟိုတယ် မဖွင့်ချင်တာလေးထက်တော့ က မထင်ပေါင် လူကလေး ရယ်'

နော်မန်၏ နားထဲတွင် လူကလေး၊ လူကလေး ဟူသော အသံသည် ဆက်ကာဆက်ကာ လှူသေစက်ကြီးထဲမှ ထွက်လာသော အသံနှယ် ကြားနေ ရ၏။

'မင်းက လူတွေကို မုန်းနေတာပါ။ မုန်းတာပေါ့၊ ရင်ဆိုင်ရမှာ ကြောက်တာကိုး။ သိတတ်တဲ့ အရွယ်ကစပြီး လူကြောက်ခဲ့တဲ့ အကောင်က လား။ အရေးရှိရင် စာအုပ်ကလေးတစ်အုပ် ဆွဲပြီး မီးအိမ်နားမှာ ထိုင်လို့၊ စာအုပ်နဲ့ အကာအကွယ် ယူချင်တဲ့ အကောင်'

'စာအုပ်ဖတ်တာက မဟုတ်တာလုပ်တာထက် တော်ပါသေးတယ် အမေ။ အမေပဲပြောတယ် မဟုတ်လား၊ ကျွန်တော် အပြင်ထွက်ပြီး မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ လုပ်တာနဲ့စာရင် စာဖတ်တာက တော်တယ်လို့။ ပြီးတော့ စာဖတ်တယ် ဆိုတာကလည်း အသိဉာဏ်တိုးတယ် မဟုတ်လား အမေရဲ့'

'ဘာ၊ မင်းတို့ အသိဉာဏ်တိုးမယ် ဟုတ်လား'

နော်မန်သည် သူ့အမေ၏ စကားနှင့်အတူ သူ့လည်ကုပ်ဆီသို့ သူ့အမေ မှုတ်ထုတ်လိုက်သော လေပူများ ထိကပ်လာသလို ခံစားနေရ၏။

'ငါ့ကို မဝါစမ်းပါနဲ့။ မင်းက သမ္မာကျမ်းဖတ်နေတာလည်း မဟုတ်၊ ဗဟုသုတ ပညာပေး ဖတ်တာလည်း မဟုတ်ဘဲနဲ့။ မင်း ဘာတွေဖတ်တယ် ဆိုတာ ငါမသိဘူးများ မှတ်သလား။ အလေကာတော စာအုပ်တွေ'

'မဟုတ်ပါဘူး အမေရာ။ ကျွန်တော် ခု ဖတ်နေတာက အင်ကာ အင်ပါယာရဲ့ ယဉ်ကျေးမှုသမိုင်းပါ'

'သမိုင်း ဟုတ်လား၊ ထို့ ဘာသမိုင်းလဲ။ ဆောင်းဘီတိုတောင် မဝတ်တဲ့ လူရိုင်းတွေအကြောင်း မဟုတ်လား။ အမယ်လေး နင့်အကြောင်းများ နောကျေနေပြီ။ နင် ဝှက်ဝှက်ထားခဲ့တဲ့ စာအုပ်တွေလိုဟာမျိုးပဲ ဖတ်တော့ မပေါ့။ ညစ်ညစ်ပတ်ပတ်တွေ'

'ဆိုင်ကော်လိုဂျီက ဘာဆိုင်လို့ ညစ်ပတ်ရမှာလဲ အမေရဲ့'

'ဟော့ လုပ်ပြန်ပြီ။ ခုနက သမိုင်း၊ ခု ဆိုင်ကော်လိုဂျီ'

'မဟုတ်ပါဘူး အမေရယ်။ ကျွန်တော် ဆိုင်ကော်လိုဂျီ ဖတ်နေရတာ လည်း အမေနဲ့ ကျွန်တော်ရဲ့ ပြဿနာကို အဖြေရှာ ...'

'ဟော့ တော်... တော်၊ မင်းအကြောင်းကို ရှစ်နှစ်အရွယ်ကတည်းက လူတိုင်း သိတယ်။ အမေ့သား မိန်းမလျာဆိုတာ။ အခုလည်း ဘာထူးတုံး။ ရှစ်နှစ်သား မဟုတ်တာဘဲ ရှိတယ်။ လူကြီးကြီး၀၀ မိန်းမလျာကြီးကြီးပဲ။ အမေ့ရင်ခွင်ထဲက မထွက်ရဲတဲ့၊ သူရဲဘောနည်းတဲ့ မိန်းမလျာကြီးလေ'

နားတွင် ကြားနေရသော အမေ့အသံသည် လည်းကောင်း၊ ကြားနေ သော စည်သံသည် လည်းကောင်း နော်မန့်ကို တစ်ဆို့ကြီး ဖြစ်နေစေ၏။ နောက်ခဏအကြာအထိ ဆိုလျှင် သူ့မျက်ရည်များ ကျလာတော့မည်ပင်။





အမေသည် သူ့ကို ခုထိ ရက်စက်တုန်း ရှိသည်။ ခုထိ သူ့ဩဇာ ကိုက်ချင်နေ ဘ်း၊ နောင်လည်း ကိုက်ချင်နေဦးမှာ သေချာလှပါဘိ။ သူက တစ်ခုခု ခလုပ်နိုင်လျှင် ...။

'ဘာ... တစ်ခုခု လုပ်နိုင်ရင်လဲ ဟင်'

နော်မန်သည် ဆတ်ခနဲ လန့်သွား၏။ အမေသည် သူ့အတွေးကိုပင် သိနေပြီလော။

'နင် ဘာတွေ တွေးနေတယ် ဆိုတာ ငါ သိပါတယ်ဟယ်။ နင် ငါ့ကို မုန်းတယ် မဟုတ်လား၊ ငါ့ကို အပျောက် ရှင်းပစ်ချင်တယ် မဟုတ် ဘား၊ ငါ့ကို သတ်ပစ်ချင်တယ် မဟုတ်လား။ အေး၊ ဒါပေမဲ့ နင် မလုပ်နိုင် ဘူးလေ။ နင့်မှာက သတ္တိမှ မရှိဘဲကိုး၊ လူစွမ်းလူစမှ မရှိဘဲကိုး။ တကယ်ကျ တော့ အားရှိတာ၊ သတ္တိရှိတာက ငါပဲ။ ငါ့မှာ နင်နဲ့ငါ နှစ်ယောက်စလုံး အတွက် သတ္တိလည်း ရှိတယ်၊ အားလည်း ရှိတယ်။ ဒါကြောင့်လည်း နင်က ငါ့ကို ဘယ်လောက်မုန်းမုန်း၊ နင် အပျောက်ရှင်းမပစ်နိုင်တာပေါ့။ အေး၊ နင့်ရင်ထဲ အသည်းထဲက တကယ့်တကယ်တော့ နင်ဟာ ငါမရှိရင် မဖြစ်ဘူး။ မဟုတ်ဘူးလား ဟင်'

နော်မန်သည် နေရာမှ ဖြည်းညင်းစွာ ထ လိုက်၏။ သူသည် နောက် သို့ လှည့်ကာ အမေနှင့် မျက်နှာချင်း မဆိုင်ဝံ့ပေ။ သူ့ကိုယ်သူ စိတ်ငြိမ်သက် စေရ၏။ ကြိုးစား ထိန်းသိမ်းနေရ၏။

'အမေ့စကားကို နားမဝင်နဲ့၊ နားမယောင်နဲ့။ ဒီမိန်းမကြီးဟာ အလ ကားပဲ။ အိုလှပြီ၊ ဘာမှ အသုံးမကျတော့ဘူး။ အိပ်ရာထဲ ၂၄ နာရီ လှဲနေဖို့ပဲ ကောင်းတော့တယ်ဆိုတာ မှတ်ထား။ အိုတဲ့အပြင် ခေါင်းကလည်း ကောင်း တာ မဟုတ်ဘူး။ သူ့စကားကို နားဝင်ရင် မင်းလည်း ခေါင်းမမှန်ဘဲ ဖြစ်သွား မှာပေါ့။ အမေ့ကို ပြောလိုက်၊ သူ့အခန်းထဲ သူပြန်သွားပြီး လှဲနေပါလို့၊ မနှောင့်ယှက်ပါနဲ့လို့။ မြန်မြန်သွားရင် သွား၊ မသွားရင်တော့ သည်တစ်ခါ ဆိုရင် သူ့လက်နဲ့ တွေ့...'



www.burmeseclassic.com

www.burmeseclassic.com



နော်မန်သည် နောက်သို့လှည့်မည်ဟု ပြုလိုက်စဉ် ခန်းမထိပ်မှ လူခေါင်းလောင်းသံသည် မြည်လာ၏။ အဓိပ္ပာယ်မှာ ဟိုတယ်တွင် တစ်ဦးတစ်ယောက် ရောက်နေသည့် သဘောပင်။

နော်မန်သည် နောက်သို့ လှည့်ကြည့်ဖို့ မကြိုးစားဘဲ အမှောင်ထုထဲသို့ ထွက်သွားလေ၏။

[ နှစ် ]

ကားစတီယာရင်ကို ကိုင်ရင်း ရှေ့ကို တည့်တည့်ကြည့်နေသော်လည်း ရုတ်တရက် မိုးရွာချလိုက်မှန်း မေရီ မသိချေ။ မေရီသည် သူ့အတွေးနှင့်သူ နစ်မျောနေသဖြင့် တဖွဲဖွဲနှင့် ရွာလိုက်သော မိုးစက်များ ကားမှန်အပြည့် ဖြစ်လာပြီး လမ်းတည့်တည့်ကို မမြင်ရတော့ကာမှ မိုးရွာနေခြင်း အဖြစ်ကို သိသွားလျက် ကားမှန်ရေသုတ်တံကို ဖွင့်လိုက်ရလေ၏။ ပြီး ကားရှေ့မီးကိုလည်း ဖွင့်လိုက်ရလေသည်။ မိုးရွာခြင်းနှင့် မှောင်မိုက်လာခြင်းတို့သည် မည်သူ့ကို မည်သူက ဦးအောင် ပြိုင်နေကြသနည်းဟု မသဲကွဲလှသော်လည်း ရုတ်တရက် မှောင်မိုက်လာခြင်းကမူ ဧကန်ဧက ဖြစ်ပါ၏။ အလင်းရောင်အား အတော် ပြင်းသော ကားရှေ့မီးရောင်အောက်တွင် လမ်းမကြီးသည် အုပ်ဆိုင်းနေသော သစ်ပင်များအကြားမှ နည်းနည်းသာ မြင်ရ၏။

သစ်ပင်များ။ အလို၊ အလျင်တစ်ခေါက်က မေရီ ဒီလမ်းအတိုင်း လာခဲ့စဉ်က လမ်းဘေး တစ်ဖက်တစ်ချက်တွင် သစ်ပင်များ ရှိခဲ့မှုသည်ကို သူ သတိမထားခဲ့ချေ။ သူ အလျင်တစ်ခေါက် ဖဲယားဗဲမြို့သို့ လာခဲ့စဉ်မှာ မနှစ်က နွေဖြစ်သည်။ သစ်ပင်ကြီးတွေ ကြည့်ရသည်မှာ တစ်နှစ်အတွင်း ဖြစ်ထွန်းလှသည့် သစ်ပင်မျိုး မဟုတ်ကြချေ။ သို့သော် အမှုမဲ့ အမှတ်မှားခြင်းကလည်း ဖြစ်နိုင်ပေသည်။





သူ အလျင်တစ်ခေါက် လာခဲ့စဉ်က ပျော်ပျော်ရွှင်ရွှင် အေးအေးဆေးဆေး ဖြစ်ပြီး နေ့အခါ၌ ဖြစ်ပေသည်။ ယခုမူ ၁၈ နာရီလုံး ဆက်တိုက်မောင်းလာရသောကြောင့် လူသည် ပင်ပန်းနွမ်းလျနေ၏။ လူတွင်မက စိတ်များမှာလည်း နွမ်းလျလျပင်။ သို့သော် မေရီသည် စိတ်မှတ်မှားခြင်းသာဟု မယိုးစွပ်ရဲအောင် ဖြစ်နေ၏။ သူ့စိတ်ထဲတွင် တစ်ခုခု တစ်နေရာရာတွင်တော့ လွဲမှားနေပြီကိုမူ သူ မှတ်မိ၏။

မှတ်မိ၏။ ဟုတ်ပေသားပဲ။ မှတ်မိသည်၊ မှတ်မိသည်။ သဲသဲကွဲကွဲကြီး မဟုတ်သော်မှ ရှိစေ၊ မှုန်မှုန်ဝါးဝါးကလေးတော့ဖြင့် သူ မှတ်မိရပေဦးမည် မဟုတ်ပါလား။ လွန်ခဲ့သော နာရီဝက်ခန့်က နှင်းတောများသဖွယ် အုံ့ဆိုင်းနေသော မြူတောတစ်ခုကို သူ ဖြတ်တိုးခဲ့ရင်း လမ်းကွေ့တစ်ခုကို များယွင်း၍ ကွေ့ခဲ့မိလေပြီ ထင်၏။

ယခုမှတော့ ဘယ်ရောက်၍ ဘယ်ပေါက်နေသည် ဆိုခြင်းကို ဘုရားသခင်မှတစ်ပါး ဘယ်သူမှ မသိနိုင်ပြီ ဖြစ်၏။ အပြင်မှာ မိုးက ရွာနေလေပြီ။ မှောင်ကလည်း မှောင်ပါဘိသနှင့်။

တောင့်ထား၊ တောင့်ထားလို့သာ မေရီသည် သူ့ကိုယ်သူ ကျိတ်၍ အားပေးလိုက်ရ၏။

ဘာပဲပြောပြော အဆိုးအရွားဆုံး အခြေအနေသည် ကုန်လွန်ခဲ့ပြီ မဟုတ်ပါလော။

သည်အခြေမှတော့ စိတ်အားငယ်နေခြင်းသည် အဓိပ္ပာယ် မရှိ။

ဟုတ်ပေသည်။ အဆိုးရွားဆုံး အခြေအနေသည် တကယ်ပင် ကုန်လွန်ခဲ့ပြီ၊ ပြီးဆုံးခဲ့ပြီ ဖြစ်ပါ၏။

အဆိုးရွားဆုံး အခြေအနေမှာ ငွေထုပ်ကြီးကို ခိုးလိုက်စဉ်က ဖြစ်သည်။

တကယ်ပါပဲ။ ခိုးလိုက်ခြင်း၊ ဘုံးလိုက်ခြင်း ဖြစ်သည်။

မေရီသည် တော်မီကဲစဒီက ငွေထုပ်ကြီးကို စားပွဲပေါ်တွင် ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



စဉ် မစ္စတာ လိုဝီး၏ စားပွဲနံဘေးမှာကို ရှိနေပါ၏။ ငွေများမှာ စုစုပေါင်း ဒေါ်လာ လေးသောင်းတိတိ ဖြစ်ပါ၏။

မစ္စတာ တော်မီကဲစဒီသည် ဒေါ်လာလေးသောင်းပါသော ငွေထုပ်ကြီးကို ဒီအတိုင်း စားပွဲပေါ်သို့ ချလိုက်ခြင်း ဖြစ်သည်။ မစ္စတာ ကဲစဒီက ဒီ ငွေလေးသောင်းနှင့် သူ့သမီး၏ မင်္ဂလာဆောင်အတွက် လက်ဖွဲ့ရန် အိမ်တစ်လုံး ကောင်းကောင်း လိုချင်ပါသည် တဲ့။

ဩော် တိုတိုတောင်းတောင်း ပြတ်ပြတ် ရှိလိုက်ပါဘိ။

မစ္စတာ လိုဝီးသည် သူ လက်မှတ်ထိုးစရာ ရှိသည်များကို ဟန်တစ်လုံး ပန်တစ်လုံးနှင့် ထိုးနေလိုက်ပြီး ငွေ လေးသောင်းလုံး စားပွဲပေါ် လာချသည်ကို ဘာမှမဖြစ်သလို ဟန်လုပ်နေလိုက်သော်လည်း၊ မစ္စတာ ကဲစဒီ ထွက်သွားသည် ဆိုသည်နှင့် တစ်ပြိုင်နက် ရင်ထဲက လှုပ်ရှားမှုများသည် သူ့မျက်နှာ၌ ဖြန်းခနဲ ပေါ်လာ၏။

မစ္စတာ လိုဝီးသည် ငွေလေးသောင်းကို မနီလာ အိတ်ညိုကြီးထဲသို့ ထည့်ရင်း ချိပ်ပိတ်နေချိန်တွင် သူ့လက်များမှာ တုန်ယင်နေလေ၏။ ပြီး မေရီဘက်သို့ ကမ်းလိုက်၏။

‘ကဲ မေရီ၊ ဒီငွေတွေကို ဘဏ်အမြီ ပြေးပေတော့။ လေးနာရီတောင် ထိုးတော့မှာပါကလား။ အေးလေ၊ တို့အတွက်ဆို ဂိလဘတ်က အပ်ခွင့်တော့ ပြုမှာပါ’

စကားပြောနေရင်း မေရီ့မျက်နှာကို ရုတ်တရက် ကြည့်မိရာမှ–

'နေပါဦး မေရီ၊ မင်းမျက်နှာလည်း မကောင်းပါလား။ နေမကောင်းဘူးလား ဟင်’

မစ္စတာ လိုဝီးသည် ငွေထုပ်ကို ကိုင်ထားသော မေရီ၏လက်များ တုန်ယင်နေခြင်းကို သတိပြုမိကောင်း ပြုမိပါလိမ့်မည်။

မေရီကမူ သူ့စိတ်ထဲမှာ စဉ်းစားပြီး ဖြစ်နေသော စကားများကိုသာ အလွတ် ရွတ်လိုက်၏။





‘ဟုတ်ကဲ့၊ ကျွန်မ ခေါင်းနည်းနည်း ကိုက်နေပြန်ပြီ။ အခုနလေးတင်ပဲ မစ္စတာလိုဝီးကို နက်ဖြန်အတွက် ကျွန်မ နေ့တစ်ဝက် ခွင့်တင်မလို့’

မစ္စတာ လိုဝီးသည် မေရီကို ပြုံးပြလိုက်၏။ သူသည် ယနေ့အတွက် ကိုယ်စိတ်နှစ်ပါး ချမ်းသာနေသည် မဟုတ်ပါလား။ ငွေလေးသောင်းပေါ်မှ ငါးရာခိုင်နှုန်း ရမည်ဆိုတော့ ငွေ နှစ်ထောင်တိတိ ပေပဲပေါ့။ ဘယ်သူများကော ကိုယ်စိတ်နှစ်ပါး မချမ်းသာဘဲ နေနိုင်ပါမည်နည်း။

‘ကောင်းပါပြီဗျာ၊ ဒီငွေတွေကို ဘဏ်ထဲထည့်ပြီး ခင်ဗျား ခွင့်ယူပါတော့။ နက်ဖြန် မနက်ပိုင်းလောက်တော့ ကျုပ်ပဲ လုပ်စရာ လုပ်လိုက်ပါမယ်။ ခင်ဗျားကြည့်ရတာ ငိုင်တိုင်တိုင်နဲ့၊ နှစ်ရက်လောက်တော့ ကောင်းကောင်းကြီး နားလိုက်သေးတာပေါ့။

‘ကျုပ် ခင်ဗျားအိမ်ကို လိုက်ပို့ပေးရဦးမလား’

မေရီသည် ကိုယ်နေမတ်မတ် ပြင်လိုက်၏။

'ကိစ္စမရှိပါဘူး၊ ကျွန်မဘာသာပဲ ပြန်ပါမယ်။ ကဲ ဒါဖြင့် ကျွန်မ သွားမယ်၊ တနင်္လာနေ့ကျမှ တွေ့ကြပါစို့’

မေရီသည် မစ္စတာလိုဝီးကို တစ်ချက် ကောင်းကောင်းကြီး ပြုံးပြလိုက်ပြီး ငွေလေးသောင်းကို ပိုက်ကာ ရုံးခန်းမှ တစ်ခါတည်း ထွက်လိုက်လေသည်။

လောက၌ လုံထမ်းလာတာကိုသာ မြင်ရသည်၊ ကံထမ်းလာတာကို မမြင်ရဆိုသော စကားပုံရှိသည် မဟုတ်လား။ အခွင့်အရေး ဆိုသည်က တစ်သက်တစ်ခါ လာချင်မှ လာတတ်တာမျိုး ဖြစ်လေသည်။

တချို့ဆိုလျှင် အခွင့်အရေးဆိုသည်ကို အဖြူအမည်း မကွဲပြားဘဲ ဘဝတွင် ပြီးဆုံးသွားသည် များကတောင် ရှိသေးသည် မဟုတ်ပါလား။

မေရီကရိန်းသည် နှစ်ဆယ့်ခုနစ်နှစ် ကာလပတ်လုံး အခွင့်အရေး ဆိုသည်မှာ အရုပ် ရေးပြရမလောက် ဖြစ်ခဲ့ရပါ၏။

အသက် ၁၇ နှစ်တွင် ဖေဖေ ကားတိုက်ခံလိုက်ရသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်ပြီး တက္ကသိုလ်သို့ အမေ့သမီးကလေး သွားလိုက်မည် ဆိုသော မျှော်လင့်ချက်မှာ လေထဲတွင် ပျောက်လွင့်သွားခဲ့လေသည်။ တက္ကသိုလ်သို့ သွားရမည့်အစား လောလောလတ်လတ် ဆူလွှယ်နပ်လွှယ် စီးပွားရေး ကောလိပ်တစ်ခုတွင် တစ်နှစ် အမြန်တက်လိုက်ပြီး အမေနှင့် ညီမ လိုင်လာတို့၏ တာဝန်ကို ပခုံးမှာ ထမ်းလိုက်ရလေသည်။

ဒါတွင်လားဆိုတော့ မကသေးပေ။ လက်ထပ်ရေး ရည်ရွယ်ချက်ကြီးသည်လည်း မေရီ အသက် ၂၂ နှစ်တွင် ချစ်သူ ဒေးဘက်တာကို စစ်တပ်မှ ဆင့်ခေါ်လိုက်ချိန်မှာ သဲထဲ ရေသွန် ဖြစ်ရပြန်လေ၏။

ဒေးသည် ဟာဝေယံကျွန်းမှာ တပ်စခန်းချရသူ ဖြစ်လေသည်။ ဒေး၏ ချစ်သဝဏ်လွှာများသည် ပထမ၌ မိုးလားကဲလား ဖြစ်နေသော်လည်း မိုးဝေးကော့ ချိပ်မာလေရော့ထင့်။ တဖြည်းဖြည်း အေးစက်စက် ဖြစ်လာခဲ့လေသည်။

အတန်ကြာသော် ဒေး၏ စာများထဲတွင် ဟာဝေယံကျွန်းမှ မိန်းမလှကလေး တစ်ယောက်၏ နာမည်သည် ရံဖန်ရံခါ ပါလာတတ်၏။ အဆုံး၌ စာ လုံးလုံး မလာတော့ပေ။

ဒေးနှင့် ဟာဝေယံသူကလေး လက်ထပ်မည့်အကြောင်း ဖိတ်စာလာသော အခါ၌မူ မေရီသည် လုံးဝ မအံ့ဩတော့ချေ။ မအံ့ဩသည့်အပြင် တယ်ပြီးများလည်း ဂရုမစိုက်ချင်တော့ပေ။ မျှော်လင့်ချက်ဆိုသည်က ကုန်ဆုံးသွားသည်မှာ ကြာပါပြီကော။ ညီမငယ် လိုင်လာမှာ ပညာ တစ်ပိုင်းတစ်ပစ်နှင့် ကသီလင်တ ဖြစ်နေရပေရာ မေရီသည် ကြီးစွာသော စွန့်စားခြင်းကို ပြု၍ ညီမကို တက္ကသိုလ်သို့ ပို့လိုက်ပြီး၊ လဲနေသော အမေကို ပြုစုရင်း အချိန်တွေကို မရေတွက်လိုက်နိုင်အောင် လျှော့ပေး ကုန်ဆုံးစေခဲ့ရလေသည်။

သည်ကြားထဲတွင် အမေက ကောက်ကာငင်ကာ ဖျားလိုက်ပါလေသေးသည်။ အမေသည် အိပ်ရာထဲ၌ သုံးနှစ်ကြာမျှ ဝေဒနာကို ခံစားပြီး မေရီတို့ ညီအစ်မကို မျက်ကွယ်ပြုသွားလေတော့၏။





အမေဆုံးပြီ ဆိုသောအခါ လိုင်လာသည် တက္ကသိုလ်မှ တစ်ခါတည်း ထွက်လာခဲ့ပေသည်။ မေရီလည်း ညီမကို ဘာမှ အကြောင်းပြုပြီး တားမနေချင်တော့ပေ။

လိုင်လာသည် ကျောင်းမှ ထွက်လျှင်ထွက်ချင်း အလုပ်ကို ကြိုးစား၍ ရှာလေတော့၏။ မေရီသည် မရေမရာနှင့် စိတ်ပုန်းပုန်းကျရင်း မှန်ရှေ့မှာ ရပ်ကာ ကြည့်လိုက်မိ၏။ မှန်ထဲတွင် မယုံကြည်နိုင်စရာ ကောင်းလောက်အောင် ရုပ်ရည်ကျဆင်း ပိန်ချုံးနေသော မိန်းမတစ်ဦးက သူ့ကို ပြန်ကြည့်နေသည်ကို တွေ့ရ၏။ မေရီသည် အလန့်တကြားပင် အနားရှိ ပေါင်ဒါဘူးနှင့် မှန်ကို ပေါက်လိုက်ရာ မှန်မှာ အစိတ်စိတ်အမြွာမြွာ ကွဲသွားလေ၏။ တကယ်တော့လည်း မှန်သာ အစိတ်စိတ်အမြွာမြွာ ကွဲသွားခြင်း မဟုတ်။ သူ့ဘဝ တစ်ခုလုံး အစိတ်စိတ် အမြွာမြွာ ကွဲကြေ ပျက်စီးသွားခြင်းပင်တည်း။

ညီမဖြစ်သူ လိုင်လာကား သိတတ် လိမ္မာသူကလေး ဖြစ်ပေသည်။ လိုင်လာသည် မြို့အောက်ဘက်ပိုင်းမှ ဓာတ်ပြားဆိုင်တစ်ခုတွင် အလုပ်ရရှိပြီးသည့်နောက် ညီမ နှစ်ဦးသားသည် မိဘ လက်ငုတ်အိမ်ကြီးကို ရောင်းချပြီးနောက် သင့်တင့်လျော်ကန်သော အခန်းတစ်ခုကို ငှားရမ်းနေထိုင်ခဲ့ကြ၏။

လိုင်လာကို သိတတ်လိမ္မာသူဟု ဆိုခြင်းမှာ အလုပ်ဝင်လုပ်ခြင်းတစ်ခုအတွက် မဟုတ်ပေ။ လိုင်လာသည် မေရီ၏ မျက်နှာကို စေ့စေ့ကြည့်ပြီး–

'အစ်မတော့ အနားယူမှ ဖြစ်တော့မယ်။ ကဲ… ဘာဘာညာညာ ဆင်ခြေတွေ ပေးမနေနဲ့။ အစ်မဟာ တစ်အိမ်ထောင်လုံးရဲ့ မနိုင်ဝန်ကို ရှစ်နှစ်လုံးလုံး ရုန်းပြီး ခုမှ တစ်လှည့် မနားရဘူးဆိုရင် သေဖို့ ရှိတော့မှာပဲ၊ ကဲ … ဘယ်လို အနားယူမလဲ၊ စဉ်းစား'

စဉ်းစားဟု သူကပြောသော်လည်း တကယ် စဉ်းစားရသူမှာ ပြောသူ လိုင်လာ ကိုယ်တိုင်သာလျှင် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



'အို အကောင်းဆုံးကတော့ အစ်မ ခရီးရှည် ထွက်ပါလား။ ပင်လယ် ခရီးရှည်တစ်ခုထွက်ပြီး ကောင်းကောင်းကြီး အနားယူပစ်လိုက်စမ်းပါနော်'

သို့နှင့် မေရီသည် ကာရေဘီယန် ပင်လယ်ပြင်တွင် တငြိမ့်ငြိမ့် ခုတ်မောင်းနေသော "ကိုလိဒိုးနီးယား" သင်္ဘောပေါ်မှာ အနားယူလျက် သား ဖြစ်နေတော့၏။ နားလိုက်ပြီ ဆိုပြန်တော့လည်း မရင့်ရော်သေးသော ငယ်ဂုဏ်ကလေးကို အမှီပြု၍ အသားအရေများ စိုပြည်ကာ လှုရုပ် ပီလာပြန် ၏။ လှုရုပ် မပီ၍လည်း ဖြစ်မည်မထင်။ အကြောင်းမှာ အပျော်ခရီး သင်္ဘော ပေါ်တွင်ပင် မေရီကို ချစ်ရေးဆိုသူ ပေါ်ပေါက်လာပြီ ဖြစ်၍တည်း။

သည်တစ်ကြိမ်တွင်တော့ ရှုးတုန်းမိုက်တုန်းအရွယ် ဆယ်ကျော်သက် မဟုတ်တော့ပြီမို့ ဒေးဘက်တာနှင့်တုန်းကလို မဟုတ်ပေ။ အရွယ်နှင့်မလိုက် အေးဆေး ငြိမ်သက်မှုကလေးနှင့် ဖြစ်ပါ၏။ ဘာပဲပြောပြော ချစ်သည်က တော့ ချစ်သည်ပင်။ မေရီသည် သူ့ကို တကယ်ပင် ချစ်ပါ၏။

သူ ဆိုသည်မှာ ဆမ်လူးမစ် ဖြစ်လေသည်။

ဆမ်က သူ့ကို ချစ်သည်၊ သူက ဆမ်ကို ပြန်ချစ်ပြီ ဆိုလျှင် ဇာတ် လမ်းသည် ပြီးလေပြီ။ မင်းသမီးနှင့် မင်းသား ညားကြလေသတည်းဟု ဆိုရန် ရှိသော်လည်း တကယ်တမ်းကား မပြီးသေးပေ။ ဆမ်မှာ မေရီ၏ ပထမရည်းစားနှင့် ကွာခြားသည်နှင့်အမျှ ရိုးသားဖြောင့်စင်းလှသူ ဖြစ်လေ သည်။ ဆမ်နှင့်မေရီ ချစ်ကြပြီဆိုလျှင်ပင် ရည်းစားသန်ထား၍ စိတ်ကူးယဉ် ရမည့် အရွယ် မဟုတ်တော့သည့်အတိုင်း အိမ်ထောင်ရေးကိုသာ ဆွေးနွေးကြ ရမည်သာ ဖြစ်လေသည်။

ဆမ် ကတော့ ပွင့်ပွင့်လင်းလင်းပင်။ ဆမ် ပြောပြသော ဇာတ်လမ်း မှာ ပုံပြင်ကလေး တစ်ခုလေလားပဲ။

ဖဲယားဗဲ မြို့ကလေးတစ်မြို့တွင် ကုန်စုံဆိုင်ကလေးတစ်ခု ရှိလေ သည်။ ယင်း ကုန်စုံဆိုင်ကလေးမှာ ဆမ်တို့ သားအဖ ပိုင်သော ကုန်စုံဆိုင် ကလေး ဖြစ်ပါ၏။ အပြေးအလွှား ရေလိုက်မှ သားအဖနှစ်ယောက်သာ





ရှိသည်မို့ အဖ လွန်လေလျှင် ဆိုင်နှင့်တကွ ပစ္စည်းအားလုံးမှာ ဆမ် အတွက် ဖြစ်ရမည် ဆိုခြင်းကမူ တိုင်းသိပြည်သိ ဖြစ်ပါ၏။ ဤသို့ သားအဖ နှစ်ယောက် အတူတကွ လုပ်ကိုင်စားသောက် နေခဲ့ရာမှ ယမန်နှစ်က ဆမ်၏ အဖေသည် လူကြီးနာနှင့် ကွယ်လွန်လေသည်။ သူ့အဖေ၏ ရှိသမျှ ပစ္စည်း အားလုံးကို ဆမ် အမွေရပါ၏။ ပစ္စည်းများသာမက ကြွေးများကိုပါ ရလိုက် ပါသတည်း။

ဆမ်၏ အဖေမှာ အကြွေးက ဒေါ်လာ နှစ်သောင်းကျော် ရှိသည်။ အဆောက်အအုံက ပေါင်ထားသည်။ ပစ္စည်းပစ္စယက ပေါင်ထားသည်။ ကုန်ကုန်ပြောရလျှင် အသက်အာမခံ စာချုပ်ကိုပင် ပေါင်နှံထားလိုက်ပါသေး ၏။ အဖေသည် ကုန်စုံဆိုင်လုပ်ငန်းအပြင် မြင်းပွဲ ဘွတ်ကီဒိုင် တစ်ခုတွင် ရှယ်ယာဝင်ထားခဲ့သည်ကို ဆမ်အား အသိမပေးခဲ့ခြင်း ဖြစ်ပါ၏။ ယခုမူ ဆမ်သည် အကြွေး နှစ်သောင်းနှင့် ရွေးစရာ နှစ်လမ်းသာ ရှိတော့၏။

ဒေဝါလီ ခံမည်လော။

သို့တည်းမဟုတ် ကုန်စုံဆိုင်ကို ဖွင့်မြဲဖွင့်လျက် အကြွေးနှစ်သောင်း ကို ကုန်း၍ ဆပ်မည်လော။

ဆမ်သည် ဒုတိယလမ်းကိုသာ ရွေးလိုက်ပါ၏။ ဆမ်သည် သူ့ချစ်သူ မေရီ၏ မျက်နှာကို စေ့စေ့ကလေး ကြည့်လိုက်၏။

'ဒီမှာ မေရီ၊ ဒီလို ကုန်စုံဆိုင်အလုပ်ဟာ နင်လားငါလား ချမ်းသာ မယ်တော့ မဟုတ်ဘူး။ ဒါပေမဲ့ စေ့စေ့စပ်စပ် မြော်မြော်မြင်မြင်နဲ့ လုပ်မယ် ဆိုရင် တစ်နှစ်ကို ရှစ်ထောင်၊ တစ်သောင်းတော့ ကျန်တတ်ပါတယ်။ အခု ဆိုရင် တစ်နှစ်တည်းနဲ့ပဲ ကြွေး ရှစ်ထောင် ကျေသွားပြီ။ လုပ်ငန်းကလည်း တိုးချဲ့ထားတယ်။ ကျွန်တော်လည်း ကြိုးစားပါတယ်။ ဒီတော့ နောက်နှစ်နှစ် ဆိုရင်တော့ဖြင့် ကြွေးကျေလို့ လူတစ်လုံး သူတစ်လုံး နေနိုင်တော့မယ်။ အဲဒီအချိန်မှာ မေရီကို ကျွန်တော် လက်ထပ်ပါရစေ'

မေရီသည် သက်ပြင်းတစ်ချက် ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ထားပါတော့လေ၊ ဒါထက် ဒီလို အခြေအနေကများ ရှင် ဘယ်လို လုပ်ပြီး ဒီအပျော်ခရီးကို ထွက်လာနိုင်တာလဲ ဟင်'

ဆမ်သည် မေရီ၏ အမေးကို ဟက်ခနဲ တစ်ချက် ရယ်လိုက်၏။

'ပြိုင်ပွဲ ဆုရတာလေ။ ကုန်ထုတ်လုပ်ရေး ကုမ္ပဏီကြီးတစ်ခုက သူတို့ ထုတ်တဲ့ ပစ္စည်းတွေကို အများဆုံး ရောင်းပေးနိုင်တဲ့ ကိုယ်စားလှယ်ကို ဆုပေးမယ်ဆိုပြီး ပြိုင်ပွဲ လုပ်တယ်လေ။ အကြောင်းအားလျော်စွာပဲ ကိုယ် ရခဲ့တယ်။ ကိုယ် ပြောပါတယ်၊ ခရီးမထွက်ဘဲ ငွေယူလို့ ရမလားလို့။ သူတို့က မရဘူး၊ ခရီးထွက်ရင်ထွက်၊ မထွက်ရင် ဘာမှ မရဘူးတဲ့။ ဒီအချိန်က အလုပ်ပါးတဲ့ အချိန်လည်း ဖြစ်ပြန်၊ ပြီးတော့ ကိုယ့်မှာ ယုံကြည်ရတဲ့ စာရေးတစ်ယောက်ကလည်း ရှိပြန်တော့ ရတဲ့ အခွင့်အရေးကလေး အလွတ် မခံချင်တာနဲ့ ဒီ အပျော်ခရီးကို ထွက်လာတာပဲ။ ဒါကြောင့်လည်း မေရီကို တွေ့ပြီး…'

မေရီ့ ပါးအို့ကလေးများမှာ ရတ်တရက် သွေးရောင်လျှမ်းလာ၏။ ဆမ်ကမူ သက်ပြင်းချရင်း စကားဆက်၏။

'အခု အပျော်ခရီးဟာ ကိုယ်တို့ရဲ့ ဟန်းနီးမွန်း ဖြစ်ခဲ့ရင် ဘယ်လောက် ကောင်းလိုက်မလဲ နော်'

မေရီ့ မျက်လုံးများသည် အရောင်လက်လာ၏။

'ဆမ်'

မေရီ၏ လေသံမှာ နူးညံ့နေ၏။

'ဟန်းနီးမွန်း ဖြစ်စေချင်ရင် ကိုယ်တို့နှစ်ယောက်…'

ဆမ်သည် သက်ပြင်းချရင်း ခေါင်းယမ်းခါလိုက်၏။

'မဖြစ်သေးဘူး မေရီ၊ မဖြစ်သေးဘူး၊ ကိုယ်တို့ စောင့်ကြရဦးမှာပဲ။ ဒီ ငွေရေးကြေးရေး ကိစ္စကလေးတွေ အားလုံး ပြေလည်တဲ့အထိ စောင့်ကြရဦးမှာပဲ မေရီ'

မေရီသည် ဆတ်ခနဲ တွန့်သွား၏။





'ကိုယ် မစောင့်ချင်ဘူး ဆမ်၊ မစောင့်ချင်ဘူး။ ကိုယ်က ငွေရေးကြေး နားလည်း ဂရုမစိုက်ပါဘူး၊ အလုပ်လည်း ဂရုမစိုက်ပါဘူး။ အလုပ်က ထွက်ပြီး ဆမ့် ဆိုင်မှာ ကိုယ် လာလုပ်မယ်လေ'

မေရီသည် အားတက်သရောနှင့် ပြောလိုက်သော်လည်း ဆမ့် မျက်နှာမှာ တင်းကျပ်နေ၏။

'ကိုယ့်ဆိုင်မှာ လာလုပ်ပြီး ကိုယ်အိပ်သလို အိပ်မယ်ပေါ့လေ'

မေရီသည် အားတက်သွား၏။

'အင်းလေ၊ ဘာဖြစ်တုံး။ ဆမ်ပဲ ပြောတယ် မဟုတ်လားကွယ်၊ ကျွန်မတို့ နှစ်ယောက်ပေါင်းပြီး တစ်နှစ်လောက် ခြစ်ခြစ်ခြုတ်ခြုတ် လုပ်လိုက်ကြရင် ကြွေးကျေသွားမှာပေါ့'

ဆမ်သည် သက်ပြင်း အခါခါ ချလိုက်၏။

'မဖြစ်ပါဘူး အချစ်ရယ်။ အခု ကိုယ်နေတာက စတိုးဆိုင်ကလေး ကြွက်သိုက်ထဲမှာ နေရတာ၊ သိရဲ့လား။ ကိုယ် ဘယ်လိုလုပ်ပြီး အချစ်ကို ထားရက်မှာလဲကွယ်။ အချစ်နဲ့ ကိုယ်တို့ အတူနေဖို့အရေးမှာ အိုးအိမ်ကလေး ဆော့ တည်တည်တံ့တံ့ ရှိဦးမှပေါ့ကွယ်။ အိုးကလေး အိမ်ကလေးကို အကြွေးနဲ့ပဲ ဝယ်မယ်ထား၊ အကြွေး ရဲရဲကြီးယူဖို့၊ ပေးတဲ့လူလည်း ပေးရဲဖို့က ကိုယ် အခုတင်တဲ့ အကြွေးတွေကို ဆပ်ပြရဦးမယ် မေရီ။ စောင့်ပါဦးနော် အချစ်ရယ်၊ နည်းနည်းလေး သည်းခံပြီး'

ဟုတ်ပါသည်။ မေရီတို့သည် ဤသို့ဤပုံ ရပ်တန့်လျက် ရှိပါ၏။ ယမန်နှစ် နွေတုန်းကမူ သူသည် ဆမ်ရှိရာ ဖဲယားဗဲသို့ တစ်ခေါက် အလည် ရောက်ခဲ့ပါ၏။ ဆိုင်ကိုလည်း မြင်ပါ၏။ ပစ္စည်းပစ္စယနှင့် ဆမ်၏ ကြိုးစားမှု များကိုလည်း တွေ့ပါ၏။ ဆမ်ကမူ သူ့စာရင်းစာအုပ်ကြီးကို ထုတ်ပြရင်း နောက်ထပ် ကြွေးတစ်သောင်းလောက်သာ ဆပ်ရန် လိုတော့ကြောင်း၊ အလွန် စောင့်ရလှ နှစ်နှစ်ပေါ့ဟုများ ဆိုလိုက်ပါ၏။

နှစ်နှစ်…။



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ဆိုလျှင် မေရီသည် ၂၆ နှစ်တင်းတင်း ပြည့်တော့မည် ဖြစ်၏။ ၂၆ နှစ် ဆိုသော အရွယ်သည် မိတ်ကပ်ဖို့လျက် ဆယ်ကျော်သက် ဟန်ပန်နှင့် ဆမ့်ရင်ခွင်သို့ ဝင်ရန် လွယ်ကူလှမည် မဟုတ်ပေ။ နောက် မေရီသိသည်မှာ သူ့ဘဝတစ်သက်တာတွင် နောက်ထပ် ဆမ်လူးမစ်တစ်ယောက် ပေါ်ပေါက်လာရန် မလွယ်တော့ကြောင်းကလည်း သေချာလှပါ၏။ သို့နှင့် မေရီသည် မတတ်သာ ခပ်ခွာခွာ နေလေဦးတော့ဟူသော နှလုံးပိုက်ချက်ဖြင့် လိုဝီးအေဂျင်စီ၌ ပြန်လည် လုပ်ကိုင်ခဲ့ရလေသည်။

လိုဝီးအေဂျင်စီမှာ ရောင်းရေးဝယ်တာ လုပ်ငန်းအားလုံးကို အမြတ်ငါးရာခိုင်နှုန်းယူ၍ လုပ်ကိုင်သော အေဂျင်စီ ဖြစ်လေသည်။ မေရီသည် ရောင်းရသမျှ အားလုံးအပေါ်မှ အေးဆေးစွာ ငါးရာခိုင်နှုန်း ကောင်းစွာ ဖြတ်တောက်ယူနေသော မစ္စတာ လိုဝီးကို မကျေမနပ် အကဲခတ်နေမိ၏။ ကုန်ပစ္စည်း မြန်မြန်ထက်ထက် ရောင်းချင်သူတို့ထံမှ အဆမတန် နှိမ်၍ ဝယ်ထားပြီး၊ ဝယ်လိုသူ လက်သို့မှ မတန်တဆဈေးနှင့် ပြန်ရောင်းကာ အမြတ်ကြီးကြီး ယူနေပုံကိုလည်း တွေ့နေရပေသည်။ ခက်သည်က လူတွေသည် ဘာ့ကြောင့်မှန်း မသိသော်လည်း အများကြီးရောင်း၊ အများကြီးဝယ်နေကြပေ၏။ မစ္စတာလိုဝီး အနေနှင့် ထူးထူးခြားခြား ဘာမျှ လုပ်စရာ မလို့ဘဲ ရောင်းသူနှင့်ဝယ်သူ အကြားတွင် ပွဲစားလုပ်နေရုံနှင့် တစ်နေ့တခြား ချမ်းသာနေလေ၏။ မစ္စတာလိုဝီး အတွက်ဆိုလျှင် ဒေါ်လာ တစ်သောင်းဆိုသည်က ဆမ်လို ဘယ်မှာ နှစ်နှစ် ကုန်းလုပ်စရာ လိုပါလိမ့်မည်နည်း။ အလွန်ကြာလျှင် နှစ်လပေပဲပေါ့။

မေရီသည် အလုပ်ရှင်ဖြစ်သူ မစ္စတာလိုဝီးကို မုန်း၏။ သည့်ပြင် ငွေထုပ်ကြီးတွေ ကိုင်ပြီး ရောင်းသူတွေ၊ ဝယ်သူတွေ အားလုံးကိုလည်း မုန်းလေသည်။ အကြောင်းမူ သူတို့သည် ချမ်းသာကြသောကြောင့် ဖြစ်လေသည်။ ထိုအထဲတွင် မစ္စတာတော်မီကဲစဒီမှာ အကဲဆုံးနှင့် အသည်းဆုံး ဖြစ်လေသည်။ သူသည် ရေနံလုပ်ငန်းမှ ငွေများ မပြတ်ရနေသည်။ ရနေသော





...များနှင့် မတန်တဆ အရောင်းအဝယ်လုပ်ကာ အမြတ်ကြီးစားနေလိုက်သေး၏။

သူ့အတွက်တော့ သမီး မင်္ဂလာဆောင် လက်ဖွဲ့ရန် ငွေလေးသောင်း...န် အိမ်တစ်လုံးကို ဝယ်ပေးလိုက်ရသည့်အတွက် စိတ်ထဲ၌ မည်သို့မျှ ...အောက်မေ့ပေ။

ဒါတွင်လား ဆိုတော့ မကသေးပေ။ တစ်ခါတုန်းကများ ဆိုလျှင် ...ရီ၏ စားပွဲပေါ်သို့ပင် ရာတန်တစ်ချပ် ချလိုက်ပြီး သူနှင့်အတူ ဒါးလတ်မြို့သို့ အပျော်ခရီး လိုက်ခဲ့ရန် ဖိတ်ခေါ်ဖူးသည် မဟုတ်ပါလား။ တော်မီကဲစဒီသည် ဤမျှ သေးသိမ်သော အလုပ်ကို ပြောဆို လုပ်ကိုင်လိုက်ပုံမှာ မြန်ဆန်...ွှန်းလှသဖြင့် မေရီသည် ဒေါသဖြစ်ရန်ပင် အချိန်မရလိုက်ချေ။ ထိုအခိုက် ...စ္စတာလိုဝီး ရောက်လာ၍ ပြဿနာသည် ပြီးဆုံးသွား၏။ မေရီသည် မစ္စတာ ...ကဲစဒီကို လူရှေ့တွင် လည်းကောင်း၊ ကွယ်ရာတွင် လည်းကောင်း၊ ဆော်ကား ...မော်ကား ပြုမူခဲ့သည့်အတွက် ငြင်းပယ်ခြင်း မပြုခဲ့ရပေ။ မစ္စတာ ကဲစဒီကလည်း နောက်ထပ်တစ်ကြိမ် ဒါးလတ်သို့ လိုက်ပါရန် မခေါ်တော့ပေ။ ...ည်သို့ပင်ဖြစ်စေ မေရီအတွက်တော့ မစ္စတာကဲစဒီ၏ ထူအန်း စိုစွတ်သော ...နှုတ်ခမ်းများဖြင့် ပြုံးလိုက်သောအပြုံးကို မေ့ပျောက်မရနိုင်ဘဲ ဖြစ်နေ၏။

မေရီသည် ကဲစဒီ၏ အပြုအမူ အနေအထိုင်နှင့် ချမ်းသာသော သူ၏ ...ကမ္ဘာကို မမေ့ပေ။ သမီးအတွက် လေးသောင်းတန် အိမ်တစ်လုံး လက်ဖွဲ့...လိုက်သူ၊ ပြီးတော့ သူ့ကိုပင်၊ သူ့ကိုယ်ခန္ဓာကိုပင် ဒါးလတ်သို့ ၃ ရက်ကလေး ...လိုက်ပါရန်အတွက် ငွေတစ်ရာ ချပေးခဲ့သူ။ ဟင်း...။

"ကဲ အခုတော့ ဘာဖြစ်တုံး။ ငါကလည်း သူ့ပိုက်ဆံ လေးသောင်းကို ယူလိုက်တာပေါ့"

မေရီ့ခေါင်းထဲ၌ အတွေးသည် ဤသို့ဤပုံ ဆက်စပ်သွားခြင်း ဖြစ်လေသည်။ သို့သော် စင်စစ် ဤအဖြစ်အပျက်မှာ အတွေးမျှသာ မဟုတ်ပေ၊ တကယ်လည်း မေရီသည် ငွေလေးသောင်းကို သူ ယူလိုက်ခြင်း ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယယ်ယယ်တုန်းကတည်းက မိမိလောက၌ ငွေရေးကြေးရေး အဆင်မပြေတိုင်း ဘိုးဘိုးအောင်က လိုတရ ဆေးတောင်ဝှေး လာပေးပုံကို စိတ်ကူးအိပ်မက် မက်ဖူးပါ၏။ ယခုအကြိမ်တွင်လည်း နေ့ခင်းအိပ်မက် မက်ရသလို ငွေလေးသောင်းက ဖြုန်းဆို လက်ထဲ ရောက်လာခြင်း ဖြစ်၏။ စနစ်တကျ စီမံခန့်ခွဲ ပြင်ဆင်ထားသလိုလိုနှင့်။

ထိုအချိန်မှာ သောကြာနေ့ ညနေပိုင်း ဖြစ်ပါ၏။ ဘဏ်တိုက်သည် နက်ဖြန် စနေနေ့နှင့် သန်ဘက်ခါ တနင်္ဂနွေနေ့တွင် ပိတ်၏။ မစ္စတာလိုစီးသည် တနင်္လာနေ့မှသာ ဘဏ်တိုက်ကို ငွေသွင်းပြီးမပြီး စစ်ဆေးနိုင်မည် ဖြစ်၏။ ဒါတောင်မှ မေရီ တနင်္လာနေ့ ရုံးသို့ မရောက်လာတော့မှ ဖြစ်သည်။

ပြီးတော့ ကြည့်စမ်းပါဦး။ ညီမ လိုင်လာက ဒါးလတ်ကို ယနေ့မနက်ကပင် ထွက်သွားလေသည်။ ယခု လိုင်လာသည် သူ့ခုတ်ပြားဆိုင်မှ အဝယ်တော်ကြီး ဖြစ်နေပြီတည်း။ လိုင်လာသည်လည်း တနင်္လာနေ့ထက် စော၍ ဘယ်နည်းနှင့်မှ ပြန်မရောက်နိုင်ပေ။

မေရီသည် တိုက်ခန်းသို့ရောက်အောင် ကားကို ခပ်သွက်သွက် မောင်းလိုက်၏။ တိုက်ခန်းတွင် သူ့ရှိသမျှထဲမှ အကောင်းဆုံး ဝတ်စုံအချို့ကို လက်ဆွဲအိတ်ထဲသို့ ထည့်လိုက်၏။ မေရီနှင့် လိုင်လာတို့ နှစ်ဦးသား စုထားသော ငွေ ၃၆၀ သည် သနပ်ခါးဘူး အဟောင်းထဲတွင် ရှိ၏။ သို့သော် မေရီသည် ထိုငွေကို ယူစရာ မလိုဟု ဆုံးဖြတ်လိုက်၏။ လိုင်လာသည် တိုက်ခန်းလခ တစ်ယောက်တည်း ပေးရသောအခါ လိုကောင်း လိုနေမည် ဖြစ်၏။ မေရီသည် ညီမဖြစ်သူ လိုင်လာအတွက် စာကလေးတစ်ကြောင်းလောက် ဖြစ်ဖြစ်တော့ ခြစ်ထားခဲ့ချင်၏။ မဖြစ်ပေ။ တဖြည်းဖြည်းတော့ မီးစင်ကြည့် က ရမှာပဲလေ။

မေရီ တိုက်ခန်းမှ ထွက်လာသောအခါတွင် ၇ နာရီထိုးပြီး ဖြစ်လေ၏။ နောက် တစ်နာရီခန့် အကြာတွင် မေရီသည် မြို့ဆင်ခြေဖုံးတစ်နေရာ





ဘွင် နေ့လယ်စာတစ်နပ် စားလိုက်၏။ နောက် ကားဟောင်း ရောင်းဝယ်ရေး ဆိုင်တစ်ခုထဲသို့ ဝင်လိုက်၏။ သူ၏ ဆီဒင်ကားကို နည်းနည်းဟောင်းသော ကားတစ်စီးနှင့် လဲလိုက်၏။ အမှန်တော့ သည်လို လဲလိုက်သည့်အတွက် နည်းနည်းတော့ ရှုံးပေသည်။ နောက်တစ်နေ့မနက်တွင် နောက်ထပ် ကားတစ်စီး လဲပြန်ရာ ပို၍ ရှုံးပါ၏။ နေ့လယ်ပိုင်းတွင် တစ်ခါ ထပ်၍ ကားချင်း လဲလိုက်ပြန်၏။

သည်အချိန်၌ မေရီတွင် ငွေ ၃၀ နှင့် ရှေ့ဘယ်ဘက်မတ်ကတ်ကြီး ခြိန်ချိုင့်နေသော ကားအိုကြီးတစ်စီးနှင့် ဖြစ်နေတော့၏။ သို့တိုင် မေရီသည် စိတ်ဓာတ်မကျပေ။ အရေးကြီးသည်မှာ ခြေရာပျောက် မဟုတ်ပါလား။ ကားစုတ်သည် မစုတ်သည်က အရေးမကြီးပေ။ ဖဲယားဗဲသို့ ရောက်လျှင်ပဲ တော်လောက်ပါပြီ။ မေရီသည် မြောက်ဘက်သို့ အနည်းဆုံး စပရင်းဖီးလောက်ထိ မောင်းသွားပြီး သူ့နာမည်နှင့် ကားကို ရောင်းစားမည်ဟု ကြံရွယ်လေသည်။ ကားရောင်းသောအခါ သူ့နာမည်သည် "မေရီ" ဖြစ်တော့မည် မဟုတ်ပေ။ "မစ္စက်ဆမ်လူးမစ်" ဖြစ်နေပေလိမ့်မည်။ ဘယ်အစိုးရ တာဝန်ခံများကကော ဤမြို့နှင့် မိုင်တစ်ရာကွာတွင် မစ္စက် ဆမ်လူးမစ် နေ့ထိုင်၏၊ မနေထိုင်၏ကို မူးစမ်းပါမည်နည်း။

ဟုတ်ပေသည်။ တကယ်ဆိုတော့ မေရီသည် အမြန်အထက်ပင် မစ္စက် ဆမ်လူးမစ် ဖြစ်ချင်လှပါပြီ။ သူသည် ဆမ်၏ ရင်ခွင်ထဲသို့ ပြေးဝင်ရင်း သူ ရတ်တရက် အမွေရလာသည်ဟု ပြောမည်။ လေးသောင်းလုံးဆိုသည်က များလွန်းသည်ပဲ ထားပါတော့။ သောင်းငါးထောင်လောက်။ လိုင်လာ့လည်း ဒီလောက်ပဲ ရသည်ဟု ပြောပြမည်။ ပြီး လိုင်လာလည်း သူ့အလုပ်မှ ထွက်ပြီး ဥရောပသို့ ခရီးထွက်သွားလေပြီဟု ပြောမည်။ သည်နောက်တော့ ဘာများ လိုပါသေးသနည်း။ လက်ထပ်ကြရုံပဲပေါ့။

ဆမ်သည် ရိုးသားသည်နှင့်အမျှ မာနလည်း ရှိသမို့ သူ့ထံက မီးခံကို လက်မခံဟု ငြင်းကောင်းငြင်းမည် ဖြစ်သည်။ ဒါကတော့ မီးစင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကရင်း ဆမ်ကို အလိုလိုက်ကာ သူ့ဆန္ဒကို လိုက်လျောစေနိုင်အောင်တော့ဖြင့် တတ်နိုင်ရပေမည် ဖြစ်၏။ အရေးကြီးသည်က အမြန်ဆုံး လက်ထပ်လိုက်ကြ ရန် ဖြစ်သည်။ ဒါမှ သူ့အမည်သည် "မေရီ"အဖြစ်မှ "မစ္စက်ဆမ်လူးမစ်" ဖြစ်သွားမည် မဟုတ်လား။ သို့မှသာ ကုန်စုံဆိုင်ရှင်၏ဇနီး မစ္စက် ဆမ်လူးမစ် ကို မည်သူကမျှ မိုင်ရှစ်ရာအကွာက လိုဝီးအောဂျင်စိမ့် စာရေးမ မေရီနှင့် ဆက်စပ်မရဘဲ ဖြစ်နေလိမ့်မည်။

မစ္စတာ လိုဝီးတို့ လူသိုက်သည် ဆမ်ကို ကြားပင် မကြားဖူးချေ။ သူတို့သည် လိုင်လာကိုတော့ သွားတွေ့ကြမည် ဖြစ်၏။ လိုင်လာသည် မေရီနှင့် မတွေ့မချင်း သူတို့ကို ဘာမှ မပြောဟု မေရီ ယုံကြည်၏။

အချိန်ကျလာလျှင်တော့ မေရီသည် လိုင်လာကို ရှင်းပြရန် ဝန်မလေး ပါ။ လိုင်လာသည် ဆမ်နှင့် အစိုးရတာဝန်ခံများ ရှေ့မှောက်တွင် နှုတ်ပိတ် နေရန်တော့ ပြောလေလိမ့်မည်။ သည်အလုပ်ကလည်း ခဲယဉ်းလှမည် မဟုတ် ပေ။ သူ့ကျေးဇူးတွေက လိုင်လာအပေါ်တွင် တောင်လိုပုံနေခဲ့သည် မဟုတ် ပါလား။ မေရီ့စိတ်ထဲတွင် ဆမ်ကို အပ်ပြီး သောင်းငါးထောင်အပြင် ကျန်သော ငွေနှစ်သောင်းငါးထောင်ကို လိုင်လာနှင့် တစ်ဝက်စီ ခွဲယူချင်၏။ လိုင်လာက ယူကောင်းမှ ယူပေမည်။ အေးလေ၊ ဖြစ်သမျှ လျောက်လျား ပဲပေါ့။ အချိန်ကျလာရင် အဖြေရလာပါလိမ့်မပေါ့။

ခုချက်ချင်းတော့ မေရီအတွက် အရေးအကြီးဆုံးမှာ ဖဲယားဗဲမြို့သို့ ရောက်ရန်ပင် ဖြစ်လေသည်။ မြေပုံထဲတွင်တော့ အကွာအဝေးက လေး လက်မထက် လက်တစ်ဆစ်မျှပင် မပိုပေ။ တကယ်ပါပဲ၊ အနီစက်ကလေး တစ်စက်နှင့် တစ်စက်အကြား ဆက်ထားသော လေးလက်မပဲရှိမည့် မျဉ်း အနက်ကလေး တစ်ခုပါပဲ။ သို့သော် မေရီအတွက်တော့ မနားမနေ ၁၈ နာရီ လုံးလုံး ကားမောင်းလာပါမှ ဤရွေ့ဤမျှပဲ ရောက်ပါသေး၏။ ၁၈ နာရီလုံး လက်ကိုင်ကို ကိုင်ရင်း၊ ဘရိတ်ကို ဖိရင်း၊ ကလပ်ကို နင်းရင်း၊ ဂီယာကို





နှံနံ-ရင်း၊ လမ်းကွေ့ကို ကြည့်ရင်း၊ စိတ်အတွေးက ယောက်ယက်ခတ်ရင်း ...စ်ကိုယ်လုံး ထုခြေထားသလို ပန်းလျနေပါ၏။

သည်လိုအဖြစ်မျိုး ကြားထဲတွင် လမ်းက မှားလာခဲ့ပါသေး၏။ ...့ရှာနေတုန်း တစ်လမ်းလမ်းထဲ မှားချိုးလိုက်ပုံပဲ။ ခုတော့ ညတစ်ည၊ ...မှောင်မှောင်မည်းမည်း မိုးသည်းသည်းမှာ တစ်ယောက်တည်းပဲ။

မေရီသည် ခေါင်းရှေ့ရင်း နောက်ကြည့်မှန်ထဲမှ သူ့မျက်နှာကို သူ ...န်ကြည့်လိုက်သည်။

မှန်ထဲမှ သူ့ရုပ်မှာ တကယ်ပါပဲ၊ အမေသေပြီးစ ဗုန်းဗုန်းလဲကျသော ညက သူ့ရုပ်အတိုင်းပဲ။

မေရီသည် သူ့ကိုယ်သူတော့ တည်ငြိမ်လှပြီ၊ အေးဆေးလှပြီရယ်လို့ ...တ်ထင်နေမိပါ၏။ သူ့စိတ်ထဲတွင် ဝမ်းနည်းခြင်း၊ ကြောက်ခြင်း၊ နောင်တ ...ခြင်း၊ အပြစ်ရှိခြင်းတို့ကို ရှာမတွေ့ပေ။ သို့သော် မှန်ကမူ မလိမ်ပေ။ သူ၏ ...င်ကိုအရှိကို ပကတိအတိုင်း တွေ့စေ၏။ ယခုတော့ သူ အမှန်သိပါပြီ။

မေရီသည် သူ့ကိုယ်သူ ထိန်းလိုက်၏။ ရပ်လိုက်၊ သည်လို အား ...လှတဲ့ အတွေးတွေကို ရပ်လိုက်။ ပြီးတော့ ရှေ့ရေးကိုပဲတွေး၊ သူ့အနေနှင့် ဆမ်၏ ရင်ခွင်ထဲသို့ သည်လို စိတ်ရောကိုယ်ပါ ဗုန်းဗုန်းကျအဖြစ်နှင့် ...ဝင်၍တော့ဖြင့် မဖြစ်နိုင်ပေဘူးပဲ။ သူပြောမည့် ဇာတ်လမ်းက ဆမ့်ကို အံ့အား သင့်သွားစေချင်တဲ့အတွက် ဘာမှ ကြိုတင်အကြောင်းကြားမထားဘဲ ကတိုက် ကရိုက် ထွက်လာခဲ့တယ်လို့။ တစ်ချက်ပဲ ပြဿနာက ရှိသည်။ သူ့မျက်နှာက ...တော့ ရွှင်လန်းလတ်ဆတ်နေဖို့ လိုသည်လေ။ ပီတိရွှန်းသော မျက်နှာမျိုးပေါ့။

အဖြေကမူ သည်တစ်ညပဲ၊ ကျောခင်းစရာ တစ်နေရာရာမှာ လှဲပြီး ...နှမ်းနယ်ခြင်းကို ခဝါချပစ်ဖို့ပဲပေါ့။ နောက်နေ့မနက်မှ ဖဲယားဗဲကို ဝင်၊ ဆမ်ထံသို့ ချိုသာရွှင်ပြုံးသော မျက်နှာနှင့် သွား။

ဟုတ်ပါပြီ။ မေရီ့တာဝန်က ကားကို ပြန်ကွေ့ပြီး လမ်းအတိုင်း မောင်းခဲ့လျှင် သူ မှားချိုးခဲ့သော လမ်းမကို တွေ့ရမည် ဖြစ်၏။ လမ်းမ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ခရီးဆက်ခဲ့ပါလျှင် တည်းခိုစရာ ဟိုတယ် တစ်ခုခုတော့ တွေ့မည်သေချာ၏။

မေရီသည် ခေါင်းညိတ်ပြီး မျက်စိကို ခဏကလေးဖြစ်ဖြစ် အနားပေးသလို မှိတ်ထားလိုက်၏။ နောက် ကိုယ်ကို မတ်လိုက်ပြီး နံဘေးနံဘီသို့ လှည့်ကြည့်လိုက်၏။

သည်တွင် သူက သည်ဆိုင်းဘုတ်ကို မြင်သွားခြင်း ဖြစ်သည်။ ဆိုင်းဘုတ်မှာ ဟိုတယ်ဆိုင်းဘုတ် ဖြစ်ပါ၏။ ဆိုင်းဘုတ်နံဘေးမှ ကားဝင်စရာ လမ်းကလေးကမူ အဆောက်အအုံ သေးသေးတစ်ခုသို့ ဦးတည်လျက်။

ဟိုတယ်၏ ဆိုင်းဘုတ်မှာ မီးထွန်းမထားပေ။ အင်းလေ၊ မိုးမှောင်မှောင်မှာ သူတို့ မေ့နေတာများလည်း ဖြစ်ကောင်း ဖြစ်မှာပေါ့။ သူတောင် ကားမီးဖွင့်ဖို့ မေ့ခဲ့သေးတာပဲ။

မေရီသည် အမှောင်ထဲမှာပင် ဟိုတယ်ရှိရာသို့ ကားကို ကွေ့ဝင်လိုက်၏။ ဆိုင်းဘုတ်တွင် မီးမထွန်းထားသည် မဟုတ်၊ ဟိုတယ်တစ်ခုလုံးလည်း မှောင်နှင့်မည်းမည်း ဖြစ်နေပါ၏။ ကြည့်ရတာ ဟိုတယ် ပိတ်ထားပြီထင်သည်။

မေရီသည် ဟိုတယ်၏ ရှေ့တည့်တည့်ရောက်အောင် ကားကို ကွေ့လိုက်ရင်း သမံတလင်းပေါ်တွင် ကားနင်းမိလျှင် လှုခေါ်ခေါင်းလောင်းခလုတ်ကလေး တစ်ခု၊ နှစ်ခု မြင်လိုက်သလိုလိုပင်။ ကားအကွေ့လိုက်တွင် တောင်ကုန်းပေါ်မှ အိမ်ကို မြင်လိုက်ရခြင်း ဖြစ်၏။ အိမ်မှာ မီးလင်းနေ၏။ ဟိုတယ်ပိုင်ရှင်များသည် ထိုအိမ်တွင် နေသည်ထင့်။ မကြာမတင် ဆင်းလာမှာပါပဲလေ။

မေရီသည် ကားစက်ကို သတ်လိုက်ပြီး စောင့်နေလိုက်၏။ ရုတ်တရက်ကြီးပင် မိုးပေါက်တို့ ထိမှန် ကျရောက်နေသံနှင့် နောက်ကွယ်မှ ရှိုက်သံလိုလို ငြီးတွားနေသော လေ၏အသံကို ကြားရ၏။ မေရီသည် သည်အသံမျိုး ကြားဖူးပါသည်ဟု ရုတ်တရက် မှတ်မိလာ၏။





"အမေဆုံးသော ညက အသံမျိုးပါကလား"

ဒီအတိုင်းပါပဲ။ အမေ့အလောင်းကို ရှည်မျောမျော တွင်းထဲသို့ ချသောနေ့က မိုးရွာပုံနှင့် လေလာပုံမှာ ယခု လေလာပုံနှင့် တူပါဘိသနှင့်။ ယခုတော့ အမှောင်ထုသည် မေရီ၏ တစ်ကိုယ်လုံးကို ဝါးမျိုလျက် ရှိ၏။ မနီလာအိတ်ထဲ၌ ထည့်ထားသော ငွေလေးသောင်းသည် လည်းကောင်း၊ ချစ်သူ ဆမ်သည် လည်းကောင်း သူ့ကို လာမကူညီနိုင်ကြပေ။ သူကလည်း လမ်းမှား၍ လာခဲ့မိပေသကိုး။ ခုတော့ ကိုယ့်သချိုင်း ကိုယ်ရှာမိမှပဲ၊ လှဲကြရုံပေါ့။

"ဟော့ ဘာသချိုင်း... ဘာ သချိုင်း ရမှာလဲ၊ အိပ်ရာပေါ့၊ လှဲစရာ အိပ်ရာပေါ့"

မေရီသည် သူ့အတွေးနှင့်သူ ရှုပ်ထွေးလျက်ရှိစဉ် အမှောင်တွင်းမှ သဏ္ဌာန်တစ်ခုသည် ထွက်လာ၍ သူ့ကားတံခါးကို လာဖွင့်ပေး၏။

[ သုံး ]

'အခန်း လိုချင်လို့ပါလား ခင်ဗျား'

မေရီသည် လျင်မြန်စွာ အကဲခတ်လိုက်၏။ အပြင်မှ မြင်ရသည့် မျက်နှာမှာ ဝိုင်းဝိုင်းဝဝ၊ ရွှေကိုင်း မျက်မှန်အဝိုင်း၊ အသံ သာသာနုနုနှင့်လူ ဖြစ်နေသဖြင့် အန္တရာယ် မရှိနိုင်ကြောင်း ရုတ်ခြည်း ဆုံးဖြတ်လိုက်၏။

မေရီသည် ခေါင်းကို ညိတ်ပြီး ကားပေါ်မှ ဆင်းလိုက်၏။ ကိုယ်လက် ကိုက်ခဲခြင်းများသည် သူနှင့်အတူ တံခါးဝသို့ ပါလာ၏။ ထိုလူသည် တံခါးဖွင့်ပေးပြီး မေရီကို နံဘေးမှ ကျော်သွားရန် ယို့ပေးလိုက်ပြီးနောက် မီးဖွင့်ပေးလိုက်၏။

'ကျွန်တော် လာတာ နောက်ကျသွားတာကို ခွင့်လွှတ်ပါ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်မှာ နည်းနည်းကြာသွားပါတယ်။ အမေက ကောင်းကောင်း မာတာ မဟုတ်ဘူး'

ရုံးခန်းတစ်ခုလုံးမှာ ဘာမျှ ထူးခြားသော ဝိသေသ မရှိချေ။ သို့သော် နွေးနွေးထွေးထွေးနှင့် လင်းလင်းကျင်းကျင်း ရှိ၏။ မေရီသည် အားတက်မှု၊ ဝမ်းမြောက်မှုဖြင့် ပန်းတွန့်လိုက်ပြီးနောက် လူဝဝကို ပြုံး၍ ပြလိုက်၏။ ထိုလူသည် ကောင်တာ၏နောက်သို့ သွားလိုက်ပြီး လယ်ဂျာစာအုပ်ကို ဖွင့်လိုက်၏။

'ကျွန်တော်တို့ အခန်းတွေက တစ်ယောက်ခန်း ခုနစ်ဒေါ်လာ ကျပါတယ်၊ အခန်းကို အရင် ကြည့်ဦးမလား'

'မလိုပါဘူးရှင်'

မေရီသည် သူ၏ လက်ပွေ့အိတ်ကို ဖွင့်လိုက်ပြီး ငါးဒေါ်လာတန် တစ်ရွက်နှင့် တစ်ဒေါ်လာတန် နှစ်ရွက်ကို ရှေ့သို့ ချလိုက်၏။ ဆိုင်ရှင်သည် မေရီဘက်သို့ လယ်ဂျာစာအုပ်နှင့် ဖောင်တိန်ကို ထိုး၍ ပေးလိုက်သည်။

မေရီသည် ပထမ စဉ်းစားရင်း တန့်လိုက်ပြီးနောက် "ဂျိန်းဝီလ်ဆင်၊ ဆန်အင်တိုနီယိုမြို့၊ တက္ကဆက်" ဟု ရေးလိုက်၏။

ဆိုင်ရှင်သည် 'ကျွန်တော် အိတ် သွားယူပါမယ်' ဆိုပြီး ကားရှိရာသို့ ထွက်သွား၏။ မေရီသည် အပြင်သို့ လိုက်လာခဲ့လေ၏။ ငွေလေးသောင်းမှာ မနီလာအိတ်ကြီးထဲတွင် သားရေကွင်းပတ်လျက် ယူလာစဉ်ကအတိုင်း ကားရှေ့ခန်း ပစ္စည်းထည့်သော သေတ္တာထဲတွင် ရှိလေသည်။ အကောင်းဆုံးမှာ ဒီအတိုင်း ထားလိုက်ရန် ဖြစ်သည်ဟု မေရီသည် တွေးလိုက်၏။ မေရီသည် ကားတံခါးသော့ ခတ်လိုက်၏။ ဒါဆို ပြီးရော မဟုတ်ပါလား။

ဆိုင်ရှင်သည် မေရီ၏အိတ်ကို ရုံးခန်းကပ်လျက်သား အခန်းထဲသို့ ပို့လိုက်၏။ မေရီသည် နောက်မှ ကပ်လိုက်၏။

'ရာသီဥတုကတော့ ဆိုးလိုက်တာဗျာ၊ ခင်ဗျား အကြာကြီး ကားမောင်းလာခဲ့ရတာလား'





'တစ်နေ့လုံးပါပဲရှင်'

ဆိုင်ရှင်သည် အိပ်ရာနံဘေးမှ မီးခလုတ်ကို ဖွင့်လိုက်၏။ အခန်းမှာ ရိုးရိုးနှင့် ရှင်းရှင်းပင် ဖြစ်ပါသည်။ မေရီသည် အခန်းနှင့် တစ်ဆက်တည်းရှိ ရေချိုးခန်းကို ဂရုမမူမိသည်။

'အားလုံး အဆင်ပြေရဲ့လား ခင်ဗျား'

မေရီသည် ခေါင်းညိတ်လိုက်စဉ် တစ်စုံတစ်ခုကို သတိရ၏။

'ဩော် ဒါထက် ဒီနားတစ်ဝိုက်မှာ စားသောက်စရာ ဆိုင်ကလေးဘာလေးများ မရှိဘူးလား ရှင်'

ဆိုင်ရှင်သည် တွေတွေလေးနှင့် စဉ်းစားနေ၏။

'အေးဗျာ၊ ရှေ့ကွေ့နားမှာ အရင်တုန်းကတော့ ဘီယာနဲ့ အသားညှပ်မုန့် ရောင်းတဲ့ဆိုင် ရှိလေရဲ့၊ ခုတော့ ပိတ်လိုက်ပြီ ထင်ပါရဲ့။ လမ်းမသစ်ကြီး ဖောက်ပြီးကတည်းက ဒီလမ်းကလည်း အသွားအလာ ပါးသွားပြီကိုး၊ အနီးဆုံး စားစရာ ရဖို့ကတော့ ခင်ဗျား ဖဲယားဗဲမြို့ကို သွားမှပဲ'

ဖဲယားဗဲ ဆိုသည့်အသံ ကြားလျှင် မေရီ၏ မျက်လုံးမှာ အရောင်လက်သွား၏။

'ဒီကဆိုရင် ဘယ်လောက်ဝေးသလဲ ရှင်'

'၁၆ မိုင်၊ ၁၇ မိုင်လောက် ရှိမှာပါပဲ။ ဒီကနေ ညာတည့်တည့်ကို ထွက်သွားရင် လမ်းမသစ်ကို ရောက်မယ်၊ အဲဒီကနေ ဆယ်မိုင်ခရီးလောက် ဆိုရင် ရောက်သွားမှာပဲ။ ဒါပေမဲ့ ခင်ဗျား အခုပုံအတိုင်း မြောက်ဘက် သွားရင်တော့ ဘယ်ရောက်မလဲ'

'ဟုတ်ကဲ့၊ ကျွန်မ မျက်စိလည်သွားပါတယ်'

ဆိုင်ရှင်သည် ခေါင်းဆတ်လိုက်၏။

'ကျွန်တော် ထင်သားပဲ၊ လမ်းမသစ်ကြီး ဖောက်ပြီးကတည်းက ဒီဘက်လမ်းကို အရောက်အပေါက်ကလည်း အနည်းသားပဲ။ ဩော် ဒါထက် ဒီလောက် မိုးတွေ လေတွေထဲမှာ ဖဲယားဗဲ ရောက်အောင် ခင်ဗျား ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသွားချင်မလဲ၊ ခင်ဗျား စားဖို့ တစ်ခုခု ကျွန်တော် စီစဉ်လိုက်မယ်လေ'

'အို… ကျွန်မအတွက် ဒုက္ခမရှာပါနဲ့'

'ဒုက္ခမဟုတ်ပါဘူးဗျာ၊ အမေလည်း အိပ်ရာထဲ ရောက်သွားပါပြီ။ ကျွန်တော်ကိုယ်တိုင်လည်း အသားညှပ်ပေါင်မုန့်နဲ့ ကော်ဖီသောက်မလို့ပါပဲ၊ ဖွယ်ဖွယ်ရာရာတော့ မဟုတ်ဘူး၊ ခင်ဗျား ကျွန်တော်နဲ့အတူ ညစာစားကြမယ် ဆိုရင်…'

'ဒါပေမဲ့…'

'ကဲပါဗျာ ဒါပေမဲ့ မနေပါနဲ့တော့၊ ကျွန်တော် အိမ်ဘက်သွားပြီး နည်းနည်း ပူပူကလေး စားရအောင် လုပ်ချေဦးမယ်'

'ကျေးဇူးတင်ပါတယ် မစ္စတာ'

'ဗိတ်၊ နော်မန်ဗိတ်ပါ ခင်ဗျား'

နော်မန်သည် ထွက်ခွာမည်ပြုပြီးမှ လက်နှိပ်ဓာတ်မီးကို အသာချလိုက်ရင်း–

'ခင်ဗျား လာရင် မှောင်နေမှာစိုးလို့ လက်နှိပ်ဓာတ်မီး ထားခဲ့မယ်၊ ပြီးတော့ ခင်ဗျားလည်း အဝတ်အစိုတွေ လဲချင်ရောပေါ့'

နော်မန်သည် လျင်မြန်စွာ တစ်ဖက်သို့ လှည့်လိုက်သော်လည်း တစ်ဖက်သို့ လုံးဝမလှည့်မီ သူ့မျက်နှာ သွေးရောင်လျှမ်းသွားခြင်းကို မေရီ သတိထားလိုက်မိ၏။ ရှက်သွားရှာပေသည်ပဲ။

နာရီ ၂၀ ကျော်အတွင်း မေရီကရိန်းသည် ပထမဆုံးအကြိမ်အဖြစ် ပြုံးလိုက်၏။ သူသည် တံခါးပိတ်အောင်ထိ စောင့်လိုက်ပြီးနောက် အပေါ်ဂျာကင်ကို ချွတ်လိုက်၏။ လက်ဆွဲအိတ်ကို ဖွင့်ကာ ပန်းရောင်ဝတ်စုံကို ထုတ်လိုက်သည်။ ရေချိုးခန်းထဲဝင်ပြီး မျက်နှာသစ်ခြင်း ပြုလိုက်၏။ ရေပန်းကို မော့ကြည့်လိုက်ရင်း အပြန်ကျလျှင်တော့ ရေတဝကြီး ချိုးပစ်လိုက်ပြီး





ဆောင်းကောင်းကြီး အိပ်ပစ်လိုက်မည်ဟု အားခဲထားလိုက်၏။ ပထမတော့ အာဟာရကလေး နည်းနည်း မှီဝဲဦးမှ။

ဆယ့်ငါးမိနစ်ခန့် အကြာတွင် မေရီသည် အိမ်ကြီး၏ တံခါးမကို ခေါက်လျက်သား ရောက်ရှိသွားလေ၏။

မီးလုံးတစ်ခု၏ မီးရောင်သည် ဆင်ဝင်တံခါးဝတိုင် လင်းနေ၏။ ပို၍လင်းသော မီးရောင်ကိုမူ အပေါ်ထပ်၌ မြင်ရ၏။ သူ့အမေက ဖျားနေသည် ဆိုလား။ ကြည့်ရသည်မှာ သူ့အမေသည် အိမ်အပေါ်ထပ်တွင် နေသည် ထင့်။

မေရီသည် နော်မန် ပေါ်လာနိုးနိုးနှင့် စောင့်၏။ မပေါ်လာ။ အတန်ကြာ အံ့အားသင့်နေပြီးနောက် သတိရကာ လက်နှိပ်ဓာတ်မီး အနှောင့်နှင့် တံခါးကို ခပ်ဆတ်ဆတ် ခေါက်လိုက်လေ၏။ တံခါးခေါက်နေစဉ်အတွင်း ဆင်ဝင်အတွင်းမှ မီးရောင်နှင့် အိမ်တွင်းသို့ လှည့်ကြည့်မိသည်တွင် မေရီ အံ့သြသွား၏။ သည်ခေတ် သည်အခါမျိုးမှာတောင်မှ သည်လိုအိမ်မျိုးက ရှိပေသေးသကိုး။

အိမ်ကြီး အိုသည်ကတော့ ထားပါတော့။ များသောအားဖြင့် အိမ်အိုကြီးများထဲတွင်ပင် အိမ်ထောင်မှုနှင့်တကွ အပြင်အဆင်များကမူ ခေတ်ကာလနှင့် လျော်ညီသော ခေတ်မီ အခင်းအကျင်းများကို အသုံးပြုကြပါ၏။ ယခုအိမ်ကမူ ခေတ်မီမှု လုံးဝ မရှိပုံကို အပြည့် ဖော်ပြနေ၏။ မဟော်ဂနီရောင် တိုင်များ၊ စားပွဲ ကုလားထိုင်များ၊ ရှေးကျသော နံရံကပ် စက္ကူများ၊ စောက်မတ်သော မီးဖိုကြီးနှင့်တကွ စားပွဲနံရံတစ်ခုပေါ်တွင် တင်ထားသည့် လက်လှည့် သံပတ်ပေးရသည့် ဓာတ်စက်ကြီး တစ်လုံးကိုတောင် မြင်လိုက်ရပါသေး၏။ ထိုအချိန်၌ မေရီ၏ နားထဲတွင် လုံးထွေးထွေး အသံတစ်ခု ကြားရ၏။ ပထမ ဓာတ်စက်အော်လန်မှ ထွက်လာသည် ထင်မိသော်လည်း တကယ့် တကယ်တွင်မူ မီးလင်းနေသော အပေါ်ထပ်မှ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေရီသည် နောက်တစ်ကြိမ် ခေါက်လိုက်ချိန်တွင် နော်မန်ဗိတ်၏ ခြေသံ ကြားရလေသည်။ နော်မန်သည် တံခါးကို လာ၍ ဖွင့်ပေး၏။

'ကျွန်တော် ကြာသွားတဲ့အတွက် ခွင့်လွှတ်ပါ။ အမေက ဒီလိုပဲ၊ တစ်ခါတစ်ခါ အိပ်ရာထဲသွားဖို့ အတော် ကတ်တယ်'

'ဟင် ရှင်ပဲ အမေက ကောင်းကောင်းမမာဘူး ပြောခဲ့တယ် မဟုတ်လား။ ကျွန်မအနေနဲ့များ နှောင့်ယှက်ရာ ကျနေမလား ဟင်'

'အား မဖြစ်ပါဘူးဗျာ၊ အမေလည်း ခုလောက်ဆိုရင် ကလေးလေးလို အိပ်နေလောက်ပါပြီ'

နော်မန်သည် ရုတ်တရက် နောက်သို့ သမင်လည်ပြန် ကြည့်လိုက်ပြီးနောက် လေသံကို တိုးလိုက်ပြီး–

'တကယ်တော့ အမေက ကိုယ်ခန္ဓာ မမာတာ မဟုတ်ပါဘူးဗျာ။ ဘာခေါ်မလဲ၊ စိတ်'

စကားကို တစ်ပိုင်းတန်းလန်း ရပ်လိုက်ပြီး နော်မန်သည် ပြုံးလိုက်၏။

'ကဲ မစ္စ၊ ခင်ဗျားရဲ့ ကုတ်အင်္ကျီကို ချွတ်ထားပါလား။ ပြီးတော့ မီးဖိုဘက်သွားပြီး စားကြရအောင်လေ။ မီးဖိုထဲမှာ စားရတာတော့ဖြင့် ဝန်မလေးတန်ကောင်းပါရဲ့နော်'

နှစ်ဦးသား မီးဖိုတွင်း စားပွဲနားသို့ ရောက်သွားကြ၏။ နော်မန်က–

'ကဲ ထိုင်ဗျာ၊ လာ... ကျွန်တော် ကော်ဖီငှဲ့ပေးပါရစေ'

မေရီသည် ဝန်းကျင်တစ်ခုလုံးကို လျင်မြန်စွာ အကဲခတ်လိုက်၏။ မီးဖိုချောင်မှာ အိမ်မကြီးနည်းတူ ရှေးကျလှသည်။ စားပွဲပေါ်တွင်မူ ဝက်အူချောင်း၊ ပေါင်မုန့်၊ ဒိန်ခဲများကို ပန်းကန်ပက်ပက်များတွင် ထည့်ထား၏။ စားပွဲ၏ နောက်ခံ နံရံတွင်မူ စာတန်းငယ်တစ်ခု ချိတ်ဆွဲထား၏။

"ကျွန်ုပ်တို့အိမ်ကို ဘုရားသခင် စောင့်မပါစေ"

'ကဲ ခင်ဗျားက ဆာရောပေါ့ဗျာ။ စားပါ၊ ကျွန်တော့်ကို စောင့်မနေပါနဲ့'





တကယ်လည်း မေရီသည် ဆာလောင်နေပေသည်။ မေရီသည် ဘာကားပြန်ပင် မပေးတော့ဘဲ ခေါင်းငုံ့ပြီး စားစရာရှိသည်များကို အားပါးတရ ဘားလိုက်မိလေသည်။ သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ပြီး တို့ကထိ ဆိတ်ခန်း လုပ်နေသော နော်မန်ကိုပင် သတိမထားမိသလောက် ဖြစ်ပါ၏။ ခမေရီ သတိပြုခဲ့သော အချိန်တွင် နည်းနည်းရှက်သွား၏။

'ဟင် ရှင် ဘာမှ မစားပါလား။ ဘာကမှ အရာမယွင်းဘဲ၊ ရှင်စောစောကတည်းက စားပြီးသားပေါ့လေ'

'မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကို တကူးတက ကျွေးတာ မဟုတ်ပါဘူး။ ကျွန်တော်လည်း မစားရသေးပါဘူး။ ဒါပေမဲ့ ကျွန်တော်က သိပ်မဆာဘဲ ဖြစ်နေလို့'

နော်မန်သည် မေရီ၏ ကော်ဖီခွက်ကို ဖြည့်ပေးလိုက်၏။

'အမေက ကျွန်တော့်စိတ်ကိုတောင် ချောက်ချောက်ချားချား ဖြစ်အောင် သိပ်လုပ်တာပဲ'

သူသည် စကားပြောရင်း အသံ တိုးသွားလေသည်။

'အင်းလေ ကျွန်တော့်အပြစ်ပဲ ထင်ပါရဲ့။ ကျွန်တော်ကလည်း သူ့ကို ပြုစုရာမှာ လိုနေတယ် ထင်ပါရဲ့'

'ရှင်တို့ သားအမိနှစ်ယောက်ထဲ နေကြတာပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ နှစ်ယောက်ထဲပဲ။ ဘယ်တုန်းကမှ ဘယ်သူမှ လာပြီး မနေကြဘူး'

'ဒီလိုဆိုရင် ရှင့်ဘဝဟာ ပျင်းစရာကြီးပေါ့လေ'

'ကျွန်တော့်စကားကို တလွဲမထင်ပါနဲ့ ခင်ဗျာ။ ကျွန်တော် ဘယ်သူ့ကိုမှ အပြစ်တင်နေတာ မဟုတ်ပါဘူး'

နော်မန်သည် သူ၏ ရွှေကိုင်းမျက်မှန်ကို နှာတံထိပ်သို့ တင်လိုက်၏။ ပြီးမှ–

'ကျွန်တော် ငယ်ငယ်ကလေး ကတည်းကပဲ ဖေဖေဟာ မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပြေးသွားတယ်လေ။ အမေဟာ အဲဒီကတည်းက ကျွန်တော့်ကို စောင့်ရှောက်လာခဲ့တာပါပဲ။ အမေ အမွေရထားတဲ့ ငွေတွေကလည်း ရှိလို့ နေထိုင်စားသောက်မှုကတော့ မပူရပါဘူး။ အမေဟာ သူ့လယ်ယာကလေးတွေ ရောင်းပြီး ဒီနေရာမှာ ဟိုတယ်တစ်လုံး ဆောက်ပြီး သားအမိနှစ်ယောက် နေခဲ့ကြတယ်လေ။ အလုပ်အကိုင်လည်း ကောင်းပါတယ်။ အင်း လမ်းသစ်ကြီး ဖောက်ပြီး ကျွန်တော်တို့လမ်း မကောင်းခင် အထိပေါ့လေ'

နော်မန်သည် သက်ပြင်းချလိုက်ပြီး စကားဆက်ပြန်၏။

'တကယ်တော့ အမေဟာ မကြာမကြာ ကောင်းကောင်း မာတယ် မရှိတော့ဘူး။ ဒီတော့လည်း ကျွန်တော့် အလှည့် ကျလာပြန်တာပေါ့ဗျာ။ ကျွန်တော်လည်း ပြုစုပါတယ်၊ ဒါပေမဲ့ တစ်ခါတလေကျတော့လည်း မလွယ်ဘူး'

'တခြား အမျိုးအဆွေလည်း မရှိဘူးပေါ့လေ'

မေရီသည် စကားတစ်ခွန်း ထောက်လိုက်၏။

'မရှိပါဘူး'

'ရှင်ကကော အိမ်ထောင်မပြုဘူးပေါ့လေ'

နော်မန်၏ မျက်နှာသည် နီရဲသွားလေ၏။ သူသည် မျက်လွှာချပြီး စားပွဲခင်းကို ကြည့်နေ၏။

'ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မက ကိုယ်ရေးကိုယ်တာ မေးခွန်းတွေ မေးနေမိတာကိုး'

'ဟာ အရေးမကြီးပါဘူးဗျာ'

သူ့အသံမှာ တိုးသွား၏။

'ကျွန်တော် အိမ်ထောင် မပြုဖူးပါဘူး။ အမေက တစ်မျိုးပဲလေ၊ ဒီလို ကိစ္စမျိုးနဲ့ ပတ်သက်ရင် ပြောရင်တောင် ယုံမယ် မထင်ပါဘူး။ ကျွန်တော်လေ ဒီအသက်အရွယ် ရောက်လာပြီ၊ ဒါ ပထမဆုံးအကြိမ် မိန်းကလေး တစ်ဦးနဲ့အတူ ထိုင်ပြီး စားဖူးခြင်းပါပဲ'





'ဟင်'

'မဟင်နဲ့လေ၊ မယုံဘူး မဟုတ်လား။ ဒီခေတ် ဒီအချိန်ကြီးမှာ ဒီလို ဘယ် ထိုင်တယ်လို့ မယုံနိုင်စရာဘဲ ဆိုတာ ကျွန်တော် သိပါတယ်။ ပေမဲ့ မတတ်နိုင်ဘူးလေ၊ ကျွန်တော် မရှိရင် အမေက ဖြစ်မယ် မဟုတ် ဘူးလို့ ကိုယ့်ကိုယ်ကိုယ် အမြဲ သတိပေးနေခဲ့ရတယ်။ ခုတော့ ကျွန်တော် ရှိရင် အမေ မဖြစ်တာ မဟုတ်ဘဲ အမေရှိရင်သာ ကျွန်တော် ဘာလုပ်ရမှန်း သိတာကို သိပါပြီ'

မေရီသည် ခွက်ထဲမှ ကျန်နေသော ကော်ဖီကလေးကို တစ်ခါတည်း သောက်လိုက်ပြီး လက်ဖွေ့အိတ်ကို ဖွင့်ကာ စီးကရက်ဘူးကလေး ထုတ်လိုက်၏။ နောက် မစ္စတာနော်မန်ကို လှမ်းကမ်းလိုက်၏။

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ဆေးလိပ် မသောက်ပါဘူး'

'ကျွန်မ သောက်တာတော့ ကိစ္စမရှိတန်ဘူး ထင်ပါရဲ့'

'ကိစ္စမရှိပါဘူးဗျာ၊ သောက်ပါ ... သောက်ပါ'

သူသည် ခဏမျှ ဆိုင်းလိုက်ပြီး–

'တကယ်တော့ ခင်ဗျားကို ကျွန်တော်က အရက်ချိုကလေး တစ်ခွက် လောက်တော့ တည်ခင်းလိုက်ချင်တာ။ ဒါပေမဲ့ အမေက အိမ်ထဲမှာကို အရက်ထားတာ မကြိုက်ဘူး'

မေရီသည် ခါးကို မတ်မတ်ဆန့်လိုက်ပြီး စီးကရက်မီးခိုးများကို အပြည့်ကြီး ရှိုက်သွင်းလိုက်၏။ ရုတ်တရက်ပင် မေရီသည် သူ့ကိုယ်သူ အရေးပါလှသူဟု ထင်ပါ၏။ ဘယ်လိုလဲ၊ နည်းနည်းလေး နားလိုက်ရုံ၊ နွေးနွေးထွေးထွေး ရှိရုံ၊ ဗိုက်ထဲ အစာနည်းနည်း ရောက်သွားရုံကလေးနှင့် ပြောင်းလဲသွားလိုက်ပုံက။ လွန်ခဲ့သော တစ်နာရီလောက်တုန်းကဆိုလျှင် မေရီသည် တစ်ကိုယ်ထီးတည်း အားငယ်လျက်၊ ပန်းလျလျက်၊ ကြောက်ရွံ့ လျက် ရှိလေသည်။ ခုတော့ ရုတ်ခြည်း ပြောင်းလဲလာ၏။ ဆိုင်ရှင် လူဝကြီး မစ္စတာနော်မန်၏ စကားကို နားထောင်နေရ၍လားမှ မပြောတတ်ဘဲ။ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေသည်၊ သည်လိုလည်း ဖြစ်နိုင်ပေသည်။ မစ္စတာနော်မန်သည် တကယ်ဆိုတော့ တစ်ကိုယ်ထီးတည်း အားငယ်လျက်၊ ပန်းလျလျက်၊ ကြောက်ရွံ့လျက် ရှိသူ ဖြစ်၏။ သူနှင့် ယှဉ်လိုက်သောအခါ ကိုယ်ကပင် မားမားကြီး မြင့်လာသလိုလို မေရီ မှတ်လာ၏။ အမိုးခါးပန်းနှင့် ထိမတတ်ပေပဲ။ သည်အထင်ကလေး ရှိနေခိုက်မှာပင် စကားတစ်ခွန်းက လှစ်ခနဲ ထွက်သွား၏။

'ရှင့်ဟာက ဘယ်လိုလဲ၊ ဆေးလိပ် မသောက်ရဘူး၊ အရက်လည်း မသောက်ရဘူး။ မိန်းကလေးကျပြန်တော့လည်း မကြည့်ရဘူး၊ မတွဲရဘူး။ နေပါဦး၊ ရှင် ဟိုတယ်အခန်း ငှားစားတာရယ်၊ အမေ ပြုစုတာရယ်ကလွဲရင် ဘာများ လုပ်ရသေးသလဲဟင်'

နော်မန်သည် မေရီ၏ လေသံမြင့်လာပုံကို လုံးဝ ဂရုမူခြင်း မရှိပေ။

'အို လုပ်စရာတွေ အများကြီးပေါ့ဗျာ။ ကျွန်တော် စာဖတ်တယ်ဗျာ၊ ပြီးတော့ ဝါသနာပါတာကလေးတွေလည်း လုပ်တာပေါ့'

သူသည် စကားပြောရင်း မော့၍ ရှဉ့်အသေကောင် ရုပ်လုံးကလေးကို ထိုးပြ၏။

'ဘာလဲ၊ အမဲလိုက်တာလား'

'မဟုတ်ပါဘူး၊ အရုပ်ဆက်တာလေ။ ဂျော့ဘလောက်က သူ ပစ်လို့ ရခဲ့တဲ့ ရှဉ့်ကလေးကို ပေးတယ်။ ကျွန်တော်က ရှဉ့်အသားတွေကို ထုတ်ပြီး အရေခွံကလေးတွေကို နေပြ၊ နောက် အကောင်မပျက် ပြန်ချုပ်ထားတာ။ ကျွန်တော်ကိုယ်တိုင် အမဲလိုက်ဖို့ ဆိုတာကို အမေက မကြိုက်ဘူး'

'ဒီမယ် မစ္စတာဗိတ်၊ သူစိမ်းတစ်ယောက်အနေနဲ့ မပြောသင့်တဲ့ စကားတစ်ခွန်းတော့ ကျွန်မ ပြောလိုက်ရဦးမယ်။ ရှင် ဒီအတိုင်း ဆက်ပြီး နေသွားတော့မှာလားဟင်။ ရှင်ဟာ လူကြီးတစ်ယောက် ဖြစ်နေပြီလေ။ ရှင့်ကိုယ်ရှင် ၉ နှစ်၊ ၁၀ နှစ်သား ကလေးလို ဆက်နေလို့ ဖြစ်မယ် မဟုတ်တော့ဘူး။ ကျွန်မက ရိုင်းတာတော့ မဟုတ်ဘူးနော်၊ ဒါပေမဲ့…'

'ကျွန်တော့် အခြေအနေကို ကျွန်တော် သိပါတယ်ဗျာ။ ကျွန်တော် [illegible]တွေထဲမှာ တွေ့ဖူးပါတယ်။ ဆိုင်ကော်လော်ဂျီ စိတ္တဗေဒ ဆရာတွေက [illegible]ဒို့ အခြေအနေမျိုးကို ဘယ်လိုပြောကြတယ်ဆိုတာ ကျွန်တော် ကြားဖူးပါ[illegible]ယ်။ ဒါပေမဲ့ ကျွန်တော့်မှာ အမေ့အတွက် တာဝန်ရှိတယ်လေ'

'ရှင့်အမေအတွက် တာဝန်ရှိတာလည်း ရှိလို့ပေါ့ရှင်။ ရှင့်အမေ [illegible]တာဝန်လည်း ကျေပွန်အောင် ရှင့်အမေကို စိတ္တဇဆေးရုံလို နေရာမျိုး–'

'အို: … အမေမှ မရူးတာ'

နော်မန်၏ အသံမှာ တိုးခြင်း၊ နူးညံ့ခြင်း မရှိတော့ချေ။ အသံမှာ [illegible]နေပြီး တုန်နေ၏။

'အမေမှ မရူးတာ။ ခင်ဗျားက ဘယ်လိုပဲထင်ထင်၊ ဘယ်သူက ဘာပဲ [illegible]ပြောပြော၊ စာအုပ်တွေက ဘာပဲဆိုဆို၊ ဆရာဝန်တွေက ဘာပဲညွှန်ကြား၊ ကျုပ် အားလုံး သိတယ်။ သူတို့ကတော့ လွယ်သပေါ့၊ ညွှန်ကြားချက်ကလေး [illegible]တ်ပြီး အမေ့ကို ချုပ်ထားလိုက်မှာပဲ။ အရေးကြီးတာက ကျုပ်က အပ်လိုက် [illegible]ပါပဲ။ ကျုပ် မလုပ်နိုင်ဘူး၊ ဘာလို့လဲ ဆိုတော့ ကျုပ်က နားလည်လို့ပဲ။ [illegible]တို့ နားမလည်ဘူး။ ကျုပ်တစ်ယောက်တည်း သိတယ်။ သူတို့အားလုံး အမေ့ကို ဘယ်လို ပြုစုရမယ်၊ ဘယ်လို ထားရမယ်လို့ မသိကြဘူး။ ကျွန်တော့်[illegible]ကို ငယ်ငယ်ကတည်းက အမေ ဘယ်လိုပြုစုခဲ့တယ် ဆိုတာကို သူတို့ မသိ[illegible]ကြဘူး။ ကျွန်တော့်အတွက် ဘယ်လောက် အနစ်နာခံခဲ့တာတွေ၊ ဘယ်[illegible]လောက် စွန့်လွှတ်ခဲ့ရတယ် ဆိုတာတွေကို မသိကြဘူး။ တကယ်တော့ ကျွန်တော့်မှာသာ အပြစ်ရှိတယ်၊ ကျွန်တော့်မှာသာ တာဝန်ရှိတယ်။ ဘာလို့[illegible]လဲ ဆိုတော့ အမေဟာ အိမ်ထောင်သစ်တစ်ခု ထူထောင်တော့မယ်လို့ ကျွန်တော့်ကို လာပြီး တိုင်ပင်ရှာတယ်၊ အသိပေးရှာတယ်။

'ကျွန်တော်က တားခဲ့တာပေါ့။ ဟုတ်တယ်၊ ကျုပ် တားခဲ့တယ်၊ [illegible]ခွင့်မပြုခဲ့ဘူး။ ကျုပ်အပြစ်ပဲ။ မနာလိုဘူး၊ သဝန်တိုတယ်လို့ ပြောမလား[illegible] ပြောကြစေတော့။ တကယ်တော့ ကျုပ်ဟာ အမေ့ထက် ဆယ်ဆ ဆိုး[illegible]တာ ပေါ့။ ရူးတယ်လို့ ခင်ဗျားက ပြောခဲ့ရင် ကျုပ်ကသာ ဆယ်ဆ [illegible]ခဲ့တာပဲ။







www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ကျုပ် ပြောခဲ့တာတွေ၊ ကျုပ် လုပ်ခဲ့တာတွေကိုများ သိသွားကြ ရင် သူတို့က ကျုပ်ကို အရူးထောင်ထဲ ထည့်ပြီး သော့ခတ်ထားတာ ကြာလှ ပြီပေါ့။ အင်း၊ ခုတော့ ဒါတွေကို ကျုပ်က လွန်မြောက်ခဲ့ပါပြီ။ အမေ့မှာတော့ မလွတ်နိုင်ရှာသေးဘူး။ ကဲ နေပါဦး၊ ဘယ်သူ့ကိုများ ခင်ဗျားတို့က အရူး ထောင်ထဲ ပို့ချင်ရတာတုံး။ ဟာင်၊ လူတွေဆိုတာ တစ်ခါတစ်ခါတော့ ရူးတတ် ကြတာမျိုးပဲ။ ပုထုဇနော ဥမ္မာတကောလို့ ဆိုသလို မဟုတ်လား’

နော်မန်သည် စကားပြောခြင်း ရပ်လိုက်၏။ စကားလုံး ကုန်သွား၍ မဟုတ်ဘဲ မောသွား၍သာ ဖြစ်ပါသည်။ သူ့မျက်နှာမှာ ရဲရဲနီနေပြီး၊ သူ့ နှုတ်ခမ်းမှာ တုန်ယင်နေ၏။

မေရီသည် ထ လိုက်၏။

‘ကျွန်မ ဝမ်းနည်းပါတယ်ရှင်။ တကယ်ပါ၊ ကျွန်မ တောင်းပန် ပါရစေ။ ကျွန်မအဖို့ မပြောသင့်တာတွေကို ပြောမိပါတယ်’

‘ကိစ္စမရှိပါဘူးဗျာ၊ ဒီအကြောင်းဆိုရင် ကျုပ်ကလည်း စကားမပြော တတ်ဘဲ ဖြစ်ဖြစ်နေလို့။ ဒီလိုပဲ တစ်ယောက်တည်း အကြာကြီးနေရတော့ လူဟာ ကယောင်ချောက်ချားနဲ့ တစ်စစီလိုလို၊ ဟောဒီ ရှဉ့်ကလေးလို တစ်စု တစ်စည်းတည်း ကပ်ထားသလို ဖြစ်နေတတ်တာ ကလား’

နော်မန်သည် အခြေအနေမှန်ကို ပြန်ရောက်သွားသလို ပြုံးလိုက်၏။ ရှဉ့်ကလေးကို ကြည့်ရင်း—

‘တစ်မျိုးလေးပဲနော်၊ တစ်ခါတလေတော့ ဒီလို အကောင်ကလေး တစ်ကောင်လောက် အရှင် လိုချင်ပါရဲ့ဗျာ။ ကျုပ် လိမ္မာအောင် သင်ပြီး အလှ မွေးထားချင်လို့’

မေရီသည် ထ ရင်း လက်ကိုင်အိတ်ကို ယူလိုက်၏။

‘ကဲ ကျွန်မ သွားမှ ထင်တယ်၊ အချိန်လည်း လင့်လှပြီ’

‘နေပါဦးလားဗျာ၊ ကျွန်တော် ဆူဆူညံညံ လုပ်လိုက်တာနဲ့ ခင်ဗျား စိတ်ညစ်သွားပြီ ထင်တယ်’





‘မဟုတ်ပါဘူးရှင်၊ ကျွန်မ ပန်းလို့ပါ’

‘ကျွန်တော်က စကားနည်းနည်း ပြောရဦးမယ် အောက်မေ့နေတာ။ ဦးတော့ အဆင်သင့်ရင် ကျွန်တော့် အလုပ်ခန်းကလေးလည်း ပြချင်လို့။ အကောင်တွေ အတော်စုံပါတယ်၊ ချုပ်ကပ်ထားတာလေ’

‘ကျွန်မလည်း ကြည့်ချင်ပါတယ်၊ ဒါပေမဲ့ လူက နွမ်းနေလွန်းလို့ပါ’

‘ကောင်းပါပြီလေ၊ သွားကြတာပေါ့။ ကျွန်တော်လည်း ရုံးပိတ်ရင်း သိုက်ခဲ့ရဦးမှာပဲ။ ဒီနေ့အဖို့တော့ ဧည့်သည် မလာတော့ပါဘူး ထင်ပါရဲ့’

သူတို့သည် မီးဖိုချောင် စားပွဲမှ ထပြီး အိမ်ခန်းမဆီသို့ လျှောက်သွား ကြ၏။

အိမ်ခန်းထဲမှ စောစောက ချွတ်ထားသော မေရီ၏ အပေါ်အင်္ကျီကို ယူလိုက်ပြီး နော်မန်က ဝတ်ပေး၏။

မေရီသည် သူ့ကို အပေါ်အင်္ကျီ ဝတ်ပေးနေသော နော်မန်၏ မသေ ချာမှုကို ဂရုပြုမိ၏။ သေချာစွာ ကြည့်သည်တွင် မေရီ သိသွား၏။ နော်မန် သည်ကား တကယ်တမ်းပင် မိန်းမတစ်ဦး၏ အသားကိုပင် ထိရန် ကြောက် နေသူ တစ်ဦးပါတကား။

နော်မန်က လက်နှိပ်ဓာတ်မီးနှင့် ရှေ့က ပြ၊ မေရီက နောက်ကလိုက် ဖြင့် နှစ်ဦးသား အိမ်ပေါ်မှ ဆင်းခဲ့ကြ၏။

မိုးသည် တိတ်သွားပြီ ဖြစ်၏။ သို့သော် ကြယ်များပင် မရှိသော သမှောင်သည် လုံးဝ မိုက်နေ၏။

ကွေ့ကလေးတစ်ခုတွင် မေရီသည် နောက်သို့ လှည့်ကြည့်ရင်း အိမ် ကြီးကို တွေ့ရ၏။ အပေါ်ထပ်မှာ မီးလင်းနေဆဲ ဖြစ်သည်။ မေရီသည် လျှောက်ရင်းပင် သူတို့နှစ်ဦး ငြင်းခုံ ပြောခဲ့ကြသော စကားများကို အပေါ်မှ မအိပ်သေးဟန်တူသော အဘွားကြီး ကြားများ သွားလေရော့သလားဟု တွေးမိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



နော်မန်သည် မေရီ့ အခန်းတံခါးရှေ့တွင် ရပ်လိုက်ပြီး တံခါးမှ
ပေးကာ နံဘေး၌ ရပ်လိုက်၏။

'ဂွတ်နိုက်ဗျာ၊ ကောင်းကောင်း အိပ်ရပါစေ'

'ကျေးဇူးပါပဲရှင်၊ ရှင် စည့်ဝတ်ကျေတဲ့အတွက် ပိုပြီး ကျေးဇူးတင
ပါရစေ'

သူ၏ ပါးစပ်သည် ဟ သွား၏။ နောက် ပြန်ပိတ်သွားကာ ချာခနဲ
လှည့်သွား၏။

မေရီသည် နော်မန်၏ ရှက်သွေးဖြာခြင်းကို တတိယအကြိမ် မြင်
လိုက်ရပါသေး၏။

မေရီသည် တံခါးကို ပိတ်လိုက်ပြီးနောက် သော့ခတ်လိုက်၏။ မနီး
မဝေး ရုံးခန်းထဲမှ မီးမှိတ်၊ တံခါးပိတ်လိုက်သံကို ကြားရ၏။

နောက် ထွက်သွား မသွား ခြေသံကိုတော့ မကြားတော့ပေ။
အကြောင်းမူ မေရီသည် သူ့အလုပ်နှင့်သူ ရှုပ်နေပြီ ဖြစ်၍တည်း။

အိတ်ထဲမှ ညဝတ်အင်္ကျီ၊ ဖိနပ်၊ ကိုးကရင်း၊ သွားပွတ်တံ၊ သွားတိုက်
ဆေးများကို ထုတ်လိုက်၏။

နောက် နက်ဖြန် ဆမ်ထံသို့ အသွားတွင် သူ ဝတ်ရမည့် အင်္ကျီဝတ်စုံ
ကိုလည်း ရွေးကာ ထုတ်လိုက်၏။

ဒီဝတ်စုံက ည လှမ်းထားပါမှ။ အိတ်ထဲတွင် သိပ်ခြေထည့်ထား
သော အတွန့်အလိမ်များ စန့်ပြန့်သွားမည် ဖြစ်၏။ နက်ဖြန်ဆိုရင်တော့
အားလုံး နေသားတကျ ဖြစ်မှာပဲ။

အားလုံး နေသားတကျ။

ရုတ်တရက်ပင် မေရီသည် သူ့ကိုယ်သူ ခါးပန်းအထိ မြင့်မားနေ
သည်၊ အရေးပါနေသည်ဟု အထင်ရောက်နေမှုများသည် ယူပစ်လိုက်သလို
ပျောက်ဆုံးသွားလေ၏။





အတွေးသည် ရှေးဖြစ်ကို ဆောင်ပြန်၏။ မစ္စတာ နော်မန်ဗိတ်
ပြောခဲ့သော နောက်ဆုံး စကားကလေးကို အမှတ်ရ၏။

"ပုထုဇနော ဥမ္မာတကောတဲ့။ လူတိုင်း တစ်ကြိမ်တစ်ခါတော့
ာစ်မျိုးတစ်ဖုံ ရူးကြတာပဲလို့"

မေရီသည် ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ဟုတ်ပေသည်။ လူတိုင်း တစ်ကြိမ်တစ်ခါတော့ ရူးတတ်ကြစမြဲ
ဖြစ်သည်။

မေရီကိုယ်တိုင်ပင် မနေ့ညနေက၊ ငွေလေးသောင်းထုပ်ကြီးကို မြင်ခဲ့
ငြ်က ရူးခဲ့သေးသည် မဟုတ်ပါလား။

ဟုတ်ပြီ၊ အဲဒီတုန်းကစပြီး ခုထိ သူ ရူးနေခြင်း ဖြစ်ပေလိမ့်မည်။

ဘယ်လိုလုပ်ပြီး ဒီ ရာဇဝတ်ဘေးကြီးကို ပြေးလွတ်နိုင်မည်လို့ သူ
ထွေးခဲ့ပါလိမ့်။

ထမင်းလုံးတစ္ဆေ ခြောက်ခံထားရစဉ် ပြေးနေရသလိုပါတကား။

တကယ်ပါပဲ၊ အိပ်မက် မက်တာပါ။ အရူး အိပ်မက်ပါ။ ခုတော့
ပြီပါပြီ။

သူသည် ပုလိပ်များကို ကြဲဖန် ရှောင်ရှားနိုင်ကောင်း ရှောင်ရှားနိုင်
ပြီပဲထား။ ဆမ်ကို ဘယ်လို ပြောမှာတုံး။ ဆမ်ကကော မေးခွန်းတစ်သောင်း
မေးပြီလော။ အမွေပေးခဲ့တာက ဘယ်အမျိုးတုံး။ မေရီ တစ်ခါမှ မပြော
ပုံးပါလား။ ဘယ်မှာနေတုံး၊ ဘယ်လိုလုပ်ပြီး ချက်ချင်း ငွေသားချည်း
သောင်းငါးထောင် အမွေကျန်နေခဲ့တာတုံး။ ချက်ချင်း အလုပ်ကထွက်တော့
အလုပ်ရှင် မစ္စတာ လိုဝီးက ဘာမှ မပြောဘူးလား။

နောက်ပြီး လိုင်လာက ကျန်သေးသည်။ လိုင်လာသည် မေရီ မျှော်
သင့် ထားခဲ့သည့်အတိုင်း ပုလိပ်များကို မပြောဘဲ မေရီ့ဆီ လိုက်လာပြီ
ဆိုပါစို့။ မေရီ ပြောသည့်အတိုင်း နှုတ်ပိတ်နေမည်ပဲ ထားဦး။ ဘာပဲပြောပြော
ိုင်လာ သိသွားမှာကတော့ အမှန်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ဆံမ်ကလည်း လိုင်လာတို့ထံ အလည်သွားတာပဲ ဖြစ်ဖြစ်၊ အလည်ဖိတ်တာပဲ ဖြစ်ဖြစ် လုပ်ရဦးမှာပဲ။ မေရီအနေနှင့် ညီမ လိုင်လာနှင့် ရာသက်ပန် ရှင်ခန်းဖြတ်လိုက်ရခြင်းနှင့်အတူ တက္ကဆက်က ဘယ်တော့မှ ပြန်၍ မဖြစ်တဲ့ အကြောင်းကိုကော ဘယ်လို ရှင်းပြမှာတုံး။

မဟုတ်သေးဘူး၊ ဟုတ်ကို မဟုတ်သေးဘူး။ တစ်ခုလုံးဟာ အမှ အမိုက် အကြံပဲ။

ခုတော့ ဘာပဲဖြစ်ဖြစ် တစ်စုံတစ်ခု ပြုပြင်ဖို့ နောက်ကျသွားပြီ ဖြစ် ၏။

ဟော ဟုတ်ရဲ့လား၊ တကယ်ပဲ နောက်ကျသွားပြီလား။

ဆိုပါစို့၊ မနက်ဖြန် မနက်စောစောထပြီး တစ်ခါတည်း ပြန်သွားရင် ဘယ်နည်းနဲ့ဖြစ်ဖြစ် တနင်္လာနေ့ မနက်အစောကြီးတော့ ပြန်ရောက်မှာပဲ လိုင်လာ ဒါးလတ်မှ ပြန်မရောက်မီ၊ ဘဏ်တိုက်မဖွင့်မီလေ။ ဒီတော့ ငွေထုပ် ကို မနက် ဘဏ်မှာအပ်ပြီး အလုပ်သွားလိုက်ရုံပဲ ရှိတော့မပေါ့။

ဟုတ်ပါပေ့၊ မေရီသည် သေချင်ပက်ကျိ ပင်ပန်းနေသည်ကား မှန် ပါ၏။ သို့သော် မသေသေးပေ။ သူ့အပြုအမူကို မည်သူကကော သိနိုင်ပါ မည်နည်း။

အဲ၊ တစ်ခုတော့ ရှိသည်။ မော်တော်ကားပဲပေါ့။ အဲဒါကိုတော့ ညီမ လိုင်လာကို နည်းနည်းရှင်းပြရင်း ညာရပေမှာပဲ။ ဖဲယားဗဲကို သွားတယ် ဟော့၊ ကားလမ်းပျက်တယ်ဟော့၊ ပြင်ချိန် မရဘူးဟော့၊ ကားချင်း လဲတယ် ဟော့၊ ဖြစ်သလို ရရာကားကိုပဲ ယူပြီး ပြန်လာတယ်ဟော့၊ မဟုတ်လား။

တစ်ခုတော့ရှိတယ်။ ဒီ စိတ်ရှုပ်ပေါက်လိုက်တာဟာ ငွေ ခုနစ်ရာတော့ နာတာပဲ။ ဘာလို့ဆိုတော့ ကားက ဒေါ်လာ ခုနစ်ရာ တန်တာကိုး။

ဘာပဲပြောပြော လူတစ်ယောက်ရဲ့ သိက္ခာ၊ လူတစ်ယောက်ရဲ့ သမာဓိ၊ လူတစ်ယောက်ရဲ့ အနာဂတ်ကို ပြန်လည် ထိန်းသိမ်းတည်ဆောက် ရဖို့အတွက်ဆိုရင် ငွေ ခုနစ်ရာဟာ များလှတယ် မဟုတ်ပါဘူး။





မေရီ ရပ်လိုက်၏။

ရုတ်တရက်ပင် သူ့ကိုယ်သူ အရေးပါသူဟု ထင်လာပြန်လေသည်။ သူ့ခေါင်းကလည်း အိမ်ခါးပန်းနှင့် ထိလာပြန်သလိုလိုပင်။ လွယ်လွယ် ကလေးပါပဲ။

တကယ်ဆိုတော့ မေရီသည် ဘုရား၊ တရား ကိုင်းရှိုင်းသူကလေး ဖြစ်သည်။ ဒါကြောင့်လည်း သူ မသိဘဲ ဆုတောင်းနေမိခြင်းအတွက် ဘုရား သခင်က သူ့ကို အမှားမရောက်အောင် ပြန်လည် စောင်မလိုက်ခြင်း ဖြစ်ပေ မည်။ ဒါကြောင့်လည်း သူသည် လမ်းမကြီးမှ မျက်စိလည်ပြီး သည်လမ်းထဲ ချိုးဝင်လာခဲ့ခြင်း ဖြစ်သည်။ ဒါကြောင့်လည်း သနားစရာကောင်းသော၊ အထီးကျန်ဖြစ်သော နော်မန်နှင့် တွေ့ကာ သူ့စကားကို နားထောင်မိခြင်း ဖြစ်မည်။ သူ့စကားထဲမှ စကားတစ်လုံးတည်းကပင် မေရီ၏ ဘဝအမှန် လမ်းကြောင်းထဲသို့ ပြန်ရောက်အောင် ပြုပြင်ပေးခဲ့၊ လမ်းစ ဖွင့်ပေးခဲ့သည် ဘကား။

မေရီသည် ရုတ်တရက်ပင် ပြေး၍ နော်မန်ဗိတ် ဆိုသူကြီးကို ဖက် နမ်းပစ်လိုက်ချင်၏။ နမ်းများ နမ်းလိုက်ရရင်တော့ ဒီလူကြီး ကြောက်ပြီး မျောသွားမှာပဲ့ဟု တွေးရင်း ရယ်မိပြန်၏။

ကဲ တော်စို့၊ တော်ကြဦးစို့။ စိတ်သန့်ရှင်းသွားသလို ကိုယ်ခန္ဓာ သန့်ရှင်းသွားရလေအောင် ရေချိုးမှပဲ။

မေရီသည် ရေချိုးခန်းထဲ ဝင်လိုက်ပြီး ခြေနင်း ချွတ်၏။ ဂါဝန်ကို ခေါင်းမှချွတ်၍ ခုတင်ပေါ်သို့ လှမ်းပစ်တင်လိုက်ရာ ခုတင်ပေါ်သို့ မကျဘဲ နံဘေးသို့ ကျသွား၏။ ဘာဖြစ်သတုံး။

မေရီသည် မှန်ထဲတွင် သူမကိုယ်သူမ ပြန်မြင်ရသည်။

မေရီ့ မျက်နှာကို ၂၇ နှစ်လို့ လူတွေက ပြောရဲကြပေမင့် သည်ကိုယ် လုံးကိုယ်ပေါက်၊ သည် အချိုးအစား၊ သည် အပြေအပြစ်၊ သည် အရအထစ် တွေကိုတော့ ဘယ်သူကမျှ ၂၁ နှစ်ထက် ကြီးတယ်လို့ ပြောမှာတုံး။



www.burmeseclassic.com

www.burmeseclassic.com



မေရီသည် တကယ်တမ်း ကိုယ်လုံးကိုယ်ပေါက် ပြည့်ဖြိုးလှပသူကလေး ဖြစ်လေသည်။ သည်လို လှပသော၊ ပြည့်ဖြိုးသော ကိုယ်လုံးကလေးကို ချစ်သူ ဆမ်၏ ရင်ခွင်ထဲသို့ ထိုးအပ်လိုက်ချင်ပါဘိ။ ဆမ် ဘယ်လောက်များ ကျေနပ်ရှာမလဲပဲ။ ဒီအထဲ နှစ်နှစ်လုံးလုံး စောင့်ရမည်ဆိုတော့ သေရောပေါ့။ ဟယ် တတ်နိုင်ပါဘူးလေ၊ မိန်းမတွေရဲ့ အလှအပ ရုပ်လက္ခဏာ ဖွံ့ဖြိုးမှုဟာ အသက်သုံးဆယ် မတိုင်မီ မပြည့်စုံဘူးဆိုတဲ့ စကားကလေးကိုပဲ မေ့ထား ရတော့မှာပဲပေါ့။

မေရီသည် ခိုးခိုးခစ်ခစ် ရယ်မောရင်း သူ့မှန်ထဲမှ အရိပ်ကို အနမ်းပွဲ တစ်ခု ပေးလိုက်၏။ နောက် ရေပန်းကို ဖွင့်လိုက်ပြီး ရေပန်းအောက်သို့ ဝင်လိုက်လေသည်။

ရေပေါက်ကလေးများ မျက်နှာကို လာထိနေသည်။ တစ်ကိုယ်လုံး ကို လာထိနေခြင်း အရသာကား ကြီးမားပါဘိ။ ရေပန်းမှ တရှဲရှဲအသံသည် ရေပန်းအောက် တည့်တည့်ရောက်နေသော မေရီကို လုံ့ဝ လွှမ်းခြုံထားလေ ၏။

သို့ကြောင့်လည်း မေရီသည် တံခါးသော့ဖွင့်သံကို လည်းကောင်း၊ တဖွဖွနင်း၍ ရှေ့တိုးလာသော ခြေသံကို လည်းကောင်း မကြားလိုက်မိခြင်း ဖြစ်လေသည်။

ရေချိုးခန်း လိုက်ကာသည် ရုတ်တရက် ပွင့်သွား၏။ သည်တွင်မှ မေရီသည် မြင်လေတော့၏။ မေရီ မြင်ရသည်မှာ မျက်နှာတစ်ခု ဖြစ်သည်။ လိုက်ကာအကြားမှ ဘွားခနဲ ပေါ်လာသော မျက်နှာတစ်ခုသာ ဖြစ်၏။ မျက်နှာဖုံး တစ်ခုလိုလိုပဲ၊ ပဝါတစ်စက ဖွာရာနေသော ဆံပင်များကို မေးထိ သိုင်းခြုံ ထိန်းထား၏။ ဖန်ရောင်လိုလို အေးစက်နေသော မျက်လုံးများကမှ ပြူး၍ ထွက်နေ၏။ မျက်နှာဖုံးတစ်ခုတော့ မဟုတ်နိုင်တော့ပေ။ မဖြစ်နိုင် ပေဘူး။ မျက်နှာတစ်ခုလုံးလိုမှာ ပေါင်ဒါများ အဖွေးသား ရိုက်ထားပြီး





ပါးစုန့်အပေါ်တွင် အနီရောင်များ သမ်းနေ၏။ မျက်နှာဖုံးတစ်ခုကား မဟုတ်၊ ရှုံ့သွပ်နေသော မိန်းမကြီးတစ်ဦး၏ မျက်နှာပေတကား။

မေရီသည် ရုတ်တရက်ပင် လန့်၍ အသံကုန် အော်လိုက်၏။ ထို အခိုက် လိုက်ကာသည် ထပ်ပွင့်သွားပြီး သားလှီးဓားတစ်ချောင်းကို ကိုင်ထား သော လက်တစ်ချောင်းသည် ထွက်လာ၏။

သည်ဓားသည်ပင် မေရီ၏ အသံကုန်အော်နေခြင်းကို ရုပ်တန့် ဖြတ် ပစ်လိုက်၏။ အော်သံကိုသာ ဖြတ်လိုက်သလား ဆိုတော့ မဟုတ်သေးပေ။

မေရီ၏ ဦးခေါင်းကိုရောပါပဲ။

[ လေး ]

ရုံးခန်းထဲသို့ နော်မန် ရောက်လျှင်ရောက်ချင်း ကြက်သီးမွေးညင်း ထသွား ၏။ အဖြစ်အပျက်များ၏ ရောင်ပြန်လို့ ခေါ်ရမည်ပဲ ထင်သည်။ အချိန် အနည်းငယ်အတွင်းကလေးမှာပင် အဖြစ်အပျက် များစွာတို့သည် အလွန် လျှင်မြန်စွာ ဖြစ်ပျက်ခဲ့ကြပေရာ သူ့စိတ်၌ ကျေညက်အောင် မတွေးနိုင်ဘဲ ဖြစ်နေ၏။ သူ့ရင်မှာ တင်းကျပ် ပုလောင်လာ၏။

လိုအပ်နေသည်မှာ အရက်တစ်ခွက်လောက် ဖြစ်လေသည်။ သူ၏ ချောက်ချားနေသော စိတ်တို့ကို ငြိမ်သက်စေရန် သူ အရက်တစ်ခွက်လောက် တော့ သောက်လိုက်မှ ဖြစ်ပေလိမ့်မည်။ ဟုတ်၏။ သူသည် ကောင်မလေး ကို အိမ်မှာ အမေ မကြိုက်၍ အရက်မထားကြောင်း လိမ်လိုက်ပေသည်။ သို့သော် သူကိုယ်တိုင်ကမူ အရက်သောက်ပါ၏။ သူသည် အရက်ပုလင်းကို ဤရုံးခန်းထဲ၌ ဝှက်ထားခဲ့ပါ၏။ လူဆိုတာ တစ်ခါတစ်ရံတော့ အရက် သောက်ပေးရမည့် အခြေအနေကို ဆိုက်ရောက်တတ်သည် မဟုတ်ပါလား။ ဘယ်လောက်ပဲ အစာအိမ်က အရက်ကို လက်မခံဘဲ ရှိပါစေ။ တစ်ခါတလေ တော့လည်း အရက်ကလေး တစ်ခွက်၊ နှစ်ခွက်နဲ့ပဲ လောကကြီးကို မေ့သွား



www.burmeseclassic.com

www.burmeseclassic.com



ချင် သွားပါစေတော့။ ဟုတ်သလေ၊ တစ်ခါတလေတော့လည်း လောကကြီးကို တကယ်တမ်း မေ့ပစ်ချင်စိတ်ကလေးများ ဆိုတာက ရှိနေတတ်ပြန်ပါ၏။

နော်မန်သည် သတိတရပင် ပြတင်းပေါက်များမှ ယင်းလိပ်များကို ဆွဲချလိုက်ပြီး ဆိုင်းဘုတ်မီးကိုလည်း ပိတ်လိုက်လေသည်။ သဘောကတော့ ဒီညအတွက် အလုပ်ပိတ်ပြီပေါ့လေ။ ဘယ်သူကများကော ယင်းလိပ်ချထားသော ပြတင်းပေါက်မှ မှိန်မှိန်ကလေးသာ လင်းနိုင်တဲ့ စားပွဲမီးကလေးကို ဂရုပြုမိကြမှာတဲ့။ ဘယ်သူကကော သူ ဗီရိုအံဆွဲဖွင့်ပြီး အရက်ပုလင်း နှိုက်လိုက်သည်ကို ကြည့်နေမှာတဲ့။ သူ့လက်များမှာ ကလေးသူငယ်ပမာ ပုလင်းကို ကိုင်ရင်း တုန်ယင်နေ၏။ တကယ်ပါပဲ၊ ကလေးငယ်သည် အရက်သောက်ရန် လိုပြန်ပြီ ဖြစ်၏။

နော်မန်သည် ဖန်ခွက် ရှာမနေတော့ဘဲ ပုလင်းကိုသာ နှုတ်ခမ်းဝ၌ တေ့ပြီး မျက်စိမှိတ်ကာ မော့လိုက်၏။ ဝီစကီသည် လည်ချောင်းတစ်လျှောက်လုံးကို ပူရှိန်းစွာ ဆင်းသွားလေ၏။ သို့သော် ကောင်းလှပါ၏။ သူ့ဘဝ ခါးသီးမှုများကို အာခံတွင်း တစ်ခုလုံး၌ မလျှောက်မီပင် အစာအိမ်၌ ဝုန်းခနဲ ထတောက်လာ၏။ နောက်တစ်ခွက်သည် သူ့ကြောက်စိတ်ကို ပြေပျောက်တန်ကောင်းပါရဲ့။

အမှန်တော့ ကောင်မလေးကို အိမ်ပေါ်သို့ ဖိတ်ခေါ် ကျွေးမွေးခဲ့ခြင်းကပင် အမှား ဖြစ်လေသည်။ နော်မန်သည် ဖိတ်ခေါ်ချက် ပါးစပ်မှ ထွက်သွားလျှင် သွားချင်း သူ မှားသွားပြီကို သိပါ၏။ သို့သော် ကောင်မလေးမှာ အလွန်လှပြီး၊ အလွန် အထီးကျန်နိုင်ပြီး၊ အလွန် အားငယ်နေပုံ ရလေသည်။ သူသည် အထီးကျန် နေရခြင်း၊ အားငယ်ရခြင်းတို့၏ အရသာကို ကောင်းစွာ ခံစားဖူးပါ၏။

ရေရေလည်လည် သိနားလည်ပါ၏။ သူ့ရည်ရွယ်ချက်မှာ၊ သူပြုမူသမျှမှာ ကောင်မလေးကို စားစရာကျွေးရင်း စကားပြောရုံသက်သက်ကလေး





ပါပဲ။ ပြီး သည့်အိမ်မှာလည်း သူ့အိမ်ပင် မဟုတ်ပါလော။ ဒါ အမေ့အိမ် ဖြစ်သလိုပေပဲပေါ့။ အမေသည် မလိုအပ်သော စည်းကမ်းဥပဒေများနှင့် သူ့အပေါ်၌ ထားရန် အကြောင်းတစ်စုံတစ်ရာ မရှိ။

ဘာပဲပြောပြော အမှားကမူ အမှားပင် ဖြစ်ပါ၏။ အမှန်အတိုင်း ဆိုလျှင် သူသည် သည်လို ပြုမူရဲသည် မဟုတ်။ အမေ့အပေါ် အကြီးအကျယ် စိတ်ဆိုးပြီး မကျေနပ်ခါမှ အမေ့ကို ငြူငြူစူစူ ဆန့်ကျင်ဘက် လုပ်ချင်သော အခါများမှသာ။ အို... ဆိုးရွားလိုက်တာ။

ပိုဆိုးလိုက်ပုံများက အိမ်ပေါ်တက်ပြီး အမေ့ကို သူ ကောင်မလေးကို ဖိတ်ခဲ့ကြောင်း ပြောလိုက်ပါသေး၏။ နော်မန်သည် တကယ်ပင် သူ့အမေ ရှိရာ ခုတင်နားသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင်သွားပြီး ပြောပြလိုက်တာပေါ့။ "ကျုပ်မှာ အစွမ်းအစ ရှိပါတယ်ဗျ၊ ကျုပ် လုပ်ရဲပါတယ်ဗျ" ဆိုတဲ့ သဘောမျိုးပါလေ။

မှားလိုက်တဲ့ ဖြစ်ပုံများ။ ဒီကတည်းကပဲ အမေက ပြင်ဆင်ပြီးနေရောပေါ့။ ကောင်မလေးကို ကျွေးမွေးဖို့ ခေါ်ထားတယ် ဆိုကတည်းက အမေ့စိတ်မှာ ကြီးစွာ အနှောင့်အယှက် ဖြစ်ခြင်း ဖောက်ပြန်နေလောက်ပြီ ဖြစ်၏။ အမေ့စိတ်မှာ ဖောက်သွားပြီး ဖြစ်ပါ၏။ သူ လုပ်ပုံတွေရော၊ ပြောပုံရောကပါပဲ။ အမေ ပြောလိုက်ပုံက–

'ဒီ မိန်းမစုတ်ကို အိမ်ပေါ် တင်လာခဲ့ရင်တော့ ငါ့လက်နဲ့ သတ်ပစ်မယ်၊ သတ်ပစ်မယ်'

အမေသည် သည်လို ရိုင်းပျသောစကား ပြောတတ်သည်ကမူ လေ့ထုံးစံ ဖြစ်ပါ၏။ တကယ်တော့ အမေသည် ကောင်းကောင်း မာသည် မဟုတ်။ တကယ် နေမကောင်း ဖြစ်နေရှာသူ ဖြစ်သည်။ ကောင်မလေး ပြောခဲ့ပုံမှာ မှန်နိုင်စရာ ရှိ၏။

အကောင်းဆုံးကတော့ အမေ့ကို တစ်နေရာရာမှာ တစ်ခါတည်း ထားလိုက်ဖို့ပဲ။ ကြည့်ရသည်မှာ သူသည် ဘယ်နည်းနှင့်မျှ အမေ့ကို တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ထိန်း၍ရပုံ မပေါ်တော့ချေ။ အမေတွင်လား ဆိုတော့ မဟုတ်၊ သူ့ကိုယ်သူလည်း ထိန်းနိုင်ပုံ မပေါ်ချေ။

အမေက သူ့ကိုယ်သူ မထိန်းပုံကို အပြစ် ပြောလှချည့်ပေါ့။ မင်းတော့ အပြစ်ကျူးလွန်နေပြီး ငရဲမှာ ဆယ်သက် လောင်ကျွမ်းတော့မှာပဲလို့။

ဝိစကိကလည်း လောင်ကျွမ်းပါ၏။ သုံးခွက်မြောက်ပေပဲကို့။ သို့သော် သူသည် လိုနေဆဲ ဖြစ်၏။ အများကြီး လိုနေဆဲ ဖြစ်၏။ အရာရာအစစ လိုနေသူ ဖြစ်သည်။ ဒီနေရာတွင်လည်း ကောင်မလေး ပြောသွားပုံက မှန်နေပြန်ပါ၏။ သည်လို နေပုံကတော့ ဘယ်ဖြစ်မှာလဲ၊ ဟုတ်ကို မဟုတ်သေးဘူး၊ သည်အတိုင်း အရှည်သဖြင့် ဘယ့်နှယ်လုပ်ပြီး ဆက်နေမှာတုံး။

တကယ်တော့ သူတို့ ညစာစားပွဲကလေး အဆင်ပြေပြေ အေးအေး ချမ်းချမ်း ပြီးဆုံးသွားသည်ကိုက တကယ်တော့ စံပြပါပဲ။ သူသည် တစ်လျှောက်လုံး အမေများ ဆူညံ ဒုက္ခပေးလေမလားဟု စိုးရွံ့ ပူပန်နေခဲ့ရသည်။

အမေ့ကို အိပ်ရာပေါ်ထားခဲ့ပြီး တံခါးသော့ခတ် ထွက်လာကတည်းက အမေ ခြေဆောင့် လက်ဆောင့်နှင့် ဆူဆူညံညံ လုပ်လိမ့်လေမလားဟု သူ စိုးရိမ်နေခဲ့ပါ၏။ တော်ပါသေးရဲ့၊ အမေက ဆူဆူညံညံ မလုပ်ချေ။ ဆူဆူညံညံ မလုပ်သည့်ပြင် တိတ်တိတ်ကလေး နေလိုက်သည်။ ချောင်း၍ နားထောင်နေတဲ့ အတိုင်းပါပဲ။ ဟုတ်မည်။

တကယ်လည်း အမေသည် ချောင်း နားထောင်နေခြင်း ဖြစ်မည်။ သူ့အနေနှင့် အမေ့ကို သော့ခတ်၍မှု ထားနိုင်ပါ၏။ သို့သော် ချောင်းနားမထောင်အောင်တော့ မတတ်နိုင်ချေ။

အခုအချိန်ဆိုရင်တော့ အမေ အိပ်ပျော်သွားလောက်ပေပြီဟု နော်မန် မျှော်လင့်မိလေသည်။ နက်ဖြန်ဆိုလျှင် အဖြစ်အပျက်အားလုံးကို အမေ မေ့သွားကောင်း မေ့သွားပါလိမ့်မည်။ ဒီလို အဖြစ်အပျက်များက မကြာခဏ ဖြစ်တတ်ပါသည်။





အမေသည် လွယ်လင့်တကူပင် မေ့သွားတတ်ပြီး၊ အချိန်ကြာလို့ အမေ မှတ်မိစရာ မရှိတော့ဟု သူ ယုံကြည်နေသော အချိန်မှ အမေက ိ ကောင်းကင်ပြာလို အားလုံး ရှင်းလင်းစွာ မှတ်မိနေတတ်ပြန်၏။

မိုးကောင်းကင်ပြာ ဟုတ်လား။ ခုများတော့ မိုးကောင်းကင်သည် ာခြင်း မရှိလေတော့။ ရှင်းရှင်းလင်းလင်း မရှိလေတော့။ အမြဲ တိမ်တိုက်တို့ ဖြင့် ရှုပ်ထွေးလိမ်ယှက်ကာ မည်းမှောင်နေတတ်ပါ၏။ ခုညလိုပဲပေါ့။

ရုတ်တရက် သူ့နားထဲသို့ အသံတစ်ခု ဝင်လာ၏။ သူသည် ကုလားထိုင်မှ ရုတ်ခြည်းထရန် ကြိုးစားလိုက်၏။ အမေ ထလာရော့သလား၊ မဖြစ်နိုင်ပါဘူးလေ။ သူ အသေအချာ သော့ခတ်ထားခဲ့တာပဲဟာ။ သူ ချက်ချင်း သတိပြုရ၏။ တစ်ဖက်ခန်း မိန်းကလေးထံမှ အသံပဲ ဖြစ်ပေမပေါ့။

ဟုတ်သည်။ သူသည် ကလေး၏ လှုပ်ရှားမှုများကို နားနှင့်ဆတ်ဆတ် ကြားနေရ၏။ မိန်းကလေးသည် သူ့ လက်ဆွဲအိတ်ကို ဖွင့်နေပြီ။ မိန်းကလေးသည် အဝတ်တချို့ကို ထုတ်နေပြီ။ သူ အိပ်ရာဝင်တော့မည် ဆင့်။

နော်မန်သည် နောက်တစ်ခွက် ချလိုက်ပြန်၏။ သူ၏ လှုပ်ရှားနေသော စိတ်များ၊ အာရုံကြောများ ငြိမ်သက်စေရန် ဖြစ်ပါ၏။ သည်တစ်ခါတော့ အောင်မြင်လေသည်။

သူ့လက်များမှာလည်း မတုန်ယင်တော့၊ သူလည်း မကြောက်တော့။ ဘစ်ဖက်ခန်းက မိန်းကလေးအကြောင်းကို မတွေးရင်ပေါ့လေ။

ရယ်တော့ ရယ်စရာပဲ ဖြစ်သည်။ မိန်းကလေးကို တွေ့ကတည်းက သူ့စိတ်ထဲတွင် ခံစားမှုတစ်ရပ် ဖြစ်ပေါ်နေ၏။ နေပါဦး၊ သည်ခံစားမှုကို ဘာ ခေါ်ပါလိမ့်။ အရေးပါ အရာရောက် ဟုတ်လား၊ မဟုတ်သေးပါဘူး။ သူရာဝင် ဟုတ်လား၊ မဟုတ်သေးပါဘူး။ မဖြစ်နိုင်ပါဘူး၊ သူ ဘယ်တုန်းကများ မိန်းမတစ်ယောက်ရှေ့မှာ အရေးပါ လူရာဝင်ဖူးလို့တုံး။ သူသည် မဖြစ်နိုင်ခြင်းကို တွေးမိလေ၏။ တကယ်တော့ သူ ရှာနေသော ဝေါဟာရ



www.burmeseclassic.com

www.burmeseclassic.com



ဘာ ဆိုသည်ကို နော်မန် ကောင်းစွာ သိပါ၏။ အမေ မသိအောင်၊ သူ့ဆီမှာ ရှိမှန်းတောင် မသိအောင် သိမ်းထားရတဲ့ စာအုပ်တွေထဲမှ အကြိမ်တစ်ထောင်မက သူ ဖတ်ဖူးလှပါဗျာ။ ဖတ်ဖူးလှပါပေါ့။

ကဲလေ ဒါလည်း ထားပါတော့၊ ဒါက သူ မိန်းကလေးနဲ့ တွေ့စဉ်က စိတ်ထဲ ဖြစ်ခဲ့တာပဲဟာ။ မိန်းကလေးနဲ့ မတွေ့ရဘဲဟာ၊ ဒီစိတ်မျိုးလည်း မဖြစ်ဘူးဟ။ ခုတော့ သူ ဘာမျှ မဖြစ်ပါ။ သူ လုပ်ချင်တာကို လုပ်နိုင်ပေသည်။

သည်လိုဆိုပြန်တော့ သည်လို ချောချောလှလှ ကောင်မလေးတစ်ယောက်နှင့် သူ လုပ်ချင်တာတွေက များလာပြန်လေသည်။ ငယ်ကလည်း ငယ်၊ လှကလည်း လှ၊ ပညာကလည်း တတ်ပုံရပါဘိသနှင့်။ တကယ်တော့ အမေ့အကြောင်းတွေ ကောင်မလေး မေးတုန်းက သူ ဖြေခဲ့တာဟာ သူ အရှုံးကျတာပဲပေါ့။

ခုတော့ သူ ဝန်ခံပါပြီ။ မိန်းကလေးဟာ အမှန်တွေကို ပြောသွားတယ်ဆိုကြောင်းကိုလေ။ မိန်းကလေးသည် အမှန်ကို သိ၏၊ နားလည်း လည်နိုင်သူ ဖြစ်၏။ သည်လို မိန်းကလေးမျိုး ကြာကြာကလေးနေပြီး သူနှင့်များစကားပြောနေပါတော့။

ခုတော့ သည်မိန်းကလေးက မရှိတော့ပြီပဲ။ နက်ဖြန်ဆိုလျှင် သူသွားတော့မည်။ တစ်ခါတည်း လုံးဝကို ပျောက်ဆုံးသွားတော့မည်။ ဂိုန်းဝိလ်ဆင်၊ ဆန်အင်တိုနီယို၊ တက္ကဆက်သူကြီးလေ။ နော်မန်သည် မိန်းကလေးဘယ်သူ ဖြစ်ပါလိမ့်မည်ဟု တွေး၏။ ဘယ်ကို သွားတာပါလိမ့်၊ ပြီးတော့ တကယ်စင်စစ် ဘယ်လို အမျိုးအစားထဲကပါလိမ့်။

ဒီလို ကောင်မလေးမျိုးသာ ဖြစ်ရင်တော့ ချစ်ဖို့ကြိုက်ဖို့က လွယ်လှချည့်။ တကယ်ပါပဲ၊ တစ်ကြိမ် မြင်ဖူးရုံနှင့်ပါပဲ။ အမှန်တော့ ရယ်စရာမဟုတ်ပါ။ မိန်းကလေးကတော့ ရယ်ဖြစ်ပါလိမ့်မည်။ ဟုတ်ပါတယ်၊ မိန်းမ





ဆိုတာ ဒါမျိုးချည်းပါပဲ။ အမေပြောတဲ့ အတိုင်းပါပဲ။ သူတို့က အမြဲ သရော်ပြီး ရယ်နေကြတာပါပဲ။ သူတို့က ကောင်းမှ မကောင်းဘဲကိုး။

အမေ ပြောတာ မှန်တာပဲ။ အင်းလေ၊ ဒါတောင်မှ အခန်းထဲက ဖြစ်နေတောင်မှ ဒီလောက် လှနေပြန်တော့ ချစ်မိနိုင်ပေတာပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ။ ခက်သည်က နောက်ထပ် ဘယ်တော့မှ ကြုံနိုင်ခြင်း၊ ဆုံနိုင်ခြင်း၊ မြင်နိုင်ခြင်း၊ တွေ့နိုင်ခြင်း မရှိခြင်း ဖြစ်၏။

တကယ်တော့ သူသည် အစွမ်းအစ ရှိလျှင်၊ ယောက်ျားပီသလျှင် ကောင်မလေး အခန်းထဲမှာ ရှိတုန်းကတည်းက ပြောမှာပေါ့။ ဗီရိုထဲက အရက်ပုလင်း ထုတ်ပြီး သူ့ကို တိုက်မှာပေါ့။ နှစ်ယောက်အတူ အရက်သောက်ကြပြီး... သူ့ကို ပွေ့ပြီး ခုတင်ပေါ်ကို ... တင်။

မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး။

မင်း မဖြစ်နိုင်ဘူးလေ၊ ဘာ့ကြောင့်လဲဆိုတော့ မင်းက "ပန်းသေ" နေတာကိုးကွ။

ကဲ မှတ်ကရောကွာ။ စောစောက သူ စဉ်းစားနေမိသော၊ သိလျက်နှင့် ရှာမတွေ့ချင်ယောင် ဆောင်ခဲ့သော စကားလုံးမှာ သည်စကားလုံးပဲ မဟုတ်ပါလား။ စာအုပ်ထဲမှာ ပါတဲ့ စာလုံးလေ၊ သူ့ကို အမေ သုံးနေကျစာလုံးလေ။ စာလုံး အဓိပ္ပာယ်ကတော့ မင်း ကောင်မလေးကို နောက်ထပ်တွေ့စရာ မလိုဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ တွေ့ပြန်ရင်လည်း အကြောင်းမှ ထူးမှာ မဟုတ်ဘဲကိုး။

ကောင်မတွေကတော့ သိပြီးသား နေမှာပါပဲ။ သူတို့ သိရမှာပေါ့လေ။ သိလို့လည်း သူတို့ အမြဲ ရယ်ရယ်နေကြတာပေါ့၊ လှောင်လှောင်နေကြတာပေါ့။

နော်မန်သည် နောက်တစ်ခွက် ထပ်ချလိုက်ပြန်၏။ နှုတ်ခမ်းမွှတ်ရုံကလေးပါပဲ။ ခုတည်းကတောင် အရက်၏ တန်ခိုးက ခေါင်းထဲသို့ တဒိန်း



www.burmeseclassic.com

www.burmeseclassic.com



ဒိန်းနှင့် တို့ဝင်လာသည်ကို တွေ့လိုက်ရသေးသည်။ ကေန္တ သူ မှုးနေပြီ ထင်၏။

ကဲကွာ၊ မှုးတော့ကော ဘာဖြစ်သတုံး။ အမေ မသိ ပြီးတာပဲ။ ဟိုဘက်ခန်းက ကောင်မလေး မသိ ပြီးတာပဲ မဟုတ်လား။ ဘာ ပန်သေ တယ် ဟုတ်လား။ သေတော့ကော ဘာဖြစ်တုံးကွာ၊ သေတာနဲ့ ကောင်မ လေးကို သွားတွေ့တာနဲ့ ဘာဆိုင်တုံး။ ဒါနဲ့ပဲ မတွေ့ရတော့ဘူ ပေါ့လေ။

"တွေ့မကွာ၊ ခု သွားပြီးကို တွေ့လိုက်မယ်"

နော်မန်သည် ကုန်း၍ ထလိုက်ပြီး သူ့စားပွဲကို ဖြတ်လိုက်ရာ ခေါင်း နှင့် နံရံ ထိမတတ် ဖြစ်သွား၏။ သူ့နားထဲတွင် အသံများ ကြားနေရ၏။ များပြားလှစွာသော ရေးက ရေးက အတွေ့အကြုံမှာ အရ ကောင်မလေး ဖိနပ်ကို ကန်ပြီး ချွတ်လိုက်ကြောင်း သူ သိပါ၏။ ဟော ခု ကောင်မလေး ရေချိုးခန်းဘက် သွားပြီ မဟုတ်ပါလား။

သူ့လက်ကို ဆန့်တန်းလိုက်ရာ သူ့လက်များမှာ တုန်ယင်နေသည် ကို တွေ့ရပြန်၏။ သည်တစ်ကြိမ်တော့ ကြောက်၍ မဟုတ်ပေ။ ဘာခေါ်မလဲ၊ ပါဝင်ဆင်နွှဲခြင်းလေ။ သူသည် သူ ဘာလုပ်ရမည်ကို ကောင်းစွာ သိနေ၏။ သူသည် နံရံမှ မှန်ပေါင်ကို ရွှေ့မည်။ နောက်ပြီး ထိုမှန်ပေါင်နေရာ နံရံ အပေါက်ကလေးထဲက ချောင်းကြည့်မည်။ ဒါပဲ။ သည်အပေါက်ကလေးမှာ သူ၏ နှစ်ပေါင်းများစွာက လျှို့ဝှက်ချက် ဖြစ်သည်။

သူကိုယ်တိုင် လွန်ပူနှင့် ဖောက်ခဲ့ခြင်း ဖြစ်၏။ သည်အပေါက် ကလေး ရှိကြောင်းကို အမေတောင်မှ မသိပေ။ အေး၊ မသိတကာ မသိထိုက် ဆုံး သူကတော့ အမေပေါ့။ ဒါဟာ လျှို့ဝှက်ချက်ပဲ။

အပေါက်ကလေးမှာ တစ်ဖက် နံရံဘက်တွင် ဆိုလျှင် ပျဉ်ပြား အကြားမှ ပလတ်စတာ အကွာအဖွဲ့ကလေး တစ်ခုသာ ဖြစ်ပါ၏။ ဘာပဲ ပြောပြော သူ့မျက်စိနှင့် ကပ်လိုက်လျှင်တော့ အားလုံး မြင်ရတာချည့် ဖြစ် သည်။





ရေချိုးခန်းနဲ့ တည့်တည့်မှာပဲပေါ့ဗျာ။ မြင်ရသမျှ အများကြီး မြင်ရ သပေါ့။ ဟင်း၊ သူ့ကိုမှာ ရယ်ကြသပေါ့လေ၊ ရယ်ပေါ့။ သူကသာ ဒင်းတို့ အကြောင်း ၊ ဒင်းတို့ ကိုယ်ခန္ဓာကို သုတို့ အိပ်မက် မမက်ဖူးလောက်အောင် သိနေတာ။

အမှန်တော့ ချောင်းကြည့်ပေါက်မှ နော်မန် ချောင်းကြည့်ရန် မျက်စိ နှင့် အပ်ရခြင်းသည် မလွယ်ပါ။ သူ့ရင်မှာ ပူလောင်ပြီး ခေါင်းက ချားရဟတ် လို လည်နေ၏။ အရက်မူးတာက တစ်ပိုင်းတစ်ဝက်၊ စိတ်လှုပ်ရှားတာက တစ်ပိုင်းတစ်ဝက်ပေါ့လေ။ အများဆုံးကတော့ တစ်ဖက်ခန်းက မိန်းကလေး ကြောင့်ပဲ ပေါ့။

ခုတော့ ကောင်မလေးသည် ရေချိုးခန်းထဲသို့ ရေရေလည်လည် ရောက်နေပြီ ဖြစ်၏။ ကောင်မလေးများ သည်အပေါက်ကို လှမ်းမြင်သွား မလားပဲ။ မမြင်နိုင်ပါဘူးလေ၊ သူ့ ရှေးရှေးက ကောင်မတွေမှ မမြင်ခဲ့ဘဲနဲ့။ မိန်းကလေးသည် ပြုံးနေ၏။ ခြေထောက်မှ နိုင်လွန်ခြေအိတ်ရှည်ကို ကုန်း ချွတ်လိုက်၏။ နောက် ပစ်လိုက်ပြန်၏။ ကောင်မလေးသည် အဝတ်အစား ချွတ်နေပြီ ဖြစ်၏။ ဂါဝန်သည် ကောင်မလေး ခေါင်းပေါ်မှ ကျော်၍ လွတ် သွား၏။ လှမ်းပစ်လိုက်သည်ကို မြင်ရသည်။ သူသည် ဘရာစီယာနှင့် အတွင်းခံသာ ကျန်တော့သော ကောင်မလေးကို မြင်နေရ၏။ ဟိုဘက် ကည့်မပြေးနဲ့ဟော့။

မရပေ။ ကောင်မလေးသည် ဟိုဘက်ကို လှည့်မိအောင် လှည့်သွား ၏။ နော်မန်သည် "ဟော့ မပြေးနဲ့" လို့ အော်လိုက်မည့်ဆဲဆဲ သတိရကာ အံကိုချုပ်ထားလိုက်၏။ နော်မန်လည်း အားလုံး မြင်နေ၏။ တစ်ခုပဲရှိသည်၊ သူ မြင်ရတာက မှန်ထဲမှ တစ်ဆင့်ဆိုတော့ မှန်ထဲက အရိပ်သည် ရိပ်ရိပ် ရိပ်ရိပ်နှင့် လှိုင်းတွန့်နေသလိုပဲ။ ခေါင်းကို မှုးနေတာပဲ။

ကြည့်၊ အခုတစ်ခါ ကောင်မလေးသည် ဘယ်မှ မရွေ့ဘဲ ရပ်နေပြ နေသလိုပါပဲကလား။



www.burmeseclassic.com

www.burmeseclassic.com



ဟင် ကောင်မလေးများ သိနေရောသလား။ ကောင်မလေးသည် နံရံမှာ အပေါက်ရှိကြောင်းကိုလေ၊ အပေါက်နောက်မှ သူ ကြည့်နေကြောင်းကိုလေ။ သိများနေရောလား၊ သိလို့များ သူ့ကို ကြည့်စေချင်လို့များလား၊ တမင်တကာ ကိုယ်ဟန်ပြနေရောသလားပဲ။ ရှေ့တိုးနောက်ဆုတ်၊ ရှေ့တိုးနောက်ဆုတ်နဲ့၊ မှန်ထဲက အရိပ် လှိုင်းတွန့်လာပြန်ပါပြီ။ မူးလိုက်တာ။ သူသည် သံကုန်ဟာစ်၍ ကောင်မလေးကို သည်လိုလုပ်နေခြင်းမှ ရပ်ပစ်ရန် အော်လိုက်ချင်၏။ သည်လို လုပ်နေတာဟာ မကောင်းမှုတစ်ခုကို ဖန်တီးနေတာပဲ။ ရပ်တန်းက ရပ်မှ ဖြစ်မည်။ တော်ကြာ ကောင်မလေး လုပ်နေတဲ့ မကောင်းမှုက သူ့ကိုပါ ဖမ်းစား ကူးစက်ကုန်မှဖြင့်။ ဟုတ်သလေ၊ ဒီထဲက ဟာတွေကတော့ သည်လိုပဲ မကောင်းမှုတွေဖြစ်အောင် ဖန်တီးပေးတတ်တာပဲ မဟုတ်လား။

ရုတ်တရက် ကောင်မလေးသည် ပျောက်ကွယ်သွားပြီး ရေပန်းသံကိုပဲ ကြားနေရလေ၏။ အသံများ နံရံကို လှုပ်ကာ သူ့ခေါင်းထဲမှ စကားလုံးများနှင့် အတွေးများကို ဖြတ်တောက် နှစ်မြှုပ်လိုက်၏။ သူသည် ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်လိုက်၏။

'ငါ မူးနေပြီ၊ ငါ လောကကြီးကို မေ့သွားတော့မယ်'

ဟု ပြောနေမိ၏။

တကယ်စင်စစ်က သူ မေ့မသွား။ နားထဲတွင် အသံက ကြားနေရဆဲဖြစ်သည်။ သူ့ခေါင်းထဲမှ တခြားနေရာက ကြားနေရသလို အသံတစ်ခု ကြားရပြန်သည်။ ရုံးခန်းတံခါး ဖွင့်သံပေပဲ။ ဟော မဖြစ်နိုင်ဘူးဟ၊ သူကိုယ်တိုင် သော့ခတ်ထားတာပဲ။ ပြီးတော့ သော့ကလည်း ခု စမ်းကြည့်တာတောင် အိတ်ထဲမှာ တွေ့နေတုန်းပဲဟာ။ သူ့မျက်စိကိုသာ ဖွင့်ကြည့်ခဲ့ရင်တော့ သူ မြင်ရမှာပဲပေါ့။ ဒါပေမဲ့ သူမှ မျက်စိမဖွင့်နိုင်ဘဲဟာ။ မဖွင့်နိုင်တာထက် မဖွင့်ရဲတာက ပိုဖြစ်မယ် ထင်ရဲ့။ မျက်စိမဖွင့်လည်း သိပါတယ်။

အမေ့မှာလည်း သော့ရှိတယ်လေ။





အမေ့မှာ အခန်းသော့လည်း ရှိတယ်။ အိမ်သော့လည်း ရှိတယ်၊ အဲ ...ရုံးခန်းသော့လည်း ရှိသပေါ့။

ခုတော့ အမေဟာ နံဘေးမှာ မားမားကြီး ရပ်ပြီး သူ့အပေါ်မှ စီး ကြည့်နေပြီပေါ့။ သူ လဲကျပြီး အိပ်ပျော်နေပြီလို့များ အမေထင်ရင် ဘယ် လောက် ကောင်းလိုက်မတုံး။ ဒါထက် နေပါဦး၊ ဒီကို အမေက ဘာလာ လုပ်တာပါလိမ့်။ သူ ကောင်မလေးနဲ့ ထွက်သွားတာကို သိလိုက်တော့ အခု လိုက် ချောင်းတာ ထင်တယ်။

နော်မန်သည် တတ်နိုင်သမျှ ငြိမ်နေလိုက်၏။ မလှုပ်ရဲခြင်းလည်း ဖြစ်သည်။ မလှုပ်ချင်သည်လည်း ဖြစ်သည်။ အချိန်တိုင်းသည် တဖြည်းဖြည်း ဆက်ခဲ ပင်ပန်းလာ၏။ သူက လှုပ်ချင်စိတ် ရှိဦး၊ မလွယ်သော အခြေအနေမျိုး ဖြစ်လာ၏။ တစ်ဖက်မှ ရေပန်းသံကလည်း ဆူညံလှပါ၏။ အရာရာသည် သူ့ကို ချောသိပ်နေသည်ထင့်။ အင်း ဒါပဲ ကောင်းပါတယ်လေ။ မှောက်လျှဲပြီး သိပ်သလိုပေါ့။ အမေသည် သူ့ကို အပေါ်စီးနှင့် ကြည့်နေဆဲပင်။

နောက် ရုတ်တရက် အမေက ပျောက်သွား၏။ အမေသည် လှည့်၍ ဘာမပြော ညာမပြောနှင့် ထွက်သွား၏။ နော်မန်အနေနှင့် ကြောက်စရာ မရှိတော့ပါ။ အမေ လာပြီ မဟုတ်လား။ အမေသည် သူ့ကို အမြဲတစေ ကာကွယ် စောင့်ရှောက်ခဲ့သည့်အတိုင်း ယခုလည်း စောင့်ရှောက်မည်မှာ သေချာ၏။ အမေသည် သူ့ကို ကယ်တင်ရန် လာခဲ့သည် မဟုတ်လား။ တကယ်ပါပဲ၊ သူ့ဘဝမှာ အကူအညီလိုပြီ ဆိုလျှင် အမေသည် အမြဲရှိနေ ၏။ ကဲ ခုတော့ အမေ ရောက်ပြီမို့ သူ အိပ်တော့မည်။ မျက်လှည့်ပြစရာ မလိုပါ။ လုပ်စရာက တဝုန်းဝုန်းနှင့် ဆူညံနေသော ခေါင်းထဲကို ဝင်လိုက် ရုံပါပဲ။ နောက် ဟိုဘက်ကို ထွက်သွားရုံပဲပေါ့။ နောက် အားလုံးဟာ ငြိမ်သွား မှာပဲ။ ငြိမ်သက်ခြင်းပေပေါ့၊ အိပ်မောကျသော ငြိမ်သက်ခြင်းပေါ့။

*

နော်မန်သည် ဆတ်ခနဲ တွန့်ကာ နိုးသွား၏။ ခေါင်းကို မတ်လိုက်၏၊ ဘုရား... ရာရား၊ ကိုက်လိုက်တာ။ သူသည် ကုလားထိုင်ပေါ်တွင် ထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဆော့သွားသည်ထင့်။ လုံးဝကြီးကို အိပ်ပျော်သွားခြင်းလေ။ ခေါင်းတစ်ခုနဲ့ ဘူနှင့် ထုထားသလို တဝုန်းဝုန်း ဆူညံနေတာဟာ အံ့ဩစရာ ဘယ်မှာရှိမှာတုံး။ သည်တဝုန်းဝုန်း အသံတွေကတော့ အရင်ကလည်း ကြားဖူးပါတယ်။ တစ်နာရီကလား၊ နှစ်နာရီကလား။

ချက်ချင်း သူ အမှတ်ရသွား၏။ တစ်ဖက်ခန်းမှ ရေပန်းသည် ဖွင့်ထားဆဲပါလား။ ကောင်မလေး ရေပန်းအောက် ဝင်သွားတာကတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ သည်လောက်ကြာကြာ မနေတန်ပါဘူးလေ။ အကြာကြီး ဟာ။

သူ ထလိုက်ပြီး၊ မှန်ပေါင်ကို ရွှေ့ပြီး အပေါက်နှင့် မျက်စိနှင့် ကပ်လိုက်၏။ ရေချိုးခန်းမှာ ဟင်းလင်းပွင့်နေ၏။ ရေပန်းကမူ လိုက်ကာ အတွင်းဘက်၌ ရှိနေသဖြင့် သူ မမြင်ရပေ။ လိုက်ကာက ပိတ်ထား၏။

အင်းလေ၊ ကောင်မလေးက ရေပန်းပိတ်ဖို့ မေ့ပြီး အိပ်ရာထဲ ဝင်သွားတာ ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါကလည်း အကြောင်းကြောင်းပဲ။ ဒီလောက်ဆူဆူညံညံကြီး မြည်နေတဲ့ ရေပန်းကို ဖွင့်ပြီး အိပ်နိုင်ဖို့ ဆိုတာက။ ဒါပေမဲ့ သူကိုယ်တိုင်တော့ ခုနက အိပ်ပျော်သွားသည် မဟုတ်လား။ ပင်ပန်းတယ်ဆိုတာလည်း အရက်မူးသလို နေချင် နေမှာပဲလေ။

ကြည့်ရတာ ဘာမှ မှားယွင်းနေပုံ မရပါဘူးလေ။ အိပ်ခန်းကလည်း အသားတကျနှင့်။ နော်မန်သည် အပေါက်နှင့်မျက်စိ ကပ်ပြီး တစ်ဖက်ခန်းကို နောက်တစ်ကြော့ လှမ်းကြည့်မိသခိုက် သမံတလင်းကို သတိထားမိခြင်း ဖြစ်လေသည်။

အဆက်မပြတ်ဖွင့်ထားသော ရေပန်းကြောင့် ရေများသည် ရေချိုးခန်း ကို ဆေးကျော်ဖြတ်ပြီး အပြင် သမံတလင်းထိ ရောက်နေပြီ ဖြစ်၏။ သိပ်အများကြီး မဟုတ်သေးပေမဲ့ သူ မြင်သာရုံကလေးအထိ ပါပဲ။ သမံတလင်း ဖြူဖြူ ဆါတွင် ရေစီးကြောင်းကလေး၊ ဖြစ်ပေါ်စ မြောင်းငယ်ကလေးလို တရွေ့ရွေ့နှင့် ရွေ့နေဆဲ။





ရေ ဟုတ်လား၊ ရေဟာ ပန်းရောင်တွေပါလား၊ ရေဆိုတာက အနီစ အမျှင်ကလေးတွေ ပါတာမျိုး မဟုတ်ပါဘူး၊ သွေးကြောနုနုကလေးတွေလို အမွှာမွှာနှင့်။

ဟင်၊ ကောင်မလေး ချော်လဲပြီ ထင်သည်။ ချော်လဲပြီး ခေါင်းနဲ့ အတ်ခုံနဲ့ တစ်ခုခုနဲ့ ခိုက်မိပြီ ထင်သည်။ တွေးရင်း သူ့ရင်သည် တုန်လှုပ် ဘဲ၏။ ဘာပဲဖြစ်ဖြစ် သူ့တာဝန်ကို သူ သိ၏။ အိတ်ထဲမှ သော့များကို ရှာ၍ ရုံးခန်းထဲမှ ထွက်လိုက်သည်။ လှုင်မြန်စွာပင် တစ်ဖက်ခန်း တံခါး ပေါက် ရှေ့သို့ ရောက်သွား၏။

တံခါးကို ဖွင့်ပြီး အခန်းထဲ ဝင်လိုက်သည်။ အိပ်ရာမှာ ဟင်းလင်း ကြီး ဖြစ်၏။ ဘယ်သူမှ အိပ်သေးပုံ မရ။ တစ်ပိုင်းတစ်စ ဖွင့်ထားသော ဆက်ဆွဲအိတ်ကလေးကား လှောင်းလုက်သားနှင့်။ ကောင်မလေး ထွက်သွား ဘာတော့ မဟုတ်တန်ရာဘူးပေါ့လေ။ ဟုတ်ပါပြီ၊ သူတွေးတာ မှန်ပါပြီ။ ရေချိုးခန်းထဲတွင် ကောင်မလေး ချော်လဲပါပြီ။ ကဲလေ၊ လိုက်ကြည့်ဦးမှ ပဲ။

ရေချိုးခန်းထဲ ဝင်မည်အပြုတွင်မှ သူသည် တစ်စုံတစ်ခုကို သတိရ လိုက်၏။ နောက်ကျသွားပြီ။ သွားပြီ၊ နောက်ကျသွားပြီ။ အခြေအနေဆိုး ကြောက ပေါက်ကွဲသွားနှင့်ပြီ ဖြစ်ပါ၏။ ခုမှတော့ သူလည်း ဘာမှ မကယ်နိုင်၊ မကူနိုင်တော့ပေ။ ခု ... သူ မှတ်မိနေပါပြီ။

'အမေ့မှာလည်း ဟိုဘက်အခန်း သော့တွေ ရှိတာကိုး'

သူသည် တုန်လှုပ်စွာပင် ရေပန်းရှိရာ အခန်းလိုက်ကာကို ဆွဲဖွင့် လိုက်ပြီး ကြမ်းပြင်တွင် တွန့်လိမ်စွာ လှောင်းနေသော အလောင်းကြီးကို ကြည့်လိုက်၏။

ဘုရား ... ဘုရား၊ အမေဟာ သူ့ဆီမှာရှိတဲ့ သော့ကို အသုံးချသွားပြီ ကောလား။

www.burmeseclassic.com

www.burmeseclassic.com

# [ ငါး ]

နော်မန်သည် အခန်းတံခါးကို ပိတ်လိုက်ပြီး အိမ်ဆီသို့ ပြန်ခဲ့လေသည်။ သူ့ အဝတ်အစား အားလုံးမှာ သွေးများနှင့် စွန်းထင်းပေကျံလျက် ရှိလေသည်။ သွေးတွေရော၊ ရေတွေရောပေါ့။ ဘာကြောင့်လဲဆိုတော့ ရေချိုးခန်းထဲက ထ လာတာကိုး။

ကဲလေ၊ ခုမှတော့ မထူးတော့ပါဘူး။ အရေးကြီးတာက ဟိုထဲက ပစ္စည်းတွေကို အလျင် ရှင်းပစ်ဖို့ပါပဲ။

သည်တစ်ကြိမ်တော့ သူသည် လုပ်စရာရှိတာကို လုပ်မှ ဖြစ်ပေတော့မည်။ အမေ့ကိုလည်း သူနှင့် ထိုက်တန်သော နေရာကို ပို့မှ ဖြစ်တော့မှာပဲ။

ကြောက်စရာတွေ၊ ထိတ်စရာတွေ၊ မဖြစ်သင့်တာတွေ၊ မကောင်းဆိုးရွားတွေဟာ ဖြစ်ခဲ့ပြီကော။ ဖြစ်သမျှဟာလည်း စာဖွဲ့လို့ မရလောက်အောင်ကိုဘဲ ဆိုးရွားလှချည်။ အေး၊ နောက်ထပ်တစ်ခါ ဒါမျိုး မဖြစ်စေရတော့ဘူး။ သူသည် လူသစ်တစ်ယောက်လို ဖြစ်လာ၏။ အားလည်း ရှိလာ၏။ သူ့ကိုယ်သူလည်း ကောင်းကောင်းကြီး ပိုင်လာ၏။

နော်မန်သည် လှေကားထစ်များကို အမြန်တက်ရင်း အိမ်ရှေ့တံခါးကို ဖွင့်လိုက်၏။ တံခါးမှာ သော့ခတ်မထားပေ။ ဆင်ဝင်ထဲမှ မီးသည်လည်း အရောင်တလက်လက်နှင့် ထွန်းလျက်ရှိဆဲ။ သို့သော် မည်သူမျှ မရှိ။

သူသည် အိမ်ထဲမှ လှေကားများကို တစ်လှမ်းချင်း နင်းရင်း အပေါ်ထပ်သို့ တက်ခဲ့ပြန်၏။

အမေ့ တံခါးဝမှာလည်း ဖွင့်လျက်။ သူသည် တံခါးခေါက်ရန် မကြိုးစားချင်တော့ပေ။ ခုမှတော့ ဖုံးကွယ်နေလို့လည်း အလကားပါပဲ။ ဟန်ဆောင်နေလို့လည်း အကျိုးမထူးတော့ပါဘူး။ အမေဟာ ဒီပြစ်မှုက ပြေးလွတ်တော့မှာမှ မဟုတ်တာ။





ပြေးမလွတ်ဘူး ဟုတ်လား။

အမေလား၊ လွတ်တာပေါ့။

အိပ်ခန်းကြီးမှာ ဟောင်းလောင်းကြီးပဲ။

သူသည် အမေ အိပ်လှဲနေကျ နေရာအချိုင့်ကို တွေ့ရ၏။ အစိုပြန်သော သစ်သားအနံ့၊ အဟောင်းအဆွေး အနံ့၊ ပရုတ်လုံးအနံ့တို့သည် အခန်းထဲမှာ လှိုင့်ပျံ့ပြီ လှိုင့်ပျံ့နေ၏။ လှုပ်ကုလားထိုင်သည်လည်း အခန်းထောင့်ဘက်နေရာတွင် ငြိမ်သက်လျက်။

အခန်းတစ်ခုလုံးမှာ တစ်သက်လုံး ထားခဲ့သည့်အတိုင်း မပြုမပြင် မပြောင်းမလဲ တည်တံ့လျက် ရှိ၏။ ဘယ်တုန်းကမှလည်း မပြောင်းလဲခဲ့ဘူး၊ ခုလည်း မပြောင်းလဲဘူး။ သို့သော် အမေကား ပျောက်ဆုံးလျက် ရှိလေပြီ။

နော်မန်သည် အဝတ်ဗီရိုကို ဖွင့်လိုက်၏။ ဗီရိုထဲမှ ပရုတ်နံ့မှာ ထောင်းခနဲ ထလာပေရာ သူ မွန်၍ သွားလေသည်။ ပရုတ်နံ့အပြင် တခြားအနံ့ကလည်း နှာခေါင်းထဲ ဝင်လာ၏။ သူသည် အဝတ်ပုံကို ကြည့်၍ ပဝါဘက်စနှင့် အဝတ်တစ်စုံတွင် နီညို ညစ်ထည်းသော သွေးများ စွန်းနေသည်ကို တွေ့ရ၏။ အမေသည် သည်အခန်းထဲကို ပြန်လာပြီး အဝတ်လဲ၊ ပြန်ထွက်သွားတာကိုး။

သည်လိုဆိုရင် သူ ပုလိပ်ကို အကြောင်းကြားလို့ မဖြစ်ဘူး ထင်ဘယ်။

ဟုတ်တယ်၊ ပုလိပ် မခေါ်မှဘဲ။ အမေ ဘာတွေ လုပ်ခဲ့သလဲ ဆိုတာကို သိတဲ့ အထဲကတောင် ပုလိပ် မခေါ်မှ ဖြစ်မှာပဲ။ ဘာလို့လဲ ဆိုတော့ အမေ့မှာ တာဝန် အကုန်လုံး မရှိပါဘူး။ သိတဲ့အတိုင်းပဲ၊ အမေမှ နေကောင်းဘာ မဟုတ်တာ။

သွေးအေးအေးနှင့် လူသတ်ခြင်းက တစ်မျိုး၊ ဖျားနာ နေမကောင်းခြင်းက တစ်ဖုံပါ၊ ကွဲပြားပါတယ်။ ကဲ၊ ခင်ဗျား ခေါင်းထဲက မကောင်းဘူးဆိုရင် ဘယ်သူကများ ခင်ဗျားကို လူသတ်သမား အစစ်ရယ်လို့ စွပ်စွဲလို့



www.burmeseclassic.com

www.burmeseclassic.com



ရမလဲခေသ- သူတိုင်း နားလည်နိုင်တဲ့ ကိစ္စပဲဟာ။ တစ်ခါတလေ ရုံးတော်ကပြင့် သဘောမတူပေဘူး။ သူ စာထဲတွင် ဖတ်ဖူးပါသည်။ ရုံးမင်းဟာ ခေါင်းထဲမှာ ဘာဖြစ်နေတယ် ဆိုတာကို သိဦးတော့၊ အပြစ်တော့ ပေးတာပဲ။ သော့ခတ်ပြီး ထောင်တော့ ချလိုက်တာပဲ။ အနားယူဖို့ အိမ်မှာ ထားတာ မဟုတ်ဘဲ။

ဟို ပြတင်းပေါက်ကလေး ကျဉ်းကျဉ်းနဲ့ အပြင်လောကကို နည်းနည်း ကလေးသာ ဆက်သွယ်နိုင်တဲ့၊ အခန်းမျိုးရှိတဲ့၊ သော့ခတ်ထားတဲ့ အရှုံးဆောင်ထဲမှာလေ။

နော်မန်သည် ဟောင်းနွမ်းသော်လည်း သေသပ်သော အခန်းကို အခန်းတစ်ပတ် မျက်စိနှင့် လှည့်၍ ကြည့်နေမိ၏။ သူသည် ဘယ်နည်းနှင့်ဖြစ်ဖြစ် အမေ့ကို သည်အခန်းထဲက ထုတ်ပြီး အရှုံးဆောင်ထဲကို မပို့ရက်ပါ။ အခုအချိန်ထိဆိုလျှင် သူသည် အန္တရာယ် ကင်းနေ၏။ ပုလိပ်များသည် အမေ သည်အိမ်မှာ ရှိသည် ဆိုခြင်းကိုပင် မသိ။ အမေက သည်အိမ် သည်အခန်းထဲမှာ နေကြောင်းကို မည်သူ တစ်ဦးတစ်ယောက်မျှ မသိချေ။ အဲ၊ သူက မိန်းကလေးကိုတော့ ပြောလိုက်မိသည်။ သို့သော် ကိစ္စတော့ မရှိပါဘူးလေ။ အခု မိန်းကလေးကလည်း ရှိမှ မရှိတော့ဘဲဟာ။ ပုလိပ်တွေကတော့ အမေ့အကြောင်းကို ဘယ်တော့မှ စုံထောက်လို့ ရမှာ မဟုတ်ပါဘူး။ အမေ ဘာပဲလုပ်လုပ် အမေဟာ အပြစ်ဒဏ် မခံထိုက်တာကတော့ မုချပဲ။

အမေ အပြစ် မရစေရဘူး။ ဘာလို့ဆိုတော့ သည်အကြောင်းကို ဘယ်သူမှလည်း မသိဘဲကိုး။

နော်မန်သည် တွေးရင်းတွေးရင်း သူ့အတွေးသည် သေချာလာ၏။ မည်သူ့ကိုမှ အသိမပေးဘဲ ထားလို့ ရနိုင်ကြောင်းကို။ အရေးကြီးသည်က သူ ခေါင်းအေးအေးထားပြီး ညက အဖြစ်အပျက်ကို စဉ်းစားဖို့ပဲ။

ကောင်မလေးသည် တစ်ယောက်တည်း တစ်နေ့ကုန် ကားမောင်းလာခဲ့သည်ဟု သူကိုယ်တိုင်က ပြောခဲ့သည်။ ကြည့်ရတာက ဖဲယားဗဲမြို့ကို





သည်။ ကောင်းကောင်း မရောက်ဖူးတော့ တစ်ယောက်ယောက်ဆီကို သွားတာ မဖြစ်နိုင်ဘူး။ ဘယ်သူမှလည်း သူ လာလိမ့်မယ်လို့ စောင့်နေမှာ မဟုတ်ဘူး။

အားလုံးမှာ ထင်ကြေးမျှသာ ဖြစ်လေသည်။ သည်ထင်ကြေးများ မှန်ပါစေဟု နော်မန် ကျိတ် ဆုတောင်းလိုက်၏။

ကောင်မလေးသည် လယ်ဂျာတွင် လက်မှတ် ရေးထိုးထားခဲ့သည်။ အဲဒါကတော့ မနက်အစောကြီး ထ ထွက်သွားတယ်၊ ဘယ်သွားမှန်း မသိဘူး ဆို့ ဖြေလိုက်ရင် ရမှာပဲ။

သူ လုပ်စရာ တာဝန်က တစ်ခုပဲ ရှိတော့သည်။ ကောင်မလေး အလောင်း၊ ကောင်မလေး ကား၊ ကောင်မလေးနှင့် ပတ်သက်သမျှသော ပစ္စည်းပစ္စယ အားလုံးကို ဖျောက်ဖျက်ပစ်ရန် ဖြစ်လေသည်။ နောက် လက်စသက်နှ၊ လက်ရာ ခြေရာ မကျန်ရအောင် ရှင်းလင်း သန့်ရှင်းပစ်ရုံပါပဲ။

ဒါကတော့ လွယ်ပါတယ်။ သူ့ခေါင်းထဲတွင် ဘယ်ပုံ ရှင်းပစ်ရမည်ကို နည်းလမ်းသိပြီး ဖြစ်၏။ လုပ်ရမှာကသာ မသဒ္ဓိစရာ ကောင်းတာပါ၊ ခက်တော့ မခက်ပါဘူး။

အားလုံး လုပ်လိုက်ရင် သူ့အနေနဲ့ ပုလိပ်ဆီ သွားဖို့လည်း မလိုတော့ဘူး။ ဒါမှ အမေ့ကိုလည်း ဒုက္ခမပေးရာ ကျတော့မပေါ့။

အင်း၊ အမေနဲ့ သူနဲ့ကတော့ စာရင်းရှင်းစရာ ကျန်ပါသေးတယ်။ အခုလည်း အမေ လုပ်ပုံတွေကို ကူညီချင်လို့ ကူညီနေတာ မဟုတ်ပါဘူး။ အမေနဲ့ စာရင်းရှင်းစရာကတော့ ဖြည်းဖြည်းပေါ့လေ။ စောင့်နိုင်ပါသေးတယ်၊ အချိန်တွေ ရှိသေးသဟာပဲ။

အခု လုပ်စရာ ရှိတာကတော့ သဲလွန်စတွေ ဖျောက်ဖျက်ပစ်ဖို့ပဲ။ အဖွဲ့ထဲကလို တစ်စွန်းတစ်စ မကျန်ရအောင်။

အမေ့ အဝတ်အစားတွေလည်း မီးရှို့ပစ်မှပဲ ထင်ပါတယ်။ မဟုတ်သေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မီးရှို့ပစ်တာထက် အလောင်းနဲ့အတူ တစ်ခါတည်း ဖျောက်ဖျက်ပစ်တာက ပိုပြီး ကောင်းပေလိမ့်မည် ထင်သည်။

နော်မန်သည် ဝတ်စုံကြီးကို လုံးထွေးလိုက်ပြီး အောက်ထပ်သို့ ယူခဲ့လေသည်။ ခုမှတော့ လျှော်ပစ်သည် ဆိုခြင်းမှာ အဓိပ္ပာယ် မရှိချေ။ ကုန်တဲ့ကိစ္စတွေကတော့ ဖြည်းဖြည်း ရှင်းတာပေါ့လေ။

သို့သော် အစကမှ လျှော်ဖို့ သတိရလိုက်ပါသေးသည်။ မီးဖိုချောင်ရေကန်တွင် ပန်းရောင် အစွန်းအထင်းများ တွေ့ရ၏။ ပြီး ပေါင်ဒါ အချို့ကိုရောပဲ။

သူသည် ခေါင်းထဲမှ ရှင်းစရာ ရှိသမျှတို့ကို တွေး၍ မှတ်ထားလိုက်၏။ သူ ပြန်ရောက်လာရင် သေသေသပ်သပ်ကြီးကို ရှင်းလင်းပစ်လိုက်ရန် ရည်ရွယ်၏။ အမှန်တော့ ဤလောက်ကောင်းသော အဝတ်အစားများကို လွှင့်ပစ် ဖျက်ဆီးရမည် ဆိုသည်မှာ နှမြောစရာ ကောင်းလှပါသည်။ သို့သော် မတတ်နိုင်တော့ပေ။

နော်မန်သည် မြေတိုက်ထဲသို့ ဆင်းလိုက်ပြီး ပတ္တူစပဟောင်း ကြီးကြီး တစ်ခုကို ယူလိုက်သည်။ ထည့်စရာ ရှိသမျှကို သေသေသပ်သပ် စုပေါင်းထုပ်ရန် ဖြစ်သည်။

သေသေသပ်သပ် ဟုတ်လား၊ ဒီအလုပ်ကိုများ မင်းက သေသေသပ်သပ် လုပ်စရာလို့ ထင်တယ်ပေါ့လေ။

သူသည် သက်ပြင်းချပြီး အတွေးရပ်လိုက်၏။ ဤအချိန်မှာ နောင်တရရန်၊ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရန်၊ သတိတရား ရရန်၊ ဆုံးမရန် အချိန်မဟုတ်တော့ပေ။ လုပ်စရာရှိတာကို လက်တွေ့လုပ်ရန်၊ ကျင့်သုံးရန်သာ ရှိတော့သည်။ တကယ့်လက်တွေ့၊ တကယ် သေသေချာချာ၊ တကယ် တည်တည်ငြိမ်ငြိမ် လုပ်ရမည့်ကာလ ဖြစ်သည်။

သူသည် အေးဆေးငြိမ်သက်စွာ အဝတ်များကို ပတ္တူစပေါ်သို့ ချလိုက်၏။ သူသည် အထုပ်ကို ကိုင်လျက် တည်ငြိမ်စွာပင် အပေါ်ထပ်သို့





တက်လိုက်၏။ မီးဖိုချောင်မီးကို ပိတ်လိုက်၏။ ခန်းမဆောင်မီးကိုလည်း ပိတ်လိုက်၏။ နောက် အမှောင်ထု ဖုံးလွှမ်းနေသော အိမ်အပြင်ဘက်သို့ ထွက်လိုက်လေ၏။

အမှောင်ထုထဲတွင် တည်ငြိမ်အောင် နှလုံးပိုက်ရသည်က များစွာ ခက်ခဲလှပေသည်။ ခေါင်းထဲ၌ များသွားနိုင်သည့် တစ်ထောင်မကသော အချက်များကို မတွေးဘဲ မနေနိုင်အောင် ဖြစ်နေလေ၏။

အရေးထဲ အမေက ဘယ်များ သွားနေသလဲ မသိပါ။ အပြင်ထွက်ခဲ့လို့ လူတွေနဲ့ တွေ့သွားမှဖြင့်။ အမေ့ကိုပဲ အလျင် လိုက်ရှာရမလားပဲ။

နော်မန်သည် သက်ပြင်းချပြီး ခေါင်းယမ်းလိုက်၏။ မဟုတ်သေးဘူးလေ၊ အရေးကြီးသည်က ဟိုရေပန်းအောက်က ပစ္စည်းတွေကို အလျင် ရှင်းပစ်ရမှ ဖြစ်မှာပေါ့။

သူသည် အိမ်မီးကို လည်းကောင်း၊ ဟိုတယ်မီးကို လည်းကောင်း ပိတ်ရန် များစွာ သတိထားခဲ့သည် မဟုတ်ပါလား။ သည်ကြားထဲကပင် ဖြစ်လှ သူခိုး လူဆိုး တစ်ဦးတလေက အဖြစ်အပျက်အားလုံးကို မြင်သွားသည် များကလည်း ရှိတတ်နေပေသေးသည်။ ဖြစ်တော့ ဖြစ်ခဲ့ပါတယ်လေ။ တစ်ခါတစ်ရံ ည တစ်ချက်တီး၊ နှစ်နာရီမှာ ရဲပတ္တရောင် ကားတစ်စီးဟာ သည်လမ်းက ဖြတ်ပြီး သွားချင် သွားတတ်ပါရဲ့။ ဒါပေမဲ့ ဘယ်တုန်းကမှ ဒီရှေ့မှာ အရေးလုပ်ပြီး ရပ်ဖူးတယ် မရှိပါဘူး။

လမိုက်သော ညကာလ၌ နော်မန်သည် ကျောက်တုံးများ၊ ကျောက်ခရစ်များ ခင်းထားသည့် အိမ်ပေါ်မှ ဟိုတယ်သို့ကူးသည့် လမ်းတွင် လျှောက်ခဲ့၏။

နော်မန်သည် ရုံးခန်းတံခါးဝသို့ ရောက်လာသောအခါမှ သက်ပြင်းချနိုင်တော့သည်။ သူသည် တံခါးကို တွန်းဖွင့်လိုက်၏။ နောက် မီးဖွင့်ပြီး ကုလားထိုင်ပေါ်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ မဖြစ်သေးဘူးလေဟု အားတင်းပြီး တစ်ဖက်ခန်းသို့ ကူးခဲ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အိပ်ခန်း အိပ်ရာနံဘေးတွင် မတ်မတ်ရပ်ရင်း တုန်လှုပ်လာပြန်၏။ သူ့ခြေထောက်များသည် ရေချိုးခန်းဘက်သို့ ဦးလှည့်မရဘဲ ဖြစ်နေလေ၏။

"မလုပ်နိုင်ဘူး၊ မလုပ်နိုင်ဘူး။ ဘယ်နည်းနဲ့မှ အဲဒီထဲကို ငါ မသွားဘူး။ အလောင်းကြီးကိုလည်း ငါ မကြည့်ရဲဘူး"

"ဟေ့ ဘယ်ဖြစ်မလဲ၊ ဘယ်တတ်နိုင်ပါ့မလဲ။ မင်း မလုပ် ဘယ်သူလုပ်မှာလဲ။ ဒီလမ်းကလွဲပြီး တခြားလမ်းများကော ရှိသေးလို့လား။ ကဲပါ မင်းကိုယ်မင်း စကားပြောမနေစမ်းပါနဲ့"

ဒါ အရေးအကြီးဆုံး ဖြစ်သည်။ သူသည် သူ့ကိုယ်သူ စကားပြောနေခြင်းကို လုံးဝ ရပ်ပစ်ရမည်။ သူသည် စောစောက ရနေသော တည်ငြိမ်မှုကို ပြန်လည် မွေးမြူရမည်။ သူသည် အရှိကို အရှိအတိုင်း မြင်ဖို့လိုသည်။

နေပါဦး။ ဘာလဲ၊ အရှိက ... အမှန်က။

ကောင်မလေး အလောင်းလေ။ အမေ သတ်ထားတဲ့ ကောင်မလေး အလောင်းလေ။ လှလှပပ မြင်ကွင်းလည်း မဟုတ်၊ ကြည့်စရာလည်း မဟုတ်ဘူးပေါ့။ ဒါပေမဲ့ သည်အတိုင်းပဲ တုံးလုံးကြီး လဲလျက်သားပဲ ရှိလို့ပေါ့။

ထွက်ပြေးနေလို့လည်း ကောင်မလေး အသက်ပြန်ရှင်မှာ မဟုတ်။ ပုလိပ်လက်ကို အမေ့ အပ်လိုက်လို့လည်း ပုလိပ်က ဒီပြဿနာကို အရင်းအမြစ်က လှန်ပြီး ဘယ်သူ့အကျိုးကိုမှ ရှိအောင် မဆောင်ရွက်နိုင်။

အကောင်းဆုံးကတော့ ဒီလို ကျဉ်းထဲကျပ်ထဲမှာ လုပ်စရာက တစ်ခုပဲရှိတယ်။ အလောင်းနှင့်တကွ အားလုံးကို လက်စဖျောက်ပစ်ဖို့ပဲပေါ့။ သူ့အနေနှင့် ဘာမျှ အပြစ်ရှိတယ်လို့ အားငယ်နေစရာ မရှိပါဘူး။

သို့သော် သူ့ကိုယ်သူ ဘယ်လိုပဲ အားပေးအားပေး၊ နော်မန်သည် သူ့လည်ချောင်းဝ၌ တစ်ဆို့နေသော၊ သူ့ခေါင်းထဲတွင် မူးဝေနေသော ခံစားမှုများကိုမူ ဖျောက်ဖျက်မရဘဲ ဖြစ်နေ၏။ အထူးသဖြင့် ရေချိုးခန်းထဲ ဝင်လိုက်သော အခါ၌ ဖြစ်ပါ၏။





ရေချိုးခန်း သမံတလင်းပြင်တွင် သားလှီးဓားကို သူ တွေ့၏။ သက်ပြင်း ချလိုက်ရပြန်၏။ သူသည် ဘာတစ်ခုမျှ မကိုင်မတွယ်ခင်မှာ သက်အိတ်ကို စွပ်လိုက်၏။ လက်ရာခြေရာ ကျန်မှာ ကြောက်တာထက် ကိုင်ရမည့် ပစ္စည်းများကို လက်ဖြင့်ထိရန် ကြောက်သည်က ပိုပါသည်။ ခေါင်းပြတ်ကြီးမှာ အဆိုးဆုံး ဖြစ်လေသည်။ သူသည် အသက်ကို အောင့်ထိုက်ပြီး အားလုံးကို သိမ်းကျုံးကာ ပတ္တာစုထဲ ထည့်လိုက်၏။ နောက် ထုပ်လိုက်လေသည်။

အထုပ် ထုပ်ပြီးသည့်တိုင် ရေချိုးခန်းကြီး တစ်ခုလုံးကို သန့်ရှင်းခင်ကြယ် ရှင်းလင်းရဦးမည် မဟုတ်ပါလား။ အေး၊ ပြန်လာခါမှ လုပ်တော့မယ်လေ။

အထုပ်ကို အသာချ၍ ကောင်မလေး လက်ကိုင်အိတ်ထဲမှ ကားသော့ကို ထုတ်ယူလိုက်၏။ နောက် အထုပ်ကို မ ၍ ကားဆီသို့ ရွှေ့သွားလေသည်။ သူသည် ချွေးပြန်နေ၏။ မောရ၍တော့ မဟုတ်ဟန်မတူ၊ ကြောက်၍ပဲ ဖြစ်ပေမည်။

နောက်တစ်ခေါက် အခန်းထဲ ပြန်ဝင်လာပြီး ရှာဖွေရာ ပထမ ခြေနင်းကို တွေ့သည်။ နောက် ခြေအိတ်၊ နောက် ဘရာစီယာ၊ နောက် အောက်ခံဘောင်းဘီတို့ကို တွေ့၏။ ထိရ ကိုင်ရသည်မှာ ခြေနင်းတို့၊ ခြေအိတ်တို့ကကိစ္စမရှိပါ။ ဘရာစီယာ၊ အောက်ခံဘောင်းဘီတို့ကို ထိရ ကိုင်ရသည်ကမူ ခက်လှပါသည်။

အကယ်၍ သူ့အစာအိမ်တွင် အစာနည်းနည်းများ ရှိနေလျှင် ပို၍ပြီး ပြန်ထွက်လာမည်မှာ သေချာ၏။ အကြောင်းအားလျော်စွာ သူ့အစာအိမ်တွင် အစာ လုံးဝ မရှိ။ သို့သော် ကြောက်စိတ်ကမူ ချွေးပြန်လာစေ၏။

ကဲ ဘာကျန်သေးသလဲ။ ဆံထိုး ဆံညှပ်မှအစ မိန်းမ အသုံးအဆောင်များကို စုပြီး သိမ်းလိုက်၏။ နောက် ပိုက်ဆံအိတ်ကို တွေ့သည်။ အမှန်ဆိုရလျှင် ပိုက်ဆံအိတ်ကို ဖွင့်၍ပင် မကြည့်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူ ငွေကို မလိုချင်ပေ။ သူ့အလုပ်မှာ သဲလွန်စ အားလုံးကို ဖျောက်ဖျက်ပစ်ရန်သာ ဖြစ်သည်။ များများစားစားကို မြန်မြန်ဆန်ဆန်ကြီး ဖျောက်ဖျက်ပစ်ဖို့သာ ရှိလေသည်။ အချိန်ရသခိုက်၊ ကံသာနေသခိုက်ကလေး ဖြစ်သည်။

သူသည် ပစ္စည်းအားလုံးကို ကားပေါ်သို့ တင်လိုက်၏။ နောက်အခန်းတံခါးကို လာပိတ်လိုက်သည်။ လမ်းမပေါ်သို့ နည်းနည်းလေး ထွက်လိုက်ပြီး ဘယ်ဘယ်ညာညာ ကြည့်လိုက်၏။ အားလုံး ရှင်းရှင်းလင်းလင်း ပါပဲ။

နော်မန်သည် မော်တော်ကားစက်ကို နှိုးလိုက်၏။ ရှေ့မီးကို ဖွင့်လိုက်၏။ သည်နေရာမှာ အရေးကြီးလှပေသည်။ ညအမှောင်တွင် မီးဖွင့်ရခြင်းမှာ အန္တရာယ်တစ်ခုပင် ဖြစ်လေသည်။ သို့သော် မတတ်နိုင်ပေ။ မီးမဖွင့်ဘဲ သည်ခရီးကို သွားပြီး သည်အလုပ်ကို လုပ်နိုင်မည် မဟုတ်ပေ။ သူသည် ကားကို ဖြည်းညင်းစွာ လမ်းဘေးသို့ ချလိုက်ပြီး ကွင်းပြင်ဘက်သို့ မောင်းလိုက်၏။

ကွင်းပြင်အစပ်ကို ကျော်သောအခါ မြက်ပင်များကို တွေ့ရ၏။ သည်လမ်းအိုကလေး တစ်ခုတွင် ကားဘီးရာကို တွေ့ရလေသေးသည်။ အမှန်က နော်မန်ကိုယ်တိုင် တစ်လ တစ်ခေါက်လောက် သူ့ကားနောက်တွင် ထရေလာချိတ်ပြီး ထင်းကောက်ရန် ထွက်လာတတ်သောကြောင့် ဖြစ်သည်။ သည်ဘက်မှာ ရွှံ့နွံတော ရှိ၏။

ဟုတ်သည်။ နက်ဖြန်တော့ သည်ဘက်ကို လာပြီး ထင်းကောက်ရပေဦးမှာပဲ။ ဒါမှ ယခု ကားဘီးရာများကို သူ့ကားဘီးရာများက ဖုံးလွှမ်းသွားပေမည် ဖြစ်၏။

အကယ်၍ အမေးအမြန်း ရှိလာလျှင် အဖြေပေးနိုင်အောင် ဖြစ်သည်။ အနာဂတ် ဆိုသည်က ဘယ်သူမှ ကြို၍ မပြောနိုင်ပေ။





လိုခဲ့ရင်ပေါ့လေ၊ ဖြေစရာများ လိုခဲ့ရင်ပေါ့။ ဒါပေမဲ့ သူ့ဘက်က ကောင်း ထောက်မမှုကလေးကလည်း ရှိနေပေဦးမည် ထင်ရဲ့။

ရွှံ့နွံတောအစသို့ ရောက်အောင် အတော် သွားရလေသည်။ နွံတောစကို ရောက်သည်နှင့် တစ်ပြိုင်နက် သူသည် ကားမီး ပိတ်လိုက်၏။ အမှောင်ထဲမှာပင် သူ လုပ်စရာ ရှိသမျှကို လုပ်ရမည် ဖြစ်သည်။ လွယ်တော့ လွယ်လှပေ။ ဆင်ခြေလျှောကလေးထိပ်မှာ ကားကို တင်ပြီး သူကိုယ်တိုင် အပြင်ထွက်ကာ ကားကို လိမ့်ချလိုက်၏။ ဆင်ခြေလျှောတွင် ကားဘီးရာ ဆိုတော့ ကျန်နေမှာပဲ။ သို့သော် နက်ဖြန်တော့ ရှင်းပစ်လျှင် ရတန်ကောင်း ရဲ့။

မော်တော်ကားသည် နွံထဲသို့ နစ်စပြုနေလေပြီ ဖြစ်၏။ ကားဘီးများ မြုပ်စ ဖြစ်နေပြီ။ နွံထဲမှ အမြှုပ်တစီစီ ထွက်လာ၏။ ကားသည် အလွန် နှေးကွေးစွာ မြုပ်နေ၏။

ကားကြီးတစ်စီးလုံး စုံးစုံးမြုပ်ပါ့မလား။

မြုပ်များ မမြုပ်ရင်တော့ ခက်လှချည့်ဟေ့။

သူ့အနေနှင့် ကားကို ဘယ်နည်းနှင့်မှ ပြန်၍ တင်နိုင်တော့မည် မဟုတ်ပေ။

သူသည် နွံတောအစ တောင်ပေါ်မှ ဆိတ်ငြိမ်စွာ ရပ်ရင်း စောင့်ကြည့်နေ၏။ ကြာလှချည့်ကလား၊ ကားသည် မမြုပ်ဘဲတော့ ရှိသည်မဟုတ်၊ မြုပ်တော့နေသည်၊ တစ်လက်မချင်း မြုပ်နေ၏။ နွံများသည် ကားဘီးများကို ကျော်လွန်ပြီး ကားတံခါးကို ရောက်နေပြီ ဖြစ်၏။ နောက် မှန်တံခါးသို့ ရောက်လာပြန်၏။ သူသည် နာရီပေါင်းများစွာ ကြာအောင် ရပ်နေရသည် ဖြစ်နေ၏။

တဖြည်းဖြည်းနှင့် ကားအမိုးသာ ကျန်တော့ရာမှ ရုတ်တရက် မြုပ်သွား၏။ အောက်မှ အသံတစ်ခုမှာ မြည်နေလေသည်။ "ဖွပ်" ဆိုသော အသံကြီး မြည်ရင်း ကားကြီးတစ်စီးလုံးသည် ရုတ်တရက် မြုပ်သွားလေသ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားလေပြီကော။ နွံတောအောက်သို့ လုံးဝ ကွယ်ပျောက်သွားလေပြီ ဖြစ်သည်။

နော်မန် ကိုယ်တိုင်လည်း နွံတော ဤအစတွင် ဘယ်ရွေ့ဘယ်မျှ နစ်သည်ကို မသိချေ။ နစ်သွားသော မော်တော်ကားသည် တစ်စထက်တစ် ဟိုအောက်သို့ နစ်သည်ထက် နစ်သွားပါစေ ဟုသာ နော်မန် ဆုတောင်းမိ ပါ၏။ ဘယ်သူမျှ မတွေ့ကြရအောင်လေ။

သူ ကျောခိုင်းလိုက်၏။ သည်အခန်းတော့ ပြီးလေပြီ တကား။ မော်တော်ကားသည် နွံထဲ၌ နစ်မြုပ် ပျောက်ဆုံးသွားချေပြီ ဖြစ်၏။ ပတ္တူထုပ် သည် ကားထဲမှာ ရှိ၏။ ပတ္တူထုပ်ထဲတွင် အလောင်း ရှိလေသည်။ သွေးစွန်း သော ခေါင်းကြီးရောလေ။

မဖြစ်ဘူး၊ သူ ဒီလိုတွေးနေလို့ မဖြစ်ပေဘူး။ သူ တွေးနေ၍ မဖြစ် ဘူး။ သူ့မှာ တခြား လုပ်စရာတွေ အများကြီး ရှိသေးသည်။

သူသည် တကယ်လည်း လုပ်စရာ ရှိသမျှကို လုပ်လိုက်၏။ တကယ့် စက်တစ်ခုလိုပဲ၊ အလိုအလျောက် အလုပ်လုပ်သော စက်တစ်ခုလိုပဲ လုပ်ပစ် လိုက်၏။ သူသည် ဆပ်ပြာရည်ပုံး၊ အဝတ်စုတ်၊ ဘရတ်ချ်၊ အားလုံးကို ယူလိုက်၏။ ရေချိုးခန်းထဲကို တစ်လက်မစီ ရှေ့၍ ပွတ်တိုက် သန့်စင်လိုက် ၏။ သူ့ခေါင်းထဲတွင် စူးရှားသော အနံ့ကြီးကြောင့် မူးနောက်နောက်ကြီး ဖြစ်နေ၏။ မတတ်နိုင်ပေ၊ လုပ်စရာ ရှိသမျှတော့ လုပ်မှသာ ပြီးပေမည်။

နောက် သူသည် အိပ်ခန်းနှင့် အိပ်ရာကို စစ်ဆေးပြန်၏။ ကံတရား သည် သူ့ဘက်မှာ ရှိနေပေသည်။ ကြည့်၊ နားကပ်တစ်ဖက်ကို အိပ်ရာ အောက်ထဲမှ တွေ့လိုက်သည်။ သူသည် ကောင်မလေး နားကပ်ပါသည်ကို လုံးဝ သတိမထားမိချေ။ ညနေက ဝတ်ထားသလားဟု စဉ်းစားကြည့်ရာ ခပ်ဝါးဝါးပင်။ သို့သော် ထားပါတော့၊ သူ မမြင်လိုက်တာဘဲလို့သာ။ ကောင် မလေး ခေါင်းခါလိုက်စဉ် လွင့်ကျတာပဲ ဖြစ်မည် ထင်ရလေသည်။

တစ်ဖက်ကော ဘယ်မှာပါလိမ့်၊ တစ်ဖက် သည်မှာရှိလျှင် ကျန်





တစ်ဖက်လည်း သည်နားမှာပင် ရှိပေမည်။ နော်မန့် မျက်စိများမှာ မှုန်ဝေသီ နေ၏။ ညှောင်းညာ ပင်ပန်းနေ၏။ သို့သော် မတတ်နိုင်ပေ။ သူ ရှာစရာ ရှိသည်ကိုတော့ ရှာရပေမည်သာ ဖြစ်၏။ အခန်းတစ်ခုလုံးသာ နံ့ပါလေရော။ ရှာမတွေ့ပေ။ ရှာမတွေ့သည့် အဆုံးတွင် အိတ်ထဲမှာလား၊ လက်ကိုင်အိတ်ထဲ မှာလား ပါသွားလေပြီဟုသာ ယူဆလိုက်ရလေ၏။

ကဲ ခုတော့ အိမ်မကြီးကို ရှင်းလင်းရန်သာ ကျန်ပါတော့ကလား။ ခံဖို့ချောင် လက်ဆေးကန်ကို ဆေးရဦးမည်လေ။

သူ ခန်းမဆောင်ကြီးရှေ့သို့ ဖြတ်လာသောအခါ၌ တိုင်ကပ်နာရီကြီး မှာ ၂ နာရီ ထိုးလုနေပြီ ဖြစ်၏။ သူသည် လက်ဆေးကန်တွင် ပေကျံသော သွေးများ ဆေးကြောပစ်ရင်း သူ့မျက်စိကို သူ အတော်အားခဲ၍ ဖွင့်ထားရ ၏။ မျက်ခွံများမှာ လေးလံလျက် ရှိလေပြီ။ နောက် သူသည် ခြေနင်းကို ချွတ်လိုက်၏။ အပေါ်အင်္ကျီရှည်ကို ချွတ်လိုက်ပြီး ဆေးကြောလိုက်ပြန်၏။ ရေမှာ ရေခဲလို အေးမြနေ၏။ သို့သော် သူ မသိချေ။ သူ့ကိုယ်လုံးသည် ပူနေသည်ထင့်။

နက်ဖြန်မနက်တော့ သူသည် အဝတ်အစားများပင် ဝတ်၍ နွံတော ဘက် သွားရပေဦးမည်။ ဒီတော့ ရွှံ့တွေ၊ ဖုန်တွေ ပေတာကတော့ အရေးမကြီး ပေ။ အရေးကြီးသည်က သွေးများ မပေကျံရန်သာ ဖြစ်သည်။ သူ့အဝတ် မှာလည်း သွေးမပေရန် လို၏။ အဝတ်များမှာတင် မဟုတ်သေးပေ။ သူ့ လက်၊ သူ့ခြေ၊ သူ့တစ်ကိုယ်လုံးတွင် သွေးစသွေးန မကျန်ရစ်ဖို့ အရေးကြီး လှပေ၏။

ထို့ကြောင့် သူသည် နောက်တစ်ထပ် ရေစင်စင် ဆေးပြန်လေသည်။ သူ့လက်များမှာ သန့်ရှင်းသွားပြီ ဖြစ်၏။ သူသည် ထုံကျဉ် ပန်းလျနေသော တစ်ကိုယ်လုံးကို လေးလံ တွဲဆွဲနေသော ခြေထောက်များနှင့် သယ်ယူသွား ပြီးလျှင် အိပ်ရာထဲသို့ ဗုန်းခနဲ လှဲချပစ်လိုက်ချင်သည်။ သူ့လက်များ ကဲ့သို့ တကယ်ပင် သန့်ရှင်းလျက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အိပ်ရာထဲသို့ ညဝတ်အကျႌဝတ်ပြီး လှဲချလိုက်သည်မှ သော်ငယ်သည်။ တစ်စုံတစ်ခုသည် မှားယွင်းနေဆဲ ဖြစ်ပါ၏။

အမေ ပြန်မလာသေးပါလား။

အမေသည် ရောက်တတ်ရာရာသို့ လျှောက်သွားနေဆဲ ဖြစ်သည်။ ဘုရားသခင်သာလျှင် အမေ ဘယ်မှာရှိသည်ကို သေချာစွာ သိမည်ဖြစ်၏။ အမေ ပြန်မလာသေးချေ။ သူသည် အိပ်ရာမှ ထ ပြီး၊ အဝတ်အစား ပြန်လဲပြီး အပြင်ထွက်၍ အမေ့ကို ရှာရပေဦးမည်လား။

လိုသလား ဟင်။

အတွေးများသည် ထုံကျဉ် ကိုက်ခဲမှုတို့နှင့်အတူ တစ်ကိုယ်လုံးမှာ စိမ့်တက်လာ၏။

အို ဒီလောက်တောင် မဟုတ်တာတွေ လုပ်ခဲ့တဲ့ အမေကို သူက ဘာလို့ အပန်းတကြီး ထွက်ရှာဦးမှာလဲ။ တစ်ယောက်ယောက်က အမေ့ကို တွေ့ပြီး ဖမ်းသွားတာများကော မဖြစ်နိုင်လေဘူးလား။ အမေကိုယ်တိုင်က ကော ရဲဌာနကို သွားပြီး ဖြောင့်ချက်ပေးနေတာကော မဖြစ်နိုင်ပေဘူးလား။ သို့သော် မည်သူက ယုံပါမည်နည်း။ သက်သေ သက္ခာရက ပြစရာမှ မရှိဘဲ။ သူ့တာဝန်ကတော့ အားလုံး ဘူးခံလိုက်ရုံသာ ဖြစ်သည်။ အမှန်ဆိုရလျှင် ဘူးခံဖို့ပင် လိုကောင်းမှ လိုပေမည်။ ဘယ်သူပဲဖြစ်ဖြစ် အမေပြောသော ဇာတ်လမ်းကို ကြားရလျှင် အမေ့ကို အရူးလို့သာ စွပ်စွဲမှာပါပဲ။ ဖမ်းပြီး အရူးထောင် ပို့လိုက်ကြမှာပဲပေါ့။ အရူးထောင်ကျတော့ အမေ့မှာ သူ့ဘာသာ သူ ဖွင့်ထွက်ပြီး လုပ်ချင်ရာ လုပ်နိုင်မယ့် သော့က ရှိမှာ မဟုတ်ဘူး။ ဒါဆိုရင် တစ်စခန်း သိမ်းတော့တာပဲပေါ့။

ဤအတွေးမှာ စောစောပိုင်းက သူ မတွေးဖူးသော အတွေး ဖြစ်သည်။ စောစောက အတွေးမှာ သည်လို မဟုတ်ပါ။ သို့သော် စောစောက အတွေးမှာ ရေချိုးခန်းထဲ မဝင်မီ၊ အလောင်းကြီးကို မမြင်ရမီက ဖြစ်ပါသည်။

အားလုံးကို စစ်တမ်းထုတ်လိုက်ရင် အမေ လုပ်တာပဲ။ သူ့ကို သည် ဒုက္ခတွေအားလုံး ပေးတာလည်း အမေပဲ။ အပြစ်မဲ့တဲ့၊ သနားစရာကောင်းတဲ့





ကောင်မလေးကို သတ်တာလည်း အမေပဲ။ သားလိုးဓားကြီး ယူပြီး ဖုက်ဆီး ဒြုတ်တောက် သတ်ဖြတ်ပစ်ခဲ့တာလည်း အမေပဲ။ တော်ရုံတန်ရုံ ဆိုးသွမ်းရုံနဲ့ မလုပ်တန်ကောင်းတဲ့ အရာကို အမေ လုပ်ခဲ့တာပဲ။ သူသည် အရှိကို အရှိ အတိုင်း မြင်ရမည်သာ ဖြစ်သည်။ အမေ ဆိုးလှသည်။ အမေနှင့် ထိုက်တန် သည်မှာ အရူးထောင်ထဲပဲ ဖြစ်သည်။ အမေ့ကို ကောင်းကောင်း လုံလုံခြုံခြုံကြီး သော့ခတ်ထားပါမှ ကျန်တဲ့လူတွေ အန္တရာယ်ကင်းမည် မဟုတ်ပါလား။ အမေ ကိုယ်တိုင်လည်း အန္တရာယ်ကင်းတာပေါ့။

တကယ်လို့ တစ်ယောက်ယောက်က အမေ့ကို တွေ့သွားတယ် ဆို ရင်တော့ အဖြေက ဒီအတိုင်းပဲ ရှိတာပဲ။

သို့သော် ဖြစ်နိုင်သည်များက အမေသည် လမ်းမဘက်ကို မသွားဘဲ နေကောင်းနေလိမ့်မည်။ လူသူလေးပါးနှင့် မတွေ့ဘဲလည်း ရှိကောင်းရှိနေ မည် ဖြစ်၏။ အမေသည် အိမ်ကြီးနားက လွဲရင် ဘယ်မှ မသွားဘဲ နေကောင်း နေမည် ဖြစ်သည်။ မပြောတတ်ဘူးလေ၊ အမေက သူ့နောက်ကို နောက် ယောင်ခံလိုက်ပြီး နွံတောဘက်ကို လိုက်ချင် လိုက်လာမှာပဲ။ အမှန်ကတော့ အမေ့ခေါင်းမှာ မှုမမှန်လေတော့ အမေ ဘာလုပ်ရမည် ဆိုသည်ကို ဘယ်လိုမှ တွေးဆမရဘဲ ဖြစ်နေ၏။ အမေ လုပ်ချင်ရာတွေ လုပ်ပြီး ဖြစ်ချင်တာတွေ ဖြစ်နိုင်တာပဲ။ အမေ နွံတောဘက် ရောက်ချင် ရောက်လာမှာပဲ။ အမှောင်ထဲ မှာ ဆိုရင် ပြန်တတ်ရန် ခက်ပါဘိသနှင့်။ မော်တော်ကား မြုပ်သွားသလိုပဲ မြုပ်သွားမှာပဲ။

တဖြည်းဖြည်းနှင့် နော်မန်သည် ဝိုးတဝါးမျှသာ မတွေးတော့ကြောင်း သူကိုယ်တိုင် သိ၏။ သူကိုယ်တိုင် အိပ်ရာထဲ လှဲနေသည်ဆိုသော အဖြစ်ကို လည်း ခပ်မှေ့မှေ့ချင် ဖြစ်နေ၏။ သူသည် အိပ်ရာပေါ်၌ ကြာမြင့်စွာ လှဲ လျောင်းနေသည်။ သူ့စိတ်ထဲ၌ ဘာလုပ်ရမည်ကို သဲကွဲစွာ ဆုံးဖြတ်နိုင်ခြင်း မရှိသေးပေ။ သူသည် အမေနှင့် ပတ်သက်၍ ဘာလုပ်ရမည်ကို ဆုံးဖြတ်၍ မရဘဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အမေ ဘယ်မှာ ရှိလိမ့်မည်ဟု စဉ်းစားနေသည်။

အမှန်တော့ သူသည် အမေ့ကို တသ်တသ်ကြည့်နေခြင်း ဖြစ်လေသည်။ သူသည် အမေ့ကို အခု မြင်လို့ရလေသည်။ သူ့မျက်ခွံများမှာ မျက်အိမ်ကို ပိတ်ထားသည့်တိုင်အောင် သူ အမေ့ကို မြင်နိုင်ပါ၏။

သူသည် အမေ့ကို မြင်နိုင်သည်။ အမေသည် နွံတော၌ နစ်နေ၏။ နစ်နေသမျှ ထွက်၍ ရုန်း၍ မရအောင် နစ်နေခြင်း ဖြစ်လေသည်။ အမြှုပ်များမှာ ပလုံစီထိုးရင်း အမေ့ ခြေထောက်နံဘေးမှ ထွက်နေ၏။ အမေသည် အမာခံ တစ်ခုခုကို သော်လည်းကောင်း၊ တစ်ခုခု ဆွဲစရာ ကိုင်စရာကို သော်လည်းကောင်း ရှာနေ၏။ အလကားပေ။ နင်းစရာ၊ ကိုင်စရာ၊ ဆွဲစရာသည် မရှိ။ အမေသည် တဖြည်းဖြည်း ပေါင်ရင်းမှ ခါးလယ်ထိ နစ်နေပြီ ဖြစ်၏။ အမှန်တော့ ကြည့်ရန် မကောင်းလှပေ။

သို့သော် သူ ကြည့်ချင်သည်။ အမေ တစ်စတစ်စနဲ့ စုံးစုံးမြုပ်သွားသည်ကို သူ ကြည့်ချင်ပေသည်။ အမေ ခံထိုက်လှပေသည်။ အမေသည် နွံထဲမှာ တစ်စပြီးတစ်စ စုံးစုံးမြုပ်သွားထိုက်လှပေသည်။ ဒါမှ အပြစ်ကင်းတဲ့ ကောင်မလေးနဲ့ တွေ့ရအောင်လေ။ ခဏကလေး အတွင်းမှာပဲ သူကတော့ အသတ်ခံရသူရော၊ သတ်သူရော စက်ကွင်းက လွတ်ကရောပေါ့။ အမေနဲ့ ကောင်မလေး မြုပ်စမ်းပါစေ၊ မြုပ်သွားစမ်းပါစေ။

အခုဆိုလျှင် နွံများသည် အမေ့ရင်ခေါင်းသို့ ရောက်နေပေပြီ ဖြစ်၏။ အမှန်တော့ သူသည် မတွေးချင်ပေ။ အမေ့ရင်သားများ နစ်မြုပ်နေခြင်းကို မတွေးချင်ပေ။ မြုပ်သွားလည်း အေးကရောပေါ့၊ နောက်လည်း တွေးစရာ မလိုတော့ဘူးပေါ့။

သို့သော် အမေ အသက်ကြီးစားရှုနေသည်ကို သူ မြင်ရ၏။ သူကိုယ်တိုင်လည်း အသက်ရှု ကျပ်လာ၏။ ဒါ အိပ်မက်ပဲ ထင်တယ်။ ဟုတ်တယ်၊ အိပ်မက်ပဲ ဖြစ်ရမှာပါပဲ။

ရုတ်တရက် အမေသည် မြေမာပေါ်၌ မတ်မတ်ကြီး ရပ်နေပြီး မြုပ်နေ





[...]ည်က သူကိုယ်တိုင် ဖြစ်နေလေ၏။ သူ့အလှည့်ကျတော့ ဘယ်လိုဘယ်လို [...]သိုက်သည် မသိ၊ လည်ပင်းထိပင် ရောက်နေပြီ ဖြစ်၏။

မည်သူ တစ်ဦးတစ်ယောက်မျှ ကယ်မည့်သူ မရှိပေ။ မြင်လည်း [...]ခြင်ပေ။ အမေက လက်ကမ်းမပေးခဲ့ရင်ပေါ့လေ။ သူသည် နွံထဲမှာ နစ်သွား[...]ခြင်ပေ။ အမေက လက်ကမ်းမပေးခဲ့ရင်ပေါ့လေ။ [...]ကို မနစ်မြုပ်ပေ။ မနစ်မြုပ်ရုံတွင် မကပါ၊ ကြောက်လည်း ကြောက်ပါ[...]သည်။

ကယ်နိုင်သည်မှာ အမေတစ်ယောက်တည်း ဖြစ်ပါသည်။ သူသည် [...]ထဲမှာ မနစ်ချင်ပါ။ နွံတွေက ပါးစပ်တွေ၊ မျက်စိတွေ၊ နှာခေါင်းတွေထဲသို့ [...]ည့်ကုပ် ဝင်လာမည်ကို သူ ကြောက်ပါသည်။ သူသည် ကောင်မလေး [...]ပ်သွားသလို မြုပ်မသွားချင်ပါ။ အသတ်ခံရခြင်းမှာ ကောင်မလေးကိုယ်နှိုက် [...] အကုသိုလ်များ၍ ဖြစ်လေမည်၊ ဒုစရိုက်များ၍ ဖြစ်ရပေမည်။

ကောင်မလေးသည် တမင်တကာပင် သူ့ရှေ့တွင် အဝတ်ချွတ်၍ [...]ယ်ဟန်ပြသလို လုပ်ခဲ့သေးသည် မဟုတ်ပါလား။ သူကိုယ်တိုင်ပင် ကောင်[...]လေးကို သတ်ပစ်ချင်စိတ် ပေါ်လာ၏။ အမေက အမြဲ ဆုံးမခဲ့သည် [...]ဟုတ်ပါလား၊ ဒုစရိုက်မှုမျိုးကို ဖျက်ဆီးပစ်ရမည် လို့။

[...]က၊ ဒီလိုဆိုတော့ အမေသည် သူ့ကို ဒုက္ခပေးခဲ့ခြင်း မဟုတ်ဘဲ [...]ကွယ်ခဲ့ခြင်းသာ ဖြစ်လေသည်ကော။ အမေ့ကို သူက ဘယ့်နှယ်လုပ်ပြီး [...]သစေလို ဖြစ်မှာတုံး။ အမေက မမှားဘူး။ အခုတော့ သူသည် ကလေးငယ် [...]လေးလို အမေ့အကူ လိုနေပြီ ဖြစ်၏။ အမေကလည်း သူ့အဖို့ လိုတာပဲ [...]ဖြစ်သည်။

ကြည့်၊ အမေဟာ စိတ်ဖောက်ပြန်နေသည့် ကြားကပင် သူ့ကို [...]သည်အတိုင်း ကြည့်နေမည် မဟုတ်။

နွံများမှာ သူ့လည်တိုင်ထိ ရောက်နေပေပြီ။ သူ့ပါးစပ် ဖွင့်လိုက်လျှင် နွံတွေ ပါးစပ်ထဲ ဝင်လာမည်မှာ သေချာ၏။ သို့သော် မတတ်နိုင်ပေ၊ [...]တွေ [...]င်ကာမှ ဝင်ပေရော့၊ သူ အော်ရမည် မဟုတ်လား။ သူ အော်မည်။



www.burmeseclassic.com

www.burmeseclassic.com



'အမေ... အမေ၊ ကယ်ပါဦး၊ ကယ်ပါဦး'

ရုတ်တရက်ပင် သူသည် နံ့တောထဲမှ လွတ်ထွက်လာပြီး အိပ်ရာ[illegible] သို့ ပြန်ရောက်လာလေ၏။ သူ၏ ကိုယ်လုံးများက ဇောချွေးများနှင့် နစ်[illegible]။ သူသည် အိပ်မက် မက်နေခြင်းသာ ဖြစ်ကြောင်း သူ သိပါ၏။ အိပ်[illegible] နံဘေးမှ သူ့အမေ၏ အသံကို မကြားခင် ကတည်းက ဖြစ်ပါသည်။

'အမေ ရှိပါတယ် သားရယ်၊ ဘာမှ မပူပါနဲ့။ အားလုံး ချောချော[illegible] မောမော ပါပဲ'

သူသည် သူ့နဖူးကို အမေက လက်နှင့်သပ်နေသည်ကို ခံစားရပါ၏[illegible] လက်များမှာ အေးစက်လျက်ရှိပြီး ထွက်နေသော ချွေးများကို တိတ်စေသလ[illegible] ပင်။ သူသည် မျက်လုံး ဖွင့်ကြည့်ချင်၏။ သို့သော် အမေက ပြောပါသည်[illegible]

'မပူပါနဲ့ သားရယ်၊ အိပ်မှာသာ အိပ်ပါ'

'ဒါပေမဲ့ အမေ့ကို ကျွန်တော် ပြောစရာရှိ...'

'အမေ သိပါတယ် သားရယ်၊ တစ်ချိန်လုံး အမေ စောင့်ကြည့်နေခဲ့တာပါ။ မင်းကိုများ တစ်ယောက်တည်း ပစ်ထားမယ်လို့ မင်း ထင်သလားဟင်၊ မထားပါဘူးကွယ်။ မင်းလုပ်သမျှတွေဟာ အမှန်တွေချည်းပါပဲ နော်မန်း အခုတော့ အားလုံး အဆင်ပြေ ချောမောသွားပါပြီကွယ်'

ဟုတ်ပေသည်။ ဒီအတိုင်း ဖြစ်မှာပေပဲပေါ့။ ဘယ်တော့ပဲဖြစ်ဖြစ် အမေသည် သူ့ကို စောင့်ရှောက်ဖို့ ရှိနေမှာပဲပေါ့။ သူကလည်း အမေ့ကို စောင့်ရှောက်ဖို့ ရှိနေမှာပဲပေါ့။

နော်မန်သည် အအိပ်၏ နယ်မြေတွင်းသို့ လွင့်မျောမသွားမီကလေးမှာပင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

တော်ပြီ၊ သူနှင့်အမေ ညက အဖြစ်အပျက်ကို ဘယ်တော့မှ မပြောတော့ဘူး။ အခုလည်း မပြောတော့ဘူး၊ နောင်လည်း မပြောတော့ဘူး။ ပြီးတော့ အမေ့ကို တခြားနေရာ ပို့ဖို့ဆိုတာလည်း ဘယ်တော့မှ စိတ်မကူးတော့ဘူး။ အမေ ဘာပဲလုပ်လုပ် အမေ့နေရာဟာ ဒီမှာပဲ၊ သူနှင့်အတူ ဒီမှာပဲ။





အင်း၊ အမေဟာ ရူးတယ်ဆိုတာလည်း ဟုတ်ချင်မှ ဟုတ်မှာပဲ။ သူသတ်သမကြီး ဆိုတာလည်း ဟုတ်ချင်မှ ဟုတ်မှာပဲ။

ကဲ ဟုတ်တော့ကော ဘာဖြစ်သလဲ၊ လောကကြီးမှာ သူ့အတွက် အမေတစ်ယောက်သာ တွယ်တာစရာ၊ အားကိုးစရာ၊ မှီခိုစရာ ရှိတော့တာ မဟုတ်ပါလား။ သူ လိုချင်သမျှ၊ တောင့်တသမျှဟာလည်း အမေ တစ်ယောက်တည်းပဲ မဟုတ်လား။ ဒါပဲ။

ခုတော့ သူ့နံဘေးမှာ အမေရှိတယ် ဆိုတာကို သိရတာနဲ့ပဲ သူ အေးဆေးစွာ အိပ်နိုင်ပြီ ဖြစ်ပါသည်။

နော်မန်သည် တွန့်လိုက်၏။ လှိမ့်လိုက်၏။ မှောင်ကြီးမည်းသော အမှောင်ထုကြီးထဲသို့ တအိအိနှင့် နစ်မြုပ်သွားလေတော့၏။

[ ခြောက် ]

သောကြာနေ့ ညနေ ၆ နာရီ ထိုးလျှင်ထိုးချင်း အလွန်ကံကောင်းသော ဘိုက်ဆိုင်မှုကလေးတစ်ခု ဖြစ်လေသည်။

အော်တိုရိုနီရီစပင်ဂီသည် ဖဲယားဗဲ မြို့ကလေးရှိ စတိုးဆိုင်လေး၏ နောက်ဖေးခန်းကလေးတွင် သူ၏ ကျော်ကြားလှသော "ဘရာဇီလမ် ခံစားမှုများ" ကို တီးမှုတ်နေလေ၏။

အော်တိုရိုနီ ဆုံးပါးသည်မှာ ကြာလှပြီ ဖြစ်ပါ၏။ သူ၏ ဆင်ဖိုနီ တေးများမှာလည်း မိုင်ပေါင်း ဝေးလံလှစွာသော အရပ်မှ တီးမှုတ်နေခြင်း ဖြစ်ပါ၏။

သို့သော် ဆမ်လူးမစ်သည် သူ၏ သေးငယ်သော ရေဒီယိုကလေးကို ဖွင့်လိုက်ရုံနှင့်ပဲ ဂီတ၏ အနိမ့်အရှိုင်း၊ အတက်အမြင့်တို့ကို အပြည့်အဝ ရရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များ ကံကောင်း တိုက်ဆိုင် ထူးခြားလှပါသလဲ။

ဆမ်သည် သူတစ်ယောက်တည်း မဟုတ်လျှင် ဘယ်လောက်များ ကောင်းလိုက်မလဲဟု တွေးမိ၏။ အံ့မခန်း ကံကောင်းခြင်းဆိုတာက ဝေမျှ ခံစားရဖို့ပဲ။ ဂီတဆိုတာကလည်း ဝေမျှ ခံစားရသော အရသာ တစ်မျိုးပဲ။

သို့သော် ဖဲယားဗဲ တစ်မြို့လုံးကမူ ဂီတကို လည်းကောင်း၊ တိုက်ဆိုင် ကံကောင်းမှုကို သော်လည်းကောင်း မထီမဲ့မြင် မသိသလို လုပ်နေ၊ စိတ်မဝင်စားသလို လုပ်နေကြ၏။ ဂီတဆိုသည်ကို သူတို့က ရေဒီယို ဖွင့်လိုက်လျှင်၊ ရုပ်မြင်သံကြား ဖွင့်လိုက်လျှင်၊ ဓာတ်ပြားစက်တွင် ဆယ်ပြားစေ့ကလေး ထည့်လိုက်လျှင် ထွက်ခြင်းမျိုးပဲဟုသာ နားလည်နေကြ၏။ ဖွင့်လိုက်ပြန်တော့လည်း အရှုးချီးပန်း ရော့အင်ရိုးမျိုး ကာလပေါ်တွေလေ။ တစ်ခါတလေများ နည်းနည်းရှည်တဲ့ သီချင်းကြီးတွေ လာပြီဆိုလျှင် အပြေးအလွှား ပိတ်လိုက်ကြတာပဲ။ ပြောမှာပေါ့လေ၊ မင်းတို့ အော်တိုရီနီ။ ဘာကွယ့်၊ အေး သူ့ဂီတက ဘယ်လောက်များ ကောင်းလို့လဲ။

ဆမ်သည် ပခုံးတွန့်လိုက်၏။ မတတ်နိုင်ပေ။ သူသည် အခြေအနေအားလုံးကို မကျေမနပ် ဖြစ်နေခြင်း မဟုတ်ပါ။ အေးလေ၊ မြို့သိမ် မြို့ငယ်လေးတွေ ဆိုတာက ဒီလို ကာလပေါ်လေးတွေပဲ ကြိုက်တတ်ကြတာပဲပေါ့။ သူတို့အပေါ် ကိုယ့်အကြိုက် ဖြန့်ဖြူးလို့ ဘာများ ထူးမှာလဲ။ သူတို့က ကိုယ့်အကြိုက်ကို မနှောင့်ယှက်ရင် တော်ရောပေါ့လေ။

ဆမ်သည် သူ၏ လယ်ဂျာစာအုပ်ကို ယူ၍ နောက်ဖေးခန်းစားပွဲကို ရွှေ့လိုက်၏။

နောက်ဖေးခန်းကလေးမှာ ကျဉ်းမြောင်းလှပေသည်။ လူတစ်ယောက် အပြင် နှစ်ယောက်ဆိုလျှင်ပဲ ဖင်မလှည့်သာ၊ ခေါင်းမလှည့်သာသော နေရာကလေး ဖြစ်သည်။ သို့သော် မကြာတော့ပါဘူးလေ။ အခုပုံအတိုင်း လုပ်ငန်း ဖွံ့ဖြိုးနေပုံနဲ့ ဆိုရလျှင် မကြာတော့ပါဘူး။





စာအုပ်ထဲမှ ဂဏန်းများကို တစ်ချက် မြန်မြန်ကလေး ကြည့်လိုက်ရုံနှင့်ပင် သူ့အတွေးသည် မှန်ကန်ကြောင်း သေချာသွားလေ၏။

သူသည် ထုတ်လုပ်ကုန်များ အပေါ်၌ စစ်ဆေးရန် တာဝန်ရှိသေးသည်ကတော့ အမှန်ပင် ဖြစ်ပေသည်။

အားလုံးခြုံ၍ ကြည့်လိုက်လျှင် ဘယ်နည်းနှင့်ဖြစ်ဖြစ် သည်တစ်လဘာရင်းပိတ်လျှင် ကြွေးတစ်ထောင်တော့ ကောင်းကောင်းကြီး ဆပ်နိုင်ပေဦးမည်သာ ဖြစ်လေသည်။

အားလုံး ပေါင်းလိုက်လျှင် အရောင်းပါးသော၊ ရာသီချိန်မကျသော ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ ဖြစ်လျှင်ပင် သူ ကြွေးသုံးထောင် ဆပ်နိုင်ပြီ ဆိုသည့် သဘောပင်။ ဧပြီလ မတ်လ ဖြစ်ပြီး ပြန်ခြောက်လက အရောင်းကျသော ခြောက်လ ဖြစ်ပေသည်။

ဆမ်သည် လုင်မြန်စွာ တွက်ချက်၍ စာရွက်လွှတ် တစ်ခုပေါ်၌ ဘာရင်းများကို ရေးချ စစ်ဆေးလိုက်၏။

ဟုတ်ပေသည်။ သူ့အခြေအနေမှာ ကောင်းမွန်ဆဲ ဖြစ်ပေသည်။

အခြေအနေ ကောင်းမွန်ခြင်းက သူ့စိတ်ကို ချမ်းသာစေလေသည်။

သြော် သူ စိတ်ချမ်းသာရသည် ဆိုလျှင် မေရီလည်း စိတ်ချမ်းသာသင့်မည်သာ ဖြစ်သတည်း။

မေရီ စိတ်ချမ်းသာဖို့က အထူးလိုအပ်ပါသည်။

ခု အတောအတွင်း မေရီထံမှလာသော စာများမှာ စိတ်အားလျော့သံများ ပါသည်။

မေရီ ကောင်းစွာ စိတ်ချမ်းသာပုံ မပေါ်ပေ။ မေရီသည် စိတ်မချမ်းသာလျက်ကပင် သူ့အပေါ်၌ စာကြွေးတင်နေအောင် စာတွေ ရေးခဲ့ပေသေးသည်။

သူ စာမပြန်ဖြစ်သည်က နည်းနည်းကြာသွားသည်။

သို့သော် ပြီးခဲ့သော သောကြာနေ့ကမူ သူ စာရေးလိုက်ပါ၏။

မေရီထံမှ ပြန်စာတော့ မရရှိသေးချေ။ စာရေးရန် ဝန်မလေးသော မေရီက စာမပြန်ခြင်းမှာ နေထိုင်မကောင်း၍ လေလားပဲ။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးပါဘူးလေ။ နေထိုင်မကောင်းရင် သူ့ညီမ လိုင်လာဆီက ဖြစ်ဖြင်း အကျိုးအကြောင်း စာကလေးတစ်ကြောင်း၊ နှစ်ကြောင်းတော့ လာရမှာပေါ့။ ဖြစ်နိုင်သည်မှာ မေရီသည် စိတ်အားလျော့၍ နေကောင်းနေမည်ဖြစ်သည်။

အားငယ်ပြီး စိတ်ဓာတ်ကျနေတာမျိုး ဖြစ်ချင် ဖြစ်ပေမည်။

အကယ်၍ မေရီ စိတ်ဓာတ်ကျသည် ဆိုလျှင်လည်း အပြစ်တင်ရန် ခက်ခဲလှပါ၏။

ကျမည် ဆိုလျှင်လည်း ကျလောက်စရာ ဖြစ်သည် မဟုတ်ပါလား။

စောင့်ဆိုင်းရသည့် အချိန်ကလည်း မနည်း။ ပင်ကလည်း ပင်ပန်းပါဘိသနှင့်။

ဟယ် မတတ်နိုင်ပါဘူး၊ တခြားလမ်းမှ မရှိဘဲဟာ။ သူကိုယ်တိုင်ကလည်း စောင့်နေရတာပဲ မဟုတ်လား။

ဒီလို မြေကြွက်လိုနေ၊ ဂျူးလိုစုပြီး စောင့်ရတာဟာ လွယ်တာ မဟုတ်တာတော့ အသေအချာပါပဲ။

သို့သော် တခြားလမ်း မရှိတော့တဲ့အတူ ဒီတစ်နည်းတည်းသောလမ်းကို ဖက်တွယ်ထားရုံမျှ ဘာမှ မရှိတော့ပေ။ မေရီလည်း နားလည်ပါတယ်။ နားလည်လို့လည်း စောင့်နေဖို့ သဘောတူခဲ့တာပေါ့။

တစ်ခုတော့ ရှိတယ်။ မေရီ့ကို ဒီအတိုင်း ထားတာကတော့ မမှန်ဘူးထင်တယ်။

နောက်အပတ်လောက်ကျရင် အလုပ်က ၂ ရက်၊ ၃ ရက် လစ်ပြီး မေရီကို ပြေးတွေ့ အားပေးဖို့တော့ ကောင်းပြီ ထင်တယ်။

တိတ်တိတ်ကလေး၊ ဘာမှ ကြိုတင်အသိမပေးဘဲနှင့် ဘွား ဆိုပြီး မေရီ့ရှေ့မှာ သွားရပ်လိုက်ရင် မကောင်းဘူးလား။ မေရီလည်း အားတက်ဆရာမှာပေါ့။

ဟုတ်တယ်၊ ဒီလို ဘာလို့ မလုပ်နိုင်ရမှာလဲ။ လုပ်ငန်းကလည်း





အဝယ်ကျတဲ့ ရာသီမှ မရောက်သေးတာ။ ပြီးတော့ ဘော့နဲ့ လွဲခဲ့လို့ ဘော့က စိတ်ချရသားပဲ။

ဆမ်သည် သက်ပြင်းချလိုက်၏။

ရေဒီယိုမှ ဂီတသံသည် တစ်ခန်းလုံး လွှမ်းခြုံလျက်သား ရှိလေ၏။

တယောဝိုင်းကြီး တစ်ခုလုံး အပြိုင် စုကာ တီးနေသဖြင့် တယောသံမှာ မငြိမ်ဘဲ ဟိန်း၍ ထွက်နေသည်။

သည်အပိုဒ်မှာ "မြွေဥယျာဉ်နန်း" မှ ဖြစ်ပေလိမ့်မည်။

ဟုတ်သပေါ့။ သူ ကောင်းကောင်းမှတ်မိတာပေါ့။

ချုံပုတ် အစပ်ကလေးတွေကို လေတိုး၍ ရွေ့သွားသံလေးတွေ၊ မြက်ခင်းပြင်ရဲ့ကြားမှ အေးမြခြင်းတွေ၊ တရွေ့ရွေ့ သွားခြင်းများတွေလေ။ မြွေတွေပေါ့။

သြော် မြွေတွေဆိုလို့ မေရီသည် မြွေများကို ကြောက်ရွံ့ပေသည်။ စင်စစ် မေရီသည် မြွေကိုသာ ကြောက်ရွံ့သည် မဟုတ်သေး။ ယခု သူဖွင့်နေသည့် သီချင်းကြီးများကိုလည်း ကြိုက်နှစ်သက်ခြင်း မရှိပါချေ။

တစ်ခါတစ်ရံတော့ ဆမ်သည် အတွေးနစ်မိပါ၏။ သူတို့နှစ်ဦး ရှေ့ရေးအတွက် လက်ထပ်ကြမည်ဟု စီစဉ်ခြင်းသည် မှန်မှ မှန်ရဲ့လားဟု။ တကယ့်တကယ်လည်း သူနှင့် မေရီတို့မှာ တစ်ဦးသဘော တစ်ဦး နှိုက်နှိုက်ချွတ်ချွတ် ဘာမျှ သိခွင့်၊ စုံစမ်းခွင့် မရကြသော အချိန်တိုကလေးတွင် ချစ်ကျွမ်းဝင်ခဲ့ကြခြင်း ဖြစ်ပေသည်။ အသွင်မတူ အိမ်သူမဖြစ် ဆိုသည့် စကားပုံကို ဘာမှ မညှိနိုင်းလိုက်ရသေးခင်မှာဘဲ ဖြစ်နေသည်။

သူတို့သည် သင်္ဘောပေါ်မှာ တွေ့ကြ၊ ချစ်ခဲ့ကြခြင်းသာ ရှိပေသည်။ မနှစ်ကတော့ မေရီသည် ဖဲယားဗဲသို့ လာခဲ့ပါ၏။ သူတို့နှစ်ဦးသည် အတူတကွ နေခဲ့ကြသည် မရှိပါ။

သူတို့နှစ်ဦး၏ တစ်ခုတည်းသော အဆက်အသွယ်မှာ ဤမျှသာ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာ[illegible] သည် မှားယွင်းချက်များလားဟု ဆမ်သည် တစ်ခါတစ်ရံ တွေး၏။

အကြောင်းမှာ ဆမ်သည် စာများထဲတွင် သူ မသိသော၊ သူ [illegible]သော နောက် မေရီတစ်ဦးကို တွေ့နေရသောကြောင့် ဖြစ်သည်။

ဘာထဲမှာ မေရီသည် အရာရာကို အတေးအငြိုးများဖြင့် မှတ်သားနေသလိုလို၊ ဝန်ကျင်ကိုပင် မယုံမရဲနှင့် မကျေမနပ် ဖြစ်သလိုလို၊ အရာရာကို စိမ်းစိမ်း တုံ့ပြန်တတ်သလိုလိုလေ။

ဆမ်သည် ခေါင်းခါပြီး အတွေးရပ်ပစ်လိုက်၏။ သူ ဘာတွေ တွေးနေတာတုံး။ ဘာလဲ၊ ဂီတလှိုင်းကြောတွင် နစ်မျောပြီး တွေးချင်ရာ တွေးနေမိတာပဲလား။ မေရီနှင့် ပတ်သက်လျှင် သူ သည်လို မတွေးသင့်ဟု ထင်သည်။ ထိုအခိုက် သူ့နားထဲ၌ အသံတစ်ခု ဝင်လာသည်။ တစ်ခုခုပဲ၊ ဘာမှု မသဲကွဲသော်လည်း တစ်ခုခုပါပဲ။

ဆမ်သည် ကုလားထိုင်ကို နောက်တွန်းလိုက်ပြီး နေရာမှ ထလိုက်၏။

ခုတော့ သူ ကောင်းကောင်းကြားပါပြီ။ အိမ်ရှေ့တံခါးကို ခပ်ဖြည်းဖြည်း ဆွဲလှုပ်နေသံ ဖြစ်ပါသည်။ ဒါပါပဲ၊ တစ်စုံတစ်ယောက်သည် အိမ်ရှေ့တံခါးဖုကို လှည့်ပြီး ဆွဲယမ်း လှုပ်နေခြင်း ဖြစ်လေသည်။

စတိုးဆိုင်သည် ညပိုင်းရောက်ပြီမို့ ပိတ်ထားပြီး ဖြစ်ပါ၏။ ကြည့်ရသည်မှာ ခရီးသွား ဧည့်သည်တစ်ဦးဦးပဲ ထင်သည်။ ဒါကြောင့်သာ သည်လို လုပ်တာပေါ့။ မြို့ထဲကသာ ဆိုလျှင်တော့ သူ ဆိုင်ပိတ်ပြီဆိုတာ သိနေသားပဲဟာ။ တစ်ခုခု လိုချင်တယ် ဆိုတောင်မှ သူတို့က ဖုန်းအလုင်ဆက်မှာပေါ့။

ကဲလေ မတတ်နိုင်ပါဘူး၊ အလုပ်ဟာ အလုပ်ပဲပေါ့။ ဘယ်က ဈေးဝယ်ပဲလာလာ သူ့အနေနဲ့ ဖွင့်ပေးရမယ့် တာဝန်ကတော့ ဖွင့်ပေးရုံပဲပေါ့။ ဆမ်သည် ဆိုင်ထဲသို့ ဝင်လိုက်၏။ ရှေ့က ချထားသော နေကာ





ဘာ်ရှက်ကို တစ်စုံတစ်ယောက် လှုပ်နေသည်ကို သူ ကြားနေရ၏။ တံခါးကို လှုပ်နေသဖြင့် အနားမှာရှိသော အိုးတွေ၊ ခွက်တွေပါ လှုပ်ခါနေလေသည်။

နည်းနည်း အရေးကြီးပုံပဲ။ ဈေးဝယ်ကြည့်ရတာ ကလေးတွေ ကစားခတဲ့ အခန်းထဲက မီးသီး ကျွမ်းသွားပြီ ထင်တယ်။

ဆမ်သည် သူ့အိတ်ထောင်ထဲမှ သော့ကို ယူလိုက်ပြီး အော်လိုက်၏။

'လာပြီဗျို့၊ တံခါးဖွင့်နေပြီ'

သော့ကို သော့ပေါက်ထဲ ထည့်လိုက်ပြီး လှည့်ဖွင့်လိုက်၏။ သော့တံကို မချွတ်တော့ဘဲ တံခါးကို ဆွဲဖွင့်လိုက်၏။

မိန်းကလေးတစ်ဦးသည် တံခါးဝ၌ ရပ်နေ၏။ ကောင်မလေးသည် ခပ်ဝေးဝေးမှ လမ်းမီးရောင်နှင့် သူ့ဆိုင်ထဲ အတွင်းပိုင်းမှ မီးရောင်တို့အကြား ဘွင် ခပ်ဝါးဝါးလေး မြင်ရရုံ ရပ်နေ၏။ ရုတ်တရက် မှတ်မိလိုက်သော အတွေးသည် သူ့တစ်ကိုယ်လုံး တုန်လှုပ် ချောက်ချားသွားစေ၏။ သူသည် အလုင်အမြန်ပင် အပြင်ထွက်ပြီး၊ မိန်းကလေးကို ပြေးဖက်လိုက်ကာ သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်၏။

'မေရီ'

သူသည် မိန်းကလေး၏ ခေါင်းကို သူ့ရင်ထဲ ထိုးသွင်းထားရင်း ရင်ခေါင်းထဲမှ ခေါ်သံ ထွက်လာ၏။ နောက် မိန်းကလေး၏ မျက်နှာကို ရုတ်တရက် ဆွဲမော့လိုက်၏။ သူ့နှုတ်ခမ်းများသည် မိန်းကလေး၏ နှုတ်ခမ်းများကို လျှင်မြန်စွာ ရှာဖွေ တွေ့ရှိသွားသည်တွင် ဝမ်းသာသော၊ ပျော်ရွှင်သော အနမ်းတစ်ခုသည် ဖြစ်ပေါ်သွားလေ၏။

မိန်းကလေး၏ တုံ့ပြန်မှုမှာ တောင့်တောင့်ကြီး ဖြစ်နေ၏။ နောက် သူ့ရင်ဘတ်ကို လက်ဖြင့်တွန်း၍ သူ့ထံမှ ထွက်ခွာနေ၏။ အလို … ဘာဖြစ်ပါလိမ့်။

'ကျွန်မ မေရီ မဟုတ်ဘူးရှင့်၊ လိုင်လာ'

'ဘုရားသခင်'



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရုတ်တရက် နောက်ဆုတ်လိုက်၏။

'လိုင်လာ... ဟုတ်လား၊ မေရီ့ ညီမလေးလား'

ကလေးမသည် ခေါင်းညိတ်လိုက်၏။ ထိုအခါမှပင် သူသည် ကလေးမကို အသေအချာအကဲခတ်မိတော့သည်။ မီးရောင်သည် မိန်းကလေး၏ ခေါင်းပေါ်သို့ တစောင်းစွေစွေ ကျနေ၏။ ဆံပင်မှာ အညိုရောင် ဖြစ်လေသည်။ မေရီ့ ဆံပင်ထက် အရောင်ဖျော့ပါ၏။ ယခုတော့ သဲကွဲပါပြီ။ မျက်နှာလေးသာ တူတာပါ၊ အသေးစိတ်များ မတူကြပါ။ ကိုယ်လုံးကိုယ်ထည်ကလည်း မေရီထက် သေးပြီး နည်းနည်း ပိန်ပုံ ရလေသည်။

'ကျွန်တော် ဝမ်းနည်းပါတယ်၊ မီးရောင်က မှိန်နေတာနဲ့...'

'ကိစ္စမရှိပါဘူးလေ'

လိုင်လာ၏ အသံမှာ တိုး၍ ပျော့နေ၏။

'ကဲ လာ၊ အတွင်း ဝင်လေ'

'ဟုတ်ကဲ့'

လိုင်လာသည် တွန့်ဖွင့်၏။ သူ့နံဘေးသို့ လှည့်ကြည့်မိ၏။ ဆမ်သည် လိုင်လာ့နံဘေးသို့ ကြည့်လိုက်ရာ လက်ဆွဲအိတ်တစ်လုံးကို မြင်၏။

'ကဲ လာလေ၊ အိတ်ကို ကျွန်တော် ဆွဲခဲ့မယ်'

ဆမ်သည် အိတ်ကို ယူလိုက်ပြီး လမ်းဖယ်ပေးလိုက်၏။ နောက်ဆိုင်ထဲက မီးကို ဖွင့်လိုက်လေသည်။

'ကျွန်တော့်အခန်းက နောက်ဘက်မှာ။ ကဲ လာ လာ၊ ကျွန်တော့်နောက်ကို လိုက်ခဲ့'

လိုင်လာသည် ဆမ်၏နောက်သို့ ဖြည်းညင်းစွာပင် လိုက်လာခဲ့လေသည်။ သူ ဘာမှ စကားတစ်ခွန်း မဟာပေ။ အော်တိုရီနို၏ ဂီတသံမှာလည်း အခန်းထဲတွင် ပျံ့လွင့်နေဆဲ ဖြစ်ပါ၏။ အခန်းထဲသို့ ရောက်သောအခါ ဆမ်သည် ရေဒီယိုခလုတ်ကို ပိတ်မည်ပြုသည်တွင် လိုင်လာက လက်ဆန့်ကာ တားရ၏။





'နေပါဦး၊ ဘယ်သူ့ဝိုင်းလဲလို့ ကျွန်မ စဉ်းစားနေတာပါ'

လိုင်လာသည် ခေါင်းကို ဆတ်လိုက်၏။

'ဗီယာလိုဘိုး ထင်ပါရဲ့'

'အော်တိုရီနိုလေ၊ ဘရာဗီယမ် ခံစားမှုများ တေးသွားပေါ့ဗျာ'

'အို ... ကျွန်မတို့မှာ မရှိသေးဘူး'

ထိုအခါမှ ဆမ်သည် လိုင်လာတစ်ယောက် ဓာတ်ပြားရောင်းဆိုင်ဘစ်ခုတွင် အလုပ်လုပ်ကြောင်း မှတ်မိ သတိရလေသည်။

'ကျွန်တော် ဆက်ဖွင့်ထားရမလား ဟင်၊ ဒါမှမဟုတ် စကားပြောလား ဟင်'

'ပိတ်လိုက်ပါလေ၊ စကားပဲ ပြောကြပါစို့'

ဆမ်သည် ခေါင်းကို ဆတ်လိုက်ပြီး ပိတ်လိုက်၏။ နောက် လိုင်လာကို ထိုင်ခိုင်းလိုက်ပြီး စကားစ၏။

'ထိုင်လေ၊ ကုတ်အင်္ကျီလေး ဘာလေး ချွတ်ထားပါဦးလား'

လိုင်လာသည် ထိုင်လိုက်၏။

'ကျေးဇူးပါပဲရှင်၊ ကျွန်မ ဒီမှာ ကြာကြာနေလို့ ဖြစ်မယ် မထင်ဘူး။ မိုးမချုပ်ခင် နေဖို့ အခန်းငှားရဦးမယ်'

ဆမ်က ခေါင်းညိတ်၏။

'အလည်လာတာပဲလား၊ ဘယ်လောက်ကြာကြာ နေမှာလဲ'

'ဟုတ်ကဲ့၊ တစ်ညအိပ်လောက်ပါပဲ။ နက်ဖြန်မနက်ကို ပြန်ချင်တယ်။ အလည်သက်သက်တော့ မဟုတ်ပါဘူး၊ အစ်မကို လိုက်ရှာတာ'

'ဘာ ... ဘယ်သူ့ကို'

'မေရီကိုလေ'

'ဟင် မေရီ၊ ဟုတ်လား'

ဆမ်သည် ငေး၍ ကြည့်လိုက်၏။

'နေပါဦး၊ မေရီက ဒီမှာ ဘာလာလုပ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



လိုင်လာသည် ဆမ်၏ မျက်နှာကို သေသေချာချာ ကြည့်၏။

'ဒီအဖြေကိုတော့ ရှင်က ပြောလိမ့်မယ် ထင်နေတာ'

ဆမ်သည် တွန့်သွား၏။

'ဘယ့်နှယ်လုပ်ပြီး ပြောနိုင်မှာလဲ၊ မေရီမှ ဒီမှာ မရှိတာ'

လိုင်လာသည် ရှေ့ကို တိုးလိုက်၏။

'ဒီအပတ်ထဲမှာ စောစောရက်များကလေ။ မေရီ ဒီမှာ မရှိဘူးလား'

ဆမ်က ခေါင်းယမ်းလိုက်၏။

'မေရီ ဒီမှာလား၊ မရှိပါဘူး။ ကျွန်တော် မေရီ့မျက်နှာကို မမြင်ရတာ တောင် ကြာပြီပဲ။ မနှစ် နွေတုန်းက တစ်ခေါက်လာဖူးတာပဲ ရှိတယ်'

ဆမ်သည် တစ်စုံတစ်ခုကို မတင်မကျ ဖြစ်နေ၏။

'နေပါဦး လိုင်လာ။ ဘာလဲ၊ မေရီ ဘာဖြစ်လို့လဲဟင်။ အခု လိုင်လာ လိုက်လာတာက ဘာအဓိပ္ပာယ်လဲ'

လိုင်လာလည်း တွေသွား၏။

'ကျွန်မလည်း အဲဒါကို သိချင်တာပါပဲ ရှင်ရယ်'

လိုင်လာသည် ဆမ်၏ အကြည့်ကို ရှောင်၍ မျက်လွှာချထားလိုက်၏။ ခေါင်းကို အောက်ငုံ့ထားလိုက်ပြီး လက်များကို ကြည့်နေလိုက်သည်။ လိုင်လာ၏ လက်များမှာ အကြောင်းမဲ့ ပွတ်သတ်နေကြလေသည်။ မြွေစိမ်းလေး နှစ်ကောင် တွန့်လိမ်လျက် ရှိသည့်နှယ်။

ပို၍လင်းသော မီးရောင်အောက်တွင် လိုင်လာ၏ ဆံပင်မှာ ညိုခြင်း မဟုတ်၊ ရွှေရောင်ရင့်ရင့် ဖြစ်သည်ကို ဆမ် သတိပြုမိလေသည်။ လိုင်လာသည် မေရီနှင့် ကကယ့် တကယ်မှာကား လုံးဝ မတူပေတကား။ လိုင်လာသည် သီးသန့် တသီးတခြား မိန်းကလေးတစ်ယောက် ဖြစ်သည်။ စိတ်မချမ်းသာသော၊ တုန်လှုပ်ချောက်ချားနေရှာသော မိန်းကလေး တစ်ယောက်ပါပဲ။

ဆမ်သည် စကား စ ရလေသည်။

'အကျိုးအကြောင်း ကျွန်တော့်ကို ပြောသင့်ပြီ ထင်ပါတယ်'





လိုင်လာသည် ဆတ်ခနဲ ခေါင်းမော့လာ၏။ လိုင်လာ၏ အညို[illegible]င် မျက်လုံးအစုံသည် ဆမ်၏ မျက်နှာပြင်ပေါ်တွင် တစ်စုံတစ်ခု တွေ့နိုးနိုး [illegible] ရှာဖွေလိုက်၏။

'မေရီ ဒီမှာ မရှိဘူးဆိုတာ ရှင် ညာတာ မဟုတ်ပါဘူးနော်'

ဆမ်၏ မျက်နှာသည် တည်ငြိမ်လာ၏။

'ကျွန်တော် မညာပါဘူး၊ ကျွန်တော် ပြောတာ အမှန်တွေချည်းပါပဲ။ [illegible]ကယ်ဆိုရင် ကျွန်တော် မေရီ့ဆီက စာမရတာတောင် တစ်ပတ်နှစ်ပတ် [illegible]လို့ ကျွန်တော် စိတ်အတော်ပူနေတာ။ ဒီလိုဖြစ်နေတုန်း ခင်ဗျား ဖြုန်းခနဲ [illegible]က်ချလာပြီးတော့…'

ဆမ်သည် စကားနှင်နေသလို ဖြစ်နေပြီးမှ–

'ကျွန်တော့်ကို ပြောစမ်းပါ၊ မေရီ ဘာများ ဖြစ်နေပြီလဲ'

လိုင်လာသည် နှခေါင်းဆတ်လိုက်၏။

'အင်း ရှင့်ကြည့်ရတာ လိမ်နေပုံတော့ မရပါဘူး၊ ကျွန်မ ယုံပါပြီ။ [illegible]မဲ့ ပြောစရာကတော့ များများစားစား မရှိလှဘူး'

လိုင်လာသည် အသက်ဝဝ တစ်ချက် ရှုလိုက်၏။ လိုင်လာ၏ [illegible]များမှာ တစ်စုံတစ်ခုကို တုန်ယင် ချောက်ချားနေသည့်အလား အငြိမ်[illegible]ဘဲ ဟိုဒီ ပွတ်သပ် ရွှေ့လျားနေလေ၏။ လိုင်လာသည် အားယူပြီး [illegible] ဆက်ပြောလိုက်၏။

'ကျွန်မ အစ်မ မေရီကို မတွေ့ရတာ တစ်ပတ် ရှိသွားပြီ။ ပြီးခဲ့တဲ့ [illegible]ကြာနေ့က ကျွန်မတို့နှစ်ဦး နောက်ဆုံး တွေ့ခဲ့ကြတာပဲ။ အဲဒီနေ့က [illegible]မကလည်း ဒါးလတ်ကိုသွားပြီး ခတ်ပြား ဝယ်စရာရှိတာနဲ့ သောကြာ[illegible] စနေ ညနှစ်ညလုံး ဒါးလတ်မှာပဲ နေလိုက်တယ်။ တနင်္ဂနွေနေ့ ညဉ့်[illegible]း ရထားနဲ့မှ ပြန်လာတာ။ တနင်္လာနေ့ မနက်စောစော အခ[illegible] [illegible]ရောက်လာတယ်။ အခန်းကျတော့ အစ်မ မေရီက မရှိနှင့်ဘူး။ [illegible] [illegible]မလည်း ဘယ်လိုမှ မအောက်မေ့ပါဘူး။ မေရီက တစ်ခါတလေ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရုံးအစောကြီး သွားတတ်သားကလား။ ဒီနေ့လည်း အစောကြီး သွားလို့သ
ကျွန်မနဲ့ မတွေ့တာဘဲလို့ အောက်မေ့နေမိတာပဲပေါ့။ နေ့လယ်ကျတော
ကျွန်မ နည်းနည်း အံ့ဩလာမိတယ်လေ။ အခါတိုင်းမှာ အကြောင်းမရှိ
တော့၊ နေ့လယ်နေ့ခင်း ဆိုရင် ကျွန်မဆီကို ဖုန်းဆက်လေ့ရှိတယ်။ ဒီ
ကျတော့ ဖုန်းလည်း မလာဘူး'

လိုင်လာသည် စကားပြောရတာ မောသွားသည့်အလား ခေ
နားလိုက်၏။ ဆမ်၏မျက်နှာမှာ စိုးရွံ့မှုဖြင့် ပကတိပြည့်နေ၏။ လိုင်လာ
စကားဆက်ပြန်သည်။

'ဒါနဲ့ ကျွန်မလည်း ကျွန်မကပဲ ဖုန်းဆက်တော့မယ်လေ ဆိုပြီ
ရုံးကို ဖုန်းဆက်ပါတယ်။ မစ္စတာလိုဝီးက ဖုန်းထူးတယ်။ မစ္စတာလိုဝီ
ကိုယ်တိုင်ကလည်း ကျွန်မဆီကို ဖုန်းဆက်မလို့ ကြံရွယ်နေတုန်း ကျွန်
ဖုန်းက မြည်လာတယ်ဆိုပဲ။ မစ္စတာလိုဝီးက ဒီနေ့ မေရီ ရုံးမတက်လို့
မေရီ ဘာများဖြစ်သလဲလို့ ကျွန်မကို ဖုန်းဆက်ပြီး မေးမလို့တဲ့။ သောကြာနေ့
နေ့ပိုင်းကစပြီး မစ္စတာလိုဝီး မေရီနဲ့ မတွေ့ရဘူးလို့ ပြောတော့တာပဲ'

ဆမ်၏ မျက်နှာကြောမှာ တင်းသွား၏။

'နေပါဦး၊ နေပါဦး'

ဆမ်က ဖြည်းညင်းစွာ ပြောလိုက်၏။

'ခင်ဗျား ပြောနေတာက မေရီဟာ ပြီးခဲ့တဲ့ အပတ်ကတည်းက
ပျောက်နေတယ်ပေါ့လေ၊ ဟုတ်လား'

လိုင်လာက ခေါင်းညိတ်လိုက်၏။

'ခုပုံတော့ ဒီလိုပဲ ဖြစ်နေတာပေါ့လေ'

ဆမ်က မော့်လိုက်၏။

'ဒါနဲ့များ ကျုပ်ကို အခုမှ အကြောင်းကြားရသလားဗျာ'

ဆမ်သည် ထ လိုက်၏။ သူ့တစ်ကိုယ်လုံး အကြောအချဉ်များမှာ





ကြ်ချင်း တောင့်တောင့်ကြီး တုံ့ဆိုင်းလာ၏။ သူပြောချင်သော စကားလုံး
များမှာလည်း လည်ချောင်းဝမှာ တစ်နေ၏။

'ခင်ဗျားက ကျုပ်ကို ဘာလို့ ဖြစ်ဖြစ်ချင်း အသိမပေးရတာလဲဟင်၊
ငှ ကိုယ်တိုင် မလာနိုင်တောင် ဖုန်းဆက်ပြီးတော့ဖြစ်ဖြစ် အကြောင်းကြား
သင့်တယ်ဗျာ'

ဆမ်၏အသံမှာ အားလျော့နေ၏။ နောက် ရုတ်တရက် သတိရလာ
ဟန်ဖြင့်-

'ဒါထက် ခင်ဗျားတို့ ပုလိပ် မတိုင်ဘူးလား ဟင်'

'ဆမ် ... ကျွန်မလေ'

လိုင်လာသည် ပြောစရာစကား ပျောက်နေသလိုလို၊ ဘာပြောရမှန်း
သိသလိုလို ဖြစ်နေ၏။ ဆမ်ကမူ ပြောစရာ စကားတွေ တောင်ပုံရာပုံ
ဖြစ်နေဟန် တူ၏။

'တော်ပါပြီ၊ ခင်ဗျားဟာ လုပ်သင့်တာတွေကို မလုပ်ဘဲနဲ့ ဘာဖြစ်လို့
တစ်ပတ်လုံးလုံးကြာအောင် စောင့်နေခဲ့တာလဲဗျာ။ ပြီးမှ ကျွန်တော့်ဆီကို
ပေါက်လာပြီး မေရီ ရှိ မရှိ လာမေးရတာလဲဟင်။ ခင်ဗျား လုပ်ပုံတွေကို
ကျွန်တော်ဖြင့် လုံးလုံးနားမလည်ဘူးဗျာ၊ အဓိပ္ပာယ်လည်း မရှိဘူး'

'အင်းလေ ဘာကမှ အဓိပ္ပာယ်မရှိဘဲကိုး။ ဒီမှာ ဆမ်၊ ဒီအကြောင်း
ဟာ ပုလိပ်လည်း မသိသေးဘူး။ မစ္စတာလိုဝီးကလည်း ရှင် ရှိကြောင်း
သိတာ မဟုတ်ဘူး။ သူပြောတာကို ကျွန်မ နားထောင်ပြီးတဲ့ နောက်မှာ
ကျွန်မဟာ ပုလိပ် မခေါ်သင့်သေးဘူးလို့ ဆုံးဖြတ်လိုက်တာပဲ။ ဒါပေမဲ့
ကျွန်မ စိတ်ထဲကတော့ ပူလာပြီလေ။ ကြောက်လည်း ကြောက်လာပြီ။
ဘာပဲဖြစ်ဖြစ် ကျွန်မတော့ အကျိုးအကြောင်း စုံစုံလင်လင် သိရမှ ဖြစ်တော့
မယ်။ ဒါကြောင့်လည်း ကျွန်မ ဖဲယားဗဲကို ကားနဲ့ထွက်လာပြီး ကိုယ်တိုင်
ကိုယ်ကျ လာစုံစမ်းမယ်လို့ ထွက်လာတာပဲ။ ကျွန်မစိတ်က မေရီနဲ့ရှင်တို့ဘာ
နှစ်ဦး အတူ တိုင်ပင်ပြီး လုပ်ခဲ့ကြသလားလို့'



www.burmeseclassic.com

www.burmeseclassic.com



ဆမ်သည် ရုတ်တရက် အော်ပြောလိုက်၏။

'ဘာ တိုင်ပင်ပြီး လုပ်ရမှာလဲ'

'ကျုပ်လည်း ဒါ သိချင်တာပဲဗျို့'

အသံမှာ တိုးတိုးသက်သာနှင့် ထွက်လာခြင်း ဖြစ်သည်။ ဆမ်နှင့် လိုင်လာတို့၏ နောက်မှ ထွက်လာခြင်း ဖြစ်သည်။ ဆမ်ရော လိုင်လာပါ ဖြုန်းခနဲ နောက်လှည့်ကြည့်၏။ သူ ပြောလိုက်သော လေသံမှာ နူးညံ့ သက်သာသော်လည်း သူ့မျက်နှာကမူ နည်းနည်းမျှ နူးညံ့ပုံ မရချေ။ သူသည် တံခါးဝမှာ ရပ်နေ၏။

သူသည် ရှည်ရှည် ပိန်ပိန် ညိုညို ဖြစ်သည်။ ဆောင်းထားသော သက္ကလတ်ဦးထုပ်သည် သူ့မျက်နှာကို အတော် အုပ်အုပ် ဆောင်းထားသဖြင့် နဖူးတစ်ခုလုံး ကွယ်နေသော်လည်း သူ့မျက်လုံးများကို ကွယ်မနေပေ။ မျက်လုံးများမှာ ပြာလဲ့နေသည်။

ပထမဆုံး သတိရသူမှာ ဆမ် ဖြစ်လေသည်။

'ခင်ဗျားက ဘယ်သူလဲ၊ ဘာကိစ္စ ဒီထဲ ဝင်လာတာလဲ။ ဘယ်လိုလုပ်ပြီး ဝင်လာတာလဲ'

ထိုလူကမူ အေးစက်စက်ပင်။

'အိမ်ရှေ့ တံခါးကြီးက ပိတ်မထားဘဲကိုးဗျ။ ကျုပ်လည်း ခေါ်မရတာနဲ့ တွန်းဝင်ခဲ့တာပေါ့။ ကျွန်တော် လာခဲ့တဲ့ ကိစ္စကတော့ သတင်းကလေး နည်းနည်း လိုချင်လို့ပါ၊ မေးစရာကလေး နည်းနည်းရှိလို့။ ခုတော့ မစ္စကရိန်းက ကျွန်တော့်ထက် အရင် ရောက်နေရုံသာ မကဘူး၊ ကျွန်တော် မေးချင်တဲ့ မေးခွန်းကို မေးပြီးသား ဖြစ်နေပြီလေ။ ကဲ ဖြေစမ်းပါဦးဗျာ၊ ကျုပ်လည်း နားထောင်ပါရစေ၊ ကြားစမ်းပါရစေ။ ခင်ဗျား အဖြေကို...'

ဆမ်သည် ဒေါပွသွား၏။

'ဘာဖြေရမှာလဲဗျ'

ထိုသူသည် သက်ပြင်းချလိုက်၏။





'ကောင်းပြီလေ၊ ကောင်းပြီ'

သူစိမ်းသည် ရှေ့သို့ ငုံ့လိုက်၏။ လက်တစ်ဖက်သည် သူ၏ မီးခိုးရောင် ဂျာကင်အိတ်ထောင်ထဲသို့ ပျောက်သွား၏။ ဆမ်သည် ရုတ်တရက် ဘာနိုက်နေတာတုံးဟု မသဲမကွဲသဖြင့် လှမ်းဆွဲမည်ဟု ပြုလိုက်၏။

သို့သော် ထိုသူ၏ လက် ပြန်ထွက်လာသောအခါမှ တုံ့ခနဲ ရပ်သွားလေ၏။ သူစိမ်းသည် အိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်လိုက်ခြင်းသာ ဖြစ်လေသည်။ အိတ်ကို ဖွင့်လိုက်ပြီး ဆမ်၏ ရှေ့ကို တိုးလိုက်၏။

'ကျုပ်နာမည်က မီလတန်ဘာဘိုးဂတ်တဲ့။ အလွတ်စုံထောက် တစ်ယောက်ပဲ။ ကျွန်တော်တို့ အေးဂျင်းက လိုမီး အေဂျင်စီအတွက် လုပ်ပေးရတယ်လေ။ လိုမီး အေးဂျင်းကတော့ ခင်ဗျား အသိပါပဲ။

'မေရီ အလုပ်လုပ်တဲ့ နေရာလေ။ ဒါကြောင့် ကျုပ် ဒီကို ရောက်လာတာပဲပေါ့။ ကျုပ် သိချင်တာကတော့ ခင်ဗျားတို့ နှစ်ယောက် ငွေ လေးသောင်း တိတိကို ဘာလုပ်ပစ်လိုက်သလဲဆိုတာ သိချင်တာပဲ'

[ ခုနစ် ]

မီးခိုးရောင် သက္ကလတ် ဦးထုပ်ပျော့သည် စားပွဲပေါ်၌ ရှိ၏။ မီးခိုးရောင် ဂျာကင်မှာ ဆမ်၏ ကုလားထိုင် နောက်မှီပေါ်တွင် ရောက်လျက်ရှိသည်။ အလွတ်စုံထောက် မီလတန်သည် သူ၏ တတိယမြောက် စီးကရက်ကို ပြာခွက်၌ ထိုးချေလိုက်ပြီး၊ နောက်ထပ် အသစ်တစ်လိပ် နှုတ်ခမ်းမှာတေ့ပြီး မီးညှိလိုက်၏။

သူသည် ဆမ်ကို မော့ကြည့်လိုက်၏။

'ကောင်းပြီလေ၊ ခင်ဗျား ပြီးခဲ့တဲ့ တစ်ပတ်လုံးလုံး ဖီးနစ်မြို့က ဘယ်မှ တစ်ဖဝါး မခွာခဲ့ဘူးပေါ့ ဟုတ်လား။ ကျုပ်ကိုတော့ ညာမယ် မကြံနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဗျို့၊ အစကတည်းက အမှန် ဖွင့်ပြောလိုက်တာက ကောင်းမယ်။ ဘာလို့လဲ ဆိုတော့ ကျုပ်က ခဏကလေးအတွင်း စစ်လိုက်၊ ဆေးလိုက်၊ စုံစမ်းလိုက်ရင် ခင်ဗျားစကား မှန် မမှန် ချက်ချင်း သိသွားမှာနော်'

စုံထောက်ကြီးသည် သက်ပြင်းရှူလိုက်၏။ နောက် ဆက်၍ စကား ပြောပြန်၏။

'အေးလေ၊ ဒါကလည်း ခင်ဗျားနဲ့ မေရီကရိန်း မတွေ့ခဲ့ပါဘူးလို့ မဆိုနိုင်ဘူးလေ။ မေရီဟာ အခု သူ့ညီမ လုပ်သလိုပဲ တိတ်တိတ် ခင်ဗျားကို လာတွေ့မယ်ဆိုရင် ဖြစ်တာပေါ့ဗျာ။ မဟုတ်ဘူးလား ဟင်'

ဆမ်သည် သက်ပြင်းချလိုက်၏။ သူက–

'ဒါပေမဲ့ မေရီက လာမတွေ့ခဲ့ဘူး ခင်ဗျ။ ဒီမှာ စုံထောက်ကြီး ခုနက လိုင်လာနဲ့ပြောတာ ခင်ဗျား မကြားဘူးလားဟင်။ ကျုပ် မေရီကို လူကိုယ်တိုင် မပြောနဲ့၊ အကျိုးအကြောင်း စာတောင် မရတာ သုံးလေးပတ် ရှိပါပြီလို့။

'ကျုပ်ကတော့ လွန်ခဲ့တဲ့ သောကြာနေ့ကပဲ၊ မေရီ ပျောက်သွားတဲ့ နေ့ကပဲ စာတစ်စောင် ထည့်လိုက်ပါသေးတယ်။ တကယ်လို့ သူ လာမယ် ဆိုတာ ကျုပ်က သိနေရင် ဘာလုပ်ဖို့ စာထည့်နေဦးမှာလဲ'

စုံထောက်သည် ဆတ်ခနဲ ဖြေလိုက်၏။

'ခြေရာ ဖျောက်တာပေါ့ဗျာ၊ ပီပါပေ့'

ဆမ်သည် ခေါင်းကုတ်လိုက်၏။

'ကျုပ်က အဲဒီလောက် ပါးတဲ့လူ၊ လျင်တဲ့လူ မဟုတ်ဘူးဗျို့။ တကယ်ပါပဲ၊ ကျုပ်က ငွေလေးသောင်း အကြောင်းကို ဘယ်လိုမှ ကြိုမသိ ခဲ့ပါဘူးဗျာ၊ ဘယ်တုန်းကမှလည်း မကြားဖူးပါဘူး။ အမှန်တော့ ကျုပ် မပြောနဲ့၊ ကာယကံရှင်ဖြစ်တဲ့ မစ္စတာ လိုဝီးတောင်မှ ငွေလေးသောင်းကို လာအပ်တဲ့ အခါကျမှ သိရတာ၊ တွေ့ရတာ မဟုတ်လား။ သောကြာနေ့ ညနေ သူ့စားပွဲပေါ်မှာ ဖြုန်းဆို ငွေထုပ်ကြီးကျလာမှ သိတာ မဟုတ်လား။





ဒီလိုဆိုရင် မေရီလည်း ဘယ်မှာ ကြိုသိမှာလဲဗျ။ အဲဒီလို ကြိုတင်မသိတဲ့ ကိစ္စတစ်ခုကို ကျုပ်တို့ ဘယ်လိုလုပ်ပြီး ကြိုစီစဉ်နိုင်ဦးမှာလဲ။ ခင်ဗျားပဲ ဒဲ့ စားကြည့်လေ'

စုံထောက် မီလတန်သည် အလွယ်တကူနှင့် အလျှော့ပေးတတ်သူ တစ်ဦး ဟုတ်ဟန် မတူပေ။

'မေရီဟာ ငွေတွေယူပြီးတဲ့နောက် ညပိုင်းမှာပဲ ပိုက်ဆံပေး ပြောရတဲ့ ဘယ်လီဖုန်း တစ်နေရာက ခင်ဗျားကို ဆက်ပြီး အကြောင်းကြား ချိန်းထားလို့ ရနိုင်သေးတာပဲဗျ။ ပြီးတော့ ခင်ဗျားက ဟန်မပျက် သူ့ဆီ စာတစ်စောင် ရေးပါလို့ မှာလိုက်ရင် ကိစ္စပြတ်နေတာပဲ'

ဆမ်က ပခုံးတွန့်လိုက်၏။

'ခင်ဗျားဟာ တယ် ပြောရဆိုရ ခက်တဲ့လူကိုးဗျ။ ဘာဖြစ်ဖြစ် ဆိုလို အပေါက်ရှာပြီး တွေးနေတော့တာပဲ။ ခင်ဗျား ဒီလောက်တောင်မှ မယုံရင် ကျုပ် တယ်လီဖုန်းနံပါတ်နဲ့ တယ်လီဖုန်းရုံးကို စုံစမ်းကြည့်ဗျာ။ ကျုပ်ဆီကို ဒီတစ်လအတွင်း ဘယ် အဝေးပြော တယ်လီဖုန်းမှ မလာဘူးဆိုတာ ခင်ဗျား တွေ့ရလိမ့်မယ်'

မီလတန်သည် ခေါင်းဆတ်လိုက်၏။

'အင်း၊ ဒီအတိုင်းဆိုတော့ မေရီဟာ ခင်ဗျားဆီကို ဖုန်းမဆက်ခဲ့ဘူး ပေါ့ဗျာ။ တစ်ခါတည်း ငွေယူပြီး ကားနဲ့ တောက်လျှောက် မောင်းထွက်လာ တာပဲ။ ဒီရောက်မှ အကျိုးအကြောင်း ခင်ဗျားကို ရှင်းပြမယ်။ ပြီးတော့ တစ်နေရာရာကို ရှောင်နေမယ်။ အားလုံး အခြေအနေ အေးဆေးမှ တစ်နေရာ ရာမှာ တွေ့ကြမယ်ဆိုပြီး ချိန်းမယ်။ မဟုတ်ဘူးလား'

လိုင်လာသည် မီလတန်၏ စကားကို နားထောင်ရင်း ဒေါပွလာ၏။

'အစ်မ မေရီဟာ လူဆိုးသူဆိုး မဟုတ်ဘူးရှင့်။ ရှင် ဒီလို စွပ်စွဲပြီး ပြောရအောင် ရှင့်မှာ ဘာ သက်သေသက္ခာရမှလည်း ရှိတာ မဟုတ်ဘဲနဲ့၊ နောက်ဆုံး ငွေလေးသောင်းဟာတောင် မေရီယူတယ်လို့ ရှင် ဘယ်လို ပြော



www.burmeseclassic.com

www.burmeseclassic.com



နိုင်သလဲ ဟင်။ မစ္စတာလိုဝီး ကိုယ်တိုင်ကကော ဒီငွေလေးသောင်းကို သူ့ဘာသာသူ ဘုံးပြီး ဇာတ်ရှုပ်သွားအောင် မေရီ့အပေါ်မှာ ပုံချတာကော မဖြစ်နိုင်ဘူးလား၊ ခြေရာပျောက်ပေါ့'

မီလတန်ကမူ ခေါင်းခါ၏။

'ကျွန်တော် ဝမ်းနည်းပါတယ်ဗျာ။ ခင်ဗျားရင်ထဲမယ် ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာမိပါတယ်။ ဒီအဖြစ်ကလည်း တခြားသူကို လွှဲလို့ သိပ်မလွယ်ဘူး ခင်ဗျ။ ကျွန်တော်တို့ အာမခံကုမ္ပဏီကလည်း သူခိုး ရှာမတွေ့မချင်း၊ ဖမ်းမမိမချင်း၊ အပြစ် မရမချင်း လျော်မှာ မဟုတ်ဘူး။ မစ္စတာ လိုဝီးကတော့ သူ့လေးသောင်း ဆုံးမှာ ဆုံးမှာပဲ၊ ဘယ်ဘက်ကမှ သူ မြတ်နိုင်တာ မရှိဘူး'

မီလတန်သည် စကားရပ်လိုက်ပြီး အနားယူလိုက်၏။ နောက် ဆက်၍–

'နောက်တစ်ခုက အရေးကြီးတဲ့ အချက်တစ်ချက်ကို ခင်ဗျား မေ့ကျန်ရစ်တယ်လေ။ အဲဒီ အချက်ကတော့ ခင်ဗျားအစ်မ မေရီဟာ ပျောက်ဆုံးနေတယ် ဆိုတာပဲ။ သူက ဘာလို့ ပျောက်နေရတာလဲ။ သောကြာနေ့ ညနေက မေရီဟာ ငွေလေးသောင်း လက်ခံယူတယ်၊ ဘဏ်တိုက်မှာ မအပ်ဘူး၊ ရုံးခန်းထဲမှာ မထားခဲ့ဘူး၊ တိုက်ခန်းမှာ မထားခဲ့ဘူး။ မေရီက ဘယ်ပျောက်သွားတာလဲဟင်။ မေရီလည်း ပျောက်နေတယ်၊ သူ့ကားလည်း ပျောက်နေတယ်'

မီလတန်၏ သောက်လက်စ စီးကရက်မှာ တိုသွားပြန်သဖြင့် ပြာခွက်ထဲသို့ ထိုးချ ခြေမွပစ်လိုက်လေ၏။ သူကပင် ဆက်၍–

'အားလုံး ပေါင်းလိုက်တော့ ဗျိုင်း ဘာလို့ နားရတယ်၊ ငါးမြင်လို့ နားရတယ် ဆိုသလိုပဲ။ ဒီအဖြေပဲ ရတော့တာပေါ့'

လိုင်လာသည် ဖြည်းညင်းစွာ ရှိုက်လိုက်၏။

'အဲဒီအဖြေ မရပါဘူး။ အမှန်တော့ အစကတည်းက ရှင်တို့ဟာ





ကျွန်မ ပုလိပ်ခေါ်မယ် ဆိုတာကို တားဖို့ မ[illegible] အမှန်တော့ ကျွန်မ ကိုယ်တိုင်ကလည်း ရှင်နဲ့ မစ္စတာလိုဝီးတို့ ပြောကြတဲ့ စကားတွေကို အားယောင်ခဲ့မိတာပါပဲ။ ရှင်တို့ဟာ ပြဿနာအားလုံးကို အေးအေးဆေးဆေး ပြီးသွားချင်တယ်လို့ ပြောခဲ့တယ်။ ကျွန်မတို့ စောင့်နေခဲ့ရင် မေရီဟာ ငွေတွေကို ပြန်ယူလာမှာပဲလို့ တွေးခဲ့ကြတယ်။ ကျွန်မ ပြောခဲ့တာတွေကို တော့ ရှင်တို့က မယုံခဲ့ဘူး။ ကဲ ခုတော့ ကျွန်မ ပြောတာတွေဟာ အမှန်တွေပဲ ဖြစ်မှာပဲ။ မေရီဟာ ဒီပိုက်ဆံတွေကို ယူမှာ မဟုတ်ဘူး။ တစ်ယောက်ယောက်က ဒီငွေတွေ ရှိတယ် ဆိုတာကို သိပြီး တစ်ယောက်ယောက်က မေရီကို ပြန်ပေး...'

မီလတန်သည် ပခုံးတွန့်ရင်း ထ လိုက်၏။ သူသည် ပင်ပန်းကြီးစွာ ဖြင့် ထ ရဟန်ဖြင့် ဖြည်းညင်းစွာထပြီး မိန်းကလေးထံသို့ လျှောက်သွားလေသည်။ နောက် ပခုံးကို အသာကလေး ပုတ်လိုက်ပြီး ဖြည်းညင်းစွာပင် စကား စ၍ ပြောလေ၏။

'ဒီမှာ ခင်ဗျား သေသေချာချာ နားထောင်ဗျာ။ ဒီအကြောင်း ခင်ဗျားနဲ့ ကျုပ်တို့ အစကတည်းက စဉ်းစားကြည့်ကြပြီးသား မဟုတ်လား။ ဘယ်သူမှ ဒီငွေရှိလာမယ့် အကြောင်းကို မသိဘူး ဆိုတာလေ။ ပြီးတော့ ပြီးတော့ ခင်ဗျားအစ်မ မေရီဟာ ပြန်ပေးဆွဲခံရတာ မဟုတ်ဘူး၊ ဒါက အသေအချာပဲ။ ဘာလို့လဲဆိုတော့ မေရီဟာ သူ့အိမ်ကို ပြန်ခဲ့ပြီး သူ့အဝတ်အစားကို သူ့ဘာသာ ထုပ်ယူခဲ့သေးတာပဲ။ ကိုယ့်အဝတ် ကိုယ်ထုပ်ပြီး၊ ကိုယ့်ကား ကိုယ်မောင်းပြီး ထွက်သွားတာဟာ ဘယ်လိုလုပ်ပြီး ပြန်ပေးဆွဲတယ်လို့ ပြောမှာလဲ။ အစအဆုံး အခြေအနေအားလုံးမှာ မေရီဟာ တစ်ယောက်တည်းပဲ။ အိမ်ရှင်ကြီးကတောင် မြင်သေးတာပဲ။ ကဲ ဒီတော့ စဉ်းစားဉာဏ် ရှိစမ်းပါဗျာ၊ မဖြစ်နိုင်တာတွေ တွေးမနေပါနဲ့'

လိုင်လာသည် ဒေါပွသွား၏။

'ကျွန်မက စဉ်းစားဉာဏ်မရှိတာ မဟုတ်ဘူး၊ စဉ်းစားဉာဏ်မရှိတာ



www.burmeseclassic.com

www.burmeseclassic.com



က ရှင်။ ဒါ [illegible] ကျွန်မ နောက်ကို တိတ်တိတ်ကလေး ခိုးလိုက်လာတာ မဟုတ်လား'

စုံထောက်ကြီးသည် ခေါင်းယမ်းလိုက်၏။ နောက် အေးဆေး တည်ငြိမ်သော အသံဖြင့်–

'နေပါဦး၊ ကျုပ် ခင်ဗျားနောက်ကို နောက်ယောင်ခံ လိုက်တယ်လို့ ဘာကြောင့် ထင်ရတာတုံးဟင်'

လိုင်လာသည် မကျေမနပ် ဖြစ်မြဲ ဖြစ်နေ၏။

'ဒါကတော့ ရှင်းနေတာပဲ။ အခု ရှင် ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ ဆိုတာကို စဉ်းစားကြည့်ပေါ့။ မေရီနဲ့ ဆမ်တို့ တစ်ဦးနဲ့တစ်ဦး စေ့စပ်ထားတယ်ဆိုတာ ကျွန်မတစ်ယောက်ကလွဲရင် ဘယ်သူမှ မသိဘူး။ ရှင်လည်း ဆမ် ရှိကြောင်းကို သိတာ မဟုတ်ဘူး။ အဲဒီကြားထဲက ဒီကို ရှင် ဘယ်လို ရောက်လာတာလဲ ဆိုတာ ပြောစမ်းပါဦး'

စုံထောက်ကြီးသည် ခေါင်းကို ခါယမ်းလိုက်ပြန်၏။

'ကျုပ်ဟာကျုပ် သိတာပါ။ ကျုပ် မင်းတို့အခန်းကို ရှာတုန်းက မေရီရဲ့ စားပွဲထဲက ဒီစာအိတ်တစ်လုံး ရတယ်လေ။ စာအိတ်ပေါ်မှာတော့'

မီလတန်သည် စကားပြောရင်း အိတ်ထဲမှ စာအိတ်တစ်လုံးကို ထုတ်လိုက်ပြီး စားပွဲပေါ် ချလိုက်၏။ ဆမ်သည် မီလတန်၏ အပြုအမူတိုင်းကို အကဲခတ်နေသည် ဖြစ်ရာ စာအိတ်ပေါ်မှ လိပ်စာကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် တွန့်သွား၏။

'ဟင် ကျွန်တော့်ဆီကို ရေးတဲ့စာပါလား၊ ပြစမ်းပါဦး'

အမှန်ပင် လိပ်စာမှာ ဆမ်၏လိပ်စာ ဖြစ်လေသည်။ ဆမ်သည် စာအိတ်ကို ယူမည်ဟု လှမ်းလိုက်သော်လည်း မီလတန်က ဆမ့်အလျင် ဦးစွာ စာအိတ်ကို ကောက်ယူလိုက်၏။

'ခင်ဗျားဆီ လိပ်စာတပ်ထားတာတော့ အမှန်ပဲ။ ဒါပေမဲ့ ခင်ဗျား ကြည့်နေလို့ အကြောင်းထူးမယ် မဟုတ်ပါဘူးဗျာ။ အကြောင်းက အထဲမှာ





ဘာမှ မပါဘဲကိုး။ မေရီဟာ ခင်ဗျားဆီကို စာအိတ်မှာသာ လိပ်စာတပ်ပြီး ဘာမရေးခဲ့ဘူးဗျ။ ဒီတော့ ဒီစာအိတ်ဟာ ခင်ဗျားအတွက် အသုံးမကျပါဘူးဗျာ။ ကျုပ်အတွက်သာ မေရီ့လက်ရေး ပါနေလို့ အသုံးကျနေပါတယ်'

မီလတန်သည် စကားကို ခဏမျှ ရပ်လိုက်ပြီး စာအိတ်ကလေးကို ဘရိတသေ ပြန်သိမ်းရင်း စကားဆက်လိုက်လေသည်။

'မှန်တာကို ပြောရရင် ကျုပ် ဗုဒ္ဓဟူးနေ့ကတည်းက ဒီစာအိတ်နဲ့အတူ ထွက်လာခဲ့တာ။ အခုမှ ဒီဖယားဗဲကို ရောက်တော့တာပဲဗျ'

လိုင်လာသည် မီလတန်၏ စကားကို ငေးမောနားထောင်နေရင်း လက်ကိုင်ပဝါနှင့် မျက်နှာကို သုတ်လိုက်၏။ လိုင်လာ၏ မျက်နှာမှာ တင်းကျပ်နေ၏။

'ရှင် ဒါဖြင့် ဗုဒ္ဓဟူးနေ့ကတည်းက ထွက်သွားခဲ့တာပေါ့လေ'

မီလတန်က ခေါင်းဆတ်လိုက်၏။

'ဟုတ်ပါ့ဗျာ၊ ကျုပ် ခင်ဗျားကို နောက်ယောင်ခံလိုက်လာတာ မဟုတ်ပါဘူး။ ဒီလိပ်စာပါတဲ့ စာအိတ်ကို တွေ့တာနဲ့ ဒါဟာ သဲလွန်စတစ်ခု ဖြစ်မယ်ဆိုပြီး လိုက်လာခဲ့တာပဲ။ နောက်ပြီး မေရီ့အိပ်ရာနံ့ဘေးမှာလည်း ဟောဒီက မစ္စတာဆမ်လူးမစ်ရဲ့ ဓာတ်ပုံကိုလည်း တွေ့ခဲ့ပါသေးတယ်။ ဓာတ်ပုံမှာ "အချစ်များစွာဖြင့် ဆမ်" လို့ လက်မှတ်ထိုးထားတာ တွေ့တော့ ဆမ်ဟာ မေရီ့ရည်းစားမှန်း သိရတယ်လေ။ ဒီတော့ ကျုပ်ဟာ ကျုပ်ကိုယ် ကျုပ် မေရီ့နေရာမှာ ဝင်ပြီး စဉ်းစားကြည့်တယ်။ ကျုပ်လက်ထဲမှာ ငွေ လေးသောင်းတိတိ ရှိနေပြီ ဆိုပါစို့။ ကျုပ်အလုပ်က ပထမဆုံး ဒီမြို့က ထွက်ရမယ် မဟုတ်လား။ ဘယ်သွားမလဲ၊ ကနေဒါ သွားမလား၊ မက္ကဆီကို သွားမလား၊ နိုင်ငံခြား တစ်နေရာရာကို သွားမလား။ ဒါတွေဟာ ဝတ္ထုတွေ ထဲမှာ လွယ်ပေမယ့် တကယ့်လက်တွေ့က လွယ်တာ မဟုတ်ဘူး။ အန္တရာယ် များတယ်။ ပြီးတော့ ဒီလို တစ်နယ်တကျေး သွားတယ်ဆိုတာ မိန်းကလေးတစ်ယောက်အတွက် ခု ထသွားလို့ရတာ မဟုတ်ဘူး။ ကြိုတင်ပြီ



www.burmeseclassic.com

www.burmeseclassic.com



စ်စဉ်ရတာလေးတွေ ရှိတယ်။ ပတ်စ်ပို့တို့၊ ဗီဇာတို့၊ အများကြီးပဲ။ ကျုပ်သာ မေရီဆိုရင် ဘာမှ ပြောမနေနဲ့၊ ကျုပ်ချစ်သူရှိရာ ဒီကို အမြန်ဆုံး လိုက်လာမှာပဲ။ ဟောဒီ ဖဲယားဗဲကိုပေါ့'

ဆမ်သည် မီလတန် ပြောသမျှ စကားလုံးတိုင်းကို တစိမ့်စိမ့် နားထောင်နေသူ ဖြစ်လေသည်။ စကားလုံးများ တဖြည်းဖြည်း ပျောက်သွားပြီး မေရီတစ်ယောက် ငွေလေးသောင်းကို ပိုက်ကာ ကယောင်ချောက်ချား ဖြစ်နေရသည်ကို မြင်၏။ နောက်ဆုံး ဆုံးဖြတ်ချက်ချကာ သူ့ထံသို့ လိုက်လာသည့်ပုံကို မြင်ယောင်လာ၏။

ဆမ်သည် ရုတ်တရုတ် ထပြီး သောက်လက်စ စီးကရက်ကို ပြာခွက်ထဲသို့ ဆောင့်ချ ထိုးခြေပစ်လိုက်၏။ သူသည် ဒေါပွနေ၏။

'တော်လောက်ပြီ ထင်တယ်ဗျာ၊ ခင်ဗျားဟာ မေရီ့အပေါ်မှာ ဒီလောက် စွပ်စွပ်စွဲစွဲ ပြောနေရအောင် ခင်ဗျားမှာ ဘာသက်သေမှ ရှိတာ မဟုတ်ဘူး။ အလကား လေဖဲရိုက်မနေစမ်းပါနဲ့။ မေရီ့အပေါ်မှာ ဒီလောက် စွပ်စွဲရရင် တော်ပြီ ထင်တယ်'

မီလတန်ကမူ ပကတိ အေးဆေးစွာ ဆမ်ကို ပြန်ကြည့်လိုက်၏။ ဆမ် လှုပ်ရှားနေသလောက် မီလတန်ကမူ အေးတိအေးစက် ရှိလေသည်။ မီလတန်သည် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို နှုတ်ခမ်း၌ တေ့လိုက်ပြီးနောက် မီးညှိလိုက်၏။ တစ်ဖွာလောက် ကောင်းကောင်းကြီး ရှိုက်လိုက်ပြီး မီးခိုးလုံးထုတ်ရင်း ဆမ်ကို စကားပြောလေသည်။

'ခင်ဗျားက သက်သေ လိုချင်တယ်ပေါ့လေ၊ ဟုတ်လား။ ကျုပ်က ဗုဒ္ဓဟူးနေ့ကတည်းက ထွက်လာခဲ့တာ။ လမ်းမှာ ဘာတွေများ လုပ်နေတယ် ထင်သလဲ ဟင်။ ကျုပ် တစ်လမ်းလုံး ပိုက်စိပ်တိုက်ခဲ့လို့ မေရီ့ကားကို တွေ့ခဲ့တာပေါ့ဗျ'

လိုင်လာသည် နေရာမှ ဆတ်ခနဲ ထ လိုက်၏။





'ဘာ ဘာ၊ ရှင် မေရီ့ကားကို တွေ့တယ် ဟုတ်လား။ ဘယ်တုန်းကလဲဟင်၊ ဘယ်မှာလဲ ဟင်'

မီလတန်က လိုင်လာ၏ အလောတကြီးနိုင်မှုကို ပကတိ အေးစက်မှုနှင့် တုံ့ပြန်လိုက်၏။

'ဟုတ်တယ်၊ ကျုပ် မေရီ့ကားကို တွေ့တယ်။ ဒါပေမဲ့ မေရီ ပါတာ မဟုတ်ဘူး၊ အခွံချည်းပဲ'

မီလတန်သည် ကျောင်းဆရာတစ်ယောက် စာသင်သလို အေးဆေးစွာ စဉ်းစားရင်း စကားပြောနေ၏။ ဆမ်နှင့် လိုင်လာတို့ကမူ မီလတန်၏ နှုတ်ဖျားမှ ထွက်လာသော စကားများကို အငမ်းမရ နားထောင်နေကြ၏။ မီလတန်က စကားကို ဆက်လေသည်။

'ကျုပ်ကိုယ်ကျုပ် မေရီ့နေရာမှာ ထားပြီး စဉ်းစားကြည့်တယ်လို့ ကျုပ် ပြောခဲ့ပါပကော။ ကျုပ် ဘာလုပ်မလဲဆိုရင် အရင်ဆုံး ကျုပ်နောက်ကို နောက်ယောင်ခံလိုက်တဲ့လူတွေ မျက်ခြည်ပြတ်သွားအောင် ကျုပ်ကားကို အရင် ထုတ်ပစ်လိုက်မှာပဲ။ ကျုပ်လည်း ဒီလိုတွေးပြီး ဒီမြို့တစ်ဝိုက်မှာရှိတဲ့ ကားပွဲစားတွေ၊ ကားရောင်းတဲ့ဆိုင်တွေ၊ ကားဟောင်းရောင်းတဲ့ လဲတဲ့ ဆိုင်တွေကို တစ်ဆိုင်ဝင်ထွက် လျှောက်မေးနေခဲ့တယ်လေ။ သေသေချာချာပါပဲ။ ကားဆိုင်တစ်ဆိုင်ရောက်တော့ ကျုပ် မေရီ့ကားကို တွေ့တော့တာပါပဲ'

ဆမ်နှင့် လိုင်လာသည် တစ်ဦးမျက်နှာကို တစ်ဦး ကြည့်ရင်း သက်ပြင်း ချလိုက်ကြ၏။

မီလတန်ကမူ သူတို့နှစ်ဦးကို ဂရုမပြုမိသည့်အလား သူ့စကားနှင့်သူ ဆက်လေ၏။

'ကျုပ်က ကားပွဲစားကို မေးတော့ ပထမ ခပ်အင်အင် လုပ်နေလိုက်သေးတယ်။ နောက် ကျုပ် စုံထောက်မှတ်ပုံတင် ထုတ်ပြလိုက်မှ ကိုယ်တော်ချောက စကားပြောတတ်လာတော့တာပဲ။ ပြောမယ့်ပြောတော့လည်း ငနဲသားက ကရားရေသွန်ပဲဗျို့၊ မရပ်တော့ဘူး။ သူ့စိတ်ထဲမှာ ဒီကောင်ဟာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလို့ ယူဆထားတယ် ထင်ပါရဲ့။ ကျုပ်လည်း အလိုက်သင့်ပဲ၊ သူ့ရဲ့ ထင်ကြေးကို မဖျက်ဆီးဘဲ သူ့စကားကို နားထောင်နေခဲ့ပါတယ်'

ဆမ်နှင့် လိုင်လာသည် မောပန်းစွာ နားထောင်နေကြရ၏။ စုံထောက်ကြီးကမူ သူ့စကားကို သူ ဆက်လေသည်။

'ပွဲစား အဆိုအရတော့ မိန်းကလေးတစ်ယောက်ဟာ သူ့ဆီလာပြီး စီးလာတဲ့ ကားနဲ့ တခြားကားတစ်စီးနဲ့ လဲဆိုပဲ။ မိန်းကလေး ကြည့်ရတာ အလောသုံးဆယ်လည်း ရှိပုံရတယ်။ အရေးတကြီးလည်း ဖြစ်နေလေတော့ ပွဲစားက ငွေအမြတ်ကြီးကြီးယူပြီး ကားဟောင်းဟောင်းတစ်စီးနဲ့ လဲပေးလိုက်သတဲ့။ လဲသွားတဲ့ ကားရဲ့နံပါတ်ရော၊ လိုင်စင်အမှတ်ရော ကျုပ်ကို ပေးတော့တာပဲ။ နောက်ပြီး အဲဒီကနေ မြောက်စူးစူးကို မောင်းသွားကြောင်း ပြောလိုက်သေးဗျာ'

မီလတန်သည် စီးကရက် ကုန်သွားသဖြင့် နောက်တစ်လိပ် ညှိကာ နှုတ်ခမ်းသို့ တေ့လိုက်လေ၏။

'ကျုပ်လည်း မြောက်စူးစူး လိုက်ရတာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်က တော့ ခရီးမတွင်ဘူးပေါ့ဗျာ။ ဘာလို့လဲဆိုတော့ ကျုပ်က လမ်းတွေ့သမျှ ဆိုင်တွေ၊ စားသောက်ခန်းတွေ၊ ကားဆိုင်တွေကို ဝင်ပြီး စုံစမ်းနေရတာကိုး။ ဒါပေမဲ့ ဘယ်နေရာမှ မေရီရဲ့ သဲလွန်စကို မရဘူး။ မေရီကို ကြည့်ရတာ ဘယ်နေရာမှ မရပ်ဘူး။ ဒီကိုပဲ တန်းပြီး တစ်ညလုံး မောင်းလာတာနဲ့ တူတယ်။ ကျုပ်လည်း ဆက်ပြီး လိုက်ရတာပေါ့ဗျာ။ ဒါနဲ့ ကျုပ် အိုကလာဟိုမာကို ရောက်တယ်လေ။ အိုကလာဟိုမာကျပြန်တော့ ကျုပ်ဝတ္တရားက ပိုလာပြန်ရော။ ဘယ် ဟိုတယ်တွေမှာ တည်းသလဲ၊ ဘယ် စားသောက်ခန်းတွေ ဝင်သလဲဆိုတာ စုံစမ်းရတာပေါ့ဗျာ။ မေရီဟာ ဘယ်မှ ဝင်မစားခဲ့ဘူးဗျ၊ နောက်ထပ် ကားများ လဲဦးမလား ဆိုပြီး ကားဟောင်းလဲတဲ့ ဆိုင်တွေမှာ လိုက်စုံစမ်းကြည့်သေးတယ်။ မေရီဟာ နောက်ထပ် ကားလည်း မလဲဘူးဗျ။





...ကြာသပတေးနေ့ကျတော့ ကျုပ်လည်း အစောကြီးက ထွက်လာတာ၊ ကျူစာ...ကို ရောက်တယ်။ ဒါ အဖြေပဲ။

'မေရီဟာ ဘယ်ဟိုတယ်၊ ဘယ်စားသောက်ခန်းမှ မရပ်ဘူး။ ကား...သည်း မလဲခဲ့ဘူး။ ကနေ့မနက်ကျတော့မှ မေရီ့ အရိပ်အငွေ့ကို ရှာတွေ့...တော့တာပဲ။ မြောက်နားကျကျလေးမှာတော့ မေရီဟာ နောက်ထပ် ကား...တစ်စီး လဲခဲ့ပြန်တယ်။ ဒီလို လဲခဲ့တဲ့ အခါမှာလည်း မေရီဟာ အလွန့်အလွန်...နစ်နာခံပြီး လဲခဲ့တာပဲ။

'အဲဒါ လွှန်ခဲ့တဲ့အပတ်က စနေနေ့မှာပဲပေါ့၊ မေရီဟာ ဒီတစ်ကြိမ်မှာ...တော့ ၁၉၅၃ ခုနှစ် လုပ်တဲ့ ပလိုင်းမောက် ကားစုတ်ကြီးပဲ ရှိတော့တယ်၊ ...ကားကြီး ညာဘက်ရှေ့ ဗန်ဘာကလည်း နည်းနည်းစုတ်နေတယ်လို့ သိရ...တယ်'

မီလတန်သည် သူ့အိတ်ထဲမှ မှတ်စုစာအုပ်ကလေးကို ထုတ်လိုက်ပြီး ...ရှု့ချလိုက်၏။

'ဒီအထဲမှာ ကားနံပါတ်၊ အရောင်းလိုင်စင်နံပါတ်၊ အင်ဂျင်နံပါတ်...စပြီး အားလုံး ပြည့်ပြည့်စုံစုံ မှတ်လာခဲ့တယ်။ ပွဲစား နှစ်ယောက်လုံးဆီ...ကားတွေရဲ့ နံပါတ်တွေ၊ အမျိုးအစားတွေ အားလုံးကို ကျုပ်ရုံးကို ...ခိုင်းခဲ့တယ်။ အခုတော့ မလိုတော့ပါဘူး ထင်ပါရဲ့'

မီလတန်သည် စကားကို ရပ်ပြီး ဆမ်နှင့် လိုင်လာ နှစ်ဦးစလုံး၏ ...က်နှာကို ကြည့်လိုက်၏။ ဆမ်ရော လိုင်လာပါ ထူးခြားသော မျက်နှာ...ပြောင်းလဲမှုကို မတွေ့ရပေ။ မီလတန်သည် စကားဆက်၏။

'အရေးကြီးဆုံးကတော့ မေရီကို တွေ့ဖို့ပဲ။ ကျုပ် နောက်ဆုံးရတဲ့ သဲလွန်စကတော့ မေရီဟာ ကျူစာမြို့က မနက်အစောကြီး ထွက်လာခဲ့တယ်၊ ...ပြင်နားမှာ ကားလဲတယ်၊ ပလိုင်းမောက် ကားစုတ်ကြီးနဲ့ မြောက်စူးစူး ...လမ်းမကြီးကို စနေနေ့မနက်က ထွက်လာခဲ့တယ်။ မေရီဟာ ... အတွင်းမှာ ကားနှစ်ကြိမ် လဲခဲ့တယ်။ ကျူစာမြို့ရဲ့ မြောက်စူးစူး လမ်းမ...



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လာရင် ဒီဖဲယားဗဲမြို့ကိုပဲ ရောက်စရာ ရှိတော့တယ်။ သူ့ဆီက ရတဲ့ ဆမ့်လိပ်စာနဲ့ ပေါင်းစပ်လိုက်တော့ မေရီဟာ ဘယ်နည်းနဲ့ဖြစ်ဖြစ် ဒီကိုလာတာပဲ ဖြစ်ရမယ်။ ပြီးတော့ ဒီကို ရောက်လာတာလည်း ကြာပြီ ဖြစ်မယ်။ လမ်းဆားမှာ မတော်တဆ မဖြစ်ခဲ့ဘူး၊ ကားလည်း မပျက်စီးခဲ့ဘူး ဆိုရင် မေရီဟာ ဒီ ဖဲယားဗဲမြို့ကို စနေနေ့ညက ရောက်ရမယ်'

ဆမ်သည် တုန်လှုပ်လာ၏။ သူ့စိတ်မှာ အတွေးနက်နေရာမှ လန့်နိုးလာသလို ဖြစ်နေ၏။

'ခင်ဗျားပြောတာ ဟုတ်မှာပါပဲ။ ဒါပေမဲ့ မေရီက ဒီကို ရောက် မလာခဲ့ဘူးဗျ။ ဒီကို ရောက်တယ်ထား၊ ကျုပ်ဆီ မလာခဲ့ဘူး'

ဆမ်သည် သက်ပြင်းချလိုက်ရာမှ စုံထောက် မီလတန်၏ မျက်နှာကို ကြည့်ပြီး စကားဆက်ပြန်လေသည်။

'ခင်ဗျား ကျုပ်ကိုမယုံရင် စုံစမ်းကြည့်ပေါ့။ ကျုပ် စနေနေ့ တစ်ညနေလုံး ကလပ်မှာ ဖဲရိုက်နေခဲ့တယ်။ ကျုပ် တစ်ညလုံး ဘယ်မှ မထွက်ခဲ့ဘူး ဆိုတာ သက်သေခံမယ့်လူတွေ အများကြီးပဲ။ တနင်္ဂနွေနေ့ မနက်ကျတော့ ကျုပ် ဘုရားရှိခိုးကျောင်း သွားတယ်။ နေ့လယ်ကျတော့...'

မီလတန်သည် လက်ကာပြလိုက်၏။ သူသည် ဆမ် စကားပြောနေစဉ် တစ်လျှောက်လုံး ဆမ်၏မျက်နှာတွင် လိမ်ပြောသည့် အမူအရာ တစ်ခုမျှ သူ ရှာမတွေ့ခဲ့ပေ။ ဆမ်သည် အလွန်ရိုးသားပြီး တကယ့် အမှန်များကို ပြောကြားနေသူ သော်လည်းကောင်း ဖြစ်ရမည်။ သို့တည်းမဟုတ် အလွန် ဟန်ဆောင်ကောင်းလှသူတစ်ဦး ဖြစ်ပေလိမ့်မည်။ မီလတန်သည် ဆမ် အမှန် ပြောနေသည်ဟု ယုံကြည်သွားလေ၏။

'ကောင်းပြီလေ၊ ခင်ဗျား မေရီနဲ့ မတွေ့ဘူးပေါ့၊ ထားပါတော့။ ဒီလိုဆိုရင် မေရီဟာ ဒီကို ရောက်မလာဘူးလို့ ကောက်ချက်ချရမှာပေါ့။ ဒါဆိုရင် ကျုပ် နောက်ကြောင်းပြန်ပြီး စစ်ဆေးကြည့်ဦးမှ ဖြစ်မှာပဲ'





မီလတန်သည် ထ လိုက်၏။ လိုင်လာသည် မမီလိုက်မှာကို စိုးရိမ်သည့်အလား မီလတန်ကို လှမ်းပြောလိုက်၏။

'ဒါဖြင့် ပုလိပ်ကိုကော မတိုင်ဘူးလား'

လိုင်လာသည် စကားပြောရခြင်းအတွက် အာခြောက်သွားသည့်အလား နှုတ်ခမ်းကို လျှာဖြင့် စွတ်စိုလိုက်လေ၏။ ပြီးမှ–

'တကယ်လို့ မေရီဟာ လမ်းမှာ မတော်တဆ တစ်ခုခုဖြစ်ပြီ ဆိုပါစို့။ ...င် ဘယ့်နှယ့်လုပ်ပြီး ဒီ ဖဲယားဗဲကနေပြီး ကျူစာအတွင်း ဆေးရုံတိုင်းကို ...က်ရှာမလဲ ဟင်။ ရှင် ရှာမတွေ့ခင် မေရီဟာ မေ့မြောနေပြီး ဒုက္ခရောက်နေ ...ခြင့်'

ဆမ်သည် သတိတရပင် လိုင်လာ၏ ပခုံးကို လှမ်း၍ ကိုင်လိုက်၏။ ...ောက် အားပေးသည့် အနေနှင့် ညှစ်လိုက်ပြီး–

'ဒီလို မဟုတ်မဟတ်တွေ တွေးမနေနဲ့လေ။ မေရီ တစ်စုံတစ်ခု ...ခဲ့တယ်ဆိုရင် အခုနေ ရုံးက မင်းဆီကို အကြောင်းကြားမှာပေါ့'

လိုင်လာကို အားပေးရင်းကပင် ဆမ်သည် လိုင်လာ၏ ပခုံးပေါ်မှ ...၍ စုံထောက် မီလတန်ကို ကြည့်လိုက်ပြီးနောက်–

'တစ်ခုတော့ရှိတယ်။ လိုင်လာ ပြောတာဟာလည်း အမှန်တော့ ...စရာပဲ။ ခင်ဗျားတစ်ယောက်တည်း လိုက်ပြီး စစ်နေမယ်ဆိုရင် ဘယ်လိုမှ ...မယ် မဟုတ်ဘူး။ ဒီတော့ ပုလိပ်ကိုတော့ အကြောင်းကြားထားမှ ထင်...ယ်။ ဒါမှ ပုလိပ်တွေက မေရီကိုတွေ့ရင် လိုင်လာ့ထံ အကြောင်းကြားနိုင်...ယ် မဟုတ်လား'

မီလတန်၏ မျက်လုံးများမှာ ရုတ်တရက် အားပျော့လာ၏။ သူ့အတွက် မျှော်လင့်ချက်မှာ အင်မတန် ပါးလွှာသော အလွှာကလေးသာ ရှိပေသည် မဟုတ်ပါလား။ သူသည် တစ်ဖက်ကိုလည်း အားနာပါ၏။ ...သော် မတတ်နိုင်ပေ။

'ကျုပ်တို့လည်း မေရီကို တွေ့အောင် အစွမ်းကုန် ကြိုးစား ရှာနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုတာ ဝန်ခံပါတယ်။ ပြီးတော့ ခုထက်ထိလည်း မတွေ့သေးပါဘူး။ ဒါပေမဲ့ ကျုပ်တို့ သက်ဆိုင်ရာတွေကို တိုင်တန်းမယ်၊ အကြောင်းကြားမယ် ဆိုရင် ခုက်ချင်း သတင်းဟာ ပျံ့နှံ့သွားပြီး ကုမ္ပဏီလည်း နာမည်ပျက်သွားမယ်။ ပြီးတော့ အစစ အရာရာအတွက် အခြေအနေဟာ ဆိုးရွားသွားနိုင်တယ်။ အခုနေ ကျုပ်က မေရီကို ရှာတွေ့ရင် ပြဿနာဟာ ဘာမှမပေါ်ဘဲ အားလုံး အေးငြိမ်းသွားနိုင်တယ်။ ဒါမှမဟုတ် ဆိုင်ရာတွေ တိုင်ပြီးမှ ကျုပ်က မေရီကို တွေ့သည်ဖြစ်စေ၊ ဆိုင်ရာတွေကပဲ မေရီကို တွေ့သည်ဖြစ်စေ မေရီအတွက်တော့ အများကြီး နစ်နာတော့မှာပဲ။ ဒီတော့ နှစ်ဦးနှစ်ဝ အကျိုးရှိရလေအောင် ကျုပ်ကိုတော့ အချိန်နည်းနည်းပေးပြီး စုံစမ်းစေချင်တာပဲ'

သည်တစ်ကြိမ်မှ ဆမ်သည် မီလတန်၏ မျက်လုံးကို တည့်တည့်ကြည့်လိုက်၏။ ဟုတ်ပေသည်၊ အကယ်၍ မီလတန် ပြောခဲ့သလို မေရီသည် ငွေလေးသောင်း ခိုးလာခဲ့သည် ဆိုပါက၊ သူရှိရာ ဖဲယားဗဲသို့ ပြေးလာခဲ့သည် ဆိုပါက အကောင်းဆုံး လမ်းမှာ ဆိုင်ရာကို မတိုင်ဘဲ မီလတန်က ရှာဖွေတွေ့ခြင်း ဖြစ်ပေလိမ့်မည်။ သို့သော် ဆမ်သည် အတွေးကို ရပ်လိုက်၏။

'ခင်ဗျား တွေးတာ မှန်ခဲ့ရင် မေရီဟာ ဘာပဲပြောပြော ဖဲယားဗဲကို ရောက်လောက်နေပြီ။ ဘာလို့ ကျုပ်ကို လာမတွေ့တာလဲ။ အဲဒါကို ကျုပ် သိပ်သိချင်နေပြီ။ ကျုပ် ကြာကြာကြီးလည်း စောင့်မနေချင်ဘူး'

မီလတန်သည် မိရာ စကားကို ကိုင်လိုက်၏။

'၂၄ နာရီဗျ၊ တစ်ရက်တည်းကော မစောင့်နိုင်ဘူးလား'

ဆမ်က မော့်ကြည့်လိုက်၏။

'ခင်ဗျား စိတ်ထဲမယ် ဘာရှိလို့တုံး'

မီလတန်က ဦးထုပ်ကို ကောက်လိုက်၏။

'ထပ်ပြီး စစ်ဆေးမေးမြန်းဖို့ပေါ့ဗျာ။ ခင်ဗျားတို့ ပြောသလိုလည်း ကျုပ်စာထိ ပြန်ပြီး စစ်ဖို့ကတော့ မလွယ်ဘူးပေါ့ဗျ။ ဒါပေမဲ့ ကျုပ်တော့ ဒီ ဖဲယားဗဲတစ်ဝိုက်မှာကိုပဲ စုံစမ်းချင်သေးတယ်၊ မကျေနပ်သေးဘူး။ လမ်းမ





ဘစ်လျှောက်က ခတ်ဆီဆိုင်တွေ၊ ပျော်ပွဲစားရုံတွေကို ဝင်ပြီး မေးချင်သေးတယ်။ ဘာလို့လဲဆိုတော့ တစ်ယောက်ယောက်ဟာ မေရီကို မြင်လိုက်မှာပဲလို့ ကျုပ်တော့ ယုံတယ်ဗျာ။ ကျုပ်အတွေးဟာ မှန်တယ်လို့ ယုံနေတုန်းပဲဗျာ။ မေရီဟာ ဘယ်နည်းနဲ့မဆို ဒီကိုလာဖို့ ထွက်လာတာပဲဗျ။ ဒီကိုရောက်မှ စိတ်ပြောင်းပြီး တခြားကို ထွက်သွားရင်တော့ မတတ်နိုင်ဘူးပေါ့။ ဒါလည်း သိပ်မဖြစ်နိုင်ပါဘူးလေ'

မီလတန်သည် သက်ပြင်းချလိုက်၏။ ပြီးမှ ဆက်၍-

'အေးဗျာ၊ ကျုပ်ကို တစ်ရက်တော့ အချိန်ပေးပါဦး'

ဆမ်က သူ့ကို တည့်တည့်ကြည့်လိုက်၏။

'ဒီတစ်ရက်နဲ့ မတွေ့ရင်ကောဗျာ...'

မီလတန်သည် ခေါင်းကို ယမ်းလိုက်၏။

'ဒါဆိုရင်တော့ ကျုပ် အရှုံးပေးပြီလို့ ဆိုရတော့မှာပဲ။ ဆိုင်ရာကို သွားပြီး လူပျောက်တိုင်တော့ပေါ့ဗျာ'

ဆမ်သည် လိုင်လာကို ကြည့်လိုက်၏။

'ဘယ့်နှယ့်လဲဟင် လိုင်လာ၊ ဘယ်လို သဘောရသလဲ'

လိုင်လာသည် မျက်လုံး ကလယ်ကလယ်နှင့် ဖြစ်နေ၏။

'ကျွန်မတော့ ဘာမှ မသိတော့ဘူး၊ စိတ်ပူတာပဲ သိတော့တယ်။ [illegible]လည်း မစဉ်းစားနိုင်တော့ဘူး။ ပြီးတော့ ဆမ်ပဲ ဆုံးဖြတ်ပါ'

ဆမ်သည် မီလတန်ဘက်သို့ လှည့်ပြီး၊ မီလတန်ကို သေချာကြည့်ပြီး ခေါင်းညိတ်လိုက်၏။

'ကောင်းပြီလေ၊ ကျုပ် သဘောတူပါတယ်။ တစ်ခုတော့ ရှိတယ်နော်၊ ခင်ဗျားကို ကျုပ် သဘောတူတာ တစ်ရက်တည်းနော်၊ ၂၄ နာရီတည်းပဲ ဟုတ်လား။ တစ်ရက်ကျော်လို့ ခင်ဗျားဆီက ဘာမှ အကြောင်းမလာဘူး ဆိုရင် ဆိုင်ရာကို တိုင်ရမှာပဲ'

မီလတန်သည် သူ့ဂျာကင်အင်္ကျီကို ကောက်၍ စွပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ မိုးလည်းချုပ်ပြီ၊ ကျုပ် ဟိုတယ်တစ်ခုခုမှာ အခန်းငှား တည်းရတော့မှာပဲ။ မစ္စ လိုင်လာကော ဘယ်လိုလဲ'

လိုင်လာက ဆမ်ကို မော့ကြည့်ပြီး၊ ဆမ်က မီလတန်ကို ကြည့်ကာ ခေါင်းယမ်းပြ၏။

'ကျွန်တော်နဲ့ လိုင်လာ စကားပြောစရာ နည်းနည်းရှိပါသေးတယ်။ ကျွန်တော်တို့ အရင်ဦးဆုံး တစ်ခုခု သွားစားမလို့၊ စားသောက်ရင်း စကားပြောပြီးမှ လိုင်လာကို အခန်းရှာပေးလိုက်ပါ့မယ်။ အဲ မနက်ဖြန်ကျရင်တော့ ကျုပ်တို့ ခင်ဗျားဆီက အကျိုးအကြောင်းကို တစ်နေ့ကုန် စောင့်နေမှာပဲနော်'

အလွတ်စုံထောက် မီလတန်သည် ထိုနေ့ ညနေပိုင်းအဖို့ ပထမအကြိမ်အဖြစ် ပြုံးလိုက်၏။ သူ့အပြုံးသည် ကမ္ဘာ့နာမည်ကြီး မိုနာလီဇာ၏ အပြုံးနှင့် နှိုင်းယှဉ်ရန် မဟုတ်သော်လည်း အပြုံးတစ်ခုတော့ ဖြစ်ပါ၏။

'ကောင်းပါပြီလေ၊ စောစောက မေးခွန်းထဲမှာ နည်းနည်းပြင်းထန်တာတွေ ပါရင်လည်း ခွင့်လွှတ်ကြပါဗျာ။ ဒါက ကျုပ်အလုပ် ဖြစ်နေတယ် မဟုတ်လား၊ သေချာသထက် သေချာအောင် လုပ်ရတာမို့ပါ'

စကားပြောနေရင်း သူသည် လိုင်လာကို ကြည့်လိုက်၏။

'ကဲ မစ္စလိုင်လာ၊ ဘာမှ သိပ်မပူပါနဲ့ဗျာ။ ကျုပ်တို့ဟာ ခင်ဗျားအစ်မ မေရီကို သေချာ ရှာတွေ့မှာပါ'

မီလတန်သည် သူ့စကားကို လက်စသတ်လိုက်ပြီးနောက် ထူးခြားစွာ နှုတ်ဆက်မနေတော့ဘဲ ချာခနဲ လှည့်၍ ထွက်သွား၏။ ခဏအတွင်းမှာပင် အခန်းထဲ၌ မီလတန် မရှိတော့။ ရောက်လာစဉ်က လင်မြန်သည့် နှုန်းအတိုင်းပင် ပျောက်သွားပုံကလည်း ဖုတ်လတ်လှပေ၏။

လိုင်လာသည် မီလတန် မရှိတော့ပြီ ဆိုသည်ကို သိရသည်နှင့် အားငယ်လာလေ၏။ အဖြစ်အပျက် အားလုံးကို သူ တွေးရင်း မျက်ရည်များသည် ဘယ်ကရောက်လာမှန်း မသိသလို ရောက်လာ၏။ ဆမ်၏ ပခုံးပေါ်သို





ခိုရင်း သူ့မျက်ရည်များကို သွန်ချလိုက်၏။ သူ့အသံမှာ တုန်ယင် ဆတ်ခါနေ၏။

'ဆမ်၊ ကျွန်မတော့ ကြောက်လာပြီ။ မေရီဟာ တစ်ခုခုတော့ ဖြစ်ပါ ကွန်မ ရင်လေးနေလိုက်တာ။ ဟုတ်ပါတယ်၊ တစ်ခုခု ဖြစ်ပါပြီ'

'ဘာမှ မဖြစ်နိုင်ပါဘူး'

ဆမ်သည် ရုတ်တရက် တွေ့ရာစကားတစ်လုံးကို ကောက်ယူသုံးစွဲ နှစ်သိမ့်လိုက်လေ၏။ ဖုင်းလိုက်တဲ့ ဖြစ်ခြင်း၊ ဒီထက်ကောင်းတဲ့ စကား များကလည်း လျှာဖျား ရောက်မလာကြပေ။ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ အားငယ်ခြင်းများနှင့် ပြည့်နေသော မိန်းကလေးတစ်ဦးအတွက် ဒီစကားလုံး မှာ အားလျော့လွန်းလှပါ၏။ မတတ်နိုင်ပေ။

'ဘာမှ မဖြစ်နိုင်ပါဘူး လိုင်လာ၊ ဘာမှ မဖြစ်နိုင်ပါဘူး။ ကျွန်တော် ပြောရင် ယုံပါ'

ရုတ်တရက်ပင် လိုင်လာသည် ဆမ်၏ ပခုံးပေါ်၌ မှီခိုတွဲ၍ ငိုနေခြင်း ရပ်ကာ ခွာလိုက်၏။ သူ့မျက်လုံးများမှာ ငိုထားခြင်းကြောင့် မို့နီနေသော် သည် မျက်ရည်များကမူ မရှိတော့ပါ။ လိုင်လာ အသံထွက်လာသောအခါ င်လည်း အသံမှာ တိုသော်လည်း ခိုင်မြဲနေ၏။

'ဆမ်၊ ရှင်ပြောတာ ဘာကြောင့် ကျွန်မ ယုံရမှာလဲဟင်။ ဘာလဲ၊ စုံထောက်ကြီးကို ပြောခဲ့တဲ့ နေရာမှာ တစ်ခုခု ထိမ်ချန်ထားသလား ။ မေရီဟာ ဆမ်ကို လာတွေ့သွားတယ်ပေါ့လေ၊ ဒါတွေ ဆမ် သိပြီးသား ါလေ၊ ငွေတွေအကြောင်းလည်း ဆမ် သိပြီးသားပေါ့။ ဟုတ်လား'

ဆမ်သည် အားလျော့စွာ ခေါင်းယမ်းပြလိုက်၏။

'ကျုပ် ဘာမှ မသိပါဘူး လိုင်လာရယ်၊ ယုံပါတော့။ ခင်ဗျားစကား ကျုပ် ယုံခဲ့သလိုပဲ၊ ကျုပ်စကားလည်း ခင်ဗျား ယုံရမှာပဲ'

လိုင်လာသည် တစ်ဖက်သို့ လှည့်လိုက်၏။ နံရံသို့ မျက်နှာမူရင်း ားဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ ရှင် ပြောတာ မှန်တာပဲ။ မေရီဟာ ကျွန်မတို နှစ်ယောက်အနက် တစ်ယောက်ဆီကို ရောက်အောင် လာခဲ့ရမှာပဲ။ လော ကြီးမှာ သူနဲ့ ပတ်သက်တာဆိုလို့ ရှင်နဲ့ ကျွန်မ နှစ်ယောက် ရှိတာပဲဟာ တစ်ယောက်ယောက်ဆီကို လာရမှာပေါ့။ ခုတော့ ရောက်မလာဘူး။ ဆ ရှင့်ကို ကျွန်မ ယုံပါတယ်။ ကျွန်မကိုယ်ကို ကျွန်မ မယုံတာက ကျွန်မရဲ အစ်မရင်းခေါက်ခေါက် တစ်ယောက်ဟာ အခုလို ...'

ဆမ်က ဝင်၍ စကားဖြတ်လိုက်၏။

'မဟုတ်တာတွေ တွေးမနေစမ်းပါနဲ့။ အခု လောလောလတ်လ ခင်ဗျားအတွက် လိုတာကတော့ အစားကောင်းကောင်း၊ အအိပ်ကောင ကောင်းပဲ။ နက်ဖြန်ဆိုရင် အားလုံး အခြေအနေ ကောင်းသွားမှာပေါ့'

လိုင်လာက မော့်လိုက်၏။

'ရှင် တကယ်ပဲ ယုံသလား ဟင်'

ဆမ်က အေးအေးပင် ပြန်ဖြေ၏။

'ဟုတ်တယ်၊ ကျုပ် ယုံတယ်'

ဤစကားသည် ဆမ်အတွက် ပထမဆုံးအကြိမ်အဖြစ် မိန်းကလေ တစ်ဦးကို ညာလိုက်ခြင်း ဖြစ်လေသည်။ စင်စစ် သူသည် မယုံပေ။ သူ့စိ မှာ မေရီအတွက် တကယ်ပင် လေးလံနေ၏။ မေရီ ကောင်းကောင်းမွန်မွ ရှိနေသည်ဟု သူကိုယ်နှိုက်ကပင် မယုံတော့။

[ ၅

မနက်ဖြန်သည် ရုတ်တရက်ပင် ယနေ့ ဖြစ်လာ၏။

စနေနေ့ပေတကား။

ဤ ယနေ့ဖြစ်သော စနေနေ့ကား ဆမ်အတွက် စောင့်ဆိုင်းရခြ နေ့ပေတည်း။





သူသည် ၁၀ နာရီထိုးလျှင် လိုင်လာထံသို့ ဖုန်းဆက်၏။ လိုင်လာမှာ အိပ်ရာမှထပြီး၊ နံနက်ပိုင်း ကော်ဖီသောက်ပြီး ဖြစ်နှင့်လေ၏။ မီလတန်သည် ယခုအချိန်ထိ ထမင်းစားခန်းထဲသို့ မရောက်လာဘဲ ရှိလေ၏။ ကြည့်ရသည် မှာ မီလတန်သည် တကယ်ပင် စောစောစီးစီး ထွက်၍ သွားပုံရလေသည်။ အဖြေက မကြာခင် ရလေသည်။ စားပွဲထိုးတစ်ဦးက လိုင်လာ့နာမည်နှင့် ဘာကလေးတစ်စောင် လာပေး၏။ စာမှာ မီလတန်သည် စောစောကပင် ထွက်သွားကြောင်း၊ နေ့လယ်ပိုင်းတွင် ဖြစ်နိုင်သည့်နည်းနှင့် အကြောင်းကြား မည် ဖြစ်ကြောင်း ပါလေသည်။

'လိုင်လာ၊ မင်း အခန်းထဲမှာ ထိုင်နေလို့ အဓိပ္ပာယ် မရှိပါဘူး။ ကိုယ့် စတိုးဆိုင်ကို လာပြီး အဖော်လုပ်နေပါလား ဟင်'

ဆမ်က ဖိတ်ခေါ်လိုက်၏။ ဆက်၍-

'မင်း တစ်ယောက်တည်းနေရင် တောင်တွေး မြောက်တွေး ဖြစ်နေဦး မယ်။ ဒီကျတော့မှ ကျုပ်နဲ့အတူ မနက်စာ စားကြတာပေါ့။ မီလတန်ဆီက ဘယ်လိုဖုန်း လာ မလာလည်း ဟိုတယ်ကို စုံစမ်းရင် ရတာပါပဲ။ ဪ အိပ်ချိန်းကို ကျုပ် အကြောင်းကြားထားမယ်လေ။ လိုင်လာ့နာမည်နဲ့ ဟိုတယ် ကို ဖုန်းလာခဲ့ရင် ဒီကို လွှဲပေးလိုက်ပါဆိုပြီး မှာခဲ့ရင် ရနိုင်တာပဲဟာ။ ဘယ့်နှယ့်လဲ၊ ဒီကို လာခဲ့မလား'

လိုင်လာသည် ချက်ချင်းပင် သဘောတူလိုက်၏။ ခဏအတွင်း သူ ထွက်လာခဲ့မည်ဆိုသည့် အကြောင်းကို ပြောလိုက်၏။

ဆမ်သည် သက်ပြင်းချလိုက်၏။ ယခုမှ နည်းနည်း သက်သာရာ ရသွားလေသည်။ သူသည် လိုင်လာကို တစ်ယောက်တည်း ရှိမနေစေချင်ပေ။ ယခုလို ကာလမျိုး၌ တစ်ယောက်တည်း ရှိနေခြင်း၏ အန္တရာယ်မှာ မည်မျှ ကြောက်မက်ဖွယ်ကောင်းကြောင်း သူ ညက သိပါပြီ။ ညက သူ တစ်ချိန်လုံး အိပ်၍မပျော်ပေ။ သူ့အတွေးများမှာ ပင့်ကူအိမ်တွင် မိနေသည့် ဖြင်ကောင် သဖွယ် လွန့်လွန့်လူးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ခေါင်းထဲမှ သည်အတွေးကို ထုတ်ပစ်ရန် ကြိုးစားပါ၏။ မအောင်မြင်ပေ။ တစိမ့်စိမ့် တွေးလေလေ ချာချာလည်လေလေ ဖြစ်ပါ၏။ ဘာပဲပြောပြော စုံထောက် မိလတန်၏ စကားသည် မှန်ကန်နိုင်ကြောင်း သူ ဝန်ခံရမည် ဖြစ်လေသည်။ မိလတန်၏ စကားမှာ ကျိုးကြောင်းညီညွတ်ပေသည်။ အမိပ္ပာယ်လည်းရှိ၊ အဆက်အစပ်လည်းမိ၊ ယုတ္တိလည်း ရှိလှပေသည်။ မေရီသည် တကယ်ပင် ငွေလေးသောင်းကို ယူပြီး သူ့ထံ လာရန် ကြိုးစားခဲ့သည်မှာ ထင်ရှားပေ၏။ အင်း… မေရီဟာ တကယ်ပဲ ငွေတွေကို ယူခဲ့ရင်ပေါ့လေ။

အဆိုးရွားဆုံး ကဏ္ဍမှာ သည်ကဏ္ဍပင် ဖြစ်လေသည်။ မေရီကို သူခိုးတစ်ယောက်အဖြစ် ယုံကြည်ရမှာပင် ဖြစ်လေသည်။ သူ မေရီကို ဘယ်လို တွေးကြည့်ကြည့်၊ သူခိုးတစ်ယောက်အဖြစ် လုံးဝ ယုံ၍ မရဘဲ ရှိလေသည်။

သူ ချစ်သော မေရီ၊ သူ မြတ်နိုးသော မေရီမှာ မည်သည့်ရှုထောင့်က ကြည့်ကြည့်၊ မည်သူပြောပြော သူခိုးတစ်ယောက်၏ လက္ခဏာနှင့် လုံးဝ မကိုက်ညီပေ။ မဖြစ်နိုင်ပါဘူး၊ မေရီဟာ သူခိုး မဖြစ်နိုင်ပါဘူး။ ဒီစကားလုံးမှာ မနေ့ကတည်းက တစ်ညလုံး သူ အပြန်တစ်ထောင်မက ရွတ်ဆိုနေခဲ့သော စကားများ ဖြစ်လေသည်။ သူ သိသမျှ မေရီမှာ သူတစ်ပါးပစ္စည်းကို ယူသော သူခိုးနှင့် လုံးဝ မတူ၊ စိုးစဉ်းမျှ မတူပေတကား။

အတွေးက ရပ်သွားဓ၏။

ဒါပေမဲ့…။

ဒါပေမဲ့ဆိုသော စကားလုံးမှာ အခက်ထဲက အခက်ဖြစ်သည်။

ဒါပေမဲ့ တကယ့် တကယ်ကျတော့ သူ မေရီကို ဘယ်လောက်များ သိသတုံး။ ဘယ်လောက်ကြာကြာ ပေါင်းဖူးလို့၊ ဘယ်လောက် ရင်းရင်းနှီးနှီး အတူနေဖူးလို့ မေရီအကြောင်း ဘယ်လောက်များ သိနေပါသလဲ။ မနေ့ည





ကတောင် သူ့ညီမကို သူ မှတ်ပြီး နမ်းမိလို့တောင် တောင်းပန်လိုက်ရသေး မဟုတ်လား။ စိတ်ကို မပြောနဲ့၊ ရုပ်ကိုတောင်မှ မသေချာဘဲနဲ့။

ရယ်စရာတော့ အကောင်းသားပဲ။ လောကကြီး ဆိုတာကလည်း ဒီလိုပါပဲ။ လူတွေဟာ တစ်ဦးနဲ့တစ်ဦး အခိုက်အတန့်ကလေး အတွင်းမှာ တွေ့ကြ၊ ဆုံကြ၊ သိကြ၊ ကျွမ်းကြတယ် ဆိုရင်ပဲ တစ်ဦးအကြောင်းကို ခရေစေ့တွင်းကျ အသေးအမွှ မကျန် သိတယ်လို့ ထင်တတ်ကြတာကလား။ ဒီလို ထင်မှုလည်း သံယောဇဉ်ဆိုတဲ့ အမျှင်က ငြိတွယ်တော့မပေါ့လေ။

ကြည့်ပါဦး၊ အထင်နဲ့ အမြင်နဲ့ ဘယ်လောက်များ လွဲတတ်သလဲ ဆိုရင် ဝေးဝေးမကြည့်ပါနဲ့။ ဒီ ဖယားဗဲမြို့ကပဲ၊ ကျောင်းအုပ်ကြီး၊ ရပ်ရေးရွာရေး ကလျာဏယုဝအသင်း နာယကကြီး မစ္စတာ တွန်မလင်းကို ကြည့်လေ။

အင်မတန် ရိုးသားတယ်၊ သန့်ရှင်းတယ်၊ ဖြောင့်မတ်တယ်၊ တည်ကြည်တယ်လို့ တစ်မြို့လုံးက သိနေတာပဲ။ ဘယ်သူများ သူ့မယားနဲ့ သားသမီးတွေကို ပစ်ပြီး၊ အလုပ်အကိုင် ဂုဏ်သိန်ခြပ်တွေကို ပစ်ပြီး ၁၉ နှစ်သမီးကလေးကို ခိုးပြေးမယ်လို့ ထင်ကြမှာတုံး ဟင်။ ခိုးပြေးတော့မှပဲ ပါးစပ်အဟောင်းသားနဲ့ ကျန်ရစ်ကြတာပဲ မဟုတ်လား။

လောကဆိုတာ တကယ်ဆန်းတာပဲ။ ဘယ်သူကများကော မိုက်ဖစ်ရာလို ကြမ်းပိုးတောလေ ကစားသမား လူမိုက်တစ်ယောက်က သူ့ရှိသမျှ ပိုက်ဆံအကုန်ကို မိဘမဲ့ကလေးများ ဂေဟာကို လှူခဲ့မယ်လို့ကော တွေးမိကြသို့တုံး။ လောကဆိုတာ မထင်တာတွေလည်း ဖြစ်တတ်တယ်။ အလုံးစုံ သိနိုင်တယ် ဆိုတာ မရှိဘူး။ ခက်ခဲခြင်း၊ နက်နဲခြင်းနဲ့အတူ ပွေလီမ် ရှုပ်ထွေးခြင်းဟာလည်း ရှိနေတယ်။

တခြား ကြည့်မနေပါနဲ့။ သူ့စတိုးဆိုင်မှာ အလုပ် လုပ်တဲ့ သော [illegible] မားဗီးဟာ စစ်တပ်ထဲမှာ ရှိတုန်းက ရဲဘော်အချင်းချင်း ခေါင်းကို [illegible] ပစ်ခဲ့ဖို့ ကြိုးစားဖူးတယ်ဆိုရင် ဘယ်သူ ယုံမှာလဲ။ အခုတော့ [illegible]

အနှစ်တစ်ရာမှာ ထမင်းထုပ်သိုးအောင် ရှာသော်လည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



အေးတဲ့ ရိုးတဲ့လူ မရှိနိုင်ဘူး ဆိုတာကို ဆမ် သိပါ၏။ တပ်ထဲတုန်းကလည်း ဘော့ဟာ လူအေးပဲလို့ လူတိုင်း သိနေကြတာပဲ။ ဒါပေမဲ့ လူဆိုတာက ပေါက်ကွဲချိန်ဆိုတာလည်း ရှိတတ်တာပဲ။ ပေါက်ကွဲချိန်ရှိလို့သာ ပစ္စတိုကို ဆွဲပြီး ရဲဘော်တစ်ယောက်ရဲ့ ခေါင်းကို ပစ်ခွဲဖို့ ကြိုးစားခဲ့တာပေါ့လေ။

ထင်မှတ်တယ် ဆိုတာကလည်း သည္ညာ မဟုတ်လား။ လွဲနိုင်တာပဲပေါ့။ အရွယ်ကျော်နေပြီဖြစ်တဲ့ အဘွားကြီးတွေ လင်နောက်လိုက်ပြေးတာတို့၊ အေးအေးကုပ်ကုပ်ကလေး နေတဲ့ ဘဏ္ဍာရေးကလေးက ငွေတွေ ဘုံးသွားတာတို့။

'အင်း'

ဆမ်သည် သက်ပြင်းချလိုက်၏။

မေရီသည် ငွေတွေကို ယူချင်လည်း ယူမှာပဲလေ။ မေရီဟာ အကြွေးတွေကို အနှစ်နှစ် ဆပ်နေရတဲ့အဖြစ်ကို စိတ်မရှည်တော့ဘဲ ဖြစ်လာ၊ ရုတ်တရက် စိတ်ရူးပေါက်ပြီး သူ့စိတ်ကို သူ မထိန်းနိုင်တော့ဘဲ ယူလိုက်မိတာလည်း ဖြစ်ချင် ဖြစ်နိုင်တာပဲပေါ့။

မေရီဟာ ငွေတွေကို ဒီကိုယူလာပြီး ဓာတ်လမ်းကလေး တစ်ခုခု သူ့ကိုပြောပြဖို့ စိစဉ်ချင် စိစဉ်လာမှာပေါ့။ မပြောတတ်ဘူးလေ၊ သူ့ကို ဖြောင်ပဲ ဖွင့်ပြောပြီး နှစ်ဦးသား တစ်နေရာရာ ထွက်ပြေးဖို့ တိုက်တွန်းချင်လည်း တိုက်တွန်းမှာပဲ။ ဒီကိစ္စမှာတော့ ဘာမဆို ဖြစ်နိုင်နေတော့တာပဲ။

သူ၏ အတွေးစသည် ဤနေရာ၌ ရောက်လာခိုက်တွင် ရပ်နေ၏။ မေးခွန်းတစ်ခုမှာ ဘယ်ကဘယ်လို ပေါက်လာမှန်း မသိ။ ဘွားခနဲ ပေါ်လာ၏။

မေရီ ဘာလို့ ရောက်မလာတာတုံး။

မေရီဟာ ကျူစာ ဆင်ခြေဖုံးကနေပြီး မြောက်စူးစူးကို ထွက်လာခဲ့ရင်၊ ဖဲယားဗဲကို မလာရင် ဘယ်များကော သွားဦးမှာလဲ။

သည်လို သည်အတွေး လွင့်လိုက်လျှင်၊ အတွေးယဉ်ကြော မျှောလိုက်





လျှင် ဘာဆို ဘာမှ မရေရာတော့ဘူး။ လူတစ်ယောက်ရဲ့ အရှုတ္တ အတွင်းသန္တာန်ဟာ ဘယ်လောက် အသိခက်သလဲဆိုတဲ့ အဖြေပဲ ရောက်ရောက်လာတော့တာပဲ။

သည်လို အသိခက်၊ နက်နဲလှတဲ့ လူတစ်ယောက်ရဲ့ ခေါင်းထဲက ဒိတ်ကူးကို ဘယ်လိုလုပ်ပြီး တိကျတဲ့အဖြေ ထွက်ချက်ယူမှာတုံး။ အရာရာဟာ ဖြစ်နိုင်တော့တာပဲ။ သူ့ဆီ မလာတော့ဘဲ နာမည်တစ်မျိုးပြောင်းပြီး ဘစ်နေရာရာမှာ သွားနေနေဦးမယ် ဆိုလည်း ဖြစ်တာပဲ။

တွေးရင်းတွေးရင်း အတွေးသည် ချာချာလည်နေ၏။ သည်လို သည်လိုသာ စကားတစ်ခွန်း၊ အဖြေတစ်ခုနဲ့ ပေးနေမယ်ဆိုရင် သည်လိုပြဿနာမှာ အဖြေပေါင်း သောင်းခြောက်ထောင် ပေါ်လာတော့မှာပဲ။ မရေရာ မသေချာ ဆိုသော်လည်း မဟုတ်ဘူးလို့တော့ ဘယ်လိုမှ မပြောနိုင်ပေဘူးပေါ့။

ဖြစ်နိုင်တာကို တွေးစတမ်းဆိုရင် လိုင်လာ တွေးသလိုလည်း ဖြစ်နိုင်တာပဲ။ မေရီဟာ မတော်တဆ တစ်စုံတစ်ခု ဖြစ်မယ်ဆိုရင်လည်း ဖြစ်နိုင်တာပဲ။ ဒါမှမဟုတ် မေရီဟာ လူဆိုး သူခိုးတွေနဲ့ တွေ့ပြီး ...။

ဆမ်သည် နောက်တစ်ကြိမ် အတွေးရပ်လိုက်ပြန်၏။ သူသည် ဤပုံဤပုံနှင့်ပင် အတွေးဆက်၍ မဖြစ်တော့ပေ။ မဖြစ်ဆို လုံးလုံး မတွေးမှသာ ဖြစ်တော့မှာပဲ။ တစ်ခုခု တွေးလိုက်တိုင်း အဆိုးရွားဆုံး အဖြေကိုသာ ဦးတိုက်နေတော့တာပါပဲ။

မျှော်လင့်ချက်မှာ ရေးရေးကလေးသာ ရှိ၏။ ထို ရေးရေးကလေးမှာ စုံထောက် မီလတန်က သဲလွန်စရပြီး အချိန်မီ မေရီကို တွေ့နိုင်ခြင်းတစ်ခုသာ ဖြစ်ပါ၏။

သည်လိုမှ မတွေ့ဘူးဆိုရင် သက်ဆိုင်ရာကို တိုင်ရတော့မှာပဲ။ အဲ..ရဲကို တိုင်ရပြီ ဆိုမှတော့ အခြေအနေအားလုံးဟာ ဆိုးရွားသည်ထက် ဆိုးရွားလာတော့မှာပဲ။

လူတွေကို မယုံရဘူး၊ အသိခက်တယ်လို့ သူ့ကျများ တွေးနေ...



www.burmeseclassic.com

www.burmeseclassic.com



တာ။ တကယ်ဆိုတော့ ကြည့်စမ်း၊ သူ့ကိုယ်သူပင် မသိ၊ မယုံရဖြစ်နေတယ် မဟုတ်လား။

သူဟာ ဘယ်တုန်းကများ ချစ်သူ မေရီအပေါ်မှာ သည်လို မတော်လောဘ အတွေးတွေ တွေးလိမ့်မယ်လို့ ထင်ခဲ့မိသလဲ။ မထင်ခဲ့ဘူး မဟုတ်လား။ ခုတော့ သူ့ ဘယ်အတွေးကမဆို မေရီအတွက် မကောင်းတဲ့အဖြေကို ဦးတည်တဲ့ အတွေးတွေကို တွေးနေမိပါပြီကော။ သူကကော ဘယ်လောက်ယုံရမလဲ။

အဲ၊ သူ ခုပုံခုနည်း တွေးနေသည် ဆိုခြင်းကို ညီမဖြစ်သူ လိုင်လာကိုတော့ မသိစေမှ ဖြစ်မည်။

လိုင်လာ သိသွားလျှင် ဘယ်ကောင်းနိုင်ပါမည်နည်း။ ဟယ်၊ လိုင်လာ ကိုယ်တိုင်လည်း ငါလို တွေးချင် တွေးနေမှာပဲ။

သို့သော် လိုင်လာ ရောက်လာသောအခါ၌မူ လိုင်လာ၏ မျက်နှာမှာ ပကတိ အေးဆေးတည်ငြိမ်နေပြီ ဖြစ်လေသည်။

ယမန်နေ့ညက ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်လိုက်ခြင်းသည် လိုင်လာ့ကို တအားတက်စေခဲ့သည် ထင့်။

လိုင်လာသည် ဝတ်စုံကအစ ပို၍ သစ်လွင်သော၊ သန့်ရှင်းသော၊ တောက်ပြောင်သော ဝတ်စုံကို ဝတ်ခဲ့ပေသည်။

လိုင်လာ့မျက်နှာမှာ မနေ့ညက သောက အရိပ်အယောင်များ အတော် ကင်းစင်နေ၏။

ဆမ်သည် လိုင်လာကို ကောင်းစွာ ခရိုးဦးကြို ပြုလိုက်ရင်း ဘော့နှင့် ပထမ မိတ်ဆက်ပေးလိုက်၏။

ခဏအကြာတွင်မူ ဆမ်သည် လိုင်လာကို ခေါ်၍ နံနက်စာ ထမင်းစားရန် ခေါ်သွားလေ၏။

ထမင်းစားပွဲတွင် လိုင်လာသည် ဆမ်ကို မေရီ့အကြောင်းနှင့် ပတ်





သက်၍ မီလတန်၏ လုပ်ကိုင် ဆောင်ရွက်မှုများ စသည်ဖြင့် သောင်းပြောင်းထွေလာ မေး၏။

ဆမ်သည် အားလုံးကို တိတိကျကျနှင့် တိုးတိုးတောင်းတောင်းပင် ပြောလိုက်လေသည်။

သူတို့နှစ်ယောက်သား တကယ်တမ်း ပြောသင့်သော စကားများကို မပြောကြဘဲ အပေါ်ယံ မလိုအပ်သော၊ ပြဿနာ မပေါ်နိုင်သော စကားများကိုသာ ပြောနေကြခြင်း ဖြစ်လေသည်။

အကြောင်းမူ သူတို့သည် အမှန်တရားကို နှစ်ဦးလုံး တည့်တည့်ရင်မဆိုင်ရဲသောကြောင့် ဖြစ်လေသည်။

လိုင်လာကို ကြည့်ရသည်မှာ အစစအရာရာ နေသားတကျ ဖြစ်နေပြီး၊ ထိန်းနိုင်သိမ်းနိုင်ပြီ ဖြစ်သော အခြေအနေသို့ ရောက်နေပုံ ရလေသည်။

စားသောက်ပြီးသောအခါ သူတို့သည် ဟိုတယ်မှ ဖုန်းအော်ပရေတာအား ဖုန်းလာလျှင် စတိုးဆိုင်သို့ လွှဲပေးပါမည့်အကြောင်း ပြောခဲ့ပြီး စတိုးဆိုင်သို့ ပြန်ခဲ့ကြလေသည်။

ဘော့သည် အရာရာ စိတ်ချစွာ မျက်နှာလွှဲရသူတစ်ဦး ဖြစ်သည့်အတိုင်း ဈေးဝယ်အားလုံးကို နိုင်နင်းစွာ ရောင်းဝယ်နေသဖြင့် ဆမ်အနေနှင့် ထ ရန်ပင် မလိုပေ။

တစ်ခါတစ်ရံ ဆမ်နှင့် ပြောဆိုထားခြင်းရှိသော ဈေးဝယ် တစ်ဦးဘလေ ရောက်လာမှ ဆမ်သည် ထိုင်ရာမှ ထရလေသည်။

သို့ ထ ရခြင်းသည်လည်း တစ်အောင့်ကလေးသာ ဖြစ်သည်။

လိုင်လာသည် တကယ်ပင် ယနေ့ သက်သာရာ ရနေပုံ အတော်ရလေသည်။

လိုင်လာသည် ရေဒီယိုကို ဖွင့်လိုက်၍ သီချင်းကြီးကဏ္ဍကို ... လိုက်ပြီးမှ ဆင်ဖိုနီတစ်ပုဒ်ကို ဖွင့်လိုက်၏။ နောက် သူ့နေရာ ... ထိုင်ကာ ဂီတ၌ နစ်မျောနေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဗာတော့ရဲ့ စန္ဒရားကွန်ဆက်တို ၄ ထင်းပါရဲ့'

ဆမ်က လိုင်လာကို ကြည့်ရင်း ဧဝုလိုက်၏။

လိုင်လာသည် ဆမ်ကို ပြန်ကြည့်ရင်း ပြုံးလိုက်ပြီး ဆမ်ကို မော့်ကြည့်လိုက်၏။

'ဆမ်၊ ရှင့်ကြည့်ရတာ ဂီတကို အတော် ခေါက်မိပုံပဲ။ ဘယ်လိုဘယ်လိုလုပ်ပြီး…'

ဆမ်ကမူ ခပ်ပြုံးပြုံးပင်။

'ဘာလဲ၊ ဒါများ ထူးဆန်းသလားလို့။ ဒီလောက် ဟိုင်ဖိုင်ခေတ်ကြီးထဲမှာ ဆန်းတာမှတ်လို့။ ဘာလဲ၊ မြို့ကြီးပြကြီးမှာ မနေတာနဲ့၊ တောမြို့ကလေးမှာ နေတာနဲ့ပဲ ဂီတတို့၊ စာအုပ်တို့၊ အနုပညာတို့ကို အကျွမ်းမဝင်ရတော့ဘူး ကျနေတာပဲ။ ကျုပ်မှာ အချိန်တွေက အများကြီးဆိုတော့ လိုက်စားချိန် ရတာပေါ့ဗျ'

လိုင်လာသည် သူ့ဘဲလောက်စမှ ကော်လာကို ဆန့်လိုက်ပြီး သူ့ဘာသာသူ ပြုံးလိုက်၏။

'အင်းလေ၊ ကျွန်မကပဲ ခေတ်မမီတာ၊ နားမလည်တာ ဖြစ်ချင်ဖြစ်မှာပေါ့လေ။ ဒီလိုပါ၊ ရှင်က ဂီတဝါသနာပါတယ်ဆိုတော့ ရှင်လုပ်နေတဲ့ ကုန်စုံဆိုင်၊ ကျူလယာဆိုင် အလုပ်နဲ့ မဟပ်မိလို့ပါ'

ဆမ်က ပို၍ ပြုံးလိုက်၏။

'ကုန်စုံ ကျူလယာရောင်းတာ အပြစ်မှ မဟုတ်တာ'

လိုင်လာက မော့်ကြည့်၏။

'ဟုတ်ပါတယ်၊ ကျွန်မကလည်း အပြစ်လို့ပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျူလယာသည်က ဂီတ၊ ဂီတဆိုတာမှာလည်း ကာလပေါ်မဟုတ်ဘဲ သီချင်းကြီးကို ကြိုက်တယ်ဆိုတော့ ကြားရတာ နားထဲ တစ်မျိုးကြီး'

ဆမ်သည် ကုလားထိုင်ထဲ နစ်မြုပ်သွားအောင် ထိုင်ချလိုက်ပြီး အနားမှ ပစ္စည်းတစ်ခုကို လှမ်းယူလိုက်၏။





'တစ်မျိုးကြီး ဟုတ်လား၊ ခင်ဗျားရှုထောင့်က ကြည့်ရင်ပေါ့လေ။ ဖြစ်နိုင်ပါတယ်၊ အရာရာဟာ ရှုထောင့် တစ်နေရာစီအတွက် တစ်မျိုးကြီး ဖြစ်နိုင်တာပဲဟာ။ အဲ ဒီမှာကြည့်၊ ကျွန်တော့်လက်ထဲကဟာ ဘာလဲ'

လိုင်လာသည် ကြောင်စီစီနှင့် ကြည့်လိုက်၏။

'သံပေါ့၊ ဟုတ်ဘူးလား'

ဆမ်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ သံပဲ။ ကျုပ်ဟာ ဒီသံတွေကို အများကြီး ရောင်းခဲ့ဘယ်။ ပေါင်တစ်ရာ ပေါင်တစ်ထောင် မကဘဲ။ အဖေ့လက်ထက်ကလည်း ဒီလိုပဲ သံ ရောင်းခဲ့တာပဲ။ အရွယ်အမျိုးမျိုး၊ အရှည် အတို အမျိုးမျိုးပဲ။ ဒီ ဘိုးဆိုင်ကလည်း ကျုပ်တို့ သားအဖ သံ ရောင်းလာခဲ့ကြတာ တန်ပေါင်း ထောင် အတော်များရောမယ်။ အဲဒီသံတွေဟာ ဘယ်သံမှ တစ်မျိုးကြီး ဖြစ်ကြဘူး။ ခင်ဗျား သေသေချာချာ တွေးကြည့်လေ'

ဆမ်သည် လိုင်လာ၏ မျက်နှာကို ကြည့်ပြီး စကားဆက်လေသည်။

'ဘာလို့လဲဆိုတော့ ဒီ သံချောင်းတိုင်းဟာ တစ်ခုခု တစ်နေရာရာမှာ တိကျစွာ အသုံးဝင်လို့ပဲ။ အရေးပါတဲ့ ခိုင်မြဲတဲ့ နှောင်အဖြစ်နဲ့ တည်းပိုင်ခွင့်ရှိတယ်လေ။ ဒီ ဖဲယားဗဲမြို့ရဲ့ အိမ်တွေ တစ်ဝက်လောက်ဟာ ကျုပ်တို့ဆိုင်က ရောင်းလိုက်တဲ့ သံတွေနဲ့ ဆောက်ထားတာ၊ တည်းထားတာ ဖြစ်ချင်ဖြစ်နေမှာ။ တွေးကြည့်ရင်တော့ ရယ်စရာပေါ့လေ။ ဒါပေမဲ့ မြို့ထဲက လမ်းတွေ ခါမှာ လျှောက်သွားတဲ့အခိုက် တစ်ခါတစ်ရံ ဒီအိမ်တွေဟာ တို့ဆိုင်က ရောင်းလိုက်တဲ့ ပစ္စည်းတွေနဲ့ ဆောက်ထားတာပဲ၊ ငါဟာ ဒီအိမ်ဆောက်တဲ့ နေရာမှာ တစ်နည်းအားဖြင့် ကူညီလိုက်တာပဲလို့ အောက်မေ့နေမိတယ်'

ဆမ်သည် သူ့စကားနှင့်သူ ရယ်လိုက်၏။

'ဘာလဲ၊ ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်ပြီး ရူးနေတာပဲလို့ ထင်နေလို့လား။ ဒါမှမဟုတ် တွေ့ကရာတွေကို လျှောက်ပြောနေတာပဲလို့လား။ မဟုတ်ဘူး၊ တကယ်ပြောနေတာ။ ကျုပ်ရောင်းတဲ့ ပစ္စည်းတိုင်းဟာ တ…



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အသုံး ရှိနေတယ်။ နေထိုင် စားသောက်မှုမှာ တိုက်ရိုက် အကူအညီ ပေးနေတဲ့ ပစ္စည်းတွေချည်းပဲ။ ဒီနည်းတူ သံချောင်းကလေးတိုင်းဟာလည်း အသုံးကျတာပဲပေါ့။ ဒီသံချောင်းကလေးတွေဟာ တကယ်ပဲ တစ်စုံတစ်ခု နိုင်မြဲစွာ ရိုက်ဖို့ တည်းဖို့ အသုံးကျတာပဲ။ သူတို့ဟာ နှစ်ပေါင်းတစ်ရာထ ခဲ့ပြီး ကျုပ်တို့၊ ခင်ဗျားတို့ သေပြီးတောင်မှ ကျန်နေရစ်ဦးမှာ'

ဆမ်သည် သူ့နှုတ်ဖျားမှ "သေ" စကား ထွက်သွားပြီးလျှင် ပြီးချင်း သူ မှားသွားကြောင်းကို သတိရမိ၏။ သူ မပြောသင့်သော စကားကို ပြော ချေပြီကော။ သို့သော် နောက်ကျသွားခဲ့ပြီ ဖြစ်လေသည်။

လိုင်လာ၏ မျက်နှာပေါ်မှာ သူ၏စကားကို နားထောင်ရင်း ပြုံးနေ သော အပြုံးသည် ရုတ်တရက် ယှုပစ်လိုက်သလို ပျောက်ကွယ်သွားလေ၏။

လိုင်လာ၏ မျက်နှာမှာ စိုးရိမ်ပူပန်မှုများ အရိပ်ထိုးလာပြန်၏။

'ဆမ်၊ ကျွန်မတော့ တကယ်ပဲ စိတ်ပူလာမိပြီ။ ဘာလိုလို့နဲ့ လေးနာရီ တောင် ထိုးတော့မယ်။ မစ္စတာမီလတန်ဆီကလည်း ဘာသံမှ မကြားရဘူး'

ဆမ်သည် လိုင်လာ့ကို နှစ်သိမ့်သည့် သဘောဖြင့် –

'အကြောင်းကြားမှာပေါ့ကွယ်၊ စိတ်ရှည်ရှည်ထားမှပေါ့။ သူ တောင်း ထားတဲ့ အချိန်ကလည်း စေ့မှ မစေ့သေးတာ'

လိုင်လာသည် သူ၏လက်ကို သူ့ဘာသာသူ လိမ်ချိုးနေ၏။

'ကျွန်မတော့ စိတ်မရှည်တော့ဘူး ဆမ်။ စိတ်ထဲကလည်း ပူလှပြီ စောင့်ရတာဟာ သိပ်ပင်ပန်းတာပဲ။ ကျွန်မတော့ တစ်ခုခုသာ လုပ်ပစ်လိုက် ချင်တာပဲ။ ဒီလိုတော့ စောင့်မနေချင်ဘူး ဆမ်။ ရှင်ပဲ ပြောတယ် မဟုတ်လား ၂၄ နာရီပဲ စောင့်မယ်လို့။ တစ်ရက်ထက် ပိုကြာရင် သက်ဆိုင်ရာကို တိုင် မယ် ပြောတယ် မဟုတ်လား၊ တိုင်ကြစို့လားဟင်။ မစ္စတာမီလတန်လည်း ပေါ်မလာတော့ဘူး ထင်ပါရဲ့'

ဆမ်ကမူ ခပ်အေးအေးနှင့် အဖြေပေးလိုက်၏။

'ဟုတ်တယ်လေ၊ ၂၄ နာရီ ပြည့်လို့မှ သူ့ဆီက သတင်းမကြားရ





တော့လည်း တိုင်ကြတာပေါ့ လိုင်လာ။ ၂၄ နာရီက ညနေ ၈ နာရီထိုးမှ ပြည့်မှာပဲဟာ။ ကံကြမ္မာဆိုတာ ကြိုတင်ပြောလို့ ရတာ မဟုတ်ဘူး။ ကျုပ်တို့ သက်ဆိုင်ရာကို တိုင်စရာမလိုတဲ့ အခြေအနေ ရောက်ချင် ရောက်လာနိုင်မှာ မဟုတ်လား။ မစ္စတာမီလတန်ရဲ့ အတွေးအခေါ်ဟာ မှန်ချင် မှန်နေမှာပေါ့။ ဘယ်သူ ပြောနိုင်သလဲ'

'မပြောတတ်ဘူး ဆမ်၊ သူ့အတွေးဟာ မှန်ချင် မှန်နေမှာပဲ။ ဒါ ပေမဲ့ ကျွန်မတော့ စိတ်မရှည်တော့ဘူး'

လိုင်လာသည် နေရာမှထလိုက်ပြီး တွန့်ကြေနေသော အင်္ကျီကော်လာ ကို လက်ဖြင့် ပွတ်သပ်ကာ ဆန့်လိုက်၏။

'ဒီမှာ ဆမ်၊ ရှင်လည်း စိတ်လှုပ်ရှား နေတာပါပဲ။ ကျွန်မ သိပါတယ်။ ကျွန်မကို မေ့မေ့ပျောက်ပျောက် ဖြစ်ပါစေတော့ဆိုပြီး ဘယ်ကမှန်းမသိတဲ့ သံချောင်းအကြောင်းတွေ ရှင့်ပါးစပ်က ပြောနေပေမဲ့ ရှင့်ရင်ထဲမှာ ကျွန်မ နည်းတူ ပင်ပန်းနေတယ်၊ ရှေ့ လောကြီးနေတယ်ဆိုတာ ကျွန်မ သိပါတယ်။ မဟုတ်ဘူးလား ဟင်'

ဆမ်သည် ဘာမှ မထူးတော့သည့်အလား ခေါင်းဆတ်လိုက်၏။

'အင်း... ဟုတ်မှာပါပဲ'

ပြောရင်းဆိုရင်းပင် ဆမ်သည် မတ်တတ်ရပ်လိုက်၏။ နောက် အရှိန် ယူပြီးမှ စကားဆက်လေသည်။

'ဟုတ်တယ်၊ ကျုပ်လည်း စိတ်လှုပ်ရှားနေတာ အမှန်ပဲ။ အခုနေမှာ ဘာကြောင့်လို့ မစ္စတာမီလတန်ဆီက ဘာမှ အကျိုးအကြောင်း မထူးဘူးဆိုရင် ကျုပ်လည်း ဘာလုပ်ရမယ်ဆိုတာ မပြောတတ်တော့ပါဘူး။ ဒီလူဟာ ဘာ့ကြောင့် ခုထက်ထိ အကြောင်းမကြားရတာလဲ မပြောတတ်ပါဘူး။ သူ့အနေနဲ့ စစ်စရာ မေးစရာ စုံစမ်းစရာဆိုလို့ ဒီမြို့နားတစ်ဝိုက် အနီးအနား ကလေးမှာ ရှိတာပဲဟာ၊ ဘာလို့များ ဒီလောက်တောင် ကြာနေရပါလိမ့် မလဲနော်။ ကျုပ်တော့ ဘာပဲဖြစ်ဖြစ် ဂျပ်ချိန်းဘားဆီ ကိုယ်တိုင်သွားတွေ့ ချင်တော့တာပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



လိုင်လာသည် သူ မကြားဖူးသော နာမည်တစ်ခုကို ရွတ်လိုက် သဖြင့် ခေါင်းထောင်ကြည့်လိုက်၏။ ထို့ကြောင့် ဆမ်က–

'သြော် ဂျပ်ရှိန်းဘားကို ပြောနေတာပါ။ သူက ဒီ ဖဲယားဗဲနယ် လုံခြုံရေးမှူးလေ'

'ဆမ်၊ ကျွန်မတော့...'

လိုင်လာ၏ စကားမဆုံးမီပင် တယ်လီဖုန်းသည် ဆူညံစွာ မြည်လာ ၏။ ဆမ်သည် လိုင်လာ၏ စကားကို ဆုံးအောင်ပင် နားမထောင်တော့ဘဲ တယ်လီဖုန်းရှိရာသို့ ပြေးသွားလေ၏။ ဆမ်နောက်သို့ လိုင်လာလည်း အပြေး အလွှား လိုက်သွား၏။ ထိုအချိန်တွင် ဆော့က ဖုန်းကို ကောက်ယူနားထောင် နေပြီ ဖြစ်၏။ နားထောင်နေရင်းမှ ဆမ်ကို မော့ကြည့်လိုက်ပြီး ဖုန်းကို လှမ်းပေးလိုက်၏။

'ခင်ဗျားအတွက် လာတာပဲ'

ဆမ်သည် တယ်လီဖုန်းကို တစ်ခါမှ မကိုင်ဖူးသည့်အလား တုန်လှုပ် စွာ ကိုင်လိုက်ပြီး နားနှင့် ကပ်ထားလိုက်၏။ မျက်လုံးများကမူ သူ့နောက်မှ လိုက်လာသော လိုင်လာကို လှမ်းကြည့်၏။ ပါးစပ်ကမူ စကားပြောခွက်ကို တော့လျက်–

'ဟုတ်ကဲ့၊ ဆမ်လူးမစ် စကားပြောနေပါတယ် ခင်ဗျာ။ ပြောပါ'

တစ်ဖက်မှ အသံသည် တယ်လီဖုန်းခွက်ထဲက ပေါ်လာ၏။

'မီလတန်ပါ။ ဘယ့်နှယ်လဲ၊ ကျုပ်ဆီက စကားပြန်မရလို့ ကျုပ် အတွက် ခင်ဗျားတို့ စိတ်ပူနေပြီ ထင်တယ်'

ဆမ်က စကားဆက်မပြောခင် လိုင်လာကို ကြည့်လိုက်၏။

'ဟုတ်တယ်၊ ကျုပ် စိတ်ပူနေတာတော့ အမှန်ပဲ။ ကျုပ်တို့ နှစ်ယောက် ခင်ဗျားဆီက စကားပြန်ရမလားဆိုပြီး တစ်နေကုန် စောင့်နေ ရတာ။ ခုမှ ခင်ဗျားက ခေါ်တော့တာကိုး။ ကဲ ဆိုပါဦး၊ ဘာတွေများ အကြောင်းထူးသလဲလို့'





တယ်လီဖုန်းထဲမှ အသံသည် ရုတ်တရက် ခေတ္တမျှ ရပ်သွား၏။ ပြီးမှ တိုတိုနှင့် လိုရင်းအဖြေ ထွက်လာ၏။

'ခုထိတော့ ဘာမှ မထူးဘူးဗျာ'

ဆမ်၏ မျက်နှာသည် ပျက်သွားလေ၏။

'နေပါဦး၊ ဒါဖြင့် ခင်ဗျား တစ်နေကုန် ဘယ်တွေသွားနေခဲ့တာတုံး'

တစ်ဖက်မှ အသံမှာ စိတ်ရှည်ပုံ မပေါ်ပေ။

'ဘယ်သွားနေတုံး ဟုတ်လား။ အန့်ပေါ့ဗျာ၊ လမ်းတစ်လျှောက်လုံး နံ့ပါပဲ၊ အခု ပါနော့စ မြို့လေးက ပြောနေတာ'

'ဒါဖြင့် ခင်ဗျား မြို့စွန်တစ်ဖက်ကို အတော် ရောက်နေပြီပဲ၊ ဒီကြား လမ်းမပေါ်မှာ ဘာများ အဆက်အစပ်လုပ်ဖို့ သဲလွန်စ တစ်ခုတလေ ရဘူးလား'

'ဘာမှ မထူးဘူး၊ ဒါပေမဲ့ ကျုပ် အပြန်ကျတော့ ဒီလမ်းမက မပြန် ဘဲ တခြားလမ်းမက ပြန်လာမယ်လေ'

ဆမ်ကမူ စကားပြောရန် စိတ်မပါတော့ပေ။

'သြော် လမ်းဟောင်းကို ပြောတာထင်တယ်၊ သွားချင်လည်း သွား ပါ၊ ခုတော့ အဲဒီလမ်းဟာ ကောနေပါပြီ၊ အသွားအလာမှ မရှိတော့ဘဲဟာ၊ အဲဒီလမ်းမှာ ဘာမှရှိမယ် မထင်ပါဘူး ခင်ဗျာ၊ ဓာတ်ဆီဆိုင်တောင် မရှိဘူး ထင်တယ်'

တယ်လီဖုန်းထဲမှ အသံသည် အားရကျေနပ်ဖွယ် မကောင်းလှပေ။

'ဒါပေမဲ့ စားသောက်ဆိုင်က လူကပြောတော့ အဲဒီ လမ်းပေါ်မှာ ဟိုတယ်တစ်ခု ရှိတယ် ဆို'

ဆမ်သည် နားထောင်ရင်း နည်းနည်း စဉ်းစားကြည့်လိုက်၏။

'သြော်၊ အဲဒီ လမ်းဟောင်းပေါ်က ဟိုတယ် ဟုတ်လား၊ ဟို နော်မန် ဘိတ်တို့ရဲ့ ဟိုတယ်ကို ပြောတာ ထင်ပါရဲ့၊ ဖွင့်မှ ဖွင့်သေးရဲ့လား မသိပါဘူး၊ အဲဒီမှာ ဘာမှ တွေ့မယ် မထင်ပါဘူးဗျာ'



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းထဲမှ သက်ပြင်းချသံတစ်ခု ထွက်လာ၏။

'အေးလေ၊ မတတ်နိုင်ဘူးပေါ့ဗျာ၊ မတွေ့လည်း လျှောက်လှုပ်ရှားပေါ့။ ဒါပေမဲ့ ကျုပ် ဝင်ပြီး မေးစရာက အဲဒီတစ်ခုပဲ ရှိတော့တယ်။ ကျုပ် ပြန်ရှင်းပဲလေ၊ လှည့်ပြီး ဝင်လိုက်တာပေါ့။ ဘယ့်နှယ့်လဲ၊ စောင့်ရတာက'

ဆမ်က မဆိုင်းမတွ ဖြေလိုက်၏။

'ဒီလိုပါပဲ'

'ကောင်မလေးကော'

ဆမ်သည် စကားမပြောသေးဘဲ ခေတ္တမျှ ရပ်ထားလိုက်ပြီး အသံကို တိုးလိုက်၏။

'အခုပဲ လိုင်လာက ပြောနေတယ်၊ သူ စောင့်ရတာ စိတ်မရှည်တော့လို့ ပုလိပ်ကို သွားတိုင်မယ်လို့ ပြောနေတာပဲ'

'ခင်ဗျားတို့ ကျုပ် ပြန်လာအောင် စောင့်မလား ဟင်'

'ခင်ဗျားက ဘယ်လောက်ကြာမှာလဲ'

'အလွန်ကြာ တစ်နာရီပေါ့ဗျာ။ အင်း၊ ခင်ဗျားပြောတဲ့ ဟိုတယ်မှာ တစ်ခုခု မတွေ့ဘူး ဆိုရင်ပေါ့'

အသံသည် ရုတ်တရက် ရပ်သွား၏။ မိလတန်သည် တစ်စုံတစ်ခုကို စဉ်းစားနေပုံ ရလေ၏။ ခဏကြာမှ ဆက်၍-

'ကဲ ဒီလို လုပ်ကြရအောင်လေ၊ ကျုပ်ဘက်ကတော့ လက်လျှော့လိုက်ပြီ ဆိုပါစို့၊ ဒါပေမဲ့ ကျုပ် ပြန်လာအောင်ထိတော့ စောင့်ပါဦး။ ဘာလို့လဲဆိုတော့ ဆိုင်ရာတွေကို သွားအကြောင်းကြားတဲ့ အခါမှာ ကျုပ်နဲ့အတူ သွားကြရအောင်လို့ပါ။ ကျုပ်ပါတော့ ပုလိပ်အဖွဲ့ကို တိုင်ရတာ ပူးပေါင်းဆောင်ရွက်မှုကအစ လွယ်တာပေါ့ဗျာ၊ ဟုတ်ဘူးလား၊ ခင်ဗျားလည်း သိသားပဲ။

'မြို့ငယ်ကလေးတွေရဲ့ ဥပဒေ ယန္တရားဟာ ဘယ်လို ဘယ်ပုံ လည်ပတ်နေတယ် ဆိုတာကို၊ ခင်ဗျားက အဝေးပြော တယ်လီဖုန်းနဲ့ မေးနိုင်းရင်ပဲ မျက်နှာက ကြည်သာမှာ မဟုတ်တော့ဘူး'





ဆမ်ကမူ စကားတိုတိုပင် ပြောလိုက်၏။

'ကောင်းပြီလေ၊ ခင်ဗျားကို တစ်နာရီ အချိန်ပေးမယ်၊ ကျုပ်တို့ ...ဘိုးဆိုင်ကပဲ စောင့်နေမယ် ဟုတ်လား။ ကဲ ဒါပဲနော်'

ဆမ်သည် ပြောပြောဆိုဆို တယ်လီဖုန်းခွက်ကို ပုခက်ပေါ်သို့ တင်...လိုက်၏။

လိုင်လာသည် ရှေ့သို့ အလောတကြီးပင် တိုးလာပြီး-

'ဘယ့်နှယ့်လဲ၊ သူ ဘာတွေများ သိလာသလဲဟင်၊ ဘာတွေတုံး'

ဆမ်က တိုတိုပင် ဖြေနေ၏။

'ဘာမှ မသိပါဘူး၊ ဘာမှလည်း မထူးဘူး၊ ဒါပေမဲ့ သွားစရာ နေရာ ...ခုပဲ ရှိတော့တယ်တဲ့။ အဲဒါ မတွေ့ရင် ပြန်လာတော့မယ် ဆိုတဲ့ ...ကြောင်း ပြောတာပဲ'

လိုင်လာသည် ဆမ်ကို မကြည့်ပေ။

'တစ်နေရာတည်း ကျန်တော့တယ်ပေါ့ လေ'

ဆမ်သည် ဘယ်လို နှစ်သိမ့်ရမည် မသိ။

'ဒီလို မပြောနဲ့လေ၊ စိတ်မလျှော့ပါနဲ့ဦး၊ သူ တွေ့ချင်လည်း တွေ့ဦး...ပေါ့၊ မတွေ့လည်း တစ်နာရီအတွင်းမှာ သူ ပြန်ရောက်လာမှာပဲ၊ ဒီတော့ ...ပ်တို့ အတူတူ လုံခြုံရေးမှူးဆီကို သွားကြတာပေါ့ဗျာ။ ခင်ဗျားလည်း ...ပ် ပြန်ဖြေလိုက်တာ ကြားတယ် မဟုတ်လား'

'ကောင်းပြီလေ၊ တစ်နာရီ ဟုတ်လား၊ စောင့်လက်စနဲ့တော့ စောင့်...ကိရဦးမှာပေါ့လေ'

အမှန်တော့ ထိုတစ်နာရီသည် သူတို့ နှစ်ဦးလုံးအတွက် သက်သာ...သာ တစ်နာရီ မဟုတ်ပေ။ ပြဿနာ အရပ်ရပ်သည် ဆုံးခန်းတိုင် ရောက်နေ...သလို ဖြစ်နေ၏။ ဆုံးခန်းတိုင် ရောက်လေလေ၊ စိတ်ပူရလေလေ ဆို... ဖြစ်နေ၏။ ထိုအချိန်တွင် စနေနေ့ ညနေပိုင်း ကျလာသော ဈေးသည်များ ...အကြောင်းပြုပြီး ဆမ်သည် အလုပ်များနေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဈေးဝယ်များကိုပင် ကျေးဇူးတင်မိပေသေးသည်။ အမှန်စင်
ဆမ်သည် ဆက်လက်၍ ဟန်မဆောင်နိုင်တော့ပေ။ ထွေရာလေးပါး စကား
ကိုလည်း စိတ်သက်သာအောင် ကြံဖန်ပြီး ပြောမနေနိုင်တော့ပေ။ လိုင်လာ
ကိုလည်း မပြောနိုင်။ သူ့ကိုယ်သူလည်း မပြောနိုင်တော့။

အကြောင်းမှု သူ့ရင်ထဲမှာ စိတ်လေးလံမှုနှင့် တင်းကျပ်နေပြီ ဖြစ်
သောကြောင့်တည်း။

မေရီတော့ တစ်ခုခု ဖြစ်ပေပြီ။

မေရီတော့ တစ်ခုခု ဖြစ်ပေပြီ။

မေရီတော့ တစ်ခုခု ...။

'ဆမ်'

လိုင်လာ၏အသံသည် ဆမ်၏ အတွေးကို ဖြတ်လိုက်၏။ သူသည်
အရောင်းစာရင်းကို ပိတ်လိုက်ပြီး စာအုပ်ကို ရှေ့သို့ တွန်းလိုက်ကာ လိုင်လာ
ကို မော့်ကြည့်လိုက်၏။ လိုင်လာသည် သူထားခဲ့သော နောက်ခန်းမှ တဖြည်း
ဖြည်း သူ့နားကိုရောက်အောင် လျှောက်လာခြင်း ဖြစ်လေသည်။ လိုင်လာ
သူ့လက်တွင် ပတ်ထားသော နာရီကို လက်ညှိုးနှင့် ထိုး၍ပြ၏။

'အချိန်စေ့သွားပြီ ဆမ်'

ဆမ်က ထ လိုက်၏။

'ကိုယ် သိပါတယ် လိုင်လာ။ ဒါပေမဲ့ သူ့ကိုတော့ လေး
ဆယ်မိနစ် အချိန်ပိုပေးဦးမှ တော်မယ် ထင်တယ်။ သူက ပြန်လာပါမ
မယ်။ သူနဲ့အတူမှ သွားပါလို့ အတင်းပြောထားတာ။ ပြီးတော့ ကိုယ်လည်း
စတိုးဆိုင် ပိတ်ရဦးမှာပဲဟာ'

လိုင်လာ ခေါင်းညိတ်လိုက်၏။

'ကောင်းပြီလေ၊ စောင့်သေးတာပေါ့။ လုပ်စရာ ရှိတာကိုတော့
မြန်မြန်လုပ်ပါ ဆမ်။ ဆမ်လည်း သိမှာပေါ့၊ ကျွန်မ ရင်ထဲမယ် ဘယ်လို
ဖြောင်းဆန်နေပြီလဲ ဆိုတာ'





ဆမ်သည် ကြိုးစားပမ်းစားပင် အပြုံးတစ်ခု ညှစ်ထုတ်လိုက်ပြီး
လိုင်လာကို ပြုံးပြလိုက်၏။

'ကိုယ် သိပါတယ်၊ ကိုယ်လည်း ပူတာပါပဲ။ ဒီငနဲ မကြာပါဘူး၊
တစ်မိနစ် နှစ်မိနစ်ဆိုရင် ရောက်လာမှာပါ'

အမှန်ကား ပေါ်မလာခဲ့ပေ။

ဆမ်နှင့် ဘော့တို့သည် ငါးနာရီခွဲတွင် တစ်ဆိုင်လုံးကို လုံးဝ သိမ်း
ဆည်းပြီးပြီ ဖြစ်၏။ ဆမ်က တစ်နေ့တာစာရင်းကို စစ်၍ ပိတ်လိုက်ပြီး၊
ဘော့က တချို့ အုပ်သင့်သော ပစ္စည်းများကို တာလပတ်ဖြင့် အုပ်ထားလိုက်
၏။

စုံထောက် မီလတန်သည် ပေါ်လာခြင်း မရှိပေ။

ဘော့သည် မီးပိတ်လိုက်ပြီးနောက် ဆိုင်ပြင်သို့ ထွက်လိုက်၏။
ဆမ် ကိုယ်တိုင်မှာလည်း တံခါးကို သော့ခတ်မည့်ဆဲဆဲမှာ ရှိနေ၏။

မီလတန်သည် အရိပ်အယောင်မျှ မမြင်ရသေး။

လိုင်လာသည် စိတ်မရှည်တော့ပေ။

'ကဲ ကျွန်မတို့ သွားကြဖို့ တော်ပြီထင်တယ်၊ ရှင် မသွားရင် ကျွန်မ'

ဆမ်သည် သူ့ကို လက်ကာပြလိုက်၏။

'နေပါဦး၊ ဖုန်းလာနေသံ ကြားတယ်'

ဆမ်သည် ပျာယီးပျာယာနှင့် တံခါးပြန်ဖွင့်လိုက်ပြီး ဆိုင်ထဲသို့
ခြေလှမ်းကျယ်ကြီးများနှင့် ဝင်သွားကာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်
၏။

'ဟဲလို'

တစ်ဖက်မှ အသံကမူ တိုးတိုးဖြစ်သည်။

'မီလတန်ပါ'

ဆမ်သည် ဒေါ်ပွသွား၏။

'ခင်ဗျားလား၊ ဘယ်လို လုပ်တာတုံး။ ခင်ဗျား တစ်နေရာအတွင်း
ကျုပ်ဆီကို အရောက်...'



www.burmeseclassic.com

www.burmeseclassic.com



'အို၊ ကျုပ် လာမယ်ဆိုတာတွေ မေ့လိုက်စမ်းပါ'

မိလတန်၏ အသံမှာ အေးစက်ညင်သာနေ၏။ လေသံမှာ တိုးတိုးဖြစ်သော်လည်း လိုအပ်သော အရေးကြီးမှု အပြည့်ပါနေ၏။

'ဒီမှာ ဆမ်၊ အသေအချာ နားထောင်။ ကျုပ် အခုပဲ ဟိုတယ်ထဲက ထွက်လာခဲ့တယ်။ ဟိုတယ်ထဲမှာလည်း ခက်ခက်ခဲခဲနဲ့ မေးခဲ့ရတာ။ ဒါပေမဲ့ သဲလွန်စတစ်ခုတော့ ရခဲ့တယ်။ မေရီဟာ လွန်ခဲ့တဲ့ စနေနေ့ညက ဒီမှာ တည်းခဲ့တာပဲ'

ဆမ်၏အသံမှာ တုန်လာ၏။

'မေရီ... ဟုတ်လား၊ သေချာရဲ့လားဗျာ'

'သေချာသလောက်ပါပဲ။ ကျုပ် ဟိုတယ်က လယ်ဂျာစာအုပ်ကို စစ်ကြည့်တော့ အဲဒီထဲမှာ နာမည်နဲ့ လိပ်စာ တွေ့တယ်လေ။ မေရီတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဂျိန်းဝီလ်ဆင်တဲ့။ ဒါပေမဲ့ လက်ရေးချင်း တိုက်ကြည့်တော့ အတူတူပဲ ဖြစ်နေတယ်။ နောက်ထပ် သက်သေတွေ လိုအပ်ရင်တော့ ဒီလယ်ဂျာကို ဓာတ်ပုံရိုက်ပြီး ယူထားရမှာပဲ'

ဆမ်သည် အားတက်လာ၏။

'နောက်ထပ် ဘာတွေများ တွေ့သေးသလဲဗျာ'

မိလတန်သည် အသက်ပြင်းပြင်းရှူလိုက်၏။

'ကားကလည်း ကျုပ်မှတ်ထားတဲ့ ကားပဲဗျာ။ ရှေ့က ဗန်ပါ ပိန်နေတာ အထိ တူတယ်။ မိန်းကလေး ပုံပန်းသဏ္ဌာန်ကလည်း မေရီပဲ'

ဆမ်ကမူ သည်ဘက်က အံ့သြနေ၏။

'နေပါဦး၊ ဒီသဲလွန်စ အဖြေတွေကို ခင်ဗျား ဘယ်လိုလုပ်ပြီး ရအောင် မေးသလဲဟင်'

မိလတန်၏ ရယ်သံမှာ သည်ဘက်သို့ ပျံ့လွင့်လာ၏။

'ဒီလိုပေါ့ဗျာ။ စုံထောက်မှတ်ပုံတင် ထုတ်ပြရတာတို့၊ ကားပျောက်မှု ဖြစ်ပါတယ်လို့ ပြောတာတို့၊ ကားနံပါတ်၊ ကားပုံပန်းနဲ့ လူပုံပန်း ပြောရတာ





တို့ပေါ့လေ။ ဒီလို တောင်တောင်အီအီတွေ လုပ်လိုက်တာ ငနဲသား အယောင်ယောင် အမှားမှားတွေ ဖြစ်ပြီး ထွက်လာတာပေါ့ဗျာ။ ငနဲက အူကြောင်ကြောင် ပါ။ သူ့နာမည်က ဘယ်သူ၊ နော်မန်ဗိတ်တဲ့။ ခင်ဗျားများ သိမလားဟင်'

'ကြားဖူးရုံပါပဲ၊ လူ မမြင်ဖူးပါဘူး၊ မသိပါဘူး'

ဆမ်က လွယ်လွယ်ပင် ဖြေလိုက်၏။ ပြီးမှ–

'ကဲ ဆိုစမ်းပါဦး၊ သတင်းက...'

'ဒီလိုလေ၊ သူ့အဆိုအရတော့ မိန်းကလေးဟာ စနေနေ့ည ၆ နာရီလောက် သူ့ဟိုတယ်ကို ကားမောင်းပြီး ဝင်လာတယ်၊ တစ်ညတွက် တစ်ခါတည်း ကြိုပြီးပေးတယ်။ အဲဒီညက ရာသီဥတုကလည်း ဆိုး၊ မိုးကလည်း ရွာ၊ ဧည့်သည်ကလည်း သူတစ်ယောက်တည်းမို့ ဆိုင်ကို စောစောပိတ်တယ်တဲ့။ မနက်ကျတော့ မိန်းကလေးဟာ အစောကြီး ထွက်သွားတယ်လို့ ပြောတာပဲဗျာ။ သူကိုယ်တိုင်ကတော့ ဟိုတယ် နောက်ဖေးက အိမ်ကြီးမှာ သူ့အမေနဲ့နေတော့ မနက်မိုးလင်းလို့ သူ ဆိုင်ဖွင့်မလို့ လာတော့ မိန်းကလေး မရှိတော့ဘူးလို့ ပြောတာပဲ'

ဆမ်သည် ဘာမှု မသေချာဘဲ ဖြစ်နေ၏။

'သူ အမှန်ပြောတယ်လို့ ထင်သလား ဟင်'

'သိပ် မသေချာဘူးဗျာ'

ဆမ်သည် တွန့်သွား၏။

'ဘာလဲ၊ ခင်ဗျား ဘာကို ဆိုလိုတာလဲ'

မိလတန်ကမူ သေချာ ရှင်းပြနေ၏။

'ကျုပ်က သူ့ကို နည်းနည်းဖိပြီး မေးခွန်းထုတ်တာပေါ့၊ ကားတွေ လူတွေအကြောင်းကို။ ဒီတော့ ငနဲသား အယောင်ယောင် အမှားမှား ဖြစ်ပြီး အဲဒီနေ့ညတုန်းက မိန်းကလေးကို သူ့အိမ်မှာ လိုက်ပြီး ကော်ဖီသောက်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါတယ်လို့ ပြောတယ်ဗျ။ ဒါပဲလို့ ပြောတယ်၊ သူ့အမေ သိပါတယ်လို့လည်း ပြောတယ်'

'ဒါဖြင့် ခင်ဗျား သူ့အမေကို တွေ့ပြီးပြီပေါ့'

တယ်လီဖုန်းမှ အသံသည် ခဏရပ်သွား၏။ အတန်ကြာမှ ဆက်၍ ထွက်လာ၏။

'မတွေ့ရသေးဘူးဗျာ၊ သူ့အမေကြီးကလည်း ဟိုတယ်ရဲ့ နောက်ဖေးဘက်က အိမ်ကြီးပေါ်မှာ နေတာဗျ။ ငနဲကတော့ ကျုပ်ကို သူ့အမေနဲ့ မတွေ့ရဘူးလို့ ဆိုနေတာပဲ။ သူ့အမေဟာ အလွန် နေမကောင်းဖြစ်နေတာမို့ မတွေ့ပါနဲ့လို့ ပြောတယ်။ ဘယ်သူနဲ့မှလည်း အတွေ့မခံဘူးလို့ ပြောတယ်။ ဒါပေမဲ့ ကျုပ်လာမယ်လို့ အဝင်တုန်းက ပြတင်းပေါက်မှာ မိန်းမကြီး ထိုင်နေတာကို လှမ်းမြင်နေရသားဟာ။ ဒီတော့ ကျုပ်က သူ့ကိုပြောတယ်။ ခင်ဗျား ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကျုပ်ကတော့ အဘွားကြီး ရှိရာကို သွားတွေ့ပြီး မေးခွန်းထုတ်ရမှာပဲလို့ ပြောလိုက်တယ်'

ဆမ်သည် အလိုလို မောနေ၏။

'ဒါပေမဲ့ ခင်ဗျားမှာ ဝရမ်းမှ မပါတာ၊ ဘယ့်နှယ် အတင်းဝင်တွေ့လို့ ဖြစ်ပါ့မလား'

မီလတန်၏ အသံသည် ရုတ်တရက် မာလာ၏။

'ဒီမှာ ဆမ်၊ ခင်ဗျား မေရီကို ပြန်တွေ့ချင်တယ် မဟုတ်လား။ ဒီငနဲ ကြည့်ရတာ ရှာဖွေတဲ့ ဝရမ်းတို့ ဘာတို့ သိပုံမှ မရတာ။ ဒီအတိုင်း ဝင်တွေ့ရင်လည်း ရပါတယ်။ အခုတောင် ငနဲသား သူ့အမေဆီကို အရင် သွားနှင့်မယ်ဆိုပြီး အိမ်ပေါ် တက်ပြေးလေရဲ့။ အဘွားကြီးကို အဝတ်အစား လဲခိုင်းမလို့တဲ့။ အခု သူ အပေါ်ထပ် တက်သွားတုန်း ခင်ဗျားဆီကို ဖုန်းဆက်လိုက်တာပဲ။ ကဲ၊ ဒီတော့ ခင်ဗျားတို့နှစ်ယောက် ကျုပ်ပြန်လာအောင် စောင့်ကြပေါ့ဗျာ ဟုတ်လား။ ဟောဗျို့၊ ပြောရင်းဆိုရင်း ကျုပ် သွားမှပဲ။ ကဲ ဖုန်းချလိုက်တော့မယ်'





တယ်လီဖုန်းသည် ဆမ်၏ လက်ထဲမှာတွင် သေသွားလေ၏။ ဆမ်သည် စကားပြောခွက်ကို ချလိုက်၏။ သူသည် လိုင်လာဘက်သို့ လှည့်ပြီး မီလတန် ပြောသမျှ အားလုံးကို ဖောက်သည်ချလိုက်၏။

'ကဲ ဘယ့်နှယ်လဲ၊ ရင်အေးပြီ မဟုတ်လား'

လိုင်လာကိုယ်တိုင်ကမူ ရင်မအေးပါ။

'အင်း ... နည်းနည်းတော့ အေးပါပြီ၊ ဒါပေမဲ့ ကျွန်မ သိချင်လိုက်တာ'

'သိရမှာပေါ့ လိုင်လာရယ်၊ ခဏကြာရင် အားလုံး သိရမှာပဲ။ ကျုပ်တို့ တာဝန်ကတော့ စောင့်ကြရုံပဲပေါ့၊ ဆက်စောင့်ကြရုံပဲပေါ့'

ဆမ်နှင့် လိုင်လာသည် စောင့်နေကြ၏။

စောင့်နေကြ၏။

[ ကိုး ]

ဒနေ နေ့ခင်းပိုင်း ဖြစ်ပါသည်။

နော်မန်သည် မှတ်ဆိတ်ရိတ်နေ၏။ သူသည် တစ်ပတ်လျှင် တစ်ကြိမ်သာ မှတ်ဆိတ်ရိတ်ပြီး အမြဲတမ်း စနေနေ့မှာသာ ရိတ်လေ့ရှိပေသည်။

နော်မန်သည် အမှန်စင်စစ် မှတ်ဆိတ် မရိတ်ချင်ပေ။ အကြောင်းမူ မှန်နှင့် ရင်မဆိုင်ချင်သောကြောင့် ဖြစ်ပါသည်။ မှန်တွေမှာ ဘာ့ကြောင့်များ လှိုင်းတွန့်များ ပါနေသည်ကို နော်မန် တွေး၍ မရဘဲ ဖြစ်နေလေသည်။ လှိုင်းတွန့်များသည် သူ့မျက်စိကို စူးစေပါသည်။

မပြောတတ်ဘူးလေ။ တကယ့်တကယ်က မှန်ရဲ့ လှိုင်းတွန့်တွေက ဒုက္ခပေးတာ မဟုတ်ဘဲ သူ့မျက်စိကိုက မကောင်းတာ ဖြစ်ချင် ဖြစ်နေမှာပေါ့။ ဟုတ်တယ်၊ အဲဒါ ဖြစ်မှာပဲ။ ဘာလို့လဲဆိုတော့ သူ ငယ်ငယ်တုန်းက ဆိုရင် မှန်ရှေ့တည့်တည့် ဘာအဝတ်အစားမှ မပါဘဲ ကိုယ်တုံးလုံးရပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ သိပ်နိပ်တာပေါ့။ တစ်ခါတော့ သူက ဒီလို တုံးလုံးကြီး မှန်ရှေ့ ရပ်ပြီး ဆံပင်ဖြီး အမေ တွေ့သွားတာနဲ့ ငွေရိုးတပ် ဝက်မှင်ဘီးနဲ့ သူ့ခေါင်းကို ခေါက်တာ မှတ်မိပါသေးတော့တယ်။ အမေက ခေါက်တာမှ ညှာညှာတာတာ မဟုတ်ဘဲ ဘာကယ် တအားခေါက်တာမို့ သူ အတော်နာသွားပါတယ်။ အမေ က ခေါက်နေစဉ် တန်းလန်းမှာ ပါးစပ်ကလည်း ဒီလို လုပ်နေတာဟာ မဟုတ်တာကြောင်း၊ ညစ်ညမ်းကြောင်းနဲ့ ပေါက်တတ်ကရ လျှောက်ပြောပြီး ဆူလည်း နေလိုက်သေးတယ်။

နော်မန်သည် မျက်စိကလေး မှေးလိုက်ရုံနှင့် ခပ်ရေးရေး မှတ်မိနေ သမျှသည် ပြတ်သားလာကာ အထင်အရှား ဖြစ်လာ၏။ သူသည် တကယ် ပင် ကောင်းစွာ မှတ်မိပါ၏။ သူ့အမေ၏ ဝက်မှင်ဘီးငွေရိုးသည် ခေါင်းကို တဒေါင်ဒေါင်နှင့် ကျလာခိုက် သူ့ခေါင်းကလည်း ရှေ့တိုးနောက်ငင် ကြီးစား ပြီး တိမ်းနေခဲ့ပုံများကို။ အရိုက်ခံရပြီးတော့ ခေါင်းကိုက်တော့တာပဲ။ အဲဒီ ကတည်းက သူ မှန်ကြည့်လိုက်ရင် ခေါင်းကိုက်လာတတ်တော့တာပါပဲ။ အမေဟာ ရိုက်တုန်းက ရိုက်ပေမဲ့ သူ ခေါင်းကိုက်ကိုက်နေတယ် ဆိုတာ သိပြန်တော့လည်း မနေပါဘူး။ ဆရာဝန်ကို လိုက်ပြပေးပါတယ်။ အဲ ဆရာ ဝန်ကပဲပေါ့၊ သူ့ကို မျက်မှန်တပ်ရမယ် ဆိုတာကို ညွှန်ကြားခဲ့တာ။

မျက်မှန်တပ်လိုက်တော့ ခေါင်းကိုက်တာ သက်သာသွားတာက တော့ အမှန်ပါပဲ။ ဒါပေမဲ့ မှန်ကို ကြည့်လိုက်တဲ့ အခါတိုင်းမှာတော့ သိပ် မကောင်းသေးဘဲ မှုံမှုံသွားတာ၊ မျက်စိ စူးစူးသွားတာတော့ ရှိနေတုန်းပဲ။ ကြာတော့လည်း သူက လက်မြှောက်လိုက်ရပါတယ်။ ဖြစ်နေတာက အမြဲ တမ်း ဖြစ်ပြီး ဖြစ်တာကလည်း ကြာမင့်ပဲဟာ၊ သူ ဘယ်တတ်နိုင်မှာလဲ။ အင်း အမေပြောတာ မှန်တာပဲလေ။ မှန်ရှေ့မှာ ကိုယ်လုံးတီးရပ်ပြီး ကိုယ့် ကိုယ်ကိုယ် ပြန်ကြည့်နေတဲ့ အလုပ်ဟာ ဘယ်လောက်များ ညစ်ညမ်းစုတ်ပဲ့ လိုက်သလဲ ဟင်။ အသားဝဝ အမွေးမရှိတဲ့ လက်မောင်းတွေ၊ နောက် ရင်ဘတ်တွေ၊ လုံးလုံးကြီး ဖြစ်နေတဲ့ ဗိုက်သားတွေ၊ နောက် အောက်ဘက် ကျတော့ ...။





မှန်ကို ကြည့်လိုက်ရင် ကိုယ့်ကိုယ်ကိုယ် တခြားလူများ ဖြစ်ပါစေ တော့လို့ အမြဲ အောက်မေ့မိတတ်ပါတယ်၊ အရပ် ထောင်ထောင် မောင်းမောင်း၊ ကိုယ်ကာယ သွယ်သွယ်ပြည့်ပြည့် တင်းတင်းရင်းရင်း၊ ယောကျ်ားပီသတဲ့ ရုပ်မျိုးနဲ့လေ။ ဦးလေးဂျိုကွန်ဘတ်ဂင်းလို ရုပ်မျိုးနဲ့ပေါ့။

ဘယ့်နှယ့်လဲ၊ မင်းဦးလေးဟာ မြင်ဖူးသမျှ ကမ္ဘာပေါ်မှာ အချိုးအစား အပြေပြစ်ဆုံး၊ အချောမောဆုံး ယောကျ်ားမျိုး မဟုတ်ဘူးလားဟေ့လို့ အမေ က အမြဲ မှတ်ချက်ချတာမျိုးကိုလေ။

အမှန်ပါပဲ။ နော်မန်သည် ဝန်ခံရမည် ဖြစ်ပါ၏။ ဦးလေးဂျိုသည် အလွန်ချောသော၊ ပြေပြစ်သော လူတစ်ဦး ဖြစ်ပါသည်။ သို့သော် နော်မန် သည် ဦးလေး ဂျိုကို မုန်းတီးလေသည်။ ဘယ်လောက်ပဲ ချောချော၊ သူကိုယ် ဘိုင် ဘယ်လောက်ပဲ ချောချင်ချောချင်ပေါ့လေ။ အားကျတာ အားကျတာ သတ်သတ်၊ မုန်းတာ မုန်းတာ သတ်သတ်ပေါ့။ သူ ငယ်ငယ်တုန်းကများ ဆိုရင် တစ်ခါတလေ ဆုတောင်းမိပါရဲ့။ အမေဟာ ဒီလူကြီးကို "ဦးလေးဂျို" လို့ အတင်းအကျပ် မခေါ်ခိုင်းပါစေနဲ့လို့။ ဘာလို့လဲဆိုတော့ ဒီလူကြီးနဲ့ သူက အမျိုးမှ မတော်ဘဲကိုး။ အလကား အသိမိတ်ဆွေတစ်ယောက် ဖြစ်ပြီး အမေ့ဆီကိုသာ လာလည်နေရုံနဲ့ သူက ဘောက်မယ့်ကြောင့် "ဦးလေးဂျို၊ ဦးလေးဂျို" နဲ့ ခေါ်ရမှာတုံး။ အဲဒီ ဦးလေးဂျိုပေါ့၊ တခြားလူ ဟုတ်ပါရော့ လား။ အမေ့ခြံကို ရောင်းပြီး ရတဲ့ငွေနဲ့ ဟိုတယ်ဆောက်ဖို့ အကြံပေးခဲ့တာ လေ။

နောက်ပြီး ထူးဆန်းတာတစ်ခုက ရှိသေးဗျာ။ အမေဟာ အမြဲတစေ ပဲ ယောကျ်ားဆိုရင် ဘယ်ယောကျ်ားမှ မကောင်းကြောင်း၊ ယောကျ်ားမှန်း သမျှ ဒါဒကို အလွန်တွင်တွင် ဟောတတ်သူပေါ့။ အထူးသဖြင့် "ငါ့ကို ကလေး တစ်ကောင်နဲ့ ထားခဲ့ပြီး ထွက်ပြေးတဲ့ မင်းအဖေ" အကြောင်းပေါ့လေ။ ဒီအထဲကတောင်၊ ဒီလောက် ယောကျ်ားဆိုရင် ကျားသတ္တဝါမှန်သမျှ မကောင်းဘူးလို့ အစွဲကြီးနေတဲ့ အထဲကတောင်၊ ဟော ဦးလေးဂျိုကျတော့



www.burmeseclassic.com

www.burmeseclassic.com



မပြော၊ ဘယ်လိုမှ မပြောထဲကပဲဗျ။ ဦးလေးဂျိုဟာ အမေ့ကိုဆိုရင် လက်ခေါင်းကလေးတွေနဲ့ လှည့်လိုက်ရင်ပဲ ချာလပတ်၊ ချာလပတ်နဲ့ လည်နေမှာ အသေအချာပေါ့ဗျာ။ သူသာ အမေ့အပေါ်မှာ အဲဒီလို ဩဇာရှိပြီး လုပ်နိုင်ကိုင်နိုင်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့။ တကယ်ပါပဲ၊ အမှန်တော့ သူဟာ ဦးလေးဂျိုကို မနာလိုတာ ဖြစ်မှာပါပဲ။ ဦးလေးဂျိုလို ချောပြီး၊ ဦးလေးဂျိုလို အမေ့အပေါ်မှာ ဩဇာရှိရင် ... ဟင်း ဟင်း။

အို ဘာတွေ လျှောက်တွေးနေတာတုံး။ မဖြစ်နိုင်တာတွေ။ ဦးလေးဂျိုလည်း သေတာ ကြာမှပဲ။

နော်မန်သည် မှတ်ဆိတ်ရိတ်ရင်း သူ့မျက်နှာကို သူ့ဘာသာ ပြန်ကြည့်ကာ မျက်စိမှိတ်ပြလိုက်၏။ ရယ်တော့ ရယ်စရာပါပဲ။ သူ့ခေါင်းထဲကို ဒီအတွေးဟာ ဘယ်လိုဘယ်လို ဖြတ်ပြီး ရောက်လာပါလိမ့်မလဲ။ ကြည့်စမ်း၊ အဖြစ်အပျက်ဟာ အနှစ်နှစ်ဆယ်တောင် ကြာမြင့်ပဲဟာ။ ဒါပေမဲ့ အချိန်ဟာ အဆက်အသွယ် ရှိတယ် မဟုတ်လား၊ အိန်စတိန်းပဲ ပြောတာလေ။ အမှန်တော့ အိန်စတိန်း စတွေ့တာ သိတာတော့ မဟုတ်ပါဘူး။ ဟို ရှေးပဝေသဏီကတည်းက လူတွေဟာ ဒီအကြောင်း ရိပ်ဖမ်းသံဖမ်း သိလာခဲ့ကြတာပဲဟာ။ ခေတ်ပိုင်းမှာ ဆိုရင်လည်း ကရောက်လီတို့၊ အောပင်စကီတို့ ဆိုရင်လည်း သိတာပေါ့။ သူတို့အကြောင်းတွေကိုတော့ နော်မန်က နောကျေလို့ပေါ့။ အားလုံး ဖတ်ဖူးပြီးသားချည်းပဲ။ တချို့စာအုပ်တွေဆိုရင် ငှားဖတ်တာတောင် မဟုတ်ဘူး။ တစ်ခါတည်း အပိုင်ဝယ်ပြီး သိမ်းထားလိုက်သေးတာပဲ။ အမေကတော့ ထုံးစံအတိုင်း သူလုပ်ရင် ဘာမှ သဘောမတူဘူးပေါ့။ အမေက ဒီစာအုပ်တွေ၊ ဒီအယူအကြည်တွေဟာ ဘာသာတရားနဲ့ ဆန့်ကျင်တယ် ဆိုပြီး ပြောလေ့ ကန့်ကွက်လေ့ ရှိတယ်။ အမှန်တော့ ဘာသာရေးနဲ့ ဆန့်ကျင်တာက အဓိကအကြောင်း မဟုတ်ပါဘူး။ ဒီစာအုပ်တွေကို သူ ဖတ်ဖတ်နေရင် ဗဟုသုတတွေများ၊ အကြားအမြင်တွေ များပြီး အမေရဲ့ နို့အနံ့မကင်းတဲ့ သားသားအဖြစ်က လွတ်ထွက်သွားမှာ စိုးလို့ပါ။ တကယ်





တော့ သူဟာ အရွယ်ရောက်ပြီပဲ။ အရွယ်ရောက်တာမှ နည်းနည်းနောနော အရွယ်ရောက်တာမှ မဟုတ်ဘဲ။ အချိန်နဲ့ ကာလကို စိုးပိုင်နိုင်တဲ့ လူတွေဟာ သူသားနဲ့ ပိုင်ဆိုင်မှုကို စိုးပိုင်နိုင်ကြတာကို သူလည်း ကောင်းကောင်းကြီး သိနေတာပေါ့။

အားလုံးကို တွေးလိုက်ရင် လူတစ်ကိုယ်တည်း နှစ်ယောက် ဖြစ်နေသလိုပါပဲ။ ကလေးနဲ့ လူကြီးလေ။ သူ့အမေကို တွေ့လိုက်တဲ့ အချိန်တိုင်း ကလေးဖြစ်သွားပြီး ကလေးစိတ်၊ ကလေးအတွေးအခေါ်၊ ကလေးဗဟုသုတ၊ ကလေးရဲ့ ဉာဏ်စဉ်၊ ကလေးရဲ့ တုံ့ပြန်မှုတွေနဲ့ ဖြစ်သွားပြီ။ တစ်ယောက်တည်း အမေ့အကြောင်း မတွေးမိခဲ့တဲ့ အခါကျတော့၊ မတွေးမိတာကလည်း အများအားဖြင့် စာအုပ်ကို ဖွင့်ပြီး စာအုပ်ထဲမှာ စိတ်ရောက်နေတဲ့ အချိန်မျိုးမှာပေါ့လေ၊ အဲဒီအခါမျိုးကျတော့ သူ့စိတ် သူ့ကိုယ်ဟာ တကယ်လွတ်လပ်ပြီး သူကိုယ်တိုင် ပိုင်တဲ့ လူကြီး ဖြစ်နေပြန်ရောဗျာ။ ရင့်ရင့်ကျက်ကျက် တည်တည်ငြိမ်ငြိမ်ပေါ့လေ။ ဘယ်လောက်များ ရင့်ကျက် တည်ငြိမ်လိုက်သလဲဆိုရင် စိတ်ပညာအရ အမြဲမဖွံ့ဖြိုးနိုင်တော့တဲ့၊ လောင်းရိပ်မိတဲ့၊ ကလေးဘန်း မတက်တဲ့ ရောဂါဟာ ဖြစ်ပေါ်နိုင်တယ် ဆိုတာကိုတောင် သိတာပေါ့။

အဟုတ်ပဲပေါ့။ အမေ့သားလေးငယ်ငယ် ရင်ခွင်ထဲမှာနေပြီး၊ လိပ်လိုသစ်ခန့်ရှိရင် ခေါင်းငုံ့ပြီး လောကကြီးကို ရင်မဆိုင်ရဲတဲ့ အဖြစ်ဟာ လုံးဝမကောင်းဘူးဆိုတာ သူ သိတာပေါ့။

အင်း တစ်ဖက်က ပြန်ကြည့်ပြန်ရင်လည်း ဒီအန္တရာယ် အသွယ်သွယ်ကို သိနေတဲ့ လူတစ်ယောက်အနေနှင့် အမေနှင့် ပတ်သက်သမျှ နားလည်နေလေတော့ သူဟာ ဘယ်အချိန်မျိုးဟာ လူကြီးသူကြီးစိတ် မွေးမြူရမယ် ဆိုတာ သိတာကိုပဲ အမေ က်ကောင်းတာပေါ့။

သူဟာ အမှန်တော့ တွေးခေါ်ခြင်းတရားနှင့် အပြန်အလှန် တွေးခေါ်ခြင်း တရားကို သိတဲ့သူပဲ။

ကြည့်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



လွမ်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ဦးလေးဂျူ သေတုန်းကလေ။

ဟော… ကြည့်။

ပြီးခဲ့တဲ့အပတ်က မိန်းကလေး သေဆုံးတုန်းကကော။

တကယ်လို့ သူသာ လူကြီးစိတ် မမွေးနိုင်ဘူးဆိုရင် မခက်ပေဘူးလား။ အမေ့အတွက် ဒုက္ခပင်လယ် မဝေနိုင်ပေဘူးလား။

နော်မန်သည် မဆီမဆိုင် မုတ်ဆိတ်ရိတ်နေသော သင်တုန်းဓားကို လက်မနှင့် စမ်းကြည့်မိ၏။

ထက်လိုက်တာ၊ မြည့်နေတာပဲ။

သူ့ကိုယ်သူ ဓားမရှအောင် အတော်သတိထားပြီး ရိတ်နေရတာ။ အင်း၊ ဒီဓားကို ရိတ်ပြီးတဲ့ အခါမှာလည်း ကောင်းကောင်းကြီး သိမ်းဖို့က လိုသေးသဗျာ။ သိမ်းတာမှ အမေ မသိတဲ့နေရာ၊ အမေ မယူနိုင်တဲ့ နေရာမှာ သော့ခတ်ပြီး သိမ်းမှကို ဖြစ်မှာ။ သူ့အနေနှင့် အမေ့ကို ဘာပစ္စည်းထက်ထက် နဲ့မှ စိတ်မချဘူး။ ချွန်ချွန်ပဲဖြစ်ဖြစ်၊ ထက်ထက်ပဲဖြစ်ဖြစ်။ ဒါကြောင့်လည်း မီးဖိုချောင်အလုပ်ကို ဆိုရင် သူကိုယ်တိုင် လုပ်ခဲ့တာပေါ့။ မီးဖိုချောင်ဆိုတာ က အချွန်အထက် များလှပါဘိသနဲ့။ အမေဟာ အိမ်ကို အလှည်းအကျင်း လုပ်ဖို့ကတော့ ခုထိပဲ တာဝန်ယူနေတာပါပဲ။ အမေ့အခန်းများ ကြည့်လိုက် ရရင် မြူမှုန်ကလေး တစ်မှုင်တောင် ငြိတွယ်ပြီး တင်မနေဘူး။ အင်း မီးဖို ချောင် အလုပ်ကိုတော့ ဘာမှ ပြောမနေဘဲ အမေ့ဆီက သူ လွှဲယူလိုက်တဲ့ အလုပ်တစ်ခုပေါ့လေ။ ဘာမှလည်း အကြောင်းမပြတော့ပါဘူး။ အမေ့ရောဂါ မကောင်းကတည်းက ဆိုပါစို့။

အမေကလည်း သူ့ကို မေးလားမြန်းလား မလုပ်ပါဘူး။ ဒါကိုတော့ သူ ဝမ်းသာရမှာပဲ။ အားလုံး ပြေပြေပြစ်ပြစ် ဖြစ်ကြမှာကိုး။

ကဲ … ကြည့်။

ခုဆို တစ်ပတ်တိတိ ရှိသွားပြီ။ ဟိုမိန်းကလေး ဒီဟိုတယ်ကို ရောက် လာခဲ့တာ ပြီးခဲ့တဲ့ စနေနေ့ညကဆိုတော့၊ အခုလည်း စနေနေ့ ဆိုတော့





…စ်ပတ် မဟုတ်လား။ ဒီတစ်ပတ်လုံးလုံးမှာ အမေနဲ့ သူတို့ အဲဒီအကြောင်းနဲ့ …ဘ်သက်ပြီး စကားတစ်ခွန်း ဟ ဟ မပြောခဲ့ကြဘူးလေ။ ဒီလိုနေတာဟာ …င်ယောက်စလုံးအတွက် အကြောင်ကြောင် နိုင်လှပေမဲ့ ကောင်းပါတယ်။ …အမေဟာလည်း ဒီလောက်တော့ သိပြီးသားပါ။ အမေက အကျေပြီးသား …ဆိုတဲ့ အမျိုးထဲကပဲ။ ဘာလို့လဲဆိုတော့ အမေကပဲ တမင်ရှောင်နေပြီး …ီအကြောင်းနဲ့ ပတ်သက်လို့ ဘာမှ မဖြစ်ဖူးသလို စကားမပြောဘဲ နေခဲ့တာ …ပေါ့။ ဒီအကြောင်းတင် မကဘူး။ အခုတလော အမေ စကားပြော သိပ်နည်း …ဘပဲ။ အခန်းထဲကလည်း သိပ်မထွက်ဘူး။ ကြည့်ရတာ အမေဟာ သူ့ …ဒိပ်ပြာ သူ မလုံမလဲ ဖြစ်နေတယ် ထင်တယ်။ ဒါကြောင့် အခန်းအောင်း …တာ ဖြစ်မှာပေါ့။

အင်းလေ၊ လိပ်ပြာမလုံဘူး ဆိုတာလည်း ဖြစ်နိုင်တာပဲ။ လူသတ် …ဘယ် ဆိုတာ လွယ်တာမှ မဟုတ်တာ။ တော်ရုံတန်ရုံ စိတ်ခိုင်ပုံမျိုးနဲ့၊ …ခွန်ရဲရုံမျိုးနဲ့ လုပ်နိုင်တာမှ မဟုတ်တာ။ ခေါင်းထဲမှာ မကောင်းတာက …သတ်သတ်၊ လူသတ်တာက တခြားပဲဟာ။ ဒီလောက်တော့ တွေးယူလည်း …ရပါတယ်။ အမေဟာ သူ့ဘာသာသူ နေမကောင်းရင်သာ ရှိရမယ်။ ဒီပြစ်မှု …အတွက်တော့ စိတ်ထဲမယ် မအီမသာကြီး ဖြစ်နေတော့မှာ အမှန်ပဲ။

နော်မန် အနေနဲ့တော့ ဒီအကြောင်းတွေကို မပြောတာဘဲ သဘော …ခပ်ကျကျ။ ဘာလို့တုံးဆိုတော့ စိတ်လက်မအီမသာ ဖြစ်ရတဲ့ ဝေဒနာဟာ …သူကိုယ်တိုင်လည်း ခံစားနေရတာမို့ပါပဲ။ သူ့အနေနှင့်တော့ လိပ်ပြာမလုံ …ဘာ မဟုတ်ပါဘူး၊ ကြောက်တာ… ကြောက်တာ။

ပြီးခဲ့တဲ့ တစ်ပတ်လုံးလုံး မိုးပြိုမှာကို ကြောက်နေသော ယုန်သူငယ် …လို တစ်ခုခု မှားမှားယွင်းယွင်းများ ဖြစ်လေမလားဆိုပြီး ကြောက်လန့်တကြီး …နဲ့ စောင့်နေခဲ့ရတယ်လေ။ ဘယ်အချိန်များ ကားတစ်စီးဟာ ဟိုတယ်မြေ …ကွေ့ဝင်လာမလဲဆိုပြီး တုန်လှုပ်နေခဲ့မိတာပေါ့။ ဟိုတယ်ထဲ မဝင်ဘဲ လမ်းက …ကားတစ်စီး ဖြတ်သွားရင်တောင် သူ့အနေနဲ့ လန့်ခုန်မိ …တ်ပါဘဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သည်လမ်းက ကားအသွားအလာကလည်း အလွန်နည်းသွားပြီမို့ ကားတစ်စီး လာရင်၊ ကားတစ်စီး လာသံကြားရင် သည်ကိုပဲ လာတာပဲ၊ သည်ဘက်ကို လာတာပဲ၊ တစ်ခုခုတော့ မှားသွားပြီ ထင်တယ်၊ သူ့ဆီတော့ လာနေကြပြီ ဆိုပြီး လန့်လန့်နေရတာပဲ။ ကားဟာ သူတို့ဟိုတယ်ကို ကျော်ပြီးသွားမှ၊ ကျော်ပြီးသွားတာတောင်မှ ရှေ့နားကျရင် ရပ်ပြီး ပြန်လှည့်မလာမှန်း သေချာမှ သူ့မှာ အသက်ပြင်းပြင်း ရှူနိုင်တော့တယ်။

ပြီးခဲ့တဲ့ စနေနေ့တုန်းက ညွှန်တောန်သားမှာလည်း သူ့အနေနဲ့က တော့ လှည်းကျင်း သန့်ရှင်းတာပဲပေါ့။ နောက်တစ်နေ့မှာပဲ သူဟာ ကားကို ထရေလာချိတ်ပြီး ထင်းခွေသွားလိုက်တယ်ပေါ့။ သဲလွန်စ တစ်စုံတစ်ရာ မကျန်အောင် အတတ်နိုင်ဆုံး ခြေရာဖျောက်ခဲ့တာပဲလေ။ ကောင်မလေး နားကပ်တစ်ဖက်လည်း ညွှန်ထဲကို ချခဲ့တာပဲပေါ့။ ဟိုတယ်ပြန်ရောက်မှ တွေ့တဲ့ နားကပ်တစ်ဖက်ဟာလေ။ အဲ၊ ညွှန်တောထဲ ချလိုက်တာပေါ့။ ကျန်တဲ့တစ်ဖက်တော့ ရှာမတွေ့ဘူး။ သူလည်း အိမ်အနှံ့၊ ဟိုတယ်အနှံ့ ရှာတာပါပဲ။ မတွေ့ဘူး။ စကော့ ညွှန်ထဲမှာ ကားကြီးနဲ့ အလောင်းနှစ်လိုက်စဉ် က ပါသွားမှာပါပဲ။ အားလုံး ခြုံလိုက်ရင် သူ့ကိုယ်သူ အတော် လုံခြုံနေခဲ့တာ ပဲလေ။

သည်အထဲကတောင် ကြာသပတေးနေ့ညက ရဲပတ္တရောင်ကားဟာ ဟိုတယ်ထဲကို ဝင်လာတော့ သူဟာ မေ့သွားမလောက်ပါပဲ။ တကယ်ပဲ ခြေတွေလက်တွေ အေးစက်ပြီး တစ်ကိုယ်လုံး မလှုပ်နိုင် မယှက်နိုင် ဖြစ်နေ လိုက်တာ။ မောင်မင်းကြီးသားများကတော့ တယ်လီဖုန်းဆက်ချင်လို့ ဝင်လာ တာကိုး။ သူတို့လည်း ထွက်သွားရော၊ သူ့အနေနဲ့ ရယ်လိုက်ရတာ အူများကို တက်လို့။ အမှန်တော့ သည်အချိန်ဟာ ပြက်လုံးထုတ်ပြီး ရယ်နေရမယ့် အချိန် မဟုတ်မှန်း သူ သိပါတယ်။

အမေဟာ အဲသည်အချိန်တုန်းက အမေ့အိပ်ခန်း ပြတင်းပေါက်မှာ ထုံးစံအတိုင်း စွင့်စွင့်ကြီး ထိုင်လို့ပေါ့။ ရဲအရာရှိတွေ တွေ့မသွားတာ သိပ်





ကောင်းတယ်။ အမေဟာ ခုတလော ပြတင်းပေါက်က တယ်မခွာချင်ဘူး။ ပြတင်းပေါက်နား ထိုင်ထိုင်ပြီး အပြင်ဘက်ကိုပဲ ကြည့်နေတာပဲ။ အမေလည်း သူ့နည်းတူ တစ်ယောက်ယောက်များ လာမလားဆိုပြီး စိတ်ပူနေရှာတယ် ဆင်ပါရဲ့။ နော်မန်သည် အမေ့ကို ပြတင်းပေါက်နား မထိုင်ဖို့ ပြောပါတယ်။ ဒါပေမဲ့ အမေ့ကို ဘာ့ကြောင့် ပြတင်းပေါက်နားမှာ မထိုင်ရတာလဲ ဆိုတာ ကိုတော့ သူလည်း ရှင်းမပြတတ်ဘူး။ အမေ့ကို ဟိုတယ်ထဲကို မလာရဘူး ဆိုတာ ဘာကြောင့်ဆိုပြီး ရှင်းမပြနိုင်တာလိုပေါ့လေ။ သူ့အနေနဲ့ကတော့ လုပ်သင့်ဘူး၊ မလာသင့်ဘူး၊ ဒါပဲ ပြောနိုင်တာပဲ။ အိမ်ဟာ အမေ့အတွက် အနေသင့်ဆုံး နေရာပဲ။ အမေ့ကို လူသူလေးပါး မြင်လွယ်တဲ့ နေရာမှာ ဘားလို့ ဘယ်မှာ ဖြစ်နိုင်မှာတုံး။ သူ့အနေနဲ့တော့ ပြောစရာက ဒါပဲရှိတာ သပ်။ အမှန်တော့ လူသူလေးပါးနဲ့ အမေ့ကို မတွေ့စေချင်တာပဲ။ အမှန်တော့ အမေ ရှိနေတာကို လူမသိရင် အကောင်းဆုံးပဲပေါ့။ တကယ်တမ်းက ဟို ခန်းကလေးကိုပဲ အမေ့အကြောင်းကို ပြောလိုက်ဖို့ မသင့်ဘူး။ ထားပါတော့ လေ၊ ပြီးတာလည်း ပြီးမှပဲ။

နော်မန်သည် မှတ်ဆိတ်ကျင်စွယ် ရိတ်၍ပြီးသွားပေပြီ ဖြစ်၏။

သင်တုန်းဓားကို နည်းနည်းမြှောက်၍ အသွားကို ကြည့်လိုက်၏။

သူသည် တွန့်သွား၏။ မြည့်နေသော သင်တုန်းဓားအသွားမှာ သူ့ကို ခြောက် သန့်နေ၏။ သူ့ကိုမှ မဟုတ်ပါ။ လူတိုင်းကို ခြောက်လှန့်မည်သာ ဖြစ်ပါ၏။ အသွား ဖွင့်ထားသော သင်တုန်းဓားသည် အေး၍ ရက်စက်ပုံ ရလေသည်။

သူသည် ကျောချမ်းသွား၏။

သူက ပို၍ ကျောချမ်းချင်လည်း ကျောချမ်းပေမှာပဲ။ ပြီးခဲ့သော အပတ် တစ်ပတ်လုံးက အလိုအလျောက်ပင် သူ ကျောချမ်းတတ်နေခဲ့သည် မဟုတ်ပါလား။ ဘာလဲ၊ လိပ်ပြာမလုံတာလား။ လေဒီမက္ကဗက်လိုလေ။ ...ိတ်စပီးယားဟာ တကယ်တော့ စိတ်ပညာ ကောင်းကောင်းကျွမ်းကျင် ...ဘာပဲ။ တခြား ဘာတွေများ တတ်ပါသေးလိမ့်နော်ဟု နော်မန်သည် တွေး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ကြည့်ပါလား၊ ဟင်းမလက်ရဲ့ အဖေ့တစ္ဆေ ဖြစ်ရတာလည်း သူပဲ ရေးတာပေါ့။

ဖယ်စမ်း၊ ဖယ်စမ်း။ ဒါတွေ ဖယ်စမ်း။

ကဲ အခုအချိန်က ဒါတွေကို တွေးနေရမယ့် အချိန် မဟုတ်တော့ဘူး။ သူ့တာဝန်က ဟိုတယ်ကိုသွားပြီး ဖွင့်ဖို့ပဲ။ နေမြင့်လှပါပြီကော။ အခါတိုင်း ဆိုရင် အမေက ဘယ်နေမလဲ၊ ထ ကြိမ်းပြီးရော့မယ်။ ခုတော့၊ ခုတော့။

လွန်ခဲ့တဲ့ရက်တွေက ဧည့်သည် လေးငါးယောက် လာလိုက်သေးတယ်။ ဧည့်သည်မလာတာ သိပ်ကြာနေရာက မိန်းကလေးကပဲ လမိုင်းတင် ပေးသွားတာမှန်းမှ မသိတာ။ သုံးလေးယောက် သုံးလေးခါပဲ လာကြသေးတယ်။ သုံးလေးယောက် ဆိုတော့ ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ သူ့အနေနဲ့ နံပါတ် ၆ ကို ငှားစရာ မလိုဘူးပေါ့။ နံပါတ် ၆ က ကောင်မလေး အခန်းလေ။

နော်မန်သည် ဘယ်တော့မှ မငှားရပါစေနဲ့ဟု ဆုတောင်းလိုက်၏။ ဘာလို့လဲဆိုတော့ အလေ့အထက အခုတော့ အလေ့အကျင့် ဖြစ်နေပြီး မှန်ပေါင်နောက်က၊ နောက်က အပေါက်ကလေး။ အင်း ခုက္ခပဲ။ သည် ချောင်းကြည့်မိရာက ပြဿနာ စ တာပဲ။ သူသာ ချောင်းမကြည့်မိခဲ့ရင်၊ သူသာ အရက်သောက်မနေခဲ့မိရင်။

ကဲပါ၊ တော်ပါတော့။

ပြီးတာ ပြီးပါစေတော့။ ချေးခြောက် ရေနွေးနေလို့လည်း အကြောင်း မထူးတော့ပါဘူး။

နော်မန်သည် သူ၏ လက်များကို ဆေးကြောလိုက်လေ၏။ ဆေးကြောသည်မှာ အထပ်ထပ် အခါခါ ဖြစ်ပါ၏။ ခုတလော သူ့လက်များသည် ဘယ်နှကြိမ်မျှ ဆေးကြောသည် ဖြစ်စေ၊ ကောင်းကောင်း စင်ကြယ်သည်ဟု သူ မထင်တော့။ ဟယ် ....တတ်နိုင်ပါဘူး။

သူသည် ဆေးကြောခြင်းကို ရပ်လိုက်ပြီး လက်ကို သုတ်လိုက်၏။





...န်ကိုလည်း ကျောခိုင်းလိုက်ပြီး ဖြစ်ပျက်ခဲ့သမျှ အတိတ်အားလုံးကို ကျော ...ခိုင်းလိုက်၏။

ကဲ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါရစေတော့ ဆိုတာလိုပေါ့။ ...ခု အားလုံး အခြေအနေ ကောင်းတယ် မဟုတ်လား။ လောကမှာ စိတ်ချမ်း ...သာစေချင်ရင် ပစ္စုပ္ပန်ကို တည့်တည့်ရှုရမယ်လို့ ဘယ်သူက ပြောဖူးပါလိမ့်။ ...သု ဖတ်ဖူးပါတယ်။

ကဲ အခုလည်း ပစ္စုပ္ပန်မှာပဲ တည့်တည့်ကြည့်စမ်း။ အားလုံး ချောမော ...ပြီဖြစ်နေပါတယ်။ အားလုံးကောင်းပါသည်ခင်ဗျား ပေါ့လေ။ ဟုတ်တယ်၊ ...သု ဒီစကားလုံးကို မှတ်ထားလိုက်ရုံပဲ။

အမေဆိုရင် ကြည့်၊ ဘယ်လောက်များ ဣန္ဒြေရလိုက်သလဲ ဆိုရင် ...စ်ချက်ကလေး တုန်လှုပ်ချောက်ချားမှု မပြခဲ့ဘူး။ သူကသာ။ ဘာပဲပြော ...ပြောပေါ့လေ။ အပြေးအလွှား ရေလိုက်ရင် ဒီအမေ၊ ဒီသား ရှိတာ၊ ကိုယ့်ကိုယ် ...ကိုယ် ထိန်းမှပေါ့။ အမြဲ ဒီသားအမိပဲ အတူနေခဲ့တာ။ အခုလည်း အတူနေကြ ...ဘာပဲဟာ။ တစ်ပတ်လုံးလုံး ဘာမှ မထူးခြားဘဲ ဖြစ်နေခဲ့ပြီ မဟုတ်လား။ ...နောက်လည်း ထူးခြားမှု မဖြစ်နိုင်တော့ပါဘူးလေ။

သူကသာ သူ့ကိုယ်သူ လူကြီးစိတ်တွေးပြီး ဣန္ဒြေရရ တည်တည် ...ငြိမ်ငြိမ် ဟန်မပျက်နေဖို့က အရေးကြီးတာ။ အမေ့သားစိတ်၊ ကလေးစိတ်ကို ...ပျောက်ပစ်ပြီးတော့လေ။ ဒါကတော့ သူ ဆုံးဖြတ်ပြီးသားပဲ။

နော်မန်သည် သူ၏ နက်ကတိုင်ကို တင်းတင်းစေ့လိုက်၏။ နောက် ...ရေချိုးခန်းထဲက သူ ပြန်ထွက်လိုက်လေသည်။ အမေသည် ထုံးစံအတိုင်း ...သူ့အခန်း ပြတင်းပေါက်မှာ ထိုင်ပြီး အပြင်ဘက်ကို ငေးလို့ပေါ့လေ။

နော်မန်သည် အမေ့အခန်းဆီ ပြေးတက်ပြီး တစ်ခုခုပြောရအောင် ...ကောင်းမလားပဲ။ နေပါစေတော့လေ၊ နေပါစေတော့၊ မပြောတော့ပါဘူး၊ ...ပြောရင် အလကားနေရင်း အငြင်းအခုံ ဖြစ်နေကြဦးမယ်။ အငြင်းအခုံဖြစ်...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ပုတ်သင်ဥတူးလို့ မြောင်မြစ်ပေါ် ဆိုသလို ရှေးဟောင်းနှောင်းဖြစ်တွေက အစ ပေါ်လာပြန်ရောမယ်။

ပြီးတော့ ယခုအချိန်မှာ သူ့အနေနှင့် အမေ့ကို မျက်နှာချင်းကို မဆိုင်ချင်သေးပါဘူးလေ။ ကဲ ဒီလောက်တောင် ပြတင်းပေါက်မှာ ထိုင်ပြီး အပြင်ကို ကြည့်ချင်တာ ကြည့်လိုက်စမ်းပါစေ။

သနားစရာကောင်းတဲ့၊ နေမကောင်းတဲ့ အမယ်အိုကြီး တစ်ယောက်လေ။ အိမ်ကြီးထဲမှာ အလေးဆွဲထားသလို၊ သံမှိုနဲ့ တည်းထားသလို ဖြစ်နေတဲ့ မိန်းမကြီး။ ကမ္ဘာကြီးက အပြင်းအထန် အရှိန်နဲ့လည်ပြီး ပြေးလွှားနေတာကို လုံးလုံး မပြေးလွှားတော့ဘဲ ထိုင်နေပြီး၊ ရပ်ပြီးကြည့်နေတဲ့ မိန်းမကြီးလေ။

လာပြန်ပြီ ကလေးစကားက ….။

နော်မန်သည် သူ့အတွေးကို ရပ်ပစ်လိုက်၏။ သူဟာ ဒီလိုပဲ၊ မကြာခဏ ကလေးလိုပဲ တွေးတွေးပြီး နေတတ်တယ်။ ကြာပြီလေ၊ ကြာတော့လည်း အလေ့အကျင့်လို ဖြစ်နေတော့တာပဲပေါ့။ ကဲ ဘာပဲပြောပြော အောက်ထပ်က တံခါးသော့ကိုတော့ သော့ခတ်ပြီး ထွက်တာ ကောင်းပါတယ်။

တစ်ပတ်လုံးလုံး သူ ဟိုတယ်ကို သွားပြီဆိုရင် တံခါးသော့ကို ခတ်နေရတာပဲ။ ဒီလို တံခါးကို သော့ခတ်လိုက်မှပဲ သူ့စိတ်ထဲမှာ လုံလုံခြုံခြုံ ရှိတော့တယ်။ သူဟာ အမေ့ဆီမှာ ရှိတဲ့ သော့တွေအားလုံးကိုလည်း ယူပြီး သိမ်းထားလိုက်ပါပြီ။

သူ့အနေနှင့် အိမ်ထဲက ထွက်လာပြီဆိုရင် အမေဟာ ဘယ်နည်းနဲ့မှ အိမ်ထဲက မထွက်နိုင်တော့ဘူးပေါ့။ အမေဟာ စိတ်ချလက်ချ လုံလုံခြုံခြုံ အိမ်ထဲမှာ နေရစ်ခဲ့ပြီး သူကိုယ်တိုင်လည်း လုံလုံခြုံခြုံ ဟိုတယ်ထဲမှာ နေရတာပေါ့။ အလျှင်အပတ်က ဖြစ်ခဲ့တာမျိုးကို နောက်ထပ်တစ်ခါတော့ အဖြစ်မခံနိုင်တော့ဘူး။

ဒီတစ်ခါဖြစ်ရင် အမေ့အလျှင် သူ ရှုံးတော့မှာပဲ။ သူ့အနေနဲ့ အတတ်နိုင်ဆုံး အစစအအ ရာရာကို သတိကြီးစွာနဲ့ ကြိုတင် ကာကွယ်ထားရမှာပဲ။





အားလေ၊ ဒါဟာလည်း အမေ့ကောင်းကျိုးအတွက်ပါ။ ဒီအိမ်ဟာ အမေ့အိမ်ပဲ။ ကိုယ့်အိမ် ကိုယ်နေတာဟာ အရှုံးထောင်ထက်တော့ အများကြီး သာတာပေါ့။

နော်မန်သည် အေးဆေးစွာပင် လမ်းလျှောက်၍ အောက်သို့ ဆင်းခဲ့၏။ သူ ဟိုတယ်သို့ ရောက်သောအချိန်တွင် တစ်ပတ်တစ်ခါ လာနေကျဖြစ်သော ပင်းမင်းကားသည် ရောက်နေပြီ ဖြစ်၏။ ဒီအတွက်ကတော့ သူ့အနေနှင့် ပူစရာ မရှိပေ။ သူသည် မနေ့ကတည်းက လျှော်ရန် ဖွပ်ရန် အဝတ်များကို အသင့်ထုပ်ထားပြီ ဖြစ်၏။

ဟိုတယ်ဆိုတာ ခန်းဆီး၊ အိပ်ရာခင်းကအစ လက်သုတ်ပဝါထိ ဖြူဖြူဖွေးဖွေးနဲ့ သန့်ရှင်းနေမှ တည်းတဲ့လူက စိတ်ချမ်းသာတာ။ ဒီ ပင်းမင်း ကုမ္ပဏီက နိပ်ပါတယ်။ အပတ်စဉ် လာပြီး အဝတ်ဟောင်းတွေ လာယူ၊ ပြီးခဲ့တဲ့ အပတ်က ယူသွားတာတွေကို လျှော်ပြီး ပေး။ ဒီလို လုပ်မှလည်း အမြဲ သန့်ရှင်းပြီး ကျက်သရေရှိတော့တာပဲ။

ပင်းမင်းကုမ္ပဏီမှ ကားထွက်သွားပြီးနောက် နော်မန်သည် အခန်းနံပါတ်လေးထဲသို့ ဝင်လိုက်ပြီး သန့်ရှင်းတန်သမျှကို သန့်ရှင်းလိုက်၏။ တစ်နေ့က နယ်လှည့်ကုန်သည်တစ်ဦး လာတည်းသွားခဲ့တယ်လေ။ ထုံးစံအတိုင်းပါပဲ၊ လူတစ်ယောက် လာတည်းသွားတယ်ဆိုရင် နောက်နေ့ကျတော့ အခန်းတစ်ခန်းလုံးဟာ ပွရှုပ် ညစ်ပတ်ပြီး ကျန်ရစ်တော့တာပေါ့။ စီးကရက်တိုတွေကလည်း ကြမ်းပေါ်မှာ ကြဲပြန့်ကျန်ရစ်တာပဲ။

စီးကရက် ပြာတွေကလည်း မျက်နှာသစ်ကန်ထဲ ကျနေပြီး လက်ဆေးကန်နားကျတော့ မဂ္ဂဇင်းတစ်စောင်က တုံးလုံးပက်လက် ကျလို့ပေါ့။

နော်မန်သည် ပွင့်နေသော စာမျက်နှာကို ကြည့်လိုက်၏။ အပေါ်စားဝတ္ထုပဲပေါ့။ သူတို့ဖတ်တာ ဒါမျိုးပဲ ရှိမှာပေါ့။ သူတို့က ဒါပဲ သိတာကိုး။

ဟုတ်တယ်၊ သူတို့က ဒါပဲ သိတာပဲ။ ဒါပဲသိတာ အေးတာပေါ့၊ သူတို့အနေနဲ့ သိစရာလည်း မလိုပါဘူးလေ။ သူတို့ သိချင်၊ သိစရာ မင်္ဂ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူ့အနေနဲ့ အမေ့ကိုသာ ဂရုတစိုက် ထားလိုက်ရင် သူတို့အားလုံး ဘာဆို ဘာကမှ သိစရာ မလိုတော့ဘူးပေါ့။

သူ့တာဝန်က အမေကိုသာ ဂရုတစိုက် စောင့်ရှောက်ဖို့၊ ထိန်းသိမ်းဖို့ ရှိတာပဲပေါ့။ အင်း သူ တော်အောင် လျော်အောင် နေမိလို့ ပြီးခဲ့တဲ့အပတ်က မဖြစ်သင့်တာတွေ ဖြစ်ခဲ့ပြီ မဟုတ်လား။ နောက် မဖြစ်ရအောင် သူ့အနေနဲ့ ထိန်းမှပဲ၊ ဂရုစိုက်မှပဲလေ။ အားလုံးအတွက်ပေါ့။ သူ့အတွက်ရော၊ အမေ့အတွက်ရော၊ အပြင်လူတွေ အတွက်ပါပဲရောပေါ့။

နော်မန်သည် ရုံးခန်းထဲသို့ ပြန်လာခဲ့ပြီး ပင်းမင်းမှ လာပို့သော တဘက်များ၊ အိပ်ရာခင်းများကို ကြည့်လိုက်၏။ အားလုံးမှာ ဖြူဖွေးသန့်ရှင်း၍ သင်းပျံ့နေ၏။ သူ့အနေနှင့် တစ်နေ့တာ လုပ်ငန်းခွင်ဝင်ဖို့ အဆင်သင့် ဖြစ်နေပြီပေါ့လေ။ အင်း ... တကယ်လို့ ဧည့်သည်တွေ လာခဲ့ရင်ပေါ့။

ဒီလို ဒီလိုနှင့် လေးနာရီမှုးပင် ထိုးခဲ့လေ၏။ ဧည့်သည်နှင့်တူလို့ ကြောင်တောင် တစ်ကောင်တစ်မြီးမှ ပေါ်မလာခဲ့ပေ။ သူသည် အခန်းတံခါး တည့်တည့်မှာ ထိုင်ရင်း၊ အခန်းအပြင်ဘက်သို့ ကြည့်ရင်း လမ်းမကို လှမ်း ကြည့်၍ ပျင်းရိလာလေ၏။ သူသည် တကယ်ပဲ ဘာမှတောင် လုပ်စရာ မရှိဘဲ၊ လမ်းမကြီးကို ကြည့်လျက်ပဲ၊ လမ်းမကြီးကလည်း ဘာမှမလာဘဲ ရှိနေသည်ကို မည်သူမျှ မပျင်းမရိ ရှိပါမည်နည်း။

သူသည် ပျင်းရိလာလေ၏။ သူ၏ စိတ်ဓာတ် တချို့တစ်ပိုင်းက သူ၏ ပျင်းရိခြင်းကို ပြေပျောက်ရန် ကောင်တာနောက်တွင် သူဝှက်ထားသော အရက်ကို ယူ၍ သောက်ဖို့ တိုက်တွန်းလျက် ရှိကြ၏။ ဟုတ်တယ်လေ၊ စာအုပ်လည်း မဖတ်ဘဲ ဒီလို ဒီလို လမ်းမကြီးကို ကြည့်ပြီးနေရတာ ပျင်းစရာ ကောင်းတာ အမှန်ပဲ။ အရက်ကလေး နည်းနည်းတော့ သောက်မှထင်ရဲ့။

တော်စမ်း။

နော်မန်၊ နင့်ကိုယ်နင် သတိရစမ်း။ နင် ဘာကတိတွေ ပေးထား သလဲ။





နော်မန်သည် လွန်ခဲ့သော စနေနေ့ည၏ နောက်နေ့က အစပြု၍ အရက်မသောက်တော့ရန် သူ့ကိုယ်သူ ကတိပြုထားသည်ကို မှတ်မိလာ၏။

ဟုတ်တယ်၊ အရက်မသောက်မှဘဲ ဖြစ်မယ်။ ဘာလို့လဲဆိုတော့ အရက်သောက်ခြင်းဟာ ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းရင်းထဲမှာ တစ်ခုပါတယ် မဟုတ်လား။

BURMESE CLASSIC .com

အရက်သောက်ခြင်းကပဲ ဦးလေးဂျိုကို သေစေခဲ့တာ မဟုတ်လား။

အရက်သောက်ခြင်းကပဲ မိန်းကလေးကို သတ်တဲ့ အခင်းဖြစ်ပွားမှု ကို တစ်နည်းတစ်လမ်း အားပေးအားမြှောက် လုပ်ခဲ့တာ မဟုတ်လား။

အဲဒီက ရှေ့လျှောက်တော့ သူ့ကိုယ်သူ အရက်သောက်ခြင်းမှ ဆင် ခြင်တော့မယ်၊ ဆင်ခြင်တော့မယ်။ တွေးရင်း သူ့လှာမှာ ခြောက်သွေ့လာ ၏။ တစ်ခွက်တလေ သောက်တာတော့လည်း ကိစ္စမရှိတန်ပါဘူးလေ။

နော်မန်သည် စိတ်ဒွိဟနှင့် ဗျာများနေခိုက် ကားတစ်စီးသည် ဟိုတယ်ထဲသို့ ဝင်လာလေ၏။ ကားပေါ်တွင် အလားဘားမားပြည်နယ် နံပါတ်ပြားနှင့် ဖြစ်၏။ အရွယ်လတ် စုံတွဲတစ်ခုသည် ကားပေါ်မှဆင်းပြီး ရုံးခန်းဆီသို့ လျှောက်လာ၏။ ယောကျ်ားဖြစ်သူမှာ ထိပ်ပြောင်ပြောင်၊ မျက်မှန်ထူထူနှင့် ဖြစ်လေသည်။ မိန်းမဖြစ်သူက ဝဝပြဲပြဲ ဖြစ်ပေသည်။

နော်မန်သည် သူတို့စုံတွဲအား လိုအပ်သမျှ စာရင်းသွင်းခြင်း၊ ငွေ တောင်းခြင်း ပြုပြီးနောက် အခန်းနံပါတ် ၁၅ နေရာချထားပေးလိုက်၏။ အခန်းထဲ ရောက်သောအခါ မိန်းမသည် ဇီဇာနည်းနည်းကြောင်ချင်၏။ သို့သော် နော်မန်က ဖွယ်ဖွယ်ရာရာ ပြောဆိုပြီး ပန်ကာဖွင့်ပေးလိုက်သောအခါ ငြိမ်သွား၏။

နော်မန်သည် ရုံးခန်းသို့ ပြန်လာခဲ့၏။ လယ်ဂျာတွင် မစ္စတာ မစ္စက် ဟာမန်ပရက်ဇာ၊ ဘာမင်ဟန်မြို့ဟု ရေးထား၏။ အပျော်ခရီး ထွက်လာကြ သော လင်မယားပေပဲ။ သူ့အတွက်တော့ ဒုက္ခပေးစရာ မရှိပါဘူး။ နော်မန် သည် တွေးရင်း စိတ်အေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



နော်မန်သည် ထိုင်ချလိုက်၏။ စောစောက အခန်းနံပါတ် ၄ ထဲမှ သူတွေ့ခဲ့သော စုံထောက်စာအုပ်ကို ဟိုလှန်သည်လှန် လုပ်နေလိုက်၏။

ထိုအခါမှ အပြင်၌ အလင်းရောင် မှေးမှိန်လာသည်။ သူ သတိပြုမိ၏။ အလို၊ လွန်ခဲ့တဲ့ စနေနေ့က မှောင်လာပုံမျိုးလိုပါလား။ သူသည် သက်ပြင်းချလိုက်ပြီး မတ်တတ်ရပ်ကာ ဆိုင်းဘုတ်မီးနှင့် ရုံးခန်းမီးကို ဖွင့်လိုက်၏။

သူ့အတွက် ဒုက္ခရောက်စရာ ပြဿနာ မပေါ်တန်ရာတော့ပါဘူး။ ယနေ့အတွက်တော့ဖြင့် ပြီးပြန်ပါပြီ။ ဧည့်လည်း လာစရာ မရှိတော့ပါဘူး။ ညနေတိုင်း မှောင်လာတာဟာ ဆန်းတာမှတ်လို့ ဟု သူ့ဘာသာတွေးရင်း စိတ်အေးရန် ကြိုးစားနေ၏။

သို့သော် ....။

•

ထိုအချိန်ကလေးမှာပင် နော်မန်ဗိတ်၏ ဟိုတယ်ရှေ့သို့ ကားတစ်စီး ဆိုက်ရောက်လာလေ၏။

ကားပေါ်တွင် လူတစ်ယောက်သာ ပါ၏။

နယ်လှည့်ဈေးသည်ပဲ ဖြစ်မယ် ထင်ပါရဲ့။

ကားက အစိမ်းရောင် ဖို့ကား။

နံပါတ်ပြားက တက္ကဆက်ပြည်နယ် နံပါတ်ပြားနဲ့။

အလို၊ တက္ကဆက်နံပါတ်၊ ဟုတ်လား။ ကောင်မလေး ဟို၊ ဂျိန်းဝီလ်ဆင် ဆိုတဲ့ သေသွားတဲ့ ကောင်မလေးရဲ့ကားလည်း အဲဒီက လာတာပါလား။

နော်မန်သည် ထိုင်ရာမှ ထ လိုက်ပြီး ကောင်တာနောက်သို့ သွားရပ်လိုက်၏။ သူသည် ကားသမား ကားပေါ်မှ ဆင်းလာခြင်းကို မြင်ရ၏။ နောက် ကားသမား၏ ရုံးခန်းသို့ လာနေသော ခြေသံကို ကောင်းကောင်းကြီး ကြားနေရ၏။ ကွန်ကရစ်ပြားပေါ်တွင် တစ်လှမ်းချင်း နင်းချလိုက်၍ ထွက်





ပေါ်လာသော ခြေသံနှင့် သူ့ရင်ထဲမှ ခုန်နေသော နှလုံးခုန်သံတို့မှာ စည်းချက်မိနေသလိုလိုပင်။

ဒါ မတော်တဆ တိုက်ဆိုင်တာ နေမှာပါ။ ထန်းသီးကြွေခိုက် ကျီးနင်းလိုက် ဖြစ်တာပါ။ ဒီလိုပဲ၊ တက္ကဆက်က လူတွေဟာ အမြဲလိုလို လာနေကြပါပဲဟာ။ ဘာဖြစ်တုံး။ ခုနကလာတဲ့ ကားဟာ အလဘားမားကဆိုတော့ ပိုပြီးတောင် ဝေးသေးတယ် မဟုတ်လား။

ထိုလူသည် ရုံးခန်းထဲသို့ ဘွားခနဲ ဝင်လာ၏။ သူသည် ပိန်ပိန်ပါးပါး မြင့်မြင့် ဖြစ်သည်။ ထိုလူသည် မီးခိုးရောင်ဝတ်စုံကို ဝတ်ထားပြီး ခေါင်းတွင်လည်း မီးနီးရောင် သက္ကလတ်ဦးထုပ်ပျော့ကို ဆောင်းထား၏။

ဦးထုပ်၏ နှုတ်ခမ်းသားများ အတော်ကြီးသဖြင့် ထိုလူ၏ မျက်နှာအထက်ပိုင်းကို အရိပ်ထိုးကွယ်လျက် ရှိလေ၏။

‘ကောင်းသော ညနေခင်းပါပဲဗျာ’

ထိုလူ၏ အသံမှာ မကြိုးစားဘဲ ထွက်လာ၏။

‘ကောင်းသော ညနေခင်းပါပဲ ခင်ဗျာ’

နော်မန်သည်လည်း အလွယ်တကူ ပြန်ဖြေလိုက်၏။ သို့သော် သူ့ခြေထောက်များကမူ အေးစက်နေ၏။

ထိုလူက အေးအေးပင် မေး၏။

‘ခင်ဗျားက ဒီ ဆိုင်ရှင်လား’

ထိုလူ၏ မေးခွန်းသည် ဘာဆိုင်သနည်း။ နော်မန်က တိုတောင်းစွာ ဖြေလိုက်၏။

‘ဟုတ်တယ်၊ ဘာလဲ .... အခန်းလိုချင်လို့လား’

ထိုလူသည် နော်မန် အဖြေပေးသည်ကို ကြည့်မနေဘဲ မျက်စိကဟိုဟိုသည်သည် ကြည့်နေ၏။ နော်မန်သည် အူယားလာ၏။ ထိုလူကမူ သူ့ကို မကြည့်ဘဲ ရှိရာမှ သူ့ကို တည့်တည့်ကြည့်လိုက်၏။

‘မဟုတ်ပါဘူး၊ ကျုပ် စုံစမ်းစရာ ရှိလို့ပါ’



www.burmeseclassic.com

www.burmeseclassic.com



အလိုလေး .... ဘာပါလိမ့်၊ နော်မန်သည် သူ၏ တုန်လှုပ်ခြင်းကို ကြိုးစားထိန်းချုပ်လိုက်ပြီး မေး၏။

'ဆိုပါဦး၊ ဘာများ သိချင်လို့တုံး၊ တတ်နိုင်တာရှိရင် ကူညီရတာပေါ့'

ထိုလူ့မျက်နှာမှာ ဦးထုပ်ကြောင့် ကောင်းကောင်းမမြင်ရပေ။ သူ့နှုတ်ခမ်းများကိုမူ မြင်နေရ၏။ ထို နှုတ်ခမ်းများသည် ဟ လာပြန်၏။

'ကျုပ် မိန်းကလေးတစ်ယောက် လိုက်ရှာနေတာ'

နော်မန်သည် ယောင်၍ သူ့လက်ကို ဆုပ်လိုက်၏။ သူ့လက်ကို သူ့ဘာသာ ဆုပ်နေသော်လည်း သူ့ကိုယ်သူ ကိုင်ထားမှန်း၊ ထိထားမှန်း မသိချေ။ သူ့ရင်သည် ရုတ်တရက် ပြင်းထန်စွာ ခုန်လာသဖြင့် ပေါက်ကွဲတော့မလို ဖြစ်နေရာမှ ရုတ်တရက် အခုန်ရပ်သွားသလိုပဲ ဖြစ်နေ၏။

ဝန်းကျင်အားလုံးသည် ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ အခုနေ သူ အသံကုန် အော်လိုက်ရရင်တော့....။

ထိုလူ့ပါးစပ်မှ စကားများ ဆက်ထွက်လာ၍ တော်ပေသေးတော့သည်။

'မိန်းကလေးနာမည်က ဘရိန်း မေရီကရိန်းတဲ့၊ တက္ကဆက်နယ် ဖို့စဝမ်မြို့ကပဲ။ ဒီမှာများ လာတည်းခဲ့မလားလို့'

နော်မန်သည် အသံကုန်အော်ချင်စိတ် ရုတ်တရက်ပင် ပျောက်သွားပြီး တအားဟစ်၍ ရယ်ချလိုက်ချင်စိတ်သည် ပေါ်လာပြန်၏။ သူ့ နှလုံးခုန်မှု၊ ရင်တုန်မှုတို့သည်လည်း ပကတိ အခြေအနေသို့ ပြန်ရောက်သွား၏။ အဖြေပေးရသည်ကမူ လွယ်ပါသည်။

'မလာပါဘူး၊ အဲဒီနာမည်နဲ့ ကျုပ်ဆီမှာ တည်းတဲ့ဧည့်သည် တစ်ယောက်မှ မရှိဘူး'

ထိုလူက မော့လိုက်ရာ မျက်နှာပေါ်သွား၏။

'ခင်ဗျား သေချာတယ်နော်'





နော်မန်ကမူ အေးဆေးနေပြီ ဖြစ်ပါ၏။

'သေချာပါတယ်ဗျာ၊ ဒီရက်ထဲမှာ ကျုပ်တို့ဟိုတယ်က လူ များများစားစား လာတည်းတာ မဟုတ်လေတော့ ဧည့်သည်တွေရဲ့ နာမည်ဆိုရင် အားလုံးနီးနီး မှတ်မိနေတာပဲဟာ'

ထိုလူက မေးခွန်းဆက်နေဆဲ ဖြစ်၏။

'အဲဒီ မိန်းကလေးဟာ ပြီးခဲ့တဲ့အပတ် စနေနေ့ည၊ သို့မဟုတ် တနင်္ဂနွေနေ့ မနက်လောက်ကလေ'

နော်မန်က ပြုံးလိုက်၏။

'ပြီးခဲ့တဲ့အပတ်က ကျုပ်ဟိုတယ်မှာ ဘယ်သူမှ [illegible]ခဲ့ပါဘူး၊ ရာသီဥတုကလည်း ဒီဘက်ပိုင်းမှာ သိပ်ဆိုးခဲ့တယ် [illegible]၊ မိုးကလည်း ဆက်တိုက်ပဲ ရွာနေခဲ့တာပဲ'

'ခင်ဗျား သေချာရဲ့လားဗျာ၊ မိန်းကလေးက အသက် [illegible] ရှိပြီ။ အရပ် ငါးပေ ငါးလက်မလောက် ရှိမယ်၊ အလေးချိန်က [illegible] လောက်။ ဆံပင် နက်နက်၊ မျက်လုံးပြာပြာ၊ မောင်းလာတဲ့[illegible] ခုနှစ် ထုတ်တဲ့ ပလိုင်းမောက်ကားဟောင်းကြီး၊ ကားအရောင်က [illegible] ကားရှေ့ဗန်ပါက ပိန်နေတယ်၊ လိုင်စင်နံပါတ်က....'

နော်မန်သည် နားထောင်ခြင်းကို ရပ်လိုက်၏။ သူ ဆက်၍ နားထောင်နေလို့ကော ဘာများ ထူးတော့မှာနည်း။ သေချာလိုက်သမှ ဧ[illegible] လက်ခတ်မလွဲပေ။ ထိုလူသည် တကယ် တိတိကျကျ သေသေချာချာပင် မိန်းကလေး၏ အကြောင်းကို ပြောပြနေပြီ ဖြစ်၏။

ဟုတ်ပေပြီ၊ ထိုလူကား မိန်းကလေးကို လိုက်ရှာသူ အမှန်ပေတည်း။ မိန်းကလေး အကြောင်းကို အလုံးစုံ သိသူလည်း ဖြစ်ပေမည်။ သို့သော် ထိုသူသည် မိန်းကလေးအကြောင်းသာ သိသူဖြစ်၏။

မိန်းကလေး ဒီကို လာခဲ့ကြောင်းကိုကား သိသူ မဟုတ်ပေ။ အဘယ်၍ နော်မန်သည် တိတိကျကျ ငြင်းဆိုနိုင်မည် ဆိုပါက ဟုတ်၏။ သူ ဆက်ပြီး ငြင်းရတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းနည်းပါတယ်၊ ကျွန်တော် ခင်ဗျားကို မကူညီနိုင်ပါဘူး၊ ကူညီစရာ မရှိပါဘူး'

ထိုလူကမူ စိတ်ရှည်သူ ဖြစ်၏။

'ကျုပ်ပြောတဲ့ မိန်းကလေးနဲ့ တူတဲ့လူ ပြီးခဲ့တဲ့အပတ်က မလာတာ သေချာတယ်ပေါ့ ဟုတ်လား၊ မိန်းကလေးဟာ သူ့နာမည်ရင်းနဲ့ မဟုတ်ဘဲ တခြားနာမည်တစ်ခုနဲ့ တည်းချင် တည်းခဲ့မှာနော်'

နော်မန်သည် မသိမသာ လယ်ဂျာစာအုပ်ပေါ်သို့ သူ့လက်တင်လိုက်ပြီး ခေါင်းခါလိုက်၏။

ထိုလူကမူ နည်းနည်း ရှေ့တိုးလိုက်ပြီး–

'သူက တခြားနာမည်တစ်ခုနဲ့ လာတည်းခဲ့ရင် ခင်ဗျားသိမှာ မဟုတ်ဘူး၊ ဒီတော့ ကျွန်တော် ခင်ဗျားတို့ဟိုတယ် လယ်ဂျာစာရင်း ကြည့်ပါရစေ'

နော်မန်သည် လယ်ဂျာကို နည်းနည်းတင်းတင်း ဆုပ်လိုက်၏။

'ဒါတော့ ဖြစ်နိုင်မယ် မထင်ဘူးဗျာ'

ထိုလူသည် သူ၏ အိတ်ထောင်ထဲသို့ တစ်စုံတစ်ခုကို နှိုက်နေ၏။ နော်မန်သည် ထိုသူ အိတ်ထောင်ထဲ ဘာများနှိုက်နေတာလဲဟု တွေးနေ၏။ ပိုက်ဆံများ ရှာနေရော့သလား။ ပိုက်ဆံအိတ် ထွက်လာ၏။ သို့သော် ထိုလူသည် ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံကို မထုတ်ဘဲ ကတ်ပြားတစ်ခုကိုသာ ထုတ်လိုက်ပြီး နော်မန့်ရှေ့သို့ ဖြန့်ကာ ဆန့်ချလိုက်၏။ နော်မန်သည် ကတ်ပြားကို ကြည့်လိုက်၏။

'ကျုပ် စုံထောက်တစ်ယောက်ပဲ။ နာမည်က မီလတန်ဘားဘိုးဂတ်ပဲ'

'ခင်ဗျား စုံထောက် ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ် ဒီကို အလုပ်နဲ့ လာခဲ့တာပဲ မစ္စတာ....'

'နော်မန်ဗိတ်ပါ'

ထိုလူသည် နော်မန်ဗိတ်ကို သေချာစွာ ကြည့်လိုက်၏။





'ဒီမှာ မစ္စတာနော်မန်၊ ကျုပ်တို့ရုံးက အဲဒီ မိန်းကလေးနဲ့ ဆက်သွယ်ဖို့ တွေ့ရှိဖို့ လိုက်ကြိုးစားနေတယ်။ ဒီတော့ ခင်ဗျားရဲ့ ကူညီမှုကို ရယူပါရစေ။ ဒီလိုခင်ဗျာ၊ အကူအညီကို တောင်းတဲ့နေရာမှာ ခင်ဗျားက လွယ်လင့်တကူ ခွင့်မပြုခဲ့ဘူး ဆိုရင်တော့ ကျုပ်တို့အနေနဲ့ သက်ဆိုင်ရာတွေရဲ့ အကူအညီကို တောင်းရတော့မှာပေါ့။ ဒီလိုဆိုရင် ဘယ်လို ဖြစ်တတ်တယ်ဆိုတာ ခင်ဗျားလည်း တွေးမိမှာပါပဲ'

နော်မန်သည် ဘာကိုမျှ မတွေးမိပေ။ ဘယ်လို ဖြစ်မည်ကိုလည်း မတွေးမိချေ၊ မတွေးတတ်ချေ။ တစ်ခုတော့ ရှိသည်။ သက်ဆိုင်ရာတွေနဲ့ ပြဿနာရှင်းရခြင်းသည် ကောင်းသော အလုပ်တစ်ခု မဟုတ်။ ယူနီဖောင်းဝတ်များ သူ့ဟိုတယ်သို့ ဥဒဟို ဝင်ထွက် သွားလာကြပြီး ဟိုရှာသည်ရှာ လုပ်တာကတော့ မနိပ်မှန်း သူ ကောင်းကောင်းသိလေသည်။ သူသည် တွေဝေနေ၏။ သူ့လက်များကို လယ်ဂျာစာအုပ်ပေါ်မှ မဖယ်သေးဘဲ ထားလိုက်၏။

'ဒါက ဘာဖြစ်တာတုံး၊ ကောင်မလေးက ဘာလုပ်လို့တုံး'

စုံထောက် မီလတန်ကမူ ပေါ့ပေါ့သာ ဖြေ၏။

'ကားခိုးသွားလို့ပါ'

'အို ....'

နော်မန်သည် စိတ်အတော်သက်သာရာ ရသွားလေ၏။ သူသည် သည်ထက်များ အရေးကြီးနေရော့သလားလို့ သူ စိုးရိမ်နေခြင်း ဖြစ်သည်။ သည့်ထက် အရေးကြီးသော ပျောက်ဆုံးသူ၊ သို့မဟုတ် ပြစ်မှုကြီးကြီး လုပ်ခဲ့သူ ဖြစ်နေပါက ပြဿနာသည် အမှန်ပင် ကြီးထွားမည်သာ ဖြစ်၏။ အခုလို ကားပျောက်တာလောက်ကတော့ အရေးမကြီးပါ။ အထူးသဖြင့် ၅၃ ခုနှစ်ထုတ် ပလိုင်းမောက် ကားပြာကြီး ပျောက်တာလောက်ကတော့ ဘယ်မှာ အရေးကြီးမှာတုံး။ စုံစမ်းတဲ့လူကလည်း တော်အောင်ပျော်အောင် စုံစမ်းတာပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ ရော့ လယ်ဂျာစာအုပ်။ ခင်ဗျား ကြည့်ချင်တာရှိရင် ကြည့်ပေတော့'

နော်မန်သည် သူ့လက်ကို လယ်ဂျာစာအုပ်မှ မ လိုက်ပြီး လယ်ဂျာကို ရှေ့ထိုးပေးလိုက်၏။

'ခင်ဗျားကို ပြတာ တရားတော့ မဝင်ဘူးဆိုတာ ကျုပ် သိပါတယ်'

နော်မန်၏စကားသည် စုံထောက် မီလတန်အတွက် ဘာမှ ထူးခြားမှု မပေါ်။ မီလတန်သည် ချက်ချင်း လယ်ဂျာစာအုပ်ကို ဖွင့်မကြည့်ဘဲ အိတ်ထဲမှ စာအိတ်တစ်ခုကို ထုတ်၍ ကောင်တာပေါ်မှာ ဖြန့်ပြီးမှ လယ်ဂျာကို ဖွင့်သည်။ နောက် လယ်ဂျာထဲတွင် လက်မှတ်ရေးထိုးထားသော ဧည့်စာရင်းကို ကြည့်၏။

နော်မန်သည် စုံထောက်၏လက်မ ရွေ့နေခြင်းကို စောင့်ကြည့်နေ၏။ လက်မသည် နာမည်တစ်ခုချင်းကို ထောက်ကြည့်ခဲ့ပြီးမှ တစ်နေရာတွင် တိကျစွာ၊ သေချာစွာ ရပ်လိုက်၏။ နောက် ခေါင်းမော့လိုက်၏။

'ခုန ခင်ဗျားပြောတုန်းက ပြီးခဲ့တဲ့ စနေနေ့က ဘယ်ဧည့်သည်မှ မလာခဲ့ဘူးဆိုဗျာ'

နော်မန်က သူ့ကိုယ်သူ ကြိုးစားချုပ်တည်းလိုက်၏။

'ကျုပ် မှတ်မိသမျှတော့ ဟုတ်တယ်၊ ဘယ်သူမှ မလာဘူး။ တစ်ယောက် နှစ်ယောက်ပဲ တစ်ပတ်မှာ လာတတ်တော့ ကျုပ်လည်း သိပ် မသေချာဘူးပေါ့ဗျာ'

မီလတန်သည် လက်မနှင့် ထောက်ထားသော နာမည်ကို သူ မြင်သာအောင် ရှေ့တိုးပြလိုက်ပြီး–

'ဒီ့ သူကကော၊ ဂျိန်းဝီလ်ဆင် ဆိုတာလေ။ စနေနေ့ညက လက်မှတ်ထိုးထားတာပဲ'

ပြောနေဖို့ မလိုပါ၊ နော်မန် သိပါ၏။ နော်မန့်နဖူးမှာ ချွေးများ စို့လာ၏။ သို့သော် ဣန္ဒြေ ကြိုးစားဆည်လိုက်ပြီး ခုမှ သတိရဟန်ဖြင့်–





'အို ခင်ဗျားပြမှ အမှတ်ရတယ်၊ ဟုတ်တယ်ဗျို့၊ အဲဒီမိန်းကလေး ကားဖြင့် လာတည်းပါရဲ့'

နော်မန်၏ စကားအဆုံးတွင် အသံတုန်သွားသဖြင့် မနည်းထိန်းသိမ်း ထားလိုက်ရ၏။ နော်မန့်ရင်ထဲမှ တဒိန်းဒိန်းနှင့် ရင်ခုန်သံသည် ပေါ်ထွက် လာပြန်ပြီ ဖြစ်၏။

သူသည် စနေနေ့ညနေက တစ်ယောက်မှ လာမတည်းဘူးလို့ ပြော လိုက်ခြင်းသည် လည်းကောင်း၊ မိန်းကလေး၏ ရုပ်ရည် လက္ခဏာကို စုံထောက် ပြောပြစဉ်က လည်းကောင်း မမှတ်မိအောင် မသိယောင် ဆောင် လိုက်ခြင်းသည် သူ့အမှားပင် ဖြစ်သည်ဟု နောင်တရနေမိ၏။ သို့သော် ယခု ကောင်းကောင်း နောက်ကျနေပြီ ဖြစ်၏။

စုံထောက်၏မျက်စိတွင် သူ့အပေါ် သင်္ကာမကင်း မဖြစ်ရလေအောင် သူ မည်သို့ ရှင်းပြရပါမည်နည်း၊ သူ မည်သို့ ပြောရပါမည်နည်း။

ယခု ချက်ချင်းလက်ငင်းတော့ စုံထောက် မီလတန်သည် ဘာဆို ဘာမှ စကားတစ်ခွန်း မဟာသေးဘဲ ရှိနေ၏။ သူသည် စောစောက ချထား သော စာအိတ်ပေါ်မှ လက်ရေးနှင့် လယ်ဂျာထဲမှ မိန်းကလေး၏ လက်ရေး တို့ကို ယှဉ်လျက်သား ချ၍ တိုက်ကြည့်နေ၏။

သြော် ...ဒါကြောင့် အဲဒီစာအိတ်က သူ ယူခဲ့တာကိုး။ ဒါကြောင့် သူက လယ်ဂျာစာအုပ်ကို မဖွင့်ခင် အိတ်ထဲက စာအိတ်ကို ထုတ်တာကိုး။ ဟုတ်တာပေါ့၊ စာအိတ်ပေါ်က လက်ရေးကလည်း ကောင်မလေးလက်ရေး မှ လက်ရေးပါပဲ။ ဟုတ်ပါပြီ၊ နဂိုကမှ စုံထောက်ပါ ဆိုမှပဲ။ ဒီလောက် ရှင်းရှင်းကြီး တွေ့မှတော့ သိရောပေါ့။ ဟုတ်တယ်၊ သူ သိရောပေါ့။

'ဟုတ်တယ်၊ ဒါ ကျုပ်လိုချင်တဲ့ မိန်းကလေးပဲ။ လက်ရေးချင်းက အတူတူပဲ'

နော်မန်သည် နောက်ဆုံး ကောက်ရိုးစကို ဆွဲလိုက်၏။

'ဟုတ်မှ ဟုတ်ရဲ့လားဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ မလွဲပါဘူး။ ဒီစာအုပ်ပေါ်က လက်ရေးကို ဓာတ်ပုံ ရိုက်ပြီး ဌာနကို ပြန်ပို့လိုက်ရင် လက်ရေးပါရဂူတွေကလည်း ဟုတ်ကြောင်း ထွက်ကြမှာပါပဲ။ ကဲ လုပ်စရာကတော့ ဒါပဲရှိတာပဲ။ ကျုပ်အနေနဲ့ သက်ဆိုင် ရာတွေကို ခေါ်ပြီး ဒီလယ်ဂျာကို သိမ်း၊ ဓာတ်ပုံရိုက်၊ ရုံးကို ပို့ရတော့မှာပဲ တကယ်လို့ ခင်ဗျားက ကျုပ်ကို ဟုတ်တိုင်းမှန်ရာ မပြောခဲ့ဘူး ဆိုရင်ယေ လေ။ နေပါဦး၊ ခင်ဗျားက ကျုပ် အဲဒီမိန်းကလေး အကြောင်းကို မေးတုန်းက ဘာလို့ လိမ်ရတာလဲ ဟင်'

နော်မန်သည် စုံထောက် ခေါင်းမော့လိုက်လျှင် ခေါင်းမော့လိုက်ချင် ဦးထုပ်၏ နှုတ်ခမ်းသားများအောက်တွင် ဖုံးကွယ်နေသော မျက်စိများသည် ပေါ်လာ၏။ သူသည် အေးစက်နေသော မျက်စိများကို မြင်ရ၏။ ထိုမျက်စိ များမှာ အဖြစ်မှန်ကို သိနေသော မျက်စိများ ဖြစ်ကြလေသည်။

'ကျုပ် မလိမ်ပါဘူး၊ မေ့သွားတာပါ'

စုံထောက်သည် ရယ်စရာ ပြက်လုံးနှင့် တွေ့သော်လည်း မရယ်သော လူတစ်ယောက်ကဲ့သို့ ရှိနေလေ၏။ အံ့သြသလို လုပ်လိုက်၏။

'သြော် သြော်၊ နို့ ခင်ဗျားပဲ တွေ့စတုန်းကတော့ မှတ်ဉာဏ်ကောင်း လှ ဆိုဗျာ'

နော်မန်သည် သူ့စကားနှင့်သူ ပိတ်မိနေ၏။

'ဟုတ်ပါတယ်၊ များသောအားဖြင့်တော့ ကျုပ် မှတ်ဉာဏ်ကောင်း ပါတယ်။ ဒါပေမဲ့ တစ်ခါတလေကျတော့....'

စုံထောက် မီလတန်သည် စီးကရက်ကို မီးညှိနေရာမှ တင်းမာသော မျက်နှာနှင့် စကားကို ဖြတ်လိုက်ပြီး–

'ဒီမယ် မစ္စတာ နော်မန်ဗိတ်။ ကားခိုးတာလည်း ရာဇဝတ်မှုပဲ သိတယ် မဟုတ်လား။ ခင်ဗျား သူခိုးလက်ခံအဖြစ်နဲ့ အရေးယူခံချင်သလား ဟင်'

နော်မန်သည် ပျာပျာသလဲ ဖြစ်သွား၏။





'ဗျာ၊ သူခိုးလက်ခံ ဟုတ်လား၊ ဘယ့်နှယ့်ဗျာ ကြဲကြဲဖန်ဖန်။ ကျုပ် ဟိုတယ်ထဲကို ကောင်မလေးတစ်ယောက် ကားနဲ့မောင်းပြီး ဝင်လာတယ်၊ အောက် ဟိုတယ် အခန်းတစ်ခန်း ငှားတယ်၊ ညတစ်ည အိပ်တယ်၊ မနက်ကျ တော့ ထွက်သွားတယ်။ ကျုပ်က ဘာလို့ သူခိုးလက်ခံ ဖြစ်ရမှာလဲ'

မီလတန်သည် စီးကရက်ကို တအားရှိုက်ဖွာလိုက်ပြီး မီးခိုးများကို ဘစ်လုံးတည်း ထုတ်လိုက်၏။

'သက်ဆိုင်ရာ စုံထောက်တစ်ဦးကို သတင်းမှန်မပေးဘဲ ထိမ်ချန်ထား သို့ပေါ့ဗျာ'

မီလတန်သည် စကားရပ်လိုက်ပြီး နော်မန်ကို သေချာကြည့်၏။

'ကဲ ကျုပ် တိုတိုပဲ မေးတော့မယ်။ ခင်ဗျား ကောင်မလေးကို မြင် လိုက်တယ် မဟုတ်လား၊ ဘယ်လိုရုပ်မျိုးလဲ'

နော်မန်သည် မထူးတော့ကြောင်း သိ၏။ သည်စုံထောက်ကို ထိုက် သင့်သလောက်တော့ မှန်ရာကို မပြောဘဲ လိမ်နေခြင်းသည် အကျိုးမရှိ ကြောင်းကို သူ သိ၏။ ဤလူမှာ စုံထောက်ကောင်း တစ်ဦးပေတည်း။ သူ သိချင်သမျှကို သိရအောင် လုပ်နိုင်မည့်သူ ဖြစ်၏။

'ဟုတ်ပါတယ်၊ တွေ့လိုက်ပါတယ်။ ခင်ဗျား စောစောက ပြောတဲ့ ရုပ်မျိုး ထင်တာပါပဲ'

မီလတန့်မျက်နှာမှာ နော်မန်၏ ဝန်ခံစကားကြောင့် ဘယ်လိုမှ ထူးခြားခြင်း ဖြစ်မသွားပေ။ သိသားပဲဆိုသော ဟန်နှင့် မေး၏။

'ရောက်လာတော့ ဘာလုပ်သလဲ'

နော်မန်သည် ချည်ခင်အရှုပ်ထဲမှ ချည်စတစ်ခုကို ဆွဲမိပြီ ဖြစ်၏။ ဆွဲလက်စနှင့် ကုန်အောင် သို့မဟုတ် မပြတ်ခင် အထိတော့ ဆွဲရတော့မည် ဖြစ်၏။

'အဲဒီနေ့က မိုးသိပ်ရွာနေတယ်။ မိန်းကလေး ဝင်လာတော့ ကျုပ် သည်း အလုပ် နည်းနည်းများနေတုန်းပဲ။ သူက အခန်းခ မေးတယ်။ ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



ဖြေလည်းဖြေလိုက်ရော လယ်ဂွာထဲမှာ နာမည်ရေးပြီး ကျုပ်ဆီက သော့ကို ယူပြီး သွားတော့တာပါပဲ။ ဒါပေမဲ့ ကျုပ်လည်း သိပ်ပြီး ဂရုထား မကြည့်မိဘူး'

မိလတန်သည် သူ့အဖြေကို စိတ်ဝင်စားပုံ မပေါ်ပေ။

'နေပါဦး၊ မိန်းကလေးက ဘာပြောသတုံး။ ခင်ဗျားတို့နှစ်ယောက် ဘာစကားတွေ ပြောကြသလဲ'

နော်မန်သည် ခေါင်းခါလိုက်၏။

'စကား မပြောသလောက်ပါပဲ။ တွေ့စက တစ်ခွန်း နှစ်ခွန်းလောက် ဟာလည်း ရာသီဥတု ဆိုးရွားပုံလောက်ပဲ ထင်ပါရဲ့'

'နေပါဦး၊ ကောင်မလေးမျက်နှာကို ကြည့်ရတာ ဘယ့်နှယ့်နေသလဲ ပျော်ရွှင်နေသလား၊ ညှိုးငယ်နေသလား။ မိန်းကလေးရဲ့ အပြုအမူ အပြော အဆိုထဲမှာ သင်္ကာမကင်းတဲ့ ဟန်ပန်တွေများ တွေ့ရသလား'

နော်မန်သည် ခေါင်းကို ဆက်ခါလိုက်၏။

'မတွေ့ဘူး၊ ဘာမှ မထူးခြားဘူး၊ ရိုးရိုး အပျော်ခရီး ထွက်လာတဲ့ ဧည့်သည်တစ်ဦးလိုပါပဲ'

မိလတန်သည် စီးကရက်မီးကို ပြာခွက်ထဲသို့ ထိုးခြေလိုက်၏။

'ကောင်းပြီ။ ဒီလိုလေ၊ ကောင်မလေးကို မြင်တော့ စိတ်ထဲမယ် ဖြစ်ပေါ်စရာ နှစ်ကြောင်းရှိတယ်။ တစ်ကြောင်းကတော့ အပြုအမူ အနေ အထိုင်က မသင်္ကာစရာ ကောင်းစရာ ဖြစ်နေတာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ကောင်မကလေး ဝင်လာပုံဟာ အထူးသဖြင့် ညှိုးငယ်ပြီး ခင်ဗျား အတွက် သနားစရာ ကောင်းချင် ကောင်းနေမယ်လေ။ ဒီလိုလေ၊ ကျွန်တော် ဆိုလိုတာက ခင်ဗျားစိတ်ထဲမယ် ဒီကောင်မလေးကို မြင်ရတဲ့အခါ စိတ်ထဲမှာ တစ်ခုခု ဖြစ်မသွားဘူးလား။ ခံစားမှု တစ်မျိုးမျိုးပေါ့ဗျာ'

နော်မန်သည် ပျာပျာသလဲပင် ငြင်းလိုက်၏။

'ဟင့်အင်း၊ ဘာမှ မဖြစ်ပါဘူး'





မိလတန်သည် ကောင်တာကို ရင်ဘတ်နှင့်ဖိပြီး ရှေ့သို့ ကိုင်းလိုက် ၏။

'ဒါဖြင့်ရင် ကောင်မလေးကို ကျုပ်မေးတော့ ဘာလို့ ဖုံးကွယ်ဖုံးကွယ် လုပ်နေတာလဲ။ အဲဒီနေ့က ဘယ်သူမှ မလာပါဘူးတို့၊ မသိပါဘူးတို့နဲ့'

နော်မန်သည် သူ့ကိုယ်သူ ထောင်ချောက်ထဲ ရောက်နေပြီဆိုခြင်းကို သူ သိ၏။ သို့သော် နောက်ထပ် သည့်ထက် စုံးစုံးမြုပ်ရခြင်းကို သူ မလိုလား ပေ။

'ကျွန်တော်လည်း ပေါ့ပေါ့ပဲ ပြောလိုက်တာပဲ။ ဘာမှ မသိဘဲဟာ၊ ကျုပ် မေ့သွားလို့ပါလို့ ခင်ဗျားကို ပြောပြီးသားပဲ။ ဘာလဲ၊ ခင်ဗျားက ကျုပ်ကိုများ ကားခိုးတဲ့နေရာမှာ ကူညီပေးခဲ့တယ်လို့ ဆိုချင်သေးလို့လား ဟင်'

မိလတန်၏ လေသံမှာ လျော့သွား၏။

'ခင်ဗျားကို ဘယ်သူကမှ မစွပ်စွဲရပါလား ဟင်။ ဒီမယ် မစ္စတာ နော်မန်ဗိတ်၊ ကျုပ်သိချင်တဲ့ အချက်အလက်တွေကိုသာ ရှာနေတာပဲ။ ခင်ဗျားပဲ ပြောတယ်နော်၊ ကောင်မလေးဟာ တစ်ယောက်တည်း လာတာလို့'

နော်မန်သည် စိတ်မရှည်တော့ပေ။

'ဟုတ်တယ်၊ ကောင်မလေး တစ်ယောက်တည်းပဲ လာတယ်။ အခန်းငှားတယ်၊ တစ်ညအိပ်တယ်၊ နောက်နေ့မနက် အစောကြီး ထွက်သွား တယ်။ အခုနေဆိုရင် မိုင်တစ်ထောင်ထက်မနည်း ခရီးပေါက်ရောပေါ့'

စုံထောက် မိလတန်က ပြုံးလိုက်၏။

'ဖြစ်နိုင်ပါတယ်လေ၊ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ကျုပ်တို့ ဖြည်းဖြည်း ဆေးဆေး အစီအစဉ် လုပ်သွားရအောင် ဟုတ်လား။ ကောင်မလေး ဒီက ထွက်သွားတာ ဘယ်အချိန်လောက်ကလဲ၊ တစ်ယောက်တည်းလား'

'မသိဘူးလေ၊ ကျုပ် အိပ်ပျော်နေခဲ့တာပဲ။ နောက်နေ့က တနင်္ဂနွေနေ့ ။ ကျုပ်က တနင်္ဂနွေနေ့ဆိုရင် နေမြင့်အောင် အိပ်လေ့ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့်ရင် ကောင်မလေး ထွက်သွားတဲ့အချိန်မှာ တစ်ယောက်တည်း ဟုတ် မဟုတ် ခင်ဗျား မသေချာဘူးပေါ့'

နော်မန်သည် မိလတန် ဘာကိုလိုချင်၍ ဤမေးခွန်း မေးသည်ကို မသိဘဲ ဖြစ်နေ၏။

'ခင်ဗျား ဘာကို ဆိုလိုတာလဲ။ သူ ထွက်သွားတာ ကျုပ် မမြင်လိုက် တော့ တကယ်ပဲ ဟုတ် မဟုတ်ကိုတော့ သက်သေမပြနိုင်ဘူးပေါ့ဗျာ'

မိလတန်သည် စီးကရက်တစ်လိပ် မီးညှိပြန်၏။

'လာတုန်းကတော့ ကောင်မလေး တစ်ယောက်တည်းနော်'

နော်မန်သည် ခေါင်းညိတ်၏။

'ဟုတ်တယ်၊ တစ်ယောက်တည်းပဲ'

'ကောင်မလေး ဒီရောက်လာတော့ တစ်ယောက်ယောက် လာမတွေ့ ဘူးလား။ ဘယ်သူကများ လာတွေ့တုံး'

'ဘယ်သူနဲ့မှ မတွေ့ဘူး၊ ဘယ်သူမှလည်း မလာဘူး'

မိလတန်သည် နော်မန်ကို ကြည့်လိုက်၏။

'သေချာတယ်နော်'

နော်မန်သည် ပြန်ကြည့်၏။

'သေချာတာပေါ့ဗျ'

'ကောင်မလေးဟာ တခြားဧည့်သည်တွေနဲ့ကော မတွေ့ဘူးလား'

နော်မန်သည် ခေါင်းခါလိုက်၏။

'မတွေ့ဘူး၊ အဲဒီနေ့က ဧည့်သည်ဆိုလို့ ကောင်မလေးတစ်ယောက်ပဲ လာတာပဲ'

မိလတန်က ကြည့်ပြန်၏။

'ခင်ဗျားလည်း တစ်ယောက်တည်း တာဝန်ကျနေတာပေါ့လေ'

'ဟုတ်တယ်'

'ကောင်မလေးက သူ့အခန်းထဲက တစ်ညနေလုံး၊ တစ်ညလုံး မထွက်ဘူးပေါ့'





နော်မန်သည် ကတ်သီးကတ်သတ် မေးရန်ကောဟု ကြည့်လိုက်၏။

'ကျုပ် သိသလောက်တော့ မထွက်ဘူးပဲ'

မိလတန်ကမူ နော်မန်၏ လေသံကို ဂရုမစိုက်ပါ။ သူ့မေးခွန်းကိုသာ မေးနေ၏။

'အပြင်များ တယ်လီဖုန်း မဆက်ဘူးလား'

နော်မန်က ခေါင်းခါရပြန်၏။

'မဆက်ဘူး'

'ဒါထက် ကောင်မလေး ဒီမှာ ရှိတယ်၊ တည်းတယ်ဆိုတာ ခင်ဗျား တစ်ယောက်သာ သိတာ၊ တွေ့တာပေါ့လေ'

နော်မန်သည် တကယ် စိတ်မရှည်တော့ပေ။

'ကျုပ် ပြောပြီးပြီပဲဗျ'

'ဒါဖြင့် အဘွားကြီးကကော၊ အဘွားကြီးနဲ့ တွေ့သေးသလား'

နော်မန်သည် မျက်ခုံးချီလိုက်၏။

'ဘယ်အဘွားကြီးလဲ'

'ဒီဆိုင် နောက်ဖေးက အိမ်မြင့်ကြီး အပေါ်ထပ်က အဘွားကြီးလေ'

နော်မန်သည် ဒေါပွနေခြင်း၊ စိတ်မရှည်ခြင်း စသည်တို့ အားလုံး ယုပစ်လိုက်သလို ပျောက်ကွယ်သွားလေ၏။ သူ့ရင်သည် စည်တီးသလို ခုန်လာပြန်လေ၏။ သူသည် ရုတ်တရက် ယောင်ယောင်မှားမှားနှင့် ပြော လိုက်၏။

'ဘယ်မှာ အဘွားကြီး ရှိလို့လဲ'

မိလတန်ကို ကြည့်ပြောသည်။ အကြောင်းမထူးနိုင်ပေ။ မိလတန်ကမူ လေအေးကလေးနှင့် စကားဆက်လေ၏။

'ကျုပ် ကားနဲ့ဝင်လာတော့ မြင်ခဲ့တဲ့ အထက်ထပ် ပြတင်းပေါက်မှာ ထိုင်နေတဲ့ အဘွားကြီးပေါ့ဗျ။ သူက ဘယ်သူလဲ'

'ကျုပ် အမေပါ'



www.burmeseclassic.com

www.burmeseclassic.com



နော်မန်၏အသံမှာ ယဲ့ယဲ့သာ ရှိတော့သည်။ မတတ်နိုင်တော့ဘူး၊ သူ ဝန်မခံလို့လည်း ဖြစ်မှာမှ မဟုတ်တော့ဘဲ။ မထူးတော့ပါဘူး၊ သူ ရှင်းပြနိုင်တာကလေးပဲ ရှိပါတော့သည်။ သည်တော့ သူက မြန်မြန်ထက်ထက်ပင် ရှင်းပြလိုက်၏။

'ကျွန်တော့်အမေက ကောင်းကောင်း ထနိုင်တာ မဟုတ်ပါဘူးဗျာ။ သူဟာ ဒီဟိုတယ်ကို မလာနိုင်ပါဘူး၊ မလာနိုင်တော့ပါဘူး'

'ဒါဖြင့် ခင်ဗျားအမေဟာ ကောင်မလေးနဲ့ မတွေ့ဘူးပေါ့၊ ဟုတ်လား'

'မတွေ့ပါဘူးဗျာ၊ အဘွားကြီးဟာ အပေါ်ထပ် သူ့အခန်းထဲမှာပဲ အိပ်နေတာပါ။ အောက်မဆင်းပါဘူး၊ ကျုပ်တို့ ကော်ဖီသောက်....'

နော်မန်၏ နှုတ်ဖျားမှ ဤစကားသည် သည်လိုကလေးပင် ထွက်သွားခြင်း ဖြစ်လေသည်။ စုံထောက် မေးသော မေးခွန်းများမှာ မြန်မြန်ဆန်ဆန် တရစပ် ဖြစ်နေသဖြင့် သူ့စိတ်များမှာ ရုတ်တရက် အထိန်းအချုပ် လွှတ်သွားခြင်း ဖြစ်သည်။

စုံထောက်က အမေ့ကို မေးကတည်းက နော်မန်သည် သတိလက်လွှတ်ချင်ချင် ဖြစ်နေသည်။ နော်မန့်စိတ်မှာ အဓိကအားဖြင့် အမေ့ကို ကာကွယ်ချင်သော စိတ်က လွှမ်းနေသဖြင့် တခြားအာရုံက မတိုးဘဲ ဖြစ်နေ၏။ သြော် အခုတော့လဲ ....။

စုံထောက် မီလတန်၏ ဟန်ပန်မှာ ကြွက်ငယ်ကို ကစားနေသော ကြောင်အဖြစ်မှ သားသမင်ကို ခုန်အုပ်တော့မည့် ကျားဘုရင်အလား ပြောင်းသွား၏။ လေသံမှာလည်း အေးစက် မာကျောလာ၏။

'ဒါဖြင့် ခင်ဗျား မေရီကရိန်းကို ခေါ်ပြီး ခင်ဗျားအိမ်မှာ ညစာကျွေးတယ် ပေါ့လေ'

'ကော်ဖီနဲ့ အသားညှပ်မုန့်လေးပါဗျာ။ ကျုပ် ကျုပ် ခင်ဗျားကို ပြောမိပြီးသား ထင်နေတာ။ ဘာမှ ဘာမှ မဟုတ်ပါဘူးဗျာ။ ဒီမှာ ကျုပ်ပြော





မယ်။ ကောင်မလေးက ဘယ်မှာ အစားအသောက် ရနိုင်မလဲလို့ ကျုပ်ကို မေးတယ်။ ကျုပ်က ဖဲယားဗဲကျမှ ရမှာပဲလို့ ပြောလိုက်တော့ ကောင်မလေး အားလျော့သွားတယ်။ ဖဲယားဗဲက မိုင် ၂၀ လောက် ဝေးသေးတာပဲဗျ။ မိုးကလည်း သိပ်ရွာနေတယ် မဟုတ်လား။ ဒီတော့ ကျုပ်လည်း သူ့ကို အိမ်ကိုခေါ်ပြီး ကော်ဖီနဲ့ အသားညှပ် ကျွေးမိပါတယ်။ ဒါပါပဲဗျာ၊ ဒါပါပဲ'

မီလတန်၏ မျက်လုံးများမှာ အရောင်လက်လာ၏။

'ခင်ဗျားတို့ ဘာစကားတွေ ပြောကြသလဲ'

'ဘာမှ မပြောကြပါဘူးဗျာ။ ကျုပ်ပြောတယ် မဟုတ်လား၊ အမေက နေမကောင်းဘူး၊ ကျုပ်ကလည်း အမေ့ကို အနှောင့်အယှက် မဖြစ်စေချင်ဘူး။ အမေက တစ်ပတ်လုံးလုံး နေကောင်းတာ မဟုတ်ဘူး။ အင်း ဒါကြောင့် ကျုပ် မေ့မေ့နေတာ ထင်ပါရဲ့၊ ကောင်မလေးနဲ့ ကော်ဖီသောက်တာကိုလေ။ ဒီလိုပဲ၊ ခေါင်းထဲမှာ အတွေးတွေက လွတ် လွတ် ထွက်သွားတတ်တယ်'

မီလတန်၏ မျက်နှာမှာ သရော်သလိုလို ဖြစ်နေ၏။

'အဲဒီနေ့ညက နောက်ထပ်ဖြစ်တဲ့ အဖြစ်အပျက်တွေကော ခင်ဗျား မေ့သွားသေးသလားဗျ။ ဥပမာအားဖြင့် ခင်ဗျားနဲ့ ကောင်မလေး ဟိုတယ် ပြန်လာကြပြီး ပါတီကလေးတစ်ခု တိုးတိုးတိတ်တိတ် ကျင်းပလိုက်တာတို့လေ'

'ဘာဗျ၊ ဘာဗျ'

နော်မန်သည် ဒေါပွသွား၏။ သူ့အသံမှာ ဒေါသဖြင့် ဆတ်ဆတ်တုန် ခနေ၏။

'ခင်ဗျား ကျုပ်ကို စော်ကားတာပဲ။ ခင်ဗျား ဒီလောက် ရိုင်းစိုင်းယုတ်ညံ့တဲ့ စကားမျိုးကို ဘယ်လို ပြောလိုက်တာလဲ။ ကျုပ်ကို ဘာကောင်များ အောက်မေ့နေလို့လဲ။ ခင်ဗျားမှာ ဒီလို မဟုတ်တမ်းတရမ်း စွပ်စွဲဖို့ ဘာအခွင့်အရေး ရှိသလဲ။ တော်ပြီ၊ ခင်ဗျားနဲ့ ကျုပ် နောက်ထပ် စကားမပြောနိုင်တော့ဘူး။ ဒီလောက်ပဲ စကားပြောနေတာပဲ လွန်လှပြီ။ ဒီက ခင်ဗျား ထွက်သွားပါတော့'



www.burmeseclassic.com

www.burmeseclassic.com



စုံထောက် မီလတန်သည် သူ၏ဦးထုပ်ကို နှုတ်ခမ်းသားမှနေ၍ အောက်သို့ နည်းနည်းငိုက်သွားအောင် ဆွဲချလိုက်၏။

'ကောင်းပြီလေ၊ ကျုပ် ပြန်ပါ့မယ်။ ဒါပေမဲ့ ကျုပ် မပြန်ခင်မှာ ခင်ဗျားအမေနဲ့ စကားတစ်ခွန်းလောက် ပြောချင်သေးတယ်။ ခင်ဗျားအမေဟာ ကောင်မလေးကို မြင်ချင် မြင်လိုက်မှာပေါ့'

နော်မန်သည် ကောင်တာထဲမှ အပြင်ထွက်လိုက်၏။

'ကျုပ် ပြောပြီးပြီကောဗျာ။ အမေဟာ ကောင်မလေးကို မြင်တောင် မမြင်လိုက်ပါဘူးလို့။ ပြီးတော့ ခင်ဗျား သူ့ကို တွေ့နိုင်မယ် မဟုတ်ပါဘူး။ အမေက မာတာ မဟုတ်ဘူး'

သူ့ရင်ထဲမှ ရင်ခုန်သံသည် တဖြည်းဖြည်း ကျယ်လာပြန်၏။

သူ၏ နောက်ဆုံးစကားကို ညှစ်၍ ပြောလိုက်၏။

'ကျုပ် ခင်ဗျားကို အမေနဲ့ တွေ့ခွင့်မပြုနိုင်ဘူး၊ ဒါပဲ'

မီလတန်ကမူ အေးစက်စက်ပင်။

'ဒါဖြင့်လည်း ကျုပ် ဝရမ်းသွားယူရတာပေါ့ဗျာ'

သည်တစ်ကြိမ်တွင်တော့ နော်မန်က ပြုံးလိုက်ပါ၏။ မင်းတို့လို စုံထောက်တွေက လူကို တောကပဲ၊ နယ်ကပဲဆိုပြီး ခြောက်တာပေါ့လေ။ ဘာရမလဲ၊ ဒီကောင်က သိလိုက်တာမှ လွန်နေတာပဲဟု တွေးရင်း သဲ့သဲ့ ပြုံးလိုက်၏။

'ကြံကြံဖန်ဖန်ဗျာ၊ ခင်ဗျားကို ဘယ်သူက ဝရမ်းထုတ်ပေးမှာလဲ။ ဘယ်သူကကော ကျုပ်တို့က ခင်ဗျားမေးနေတဲ့ ကားစုတ်ကြီးကို ခိုးတယ်လို့ ယုံမှာတုံး'

စုံထောက် မီလတန်သည် နောက်ထပ် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီး မီးခြစ်ဆံကို ပြာခွက်ထဲသို့ ထည့်လိုက်၏။ သူ့လေသံမှာ ပျော့ပျော့ကလေး ဖြစ်သော်လည်း ခိုင်မာ၏။

'ခင်ဗျားကို အားလုံးပြောမှ ဖြစ်တော့မယ် ထင်တယ်။ ကျုပ် ဒီကို





လာတာ ကားလိုက်ရှာနေတာ မဟုတ်ဘူး။ ကျုပ် လိုက်ရှာနေတာက ကောင်မလေးပဲ၊ မေရီကရိန်းဆိုတဲ့ ကောင်မလေးပဲ။ မေရီကရိန်းဟာ သူလုပ်နေတဲ့ အေဂျင်စီက ငွေ လေးသောင်းတိတိ ခိုးသွားလို့ ကျုပ် လိုက်ရှာနေတာပဲ'

နော်မန်၏ ပါးစပ်သည် ဟ သွား၏။

'လေးသောင်း၊ ဟုတ်လား'

'ဟုတ်တယ်၊ လေးသောင်းတိတိပဲ၊ တစ်ပြားမှ မလျော့ဘူး။ ကဲ ခင်ဗျား သိရောပေါ့။ ငွေလေးသောင်း ခိုးသွားမှုဆိုတော့ ငွေများလေလေ အမှုကြီးလေလေပေါ့ဗျာ။ ဒါကြောင့် ကျုပ်မှာက ရသမျှ သိနိုင်သမျှတွေ အားလုံးကို သိဖို့ လိုတာပေါ့။ ဒါကြောင့် ကျုပ် ခင်ဗျားအမေနဲ့ တွေ့ချင်တာ ခင်ဗျား ခွင့်ပြုသည် ဖြစ်စေ၊ ခွင့်မပြုသည် ဖြစ်စေပေါ့'

နော်မန်၏ မျက်နှာမှာ ဖြူရော်နေ၏။

'ဒါပေမဲ့ ကျုပ် ပြောပြီးပြီကောဗျာ။ အမေဟာ ဒီကောင်မလေး အကြောင်း ဘာမှ မသိဘူးလို့၊ မြင်တောင် မမြင်ပါဘူးလို့ ပြောပြီးပြီကော။ ပြီးတော့ အမေဟာ နေကောင်းတာ မဟုတ်ဘူးဗျ'

မီလတန်ကမူ မလျှော့ပေ။

'ကျုပ် သူ့ကို အနှောင့်အယှက် မဖြစ်စေရပါဘူးဗျာ'

မီလတန်သည် တိုးလျိုးစွာ ပြောပြီးနောက် နော်မန်၏ လိုက်လျောပုံ မပေါ်သော မျက်နှာကို မြင်လျှင် နည်းနည်းတင်းလိုက်လေ၏။

'အေးလေ၊ ခင်ဗျား ခွင့်မပြုရင်တော့ ဆိုင်ရာ လုံခြုံရေးမှူးဆီ သွားပြီး ဝရမ်း သွားတောင်းမှာပဲပေါ့'

'မလုပ်နဲ့လေ၊ ဒီလိုလုပ်လို့ ဘယ်ဖြစ်မှာတုံး'

နော်မန်သည် ကပျာကယာပင် တားလိုက်၏။

သူသည် တွေဝေနေသည်။ စဉ်းစားနေသည်။ အမှန်တော့ ဒီကိစ္စမှာ တွေဝေစရာ၊ စဉ်းစားစရာ မလိုတော့ပေ။

ငွေကလည်း ဒေါ်လာ လေးသောင်းတောင်ကိုး။ ဒီငွေ ဒီအကောင်



www.burmeseclassic.com

မေးခွန်းတွေ မေးနေတာ အံ့ဩစရာ မရှိလှပေဘူးလား။ ဟုတ်တယ်၊ ဝရမ်း လိုချင်တယ် ဆိုလည်း ဝရမ်းထုတ်ပေးမှာ အမှန်ပါပဲ။ ဒီတော့ ငြင်းနေလို့ အလကား ဖြစ်မှာပဲ။

နောက်ပြီး ခုနကလာတဲ့ အလာဘားများက ဧည့်သည်တွေကလည်း ရှိသေးတယ် မဟုတ်လား။

အလကားပဲ၊ ဆင်ခြေကန်မနေနဲ့တော့။ ထွက်ပေါက် မရှိတော့ဘူး၊ ထွက်ပေါက် မရှိတော့ဘူး။

နော်မန်သည် သက်ပြင်းချလိုက်၏။

'ကောင်းပြီလေ၊ ခင်ဗျား တွေ့တာပေါ့။ ဒါပေမဲ့ ကျုပ် အရင်သွားပြီး အမေ့ကို ခင်ဗျား လာတွေ့မယ် ဆိုတဲ့အကြောင်း ပြောထားရဦးမယ်။ ကြိုတင် အသိမပေးဘဲနဲ့ ခင်ဗျား အမေ့ဆီ ဝင်သွားပြီး တောင်အော် မြောက်အော် အော်လို့တော့ မဖြစ်ဘူး။ ကဲ တခြားဧည့်သည်များ လာလိုလာငြား ခင်ဗျား ဒီက စောင့်နေ ဟုတ်လား၊ ကျုပ် သွားမယ်'

မီလတန်က ခေါင်းညိတ်လိုက်၏။

'ကောင်းပြီလေ'

နော်မန်သည် လျှင်မြန်စွာပင် တံခါးမှ ထွက်သွားလေ၏။

*

အမှန်တော့ တောင်ကုန်းကလေးမှာ ခပ်နိမ့်နိမ့်မို့ သိပ်မြင့်မြင့်ကြီး တက်စရာ မလိုပါ။ သိပ်ကြာကြာကြီး တက်စရာလည်း မလိုပါ။ သို့သော် နော်မန်၏ စိတ်ထဲတွင် သည်တောင်ကို တက်နိုင်တော့မည် မဟုတ်ဟု အောက်မေ့နေ၏။ သူ့ရင်သည် ဟိုနေ့ညကအတိုင်း လှိုင်းလေမငြိမ်သက်သော ပင်လယ်ပြင်နှယ် လှုပ်ရှား ခါယမ်းနေ၏။

တကယ်ပါပဲ၊ ဟိုနေ့ညတုန်းကလိုပါပဲ။ ဘာတစ်ခုမှ မပြောင်းလဲဘူး၊ ဘာတစ်ခုမှကို မပြောင်းလဲဘူး။ အင်း မင်း ဘာတွေပဲလုပ်လုပ် ဒီအဖြစ်က ထွက်ပြေးလို့မှ မရဘဲကိုး။ မင်း အပြစ်မဲ့တဲ့ ကလေးလို နေလည်း





အလကားပဲ။ တတ်သိလိမ္မာတဲ့ လူကြီးလို နေလည်း အလကားပဲ။ ဘာမှ အကြောင်းမထူးဘူး။ ဘာလို့လဲဆိုတော့ နော်မန်က နော်မန်ပဲကိုး၊ သူကတော့ သူ့ကိုယ်တိုင်ပဲပေါ့။

သူ ဘာပဲလုပ်လုပ်၊ ဘယ်လိုပဲ ဖုံးကွယ်ဖုံးကွယ်၊ သူ့ကိုယ်သူရော၊ သူ့အမေကိုရော ကယ်တင်ဖို့ဆိုတာ မဖြစ်နိုင်ပေဘူး။ အခုနေ အကူအညီ ရစရာ ဆိုလို့ အမေ့ဆီကပဲ ရှိတယ်။

သူသည် တံခါးသော့ကို ဖွင့်လိုက်၏။ နောက် လှေကားအတိုင်း တက်လိုက်ပြီး အမေ့အခန်းထဲ ဝင်လိုက်လေသည်။ သူ အမေကို တည်ငြိမ် အေးဆေးစွာ စကားပြောဖို့ ရည်ရွယ်ထားပြီး ဖြစ်သည်။

သို့သော် အမေ့ကို ပြတင်းပေါက်နံဘေးမှာ အေးအေးဆေးဆေးကြီး ထိုင်နေတာကို မြင်ရသောအခါ သူ့ကိုယ်သူ မထိန်းနိုင်တော့ပေ။ အမေ့ရင်ခွင် ဂါဝန်ထဲ ဝင်လိုက်၏။ အမေ့ကိုလည်း ကိုင်လှုပ်လိုက်မိ၏။ ပြီးတော့ သူ ရှိုက်၍ရှိုက်၍ ငိုမိလေသည်။ မျက်ရည်စများကို အမေ့ဂါဝန် အနားစနှင့် သုတ်ရင်း သူသည် အစမှအဆုံး၊ အို .... တကယ်ပါပဲ။ အစမှအဆုံး ပြောပြလိုက်၏။

အမေကမူ ဘာမှ အံ့ဩပုံ မရပါ။

'အေးလေ .... ကောင်းပြီ။ အားလုံး ငါ့တာဝန်ထားလိုက်ဟော့၊ ငါ ကြည့်ပြီး လုပ်ပါ့မယ်'

'အမေ အမေ။ သူ့ကို တစ်မိနစ်လောက်ပဲ တွေ့ပြီး အမေ ဘာမှ မသိဘူးလို့ ပြောလိုက်ရင် သူ ထွက်သွားမှာပါ အမေ'

'မင်း ထင်သလားဟင်၊ ထွက်သွားပြီး နောက်တစ်ခေါက် လာဦးမှာပဲ။ ငွေလေးသောင်းဆိုတာ နည်းတဲ့ငွေလားကွယ့်။ မင်းက အစက ဘာ[illegible] ငါ့ကို မပြောရတာလဲ'

'ဘုရားရေ့၊ ကျွန်တော်မှ မသိဘဲ။ ဘုရားစူးရပါစေရဲ့၊ မသိ[illegible] အမေရယ်'

www.burmeseclassic.com



'အေးပါ၊ ကျိန်မနေပါနဲ့။ အမေကတော့ ငါ့သားကို ယုံပါတယ်၊ သူတို့ကတော့ မင်းကို ယုံမှာမဟုတ်ဘူး။ သူတို့က အမေရော သားပါ ဒီကိစ္စမှာ ပူးပေါင်းပြီး ကြံစည်တာလို့ စွပ်စွဲမှာ သေချာတယ်။ ဒါမှမဟုတ်ရင် တို့ဟာ အဲဒီငွေတွေကြောင့် ကောင်မလေးကို တစ်ခုခု လုပ်ပစ်တယ်လို့ ပြောမှာပဲ။ မင်း မတွေးမိဘူးလား'

'အမေ'

သူသည် မျက်စိကို ပိတ်ထားလိုက်၏။ သူသည် အမေ့မျက်နှာကို မကြည့်ရဲပေ။

'ဒါဖြင့် အမေ ဘာလုပ်မလဲ ဟင်'

'အမေလား၊ အဝတ်အစား လဲမှာပေါ့၊ ဧည့်သည်နဲ့ တွေ့ဖို့ဆိုတော့ အဝတ်အစားလဲဖို့ လိုတာပေါ့ကွယ်။ အမေ့ကိစ္စ အမေ သိပါတယ်ကွယ်၊ မင်းသာ စုံထောက် မစ္စတာ မီလတန်ကို သွားပြီး အမေ့ဆီကို သွားနိုင်ပါပြီ လို့ လွှတ်လိုက်ချေပါတော့'

'မဖြစ်ဘူးထင်တယ်၊ အမေက တစ်ခုခု လုပ်မယ်ဆိုရင် ကျွန်တော် သူ့ကို မလွှတ်....'

သူသည် စကားပြောရင်း တုန့်ယင်စွာ ရပ်သွား၏။ သူသည် မေ့မြော သွားချင်သလိုလို ဖြစ်သွား၏။ ဒီလိုဖြစ်ပြီး မေ့သွားလည်း ဖြစ်လာမယ့် အန္တရာယ်ကို ကာကွယ်လို့ ရနိုင်တာမှ မဟုတ်တာဘဲ။

ခဏကြာရင် စုံထောက် မီလတန်က စောင့်ရတာ စိတ်မရှည်ဘဲ ဖြစ်လာတော့မှာ အသေအချာပဲပေါ့။ စောင့်ရတာ ပျင်းရင် အပေါ်ကို တက် လာမှာပဲ၊ တစ်ယောက်တည်းလေ။ နောက် တံခါးခေါက်ပြီး၊ တံခါးခေါက်ပြီး၊ တံခါးဖွင့်ပြီးတော့ အိမ်ထဲကို ဝင်လာမှာပဲ။ အမေကလည်း အစစ အဆင်သင့် လုပ်နေပြီ။ မစ္စတာ မီလတန် အပေါ်တက်လာရင်တော့....။

'အမေ၊ အမေ၊ ကျွန်တော် ပြောတာ နားထောင်ပါဦး အမေ'

အသေအချာပါပဲ၊ အမေသည် သူ့စကားကို နားမထောင်ပေ။ အမေ





သည် ရေချိုးခန်းထဲသို့ ဝင်သွားပြီး အဝတ်လဲနေ၏။ သူ့မျက်နှာကို ပေါင်ဒါ ဖို့လိုက်၏။ ခုတော့ လှသွားပြီပေါ့လေ။ မှန်ရိပ်ကို အမေသည် ပြုံးပြ လိုက်၏။ အမေသည် လှေကားဘက်သို့ သွားလိုက်လေသည်။

အမေသည် ခရီးတစ်ဝက် မရောက်မီပင် တံခါးခေါက်သံ ပေါ်ထွက် လာ၏။

ယော ဖြစ်လာပြီကော၊ မစ္စတာ မီလတန်သည် သူထင်သည့်အတိုင်း စိတ်ရှည်စွာ ခေါ်မနေတော့ဘဲ အိမ်ဆီကို လာပြီး တံခါးတောင် ခေါက်နေပြီ ကော။ သူ အော်ပြီး လှမ်း၍ သတိပေးလိုက်ချင်သည်။

သို့သော် သူ့အသံမှာ လည်ချောင်းထဲက မထွက်ပေ။ လည်ချောင်း ထဲတွင် တခြားအသံတစ်ခုက နှောင့်ယှက်ထားသလို ဖြစ်နေ၏။ သူသည် အမေ၏ ရွှင်မြူးသော အသံကိုသာ ကြားလိုက်၏။

'ခဏလေးရှင်၊ ကျွန်မ လာပါပြီ'

'ဒါပဲ၊ ဒီအချိန်ကလေးပါပဲ'

အမေသည် တံခါးဖွင့်ပေးပြီး မစ္စတာ မီလတန်သည် အိမ်ထဲဝင်လာ ၏။ ရုတ်တရက်မို့ မီလတန်သည် အမေ့ကို ပထမ မကြည့်မိပေ။ နောက် အမေ့ကို ကြည့်၍ သူသည် တစ်စုံတစ်ခု ပြောတော့မည့်ဟန်နှင့် ပါးစပ် ဟ လိုက်၏။ စကားပြောမည့် ပါးစပ်ကို ဟ လိုက်ရန်အတွက် မစ္စတာ မီလတန်သည် ခေါင်းကို မော့လိုက်ပါ၏။ မစ္စတာမီလတန်၏ လည်ပင်းသား အချို့သည် မီးရောင်တွင် ပေါ်လာ၏။

အမေက ဒါကို စောင့်နေတာပဲ။ အမေ့လက်မှာ လျင်မြန်စွာ လှုပ်ရှား သွား၏။ မီးရောင်တွင် အမေ့လက်မှာ ကိုင်ထားသောအရာသည် လက်ခနဲ ဖြစ်သွား၏။ တောက်တောက်ပြောင်ပြောင် အရောင်လက်သွား၏။

မစ္စတာ မီလတန်က ငယ်သံပါအောင် အော်လိုက်၏။

'နောက်ကျသွားပြီပဲ'

အမေ့လက်မှ အရောင်တလက်လက်မှာ ဘယ်ပြန် ညာပြန် လှုပ်ရှား နေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ပြန် …. ညာပြန်။

ထိုအရာသည် မျက်စိများမှာ စူးရှနေ၏။ သူသည် ဘာမှ မကြည့်ချင်ပေ။ မျက်စိ ပိတ်ထားချင်၏။ အမှန်တော့ သူ အထူးတလည် ကြည့်နေဖို့ လိုသော ကိစ္စမဟုတ်ပေ။ သူ့ရင်ထဲက သိပြီး ဖြစ်နေ၏။

အမေသည် သူ၏ သင်တုန်းဓားကို တွေ့သွားပြီ ဖြစ်၏။

'ဒါပါပဲ၊ သင်တုန်းဓား….'

[ တစ်ဆယ် ]

နော်မန်သည် အသက်ကြီးကြီးလူကို ပြုံးပြလိုက်ပြီး သော့ကို ကောင်တာပေါ် တင်လိုက်၏။

'ဒီမှာ သော့ ခင်ဗျာ၊ နှစ်ယောက်ခန်းအတွက် ၁၀ ဒေါ်လာ ကျပါတယ်'

လူကြီး၏ မိန်းမသည် ပိုက်ဆံအိတ်ကို ဖွင့်လိုက်၏။

'ဒီမှာ…. ဒီမှာ ပိုက်ဆံရှိတယ်၊ ဒီကပဲ ပေးလိုက်မယ်'

ပိုက်ဆံတစ်ဆယ်ကို ကောင်တာပေါ် တင်လိုက်၏။ နောက် နော်မန်ကို ခေါင်းညိတ်ပြလေသည်။ ထိုအခိုက် မိန်းမကြီးသည် နော်မန်၏ မျက်နှာကို မြင်သွားပြီး ခေါင်းညိတ်ခြင်းကို ရပ်လိုက်၏။

'ရှင် ဘာဖြစ်နေတာလဲ ဟင်၊ နေမကောင်းဘူးလား'

တကယ်တော့ နော်မန်သည် နေမကောင်းပေ။ လူနေမကောင်းတာရော၊ စိတ်မကောင်းတာရော ဖြစ်သည်။ သူသည် ချွေးပြန်နေ၏။

'ကျွန်တော်…. ကျွန်တော် နည်းနည်းပင်ပန်းနေလို့ပါ၊ ဘာမှ မဖြစ်ပါဘူး။ ပြီးတော့ ဆိုင်လည်း ပိတ်တော့မှာပဲ'

မိန်းမကြီး၏ စပ်စုစိတ်သည် ကျေနပ်ဟန် မတူပေ။





'အစောကြီး ပိတ်မယ် ဟုတ်လား။ ဟိုတယ်ဆိုတာ ကျုပ်သိသမျှ ညဉ့်နက်ထိ ဖွင့်တတ်တာမျိုးပဲ။ အထူးသဖြင့် စနေနေ့ညလို ညမျိုးမှာ ဆိုရင်ပေါ့'

'ကျွန်တော်တို့ ဒီဘက်က ဧည့်သည်မလာပါဘူး ခင်ဗျား၊ ပြီးတော့ အခုဆိုရင် ဆယ်နာရီတောင် ထိုးနေပါပြီ'

'ဘုရားသခင်၊ ဆယ်နာရီ ထိုးနေပါပေါ့လား။ လေးနာရီတောင် ကြာခဲ့ပါပြီကော'

'ဟုတ်လား၊ ကဲ ဂွတ်နိုက်ပဲ ရှင်'

'ဂွတ်နိုက်'

နော်မန်သည် ပြောမည့်သာ ပြောလိုက်ရ၏။ စကားသံသည် သူ့ ပါးစပ်မှ ဘယ်လိုဘယ်လို ထွက်သွားသလဲ ဆိုသည်ကိုပင် မသိလိုက်ပါ။

ထိုလင်မယားသည် ရုံးခန်းအပြင် ထွက်သွားပြီ ဖြစ်ပါသည်။ သူသည် ရုံးခန်းထဲက ကောင်တာနောက်မှ ထွက်မည်ဆိုလျှင်လည်း ရပါပြီ။ မီးပိတ်မည် ဆိုလျှင်လည်း မီးပိတ်နိုင်ပါပြီ။ ရုံးခန်းပိတ်မည် ဆိုကလည်း ပိတ်နိုင်ပြီ ဖြစ်၏။

သို့သော် သူသည် အရက်တစ်ခွက်လောက်တော့ ကောင်းကောင်းကြီး သောက်လိုက်ချင်ပါသေး၏။ အခုမှတော့ သူ အရက်သောက်ခြင်းသည် လည်းကောင်း၊ မသောက်ခြင်းသည် လည်းကောင်း ဘာမျှ မထူးခြားတော့ပါ။ အခုတော့ အားလုံးသည် ပြီးဆုံးခြင်းသို့ ရောက်လေပြီ မဟုတ်ပါလား။ ပြီးဆုံးခြင်း၊ သြော် …. ပြီ ဆုံးခြင်း၏ အစ ပေလော။

နော်မန်သည် စိတ်ကူးတုန်းက တစ်ခွက်ကောင်းကောင်း ဆိုပေမင့် တကယ့် တကယ်တော့ သူသည် အရက် လေးငါးခြောက်ခွက်မက သောက်ပြီး နေပြီ ဖြစ်၏။ သူသည် ဟိုတယ်သို့ ပြန်ရောက်ပြီးကတည်းက တစ်နာရီ တစ်ခွက်နှုန်းလောက်နှင့် သောက်နေလိုက်ခဲ့သည်မှာ ညနေ ၆ နာရီကတည်းက ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ သူ အရက်မသောက်ဘူး ဆိုပြန်လျှင်လည်း ရပ်တည်လို့က ဖြစ်နိုင်မည် မထင်ပေ။ တကယ်ပဲ သူ ကောင်းကောင်း မတ်မတ်ရပ်နိုင်ဖို့ လမ်းမမြင်ပါ။

သူ့စိတ်အာရုံတွင် အိမ်ကြီး၊ ခန်းမကျယ်ကြီး၊ ကော်ဇောအောက်တွင် ထားခဲ့သော ပစ္စည်း၊ လဲနေသော ပစ္စည်း၊ လျောင်းနေသော ပစ္စည်း မှန်သမျှ။

'ဘာ .... ပစ္စည်း ဟုတ်လား'

'စကားလုံး အလှတွေ လုပ်မနေပါနဲ့'

'ပြောမှာ ပြောလိုက်စမ်းပါလား'

'အလောင်းကြီးလေ .... အလောင်းကြီးဟေ့'

ဟုတ်ပေသည်။ ခန်းမကျယ် ကော်ဇော၏ အောက်တွင် အလောင်းကြီး ရှိလေသည်။ သူသည် အဲဒီအတိုင်းပဲ ထားလိုက်ပါသည်။ သွေးတွေကတော့ တကယ် နေရာအနှံ့အပြားမှာ၊ တကယ်ကို များများစားစားကြီး ရှိနေ၏။

သူ့အနေနှင့် ဘာမျှ လုပ်စရာ အကြောင်းမရှိတော့။ သွေးစွန်းလက်ဖြစ်နေသော ကော်ဇောနှင့် လွှမ်းထားနိုင်ရုံပဲ ဖြစ်ပါသည်။ ပြီးတော့ နေ့ခင်းနေ့လယ်ကြီး မဟုတ်လား။

ယခုတော့လည်း သူ ပြန်သွားရပေမည်။ သူ့အနေနှင့် အမေ့ကိုတော့ မှာခဲ့သည်။ ဘာမှ မကိုင်ဖို့၊ မတွယ်ဖို့၊ မထိဖို့။ သူ သိသည်၊ အမေသည် သူ့စကားကို နားထောင်မည်မှာ သေချာ၏။ အံ့တော့ အံ့သြစရာပဲ၊ ရယ်တော့လည်း ရယ်စရာပါပဲ။

ဒီလိုပဲ တစ်ခါတစ်ခါ ဖြစ်ပြီဆိုရင် အမေဟာ အရုပ်ကြိုးပြတ် ပုံလျက်လဲတော့တာပဲ။ ရှိသမျှ ခွန်အားကို အစွမ်းကုန် သုံးလိုက်ရသလိုပဲပေါ့။

လူကို ပေါက်ပြီး ပြန်လာတဲ့ မြွေလိုပေါ့။ လူတော့ သေသွားပါရဲ့၊ ပေါက်လိုက်ရတဲ့ မြွေလည်း မသက်သာဘူး။ လေးငါးရက် တစ်နေရာမှာ





အားရတဲ့ဘဝကို ရောက်အောင် အင်အားကုန်ခန်း ဆိုပဲ။ အမေလည်း ဒီလိုပဲ သင်ပါရဲ့။

တစ်ခါတစ်ခါ ကိစ္စဝိစ္စ ပြီးသွားရင် ပုံလျက်သားကလေးပဲ။ သူကတော့ အမေ့ကို အိပ်ရာထဲမှာပဲ နေဖို့၊ ပြတင်းပေါက်တောင် မကြည့်ဖို့ မှာထားခဲ့တာပဲလေ။ သူ ပြန်လာတဲ့အထိ ငြိမ်ငြိမ်သက်သက် နေပါလို့။ နောက်ပြီး သူက သော့တစ်ထပ် ခတ်ခဲ့ပါသေးရဲ့။

သို့သော် အခုတော့ သော့ဖွင့်ရပေဦးမည်။

နော်မန်သည် သူတို့ရုံးခန်း အပြင်ဘက်ကို ထွက်လိုက်ပြီး ရုံးတံခါးကို သော့ခတ်လိုက်၏။ အပြင်ဘက်၌ မှောင်နေသည်။ ခပ်မှောင်မှောင် ဖြစ်နေသော ကာလမှာပင် စုံထောက် မီလတန် စီးလာသော ဗြကားကို မြင်ရ၏။ ဗြကားမှာ မစ္စတာမီလတန် ထားခဲ့သည့်အတိုင်း သူ၏ ရုံးခန်းအပေါက်ဝ တည့်တည့်တွင် ပိတ်ဆို့ကာ ရပ်လျက် ရှိ၏။

နော်မန်သည် ကားကိုကြည့်ရင်း ငေးမောမိပါ၏။

တကယ်လို့ သူ့အနေနှင့် ဒီကားကို တက်ပြီး တစ်ခါတည်း ဟိုအဝေးကြီးကို မောင်းသွားရရင် မကောင်းပေဘူးလား။ ဒီနေရာက ဝေးရင် ပြီးတာပဲပေါ့။ ဟို အဝေးကြီး၊ အဝေးကြီးရဲ့ အဝေးကြီးကို မောင်းထွက်သွားပြီး တစ်သက် တစ်ကမ္ဘာမှာတော့ ပြန်မလာစတမ်းလေ။ သည် ဟိုတယ်နဲ့လည်း ဝေးရော၊ သည်အမေနဲ့လည်း ဝေးရော။ နောက် ကော်ဇောအောက်က အလောင်းကြီးနဲ့လည်း ဝေးရာကိုပဲပေါ့။

သူ၏ အတွေးမှာ တလိပ်လိပ်နှင့် တက်လာ၏။ သူသည် တကယ်ပဲ ယခုပင် ထသွားပစ်လိုက်ချင်စိတ်တို့သည် ရင်မှာ အဆင့်ဆင့် မြင့်၍ တက်လာ၏။ နောက်တော့လည်း ပြေလျော့၍ ကျသွားလေ၏။ နော်မန်သည် ခရစ်နေသော ခွေးကလေးပမာ သူ့တစ်ကိုယ်လုံးကို လှုပ်ခါလိုက်၏။ သူ့ အတွေးမှာ မဖြစ်နိုင်ကြောင်း သူ သိ၏။ လောက၌ လူသည် သူ၏ အစွ ဆံပါးမှ ပြေး၍ မလွတ်နိုင်ကြောင်းကို သိသည်။ ဘယ်ကိုပြေးပြေး ...



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဘေးမလွတ်နိုင်ကြောင်း သူ သိလေသည်။ စောင့်နေသောအရာ
တစ်ခုမဟုတ် တစ်ခုကတော့ ပြေးလေရာရာမှာ ရှိနေမည် ဖြစ်လေသည်။

သည်တော့.... သည်တော့ လက်လျှော့လိုက်။

သူသည် လမ်းမတစ်လျှောက်ကို လှမ်းမျှော်၍ ဘယ်ညာကြည့်လိုက်
၏။ နောက် အခန်းနံပါတ် ၁ နှင့် ၃ ၏ ပြတင်းပေါက် လိုက်ကာမှ
ချထား မထားကို ကြည့်လိုက်၏။ အားလုံး ငြိမ်ငြိမ်သက်သက် အေးအေး
ဆေးဆေး။ ပြီးတော့ ငြိမ်ငြိမ်သက်သက် အေးအေးဆေးဆေးပေပဲ။

သူသည် စုံထောက် မီလတန်၏ ဖြူကားပေါ်သို့ တက်လိုက်၏။
သူ့အိတ်ထဲတွင် မီလတန်၏ အိတ်ထဲမှ နှိုက်လာခဲ့သော ကားသော့ရှိသည်
မဟုတ်လား။ ကားသော့ကို ဖွင့်လိုက်ပြီး ကားကို စက်နှိုးလိုက်၏။

ကားသည် စက်မနိုးပေ။

ကားသော့ ဖွင့်ထားသဖြင့် ကားအတွင်းမှ ဒိုင်ခွက်အသီးသီးသည်
မီးလင်းနေပါ၏။

နောက်တစ်ချီ စက်နှိုးလိုက်ပြန်၏။ မနိုးပေ။

ဘက်ထရီများ ချွတ်ယွင်းလေသလားဟု ကားဘက်ထရီကို စမ်း
သော အားဖြင့် ဟွန်းတီးချင်၏။ မဖြစ်နိုင်ပေ။

သူသည် ကားသော့ကို ပိတ်၍ အမှောင်ထဲ၌ ခဏမျှ ငြိမ်ငြိမ်ကလေး
ထိုင်နေလိုက်၏။ လက်ကိုင်ကို ကိုင်ထားသော လက်မှာ ဓာချွေးများဖြင့်
ပြန်နေ၏။ ကားကို ထားခဲ့ပြီး လူချည်း အိမ်ဆီ သွားရ ကောင်းမလား
စဉ်းစား၏။ မဖြစ်နိုင်ပေ။

သူသည် ကားသော့ကို ဖွင့်လိုက်ရာ မီးကလေး မှိန်မှိန်ကလေး
လင်းလာ၏။ နောက် အသက်အောင့်၍ ကားကို နှိုးလိုက်၏။ မော်တာလည်
သံ အတော်ကြာကြာ ကြားရပြီးမှ ကားသည် နိုးသွား၏။ သူသည် အောင့်
ထားသော အသက်ရှူလေကို မှုတ်ထုတ်လိုက်၏။ နောက် အိမ်ဆီသို့ ဖြည်း
ဖြည်းကလေး မောင်းသွားလေ၏။





မီးအားလုံးမှာ ပိတ်လျက်ရှိသဖြင့် ဝန်းကျင်တစ်ခုလုံး မှောင်နေ၏။
သူ မောင်းလာသော ကားသည်လည်း မီးထွန်းမထားပေ။ သည်လမ်းနှင့်
သည်အိမ်လောက်တော့ မီးမထွန်းထားလည်း သူ သွားတတ်ပေသည်။ အိမ်
ဆီမှ အမေ့အခန်း၌ပင် မီး မမြင်ရပေ။ အမေ အိပ်နေပြီထင့်။ အိပ်မပျော်
သောင်မှ အိပ်ချင်ယောင် ဆောင်နေတာလည်း ဖြစ်ကောင်း ဖြစ်နေမည်။
သော်မန်သည် သူ့အမေ အိပ်နေသည်ဖြစ်စေ၊ အိပ်ချင်ယောင်ဆောင်နေသည်
ဖြစ်စေ သူ ဂရုမစိုက်ပေ။ သူ့အနေနှင့် လုပ်ဆောင်စရာများကို လုပ်ကိုင်နေစဉ်
အလုပ်မှာ အမေ ဝင်မရှုပ်လျှင်ဘဲ တော်ပါပြီ။ သူ အလုပ်လုပ်နေစဉ် အမေက
သူ့ကို ကလေးလေးလို၊ နို့ညှိစော် မပျောက်သေးသော ကလေးလေးလို
ဆက်ဆံနေမှုဖြင့် ခက်ရချည့်။ သူလုပ်နေရသော အလုပ်က ကလေးအလုပ်
မဟုတ်၊ လူကြီးအလုပ်။ လူကြီးအလုပ်မှ တကယ့်လူကြီးအလုပ်။

ဟုတ်သလေ၊ ကော်ဓာနဲ့ထုပ်ပြီး ကော်ဓာထုပ်ကို မ ရွှေ့တာက
တော့ ကလေးလည်း လုပ်နိုင်တယ် ထား။ အဲ၊ အဲဒီ ကော်ဓာလိပ်ထဲမှာ
ဘာပါသလဲဆိုတာ သိပြီး သတ္တိရှိရှိ၊ သတိနိုင်နိုင် ထားရတဲ့ အလုပ်ကတော့
တကယ့် လူကြီးအလုပ် ဖြစ်ပါသည်။

သူသည် အိမ်ပေါ်တက်၏။ အလောင်းကြီးကို ကော်ဓာနှင့် လိပ်
လိုက်၏။ နောက် ယင်း ကော်ဓာလိပ်ကြီးကို မ၍ အိမ်ပြင်ထုတ်လာပြီး
ကားနောက်ခန်းထဲသို့ သွင်းလိုက်၏။ နောက် အိမ်ပေါ်တက်သွားပြီး ဘာများ
ကျန်ရစ်သလဲဟု တစ်ချက်မျှ မျက်စိဝေ့ကြည့်လိုက်ပြီး ကားဆီသို့ ပြန်လာခဲ့
၏။ သူ၏ ကော်ဓာကြီးသည် သွေးများ စိမ့်ယို ထွက်လိမ့်မည်ဟု သူ မယုံ
ကြည်ခဲ့ပေ။ သူ့အယူအဆသည် မှန်လေသည်။ ကော်ဓာကြီးသည် သွေး
ပေါက်ခဲ့ပေ။

သူသည် ကားကို ဖြည်းဖြည်းနှင့်ပင် လိုရာခရီးဖြစ်သော လယ်ကွင်း
ပြင်ရှိ မြက်ခါးသွန်တောဆီသို့ မောင်းလာခဲ့၏။ သူသည် ညွှန်တော အစသို့
ရောက်အောင် ကားကို မောင်းလိုက်၏။ သတိထားရမည်က



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းစိုင်ခဲ့တဲ့ နေရာမှာ သည်ကားကို မြုပ်မပစ်ဖို့ဘဲ ဖြစ်သည်။ သူသည် အရောင်ကို ကြည့်လိုက်၏။ ညွှန်အနေအထားကို ကြည့်လိုက်၏။ အတွေ့အကြုံသည် အလုပ်အကိုင်ကို ရင့်ကျက်စေသည် မဟုတ်လား။ သည်နေရာ ကြည့်ရသည်မှာ နေရာကောင်းပေပဲ။ ညွှန်များကလည်း နစ်ပုံပဲ။

သူသည် တစ်နေ့ညတုန်းကအတိုင်း ကားကို ညွှန်ထဲ တွန်းချ၊ ကား နစ်လိုက်၏။ လွယ်လွယ်ကလေးပါလား။

'အကျင့်ရှိတော့ ကျွမ်းကျင်ဆို .... မဟုတ်လား'

သူသည် ပြုံးမလိုလို ဖြစ်သွားခိုက် ပြန်တည်လိုက်၏။ ဒါ ပြက်လုံး ထုတ်ရမည့် အချိန် မဟုတ်ပေ။ အထူးသဖြင့် ညွှန်တော၏ ကမ်းပါးအစပ်တွင် ငုငုကြီးရပ်ပြီး တစ်စ တစ်စ မြုပ်နေသော ကားကြီးကို ရပ်ကြည့်နေရသော အလုပ်သည် ဟာသ မဟုတ်ပေ။ ဗြု ကားကြီးသည် အလျင်က ကားထက် လေးပုံရသမို့ မြန်မြန်မြုပ်မယ်များ ထင်နေသလားမှ မသိဘဲ။ အမှန်တော့ မြန်မြန် မမြုပ်ပေ၊ စောင့်နေရသည်မှာ ရာစုနှစ်ပေါင်းများစွာ ကြာသလိုလိုပဲ။ နောက်ဆုံးကျတော့ "ဗွပ်" ခနဲ အသံ ကြားလိုက်ရ၏။

မြုပ်သွားပြီကော....။

ပြီးပြန်ပြီ။ ဒါပဲ၊ တစ်ခါတည်း မြုပ်သွားတော့တာပါပဲ။ ဟို ကောင်မလေးတုန်းက အတိုင်းပဲ။ သြော် ဒါထက်၊ ဟိုကောင်မလေးဆိုလို့ ကောင်မလေးဆီမှာ ငွေလေးသောင်း ပါလာတယ်လို့ စုံထောက်က ပြောတာပဲ။ ငွေလေးသောင်းလည်း မြုပ်သွားပြီပေါ့လေ။ ငွေတွေ ဘယ်နားများ ထားပါ လိမ့်မလဲနော်၊ ပိုက်ဆံအိတ်ထဲ မရှိတာတော့ သေချာသပေါ့။ သူကိုယ်တိုင် သေသေချာချာ ကြည့်လိုက်တာပဲဟာ။ လက်ဆွဲအိတ်ထဲလည်း မရှိပါဘူး။ ကြည့်ရတာ ကားထဲ တစ်နေရာရာမှာပဲ ရှိဟန်တူပါရဲ့။ သူ ကြည့်ဖို့ကောင်းတာပဲ။ တကယ်ပဲ၊ ကားကြီးကို မမြုပ်ပစ်ခင် ကားကြီးထဲ သေချာကြည့်ဖို့ ကောင်းတာပေါ့။ သူ့မှာ ရှာဖို့ အချိန်မရလို့သာ။

တကယ်တော့ မရှာလိုက်တာဘဲ ကောင်းပါတယ်။ ရှာလိုက်မိပြီးမှ





တွေ့သွားရင်၊ အဲဒီ ငွေလေးသောင်းများ တွေ့သွားခဲ့ရင် ဘာတွေ ဖြစ်ဦးမယ် ဆိုတာ ဘယ်သူမှ မပြောနိုင်ပေဘူးဘဲ။

မဖြစ်ပါဘူး၊ စုံထောက် လာမေးတုန်းက သူ ဖွင့်ပြီး ဝန်ခံသွားမိမှာ ပဲ။

အသေအချာပေါ့၊ လိပ်ပြာမလုံရင် ဖုံးလို့ မလုံဘူး။ ဒီတော့ မတွေ့တာကိုပဲ ကျေးဇူးတင်ရဦးတော့မှာပဲလေ။ သူ့မှာ ဒီကိစ္စ အားလုံးအတွက် တာဝန် လုံးလုံးမရှိတာပေါ့လေ။

သူ့မှာ တာဝန်တစ်ခုသာ ရှိသည်။ သူ့တာဝန်မှာ သူ့အမေကို ကာကွယ်စောင့်ရှောက်ရန်ပဲ ဖြစ်သည်။ အင်းပေါ့လေ၊ အမေ့ကို ကာကွယ်စောင့်ရှောက်ခြင်းသည် သူ့ကိုယ်သူ ကာကွယ်စောင့်ရှောက်ပြီးသား ဖြစ်နေတာ ပဲပေါ့။

နော်မန်သည် ပြဿနာတစ်ခုလုံး အစမှ အဆုံးတိုင် စဉ်းစားကြည့်၏။ အချက်အလက်တိုင်းကိုလည်း မမေ့သောအားဖြင့် အစမှ အဆုံးတိုင် စိကာစဉ်ကာ ချိုကြည့်၏။ အဖြေသည် တစ်မျိုးသာ ထွက်လေသည်။

ဘာပဲပြောပြော စုံထောက်နောက်ကို တစ်ယောက်ယောက်ကတော့ လိုက်ပြီး၊ သို့မဟုတ် လာပြီး စုံစမ်းဦးမှာ မုချ ဖြစ်ပေသည်။

ဒါမှလည်း အဓိပ္ပာယ်ရှိပေမည် ဖြစ်၏။ အနည်းဆုံး အသက်အာမခံ ကုမ္ပဏီ၊ စုံထောက် မီလတန် အလုပ်လုပ်သည် ဆိုပါသော ကုမ္ပဏီကပဲ ဖြစ်ဖြစ်တော့ လာ၍ စုံစမ်းမည်မှာ အသေအချာ ဖြစ်လေသည်။ စုံထောက် မီလတန်မှာ သူတို့၏ လခစား မဟုတ်လား။

ကိုယ့်လခစား တစ်ဦးတစ်ယောက် ပျောက်ဆုံးသွားခြင်းအတွက် ကုမ္ပဏီသည် မစုံစမ်းဘဲ နေမည် မဟုတ်ပေ။ အထူးသဖြင့် ကုမ္ပဏီက စုံထောက်များ ထားရသော ကုမ္ပဏီဖြစ်၍ ပို၍သာပဲ စုံစမ်းပေးမည်သာ ဖြစ်၏။

စုံထောက် မီလတန်သည် သူ၏ လုပ်ရှားမှုအားလုံးကို ဆိုင်ရာသို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အစီအရင် ခံရပေမည်သာ ဖြစ်၏။ နောက်တစ်ခုက ဤကိစ္စမှာ ငွေလေးဒေါ်လာကိစ္စ မဟုတ်၊ ငွေ ဒေါ်လာလေးသောင်းအမှု ဖြစ်လေသည်။ ငွေလေးသောင်း ဆိုတာကို လူတိုင်းပဲ စိတ်ဝင်စားကြမည် မဟုတ်ပါလား။

သည်တော့ အနှေးနှင့်အမြန် ဆိုသလိုပင် သူ့အနေနှင့် မေးခွန်းများကို ဖြေရမည်မှာ သေချာ၏။

ရက်အကြာကြီးနေမှ မေးမည့်လူများ ပေါ်လာချင်လာမည်။

သို့မဟုတ် ကောင်မလေးတုန်းကလို တစ်ပတ်အကြာမှ ပေါက်လာချင် လာမည် ဖြစ်၏။

သို့သော် သူ သေချာသည်က လာမည် ဆိုခြင်းပင် ဖြစ်၏။

လာမည်မှ အသေအချာ လာမည်ပင် ဖြစ်၏။

သည်တစ်ကြိမ်တော့ သူ့ဘက်မှ အားလုံးပြင်ဆင်ပြီး ဖြစ်ရမည်။

သူသည် အစစ အရာရာကို တွက်ချက်ထား၏။ မည်သူပဲ ပေါက်လာ ပေါက်လာ သူ့ဘက် အဖြေကမူ တစ်မျိုးတည်း၊ တစ်ဇာတ်တည်း၊ တစ်သံတည်း ဖြစ်ရပေမည်။

သူသည် စိတ်ထဲက အလွတ်နိုးနိုး ကျက်မှတ်ကာ သူ ဖြေရမည်ကို ကျက်ထားရပေမည် ဖြစ်၏။ မနေ့ညကလို လျှာဖျားက လှစ်ခနဲ ထွက်သွားမည်မျိုး မကြုံကြိုက်မှ ဖြစ်ပေမည်။ မည်သူ တစ်ဦးတစ်ယောက်မျှ သူ့ကို ချော့၍သော် လည်းကောင်း၊ ခြောက်၍သော် လည်းကောင်း မေးမေး သူ့အဖြေမှာ တစ်ခုတည်းပဲ ဖြစ်ဖို့လို၏။ သည်တော့ သူ့စိတ်ထဲက ဖြေမည့် အဖြေကို သူ့ဘာသာ ကြိုတင်ပြီး ဇာတ်တိုက်ထားလိုက်၏။

ဟုတ်ပါသည်။ မိန်းကလေးတစ်ယောက် ဟိုတယ်မှာ တစ်ည တည်းပါ၏။ ဒါကို သူ လွယ်လွယ်ပဲ ဝန်ခံရမည် ဖြစ်၏။ သူ့အနေနှင့် ကောင်မလေးကို မည်သို့မျှ သက်သေမကင်း မဖြစ်ပါ။ ဂရုလည်း မစိုက်ပါ။

ရိုးရိုး အခါတိုင်း ကြုံနေကျ ဧည့်သည်တစ်ဦး လာခြင်းဟုပင် သဘောထားပါသည်။





နောက်တစ်ပတ်အကြာတွင် စုံထောက် မစ္စတာ မီလတန်ဘာဘိုးဂတ်သာပါသည်။ သည်တော့မှ ကောင်မလေးအကြောင်းကို သိရပါသည်။

သူ သိရသည်မှာ ကောင်မလေး နောက်တစ်နေ့မနက် ထွက်သွားခြင်းင်း ဖြစ်သည်။ ကော်ဖီသောက်တာတို့၊ အိမ်ပေါ် ခေါ်သွားတာတို့ လုံးဝပါပေ။

သူ့အနေနှင့် တာဝန်သိသော ပြည်ကြီးသားတစ်ဦးပီပီ စုံထောက် မီလတန်ကို တတ်နိုင်သမျှ အကူအညီပေးဖို့ လိုပါသည်။

စုံထောက် မီလတန်သည် သူပြောသမျှကို စိတ်မဝင်စားပါ။

နောက်ဆုံး သူပြောပြချက် တစ်ခုကိုသာ စိတ်ဝင်စားပါသည်။ ထိုအချက်မှာ မိန်းကလေးက သူ့ကို ဤဟိုတယ်မှ ချီကာဂိုမြို့သို့ နေ့ချင်းပေါက်ရောက်နိုင်သလား ဟူသော မေးခွန်းပင် ဖြစ်ပါသည်။

သည်အချက်ကိုတော့ စုံထောက် မီလတန်သည် စိတ်ဝင်စားပါသည်။ နောက် သူ့ကို ကျေးဇူးတင်စကား ပြောပြီး ထွက်သွားပါသည်။ စုံထောက် ဘယ်ကို သွားသလဲ ဆိုတာ သူ မသိပါ။ ကားနှင့် ထွက်သွားသည်ကိုသာ သူ မြင်လိုက်ခြင်း ဖြစ်ပါသည်။

စုံထောက် မီလတန်သည် ဘယ်သွားမည်ဆိုသော အချက်ကို သူ့အား မပြောပါ။ အချိန်ကတော့ စနေနေ့ ညနေပိုင်းလောက် ဖြစ်ပါသည်။ ခြောက်နာရီခန့် ရှိပြီဟု ထင်ပါသည်။

'ဒါပဲလေ။ တိုတိုပဲ၊ လိုရင်းပဲ၊ လွယ်လွယ်နှင့် ရှင်းရှင်းပဲ။ ဘာမှ အခြားသူတွေ စိတ်ဝင်စားဖွယ် ဖြစ်စရာ၊ အသေးစိတ် ပါစရာ မလိုပေ။ ကောင်မလေး တစ်ယောက်တည်း မိုးရွာကြီးထဲ လာတယ်၊ မနက်ကျ ထွက်သွားတယ်၊ တစ်ပတ်ကြာမှာ စုံထောက်တစ်ယောက် နောက်ယောင်ခံ လိုက်လာတယ်၊ ကောင်မလေး မေးတဲ့ စကားကို ကြားတယ်၊ ဆက်ထွက်သွားတယ်၊ ဒါပဲပေါ့။ ဟုတ်ပါတယ် ခင်ဗျား၊ ကျွန်တော် ဒါပဲ သိပါတယ်၊ ခမ်းနည်းပါတယ်၊ ဒါပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



နော်မန်သည် ဤသို့ ပြောဆိုဖြေကြားလွှတ်လျှင် ရမည်ဟု သူ သိ၏။ သူ့တာဝန်မှာ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရနှင့် ဖြေလွှတ်ဖို့သာ အရေးကြီးဆုံး ဖြစ်၏။ အကြောင်းကမူ သည်တစ်ကြိမ်တွင် အမေ့အတွက် သူ့၌ ပူပန်စရာ မရှိသောကြောင့် ဖြစ်သည်။

အမေသည် နောက်တစ်ခါ ပြတင်းပေါက်မှ ထိုင်ကြည့်နေသော အဖြစ်မျိုး ရှိတော့မည် မဟုတ်။ အမှန်တော့ အမေ့ကို အိမ်ထဲမှာပင် ထားတော့မည် မဟုတ်ပေ။ အင်း.... သူတို့က မကျေနပ်လို့ လူရှာ ဝရမ်းတွေဘာတွေ ယူခဲ့ဦး၊ အမေ့ကိုတော့ သူတို့ တွေ့မည် မဟုတ်ပေ။

'ဒါဟာ အကောင်းဆုံး နည်းလမ်းပါပဲ'

အားလုံးကို ကာကွယ်ပြီးသား ဖြစ်တာပေါ့လေ။ အထူးသဖြင့် သူ့ကိုယ် သူထက် အမေ့ကို ကာကွယ်ပြီး ဖြစ်တာပေါ့။

သူသည် ဤသို့ လုပ်ကိုင် ဆောင်ရွက်ပါတော့မည်ဟု သန္နိဋ္ဌာန် ချလိုက်၏။

သည်တော့ မနက်ဖြန်အထိပင် စောင့်ရန် မလိုတော့။ ယနေ့ည အတွင်းပင် သူသည် အပြီးအပြတ် ဆောင်ရွက်ရမည် ဖြစ်လေသည်။

အံ့သြစရာ ဆိုရင်လည်း အံ့သြစရာ ပေပဲပေါ့။ အားလုံးက ချောချောမောမော ပြေပြေပြစ်ပြစ်နဲ့ ပြီးဆုံးသွားပြီ ဖြစ်၏။ သူသည် အစစ အရာရာ အတွက် ယုံကြည်မှု အပြည့်ရှိနေ၏။ အခြေအနေမှာ ဟိုတစ်နေ့ညလို မဟုတ်တော့။ ဟိုတစ်နေ့ညကတော့ သူဟာ အပိုင်းပိုင်းအစစ ဖြစ်နေတာပဲ။ အားလုံးကို ခိုင်ခိုင်မာမာ၊ ယုံယုံကြည်ကြည် မရှိဘဲ ဖြစ်နေ၏။ သူသည် ကလေးသူငယ်လို သူ့ကို စောင့်ရှောက်ဖို့ အမေရှိနေရန် လိုအပ်နေခဲ့ပါ၏။ ဟောကြည့်၊ ကနေ့ကျပြန်တော့လည်း သူ့ရင်ထဲမှာ သိဖို့ လိုနေတာက အမေ ရှိမနေရန် ဖြစ်နေပြန်၏။ သူသည် ကိစ္စအဝဝကို အမေ့အား ပြောပြမည်။ ဒီအတိုင်းပဲ ပြောပြမည်။

သို့နှင့် သူသည် အမှောင်ထဲမှာပင် အပေါ်ထပ်သို့ တက်လိုက်၏။





နောက် အမေ့အခန်းထဲသို့ တန်းတန်းမတ်မတ်ပင် ဝင်သွားလေသည်။ သူသည် မီးဖွင့်လိုက်၏။ အမေသည် အိပ်ရာထဲမှာ လှဲလျက် ရှိလေသည်။ အင်း .... ထုံးစံအတိုင်း အိပ်နေတာတော့ မဟုတ်ဘူးပေါ့။ တကယ်တော့ ဘယ်တုန်းကများ အမေ အိပ်ဖူးလို့လဲ၊ အိပ်ချင်ယောင် ဆောင်နေတာပဲ ဖြစ်သည်။

'နော်မန်.... လူကလေး၊ ကြာလှချည့်လားကွယ်။ ဘယ်များ သွားနေ ဘာလဲ၊ အမေဖြင့် စိတ်ကို ပူနေတာပဲ'

နော်မန်သည် ခပ်တင်းတင်းပင်။

'ကျွန်တော် ဘယ်သွားနေတယ်ဆိုတာ အမေ သိပါတယ်လေ၊ ဟန်ဆောင်မနေစမ်းပါနဲ့'

'အေးပါ၊ အားလုံး ချောချောမောမော ဖြစ်ရဲ့လား'

'ချောချောမောမောပါပဲ'

နော်မန်သည် အသက်ဝဝ တစ်ချက် ရှူလိုက်၏။ အားတင်းခြင်း ဖြစ်သည်။

'အမေ၊ အမေ့ကို ကျွန်တော် စကားတစ်ခွန်း ပြောစရာ ရှိတယ်။ အမေ အခန်းထဲမှာ နေလို့ မဖြစ်တော့ဘူး ထင်တယ်'

'ဘာကွယ့်၊ ဘာ'

'သြော် နောက် သုံးလေးပတ် အတွင်းမှာတော့ အမေ ဒီအခန်းထဲမှာ နေလို့ မဖြစ်တော့ဘူးလို့ ပြောတာပါ'

'မင်း ရူးနေသလားကွယ်၊ ဒီအခန်းဟာ ငါ့အခန်းပဲဟာ'

နော်မန်သည် တစ်ခါ အသက်ဝဝ ရှူရပြန်သည်။

'ဟုတ်ပါတယ်၊ အမေ့အခန်းမှန်း ကျွန်တော် သိပါတယ်။ ကျွန်တော် အမေ့ကို ဒီအခန်းထဲမှာ တစ်သက်လုံး မနေရဘူးလို့ ပြောတာ မဟုတ်ဘူး၊ အခု လောလောလတ်လတ်တော့ နေလို့ မဖြစ်သေးဘူးလို့ ပြောတာပါ'

'ကြံကြံဖန်ဖန်ကွယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဒီမှာအမေ၊ အသေအချာ နားထောင်ပြီး ကိစ္စအားလုံးကို သဘောပေါက်စမ်းပါ။ အမေ သိတဲ့အတိုင်းပဲ၊ ကနေ့ဆိုရင် စုံထောက်တစ်ယောက် လာခဲ့တယ်'

'နော်မန်၊ ဒီအကြောင်းကို ပြောဖို့ လိုသေးလားကွယ်'

အမေသည် သည်အကြောင်းကို ထုံးစံအတိုင်း ပြန်၍ ပြောချင်ဟန်မတူ။ သို့သော် မတတ်နိုင်ပေ။

'အမေ့ကို ရှင်းပြဖို့ ခဏပြောနေတာပါ။ ဘာလို့လဲဆိုတော့ တစ်နေ့မဟုတ် တစ်နေ့ နောက်ထပ် လူတွေရောက်လာပြီး စုံစမ်း မေးမြန်းကြဦးမှာပဲ အမေ။ ကျွန်တော်ကတော့ သူ လာတယ်၊ စုံစမ်းတယ်၊ နောက် ထွက်သွားတယ်လို့ ပြောမှာပါ'

'အေးလေ၊ ဒါဖြင့် ပြီးရောပေါ့ကွယ်။ ဒါဆိုရင် ပြဿနာအားလုံး ပြီးသွားမှာပဲပေါ့'

'အင်း ပြီးကောင်းပါရဲ့လို့ အောက်မေ့ရတာပဲ အမေ။ ဒီမှာ အမေ့ သူတို့က ဒီမှာလာပြီး မေးတယ် မြန်းတယ်ဆိုရင် ဒီစုံထောက်လိုပဲ အိမ်ကိုပါ ရှာချင် ရှာနေမှာ'

'အင်းလေ၊ ရှာတော့ ဘာဖြစ်လဲ။ စုံထောက်မ ဒီအိမ်ပေါ်မှာ မရှိတာ'

နော်မန်သည် အားတင်းလျက် မြန်မြန်ပြောလိုက်၏။

'စုံထောက်သာ ရှိမနေဖို့ လိုတာ မဟုတ်ဘူး အမေ၊ အမေလည်း ရှိမနေဖို့ လိုတာပဲ။ တကယ်ပြောတာပါ အမေ၊ အခု ကျွန်တော် ပြောနေတာကလည်း အမေ့အတွက် ပြောနေတာပါ။ အခု အခြေကျမှတော့ အမေ့ကို ကျွန်တော် ဘယ်သူနဲ့မှ တွေ့ခွင့်မပေးနိုင်ဘူး။ အမေလည်း သိပါတယ်လေ၊ ဒါတွေကို ကျွန်တော် အကျယ်အကျယ် ပြောမနေချင်ပါဘူး။ အမေနဲ့ တွေ့ဖို့ဆိုတာ လုံးဝ ဖြစ်နိုင်တာမှ မဟုတ်တာ။ ဒီတော့ အကောင်းဆုံးနဲ့ စိတ်အချရဆုံး နည်းကတော့ အမေကိုယ်တိုင်လည်း ဒီမှာ ရှိမနေမှ ဖြစ်မှာပဲ'

'ဒီတော့ မင်းက ဘာလုပ်ချင်လို့လဲ၊ ငါ့ကိုကော ညွှန်အိုင်ထဲ ပစ်ချချင်လို့လား'





'အမေ'

သူက အော်လိုက်၏။ အမေကမူ ခိုးခိုးခစ်ခစ်နှင့် ရယ်ပါလေတော့သည်။ အမေက သည်လို ရယ်ပြီဆိုလျှင် ရပ်တော့မှာ မဟုတ်ကြောင်း သူသိ၏။

အမေ့ကို ရပ်စေချင်လျှင်၊ အမေ ရယ်နေတာကို ရပ်စေချင်လျှင် သူက အမေ့ကို အော်ငေါက်ပစ်မှ ဖြစ်ပေမည်။ ပြီးခဲ့တဲ့ အပတ်တုန်းကဆိုရင်တော့ အမေ့ကို အော်ငေါက်ပစ်ဖို့ ဆိုတာက လက်တွေ့မပြောနဲ့၊ အိပ်မက်ထဲတောင် လုပ်ရဲတဲ့ကိစ္စ မဟုတ်ဘူး။ အခုတော့ အခြေအနေ အရပ်ရပ်က ပြောင်းလဲခဲ့ပြီ မဟုတ်လား။

အခု မဟုတ်လား၊ သူ့အနေနှင့် အမှန်အတိုင်း ကြည့်မြင်ဖို့ လိုနေပြီ မဟုတ်လား။ အမေဟာ ရိုးရိုးနေမကောင်းတာ မကဘူး။ စိတ်က၊ ဦးနှောက်က နေမကောင်းတာ။ သူ့အနေနှင့် အမေ့ကို ထိန်းသိမ်းရမည်။ ဒီတော့–

'တိတ်စမ်း အမေရာ'

သူသည် ပထမဆုံး အကြိမ်အဖြစ် အော်ငေါက်လိုက်ရာ ရယ်သံများ ရပ်သွား၏။ သည်လိုကျတော့လည်း သူ စိတ်မကောင်းပါ။

'ကျွန်တော် စိတ်မကောင်းပါဘူး အမေရယ်။ ဒါပေမဲ့ ဒီကနေ့တော့ဖြင့် အမေ ကျွန်တော့်စကားကို နားထောင်မှ ဖြစ်လိမ့်မယ်။ အားလုံး အခြေအနေကို ကျွန်တော် စဉ်းစားပြီးပြီ။ အမေ့ကို အိမ်အောက်က မြေတိုက်ခန်းထဲ ယူသွားရလိမ့်မယ်'

'မြေတိုက်ခန်းထဲ ဟုတ်လား၊ ငါ မနေနိုင်'

'အမေ နေနိုင်တယ်၊ နေရမယ်၊ ဒါပဲ။ အမေ့ကို အစစ အားလုံး စီစဉ်ပေးမယ်၊ မီးလည်း ဖွင့်ပေးထားမယ်'

'မနေဘူးကွာ'

'အမေ့ကို ကျွန်တော်က တောင်းပန်နေတာ မဟုတ်ဘူး၊ [illegible] နေတာ မဟုတ်ဘူး၊ ပြောပြနေတာ။ အမေ မြေတိုက်ထဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com

အပြင်က အခြေအနေ မကောင်းမချင်း၊ ကောင်းတယ်လို့ ကျွန်တော် မယူဆမချင်း မြေတိုက်ထဲ နေရမယ်၊ ကျွန်တော် ကုလားစောင်ကြီးကို တံခါးမမြင်ရအောင် ကာပေးထားမယ်။ လူတွေဟာ တကယ်လို့ အထဲကို ဝင်လာတောင် ဒီကုလားစောင်ကြီးကို ဘယ်သူမှ လှည့်ကြည့်မှာ မဟုတ်ဘူး။ အမေရော ကျွန်တော့်အတွက်ပါ လုံလုံခြုံခြုံ ရှိနေဖို့ကတော့ ဒီတစ်လမ်းပဲ ရှိတာပဲ'

'ဟော့ နော်မန်၊ တော်ပြီ။ ဒီအကြောင်းကို ဆက်ပြောနေတာကို ငါ နားမထောင်တော့ဘူး။ ငါ ဘယ်တော့မှ ငါ့အခန်းထဲက မရွှေ့ဘူး၊ ကုတ်နဲ့ ကော်တောင် မထွက်ဘူးကွာ'

အမေသည် ထုံးစံအတိုင်း ကတ်တာပဲ ဖြစ်သည်။ အမေသည် သူ့အပေါ်ဆိုလျှင် သည်လိုပဲ အမြဲတစေ ကတ်ပြီး အနိုင်ယူခဲ့တာပဲ မဟုတ်လား၊ ယခုလည်း ကတ်လိုက်ပြန်ပြီ ဖြစ်၏။

သူ့စကားဆိုလျှင် ဘယ်တုန်းကမျှ နားမဝင်ခဲ့သော အမေသည် ယခုလည်း နားမဝင်ဘဲ ရှိနေပြန်၏။ သူ၏ အခြေအနေအားလုံးကို ရှင်းရှင်းကြီး တင်ပြပြီးတာတောင်မှ၊ မဖြစ်နိုင်မှန်း သိနေတာတောင်မှ အမေသည် ကတ်မြဲ ကတ်နေ၏။ သူက လုပ်ရန် တစ်ခုသာ ရှိတော့၏။

'ကျွန်တော် အမေ့ကို ပွေ့ချီပြီး သွားရလိမ့်မယ်'

'နော်မန်နော်၊ မင်း ငါ့ကို ဒီလိုမျိုး ဘယ်တုန်းက လုပ်ဖူးလို့လဲ၊ မင်း မလုပ်ရဲပါဘူး။ မင်း .... မင်း'

သူသည် အမေ့စကားကို ဆုံးအောင် နားမထောင်တော့ဘဲ အမေ့ကို ပွေ့ချီလိုက်၏။ အမေ့ကိုယ်ခန္ဓာမှာ စုံထောက် မိလတန်၏ ကိုယ်ခန္ဓာနှင့် ယှဉ်လိုက်သောအခါ ငှက်မွေးကလေးလို ပေါ့ပါးလှပေ၏။ အမေ၏ ကိုယ်မှာ စုံထောက်လို စီးကရက်နံ့ နံမနေပေ။ ရေမွှေးနံ့သာ မွှေးနေ၏။ အမေသည် တစ်သက်နှင့်တစ်ကိုယ် သူ့ကို ကလန်ကဆန် အတင်းအဓမ္မ မလုပ်ဖူးသော သားက ပွေ့ချီနေသဖြင့် အံ့အားသင့်ကာ ရှန်းဖို့ မေ့နေသည် ထင်သည်။ မရုန်းပေ။





နော်မန်သည် အံ့သြနေ၏။

ဒီလိုကျတော့လည်း အလွယ်သားပါလား။ သူကသာ စိတ်ဆုံးဖြတ်ပြီးသား ဖြစ်နေမယ်၊ ဆုံးဖြတ်ပြီးတဲ့အတိုင်း ခိုင်ခိုင်မြဲမြဲနဲ့ လုပ်မယ်ဆိုရင် လွယ်လွယ်ကလေးပါပဲ။

အမေက မကျန်းမာတဲ့၊ ပိန်ကပ်ပြီး အသားမရှိတော့တဲ့၊ အားမရှိတော့တဲ့ မိန်းမကြီးပဲ။ သူက အမေ့ကို ဘာများ ကြောက်စရာ ရှိလို့လဲ။ ကြောက်ချင်းကြောက်လျှင် အမေကသာ သူ့ကို ကြောက်ရတော့မပေါ့။

ဟုတ်သလေ၊ ခုကြည့်။ အမေ သူ့ကို ကြောက်နေပုံ ရလေသည်။ ဒါကြောင့်သာ သူ့ကို "လူကလေး၊ လူကလေး၊ သား၊ သား" လို့ မခေါ်တာပေါ့။

သူသည် အမေ့ကို နေသားတကျဖြစ်အောင် ထားလိုက်၏။ သူသည် အမေ့ကို ပြောခဲ့သည့်အတိုင်းပဲ ကုလားစောင်ကို လိုက်ကာအဖြစ် လုပ်လိုက်၏။ အားလုံး နေသား ကျ မကျကို စစ်ဆေးလိုက်၏။

အမေ့အသံက ထွက်ပေါ်လာတုန်းပင်။

'တကတဲပါမှပဲ၊ အချုပ်ခန်း ကျနေတာပဲ။ ဟုတ်ပါတယ်၊ အချုပ်ခန်းပါပဲတော်၊ မင်းက ကျုပ်ကို အချုပ်ချထားတာပေါ့လေ၊ မင်း ငါ့ကို မချစ်တော့ပါဘူး။ ဟုတ်တယ်၊ မင်း ငါ့ကို မချစ်တော့ပါဘူး၊ မချစ်တော့လို့သာ ဒီလို ငါ့ကို ထားတာပေါ့၊ ဒီလို ငါ့ကို ဘယ်တုန်းက ထားဖူးလို့လဲဟင်'

နော်မန်သည် စိတ်မရှည်တော့ပေ။

'ကျုပ် ခင်ဗျားကို မချစ်ဘူးဆိုရင် ကနေ့ ခင်ဗျား ဘယ်ရောက်နေမလဲ၊ စဉ်းစားကြည့်စမ်း'

သူသည် မပြောချင်ပေ။ သို့သော် ပြောရပေမည်။

'ဆေးရုံကြီးမှာ၊ ဒါမှမဟုတ် အရူးထောင်ထဲမှာ ခင်ဗျား ရောက်နေမှာပေါ့'

နော်မန်သည် မီးပိတ်လိုက်၏။ သူပြောတာကို အမေ ဘယ်လိုများ နားလည်ယူပါလိမ့်ဟုလည်း တွေးမိ၏။



www.burmeseclassic.com

ကြည့်ရသည်မှာ အမေသည် သူပြောတာကို သဘောပေါက်ပုံ၊ နားလည်ပုံပါပဲ။ နားလည်ပုံရလို့သာ အမေ အဖြေပေးတဲ့ လေသံဟာ ခပ်ပျော့ပျော့ကလေး ရှိတာပဲပေါ့။ အမေ့အသံမှာ ပျော့သော်လည်း အမေ့စကားလုံးတိုင်းမှာ သူ့အသံကို ဓားနှင့် ရဲရဲခြင်း လှီးလိုက်သလို၊ မစ္စတာမီလတန်၏ လည်ပင်းကို လှီးလိုက်တဲ့ သင်တုန်းဓားထက် ထူးရှစွာ လှီးလိုက်သလို ခံစားနေရ၏။ အမေကမူ တကယ်ပဲ ပျော့ပျော့လေး ဖြစ်ပါသည်။

'ဟုတ်တယ် နော်မန်၊ မင်းပြောတာ မှန်မှာပါပဲ။ ငါဟာ တကယ်တော့ မင်းပြောတဲ့နေရာမှာ ရောက်နေမှာပါပဲ။ ဒါပေမဲ့ ငါတစ်ယောက်တည်းတော့ မဟုတ်ဘူးဟေ့ သိလား၊ ငါတစ်ယောက်တည်းတော့ မဟုတ်ဘူး'

နော်မန်သည် တံခါးကို ဆောင့်ပိတ်လိုက်ပြီး အပြင်မှ သော့ခတ်လိုက်၏။ သူ့စိတ်များမှာ ချောက်ချားနေလေ၏။ သူသည် တိုက်ခန်းလှေကားအတိုင်း အပြေးအလွှား တက်လိုက်၏။ သူသည် အမေနှင့် ဝေးလာသော်လည်း အမေ့ရယ်သံက ခိုးခိုးခစ်ခစ်နှင့်အတူ တစ်ပါတည်း လိုက်ပါလာသလိုလို။

**[ တစ်ဆယ့်တစ် ]**

ဆမ်နှင့် လိုင်လာတို့သည် စတိုးဆိုင်၏ နောက်ဖေးခန်းကလေးတွင် ထိုင်ရင်း စုံထောက် မီလတန် ပြန်အလာကို စောင့်နေကြ၏။ စုံထောက် မီလတန့်ထံမှ ယခုအချိန်အထိ ဘာမျှ မကြားရပေ။ သူတို့ ကြားနေရသည်မှာ စနေနေ့ည၏ အသံများသာ ဖြစ်၏။

ဆမ်က ရှင်းပြ၏။

'ဒီလို မြို့ငယ်ကလေးမှာ စနေနေ့ည ဖြစ်ကြောင်းကို အသံတွေများနားထောင်ရုံနဲ့ သိနိုင်တယ် လိုင်လာ။ အသံဟာ တခြားညတွေနဲ့ မတူဘူး၊ တစ်မှုကွဲတယ်။ ကြည့်၊ ကားသံတွေကို ကြည့်၊ တခြားနေ့ည ကားသံတွေနဲ့ မတူဘူး၊ ပိုများတယ်၊ ပြီးတော့ ပိုမြန်တယ်။ မြီးကောင်ပေါက်ကလေးတွေ အိမ်က ကားကို သုံးပိုင်ခွင့် ရှိတဲ့ည ဖြစ်နေတာကိုး။

'ကားတာယာနဲ့ လမ်းမ ပွတ်ကြိတ်သံတွေ၊ ဘရိတ်ဖမ်းသံတွေ နားဆောင်ပါလား။ ဒါတွေကတော့ ကားရပ်စရာ နေရာတွေမှာ ကားလာရပ်တဲ့ အသံတွေပဲ။ အနီးအနား ပတ်ဝန်းကျင်က လူတွေဟာ စနေနေ့ညမို့ ပွဲလေး ဘာလေး လာကြည့်ကြတာလေ။

'နားထောင် နားထောင်၊ ခြေသံတွေတောင် ခါတိုင်းညတွေနဲ့ တူတာမဟုတ်ဘူး။ ကြည့်၊ ပြေးသံလွှားသံ ကြားတယ် မဟုတ်လား။ ကလေးတွေတောင် ကနေ့ည အိမ်မှာ စောစောမပြန်ကြဘူး။ သူတို့ ညဥ့်နက်အောင် အပြင်မှာပဲ နေကြတယ်။ အိမ်စာမပါဘူး ဆိုတဲ့ သဘောပေါ့'

ဆမ်သည် မလိုအပ်ဘဲ အသေးစိတ် ရှင်းပြနေ၏။

သူက ဆက်၍–

'တစ်ခုတော့ ရှိတယ်ပေါ့ဗျာ။ ခင်ဗျားတို့မြို့က မြို့ကြီးဆိုတော့ ခနဲ့တိုင်း ဆူဆူညံညံ ရှိမှာပေါ့လေ'

လိုင်လာသည် စိတ်မပါတပါနှင့် ထောက်ခံ၏။

'ထင်ပါရဲ့'

လိုင်လာသည် ရင်ထဲမှာ မမျိုနိုင် မထွေးနိုင် ဖြစ်နေသော ကိစ္စကိုသာ ပြောလိုက်၏။

'ဆမ်၊ သူ ဘာလို့ ပြန်မလာသေးတာလဲ ဟင်။ ကိုးနာရီတောင် ထိုးတော့မယ်'

'ဒါဖြင့် လိုင်လာ ဆာရော့မယ်နော်'

လိုင်လာသည် စိတ်ရှုပ်စွာ ခေါင်းယမ်းလိုက်၏။

'ဆာတာ မဆာတာက အရေးမဟုတ်ပါဘူး။ မစ္စတာ မီလတန် ဘာလို့ ပြန်မလာသေးတာလဲ၊ ကျွန်မတော့ ဒါပဲ သိချင်တယ်'




ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ဆမ်သည် ဖျောင်းဖျခြင်းကို ဆက်လုပ်ရ၏။

လိုင်လာသည် စိတ်မရှည်ပေ။

'ဘာပဲဖြစ်ဖြစ် ကျွန်မတို့ဆီကို ဖုန်းတော့ ဆက်ကောင်းပါတယ်။ ကျွန်မတို့ ဘယ်လောက် ပူနေမယ်၊ ဘယ်လို စောင့်နေမယ် ဆိုတာ သူ သိသားပဲ'

'ဒါတော့ လိုင်လာ သည်းခံပြီး နည်းနည်းဆက်စောင့်ဦးမှပဲ'

'ကျွန်မတော့ စောင့်ရတာ စိတ်မရှည်တော့ဘူး'

လိုင်လာသည် သူ ထိုင်နေသော ကုလားထိုင်ကို နောက်သို့ တွန်းလိုက်ပြီး မတ်တတ်ရပ်လိုက်၏။ အလွန်ကျဉ်းမြောင်းသော အခန်းကလေးထဲမှာပင် ရှေ့နောက် လမ်းလျှောက်နေလိုက်၏။ စင်စစ် လိုင်လာ၏ စိတ်မှာ မငြိမ်သက်တော့ပေ။ လူ ဆိုသည်က စိတ်မငြိမ်သက်စရာ အခြေအနေတွင် တစ်ခုခု ထ လုပ်နေရမှ အေးမည့်အရေးတွင် သူတို့နှစ်ဦးက ကျောက်ရုပ်ကြီးများလို ဒီအတိုင်း ရပ်ပြီး စောင့်နေကြရသည်။ လိုင်လာ စိတ်မရှည်သည်မှာလည်း အံ့သြစရာ မရှိပေ။

'အစကတည်းက ကျွန်မ စောင့်နေဖို့ မကောင်းဘူး။ သိသိချင်း ကျွန်မ သက်ဆိုင်ရာ အာဏာပိုင်တွေဆီ သွားပြီး အကြောင်းကြားသင့်တယ်။ အလကား တစ်ပတ်လုံးလုံး ကျွန်မနားထဲမှာ စောင့်ပါဦး၊ စောင့်ပါဦး၊ ဒါပဲ ကြားနေရတာပဲ။ ဘာမှ မထူးခြားဘူး။ အားလုံးက ငွေလေးသောင်းအတွက်ပဲ ပူပန်နေကြတာကိုး၊ ငွေလေးသောင်း ပြန်မရမှာကိုပဲ ပူပန်နေကြတာကိုး။ ဘယ်သူမှ အစ်မ မေရီအတွက် မပူကြဘူး။ အားလုံးက ငွေပဲ ပူနေကြတယ်။ ကျွန်မတစ်ယောက်ပဲ အစ်မ မေရီအတွက် ပူရတာရှင့်'

ဆမ်သည် စိတ်မကောင်းပေ။

'ဒီလို မပြောပါနဲ့ဗျာ၊ ကျွန်တော့်ရင်ထဲမယ် မေရီအတွက် ဘယ်လို ခံစားရတယ်ဆိုတာ ခင်ဗျား အသိသားနဲ့'

'ဒါဖြင့် ရှင် ဘာလို့ အေးအေးကြီး နေနိုင်သလဲ ဆမ်၊ တစ်ခုခုကို





လုပ်ပါလား။ အခုတော့ ရှင့်ဟာက ဒီလို ကျဉ်းထဲကျပ်ထဲ အခြေအနေမှာတောင် ဘာမှမလုပ်ဘဲ ဒီမှာ ထိုင်ပြီး ကားတာယာသံကို ငြိမ့်ကာချဲ့နေလိုက်သေးတယ်'

လိုင်လာသည် သူ့ လက်ကိုင်အိတ်ကို ယူလိုက်၏။

ဆမ်က–

'ဒါ ဘယ်သွားမလို့လဲ'

လိုင်လာသည် စူအောင့်အောင့်ပင်။

'ရှင်တို့ လုံခြုံရေးမှူးဆီ သွားမလို့၊ သွားဆို အခုချက်ချင်းပဲ'

ဆမ်သည် သူ့ရင်ထဲက ဘယ်လို ပူလောင်ပေမင့် လိုင်လာကို အကျိုးအကြောင်း ပြောသင့်သောတာဝန် ရှိနေ၏။

'လုံခြုံရေးမှူးဆီ သွားတာကတော့ လွယ်ပါတယ်။ ဒါပေမဲ့ မစ္စတာ မီလတန် ပြန်လာချိန်မှာ ကျုပ်တို့နဲ့ လွဲမသွားဖို့က အရေးကြီးတာပဲ'

'သူ ပြန်လာရင်ပေါ့လေ။ ဒီမှာ ဆမ်၊ ဒီလူဟာ အရေးကြီးတဲ့ သဲလွန်စတွေ့လို့ ဒီကို ပြန်လာနေဦးမယ် ထင်သလား။ သူ့ဘာသာ ဆက်လိုက်မသွားဘူးလို့ ဘယ်သူ ပြောနိုင်သလဲ ဟင်'

ဆမ်က သူ တစ်ခုခုလုပ်မှ ဖြစ်တော့မည်ကို သိ၏။

'ကဲ၊ ကောင်းပြီ။ ထိုင်၊ ကိုယ် လုံခြုံရေးမှူးဆီ ဖုန်းဆက်လိုက်မယ်'

ဆမ်သည် တယ်လီဖုန်းရှိရာ စတိုးခန်းထဲသို့ သွားလိုက်၏။ လိုင်လာသည် နေရာမှ မထနိုင်တော့သည့်အလား ထ၍ မလိုက်ပေ။ တယ်လီဖုန်းမှာ စတိုးခန်း ငွေသိမ်းသေတ္တာ၏ နံဘေးမှာ ဖြစ်သည်။ ဆမ်သည် တယ်လီဖုန်းကို မ လိုက်၏။

'ဟဲလို၊ ၁၆၂ ကို ပေးပါ ခင်ဗျာ။ ဟဲလို၊ ဟဲလို၊ လုံခြုံရေးမှူး [illegible] ကလား။ ဩော်၊ ကျွန်တော် လုံခြုံရေးမှူး ချိန်းဘားနဲ့ စကားပြော [illegible]'

'ဗျာ ဘာဖြစ်တယ်။ ဟင့်အင်း၊ ကျွန်တော် မကြားပါဘူး [illegible] ဖော်လတန်မှာ၊ ဟုတ်လား။ ဟုတ်ကဲ့၊ ဒါထက် နေပါဦး၊ သူ ဘယ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်မယ် ထင်သလဲ။ ဩော် ဩော်၊ ကျွန်တော် သိပါပြီ။ ဘာမှ မဖြစ်ပါဘူး၊ ဘာမှမဖြစ်ပါဘူး။ ကျွန်တော် သူနဲ့တွေ့ပြီး စကားတစ်ခွန်းနှစ်ခွန်း ပြောစရာ ရှိလို့ပါ။ ဟုတ်ကဲ့၊ ဒါထက် သူများ ညဥ့်သိပ်မနက်ခင် ပြန်လာခဲ့ရင်ဗျာ၊ ကျေးဇူးပြုပြီး ကျွန်တော့်မိတ်ကို အကြောင်းကြားပေးပါလား။ ဟုတ်ကဲ့၊ ကျွန်တော် စတိုမှာ တစ်ညလုံး ရှိပါတယ်။ ဘယ်မှ မသွားပါဘူး။ ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်။ ကျေးဇူးတင်ပါတယ်ဗျာ၊ ဟုတ်ကဲ့၊ ဂွတ်နိုက်ပါပဲ'

ဆမ်သည် တယ်လီဖုန်းချလိုက်ပြီး နောက်ဖေးခန်းသို့ ပြန်လာခဲ့လေသည်။

'ဘာတဲ့လဲ'

'မရှိဘူးတဲ့'

ဆမ်သည် သူတို့ပြောခဲ့ကြသော စကား အစအဆုံးကို လိုင်လာ၏ မျက်နှာကို အကဲခတ်ရင်း ပြောပြ၏။

'ဖော်လတန်မြို့က ဘဏ်ကို ဓားပြတိုက်လို့တဲ့။ လုံခြုံရေးမှူး မိုန်းဘားနဲ့ အဖွဲ့ဝင်တွေအားလုံး အဲဒီကို သွားကြသတဲ့။ ရုံးခန်းမှာ ပက်တာဆင် တစ်ယောက်ပဲ ရှိသတဲ့။ ပုလိပ်နှစ်ယောက်ကလည်း မြို့ထဲကို ပတ္တာရောင် လှည့်နေကြသတဲ့။ ဒီ ပုလိပ်နှစ်ယောက်နဲ့လည်း အလုပ်မဖြစ်နိုင်ပါဘူးလေ'

လိုင်လာသည် ခေါင်းညိတ်၏ ဟု ... လိုင်လာသည် ဒေါပွသွား၏။

'ကဲ၊ ဒါဖြင့် ကျွန်မတို့ ဘာလုပ်ကြမှာလဲ'

ဆမ်လည်း စိတ်ပူနေ၏။

'ကိုယ်တို့ ဘာတတ်နိုင်ဦးမှာလဲ လိုင်လာ၊ စောင့်ကြရုံပဲ ရှိတော့မှာပေါ့။ လုံခြုံရေးမှူးက မနက်ဖြန်မှ ရောက်လာမှာပဲ။ ဘယ်လို လုပ်မလဲ'

'ဒီလိုဆိုရင် မေရီတော့ ဘာဖြစ်ဖြစ်ပေါ့လေ၊ ရှင် ဂရုမစိုက်တော့ဘူးလား'

ဆမ်သည် ဒေါပွသွား၏။





'လိုင်လာ၊ ဒီလို မပြောစမ်းနဲ့။ ကျုပ်ရင်ထဲမယ် ဘယ်လိုဖြစ်နေတယ်ဆိုတာ ကျုပ်ပဲ သိတယ်။ ခင်ဗျားလေး တစ်ယောက်တည်း ပူနေတာ မဟုတ်ဘူး။ နေဦး၊ ကျုပ် မစ္စဘာမီလတန် သွားတဲ့ ဟိုတယ်ကို ဖုန်းဆက်ကြည့်လိုက်ဦးမယ်'

ဆမ်သည် နောက်တစ်ကြိမ် စတိုးခန်းထဲသို့ ဝင်သွားပြန်၏။ ဤအကြိမ်တွင်မူ လိုင်လာသည် ဖုန်းရှိရာသို့ လိုက်လာ၏။ ဆမ်သည် တယ်လီဖုန်းစာအုပ်ထဲမှ အော်ပရေတာထံမှ တစ်ဆင့် နော်မန်ဗိတ်၏ ဟိုတယ်ကို စုံစမ်း၏။ နောက်ဆုံး ရှာတွေ့သွား၍ ဖုန်းခေါ်နေစဉ်တွင် ထိုင်၍ စောင့်နေရလေ၏။

'ဘယ်သူမှ မထူးဘူး'

ဆမ်သည် တယ်လီဖုန်းခွက်ကို ချလိုက်၏။

လိုင်လာကမူ ထ လိုက်၏။

'ဒါဖြင့် ကျွန်မတော့ လူကိုယ်တိုင် အဲဒီကို လိုက်သွားမှပဲ'

ဆမ်သည် လိုင်လာ၏ ပခုံးကို လက်ဖြင့်ဖိကာ ထိုင်ခိုင်းလိုက်၏။

'ကိုယ် သွားမယ်၊ လိုင်လာ မသွားရဘူး။ လိုင်လာက ဒီမှာထိုင်ပြီး စောင့်နေရမယ်။ တကယ်လို့ မစ္စတာ မီလတန် ပြန်လာရင် တစ်ဦးဦးကို တွေ့ရအောင်'

လိုင်လာက မော့်၍ ကြည့်၏။

'ဘာတွေများ ဖြစ်ကုန်ကြပြီ ထင်သလဲ ဆမ်'

'ဒါတော့ ပြန်လာရင် လိုင်လာ သိရမှာပေါ့။ အခုတော့ စိတ်အေးလက်အေးပဲထား။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောပိုက်ပြီး နေရစ်ခဲ့။ ကိုယ် နာရီ သုံးမတ်ထက် ပို မကြာစေရဘူး'

ဆမ်သည် သူ့စကားနှင့်သူ ညီညွှတ်နေပေသည်။ နောက် လေးဆယ့်ငါးမိနစ်တိတိ အကြာတွင် ဆမ် ပြန်လည်ရောက်ရှိလာ၏။ ဆမ်က တံခါးကို တွန်းဖွင့်လိုက်လျှင် လိုင်လာသည် တံခါးဝမှပင် မျှော်လင့်ကြီးစွာနှင့် စောင့်နေသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



လိုင်လာသည် အငမ်းမရ မေး၏။

'ကဲ ဆိုစမ်းပါဦး၊ ဆိုစမ်းပါဦး'

'ဘာဆိုရမှန်းတောင် မသိပါဘူး'

ဆမ်သည် ခေါင်းကုတ်၍ စကားဆက်၏။

'ကိုယ် အဲဒီဟိုတယ် ရောက်သွားတော့ ပိတ်နေပြီ။ ရုံးခန်းထဲမှာ လည်း မီးမရှိဘူး။ နောက်ဖေးက အိမ်ကြီးကလည်း မီးမရှိဘူး။ ကိုယ် ဟိုတယ် တံခါးသာ မကဘူး၊ အိမ်ကြီးရဲ့ တံခါးကိုလည်း သွားပြီး ခေါက်သေးတယ် ဘယ်သူမှ မထူးဘူး။ အိမ်ကြီးနံဘေးက ကားဂိုဒေါင်လည်း ပွင့်လို့၊ ကား လည်း မရှိဘူး။ ကြည့်ရတာ အဲဒီ နော်မန်ဗိတ်ဆိုတာ အပြင်ထွက်နေတယ် ထင်တယ်'

'မစ္စတာ မီလတန်ကကော'

'မပြောတတ်ဘူးလေ၊ ဟိုတယ်ရှေ့မှာလည်း သူ့ကားကို မတွေ့ဘူး ကားနှစ်စီး ရပ်ထားတာ တွေ့တယ်။ တစ်စီးက အလာဘားမား လိုင်စင်နဲ့၊ တစ်စီးက အလီနွိုက် လိုင်စင်နံပါတ်နဲ့ပဲ။ သူ့ ဖြူကားကို မတွေ့ဘူး'

'ဒါဖြင့်ရင် သူတို့ အကုန်လုံး ဘယ် မိုးပျံလို့ ဘယ်မြေလျှိုးသွားပြီ လဲ'

ဆမ်သည် မောနေ၏။

'ကိုယ့်အထင်ကတော့ စုံထောက် မီလတန်ဟာ အရေးကြီးတဲ့ သဲလွန်စ ရတာနဲ့ အဲဒီ ဟိုတယ်ပိုင်ရှင် နော်မန်ဗိတ်ဆိုတဲ့ ငနဲကို ခေါ်ပြီး တစ်နေရာရာကို သွားကြပြီ ထင်တယ်။ ဒါကြောင့်သာ ကိုယ်တို့ကို အကြောင်းမကြားနိုင်တာ ဖြစ်မှာပေါ့'

'ဆမ်၊ ကျွန်မတော့ သည်းမခံနိုင်တော့ဘူး။ ကျွန်မတော့ တစ်ခုခုကို သိမှ ဖြစ်မယ်'

'ပထမဆုံးကတော့ ခင်ဗျားလေး တစ်ခုခု စားရမယ်၊ ရော့'

ဆမ့်သည် စက္ကူထုပ်တစ်ခုကို ရှေ့သို့ ချပေးလိုက်၏။





'ကျုပ် အပြန် လမ်းမှာရပ်ပြီး ဝယ်ခဲ့တာပဲ။ ကဲ လာ၊ နောက်ဖေးခန်း ကို သွားရအောင်'

သူတို့သည် စားစရာ ရှိသည်ကို စားလိုက်ကြ၏။ စားပြီးချိန်တွင် ဆယ့်တစ်နာရီ ထိုးပြီ ဖြစ်၏။

'ကဲ လိုင်လာ၊ ဟိုတယ်ကို ပြန်ပြီး နားဦးမလား။ ကိုယ်တို့နှစ်ယောက် လုံး ဒီမှာ ငုတ်တုတ် ထိုင်စောင့်နေတာဟာ ဘာမှ အကျိုးမထူးပါဘူး။ ဘစ်ယောက်ယောက် လာခဲ့ရင် သို့မဟုတ် ဖုန်းဆက်ခဲ့ရင် ကိုယ် အကြောင်း ကြားမှာပေါ့'

'ဒါပေမဲ့ ....'

'ကဲပါ၊ ဒါပေမဲ့တွေ ဘာတွေ လုပ်မနေနဲ့။ ကိုယ်တို့ မျှော်လင့်ရ ဘာကတော့ မီလတန်ဟာ မေရီနဲ့ တွေ့နေပြီ။ ဒီတော့ မနက်ကျရင်တော့ သတင်းကောင်း ကြားရတော့မှာပဲ၊ သတင်းကောင်းလေ'

တကယ်တော့လည်း မေရီနှင့် မီလတန် တွေ့နေကြပြီ ဖြစ်ပါ၏။ သတင်းမလာနိုင်သော အရပ်မှာ ဖြစ်သည်။

တနင်္ဂနွေနေ့ မနက်တွင် ဘယ်ကမျှ သတင်း မပါလာ။ ကောင်း သတင်းရော၊ ဆိုးသတင်းရော ပေါက်မလာပါ။

မနက် ကိုးနာရီထိုးသည်နှင့် လိုင်လာသည် ဆမ်၏ စတိုးဆိုင်တံခါးဝ ကို လာ၍ ခေါက်လေ၏။

'ဘာများ ကြားသေးသလဲ ဟင်'

ဆမ်က ခေါင်းခါလိုက်၏။

လိုင်လာကမူ မျက်မှောင်ကြုတ်လိုက်ပြီး သူမ သတင်းကို ပြော၏။

'ကျွန်မကတော့ သတင်းရတယ်။ စုံထောက် မီလတန်ဟာ မနေ့ မနက်ကတည်းက ဟိုတယ်က တစ်ခါတည်း ထွက်သွားတယ်တဲ့လေ။ ဟိုတယ်ခလည်း တစ်ခါတည်း ပေးခဲ့တာတဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဆမ်သည် ဘာမျှမပြောတော့ဘဲ ဦးထုပ်ကို ကောက်ဆောင်းလိုက်ပြီး လိုင်လာကို ခေါ်၍ စတိုးခန်း အပြင်ဘက်သို့ ထွက်လိုက်ကြ၏။

ဖဲယားဗဲမြို့၏ တနင်္ဂနွေနေ့ မနက်ပိုင်း လမ်းမများ ပကတိ ခြောက်သွေ့နေ၏။

ဖဲယားဗဲမြို့၏ တရားရုံးမှာ လမ်းမကြီးကို မျက်နှာပြု၍ မားမားမတ်မတ် ရပ်နေ၏။ တရားရုံးသည် ကွက်လပ်ကျယ် မြက်ခင်းပြင်၏ အလယ်လောက်တွင် ဆောက်ထား၏။ လေးဖက်လေးတန်တွင် မြက်ခင်းများမှာ စိမ်းလဲ့လဲ့နှင့် ညီညီညာညာ ဖြတ်ထား၏။ ဥပစာ မြက်ခင်းပြင်ပေါ်တွင် စပိန်၊ အမေရိကန် စစ်ပွဲခေတ်က အသုံးပြုခဲ့သော အမြောက်အိုးကြီး နှစ်လက် ချထား၏။ အမြောက်အိုးကြီးများမှာ အိမင်းသော်လည်း ခံ့ညားသော အသွင်လက္ခဏာကို ဆောင်နေကြ၏။ လူသွားလမ်း၏ နံဘေး မြက်ခင်းစပ်တွင် ခုံတန်းကလေးများ ချထား၏။

သို့သော် လူရိပ်လူခြေတော့ မမြင်ရပေ။

တရားရုံး၏ တံခါးကြီးက ပိတ်လျက်သား ရှိလေသည်။

သို့သော် တရားရုံးနှင့် ကပ်လျက်သား ဆောက်ထားသော အဆောက်အအုံ အပိုကလေးကမူ လုံခြုံရေးမှူး ချိန်းဘား၏ ရုံးခန်းဖြစ်၏။

ရုံးခန်းတံခါးမှာ ဖွင့်ထား၏။

ဆမ်နှင့် လိုင်လာတို့သည် တရားရုံးခန်းမ၏ စင်္ကြံအတိုင်း လျှောက်သွားပြီး ချိန်းဘား၏ ရုံးခန်းထဲသို့ ဝင်လိုက်၏။

မစ္စတာ ပက်တာဆင် တစ်ယောက်တည်းသာ ရုံးခန်း၌ ထိုင်လျက်သား တွေ့ရ၏။

'မောနင်း ဆမ်'

ဆမ်ကလည်း ပဋိသန္ထာရ ပြု၏။

'ဂွတ်မောနင်းပဲ မစ္စတာ ပက်တာဆင်၊ ကျွန်တော်တို့ လုံခြုံရေးမှူးကြီးကော ရှိရဲ့လား'





'မရှိဘူး၊ မနေ့က ဘဏ်ဓားပြတွေအကြောင်း ကြားသေးလား၊ နော့စပ် လမ်းမဘက်မှာ ပိတ်ထားတဲ့ ရဲတွေကို ဖြတ်ပြီး လွတ်သွားသတဲ့၊ အက်ဖ်ဘီအိုင်တွေတော့ နောက်က တကောက်ကောက် လိုက်နေလေရဲ့'

ဆမ်သည် စကားဖြတ်လိုက်၏။

'နေပါဦး၊ လုံခြုံရေးမှူး ချိန်းဘားက ဘယ်မှာလဲ'

'သူ ညက သိပ်ညဉ့်နက်မှ ရောက်လာတယ်လေ၊ မနက် စောစောစီးစီး ဆိုတော့ သူတစ်ယောက်....'

ဆမ်ကမူ သူ့ကိစ္စကို မေး၏။

'ဒါထက် မနေ့ညက ကွန်တော် ဖုန်းဆက်တဲ့အကြောင်း မပြောဘူးလား'

အဘိုးကြီးသည် နည်းနည်း စဉ် စားလိုက်၏။

'အာ ဟာ ဟုတ်သားပဲ၊ ကျုပ်လည်း ညက ရှုန်းရင်းဆန်ခတ်တွေ ဖြစ်နေတာနဲ့ ကျုပ်လည်း မေ့သွားတယ်။ ခုမနက် လာရင်တော့ ပြောမလို့ပါပဲ'

'ဘယ်အချိန်လောက် လာမှာလဲ'

'မနက်စာ စားအပြီးလောက်တော့ လာမယ် ထင်ပါရဲ့။ ကနေ့ တနင်္ဂနွေနေ့ မနက်ဆိုတော့ ဘုရားရှိခိုးကျောင်း သွားဦးမယ် ထင်တယ်'

'ဘယ်ကျောင်းလဲ'

'ဘက်ပတစ် ဘုရားရှိခိုးကျောင်းလေ'

'ကျေးဇူးပါပဲ'

ဆမ်နှင့် လိုင်လာတို့ ထ လိုက်ကြ၏။

'နေပါဦး၊ မင်းတို့ လာတာက ဘယ်လောက်များ အရေးကြီးလို့ ဘုရားရှိခိုးကျောင်းထိ လိုက်ကြမလို့တုံး'

ဆမ်သည် အဖြေမပေးတော့ဘဲ ထွက်လာ၏။ လိုင်လာသည်လည်း အပါးမှ ကပ်လျက်သား လိုက်ပါလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုင်လာက မကျေမနပ်နှင့်–

'ဘယ့်နှယ့်တော်၊ ဘယ်လိုမျိုးပါလိမ့်။ ဘဏ်တစ်ခုလုံး ဓားပြတိုက်သွားတာတောင် မနက်ကျတော့ လုံခြုံရေးမှူးက ဘုရားရှိခိုးကျောင်းသွားလို့။ ဘာလဲ၊ ဘုရားသခင်ရှေ့မှာ ဓားပြတွေ မိပါစေလို့ ဆုတောင်းမလို့ ထင်ပါရဲ့'

ဆမ်ကမူ စကားမပြောဘဲ ရှေ့က စိုက်စိုက် စိုက်စိုက်နှင့် ခရီးဆက်၏။

'အခု ဘယ်သွားမလို့လဲ ဆမ်'

ဆမ့်အဖြေမှာ တိုတောင်းလှ၏။

'ဘုရားရှိခိုးကျောင်းကိုပဲပေါ့'

အမှန်တော့ သူတို့သည် လုံခြုံရေးမှူး ချိန်းဘားကို ဘုရားရှိခိုးကျောင်းထဲမှ ဆွဲထုတ်စရာ မလိုချေ။

အကြောင်းမှု သူတို့ ဘုရားရှိခိုးကျောင်းရှေ့ ရောက်လာသောအခါ လုံခြုံရေးမှူးတို့ ဇနီးမောင်နှံမှာ ဘုရားရှိခိုးကျောင်းမှ ထွက်လာပြီ ဖြစ်၏။

ဆမ်သည် ရှေ့သို့ တိုးလိုက်၏။

'လာ .... လာ၊ ဟိုမှာ သူတို့ ထွက်လာကြပြီ'

လုံခြုံရေးမှူး ချိန်းဘားမှာ အရပ်မြင့်မြင့်၊ ပခုံးကျယ်ကျယ်နှင့် ငယ်စဉ်က အတော်လှသော ကိုယ်ခန္ဓာ အချိုးအဆက် ရှိခဲ့ပုံကို ယခုတိုင် ပြသလျက်ရှိလေသည်။

သူ့ဇနီးမှာမူ ပုပုဖိုင့်ဖိုင့် ဖြစ်လေသည်။

'မောနင်း မစ္စတာ ချိန်းဘား'

'မောနင်းဆမ်၊ ဘယ့်နှယ်လဲ အရောင်းအဝယ် ကောင်းရဲ့လား'

လုံခြုံရေးမှူးသည် သူ၏ ဇနီးဘက်သို့ လှည့်လျက်–

'အမေကြီး၊ သူ့ကိုတော့ သိတယ် မဟုတ်လား။ မင်းတို့ဖောက်သည်ဝယ်နေကျ စတိုးဆိုင်က ဆမ်လူးမစ်လေ'

အမေကြီးကမူ ပြုံးပြ၏။





'သိပါသတော်၊ ဆမ်ကိုမှုား'

ချိန်းဘားသည် မျက်နှာထား ပြင်လိုက်၏။

'ကဲ ဆိုပါဦး။ ဆမ့် ကိစ္စက'

'ကျွန်တော် ဦးနဲ့ စကားပြောစရာ နည်းနည်းရှိလို့ပါ။ ဪ ဒါထက် ဟောဒါ လိုင်လာကရိန်းပါပဲ။ ဖို့ဝပ်မြို့က အလည်လာနေတာလေ'

အဘိုးကြီးသည် ပြုံး၏။

'တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ။ နေပါဦး၊ ခင်ဗျားက ဒီ ဆမ် ငနဲ့သား အမြဲ တဖွဖွပြောနေတာ မင်းလား။ သူက ဒီလောက် ချော ကြောင်းကို တစ်ခါမှ ....'

လိုင်လာ၏ ပါးစပ်မှာ ရက်သွေးများ လျှမ်းလာ၏။

'ဪ ကျွန်မကို အစ်မ မေရီနဲ့ လွဲနေပြီ ထင်ပါတယ်။ ဆမ် ပြောပြောနေတာက အစ်မ မေရီပါ။ အခုလည်း အစ်မ မေရီကိစ္စနဲ့ ဦးကို လာတွေ့တာပါပဲ'

ဆမ်သည် အာလာပ သလ္လာပကို ဖြတ်လိုက်၏။

'ကျွန်တော်တို့ ရုံးကိုသွားပြီး စကားပြောရအောင်လား'

ချိန်းဘားသည် ဆမ်၏ လေသံထဲမှ အလုပ်သံ ပါလာခြင်းကို ရိပ်စားမိ၏။ သို့နှင့် သူ့ဇနီးဘက်သို့ လှည့်ပြီး–

'ကဲ အမေကြီးကလည်း ကားယူပြီး အိမ်ပြန်နှင့်ပေတော့ ဟုတ်လား။ လိုက်သွားဦးမယ်၊ သိပ်မကြာပါဘူး၊ မနက်စာအမီပေါ့။ စကားပြောဆိုပြီးတော့ ပြန်လာခဲ့မယ်လေ'

အမှန်တော့ လုံခြုံရေးမှူး ချိန်းဘားသည် ထိုနေ့အတွက် ထမင်းစား အမီ မပြန်နိုင်တော့။

လုံခြုံရေးမှူး ချိန်းဘား၏ ရုံး ရောက်လျှင်ရောက်ချင်း ဆမ်သည် အဖြစ်အပျက် အားလုံးကို အစမှ အဆုံးထိ ပြောပြ၏။ ဘယ်သူမှ ကြားမဝင်ဘဲ စကား အစအဆုံးအထိ ပြောသည်မှာ မိနစ် ၂၀ တိတိကြာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသွားလျှင် လုံခြုံရေးမှူး ချိန်ဘား၏ မျက်နှာသည် အလုပ်သဘော သက်ဝင်လာ၏။

‘နေစမ်းပါဦး ဆမ်ရာ၊ မင်းလု စုံထောက်က ဒီကို ရောက်ရောက်ချင်း ဘာလို့ ငါ့ဆီလာပြီး မဆက်သွယ်ရတာလဲ’

‘ကျွန်တော် ပြောပြီးပါပြီကော၊ ဒီလူ့သဘောကတော့ လောလော လတ်လတ် ဆိုင်ရာတွေကို မတိုင်တန်းသေးချင်တဲ့ သဘောပါပဲ။ သူက မေရီကို တွေ့အောင်ရှာမယ်၊ ငွေပြန်ရရင် အမှုမလုပ်တော့တဲ့ သဘောပါပဲ’

‘မင်းတို့ကိုတော့ သူက မှတ်ပုံတင် ပြခဲ့တယ်နော်’

လိုင်လာက ခေါင်းညိတ်၍ ဝင်ပြော၏။

‘ဟုတ်ပါတယ်၊ သူဟာ အသက်အာမခံ ကုမ္ပဏီက လိုင်စင်ရ အလွတ်စုံထောက် တစ်ဦးပါပဲ။ သူဟာ မေရီကို ဒီရောက်အောင် တစ်လမ်းလုံး ခြေရာကောက် လိုက်နိုင်ခဲ့ပါတယ်။ နောက်ဆုံး အဲဒီဟိုတယ်ကို သွားတာပါပဲ။ ကျွန်မတော့ သိပ်စိတ်ပူနေပြီ၊ သူက ပြန်လာမယ်ဆိုတဲ့ အချိန်လည်း ပြန်မလာ....’

ချိန်ဘားသည် ဆမ်ကို ကြည့်လိုက်၏။

‘မင်း ဟိုတယ်ကို လိုက်သွားတော့ သူ့ကို မတွေ့ဘူးလား’

‘မတွေ့ဘူး၊ ဘယ်သူ့ကိုမှလည်း မတွေ့ဘူး’

‘အင်း ဒါကတော့ အံ့စရာပဲဟေ့၊ ငါ အဲဒီ နော်မန်ဗိတ်ဆိုတဲ့ လူကို ကောင်းကောင်းသိပါတယ်။ ဒီငနဲလေးဟာ ငါသိသလောက်ကတော့ အိမ်ထဲ အိမ်ပြင် ထွက်တဲ့လူ မဟုတ်ဘူးကွ၊ မင်း မနေ့ညတုန်းက သွားတော့ အိပ်မောကျနေတာ ဖြစ်ပါလိမ့်မယ်ကွာ။ ကနေ့မနက်ကော ဖုန်းဆက်ပြီးပြီလား၊ မဆက်ရသေးဘူး ဟုတ်လား၊ အေး ဒါဖြင့် ငါ ခုပဲ ဖုန်းဆက်ကြည့်လိုက်မယ်’

လုံခြုံရေးမှူး ချိန်ဘား၏ ကြီးမားသော လက်ကြီးသည် တယ်လီဖုန်းကို ကောက်မလိုက်၏။

ဆမ်ကမူ ပျာပျာသလဲနှင့်။





‘ငွေအကြောင်းတွေတော့ မပြောလိုက်နဲ့နော်၊ မစ္စတာ မီလတန်ဘာ မလာဘဲ စုံစမ်း၊ ဟုတ်လား’

လုံခြုံရေးမှူးကြီးက ခေါင်းညိတ်လိုက်၏။

‘အေးပါ၊ ငါသိပါတယ်၊ ငါ့တာဝန် ထားလိုက်စမ်းပါ။ ငါ ကြည့်ပြီး ဘရင်းရှင်းလိုက်ပါ့မယ်’

လိုင်လာနှင့် ဆမ်သည် ဖုန်းကိုင်နေသော လုံခြုံရေးမှူးကို ကြည့်၍ စောင့်နေ၏။

ခဏအတွင်း ဖုန်းလိုင်း ဆက်မိကြလေသည်။

‘ဟလို နော်မန်ဗိတ်လားဟေ့၊ အေး လုံခြုံရေးမှူး ချိန်ဘား စကားပြောနေတယ်လေ၊ ငါ မင်းဆီကို မေးစရာ နည်းနည်းရှိလို့၊ အေး၊ ဟုတ်တယ်။ အဲဒါ ငါ့ဆီမှာ လူတချို့က စုံထောက် မီလတန်ဘာဘိုးဂတ် ဆိုတဲ့သူ မနေ့ညနေပိုင်းက မင်းဆီသွားတယ် ဆိုလို့လေ၊ မနေ့က သူ ပြန်မလာဘူးကွယ့်။

‘ဟေ ဟုတ်လား၊ ဘယ်တုန်းကလဲ၊ ဘယ်သွားလဲ၊ သူ ဘာတွေများ ပြောသေးသလဲ၊ အေး .... အေး၊ ဘာ မင်း မသိဘူး ဟုတ်လား၊ အေးပါ အဲဒါ ငါ သိပြီးသားပါ။

‘ဘာဖြစ်တယ်၊ ဟုတ်လား။ တစ်ခါတည်း သွားတာပဲလား၊ မင်းဆီကို ဖုန်းဆက်သေးသလား၊ ဩော် ဩော် မလိုပါဘူးကွာ၊ အေး၊ ဒါပါပဲ။

‘မဟုတ်ပါဘူး၊ ပြဿနာ မရှိပါဘူး၊ သူ ဒီကိုလာမယ် ဆိုလို့ပါ။ ဒါထက် ညပိုင်းများ သူ ပြန်လာသေးသလား၊ အင်း မင်းကော ဘယ်အချိန်လောက် အိပ်သလဲ။ အေး ကောင်းပါပြီ၊ ဒါပါပဲကွာ၊ ကျေးဇူးတင်ပါတယ်’

ချိန်ဘားသည် တယ်လီဖုန်းကို ချလိုက်ပြီး ဆမ်တို့ဘက်သို့ လှည့်လိုက်၏။

‘မင်းတို့လူတော့ ချီကာဂိုကို သွားပြီနဲ့ တူတယ်’

ဆမ်က အံ့သြသွားလေသည်။

‘ချီကာဂို ဟုတ်လား’



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးမှူး ချိန်းဘားသည် ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်လေ၊ မိန်းကလေးက ချီကာဂို သွားမယ်လို့ သတင်းကြားတာနဲ့ လိုက်သွားတယ် ထင်ပါရဲ့'

ဆမ်သည် မကျေမနပ် ဖြစ်နေ၏။

'နေပါဦး၊ အဲဒီ နော်မန်ဗိတ် ဆိုတဲ့ သူက ဦးကို ဘာတွေများ ပြောလိုက်ပါသလဲ'

လုံခြုံရေးမှူး ချိန်းဘားက–

'မနေ့ညက မင်းတို့ဆုံထောက် ပြောသလိုပါပဲ၊ မနေ့ညနေပိုင်းမှာ စုံထောက် မီလတန် ရောက်လာတယ်တဲ့။ ပြီးခဲ့တဲ့ စနေနေ့ညကလည်း တကယ်ပဲ မင်းတို့အစ်မ မေရီ လာတည်းသွားတယ်တဲ့၊ ဒါပေမဲ့ သူ့နာမည်ကို နာမည်ရင်း မရေးဘဲ ဂျိန်းဝိလ်ဆင်လို့ ပေးတယ်လေ။ ဒါပေမဲ့ စကားတစ်ခွန်းတော့ လွှတ်ခနဲ ထွက်သွားတာက ချီကာဂိုကို သွားမယ် ဆိုတာပဲ'

လိုင်လာသည် မကျေမနပ်နှင့် ခေါင်းယမ်းလိုက်၏။

'ဒါဆိုရင် မေရီတောင် ဟုတ်မယ် မထင်ဘူး၊ မေရီဟာ ချီကာဂိုမှာ အသိဆိုလို့ တစ်ကောင်တစ်မြီးမှ မရှိဘဲ၊ ပြီးတော့ ချီကာဂိုကို တစ်သက်နဲ့ တစ်ကိုယ် တစ်ခေါက်မှ မရောက်ဖူးဘဲနဲ့။ မေရီ မဖြစ်နိုင်ပါဘူး'

ချိန်းဘားကမူ သူ့သတင်းကို သူ အခိုင်အမာ ပြု၏။

'အေးလေ၊ နော်မန်ဗိတ် သတင်းအရတော့ စုံထောက်မီလတန်ဟာ မေရီ ဖြစ်တယ်ဆိုတာ သေသေချာချာ ယုံသတဲ့၊ လယ်ဂျာ စာရင်းစာအုပ်မှာ ရေးထားတဲ့ လက်ရေးကိုတောင် တိုက်ကြည့်သေးတယ် ဆိုပဲ။ နောက် ရုပ်ရော၊ ပုံသဏ္ဌာန်ရော၊ စီးလာတဲ့ ကားရော၊ ကားနံပါတ်ရော အားလုံး တူသတဲ့။ ချီကာဂိုမြို့ကို သွားမယ် ဆိုတာလည်း ကြားရော တစ်ခါတည်း လှည့်သွားတော့တာပဲ တဲ့'

'ဒါလည်း အံ့ဩစရာ ကောင်းတာပဲ၊ မေရီဟာ သူ့ထက် တစ်ပတ်တောင် စောနေတာပဲ၊ တကယ်လို့ မေရီဟာ ချီကာဂို သွားခဲ့ရင်တောင် မီလတန် လိုက်မီမယ် မဟုတ်ဘူး'





'ဒါတော့ မပြောတတ်ဘူးလေ၊ သူက မေရီကို ဘယ်နေရာမှာ ရှာရမယ် ဆိုတာကို သိချင် သိနေမှာပေါ့။ ပြီးတော့ သူဟာ မေရီရဲ့ အစီအစဉ်တွေဘာတွေကို သိသွားပြီး မင်းတို့နှစ်ယောက်ကို မပြောဘဲ ထားတာ ဖြစ်ချင်ဖြစ်မှာပေါ့'

လိုင်လာသည် မကျေနပ်ပေ။

'မဟုတ်သေးပါဘူး၊ သူဟာ ကျွန်မတို့နှစ်ယောက်ကို မပြောနိုင်စရာ ဘာများ ရှိနိုင်မှာမို့တုံး'

'ဒါတော့ အခက်သားပဲ၊ ဒီ အလွတ်စုံထောက်ဆိုတဲ့ လူမျိုးတွေ အကြောင်းကတော့ မပြောနိုင်အောင်ဘဲ။ သူ့ခေါင်းထဲမှာ မေရီ ဘာလုပ်လိမ့်မယ် ဆိုတာကို ရိပ်မိချင် ရိပ်မိမှာပေါ့။ သူ့အနေနဲ့ မေရီကို မြန်မြန်တွေ့ပြီး ငွေလေးသောင်းကို ရရင် ရုံးပြန်ပြီး သတင်းပို့ပါမယ် ဆိုတာတောင် ဘယ်သူမှ အာမခံနိုင်တာမှ မဟုတ်ဘဲ'

'စုံထောက် မီလတန်ကို လူဆိုး လူလိမ်လို့ ပြောတာလား'

'အဲဒီလိုလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ငွေလေးသောင်းဆိုတာ နည်းတာ မဟုတ်ဘူးကွယ့်။ တကယ်လို့ မီလတန်ဟာ ဒီကိုလာပြီး မျက်နှာမပြရင်၊ အကြောင်းမကြားရင် သူ တစ်ခုခုကို တွေ့လို့ သိလို့ ဖြစ်မှာပေါ့။ သိလို့သာ သူ့ဘာသာသူ ဆက်လိုက်နေတယ်လို့ ငါတော့ ထင်တာပဲလေ။ ဒါကြောင့်သာ ဒီရောက်ရောက်ချင်း ငါ့ဆီကို လာအကြောင်းမကြားဘဲ တစ်ယောက်တည်း ကျိတ်ပြီး စုံစမ်းတာကွယ့်။ ပြီးတော့ မင်းတို့ပဲ ပြောတယ် မဟုတ်လား၊ သူဟာ ဟိုတယ်ခတွေ ရှင်းသွားပြီး တစ်ခါတည်း ထွက်သွားတာလို့'

ဆမ်သည် ဝင်၍ စကားဖြတ်လိုက်၏။

'နေပါဦးလေ၊ ကောက်ချက်ချတာ မလောပါနဲ့ဦး။ အခုဟာ ဦးမှာ အဲဒီ နော်မန်ဗိတ်ရဲ့ စကားကိုသာ ဖုန်းထဲက ကြားရတာပဲ ရှိသေးတာပဲ၊ ဒီလူကလည်း မလိမ်ဘူးလို့ ဘယ်နှယ့်ပြောနိုင်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ချိန်ဘားသည် မျက်ခုံးချီလိုက်၏။

'သူက ဘာလိမ်စရာ ရှိတာမှတ်လို့။ မိန်းကလေး မေရီ လာတယ်ဆို လာတယ်လို့ ပြောတာပဲ။ စုံထောက် မီလတန် လာတယ်ဆို လာတယ် ပြောတာပဲဟာ'

ဆမ်က ဖြတ်မေးလိုက်၏။

'မနေ့ညက ကျွန်တော် လာတော့ကောဗျာ'

ချိန်ဘားက အေးဆေး စွာပင် ပြန်ဖြေသည်။

'အစက ငါထင်တဲ့ အတိုင်းပါပဲ၊ အိပ်ရာထဲဝင်ပြီး အိပ်မောကျနေလို့ တဲ့။ ဒီမှာကွာ၊ နားထောင်။ ဒီငနဲ ဗိတ်အကြောင်း ငါ ပြောပြမယ်။ ဒီကောင်က အူကြောင်ကြောင်ကောင် တစ်ကောင်ပဲ။ သိပ်ပြီးတော့ သွက်သွက်လက်လက်တော့ မရှိဘူး။ ဒါပေမဲ့ လိမ်ပြီး ပြောမယ်တော့ မထင်ဘူးလေ။ အိုကွာ၊ ဒါတွေက ထားပါတော့။ ငါက သူ့အပေါ်မှာ ဘာလို့ မယုံရမှာလဲ။ တကယ့်တကယ်ကျတော့ မင်းတို့စုံထောက်က လိမ်နေတယ်ဆိုတာ ငါ သိနေတာပဲ'

'လိမ်တယ်.... ဟုတ်လား၊ ဘာကိုလဲ'

'မင်းတို့ပဲ ပြောတယ်၊ သူ့ဆီက တယ်လီဖုန်း လာတုန်းကလေ။ အဲဒီကတည်းက ငနဲသား ကြည့်ရတာ ချီကာဂိုအကြောင်း သိပြီ သား ဖြစ်နေပြီ ထင်တယ်။ မင်းတို့ကို သူ အသိမပေးချင်လို့၊ သူကိုယ်တိုင် ခရီးသွားချင်လို့ မင်းတို့ကို ညာတာ ဖြစ်မှာပေါ့ကွ'

'ကျွန်တော် နားမရှင်းပါဘူး၊ သူက ဘာတွေများ ညာလို့လဲ'

'သူက ပြောတယ်လေ၊ သူ နော်မန်ဗိတ်ရဲ့ အမေကို သွားတွေ့မယ်လို့ ပြောတယ် မဟုတ်လား။ ဒါကိုက လိမ်တာ။ ဘာလို့လဲဆိုတော့ နော်မန်ဗိတ်မှာ အမေမှ မရှိဘဲ'

'ဟင် မရှိဘူး၊ ဟုတ်လား'

'ဟုတ်သလေ၊ နော်မန်ဗိတ်မှာ အမေ မရှိဘူးကွ။ သေတာ အနှစ်နှစ်ဆယ်လောက် ရှိပြီ'





ချိန်ဘားသည် ပြန်စဉ်းစားလိုက်သလို မျက်စိမှေးလိုက်ပြီးမှ နောက်ထပ် ဆက်ပြောသည်။

'မင်းကွာ၊ အဖြစ်အပျက်က ဒီနယ်တစ်ဝိုက်မှာတော့ အကျော်ဇေယျပဲ မောင်။ မင်းကတော့ ငယ်ငယ်ပဲ ရှိသေးတာမို့ မသိလိုက်တာ ဖြစ်မှာ။ ဖြစ်ပုံက ဒီလိုကွယ့်၊ ဒီမိန်းမကြီးက နော်မန်ဆိုတဲ့ ကလေးတစ်ယောက်နဲ့ တစ်ခုလပ်ကွ။ သူ့လင်က သူ့ကို ပစ်ပြေးသွားတာ။ ဒီနောက်မှာ ဂျိုကွန်ဆီဘိုင်း ဆိုတဲ့ ငနဲနဲ့တွေ့ပြီး ဖြစ်ကြ ပျက်ကြတယ်လို့ သတင်းဖြစ်နေတာပဲ။ အဲဒီ ဂျိုဆိုတဲ့ ငနဲနဲ့တွေ့လို့ ဒီဟိုတယ်ကို ဆောက်ဖြစ်တာပဲ။ ဒါပေမဲ့ သူတို့နှစ်ယောက် မယူကြဘူးကွ။ ဂျိုကပဲ မိန်းမ ရှိလေရော့သလား၊ မိဘွားကြီးကပဲ လက်မထပ်ချင်ရော့သလားတော့ မပြောတတ်ဘူးပေါ့ကွာ။ တစ်နေ့တော့ နှစ်ယောက်စလုံး အဆိပ်သောက်ပြီး သေကြတော့တာပါပဲ။ အဆိပ်ကို တမင်သောက်တာပဲလား၊ မတော်တဆ သောက်မိတာလားတော့ မပြောတတ်ဘူးကွ။ သူ့သား နော်မန်ဗိတ်ဟာ သူတို့နှစ်ယောက်ရဲ့ အလောင်းကို တွေ့သွားပြီး အတော် စိတ်ကယောက်ကယက် ဖြစ်သွားလို့ ဆေးရုံတွေ ဘာတွေ သုံးလေ လ တင်ထားရတာပေါ့ မောင်။ သူ့အမေ အသုဘတောင် တက်နိုင်တာ မဟုတ်ဘူး။ အသုဘတုန်းက ငါကိုယ်တိုင် လိုက်ပို့ခဲ့တာပဲ။ ဒါကြောင့် သူ့အမေ မရှိတော့ဘူးဆိုတာ သေချာတာပေါ့ကွ'

ဆမ်နှင့် လိုင်လာသည် ပြောစရာစကား မရှိတော့ပေ။

[ တစ်ဆယ့်နှစ် ]

ဆမ်နှင့် လိုင်လာတို့သည် ဟိုတယ်တွင် ညစာ စားလိုက်ကြ၏။ သူတို့ နှစ်ဦးလုံးသည် ညစာကို ဝတ္တရားသဘောနှင့် စားနေကြခြင်း ဖြစ်သည်။ မမြိန်ပေ။ ပါးစပ်မှ ဝါးနေရသော်လည်း ဘာမျှ အရသာ မတွေ့ဘဲ ဖြစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုင်လာသည် ကော်ဖီခွက်ကို စားပွဲပေါ် ချလိုက်၏။

'ကျွန်မတော့ စုံထောက် မီလတန်ဟာ ကျွန်မတို့ကို အကြောင်း မကြားဘဲ သွားလိမ့်မယ် ဆိုတာလည်း မယုံချင်ဘူး။ နောက် မေရီဟာ ချီကာဂိုကို သွားမယ် ဆိုတာလည်း မယုံချင်ဘူး'

ဆမ်က စကားထောက်၏။

'အင်းလေ၊ လိုင်လာ မယုံတာကတော့ မယုံတာပေါ့၊ လုံခြုံရေး ချိန်းဘားကတော့ ယုံနေပုံပဲ။ ကိုယ်တို့က မယုံတာသာ ရှိတယ်၊ စုံထောက် မီလတန်ဟာ နော်မန်ဗိတ်ရဲ့ အမေကို သွားတွေ့မယ် ဆိုပြီး ညာတာက အားနည်းချက် တစ်ခုလို ဖြစ်နေတယ်'

လိုင်လာသည် တွေသွား၏။

'ဟုတ်တယ်၊ ကျွန်မလည်း ဒါကို စဉ်းစားမိပါတယ်။ မရှိတဲ့ လူ တစ်ယောက်ကို သွားတွေ့မယ်ဆိုပြီး ပြောတာဟာ ယုတ္တိမတန်သလိုပဲ။ မေရီ ချီကာဂို သွားမယ်ဆိုတာလည်း ကျွန်မတော့ ယုတ္တိမရှိဘူး။ ပြီးတော့ စုံထောက် မီလတန်ဟာ မေရီ့အကြောင်းကို ကျွန်မတို့ ပြောသလောက်ထက် ဘာမှ ပိုသိတာ မဟုတ်ဘူး'

ဆမ်သည် သူ၏ဒွန်းကို စွပ်ပြုတ်ပန်းကန်ဘေးသို့ ချထားလိုက်၏။

'ကိုယ်တော့ စေ့စေ့တွေးရင် ကိုယ်တို့အားလုံး မေရီ့အကြောင်းကို တကယ် တိတိကျကျ သိမှ သိပါရဲ့လားလို့ သံသယတောင် ဝင်မိတယ်လေ။ တကယ်ပဲ၊ ကိုယ်က မေရီနဲ့ စေ့စပ်ထားတယ်။ လိုင်လာကတော့ မေရီ့ ညီမဖြစ်ပြီး မေရီနဲ့ အတူနေတယ်။ နှစ်ယောက်စလုံး အနေနဲ့ မေရီဟာ ဒီငွေတွေကို ယူတယ်ဆိုတာ ယုံလို့ မရဘူး။ ယုံလို့ မရတာက တစ်ပိုင်းပဲ၊ အဖြစ်မှန်ကို သေချာစွာ တွေးကြည့်ရင် အဖြေက တစ်ခုပဲ ရှိတယ်။ မေရီဟာ တကယ်ပဲ ဒီငွေတွေကို ယူလိုက်တာပဲ'

လိုင်လာ၏ အသံမှာ တိုးတိုးလျှော့လျှော့ပဲ ရှိ၏။

'ဟုတ်တယ်၊ ကျွန်မလည်း အခုတော့ ယုံနေပြီ။ အစ်မ မေရီဟာ





တကယ်ပဲ ဒီငွေတွေကို ယူခဲ့တာပဲ။ ဒါပေမဲ့ မေရီဟာ ဘယ်နည်းနဲ့ဖြစ်ဖြစ် သူ့အတွက်တော့ဖြင့် မယူတန်ရာဘူး။ ကျွန်မတော့ ခုထိ ယုံသေးတယ်၊ သူ ယူတာဟာ ရှင့်ကို ကူညီချင်လို့၊ ရှင့်အကြွေးတွေကို ဆပ်ပေးချင်လို့သာ ဖြစ်ရမယ်လို့ ထင်တယ်လေ'

ဆမ်သည် သက်ပြင်းချလိုက်၏။

'ဒါဖြင့် ကိုယ့်ဆီကို ဘာကြောင့် မလာတာတုံး၊ နောက်ပြီး ကိုယ့် အနေနဲ့လည်း ဒီပိုက်ဆံဟာ ခိုးလာတာ မဟုတ်သည့်တိုင်အောင် လက်ခံမှာ မဟုတ်ဘူး။ ကဲ ဒါတွေ ထားပါဦး၊ တကယ်လို့ သူ့အနေနဲ့ ကိုယ်က လက်ခံမယ် ထင်တယ်ပဲထား၊ ဘာကြောင့် ကိုယ့်ဆီကို မလာရတာလဲ'

လိုင်လာသည် အကြောင်းမဲ့ပင် စားပွဲပေါ်ရှိ လက်သုတ်ပဝါကို လက်ဖြင့် ဆုပ်ခြေ ကစားနေလိုက်၏။ ပြီးမှ–

'ဆမ့်ဆီကို မေရီ လာတယ်လို့ ယူဆရမှာပဲ၊ ဒါကြောင့်သာ အဲဒီ ကိုထယ်ထိ ရောက်တာပေါ့၊ ကျွန်မအနေနဲ့ အဲဒါကိုပဲ လုံခြုံရေးမှူးကို ပြောပြ ချင်တာပဲ၊ မေရီဟာ နော်မန်ဗိတ်ရဲ့ ဟိုတယ်အထိ ရောက်တယ်လို့။ အခု ဟာက စုံထောက်မီလတန် လိမ်တယ်ဆိုတဲ့ အချက်ကလေး ရတာနဲ့ပဲ လုံခြုံ ရေးမှူးက တရားသေ ဆုံးဖြတ်လိုက်တာတော့ ကျွန်မ မကျေနပ်ဘူးလေ။ စွတာ မီလတန် လိမ်သလိုပဲ။

'ဟိုတယ်က နော်မန်ဗိတ်လည်း လိမ်နိုင်တာပဲ၊ လုံခြုံရေးမှူးအနေနဲ့ အနည်းဆုံး အဲဒီဟိုတယ်အထိ သွားပြီးတော့ စုံစမ်း မေးမြန်းသင့်တယ်လို့ တော့ ကျွန်မ ထင်တယ်လေ။ ဒီကိစ္စမျိုးဆိုတာ ဖုန်းနဲ့ဆက်ရုံနဲ့ ပြီးဖို့ မထိုက် ဘူး'

ဆမ်ကမူ မှုမှုတတ တွေး၏။

'ဒီလိုလည်း မဟုတ်သေးဘူးလေ၊ လုံခြုံရေးမှူး ချိန်းဘားကို အ… မယူကောင်းလား ဆိုပြီး အပြစ်တင်လို့ မဖြစ်သေးဘူးနဲ့ တူတယ်။ … ဘယ်သက်သေ၊ ဘယ်အထောက်အထား၊ ဘယ်အကြောင်းအချက်ကို …



www.burmeseclassic.com

www.burmeseclassic.com



ပြီး အရေးယူရမှာတုံး၊ ဟိုတယ်ကို သွားပြီးတော့ကော ဘာရှာရမှာတုံး။ တရားဥပဒေကြောင်း ဆိုတာက လူတစ်ယောက်ဆီကို သွားပြီး အကြောင်းမဲ့ မေးခွန်းထုတ် စွပ်စွဲဖို့ ရှိတာမှ မဟုတ်တာ။

'ပြီးတော့ မြို့ကငယ်တော့ ပိုဆိုးတာပေါ့။ မြို့ငယ်ငယ်ဆိုတာ လူတိုင်း တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းနေကြပြီး ဆွေမျိုးလိုနေကြတာ မဟုတ်လား။ တစ်ယောက်နဲ့တစ်ယောက် အကြောင်းမဲ့ မုန်းရမယ့် ကိစ္စဆိုရင် ဘယ်သူမှ မလုပ်ချင်တတ်ဘူး။ လိုင်လာလည်း သူပြောတာ ကြားသားပဲ၊ နော်မန်ဗိတ်အပေါ်မှာ ဘာမှ သံသယဝင်စရာ မလိုဘူးလို့။ သူဟာ နော်မန် ဗိတ်ကို ငယ်ငယ်ကပဲ သိလာတာလို့ ပြောပြီ မဟုတ်လား'

'အင်းပါ၊ ဒီလိုပါပဲ၊ ကျွန်မလည်း မေရီနဲ့ ငယ်ငယ်ကတည်းက နေလာတာပါပဲ။ ဒါပေမဲ့ မေရီကိုယ်တိုင် ကျွန်မ မမျှော်လင့်တာ တစ်ခုကို လုပ်ခဲ့တယ် မဟုတ်လား၊ နောက်ပြီး အဲဒီငနဲ နော်မန်ဗိတ်က နည်းနည်း ထူးခြားပါတယ်လို့ သူကိုယ်တိုင်က ဝန်ခံထားတာပဲဟာ'

'ထူးခြားတယ် ဆိုတာကလည်း လုံခြုံရေးမှူး အမြင်က တစ်မျိုးကွယ့်၊ သူက နော်မန်ဗိတ်ဟာ သူ့အမေ သေသွားတာနဲ့ အတော် ခံလိုက်ရတယ်လို့ မြင်နေတာ'

လိုင်လာသည် မျက်မှောင်ကြုတ်လိုက်၏။

'ဟုတ်တယ်၊ ကျွန်မစိတ်ထဲမှာ လိပ်ခဲတည်းလည်း မတင်မကျ ဖြစ် နေတာဟာလည်း သူ့အမေ ကိစ္စပဲ၊ တကယ်လို့ စုံထောက် မီလတန်ဟာ ကျွန်မတို့ကို လိမ်ချင်တယ်ဆိုရင် ဘာလို့ မဆီမဆိုင် သူ့အကြောင်းပြောပြီး လိမ်ရမှာလဲ၊ အဲဒါဟာ လုံးလုံး အဓိပ္ပာယ် မရှိဘူး'

ဆမ်က မသေချာပေ။

'ဒါတော့ မပြောတတ်ဘူးလေ၊ သူလည်း သူ့ခေါင်းထဲ ရောက်လာတဲ့ ပထမဆုံး ဆင်ခြေကိုယူပြီး လိမ်လိုက်တာလည်း ဖြစ်ချင် ဖြစ်မှာပေါ့'

လိုင်လာက ခေါင်းကုတ်လိုက်၏။





'မဟုတ်သေးဘူးနော် ဆမ်၊ မစ္စတာ မီလတန်ဟာ ကျွန်မတို့ကို ..လိမ်ချင်ရိုးမှန်ရင် ဖုန်းဆက်စရာတောင် မလိုဘူး ထင်တယ်။ သူ့အနေနဲ့ ..ိုတယ်ထဲ ရောက်တယ်ဆိုတာကို မပြောဘဲနေတာက လိမ်တဲ့နေရာမှာ ..အဆင်ပြေတာပေါ့။ သူ့အနေနဲ့ ကျွန်မတို့ကို ဟိုတယ်သွားမယ်လို့၊ ဟိုတယ် ..ာ မေရီ တည်းသွားတာတွေ တွေ့တယ်လို့ မပြောဘဲ နေရင် ပိုမကောင်း ..ဘူးလား'

လိုင်လာသည် သူ့ဘာသာပြောရင်း တွေတွေကလေး စဉ်းစားလိုက် ..၏။ ပြီးမှ–

'ဆမ်၊ ကျွန်မတော့ စိတ်ကူးတစ်ခု ပေါက်တယ်'

ဆမ်က ခေါင်းထောင်ကြည့်လိုက်၏။

'ဘာများပါလိမ့်'

'ဆမ်၊ ရှင့်ဆီကို မစ္စတာမီလတန် နောက်ဆုံး ဖုန်းဆက်တုန်းက ..ဘယ်လိုပြောသလဲ ဟင်၊ နော်မန်ဗိတ်ရဲ့ အမေ ကိစ္စလေ'

ဆမ်က နည်းနည်း ပြန်စဉ်းစားလိုက်၏။ ပြီးမှ–

'သူ ပြောတာကတော့ နော်မန်ဗိတ်ရဲ့ အမေ ပြတင်းပေါက်မှာ ထိုင်နေတာကို ကားနဲ့ ဝင်လာစဉ်က မြင်တယ်လို့ ပြောတာပဲ'

လိုင်လာသည် လက်ဖျောက်တီးလိုက်၏။

'ဟုတ်ပြီ၊ မစ္စတာမီလတန် လိမ်တာ ဖြစ်ချင်မှ ဖြစ်မှာ'

ဆမ်ကမူ သဘောမပေါက်ပေ။

'သူက မလိမ်လို့ ဘာဖြစ်ဦးမှာလဲ၊ နော်မန်ဗိတ် အမေဟာ သေတာ ..မှ အနှစ် ၂၀ တောင် ကျော်ပြီလို့ လုံခြုံရေးမှူးက ပြောတာ မဟုတ်သေး ..လိုင်လာလည်း ကြားသားနဲ့'

လိုင်လာသည် သူ့အတွေးကို ရှင်းပြ၏။

'ဒီလိုရှိတယ်လေ၊ စုံထောက် မီလတန်ဟာ တကယ်ပဲ မိန်းမ..တစ် ..ယောက် ပြတင်းပေါက်မှာ ထိုင်နေတာမြင်လို့ နော်မန်ဗိတ်ရဲ့ ..



www.burmeseclassic.com

www.burmeseclassic.com



နော်မန်ဗိတ်က လိမ်ပြီး သူ့အမေပါလို့ ပြောတာကော မဖြစ်နိုင်ဘူးလား။ အသေအချာ တွေးကြည့်ရင် နော်မန်ဗိတ်ဟာ သူ့အမေ နေမကောင်းပါဘူး မတွေ့ပါနဲ့လို့ စုံထောက် မီလတန်ကို တားခဲ့သေးတာပဲ။ မီလတန်က အတင်းအကျပ် ကိုင်မှ တွေ့ခွင့်ပြုခဲ့တာ မဟုတ်လား'

ဆမ်ကမူ ယခုထိ မရှင်းပေ။

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်တုံး၊ လိုင်လာ ဆိုလိုချင်တာကို ကိုယ်ဖြင့် အခုထိ သဘောမပေါက်....'

လိုင်လာသည် ခေါင်းယမ်းလိုက်၏။

'ကျွန်မကိုယ်တိုင် ဘာကိုဆိုလိုမှန်း သိတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သဲလွန်စတွေ အားလုံးဟာ အဲဒီဟိုတယ်မှာ ဆုံနေတယ်၊ လူနှစ်ယောက်လုံးဟာ ပျောက်နေတယ်။ ဒီလောက်ဆိုရင်ပဲ မေရီရဲ့ ညီမတစ်ယောက် အနေနဲ့တော့ လုံခြုံရေးမှူးကို ဒီကိစ္စ သေသေချာချာ စုံစမ်းပါလို့ တိုက်တွန်းထိုက်ပြီ ထင်တယ်'

ဆမ်သည် သဘောတူညီစွာ ထ လိုက်၏။

'ကောင်းပြီလေ၊ ဒါဖြင့် သွားစို့'

သူတို့နှစ်ဦးသည် လုံခြုံရေးမှူးထံ တစ်ခေါက် သွားကြပြန်၏။

*

သူတို့ ရောက်သွားသောအခါတွင် လုံခြုံရေးမှူး ချိန်းဘားသည် ထမင်းစားပြီး သွားထိုးတံ တစ်ချောင်းကို ကိုက်ကာ ထိုင်နေတုန်း ဖြစ်လေသည်။ သူသည် လိုင်လာ ပြောသမျှကို သွားထိုးတံကိုက်၍ နားထောင်နေ၏။ ချိန်းဘားကိုယ် တိုင်လည်း ဇဝေဇဝါပင်။

'အေး၊ ငါလည်း မပြောတတ်တော့ဘူးကွ။ မင်းတို့က မကျေနပ်လို့ လုပ်ပေး ဆိုတဲ့ လက်မှတ်ရေးထိုးရင်တော့....'

လိုင်လာသည် မြန်မြန်ထက်ထက်ပင် ပြောလိုက်၏။





'ကျွန်မတော့ ဘာပဲ လက်မှတ်ထိုးရထိုးရ၊ လုံခြုံရေးမှူး အနေနဲ့ သွားပြီး သေသေချာချာ စုံစမ်းရင် တော်ပါပြီ'

ချိန်းဘားသည် ကျိတ်၍ သက်ပြင်းချလိုက်၏။

'မင်းတို့အလုပ်ကို မနက်ဖြန်လောက်ထိ မစောင့်နိုင်တော့ဘူးလား။ ဒါက ကနေ့တော့ ဘဏ်ဓားပြ သတင်းများ ရမလားလို့ စောင့်ချင်နေတာ'

ဆမ်သည် စိတ်မရှည်တော့ပေ။

'ဒီမှာ ဦး၊ အခု ကျွန်တော်တို့ကိစ္စဟာ အရေးကြီးပါတယ်။ မေရီဟာ ဆိုရင် ပျောက်နေတာ တစ်ပတ်လုံးလုံး ရှိနေပြီ။ အခုကိစ္စက ငွေ လေးသောင်း ဆုံးတာတင် မကတော့ဘူးနော်။ မေရီဟာ အသက်အန္တရာယ် ဖြစ်နိုင်တဲ့ အခြေအနေမှာ ရောက်နေရပြီ။ အခုနေတောင် မေရီဟာ မပြောကောင်း ပြောကောင်း....'

လုံခြုံရေးမှူးသည် လက်ကာပြလိုက်၏။

'တော်ပါမောင် တော်ပါတော့။ ငါ့အလုပ်ကိုတော့ ဘာလုပ်ပါလို့ ပြောမနေပါနဲ့။ မင်းတို့နှစ်ယောက်သာ ငါ့ရုံးလိုက်ပြီး တိုင်စာ လက်မှတ်ထိုး ပါတော့။ ငါ ဟိုတယ်ကို လိုက်သွားပါတော့မယ်။ တစ်ခုတော့ ရှိတယ်ကွ၊ ငါ့စိတ်ထဲမတော့ အပိုလုပ်တာပဲလို့ ထင်တာပဲကွာ။ မင်းတို့ လုပ်စေချင်လွန်း လို့သာ လုပ်ရတာ၊ ငါ သိသလောက်ဖြင့် နော်မန်ဗိတ်ဟာ လူသတ်သမား တော့ မဟုတ်ဘူးကွယ်'

လူသတ်သမား ဆိုသော စကားလုံးမှာ တခြား သာမန်စကားလုံး လေး တစ်ခုပမာ လုံခြုံရေးမှူး၏ ပါးစပ်မှ ထွက်လာ၏။ ထိုစကားလုံးလေး သည် ဆမ်နှင့် လိုင်လာတို့နားဌ် ဆက်လက်ကြားယောင် နေရစ်ခဲ့လေ၏။

လုံခြုံရေးမှူး ချိန်းဘားသည် ဆမ်နှင့် လိုင်လာ နှစ်ဦးစလုံး လိုက်ခဲ့ ပါမည်ဟု တကဲကဲ ပြောနေသည့်ကြားမှ ဘယ်သူ့ကိုမျှ မခေါ်ဘဲ တစ်ယောက်တည်း ထွက်၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆမ်နှင့် လိုင်လာသည် ဒုတိယအကြိမ်အဖြစ် နှစ်ယောက်တွဲ၍ စောင့်ဆိုင်းရခြင်း အမှုကို ပြုရပြန်လေတော့သည်။ အမှန်စင်စစ် သူတို့နှစ်ဦးစလုံး စောင့်မနေချင်။ သည်ကိစ္စ ပေါ်လာကတည်းက နှစ်ဦးစလုံးမှာ စောင့်ဟဲ့၊ စောင့်ဟဲ့နှင့် တစောင့်တည်း စောင့်နေကြရသည် မဟုတ်ပါလား။

ယခုတော့ စောင့်ဆိုသော စကားသံကိုပင် မကြားလိုလောက်အောင် ဖြစ်နေကြပြီ ဖြစ်၏။ သို့သော် မတတ်နိုင်ပေ။ သူတို့သည် စောင့်ရမည့် ကံကြမ္မာ ပါလေရော့ထင့်။ နှစ်ယောက်လုံးသည် မကျေမနပ်နှင့် စောင့်နေလေ၏။

နာရီတွေ၊ အချိန်တွေမှာ အလွန် နှေးကန်စွာ ရွေ့လျားနေကြသည်ဟုပင် နှစ်ဦးစလုံး ထင်နေကြ၏။ ကားသံတစ်ခု ကြားတိုင်း လည်ပင်းကို ဆန့်၍ ကြည့်ရသည်မှာလည်း အမောသားပင်။

သူတို့နှစ်ဦးသည် စောင့်နေကြ၏။

နေ့လယ်ပိုင်းလောက်တွင်မှ လုံခြုံရေးမှူး ချိန်းဘားသည် ပြန်ရောက်လာ၏။ သူသည် တစ်ယောက်တည်း ဖြစ်လေသည်။ ရုံးခန်းထဲ ဝင်လာသော သူ့မျက်နှာလည်း သုန်သုန်မှုန်မှုန် ရှိလှပါဘိ။

ဆမ်တို့သည် သူ့မျက်နှာကို ကြည့်၍ ဘာပြောရမည်ကို မသိတော့ပေ။ လုံခြုံရေးမှူး ချိန်းဘားသည် မျက်နှာအိုအိုနှင့် ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ပြီးမှ–

'ငါပြောတဲ့ အတိုင်းပါပဲ၊ ဘာမှ မဟုတ်ပါဘူး'

'ရှင်၊ အဲဒီမှာ ဦး ဘာလုပ် ....'

လိုင်လာသည် စကားတစ်ခွန်း မေးတော့မည်ပြုသည်ကို ချိန်းဘားက လက်နှင့်ကာ ကာ တားလိုက်၏။

'နေဦးလေ မိန်းကလေးရဲ့၊ ကျုပ်များ ဖင်နေရာကျအောင် ထိုင်ပါရစေဦး။ အားလုံးကို ပြောပြပါ့မယ်'





လိုင်လာသည် အားတုံ့အားနာနှင့် ရပ်သွား၏။

ချိန်းဘားသည် ခဏမျှ ငြိမ်ငြိမ်ကြီး ထိုင်၏။

'ငါ ဒီက ထွက်သွား သွားချင်း အဲဒီကို တန်းသွားတယ်။ ဘာမှ အခက်အခဲ မရှိဘူး။ နော်မန်ဗိတ်ကို အိမ်နောက်ဖေးက ထင်းခွေတဲကလေးမှာ တွေ့တယ်။ ငနဲလေးကို ဘာမှ ဝရမ်းတွေ ဘာတွေ ပြနေစရာ မလိုဘူး။ သူက ရှောရှောရှူရှူပဲ၊ အကျိုးအကြောင်း ပြောပြတာနဲ့ တစ်ပြိုင်နက် တစ်အိမ်သုံးကိုရော၊ တစ်ဟိုတယ်လုံးက သော့တွေကို ငါ့လက်ထဲအပ်ပြီး ရှာချင့်ရာ ရှာပါ ဆိုတော့တာပဲ။ ငနဲ ကြည့်ရတာ ထူးခြားပုံတော့ ရတယ်။ အဲ အဲ၊ ဘာစ်ခုတော့ ရှိတယ်။ နှစ်ရှည်လများ လူသူလေးပါး ကင်းဝေးတဲ့ အရပ်မှာ တစ်ယောက်တည်း နေရတဲ့သူဆိုတော့ ခပ်ကြောင်ကြောင်တော့ ဖြစ်မှာပေါ့လေ'

ဆမ်က မေး၏။

'သေသေချာချာတော့ ကြည့်တယ်ပေါ့'

'ကြည့်ပါသော်ကော မောင်ရယ်။ ဟိုတယ်ဆိုရင် ရုံးခန်းကစပြီး ဘာစ်ဟိုတယ်လုံး၊ အခန်းစုံပေါ့။ နောက်ပြီး အိမ်ဆိုရင်လည်း အောက်ထပ်၊ အပေါ်ထပ် အားလုံးပဲ၊ အားလုံးပဲ။ ကွက်လပ် နေရာမကျန် ရှာပါတယ်။ လူ မပြောနဲ့၊ ဘယ် ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့ဘူး၊ ဘယ်သူမှ မတွေ့ဘူး။ ဘယ်သူမှ မတွေ့ဆို ဘယ်သူမှ မရှိဘဲကိုးကွ။ အဲဒီမှာ နော်မန်ဗိတ် တစ်ယောက်တည်းပဲ တစ်သက်လုံးလောက် နေလာခဲ့တာပဲဟာ'

'အိပ်ခန်းကိုကော သွားကြည့်သေးသလား'

'ဘယ်နေမလဲ၊ သွားကြည့်တာပေါ့။ အိမ်အပေါ်ထပ်မှာ သူ့အမေ အိပ်ခန်း ရှိတာတော့ အမှန်ပဲကွယ့်။ နော်မန်ဟာ သူ့အမေ အိပ်ခန်းကို[illegible] အမေ ရှိစဉ်ကအတိုင်း ပြင်ဆင်ပြီး ဘာတစ်ခုမှ လက်ရာခြေရာ မယ[illegible]အောင် ထားတာပဲ။ သူက တခြားကိစ္စလည်း ဒီအခန်းကို သုံးဖို့မ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ သူ့အမေလည်း သတိရတာက တစ်ကြောင်းကြောင့် အခန်းကို ဒီအတိုင်း ထားတယ်လို့ ပြောတာပဲ။ လူက အုကြောင်ကြောင်တော့ အုကြောင်ကြောင်ရယ်'

ဆမ်သည် စိတ်မရှည်တော့ဘဲ ကြားဖြတ် မေးခွန်းတစ်ခု ဝင်မေး၏။

'စုံထောက် မီလတန်က ကျွန်တော်တို့ကို ပြောတဲ့အကြောင်းကိုကော မေးရဲ့လားဟင်။ ဟိုလေ၊ ကားနဲ့ ဝင်လာခါစက အိမ်ရဲ့ ပြတင်းပေါက်မှာ သူ့အမေ ထိုင်နေတာကို တွေ့တယ် ဆိုတာလေ'

လုံခြုံရေးမှူး ချိန်းဘားသည် ခေါင်းထောင်လိုက်၏။

'ဟာ၊ ဒါကို မမေးဘဲ နေပါ့မလား။ ရောက်ရောက်ချင်း ဒါကိုပဲ မေးတာပေါ့ကွ။ သူကတော့ ရိုးရိုးပဲ ပြန်ဖြေတယ်။ စုံထောက် မီလတန် ညာတာ နေမှာပါတဲ့။ စုံထောက် မီလတန်ဟာ သူ့ကိုတော့ ဘယ် အမေ့ကိုမှ မြင်တယ်လို့ မပြောပါဘူးတဲ့။ ငါလည်း အစက သူ့ကို နည်းနည်းကြမ်းကြမ်း တမ်းတမ်းပဲ ခြောက်လှန့်ပြီး မေးပါတယ်။ တကယ်လို့များ သူသာ တစ်ခုခု ထိမ်ချန်ထားရင် ပေါ်လာအောင်လို့။ မထူးပါဘူး၊ ဒီအဖြေပဲ ထွက်တယ်။ ဒါပေမဲ့ အဖြေဟာ မှန်ပုံရတယ်လေ။ မေရီ ချီကာကို သွားတယ် ဆိုတာလည်း မေးတာပဲ။ သူက မေရီ ချီကာကို သွားတယ်၊ မသွားတယ် မသိပါဘူးတဲ့။ သူ့ကို မေးတာကလေးကိုသာ သူ သိလို့ စုံထောက်မီလတန်ကို ပြောလိုက်တာပါပဲ တဲ့။ သူ့အနေနဲ့ ဘာမှ မသိပါဘူး တဲ့။ ငါတော့ ဘာပဲပြောပြော သူ ပြောတာ မှန်တယ်လို့ ယုံတာပဲ'

လိုင်လာကမူ ခေါင်းမာစွာပင် မယုံကြည်နိုင်ဘဲ ဖြစ်နေ၏။

'ကျွန်မတော့ မယုံကြည်ဘူး။ တစ်ခုခုဟာ တစ်နေရာရာက လွဲနေပြီ ထင်တယ်။ စုံထောက် မီလတန်ဟာ ဘာကြောင့်များ လိမ်ရတာလဲဟင်၊ လုံးလုံး ယုတ္တိမရှိတဲ့ နော်မန်ဗိတ် အမေနဲ့ သွားတွေ့ပါဦးမယ် ဆိုပြီး ကျွန်မတို့ကို ညာချင်ရတာလဲ။ အဲဒါဟာ အဓိပ္ပာယ်ကို မရှိဘူး'





ချိန်းဘားက သရော်ပြုံးကလေး ပြုံးလိုက်၏။

'အေးကွယ်၊ ဒါတော့ ငါ့တူမ သူနဲ့ နောက်တစ်ခေါက် တွေ့တော့ မေးပေါ့'

ပြောရင်း ချိန်းဘားသည် ရယ်မိလေသည်။ ပြီးမှ–

'အေးလေ၊ သူ တွေ့တာက နော်မန်ဗိတ်ရဲ့အမေ မဟုတ်ဘဲ တစ္ဆေ ဖြစ်ချင် ဖြစ်နေမှာပေါ့ကွ၊ ဟဲ .... ဟဲ'

လိုင်လာကမူ မရယ်နိုင်ပါ။

'ဒါထက် နော်မန်ဗိတ်အမေ သေတယ် ဆိုတာကလည်း တကယ်မှ ဟုတ်ရဲ့လား'

ရယ်နေသော ချိန်းဘား၏ မျက်နှာသည် ပြန်၍ တည်လာ၏။

'ဒါတော့ ငါလည်း ပြောပြီးသားပဲကွ။ ငါကိုယ်တိုင် အသုဘချတုန်းက ရှိပါတယ်လို့။ အဲဒီတုန်းကလည်း ငါက ဒီမြို့မှာ လက်ထောက်လုံခြုံရေးမှူး လုပ်နေတုန်းကပေါ့။ နော်မန်ဗိတ်အမေနဲ့ အဲဒီ ဂျိုကွန်စတိုင်းတို့ သူတို့ကိုယ်သူတို့ သတ်သေတုန်းက နော်မန်ဗိတ်ဆီကို သူ့အမေ ရေးခဲ့တဲ့စာလည်း ငါ ကြည့်ရတာပဲ။ ကဲ ဘာများ ထပ်ပြီး သိချင်သေးတာလဲ။ မင်းတို့က သိပ်မယုံသင်္ကာ ဖြစ်တတ်တာပဲ။ ဘာလဲ၊ နောက်ထပ် မင်းတို့ယုံအောင် ငါက နော်မန်ဗိတ်အမေရဲ့ သင်္ချိုင်းကို ရှာပြီး တူးပြရဦးမှာလား'

ချိန်းဘားသည် သက်ပြင်းချလိုက်၏။ ပြီးမှ–

'ဝမ်းနည်းပါတယ်ကွယ်၊ ဦး စကားလည်း ဘယ်ရောက်သွားတယ် တောင် မပြောတတ်တော့ပါဘူး။ ဒါပေမဲ့ ဦး အနေနဲ့တော့ ဦး တတ်နိုင်တာ မှန်သမျှကို လုပ်ခဲ့တာပါပဲ။ ဦး တစ်အိမ်လုံးကိုလည်း ရှာတယ်၊ [illegible] ဟိုတယ်လုံးကိုလည်း ရှာတယ်။ မိန်းကလေးရဲ့ အစ်မ မေရီကိုလည်း [illegible] ဘူး။ မတွေ့ဆို အစအနတောင် မတွေ့ဘူး။ လူ မပြောနဲ့၊ သူတို့ရဲ့ [illegible] သူတို့ရဲ့ပစ္စည်း၊ ဘာဆိုဘာမှ မတွေ့ဘူး။ ဒီတော့ အဖြေကတော့ [illegible] ပဲပေါ့ကွယ်။ အင်းလေ၊ ဦးအနေနဲ့တော့ တတ်နိုင်သမျှ လုပ်ပြီး [illegible] ပဲ လေ'



www.burmeseclassic.com

www.burmeseclassic.com



ဆမ်က မေးခွန်းတစ်ခု မေးလိုက်၏။

'ဒါဖြင့် ဦးအနေနဲ့ ကျွန်တော်တို့ကို ဘာလုပ်ဖို့ အကြံပေးချင်ပါသလဲ၊ ဟင်'

ချိန်းဘားသည် ခေါင်းကုတ်လိုက်၏။ နောက် အတန်ကြာမှ နှစ်ဦးလုံးကို မော့ကြည့်ပြီး–

'မင်းတို့အနေနဲ့ အကောင်းဆုံးကတော့ စုံထောက်မီလတန်ရဲ့ ရုံးခန်းကို လှမ်းပြီး စုံစမ်းစေချင်တာပဲလေ။ မီလတန်ဟာ မင်းတို့ကိုသာ မပြောချင်မပြောဘဲ နေပေမဲ့ သူတို့ရုံးကိုတော့ အစီရင်ခံချင် ခံမှာကိုး။ ဒါမှမဟုတ် ရုံးမှာလည်း မေရီ ချီကာဂို သွားနိုင် မသွားနိုင်ဆိုတဲ့ သဲလွန်စ ရှိချင် ရှိမှာပေါ့ကွယ့်။ အင်း၊ အခုနေအခါတော့ အချိန်လည်း သိပ်မရှိတော့ဘူးမို့ မင်းတို့ ဘယ်သူ့ဆီမှ သွားလို့လာလို့ မေးလို့မြန်းလို့ ရတော့မယ် မထင်ဘူး။ နက်ဖြန်မနက်ကျတော့ လုပ်ကြပေါ့ကွာ'

ချိန်းဘားသည် သူ့စကား ပြီးသည်နှင့် တစ်ပြိုင်နက် ကုလားထိုင်နောက်မှီကို ကျောဖြင့်ကပ်ကာ နောက်သို့ တွန်းလိုက်၏။

လိုင်လာသည် ဘာပြောရမှန်း မသိတော့ပေ။ စိတ်ထဲ၌ မကျေနပ်မှုသည်လည်း အတုံးလိုက် အတစ်လိုက် ရှိဆဲပင် ဖြစ်ပါ၏။ သို့သော် မကျေနပ်မှုကို မည်သို့မည်ပုံ ထုတ်ပြရမည်ကို မသိတော့ပေ။ အခြေအနေ အားလုံးမှာ လမ်းဆုံးသို့ ရောက်နေသလို ဖြစ်နေ၏။ လုံခြုံရေးမှူး ချိန်းဘား ပြောပြသွားသော အခြေအနေ ဇာတ်ကြောင်းမှာ ရေပက်မဝင်နိုင်အောင် ဖြစ်နေ၏။ လိုင်လာသည် မတ်တတ်ရပ်လိုက်၏။

'ဦးပြောတဲ့အတိုင်း ဖြစ်မှာပါပဲ။ ကဲ ဦး၊ ဦးကို အခုလို ဒုက္ခပေးရတာ ကျွန်မတော့ သိပ်အားနာတာပဲရှင်'

ချိန်းဘား မျက်နှာမှ မကျေနပ်မှုများသည် ခွာချလိုက်သလို ကွာကျသွားပြီး မြိန့်မြိန့်ကြီး ရိုးရိုးပြုံးလိုက်၏။





'အားနာစရာ မလိုပါဘူးကွယ်၊ ဦးအနေနဲ့ ဒီနေရာ ထိုင်နေတာကိုက ဒီအလုပ်ကို လုပ်ဖို့ မဟုတ်လား။ ဟုတ်ဘူးလားကွာ .... ဆမ်'

ဆမ်သည်လည်း မစွတာ ချိန်းဘားနည်းတူ အနည်းငယ် ပေါ့ပါးသွား၏။

သူတို့သည် တစ်မြို့တည်း အတူနေ ရင်းနှီးကြသူများ မဟုတ်ပါလား။ ဆမ်သည် ခေါင်းဆတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်'

ဆမ်နှင့် လိုင်လာသည် ထွက်ခွာတော့မည်ဟု မတ်တတ်ရပ်လိုက်ကြ၏။

လုံခြုံရေးမှူး ချိန်းဘားသည်လည်း မတ်တတ်ရပ်လိုက်၏။ သူ့အနေနှင့်လည်း မျက်စိရှေ့မှောက်တွင် ရပ်နေသော သူငယ်နှင့် သူငယ်မကို ကြည့်၍ အားနာနေမိလေသည်။ ဒုက္ခအပူမီး တောက်လောင်ပြီ ဆိုသောအခါတွင် သူ့ဆိုတာ ထိန်းနိုင်ခဲဘိခြင်း။ သူသည် လိုင်လာကို ကြည့်လိုက်၏။

'ငါ့အနေနဲ့ မင်းတို့ ဘယ်လိုခံစားရတယ်ဆိုတာ ကိုယ်ချင်းစာမိတယ်ကွာ။ တကယ်ပါပဲ၊ ငါ့အနေနဲ့ မင်းတို့ကို ဒီထက် ထိထိရောက်ရောက် အကူအညီ ပေးလိုက်ရတာမျိုး ဖြစ်ချင်ပါတယ်။ ဒါပေမဲ့ ဘာဆို ဘာမှ မီစရာ၊ ကောက်စရာ သဲလွန်စ မရှိဘူးကွ။ မင်းတို့မှာ အတွေးမဟုတ်ဘဲ ဆုပ်ကိုင်ပြလို့ရတဲ့ သဲလွန်စ အထောက်အထား တစ်ခုခု ရှိရင်တော့လည်း အကောင်းသားကွ'

ဆမ်က ခေါင်းဆတ်လိုက်၏။

'ဟုတ်တယ် ဦး၊ ကျွန်တော်တို့ အနေနဲ့လည်း ဦးရဲ့ ကြိုးပမ်းလုပ်ဆောင်ချက်ကို အသိအမှတ် ပြုပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်'

တစ်ဆက်တည်းပင် လိုင်လာဘက်သို့ လှည့်၍–

'ကဲ လိုင်လာ၊ ကိုယ်တို့ သွားလိုက်ကြဦးစို့'



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံးမှာ အခန်းအပြင်ဘက်သို့ ထွက်ကာ လှေကားထစ်အတိုင်း ဆင်းလိုက်ကြ၏။

လုံခြုံရေးမှူး ချိန်းဘားသည် ထွက်သွားသူ နှစ်ဦးစလုံးကို နောက်ကျောမှ ကြည့်ရင်း လှမ်းအော်လိုက်၏။

'ချီကာဂို ကိစ္စကို စုံစမ်းလိုက်ကြဦး ဟေ့'

ဆမ်တို့သည် ခေါင်းညိတ်ကာ ထွက်လာကြ၏။

သူတို့နှစ်ဦးသည် စကားမပြောမိကြဘဲ ခရီးကိုသာ တွင်တွင်ကြီးဆက်လျှောက်လာကြလေသည်။ နေ့လယ်ပိုင်းနေ၏ စောင်းစွေစွေ နေရောင်ခြည်တို့သည် သူတို့၏ ကိုယ်ပေါ်သို့ ကျရောက်နေ၏။ လိုင်လာသည် တစ်ခုခု တစ်ဆို့နေသည့်ပမာ လည်ချောင်းရှင်းနေ၏။

ဆမ်ကပင် စတင်၍ စကားပြောသည်။

'ကိုယ့်ဆိုင်ကို လိုက်မှာလား'

လိုင်လာသည် ခေါင်းခါ၍ ပြ၏။

'ဒါဖြင့် ဟိုတယ်ကို သွားမှာလား'

လိုင်လာသည် ခေါင်းခါရင်းပင်–

'မသွားဘူး'

ဆမ်သည် အံ့သြသွား၏။

'ဒါဖြင့် ဘယ်ကိုသွားမှာတုံး'

'ဆမ်တော့ မပြောတတ်ဘူးလေ၊ ကျွန်မတော့ အဲဒီ နော်မန်ဗိတ်ရဲ့ဟိုတယ်ကို သွားမှာပဲ'

လိုင်လာသည် စကားပြောရင်း မျက်နှာကို ဆတ်ခနဲ မော့လိုက်၏။ စောင်းရွေသော နေရောင်မှာ လိုင်လာ၏ ခေါင်းကို ထိုးထားသဖြင့် ခေါင်းရိပ်သည် လိုင်လာ၏ လည်တိုင်ကို တစ်ခြမ်းဝှက်၍ ထားလေသည်။

ရုတ်တရက် ကြည့်လိုက်လျှင် လိုင်လာ၏ ခေါင်းမှာ ခေါင်းပြတ်ကြီးလိုလိုနှင့်....။

[ တစ်ဆယ့်သုံး ]

နော်မန် သိနေ၏။

သူတို့ လာမည် ဖြစ်ကြောင်းကို နော်မန် သိနေ၏။

ဟိုတယ် အဝင်ဝ လမ်းကလေးထဲသို့ ကားနှင့် ချိုးဝင်မလာမီကတည်းက၊ ကားဘီးသံ မကြားရမီ ကတည်းက သိနေ၏။

သူတို့ ဘယ်သူတွေလဲ ဆိုတာ နော်မန် မသိပါ။

သူတို့ ဘယ်ပုံပန်း ရှိကြမည် ဆိုတာကိုလည်း နော်မန် မသိပါ။

သူတို့သည် ဘယ်နှယောက် ရှိကြမည်၊ ဘယ်ပုံ လာကြမည် ဆိုသည်ကိုလည်း နော်မန် မသိပါ။

သို့သော် သူတို့ လာကြမည် ဆိုတာကိုတော့ နော်မန် သိနေပါ၏။ သိသမှ မနေ့ည မိုးချုပ်ချုပ်မှာ လူစိမ်းတစ်ဦး ကားနှင့် ပေါက်လာပြီး အိမ်တံခါးကို လာခေါက်ကတည်းက သူတို့ လာမည်ဟု နော်မန် သိပြီးဖြစ်နေ၏။

မနေ့ညက သူ့အိမ်တံခါးကို လာခေါက်စဉ်ကဆိုလျှင် နော်မန်သည် တကယ် ငြိမ်ငြိမ်ကလေး အိပ်ရာထဲ နေခဲ့ပါသည်။ ထပြီး ချောင်းကြည့်လား၊ ဘာလားပင် မလုပ်ခဲ့ပါ။ အဆုံးပြောရလျှင် ခေါင်းထောင်မကြည့်ဘဲ ခေါင်းမြီးခြုံပြီး သူစိမ်းလူ ပြန်သွားတဲ့အထိ နေလိုက်ပါ၏။ နောက်ဆုံးတော့ သူစိမ်းလူသည် ထွက်သွားခဲ့ပါသည်။

အမှန်တော့ အမေ့ကို သူ မြေတိုက်ထဲမှာ ထည့်ပြီး သော့ခတ်ထားတာ ကံကောင်းတာပဲ။ သူ့အတွက်လည်း ကံကောင်းတာပဲ။ အမေ့အတွက်လည်း ကံကောင်းတာပဲ။ ပြီးတော့ သူစိမ်းအတွက်လည်း ကံကောင်းတာပဲလို့ ဆိုရပေမှာပေါ့။

ဒါပေမဲ့ အဲဒီအချိန်ကတည်းက ဒီကိစ္စဟာ ဒီတွင်ပဲ အဆုံးသတ်မှာ ဒီဇာတ်ဟာ ဒီတင်ပဲ ပြီးမယ်လို့ နော်မန် မယုံခဲ့ပေ။ အမှန်လည်း မပြီးသေး



www.burmeseclassic.com

www.burmeseclassic.com



ပါပေ။ ဒီနေ့ နေ့လယ်ပိုင်းလောက်ကျတော့ လုံခြုံရေးမှူး ချိန်းဘား ပေါက်ချ လာတော့တာပါပဲ။

ရိုးရိုးသားသားကို ဝန်ခံရမယ်ဆိုရင် လုံခြုံရေးမှူး ချိန်းဘားကို ခု တစ်ခေါက် ပြန်တွေ့လိုက်ရတော့ သူ့စိတ်ဟာ အတော် ချောက်ချားသွားတာ တော့ အမှန်ပါပဲ။ မတွေ့တာများလည်း နှစ်ပေါင်း ကမ္ဘာကမ္ဘာ ကြာမင့်ကြီး ကြာသော်လည်း မေ့တော့ မမေ့နိုင်သော အကြောင်းများပါပဲ။

ဒီအကြောင်းကို ပြန်တွေးလိုက်တိုင်း အိပ်မက်ဆိုးကြီးတစ်ခုလို အမြဲ တမ်း ခံစား ထိတွေ့နေရတာပဲ။ ဟုတ်တယ်၊ တကယ့်အိပ်မက်ဆိုးကြီး ပါပဲ။ သူက ဦးလေးဂျိုရယ်၊ အဆိပ်ရယ်၊ ပြီးတော့ အရာရာ ခပ်သိမ်းရယ်၊ ဒါတွေ အားလုံးကို အိပ်မက်ဆိုးကြီးပဲလို့ ခုထိ ယုံနေသေးတယ်။ ဒါတွေကို တွေ့နေလို့သာ သူ ယခု လုံခြုံရေးမှူး ချိန်းဘားကို မှန်းဆက်ပြီး အကြောင်း ကြားခဲ့တာပေါ့။ လုံခြုံရေးမှူးဟာ သူ့ကို ဆေးရုံမှာ သုံးလေးလ ပို့ထားပြီးမှ ဒီကို ပြန်နေခွင့် ပြုခဲ့တာပဲ။ သူ ကောင်းကောင်းကြီး မှတ်မိတာပေါ့။

လုံခြုံရေးမှူး ချိန်းဘားကို မြင်လိုက်ရတော့ သူ့အနေနဲ့ အိပ်မက်ဆိုး ကြီးကို တစ်ခါ ပြန်မက်ရသလို ခံစားနေရ၏။ အင်းလေ၊ လူဆိုတာမျိုးဟာ ဒီလိုပဲ အိပ်မက်ဆိုးတစ်ခုကို ထပ်ကာတလဲလဲ ပြန်မက်တာမျိုးပါပဲ။

အရေးကြီးဆုံးအချက်က နော်မန်အနေနှင့် တစ်ကြိမ်တစ်ခါက လုံခြုံ ရေးမှူး ချိန်းဘားကို ပိပိရိရိ လှည့်ဖြားနိုင်ခဲ့တယ်ဆိုတာ သတိရဖို့ပဲ။ အဲဒီတုန်း ကများ အခြေအနေဟာ အလွန်ဆိုးတာပေါ့။ ဒီတစ်ခါတော့ အားလုံး ပြေပြေ ပြစ်ပြစ်ပါပဲ။ သိပ်ခဲယဉ်းမယ်လို့ သူ မယူဆပါဘူး။ တစ်ခု သိထားဖို့ကတော့ သူဟာ တကယ် တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ ရှိနေဖို့ပါပဲ။

တကယ်လည်း နော်မန်သည် ဣန္ဒြေရခဲ့ပေသည်။

သူသည် ချိန်းဘားက မေးသမျှ မေးခွန်းတိုင်းကို အေးအေးဆေးဆေး လေးလေးမှန်မှန် ဖြေ၏။ ဟိုတယ်သော့ အားလုံးကို ပေးလိုက်ပြီး ဟိုတယ် ကိုလည်း တကယ့် စိတ်တိုင်းကျ သဘောရှိ ရှာစေခဲ့ပါသည်။







နောက် အိမ်ဆိုတာကိုလည်း ကြိုက်သလို တစ်ယောက်တည်း တက်ကြ ည့် ရှာစေခဲ့ပါ၏။ တကယ်တော့ ရယ်စရာတော့ တစ်မျိုး ကောင်းလှပေ သည်။

သူက မြေပြင်ရှိ တချို့သော ခြေရာလက်ရာများကို ခြေထောက်နှင့် ခင်းခြေ ဖျက်ဆီးပစ်နေချိန်တွင် လုံခြုံရေးမှူးကြီးက အိမ်ပေါ်မှာ တက်ပြီး ညဲလွှန့်စ ရှာနေလေရဲ့။

တကယ်လို့ အမေသာ ငြိမ်ငြိမ်သက်သက် နေခဲ့မယ် ဆိုရင်တော့ အားလုံး ချောချောမောမောပဲ ပြီးဆုံးသွားမှာပါပဲ။ အမေလည်း ငြိမ်ကောင်း ပါရဲ့လေ။ လုံခြုံရေးမှူးကြီးရဲ့ ခြေသံကိုများ သူ့ခြေသံနဲ့ မှားပြီး မြေတိုက်ထဲ က လှမ်းအော်နေမလားပဲ။

အော်တော့ မအော်တန်ပါဘူး။ သူ့အနေနှင့် အမေ့ကို အသေအချာ သတိပေးထားတာပဲဟာ။ အမေဟာ သူ့ခြေသံနဲ့ သူစိမ်းခြေသံကိုလည်း ခွဲနိုင် မရှိပါဘူးလေ။ ကွဲမှာပါပဲ။

ပြီးတော့ နောက်တစ်ခုက လုံခြုံရေးမှူး ချိန်းဘားဟာလည်း အမေ့ကို လိုက်ရှာနေတာမှ မဟုတ်ဘဲဟာ။ လုံခြုံရေးမှူးက အမေ မရှိဘူးလို့ ယုံနေတာ ကိုး။ အမေ သေပြီလို့။

ဟုတ်ပေသည်။ သူ့အနေနှင့် လုံခြုံရေးမှူးကို ပထမအကြိမ်က ကောင်းကောင်းကြီး၊ ပိပိကြီး လှည့်ဖြားနိုင်ခဲ့ပေတာပဲ။ အခုလည်း ကြည့် သူ ကောင်းကောင်း လှည့်ဖြားနိုင်ပြီ မဟုတ်လား။ လုံခြုံရေးမှူးကြီးသည် အိမ်ထဲမှ ဘာတစ်ခုမျှ ရှာ၍ မတွေ့ဘဲ ပြန်ထွက်ခဲ့ပြီ ဖြစ်၏။

သူသည် နော်မန်အား မေရီနှင့် ဆုံတောက် မီလတန်တို့ ... သွားသည် ဆိုသော ကိစ္စနှင့် ပတ်သက်၍ နည်းနည်း မေးမြန်းသေး၏။ နော်မန်သည် အုထဲက လိပ်တက်လာသလို ယားလာ၏။ သူက ... လေး ချိကာဂို သွားမည် ပြောသည်ကို ဟိုတယ်တစ်ခု၏ အညွှန်း...



www.burmeseclassic.com

www.burmeseclassic.com



ပါလာသည်ဟု အပိုဆာဒါးကလေး ထည့်ပြီးများတောင် ပြောချင်စိတ် ပေါက်လာ၏။

သို့သော် သူ့ကိုယ်သူ ထိန်းလိုက်၏။ သည်လို အပိုထည့်ပြောခြင်းသည် မလိမ္မာပေ။ သူ့ရိုးရင်းစွာ ဇာတ်လမ်းကိုပဲ ဆက်လက် ဆုပ်ကိုင်ထားခြင်းက ပို၍ အန္တရာယ်ကင်းနိုင်လေသည်။ ယခုလည်း လုံခြုံရေးမှူးက ယုံကြည်နေပြီဟာပဲ။

သူ့အနေနှင့် ဘာများ အတွန့်တက်ချင်သေးရတာတုံး။ လုံခြုံရေးမှူးကြီးသည် ပြန်မည်ဆိုသောအခါ၌ သူ့ကို ဒီလို နှောင့်ယှက်ရခြင်းအတွက် အားနာပါတယ်လို့များတောင် ပြောသွားပါသေး၏။

သည်အခန်းကတော့ သည်လိုပဲ ပြီးဆုံးသွားတာ ဟုတ်ပါပြီ။

သို့သော် ...

သို့သော် .... သည်လောက်နှင့် မပြီးကြောင်း သူ သိ၏။

လုံခြုံရေးမှူး ချိန်းဘားကား သူ့ဘာသာသူ အကြောင်းမဲ့သက်သက် လာမည် မဟုတ်။ သူ့တွင် လာစရာ အကြောင်း ဘာမှုမရှိ။ သူနှင့် ပတ်သက်သမျှလည်း ဘာမှု ဖြစ်ခဲ့သည် မဟုတ်။

မနက်က ဖုန်းဆက်ကတည်းက တစ်ယောက်ယောက်က စုံစမ်းခိုင်းလို့သာ လုံခြုံရေးမှူးက ဖုန်းဆက်ကြောင်းကို နော်မန် သိ၏။ အဓိပ္ပာယ်မှာ တစ်စုံတစ်ယောက်က မိန်းကလေးနှင့် စုံထောက်အကြောင်း သိရမည်။ သူတို့က လုံခြုံရေးမှူးကို ဖုန်းဆက်ခိုင်းတာပဲ ဖြစ်ရပေမည်။ နေ့လယ်ကျတော့လည်း သူတို့ပဲ လုံခြုံရေးမှူးကြီးကို ဒီကိုလာပြီး စုံစမ်းခိုင်းတာပဲ ဖြစ်ရမည်။ ဒါတွေတော့ ပြီးသွားပြီ။

နောက်ခြေလှမ်းကတော့ သူတို့ကိုယ်တိုင် ထွက်လာပြီး ဒီကို လိုက်လာမှာပဲ။ တကယ်ပါပဲ၊ ပြေးမလွတ်တမ်း ပါပဲ၊ ပြေးမလွတ်တမ်း ပါပဲ။

သူသည် သည်အတွေး တွေးလိုက်သည်နှင့် တစ်ပြိုင်နက် သူ့ရင်မှာ တဆတ်ဆတ်နှင့် ခုန်လာလေတော့သည်။ သူသည် အရူးတစ်ယောက်လို





ဆော်ပြီး၊ ခုန်ပေါက်ပြီး ဘယ်နေရာ ဘယ်ကမ္ဘာကိုပဲ ရောက်ရောက် ထွက်ပြေးလိုက်ချင်၏။

ဒါမှမဟုတ် မြေတိုက်ခန်းထဲကို သွားပြီး အမေ့ပေါင်ပေါ် ခေါင်းမှောက်ကာ ဘာသံမှ မကြားအောင်၊ ဘာမှုလည်း မမြင်ရအောင် ခေါင်းမြီးခြုံနေလိုက်ချင်ရဲ့။

သို့သော်လည်း မဖြစ်နိုင်ပေဘူး။ ဒီလိုလုပ်လို့လည်း ပြေးလွတ်မှာမဟုတ်။ ဒီလိုလည်း မလုပ်နိုင်တဲ့ အခြေအနေပါကလား။ သူ့အနေနဲ့ အမေ့ကို ထားခဲ့ပြီး ပြေးဖို့ရာ ဆိုတာလည်း ဖြစ်နိုင်တာ မဟုတ်။

အမေ့ကိုခေါ်ပြီး ပြေးဖို့ရာကျပြန်တော့လည်း ဝန်ထုပ်ဝန်ထည်ကကြီးလွန်းလို့ မဖြစ်နိုင်။ အမေ့ကို ဒီအခြေအနေအတိုင်း အပြင်ခေါ်လို့တောင် မလွယ်ဘဲဟာ။ အလျင်အပတ်က ဆိုရင်တော့ သူ အမေ့ပေါင်ပေါ်မှာ မှောက်နှာအပ်ပြီး အမေ့ကို အကြံတောင်းရင် ရနိုင်တာပေါ့။

ခုတော့ တစ်ပတ်ဆိုတဲ့ အချိန်ကလေးအတွင်းမှာ အဖြစ်အပျက်တွေကလည်း အများကြီး ဖြစ်ခဲ့ပြီမို့ အမေ့ရင်ခွင်ထဲ ဝင်ချင်လို့တောင်မှ ခုတော့မလွယ်ပြီ။ စောင် ခေါင်းမြီးခြုံလို့လည်း ကိစ္စက မအေးနိုင်ပေ။

ဘာပဲပြောပြော သူတို့လာတယ်ဆိုရင် သူကတော့ ရင်ဆိုင်တွေ့မှာပဲ။ ဘယ်မှ ပြေးမလွတ်တဲ့တူတူ ဒီပြဿနာကို ရင်ဆိုင်တွေ့ပြီး သူ့ဇာတ်လမ်းအတိုင်း ဆက်ကတာမှ ရေးတေးတေး ရှိသေးရဲ့။

ဒီအတောအတွင်းမှာတော့ သူ့အနေနှင့် တဒိန်းဒိန်း ခုန်နေတဲ့ရင်ကို ရပ်အောင်၊ ငြိမ်အောင်၊ ဣန္ဒြေရအောင် တစ်ခုခုတော့ လုပ်မှပါပဲ။

သူသည် ဟိုတယ်ခန်းထဲ၌ အထီးတည်း ထိုင်နေ၏။ အလာဘားမားမှ လင်မယားသည် မနက်အစောကြီး ဝေလီဝေလင်းက ထွက်ခွာသွားပြီး ဖြစ်သည်။ အလီနွိုက်က လင်မယားလည်း မလင်းခင်ကပဲ ထွက်သွားကြ၏။ နောက်ထပ် ဧည့်သည်ကလည်း တစ်စုံတစ်ယောက်မှ မရောက်ရှိသေး။ ခုတော့ သူတစ်ယောက်တည်း အထီးတည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်တို့သည် ကောင်းကင်ပေါ်တွင် တဖြည်းဖြည်း စုဝေးလျက် ရှိကြပြန်ပြီ။ မှန်တိုင်းကျဦးမယ့် အရိပ်လက္ခဏာပဲ ထင်ပါရဲ့။ ဒီလို မိုးထဲလေထဲမှာတော့ ဧည့်သည်လာဖို့ လမ်းမမြင်ပေ။ သည်တော့ အရက်တစ်ခွက်လောက် ချလိုက်ရင်ဖြင့် ဘာမှ မဖြစ်တန်ရာပါဘူး။ သူ့နှလုံး တုန်ခြင်း၊ ရင်ခုန်ခြြင်း ငြိမ်သွားရုံလောက်ကလေးပါ။

နော်မန်သည် ကောင်တာ၏နောက်၌ ထားသော အရက်ပုလင်းရှိရာသို့ လက်လှမ်းလိုက်၏။ ဒီအရက်ပုလင်းမှာ ဒုတိယမြောက်ပုလင်း ဖြစ်လေသည်။ လဆန်းက ဝယ်ထားသော အရက်သုံးပုလင်းအနက် ဒုတိယအလုံးဖြစ်ပေသည်။ ဒီလိုဆိုပြန်တော့လည်း သူဟာ အရက်ကို နင်လား ငါလားသောက်တယ်လို့တော့ မဆိုနိုင်ပေဘူးပေါ့။

ဒါပေမဲ့ ပထမအလုံးကို ချလိုက်တုန်းကတော့ ဒီဒုက္ခတွေ အားလုံးကို ရောက်လာစေခဲ့တာပဲ မဟုတ်လား။ အေးလေ၊ နောက်တစ်ခါတော့ မဖြစ်နိုင်တော့ပါဘူး။ အခုတော့ အမေဟာလည်း ဘေးအန္တရာယ် ကင်းဝေးတဲ့ နေရာမှာ ရောက်နေပြီဆိုတော့ သူ့အတွက် အရာရာဟာ စိတ်ချရပါပြီ။

ဘာပဲပြောပြော အခုလောလောလတ်လတ်တော့ သူ့အနေနဲ့ အရက်တစ်ခွက်တော့ ကောင်းကောင်းကြီး လိုနေပြီ ဖြစ်၏။ ယနေ့ညတော့ အဆင်ပြေလို့။ ဘာမှ မထူးခြားလျှင် အမေ့ဆီ သွားတန်လည်း သွားလိုက်ရသေးတာပေါ့လေ။ အမေလည်း တစ်ယောက်တည်း မပျင်းရအောင် သူ့အနေနဲ့ သွားစကားပြောကြသေးတာပေါ့။ ခုလက်ငင်းကတော့ သူ သွေးလေချောက်ချား နေတာကို အရက်တစ်ခွက်တော့ ချပစ်လိုက်မှပဲ ဖြစ်ပေမည်။

နော်မန်သည် ပုလင်းထဲမှ အရက် တစ်ပက်စာလောက်ကို ဖန်ခွက်ထဲထည့်ပြီး တစ်ချိုတည်း မော့ပစ်လိုက်၏။ လည်ချောင်းထဲ ပူခနဲ ဖြစ်သွားပြီး အစာအိမ်မှာ နွေးလာ၏။ ခေါင်းထဲလည်း သွေးတိုးလာပါ၏။ သို့သော် သူ၏ တုန်လှုပ်ချောက်ချားမှုက မပျောက်ပေ။ နောက်တစ်ခွက် ငှဲ့လိုက်ပြီး တစ်ခါတည်း မော့လိုက်ပြန်၏။ သည်တစ်ချိုတော့ နည်းနည်း ငြိမ်လာ၏။





အတော်ပဲ ငြိမ်သွားပြီ ဖြစ်၏။ သူ ချချင်သေးလျှင် နောက်ထပ်တစ်ခွက် ခုနိုင်သေးပါ၏။

သည်တွင် နောက်တစ်ခွက် ချချင်စိတ်က ရုတ်တရက် မြန်မြန်ကြီး ပေါ်လာလေသည်။ အကြောင်းကား ကားတစ်စီးသည် ဟိုတယ်လမ်းထဲသို့ ကွေ့ကာ ဝင်ရောက်လာသောကြောင့် ပေတည်း။

နော်မန် သိနေ၏။

သူတို့ လာကြမည်ကို နော်မန် အစောကြီး သိနေပါ၏။ သူတို့မော်တော်ကားမှာ တခြားပြည်နယ် လိုင်စင်နံပါတ်လည်း မဟုတ်။ ဘာမှလည်း မထူးခြားပါ။ သို့သော် သူတို့ပဲ ဖြစ်ရမည် ဆိုသည်ကို အတွင်းစိတ်က အလိုလို သိနေ၏။

အတွင်းစိတ်ဆိုတာ လိပ်ပြာကို ခေါ်မလား၊ အလိုလို သိတတ်တဲ့ စိတ်ကလေးကို ခေါ်မလားတော့ မပြောတတ်ဘူး။ သို့သော် ယခု လာနေသော ကားမှာ သူတို့ကား၊ သူ့ဆီကို လာသောကားမှန်း အလိုလို သိနေ၏။

ကြည့်ပါလား၊ ခုနက ငြိမ်နေတဲ့ ရင်တောင် ပြန်ခုန်လာပြန်ပြီ။ နော်မန်သည် လက်ထဲမှ ငှဲ့လက်စ တတိယမြောက်ခွက်ကို မော့ချလိုက်ရင်း ကားဝင်လာပုံ၊ ကားရပ်နေပုံကို ကြည့်နေလိုက်၏။

ကားပေါ်မှ ဆင်းလာသူများမှာ ယောကျာ်းတစ်ယောက်၊ မိန်းမတစ်ယောက် ဖြစ်ပေသည်။ ယောကျာ်းသည် သာမန် ရိုးရိုး တွေ့နေကျ မြင်နေကျ လူမျိုးသာ ဖြစ်ပေ၏။

နော်မန်သည် သူ့ဘာသာသူ လိပ်ပြာမသန့် ဖြစ်နေလို့သာ ထင်ဘာပဲဟု သူ့ကိုယ်သူ ပြန်ဖြေလိုက်တော့မည် အပြုတွင် ကောင်မလေးကို မြင်ရ၏။

ဘုရားသခင်၊ ကောင်မလေး ဉာဏ်ထဲက ပြန်ထလာပြီလား...
မဟုတ်နိုင်ဘူး၊ မဖြစ်နိုင်ပါဘူး။ ဉာဏ်ထဲက ဘယ်တော့မှ ...နိုင်မှာ မဟုတ်ဘူး။ လူ အရှင်တွေတောင်မှ မထွက်နိုင်တာ။ မော်တော်ကား...



www.burmeseclassic.com

www.burmeseclassic.com



တာလပတ်နဲ့ ထုပ်ထားတဲ့ အလောင်းကောင်ကြီးက ဘယ့်နှယ့်လုပ် ထွက်နိုင်
မှာတုံး။

သေချာကြည့်စမ်းပါဦး၊ ဟော မီးရောင်အောက်ကို ရောက်လာပြီ။
သေသေချာချာ ကြည့်။

နော်မန်သည် ကောင်မလေးကို သေသေချာချာကြည့်ပြီး ကောင်
မလေး၏ ဆံပင်မှာ ပထမ မိန်းကလေးနှင့် အရောင်ချင်း မတူပါ။ ဒီကောင်
မလေးက ရွှေရောင်နည်းနည်းပေါက်ပုံပါပဲ။ ဟိုကောင်မလေးက ဆံပင်
အနက်ပဲ ဟာ။

ပြီးတော့ ဒီကောင်မလေးက ဟို ကောင်မလေးလောက်လည်း မကြီး
ဘူး။ အကောင်အထည်ရော အသက်ရော ငယ်ပုံပဲ။ ဒါပေမဲ့ ဟို ကောင်
မလေးနဲ့တော့ အတော်တူတာပဲ။ ညီအစ်မဆိုရင် ယုံမယ်။

ဟုတ်ပါ့ကွာ၊ သူ့ညီမ နေမှာပေါ့။ ဟုတ်ပြီ၊ သူ့ညီမ ဖြစ်မှာပဲ။
ဒီတော့မှ ပြဿနာအားလုံး သူ့ခေါင်းထဲမှာ ရှင်းသွားတော့၏။

ဟိုကောင်မလေး ဂျိန်းဝီလ်ဆင်ဟာ ငွေတွေကို ဘုံးပြီး ထွက်ပြေးလာ
တယ်၊ သူ့နောက်ကို စုံထောက်က လိုက်လာတယ်၊ နောက် ညီမဖြစ်သူက
လိုက်လာတယ်။ ကဲ ပြဿနာအားလုံး ရှင်းရော မဟုတ်လား။

အင်း ဒီကိစ္စမျိုးများ အမေသာဆိုရင် ဟင်း.... ဟင်း၊ တွေ့ချင်စမ်းလှ
ပေါ့၊ တွေ့ချင်စမ်းလှပေါ့နဲ့ နေမှာပဲ။ တော်ပါသေးရဲ့၊ ဘုရား မ တာပဲ။
အမေဟာ မထွက်နိုင်လို့ သူ နောက်ထပ် ပြဿနာ အရှင်းရ သက်သာနေ
တော့တယ်။

အခုတော့ သူ့အနေနဲ့ ဘာမှ ထူးထူးခြားခြား လုပ်စရာ မရှိပါဘူး။
ဣန္ဒြေမပျက် ထိုင်နေရုံပဲ။ မေးရင်လည်း ဓာတ်ပြားဟောင်းကို ပြန်ဖွင့်
ပြလိုက်ရုံပဲပေါ့။ မကျေနပ်တော့လည်း ရှာပေါ့။

သူတို့အနေနဲ့ သူ့အပေါ်ကို ဘာမှ မလုပ်နိုင်ဘူး။ သက်သေလည်း





ဘစ်ခုမှ မရှိ၊ သဲလွန်စလည်း တစ်ခုမှ ရှာတွေ့မှာ မဟုတ်ဘူး။ ကဲ အခု
သူ ရင်ဆိုင်ရတဲ့ ပြဿနာကို သူ သိပြီမို့ အေးအေးပါပဲ။

အရက်သည် တကယ်ပဲ စိတ်ကို ငြိမ်သက်နေစေပါ၏။ သူသည်
စိတ်ရှည်လက်ရှည်ပင် ကောင်တာ၏ နောက်မှ မထဘဲ စောင့်နေလိုက်၏။
သူတို့နှစ်ယောက်သည် ရုံးခန်းထဲ မဝင်မီ စကားပြောနေကြ၏။

သူကမူ ကိစ္စမရှိ၊ စောင့်နေမည်ပင်။ သူ မပူပါ။ အပြင်ဘက်မှ
မိုးတိမ်မိုးသားများသည်လည်း အမှန်တကယ်ပင် တလိပ်လိပ်နှင့် တက်လာ
နေသည်ကို သူ တွေ့ရပါ၏။ ဒါကိုလည်း သူ မပူပါ။ မိုးကောင်းကင်သည်
တဖြည်းဖြည်း လင်းရာက ညို၊ ညိုရာက မည်းလာပြီး နေမင်းသည် သူ၏
ရောင်ခြည် လက်တံတွေကို ရုပ်သိမ်းပြီး အရှုံးပေး လက်နက်ချနေပြီကော။

နေမင်းသည် သူ့ရောင်ခြည်လက်တံများကို ရုပ်သိမ်းပြီး မိုးတိမ်တို့
ကို အရှုံးပေးလိုက်ချေပြီတဲ့။ ကြည့်စမ်း၊ ကဗျာလေးတစ်ပုဒ် ရွှတ်ရတဲ့အတိုင်း
ပါပဲလား ဟုရို။

ကြည့်၊ သူဟာ ကဗျာဆရာပဲ။ နော်မန်သည် ပြုံးလိုက်၏။ သူသည်
အရာရာပါပဲလား။ ဒါကိုများ သူတို့ သတိရရင်....။

ဒါပေမဲ့ သူတို့ မသိကြဘူး၊ သိကြမယ်လည်း မဟုတ်ပါဘူး၊ သိနိုင်
တော့မယ်လည်း မထင်ပါဘူး။ သူတို့ အမြင်မှာတော့ သူဟာ သာမန်
ကောင်တာနောက်မှာ ရပ်နေတဲ့ ဟိုတယ်ပိုင်ရှင် လူဝဝ၊ လူအအ၊ လူအနွံ
တစ်ယောက်လို့သာ သိကြမှာပေါ့။ ဟီ ဟီ၊ ရယ်စရာကြီး။

ယောက်ျားသည် ကောင်တာရှေ့တည့်တည့်သို့ လျှောက်လာ၏။
နော်မန်သည် အရာရာ အဆင်သင့်ဖြစ်စေရန် အလိုက်သိ နားလည်သော
ဟိုတယ်ပိုင်ရှင်ပမာ မတ်မတ် ရပ်လိုက်လေ၏။ နောက် ထိုယောက်ျား
ပထမဆုံး မေးသည့် မေးခွန်းကို စောင့်နေလိုက်၏။ ဘာကိုများ နေမင်း
ကောင်မလေးကိုပဲလား၊ စုံထောက်ကိုပဲလား။ ယောက်ျားသည် ဘာမှ မဖြေ
ပေ။ သူ ပြောလိုက်သည်ကတော့–



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ တည်းဖို့ တစ်ခန်းလောက် ရမလား'

နော်မန်သည် ပါးစပ်က ဖြေဆိုရန်ပင် အားမရှိတော့သည့်အတွက် ခေါင်းညိတ်ပြလိုက်၏။ သူ ပြင်ဆင်ထားသမျှ အလကား ဖြစ်သွား၏။ သူ့အတွေးများ မှားနေရော့သလား။

ထိုအခိုက် မိန်းကလေးသည် ရှေ့သို့ တိုးလိုက်၏။ နော်မန်သည် မိန်းကလေးကို အနီးကပ် တစ်ခါကြည့်ရပြန်၏။ သူ မလွဲနိုင်ပေ။ ဒီကောင်မလေးသည် ဟိုကောင်မလေး၏ ညီမဖြစ်ကြောင်း သေချာလှလေ၏။ ဆယ်လေး တစ်လေးနှင့် အလေးကျော့များတောင် ပေးပြီး လောင်းလိုက်ချင်သေးပါဘိ။

နော်မန်သည် လည်ချောင်းရှင်းလိုက်၏။

'ဟုတ်ကဲ့၊ ရပါတယ်။ အခန်းတွေကို ကြည့်ပါဦးလား ခင်ဗျာ'

ယောက်ျားသည် ခေါင်းယမ်းပြ၏။

'မလိုပါဘူး၊ ကိစ္စမရှိပါဘူးဗျာ။ ကျွန်တော်တို့အနေနဲ့ အဝတ်ကလေးဘာလေး အရင် လဲလိုက်ချင်သေးတာပဲ'

အဲဒါ ညာတာပေါ့။ သူတို့ အဝတ်အစားအားလုံးမှာ ပြန့်ပြန့်ပြူးပြူး သေသေသပ်သပ်နှင့်။ ဘာမှ လဲစရာ မလိုသေးပါ။ နော်မန်သည် ပြုံးလိုက်၏။

'နှစ်ယောက်ခန်း တစ်ဆယ် ကျပါတယ်၊ ခင်ဗျားတို့ အနေနဲ့ ဒီလယ်ဂျာထဲမှာ လက်မှတ်ထိုးပြီး ကျွန်တော့်ကို ငွေချေခဲ့ရုံပါပဲ'

နော်မန်သည် လယ်ဂျာစာအုပ်ကို ရှေ့တိုးပေးလိုက်၏။

ယောက်ျားသည် လယ်ဂျာကို ယူပြီး နာမည်ရေးမည် ပြုရန် ခဏမျှ တွန့်သွားသေး၏။ နောက် ရေးချလိုက်သည်။ နော်မန်သည် လက်ရေးကို ဇောက်ထိုး ဖတ်တတ်သောအကျင့် ရနေသည်မှာ ကြာပြီ ဖြစ်၏။

"မစ္စတာနှင့် မစ္စက်ဆမ်ရိုက်၊

လွှပ်လပ်ရေးမြို့။"

ဟင်၊ ဒါ နောက်တစ်ခါ ညာပြန်တာပဲ။ ရိုက်ဆိုတဲ့ နာမည် မရေးခင်





မယ် တွန့်နေကတည်းက အသိသာကြီးပဲ။ အလိမ်အိုးတွေ၊ အညာအိုးတွေ။ သူတို့ကိုယ် သူတို့များ လျှင်လှပြီ၊ လည်လှပြီ ထင်နေလို့။ သူ့ကို ပတ်တီးခဲ့ဖို့ လာစမ်းတာပေါ့လေ။ တွေ့ကြသေးတာပေါ့ကွာ။

မိန်းကလေးသည် ရှေ့နားတိုးလာပြီး လယ်ဂျာစာအုပ်ကို ကြည့်လိုက်၏။ ယောက်ျား ရေးနေသော နာမည်ကိုကား မဟုတ်ပေ။ အပေါ်က ထိပ်နားက နာမည်ကိုပဲပေါ့။

အထက်နားက နာမည်က "ဂျိန်းဝီလ်ဆင်" တဲ့၊ အင်း အင်း။

ကောင်မလေးက သူ့ကိုယ်သူ လည်လှပြီပေါ့လေ။ သူ့ငနဲရဲ့ လက်မောင်းကို ဆုပ်ပြီး ပြနေလိုက်တာ။ လူကိုများ အကန်းအောက်မေ့ ထင်ပါရဲ့။ သူတို့ လုပ်ပုံတွေ မမြင်တာကျလို့။

နော်မန်သည် လေအေးအေးနှင့် ပြော၏။

'အခန်းနံပါတ် ၁ ကို ယူပေါ့ ခင်ဗျာ'

မိန်းကလေးက မေး၏။

'ဘယ်မှာလဲ'

'ဟိုဘက်စွန်းမှာပါ'

'နံပါတ် ၆ ကော မရဘူးလား'

နံပါတ် ၆။ နော်မန် ကောင်းကောင်းမှတ်မိပါ၏။ နံပါတ် ၆ မှာ ဟိုမိန်းကလေးအား သူ ပေးခဲ့သောအခန်း ဖြစ်ပါ၏။ ကောင်မလေးသည် လယ်ဂျာစာအုပ်ကို ကြည့်စဉ်က လက်မှတ်၏ အောက်နားတွင် သူရေးထားသော အခန်းနံပါတ်ကို မြင်သွားသည် ထင်ရဲ့။ သို့သော် သူက အရေးမကြီးသလိုပင်။

'နံပါတ် ၆ ကတော့ ဒီရုံးခန်းနဲ့ ကပ်လျက် အခန်းပါပဲ ခင်ဗျာ ဒါပေမဲ့ ခင်ဗျားတို့ ကြိုက်မယ် မထင်ပါဘူး ခင်ဗျာ။ နံပါတ် ၆ အခန်းထဲမှာ ပန်ကာပျက်နေတယ် ခင်ဗျ'

ကောင်မလေးက ပျာပျာသလဲ ဝင်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူးရှင်။ ကျွန်မတို့ ပန်ကာ လိုမယ် မထင်ပါဘူး။ မုန့်တိုင်းကျပြီး မိုးက ရွာမလိုဖြစ်နေတော့ ခဏကြာရင် အေးသွားမှာပါ'

အလိမ်အိုးတွေ၊ နော်မန်သည် ကျိတ်၍ ဆဲလိုက်သည်။

ကောင်မလေးက ဆက်၍ ပြော၏။

'ပြီးတော့ နံပါတ် ၆ ဟာ ကျွန်မတို့ရဲ့ အကြိုက်ဆုံး ဖြစ်နေလို့ပါ။ မဟုတ်ဘူးလားမောင်၊ ကျွန်မတို့က ဒီလ ၆ ရက်နေ့တုန်းက လက်ထပ်ခဲ့တာရှင့်'

လိမ်ပြန်ပြီ၊ အရှက်ကို မရှိဘူး။ နော်မန်သည် ပခုံးတွန့်လိုက်၏။

'ကောင်းပါပြီလေ၊ ရပါတယ်'

တကယ်လည်း သူ့အတွက်တော့ဖြင့် ကောင်းပါ၏။ အခု ပြန်စဉ်းစားကြည့်လိုက်သောအခါ ပို၍ ကောင်းပါ၏။ လိမ်ကောင်တွေက ဒီလို စခန်းသွားချင်တာကိုး။ တစ်ခါတည်း တိုက်ရိုက် မေးခွန်းမထုတ်ဘဲ ပုန်းလျှိုး ကွယ်လျှိုးနှင့် သူတို့ဘာသာ သူတို့ စုံစမ်းမယ်ပေါ့လေ၊ ဟုတ်စ။ လုပ်ကြည့်ပေါ့ကွယ်၊ ခင်းတို့က နံပါတ် ၆ ကြိုက်တယ်၊ ကောင်းလှပေါ့ကွာ။ ခင်းတို့ကပဲ သူ့အပေါ် စောင့်ကြည့်နိုင်မလား၊ သူကပဲ ခင်းတို့အပေါ်မှာ စောင့်ကြည့်နိုင်မလား၊ ကြည့်ကြသေးတာပေါ့။ ရှမ်းနဲ့ဆင် လယ်ပြင်မှာတော့ တွေ့ကြပြီပေါ့။

နော်မန်သည် အခန်းသော့ကို ယူပြီး သူတို့နှစ်ဦးလုံးကို အခန်းသို့ ရောက်အောင် လိုက်ပို့လိုက်၏။ နံပါတ် ၆ မှာ လေးငါးခြောက်လှမ်း လျှောက်လိုက်လျှင်ပင် ရောက်လာ၏။ အပြင်ဘက်၌ လေသည် ထန်စ ပြုလေပြီ။ အအေးဓာတ်သည်လည်း လေနှင့်အတူ တစ်ပါတည်း လွှမ်းခြုံစ ပြုလေပြီဖြစ်၏။ နော်မန်သည် အခန်းတံခါးသော့ကို ဖွင့်နေခိုက် ယောကျ်ားဖြစ်သူသည် မော်တော်ကားရှိရာသို့ လျှောက်သွားပြီး လက်ဆွဲအိတ်တစ်ခုကို ထုတ်လိုက်၏။ အလွန်ဝေးလံတဲ့ လွတ်လပ်ရေးမြို့က လာတဲ့သူတွေ၊ ကြည့်ပါဦး၊





အိတ်ကလေးက ပိုက်ဆံအိတ်လောက် ရှိရဲ့။ အလိမ်ကောင်တွေ၊ အညာကောင်မတွေ။

နော်မန်သည် တံခါးဖွင့်ပေးလိုက်၏။ သူကမူ နံဘေးဘက်သို့ နည်းနည်း ရွှေ့ပေးလိုက်၏။

'ဘာများ အလိုရှိပါသေးလဲ ခင်ဗျား'

'ကိစ္စမရှိပါဘူး၊ မလိုတော့ပါဘူး။ ကျေးဇူးတင်ပါတယ်'

နော်မန်သည် တံခါးပိတ်လိုက်၏။ သူသည် ရုံးခန်းဆီသို့ ပြန်လျှောက်လာပြီး အရက်တစ်ခွက် ကောင်းကောင်းသောက်လိုက်ပြန်၏။ မိမိကိုယ်ကို မိမိ ဂုဏ်ပြုသော အရက်သောက်ခြင်းပေါ့လေ။ အားလုံးသည် သူ စိတ်ကူးထားသည်ထက်ပင် များစွာ လွယ်ကူပေလိမ့်မည်။ လွယ်လွန်းလို့ နော်မန်သည် အူတက်အောင်များ ရယ်မောလိုက်ချင်တော့၏။

နော်မန်သည် နံရံမှ မှန်ပေါက်ကလေးကို မ လိုက်ရာ တစ်ဖက်ခန်းက မီးရောင်သည် လက်ခနဲ ထွက်လာ၏။ နံပါတ် ၆ က မီးရောင်ပေတည်း။ သူ့အနေနှင့် မျက်လုံးနှင့် အပေါက်ကလေး မအပ်လိုက်မီ ပြီးခဲ့သော အပတ်က အဖြစ်အပျက်ကို ပြန်၍ မြင်ယောင်လာမိကာ မျက်လုံးနှင့် ချောင်းကြည့်သောက် မအပ်ရဲဘဲ တွန့်နေမိပြန်၏။ ဟယ်၊ ပြီးတဲ့ဟာလည်း ပြီးမှပဲ၊ လုပ်စရာရှိတာ လုပ်ပေါ့။

နော်မန်သည် သူတို့ကို မမြင်ရပေ။ အကြောင်းမူ အများပြည်သူလူထု သိတော်မူသည့်အတိုင်း အပေါက်က ရေချိုးခန်းနှင့် တည့်တည့် ဖောက်ထားဘာ မဟုတ်လား။ သူတို့သည် အိပ်ခန်းထဲတွင် ရှိနေ၏။ နော်မန်သည် သူတို့ကို မမြင်ရသော်လည်း သူတို့ပြောနေသော စကားများကိုမူ ကြားနေရပါ၏။ သူတို့သည် တစ်စုံတစ်ခုကို လိုက်လံရှာဖွေ နေကြပုံ ရ၏။ သူတို့ စကားသံ အားလုံးကိုတော့ နော်မန် ကြားရသည် မဟုတ်ပေ။ ကြားရသမျှတွေမှာ–

ယောကျ်ားသံက–



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တို့ ဘာရှာနေတာလဲ ဆိုတာ ကိုယ်တိုင် သေသေချာချာ သိရရင် ကောင်းမှာပဲ'

မိန်းမသဲ-

'ဒီလို တစ်ခုခုဖြစ်ရင် ဘယ်တော့ဖြစ်ဖြစ် သဲလွန်စ တစ်ခုခုတော့ မှုကိစ္စလျှမ်းပြီး ကျန်ရစ်တတ်တယ်ဆို မဟုတ်လား။ စုံထောက် ဝတ္ထုတွေထဲမှာလည်း ရှင် ဖတ်ဖူးသားနဲ့။ တစ်ခုခုတော့ ကျန်မှာပဲ၊ ဘယ်လောက်ပဲ သေးသေးပေါ့လေ'

ယောက်ျားသံ-

'ဒါပေမဲ့ ကိုယ်တို့က စုံထောက်မှ မဟုတ်တာကွယ်။ ကိုယ်တော့ ငနဲနဲ့ ရင်ဆိုင်တွေ့ပြီး ခြောက်လှန့် မေးလိုက်ချင်တာပဲ။ ဒါမှ ပွင့်ပြီး ထွက်လာချင် ထွက်လာဦးမယ်'

နော်မန်သည် ချောင်းကြည့်ရင်း၊ ချောင်းနားထောင်ရင်း ပြုံးလိုက်၏။ သူ့ကိုများ ခြောက်ကြဦးမလို့တဲ့လေ။

ဟင်း ဟင်း၊ မင်းတို့အဖေက ကြောက်ပါလိမ့်မယ်၊ အားကြီး။

နေပါဦး၊ သူတို့က ဘာတွေရှာလို့ ဘာတွေ တွေ့မှာတုံး။ နော်မန်သည် အခန်းအားလုံးကို သေသေချာချာ မြေလှန်၍ ရှင်းလင်း သန့်စင်ထားပြီး ဖြစ်ပါ၏။

ရှန်းရင်းဆန်ခတ် ဖြစ်ခဲ့သည့် လက္ခဏာလည်း တစ်စိတ်တစ်ဒေသမျှ မပေါ်လွင်နိုင်တော့ပေ။ သွေးစကလေး၊ သွေးနကလေး ဆိုတာလည်း ဝေးရော၊ ဆံမျှင်ကလေး တစ်မျှင်တောင် ရှာတွေ့မှာ မဟုတ်ဘူး။

မိန်းမသံသည် တဖြည်းဖြည်း နီးလာ၏။

'တကယ်လို့ ကျုန်မတို့သာ တစ်ခုခု တွေ့ခဲ့ရင် သဲလွန်စကို ကိုင်ပြီး သူ့ကို ခြောက်တော့မှ အဓိပ္ပာယ် ရှိတော့မှာပေါ့။ ဒါမှ သူက ပြောချင် ပြောမယ်နော်'

မိန်းမသည် ရေချိုးခန်းထဲ ဝင်လာ၏။ နော်မန်သည် ကောင်မလေးကို





မြင်ရပြီ ဖြစ်၏။ ကောင်မလေးသည် သူ့အစ်မနှင့် တကယ် တူပေသည်။ ကောင်မလေးကမူ တောင်ကြည့် မြောက်ကြည့်နှင့် ပါးစပ်မှလည်း စကားဆက်ပြောနေ၏။

'သဲလွန်စ တစ်ခုခုကို တွေ့မှ လုံခြုံရေးဌာနကို ခေါ်လို့ရမှာပဲ။ ကျွန်မတော့ တစ်ခုခုတွေ့မယ် ထင်တာပဲ၊ တွေ့အောင် ရှာရမှာပဲ။ တွေ့ရင် ဆိုင်ရာကို ပြ၊ ဆိုင်ရာက ဓာတုဗေဒ ဓာတ်ခွဲခန်းတွေ ဘာတွေနဲ့ စစ်ဆေးတယ် မဟုတ်လား ဆမ်'

ယောက်ျားခြေသံသည် တဖြည်းဖြည်း ရှေ့တိုးလာပြန်၏။ နော်မန်သည် ယောက်ျားကိုလည်း မြင်လာရပြီ ဖြစ်၏။ ယောက်ျားသည် မျက်နှာသစ်ကြွေကန်ကို ကြည့်၏။

'ကြည့်စမ်းပါဦး၊ ဘယ်လောက်များ သန့်ရှင်းလိုက်သလဲလို့။ ကဲပါကွယ်၊ ဒီစုံထောက်အလုပ်ကို လုပ်နေမယ့်အစား ကိုယ်တို့ ဒီငနဲကိုပဲ မေးလိုက်ကြပါစို့။ ကိုယ်တော့ ဒီတစ်လမ်းပဲ မြင်တယ်'

ကောင်မလေးသည် ယောက်ျား ပြောသမျှကို ပြန်မပြောပေ။ ရေချိုးခန်း ရေပန်းရှိရာ လိုက်ကာနောက်သို့ ဝင်သွားရာ နော်မန် မမြင်ရတော့ပေ။ ကောင်မ၊ သူ့အစ်မ အတိုင်းပဲ၊ ရေပန်းရှိရာ သွားပြီး ဘာလုပ်မလို့လဲ ဟင်။ လုပ်ချင်ရာ လုပ်စမ်းပါစေ။ လူ မမြင်ရသော်လည်း ကောင်မလေး အသံထွက်လာ၏။

'ဘာမှ မတွေ့ဘူး'

နော်မန်သည် ဟစ်၍ ဟစ်၍ ရယ်လိုက်ချင်၏။ အင်းပေါ့လေ ဘာမှ တွေ့စရာမှ မရှိဘဲကိုး။ သူသည် လိုက်ကာနောက်မှ ကောင်မလေး ထွက်လာမည်ကို စောင့်နေ၏။ သို့သော် ကောင်မလေး ထွက်မလာ... တစ်စုံတစ်ခုကို ထုရိုက်သော အသံသာလျှင် အထဲမှ ထွက်လာ၏။

ယောက်ျားသံက-

'ဟေ့၊ ဘာလုပ်နေတာလဲ' ဟု မေးလိုက်ရာ နော်မန်လည်း ခိုးဆဲ



www.burmeseclassic.com

www.burmeseclassic.com



က ယောက်ျားလေးအတိုင်း လိုက်၍ မေးလိုက်ချင်၏။ ကောင်မလေး ဘာလုပ်နေသနည်း။

ကောင်မလေးအသံ ထွက်လာ၏။

'ဒီခုံကလေး နောက်မှာ ဘာများ တွေ့ရဦးမလဲလို့'

'ဒါမျိုးဆိုတာ မပြောတတ်ဘူး မဟုတ်လား ဆမ်ရဲ့၊ ဟော ကြည့်စမ်း ဆမ်၊ ဒီမှာ တွေ့ပြီ .... တွေ့ပြီ'

နော်မန်သည် ရင်ခုန်လာ၏။ မိန်းကလေးသည် လိုက်ကာနောက်က ထွက်လာပြီး မှန်ရှေ့သို့ ရပ်လိုက်၏။ ကောင်မလေးသည် လက်ထဲတွင် တစ်စုံတစ်ခု ကိုင်ထား၏။ ဘာများပါလိမ့်။ နော်မန်သည် ဒေါပွသွား၏။ ကောင်မ ဘာများ တွေ့ခဲ့ပါလိမ့်။

'ဆမ်၊ နားကပ်ကလေး ဆမ်ရေ၊ မေရီ့နားကပ်ပဲ'

ယောက်ျားသံ–

'ဟုတ်ရဲ့လား'

နော်မန်သည် တုန်လှုပ်နေ၏။ သူကိုယ်တိုင် ရှာမတွေ့ခဲ့သော နားကပ်ကလေး တစ်ဖက်များလား။ မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး။ နော်မန် တွေးနေစဉ်ပင် မိန်းကလေး၏ အသံသည် ထွက်လာ၏။

'သေချာပါတယ်၊ သေချာပါတယ်။ ကျွန်မမှ မသိရင် ဘယ်သူသိဦးမလဲ။ ဒီ နားကပ်တစ်ရန်ကို မနှစ်တုန်းက မေရီ့မွေးနေ့မှာ ကျွန်မကိုယ်တိုင် အပ်ပြီး မေရီ့ကို လက်ဆောင်ပေးခဲ့တဲ့ ပစ္စည်းပဲဟာ။ ဒီပစ္စည်းကလေးဟာ ဒါးလတ်မြို့ ပန်းထိမ်ဆရာရဲ့ လက်ရာပေါ့။ ကျွန်မကိုယ်တိုင် အပ်ပြီး မေရီ့ကို လက်ဆောင်ပေးလိုက်တာ။ ကျွန်မကို ဒုက္ခရှာလွန်းတယ် ဆိုပြီး ဆူသေးတယ်။ ဒါပေမဲ့ မေရီဟာ ဒီနားကပ်ကလေးကို သိပ်တန်ဖိုးထားတာ'

ယောက်ျားဖြစ်သူသည် ကောင်မလေး၏ စကားကို နားထောင်ရင်း နားကပ်ကို မီးရောင်၌ ထောင်ပြီး အသေအချာ ကြည့်နေ၏။





ကောင်မလေးက စကားဆက်နေ၏။

'ဒီနားကပ်ဟာ မေရီ ရေချိုးနေတုန်း ဖြုတ်ပြီး ခုံကလေးနောက်မှာ ကျတာ ဖြစ်မှာပဲ။ ဒါမှမဟုတ် တစ်ခုခုများ မေရီ....'

ကောင်မလေးသည် စကားရပ်လိုက်ပြီး ဆမ်ကို ကြည့်၏။ ဆမ်မှာ နားကပ်ကို စူးစူးစိုက်စိုက် ကြည့်ရင်း မျက်နှာပျက်နေသည်ကို တွေ့ရ၏။

'ဆမ်.... ဘာလဲဟင်၊ ဘာတွေ့လို့လဲ'

ယောက်ျားက–

'ဟုတ်တယ် လိုင်လာ၊ မေရီဟာ တစ်ခုခုတော့ ဖြစ်ပြီ ထင်တယ်။ ဒီမယ် ကြည့်ပါလား၊ နားကပ်မှာ စွန်းနေတာကလေးတွေက သွေးစက်ကလေးတွေနဲ့ တူတယ်'

မိန်းကလေး–

'ဘုရားသခင်၊ ဒုက္ခပါပဲ'

ယောက်ျားက–

'ဘုရားသခင် တ မနေနဲ့တော့ လိုင်လာ၊ မေရီဟာ တစ်ခုခု ဖြစ်တာကတော့ အမှန်ပဲ။ ဘာဖြစ်လဲ လို့သာ ကိုယ်တို့ မသိတာဘဲ'

နော်မန်သည် အပေါက်နှင့် မျက်စိကို ခွာလိုက်၏။ ခွေးသူခိုးတွေ၊ ကလိမ်တွေ။ နော်မန်သည် သူတို့ကို မမြင်ရတော့သော်လည်း အသံများ ကြားနေရပါ၏။

'ကဲ ဆမ်၊ ကျွန်မတော့ အိမ်ကြီးပေါ်ကို တက်ရှာချင်ပြီ။ မရှာလို့ မဖြစ်တော့ဘူး'

ယောက်ျားသံ–

'ဒါက လုံခြုံရေးမှူး လုပ်ရမယ့် အလုပ်ကွယ့်'

မိန်းမသံက စိတ်ရှည်ပုံ မရချေ။

'လုံခြုံရေးမှူးအလုပ်တော့ ဟုတ်ပါရဲ့၊ ကျွန်မတို့က ပြောတော့ ...ဦးမှာကိုး။ သူက မတော်တဆ မေရီ ချော်လဲပြီး ခုံနဲ့ ခေါင်းနဲ့ ... နားကပ် ကျွတ်ကျတာလို့ ပြောချင် ပြောဦးမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသံက–

'အင်း၊ ဒါလည်း ဖြစ်နိုင်တာပဲလေ'

နော်မန်သည် မနေနိုင်တော့ဘဲ အပေါက်မှ တစ်ခါ ချောင်းကြည့်ပြန်၏။ မိန်းကလေးသည် ယောက်ျားမျက်နှာကို သေချာကြည့်ရင်း မေးခွန်းတစ်ခု ထုတ်၏။

'ဆမ်၊ အဲဒီလို ထင်မလားဟင်'

ယောက်ျားက သက်ပြင်းချလိုက်၏။

'ကိုယ် မယုံပါဘူး၊ စိတ်ထဲက အလိုလို မယုံတာဘဲ။ မေရီဟာ သူ့ဘာသာသူ ချော်လဲမယ်လို့ မယုံနိုင်ဘူး။ ဒါပေမဲ့ ဒီနားကပ်ကလေး တွေ့တာနဲ့ နော်မန်ဗိတ်ကို စွပ်စွဲဖို့ကလည်း မလွယ်ဘူး လိုင်လာရဲ့။ ဒီမှာ တွေ့သမျှကို လုံခြုံရေးမှူးကို တင်ပြရမှာပဲ။ လုံခြုံရေးမှူးကသာ ဖြစ်သမျှကို လေ့လာစုံစမ်းလို့ ဖြစ်မှာ'

နော်မန်သည် သူ့အတွက် အရေးကြီးပြီ ဖြစ်သဖြင့် ပို၍ သတိကြီးစွာနှင့် နားထောင်နေ၏။

မိန်းကလေးက ပြောပြန်၏။

'ဒါပေမဲ့ လုံခြုံရေးမှူးက အဲဒီလောက်ထိ လုပ်မတဲ့လား။ ဒီလောက် သဲလွန်စနဲ့ ဘာမှလုပ်မှာ မဟုတ်ဘူး။ ဒီတော့ ကျွန်မတော့ အိမ်ကြီးပေါ် တက်ပြီး ဒီထက်ခိုင်လုံတဲ့ သဲလွန်စတွေ၊ အချက်အလက်တွေ ရှာချင်သေးတာပဲ'

ယောက်ျားက သဘောမတူပေ။

'အဲဒါက အန္တရာယ် မကြီးလွန်းဘူးလား'

မိန်းကလေးက–

'ဒါဖြင့် နော်မန်ဗိတ်ကို သွားတွေ့ကြစို့လား၊ ဒီနားကပ်ကို ပြလိုက်ရင် သူ ဖွင့်ပြောချင် ပြောမှာပေါ့'

ယောက်ျားက ခေါင်းယမ်းလိုက်၏။





'ပြောချင်လည်း ပြောမယ်ပေါ့။ ဒါပေမဲ့ သူကိုယ်တိုင် ပါနေတယ်ဆိုရင် ပြောမယ် မဟုတ်ပေဘူး လိုင်လာ။ သူ့ကို ဒါလေး ပြလိုက်ရုံနဲ့ ဖြောင့်ချက် တန်းပေးမှာပဲလို့ ထင်သလား၊ မပေးဘူး၊ အသေအချာပေါ့။ ဒီတော့ အကောင်းဆုံးကတော့ လုံခြုံရေးမှူးဆီ ပြန်ပြီး အကြောင်းကြားတာပဲ'

မိန်းကလေးသည် တွေနေ၏။

'ကျွန်မတို့ နှစ်ယောက်လုံး ဒီက ဘာမှ မပြောမဆို မိုးထဲလေထဲမှာ ထွက်သွားရင် နော်မန်ဗိတ်ဟာ သင်္ကာမကင်း မဖြစ်ဘူးလား'

'ကိုယ်တော့ ဒီလောက်ထိ သင်္ကာမကင်း ဖြစ်မယ် မထင်ပါဘူး။ ဒီလိုဆိုရင် ကိုယ် လုံခြုံရေးမှူးဆီကို ဖုန်းဆက်လိုက်မယ်လေ'

မိန်းကလေးက သဘောမတူပေ။

'ဘာထူးသလဲ၊ တယ်လီဖုန်းက သူ့ရုံးခန်းထဲမှာ ရှိတဲ့ဟာကို သူ ကြားဘဲ နေပါ့မလား'

မိန်းကလေးသည် တွေတွေကလေး စဉ်းစားနေရာမှ ယောက်ျားဘက်သို့ လှည့်ပြီး–

'ဒီလိုလုပ်ပါလား ဆမ်၊ ကျွန်မ လုံခြုံရေးမှူးဆီကို သွားမယ်လေ။ ဆမ်က ဒီ နော်မန်ဗိတ်ဆိုတာနဲ့ စကားပြောနေရစ်ခဲ့ပေါ့'

'ဘာလဲ၊ စွပ်စွဲရမှာလား'

'မဟုတ်ပါဘူး၊ ကျွန်မ ထွက်သွားတုန်း ကျွန်မ မရှိလို့ဆိုတဲ့ သဘောမျိုးနဲ့ အာလာပ သလ္လာပ ပြောတဲ့ အနေနဲ့ပေါ့။ ကျွန်မကတော့ မြို့ထဲကို စျေးဝယ်တစ်ခုခု သွားဝယ်တယ်လို့ ပြောထားပေါ့၊ သူ့အနေနဲ့လည်း သင်္ကာမကင်း မဖြစ်ရအောင်။ ဒါတော့ ဆမ် ကြည့်ပြီး ပြောပေါ့လေ'

ယောက်ျားဖြစ်သူသည် စဉ်းစားနေပြီး–

'ကဲလေ.... လိုင်လာ၊ ဒီလို လုပ်ချင်ရင်လဲ'

'ကဲ ဒါဖြင့် နားကပ်ပေး.... ဆမ်'



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးသည် နော်မန်၏ မျက်စိကွယ်ရာသို့ ရောက်သွားသည်။ နည်းတူ အသံများမှာလည်း တဖြည်းဖြည်း တိုး၍ ပျောက်သွားလေ၏။

အသံများ ပျောက်သွားသော်လည်း စကားလုံးများကမူ နော်မန်၏ နားထဲ၌ တရစ်ဝဲဝဲ ကျန်ရစ်၍ နေပေါ၏။ ဒင်းတို့ စိတ်ကူးက ဒီလိုကိုး။ ငနဲက ချန်ရစ်ပြီး သူနှင့် စကား ထွေရာလေးပါး ပြောနေမည်။ ငနဲမက လုံခြုံရေးမှူးဆီ သွားပြီး အကြောင်းကြားမည်။ သူ့အနေနဲ့ ကောင်မကို တားဖို့ မလွယ်တော့။ တကယ်လို့ အမေသာရှိရင် ဘယ်လောက်ကောင်း လိုက်မလဲ။

ကောင်မကိုရော၊ ကောင်ကိုရော၊ နှစ်ယောက်လုံးကို တားထားမှာ။ ဘယ်ကိုမှ သွားမရအောင် တစ်ခါတည်း တားထားမှာ။ အခုတော့ အမေလည်း မြေတိုက်ခန်းထဲမှာ သော့ခတ်ထားလေတော့....။

ဒုက္ခပါပဲ။

ကောင်မလေးက တကယ်ပဲ ဖဲယားဗဲကို ရောက်အောင် သွားမှာပဲ။ ဟိုကျရင် လုံခြုံရေးမှူး ချိန်းဘားကို အဲဒီ သွေးစွန်းနေတဲ့ နားကပ်ပြခဲ့ရင် လုံခြုံရေးမှူးဟာ လိုက်လာမှာပဲ။ လိုက်လာပြီး အမေ့ကို ရှာမှာပဲ။ အမေ့ကို မြေတိုက်ထဲမှာ ရှာမတွေ့ဘူး ထားဦး။ သူ့မှာ တခြားစိတ်ကူးတွေက ပေါက်ချင် ပေါက်လာဦးမှာ။

အနှစ် ၂၀ လုံးလုံး လုံခြုံရေးမှူးဟာ အမှန်ကို မတွေးမိဘဲ နေခဲ့ပေမဲ့ ဒီတစ်ခါတော့ တွေးမိချင် တွေးမိသွားမှာပဲ။ နော်မန် တစ်သက်လုံး တွေးပြီး ကြောက်နေတဲ့ ကိစ္စကိုများ သူ လုပ်မှဖြင့် ....ပြီးကြပါလေရော။

ပုတ်သင်ဥ တူးတော့ မြောင်မြစ်ပေါ် ဆိုသလိုပဲ ဦးလေးဂျို ဘာ့ကြောင့် သေတာလဲ၊ ဘယ်လို သေတာလဲ ဆိုတာတောင် ပေါ်ပေါက်သွားနိုင်တော့တာပဲ။

ခက်ကပြီ....။

တစ်ဖက်ခန်းမှ ခြေသံများ၏ ရွေ့လျားသံကို ကြားရ၏။ ခြေ





သောက် ရွေ့သံကို နားထောင်ခြင်းအားဖြင့် သူတို့ ရုံးခန်းကို လာကြတော့မည် ထင်သည်။ နော်မန်သည် မှန်ပေါင်ကို နေသားတကျ ပြန်ထားလိုက်ပြီး အရက်ပုလင်းကို လှမ်းဆွဲလိုက်၏။ နောက်တစ်ခွက်လောက် ချလိုက်ဖို့ အချိန်များ ရဦးမလား။ မရတော့ပေ၊ တစ်ဖက်ခန်းမှ တံခါးပိတ်သံကို ကြားနေရပြီ ဖြစ်၏။ သူတို့သည် တံခါးပိတ်လိုက်ကြ၏။ မိန်းကလေးက ကားဆီသို့သွား၍ ယောက်ျားက သူ့ဆီကို တန်းတန်းမတ်မတ် လာနေပြီ ဖြစ်၏။

နော်မန်သည် ယောက်ျားဖြစ်သူ အလာကို စောင့်နေ၏။ ဒီငနဲ ဘာများ ပြောမှာပါလိမ့်။

နော်မန်၏ ရင်ထဲတွင် ဒီငနဲ ဘာပြောသည်က အရေးမကြီးပါ။ တကယ်ပဲ အရေးမကြီးပါ။ အရေးကြီးသည်မှာ လုံခြုံရေးမှူးကြီး ဘာတွေလို့ ဘာလုပ်မလဲ ဆိုတာပဲ ဖြစ်ပါသည်။

လုံခြုံရေးမှူးကြီးသည် သူ အနှစ်နှစ်ဆယ်လုံးလုံး ဖိုးရိမ်ခဲ့သော ကိစ္စများကို လုပ်လိုက်မှာလား။

လုံခြုံရေးမှူးကြီးဟာ ဖဲယားဗဲမြို့ သင်္ချိုင်းကို သွားပြီး အမေ့မြေပုံကို တူးကြည့်မယ်ဆိုရင်၊ အမေ့ခေါင်းကို ဖွင့်ကြည့်မယ်ဆိုရင် ဟောင်းလောင်းကြီးပဲ တွေ့မှာပဲ။ ဒါဆိုရင်တော့ သွားပါလေရော၊ သူတို့အားလုံး သိကုန်ကြတော့မှာပဲ။

အမေ မသေသေးဘူးလို့....။

နော်မန်၏ ရင်အစုံသည် လှိုင်းကြက်ခွပ်သည့်နှယ် တုန်လာ၏။ သူ၏ မျက်စိများမှာ ပြာဝေနေ၏။ ဘာဆို ဘာကိုမှ မမြင်တော့ပေ။ သူသည် ဆိုင်၍ ထိုင်ရမှန်း မသိ၊ ထ၍ ထရမှန်း မသိ ဖြစ်နေ၏။ သူ့ကို မည်သူမျှ မနှောင့်ယှက်လျှင် ဘယ်လောက်ကောင်းမလဲ ဟု သူ တွေး၏။ မရပေ။

တံခါးဖွင့်သံနှင့်အတူ ယောက်ျားဖြစ်သူသည် ရုံးခန်းထဲသို့ ဝင်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## [ တစ်ဆယ့်လေး ]

ဆမ်သည် ရုံးခန်းတံခါးကို ဖွင့်ပြီး အတွင်းသို့ ဝင်လိုက်၏။ သူ့စိတ်ထဲတွင် ရုတ်တရက် မိုးထစ်ချုန်းလာပြီး လိုင်လာ ကားစက်နှိုးသံကို ဖုံးအုပ်သွားပါ ဟု ဆုတောင်းနေ၏။ လိုင်လာ ကားနှင့် ထွက်သွားတာကို နော်မန်ဗိတ် မသိလိုက်၊ မမြင်လိုက်ရလျှင် အလွန်ကောင်းပေမည်ဟု သူ အောက်မေ့၏

မိုးသည် မထစ်ချုန်းပေ။ ကားစက်နှိုးသံကို ကြားရသည်ပဲ ဖြစ်၏ ကားစက်နှိုးသံကို မကြားဘူး ထားဦး၊ နော်မန်ဗိတ်တစ်ယောက် လမ်းမကို မျက်နှာပြု၍ ကောင်တာနောက် ရပ်နေပုံ အနေအထားက ကားလမ်းကို လုံးလုံးလျားလျား မြင်နေရမှာပဲ။ ဒီတော့ လိုင်လာ ထွက်သွားတာကို မသိ အောင် ဖုံးထားလို့ အကျိုးမရှိပါဘူး။

ဆမ်က စ၍ နှုတ်ဆက်၏။

'ကျွန်တော် ခဏလောက် ဝင်ခဲ့ရင် ရပါသလားဗျာ။ မိန်းမက စီးကရက် မပါခဲ့လို့တဲ့၊ မြို့ပြန်ပြီး စီးကရက်ဝယ် သွားလေရဲ့'

နော်မန်သည် ခေါင်းဆတ်လိုက်၏။

'သြော် သြော်၊ အရင်တုန်းကတော့ ဒီဆိုင်မှာပဲ စီးကရက်ရောင်းတဲ့ စက်ကလေး ရှိပါရဲ့။ ဒါပေမဲ့ အရောင်းပါးတာနဲ့ ကုမ္ပဏီက ပြန်သိမ်းသွား ပြီ'

နော်မန်သည် ပါးစပ်က စကားပြောနေသော်လည်း မျက်စိက ဆမ်၏ ပခုံးပေါ်မှ ကျော်၍ မြူတောကြီးသဖွယ် ဖြစ်နေသော အပြင်ဘက်ကို လှမ်းကြည့်နေ၏။ ဆမ် ကိုယ်တိုင်ကလည်း နော်မန်သည် လိုင်လာ၏ ကား ကို လိုက်ကြည့်နေကြောင်း သိပါ၏။

နော်မန်က ပခုံးတွန့်လိုက်၏။

'အင်းပေါ့ဗျာ၊ အဝေးကြီးသွားရတာ ဘယ်ကောင်းမလဲ။ ပြီးတော့ နောက် သုံးလေးမိနစ်ဆိုရင် မိုးက ရွာတော့မှာပဲ'





ဆမ်သည် ဆိုဖာ လက်တန်းပေါ်၌ ထိုင်လိုက်၏။

'ဒီဘက်ပိုင်းက မိုးကောင်းတယ် နော်'

နော်မန်က ခေါင်းဆတ်လိုက်၏။

'အင်း ဆိုပါတော့၊ ကျုပ်တို့ဘက်ကတော့ မိုးတင် မကပါဘူး၊ အားလုံး တယ်ကောင်းချည်းပါပဲ'

ဆမ်သည် တွန့်သွား၏။ သူ့စကားမှာ ဘာကို ဆိုလိုပါလိမ့်။ ဆမ် သည် နော်မန်ဗိတ်၏ စကားကို ဝိုးဝိုးဝါးဝါး မီးရောင်၌ ကြိုးစားပြီး အကဲ ခတ်လိုက်၏။

မျက်မှန်ဝိုင်းဝိုင်း၏ နောက်တွင် ခိုအောင်းနေကြသော မျက်လုံးများ မှာ ဘာအဓိပ္ပာယ်မှ ဖော်ပြသည်ကို မတွေ့ရပေ။ ထိုအခိုက် ရုတ်တရက်ပင် ဆမ်သည် ဝေခနဲ ထွက်လာသော အရက်နံ့ကို ရလေ၏။

တစ်ပြိုင်တည်းပင် ကောင်တာ၏ အစွန်း၌ ထောင်ထားသော ပုလင်း ကို မြင်၏။ သြော် ဒါကြောင့်ကိုး၊ နော်မန်ဗိတ်ဟာ သူ့ရဲ့ခံစားမှုကို ရုတ်တရက် မပေါ်လွင်နိုင်အောင် အရက် နည်းနည်းသောက်ထားတာကိုး။

သူ အရက်သောက်ထားသဖြင့် မျက်လုံး၊ မျက်နှာတို့တွင် အတွင်း စိတ်၏ လှုပ်ရှားမှု အသွင်အပြင်ကို မမြင်ရဘဲ ဖြစ်နေပါသည်။ သို့သော် သူ၏ သတိကြီးစွာသော အပြုအမူကိုမူ ဖုံးကွယ်မရပါ။ သူသည် ဆမ်၏ မျက်လုံး ဝီစကီပုလင်းပေါ်သို့ ရောက်သွားသည်ကို လှမ်းမြင်လိုက်၏။

'တစ်ခွက်လောက် သောက်ပါဦးလားဗျာ။ ကျွန်တော် တစ်ခွက် လောက် နက်မလို့ လုပ်နေတုန်း ခင်ဗျား ဝင်လာတာကိုးဗျ'

ဆမ်သည် တွေသွား၏။

'အင်းလေ'

'ဖန်ခွက် ရှာလိုက်ဦးမယ်ဗျာ၊ ဖန်ခွက်က ဒီနား တစ်နေရာမှာပဲ ရှိပါလိမ့်မယ်'

နော်မန်သည် ကောင်တာ၏နောက်၌ ကုန်းပြီး တစ်ခုံယူခဲ ရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် သူ့ခေါင်းသည် ပြန်ပေါ်လာပြီး လက်ထဲတွင် ဖန်ခွက် ပုဝိုင်းဝိုင်းတစ်ခု ပါလာ၏။

'အမှန်တော့ အလုပ်ချိန်ဆိုရင် ကျွန်တော်ကိုယ်တိုင်လည်း သောက် ပါတယ်။ ဆိုင်ကလည်း အရက်မရောင်းတော့ ပုလင်းတို့၊ ဖန်ခွက်တို့ကို အတော်ရှာရသဗျ။ ကနေ့ကျတော့ ထိုင်းထိုင်းမှိုင်းမှိုင်းကြီးနဲ့ သိပ်ဆိုးနေတာ ကလား။ ဒါကြောင့် တစ်ခွက်လောက်ချရင် တော်ကောင်းပါရဲ့ဆိုပြီး ချမလို့ ဗျာ'

သူသည် ဖန်ခွက်ဝိုင်းထဲသို့ အရက်ထည့်လိုက်ပြီး ဖန်ခွက်ကို ကောင် တာ ရှေ့သို့ တွန်းလိုက်၏။ ဆမ်သည် ထ၍ ယူလိုက်သည်။ သူကမူ စကား ဆက်၏။

'ပြီးတော့ ဧည့်သည်ကလည်း မလာတော့ပါဘူးဗျာ။ ရာသီဥတုက မိုး .... ဟော ပြောရင်းဆိုရင်း မိုးချလာပြီဗျို့'

ဆမ်သည် လှည့်ကြည့်၏။ မှန်ပေသည်။ အပြင်မှာ မိုးသည် သည်း ထန်စွာ ရွာသွန်းနေပြီ ဖြစ်လေသည်။ ဆမ်၏ မျက်လုံးသားမှာ ထူထဲစွာ ကျနေသော မိုးကန့်လန့်ကာကို ဖောက်၍ တစ်ပေထက် ပိုမမြင်ရပေ။

နောက် လောကကြီးတစ်ခုလုံးမှာ အလင်းရောင် လျော့နည်းလာပြီ ဖြစ်၏။ အမှောင်ထုသည် လွှမ်းခြုံစ ပြုနေလေပြီ ဖြစ်၏။ သို့သော် နော်မန် ဗိတ်သည် မီးထဖွင့်ရန် မကြိုးစားပေ။

'လုပ်ပါဗျာ၊ သောက်ပါ၊ ထိုင်ပါဗျ။ ကျွန်တော့်ကို အားမနာပါနဲ့ ကျွန်တော်က ရပ်နေတာ အကျင့်ပါနေလို့ပါ'

ဆမ်သည် သူ၏ ဆိုဖာသို့ ပြန်လာပြီး ထိုင်လိုက်၏။ သူ့နာရီကို တစ်ချက် ငုံ့ကြည့်လိုက်ရာ လိုင်လာ ထွက်သွားသည်မှာ ရှစ်မိနစ်ခန့် ရှိနေပြီ ဖြစ်၏။

ဒီလို မိုးထဲ လေထဲမှာတောင် လိုင်လာသည် ဖဲယားဗဲသို့ မိနစ် ၂၀ ထက် ပိုပြီး မောင်းရမည် မထင်ပေ။ ဖဲယားဗဲ ရောက်လျှင် လုံခြုံရေးမှူး





ရှာဖို့က ၁၀ မိနစ်၊ ထားပါတော့၊ ၁၅ မိနစ် ကြာချင် ကြာနေမည်။ နောက် အပြန်ခရီးအတွက် မိနစ် ၂၀။ အင်း စောင့်ရဦးမယ့် အချိန်တွေက မနည်း ပါလား။ အတော်ကြာသေးတာပဲ။ ဒီငနဲ နော်မန်ဗိတ်နဲ့ ဘာတွေများ ပြော နေရပါလိမ့်။

ဆမ်သည် ဖန်ခွက်ကို မြှောက်လိုက်၏။ နော်မန်ကိုယ်တိုင်မှာလည်း ပုလင်းလိုက်မော့၍ တစ်ငုံ မျိုလိုက်သည်ကို မြင်ရလေ၏။

'ခင်ဗျားတို့ ဒီဘက်မှာတော့ လူသူလေးပါးကလည်း ကင်းပြီး ပျင်း စရာ ကောင်းမှာပဲနော်'

နော်မန်သည် ပုလင်းကို ကောင်တာပေါ်သို့ ပစ်ချလိုက်၏။

'ဟုတ်တာပေါ့၊ အညာအလိမ် နည်းတာကိုး၊ ပျင်းစရာပေါ့'

ဆမ်ကမူ စကားမရှိ စကားရှာရ၏။

'ဒါပေမဲ့ တစ်မျိုးတော့လည်း စိတ်ဝင်စားစရာပေါ့ဗျာ၊ ခင်ဗျား အလုပ်က လူအမျိုးမျိုးနဲ့ တွေ့ရ သိရတာပေါ့'

သူသည် မျက်လုံးဖြင့် ကော့၍ ဆမ်ကို အကဲခတ်သလို ကြည့် လိုက်၏။

'ကျုပ်ကတော့ တယ် သတိမမူမိသလောက်ပါပဲ။ သူတို့ဘာသာ လာ၊ သူတို့ဘာသာ ထွက်သွားကြတာပါပဲ။ ခဏကြာရင် မျက်နှာတောင် မှတ်မိတော့တာ မဟုတ်ပါဘူးဗျာ'

ဆမ်က စကား စ ရပြန်၏။

'ခင်ဗျား ဒီမှာ ကြာပြီပေါ့နော်'

နော်မန်က ခေါင်းညိတ်၏။

'ဒီ ဟိုတယ် ဖွင့်တာကိုက အနှစ် ၂၀ ကျော် ကြာသွားပြီပေါ့ဗျား။ ကျွန်တော်ကတော့ တစ်သက်လုံး ဒီမှာပဲ နေခဲ့တာပါပဲ'

'ဒါဖြင့် ခင်ဗျားတစ်ယောက်တည်း ဒီဟိုတယ်ကို ဖွင့်နေရတာပေါ့၊ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အင်းပေါ့ဗျာ'

နော်မန်သည် ပုလင်းကို ကိုင်လျက် ကောင်တာအပြင် ထွက်လိုက်၏။ ဆမ်၏ ကုန်နေပြီ ဖြစ်သော ဖန်ခွက်ကို ကြည့်၏။

'ကဲ ခင်ဗျားခွက် ကုန်နေပြီလားဗျာ၊ ထပ်ထည့်ရအောင်'

ဆမ်က တွန့်တွန့်နှင့်–

'ကျုပ် သိပ်မသောက်သင့်ဘူး ထင်....'

'ကိစ္စမရှိပါဘူးဗျာ၊ တစ်ခွက် နှစ်ခွက်နဲ့ မမူးပါဘူးဗျ၊ ပြီးတော့ ကျုပ်က ခင်ဗျားမိန်းမကို မတိုင်ပါဘူးဗျာ'

နော်မန်ဗိတ်သည် ပြောရင်း သဘောကျစွာနှင့်ပင် ရယ်လိုက်၏။ ပြီးမှ–

'ကျုပ်တစ်ယောက်တည်း သောက်ရတာ ပျင်းလို့ပါ'

သူသည် ကောင်တာနောက်သို့ ပြန်ရွှေ့ခဲ့လေ၏။

ဆမ်သည် ထိုင်ရင်း လှမ်းအကဲခတ်၏။ ငနဲသား၏ မျက်နှာမှာ ညိုတိုတို ညို့တို့တို့တော့ နည်းနည်းဖြစ်သည် ထင်၏။ ကောင်းကင်ပေါ်မှ မိုးထစ်ချုန်းသံကို ကြားရလေသည်။ လျှပ်စီးလက်ခြင်းကိုမူ မမြင်ရပေ။ အပြင်မှာ မိုးလေထန်လျက် ရှိသော်လည်း အတွင်း ဤအခန်းလေးမှာတော့ အေးဆေးငြိမ်သက်လျက် ရှိလေသည်။

ဆမ်သည် မျက်နှာချင်းဆိုင်မှ သည်လူကို ကြည့်နေရခြင်း၊ သည်လူ၏ စကားကို နားထောင်နေရခြင်းကို တစိမ့်စိမ့်တွေးကာ ရှက်လာမိလေသည်။

သည်ငနဲ ကြည့်ရတာမှာ ဘာမျှ မထူးခြား။ သာမန် သူလိုငါလို ဖြစ်လွန်းအားကြီး နေပေသေးတော့သည်။ ဒီလို ရိုးရိုးအအ ထုံထုံထိုင်းထိုင်း ငနဲကြီးတစ်ယောက် လျှို့ဝှက်တဲ့ ရာဇဝတ်မှုကြီး တစ်ခုထဲမှာ ပါနေတယ် ဆိုတာ ဘယ်လိုမှ တွေးမရအောင် ဖြစ်နေ၏။

သည်ငနဲအနေနှင့် သည်ရာဇဝတ်မှုနှင့် မည်သို့များ ပတ်သက်စရာ





အကြောင်း ရှိပါလိမ့်။ တကယ်လို့ ပတ်သက်ခဲ့တယ် ဆိုရင်လည်း ဘယ်ပုံဘယ်နည်း ပတ်သက်ကြောင်းကို ဆမ် မတွေးတတ်ပေ။

မေရီသည် ငွေလေးသောင်း ခိုးသွားခဲ့ပေသည်။ မေရီသည် ဤဟိုတယ်၌ တစ်ညအိပ်ခဲ့ပေသည်။ သို့သော် သည်ငနဲနှင့် မည်သို့ ဆက်စပ်ရပါမည်နည်း။ မေရီသည် သူ့ဘာသာ ချော်လဲ၍ ခေါင်းနှင့် တစ်ခုခုတိုက်မိသို့ နားကပ်ကျွတ်ကျတာလည်း ဖြစ်နိုင်ပေသည်။

နောက်ပြီး မေရီသည် ချီကာဂိုမြို့သို့ သွားမည် ဆိုတာလည်း ဖြစ်ချင်ဖြစ်နိုင်ပေသေးသည်။ လုံခြုံရေးမှူး ချိန်းဘားနှင့် စုံထောက် မီလတန်တို့သည် ထိုသို့ပင် ယုံကြည်ခဲ့ပေသည်။ သူသည် တကယ်တမ်း၌ မေရီကို ကောင်းစွာမသိပေ။

တကယ့်တကယ် သတ္တုချကြည့်လိုက်လျှင် မေရီ့ညီမ လိုင်လာကိုမှ နှစ်ရက် တွေ့ရခြင်းဖြင့် ပို၍ သိနေရသလို ဖြစ်နေပါ၏။

လိုင်လာသည် သွက်လက်ဖျတ်လတ်သော မိန်းကလေးတစ်ဦး ဖြစ်သသည်။ တစ်ခုတော့ ရှိသည်။ ဉာဏ် ထက်မြက်သလောက် အဆုံးအဖြတ်မြန်ကာ ဒိုးဒိုးဒက်ဒက် လုပ်ပစ်ချင်တတ်သော မိန်းကလေးမျိုး ဖြစ်သည်။

တစ်ယောက်တည်း မိုးထဲလေထဲမှာ ဖဲယားဗဲမြို့ကို ပြန်သွားတာဘို့၊ တစ်ခါတည်း နော်မန်ဗိတ်ရဲ့ အိမ်ပေါ်ကို တက်ပြီး ရှာလိုက်ချင်တာတို့ ဖြစ်ပေသည်။ နော်မန်ဗိတ်၏ အိမ်ပေါ်သို့ မရှာဖြစ်ရလေအောင် သူကိုယ်တိုင်ပင် အတော် ပြောယူရပေသေးသည်။ ယခုတော့ ကောင်မလေးသည် လုံခြုံရေးမှူးထံ သွားနေပေပြီ။ လုံခြုံရေးမှူးကို ခေါ်ခဲ့ပေမည်။

ရောက်လာသောအခါ၌ သည်မှာ မှားယွင်းမှု ဆိုတာမျိုးသည်ပင် ဖြစ်နိုင်သေးသည်။ ယခုကြည့်ပါ၊ နော်မန်ဗိတ်၏ အပြုအမူများမှာ ပကတိရိုးသားပုံ ရလျက်ရှိပြီး သင်္ကာမကင်းစရာ တစ်စွန်းတစ်စမျှ မတွေ့ရပေ။

ရုတ်တရက် သူ့တာဝန်ကို သတိရပြီး ဆမ်သည် သူ၏အတွေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်၏။ သူ့တာဝန်မှာ သည် နော်မန်ဗိတ် ဆိုသော ငနဲသားနှင့် စကားပြောနေရန် ဖြစ်လေသည်။ ဒီမှာ အလဟဿ ထိုင်နေ၍ မဖြစ်ပေ။

သူသည် စောစောက စကားကို ခုမှ သတိရပြီး ထောက်ခံလိုက်၏။

'ခင်ဗျား ပြောတာ ဟုတ်သားပဲ၊ အခုဆိုရင် မိုးက အတော်သည်းလာပြီဗျ'

နော်မန်ဗိတ်သည် တွေတွေကလေး ငေးနေ၏။

'ကျုပ်တော့ မိုးကျတဲ့အသံကို သိပ်ချစ်တာပဲ၊ မိုးပေါက်တွေဟာ တအားပဲ။ အရှိန်နဲ့ ဆင်းလာတာကို ကြည့်ရတာ၊ အသံကြားရတာဟာ စိတ်ဝင်စားစရာ သိပ်ကောင်းတာပဲ'

ဆမ်သည် နားမလည်ဘဲ ဖြစ်နေ၏။

'ကျုပ်တော့ တစ်ခါမှ ခင်ဗျားတွေးသလို မတွေးမိဘူးဗျာ။ အင်း၊ ဒါပေမဲ့ ခင်ဗျားအတွက်တော့ ဒီအရပ်မျိုးမှာ နေရတဲ့လူ ဖြစ်လေတော့ စိတ်ဝင်စားစရာတွေ လိုတာပေါ့ဗျာ'

နော်မန်ဗိတ်ကမူ ခပ်တည်တည်ပင်။

'ဒါကတော့ဗျာ၊ ကျုပ်တို့မှာလည်း စိတ်ဝင်စားမှုဆိုတာ ရှိတာပေါ့'

ဆမ်သည် လန့်သွား၏။

'ဗျာ၊ ကျုပ်တို့ ဟုတ်လား။ ခင်ဗျားပြောတော့ တစ်ယောက်တည်း နေတာ ဆို'

နော်မန်ကမူ ငြိမ်ငြိမ်သက်သက်ပင်။

'ကျုပ်က ဟိုတယ်ကိုသာ တစ်ယောက်တည်း ဖွင့်နေတယ်လို့ ပြောတာပါ။ ပိုင်တာကတော့ ကျုပ်တို့ နှစ်ယောက်လုံးပေါ့။ အမေနဲ့ ကျုပ်နဲ့လေ'

ဆမ်သည် လည်ချောင်းထဲ ထည့်ထားသော အရက်များ မျို၍ မရတော့ဘဲ သီးသလို ဖြစ်သွားလေ၏။ သူသည် ဖန်ခွက်ကို ယောင်ယောင်မှားမှားနှင့် ချလိုက်၏။ သူ့လက်မှာ ဖန်ခွက်ကို တင်းတင်းကြီး ဆုပ်ထားမိလေ၏။





'ခင်ဗျားအမေ ဟုတ်လား၊ ကျွန်တော်ဖြင့် မသိ....'

'အင်းလေ၊ ခင်ဗျား ဘယ်သိမှာလဲ၊ ဘယ်သူမှ မသိတဲ့ ကိစ္စပဲကိုးဗျ။ အမေကလည်း အိမ်ထဲ အိမ်ပြင် မထွက်ဘဲ အခန်းအောင်းနေလို့ ရှိတာပဲ။ ဒီလို မနေလို့လည်း မဖြစ်ဘူးဗျ၊ လူတွေက အမေ့ကို သေပြီလို့ အောက်မေ့နေကြတာ'

အသံမှာ ပကတိ အေးဆေးငြိမ်သက်စွာ ထွက်ပေါ်နေခြင်း ဖြစ်၏။ ဆမ်သည် ပျာပျာသလဲနှင့် နော်မန်ဗိတ်၏ မျက်နှာကို ကြည့်လိုက်၏။ မီးရောင်မှာ မှိုးတဝါးသာ ရှိပါ၏။ သို့သော် နော်မန်၏ မျက်နှာမှာ ပကတိ အေးဆေး ငြိမ်သက်နေကြောင်း သိသာလှ၏။

နော်မန်က စကားဆက်နေ၏။

'အမှန်ပဲဗျို့၊ ခင်ဗျားပြောတဲ့ စိတ်ဝင်စားမှုဆိုတာ ဒီအရပ်မှာ ရှိတာ အမှန်ပဲ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က အမေနဲ့ ဦးလေးဂျိုတို့ဟာ အဆိပ်သောက်ကြတယ်။ ကျုပ်က လုံခြုံရေးမှူးကို ခေါ်လိုက်တာနဲ့ ရောက်ပြီး တွေ့သွားတာပေါ့။ အမေက စာတစ်စောင် ချန်ခဲ့တယ်လေ။ အကျိုးအကြောင်း ရှင်းပြတဲ့စာပေါ့။ သူတို့နှစ်ယောက်လုံးကို စစ်ဆေးတာတို့၊ ဘာတို့ လုပ်တယ်လို့ ပြောတာပါပဲ။ ကျုပ်ကတော့ မသိနိုင်ဘူးလေ၊ အဲဒီတော့ ကျုပ်က အတော် နေမကောင်းဖြစ်နေပြီး သိပ်နေမကောင်းလွန်းလို့ ဆေးရုံမှာတောင် တင်ထားလိုက်ကြတာ။ ဆေးရုံမှာ ကျုပ် အကြာကြီး နေရတယ်။ ဘယ်လောက်တောင် ကြာသလဲဆိုရင် ကျုပ်အနေနဲ့ ဒီကိစ္စတွေမှာ ဘာမှ လုပ်ခွင့် မရှိလောက်အောင်ကို ကြာတာပဲ။ ဒါပေမဲ့ ကျုပ် လုပ်နိုင်ခဲ့ပါတယ်'

'လုပ်နိုင်တယ်၊ ဘာကိုလဲ'

နော်မန်ဗိတ်သည် ပြန်မဖြေပေ။ ပုလင်းကို ပါးစပ်နှင့်တေ့ပြီး တစ်ချိုမော့လိုက်ပြန်၏။ တဂွတ်ဂွတ်နှင့် မြည်နေသံကို ဆမ် ကြားနေရ၏။

နော်မန်က ပုလင်းကို မ ပြလိုက်ပြီး–

'လုပ်ပါဦးဗျ၊ တစ်ခွက်လောက်တော့ ထည့်ပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'တော်ပြီ ထင်တယ်ဗျာ'

'မတော်နဲ့ဦးဗျ၊ လုပ်ပါ'

သူသည် ကောင်တာနောက်မှ တစ်ကြိမ် ထွက်လာပြီး ဆမ်၏ လက်ထဲမှ ဖန်ခွက်ကို ယူကာ တစ်ခွက်ငှဲ့ပေးလိုက်၏။

ဆမ်ကမူ သူ လိုရင်းကိုသာ မေးလိုက်၏။

'လုပ်ပါဦး၊ ခင်ဗျားဇာတ်လမ်း ဆက်ပါဦး'

နော်မန်က အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်၏။ ပြီးမှ–

'ဪ ဘယ်ရောက်သွားပါလိမ့်၊ ကျုပ် ဆေးရုံက ဆင်းလာတာ ရောက်ပြီ မဟုတ်လား။ ကဲ ဆေးရုံက ဆင်းလည်းလာရော၊ အမေ့ကို အိမ်ပေါ် ပြန်တင်လိုက်တာပေါ့'

ဆမ်သည် ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားလေ၏။ နော်မန်ကမူ သူ့စကားနှင့်သူ ဘာမှ မဖြစ်သလို ဆက်နေ၏။

'ဒီအခန်းဟာ အသည်းထိတ်စရာ အကောင်းဆုံးပဲဗျို့။ ညကြီး သန်းခေါင်မှာ လူချောတိတ်ဆိတ်နေတုန်း တစ်ယောက်တည်း သချိုင်းကုန်းမှာ သွားပြီး အမေ့ဂူကို ဖော်ရတာကိုးဗျ'

ဆမ်သည် ကြက်သီးထသွား၏။

'အမေဟာ ခေါင်းထဲမှာ အကြာကြီး အလုံပိတ်ခံထားရတာ မွန်းနေရှာမှာပေါ့ဗျာ။ အသက်ရှူ ဘယ်လောက်ကျပ်လိုက်မလဲနော်။ ကျုပ်ဖြင့် ခေါင်းကြီးကို ဖွင့်လိုက်တော့ သနားလိုက်တာဗျာ။ ဖြန်းခနဲ ကြည့်လိုက်တော့ ကျုပ်လည်း အမေ သေပြီလို့တောင် ထင်မိတာပဲ။ ဒါပေမဲ့ ဘယ်သေမှာလဲဗျ၊ အမေ ဘယ်သေမှာလဲ'

ဆမ်သည် နားထောင်ရင်း အသက် ဘယ်လိုရှူရမှန်း မသိအောင် ဖြစ်နေ၏။ နော်မန်ဗိုတ်ကမူ စိတ်ဝင်စားစွာပင် သူ့စကားကို သူ ဆက်နေ၏။

'အမေ မသေလို့သာ ကျုပ် ဆေးရုံမှာ နေခဲ့စဉ် တစ်လျှောက်လုံး





ကျုပ်နဲ့ ဆက်သွယ်ခဲ့နိုင်တာပေါ့၊ ဟုတ်ဘူးလား။ အခြေအနေကတော့ ချက်ချင်း ကူးလူးဆက်သွယ်နိုင်မှုပေါ့ဗျာ။ ဓာတ်ဓာတ်ချင်း ရုပ်ရုပ်ချင်းပေါ့၊ သက်တမ်း ဆွဲဆန့်ပြီး အသက်သွင်းခြင်းကို ခေါ်တာပေါ့ဗျာ။ ကျုပ်က အမေကို ပြန်ခေါ်နိုင်ခဲ့ပါတယ်။ ခင်ဗျားလည်း ကြားဖူးမှာပေါ့။ ရုပ်လွှင့် နာမ်လွှင့်၊ ရုပ်သွင်း နာမ်သွင်းပညာ၊ ဂူဠ္ဌကန္တာရီနည်း ဆိုတာလေ။ တချို့က တော့ အောက်လမ်းလေး၊ အစီမံတိုက်လေး ပြောကြတာပေါ့ဗျာ'

ဆမ်သည် အံ့သြလွန်း၍ ဘာပြောရမှန်း မသိတော့ပေ။

'အောက်လမ်းဆိုတာ အခေါ်အဝေါ် တစ်ခုပါဗျ။ အလကား အဓိပ္ပာယ်မရှိ လျှောက်ပြောနေကြတာ။ မကြာသေးခင်ကပဲ လူတွေဟာ လျှပ်စစ်အားကို မျက်လှည့်လိုလို၊ အောက်လမ်းလိုလိုနဲ့ အာဖရိကတိုက်သား တွေနဲ့အတူ ပြောခဲ့ကြသေးတာပဲ။ အမှန်ကတော့ အားပေါ့ဗျာ၊ စိတ်ရဲ့ ခွန်အားပဲပေါ့။ စိတ်ရဲ့ ထူးခြားတဲ့ သတ္တိစွမ်းပကားက အရေးကြီးတာပဲဗျ။ အသက် ဆိုတာလည်း အားပဲဗျ၊ အလွန်ကြီးမားတဲ့ အားပေါ့ဗျာ။ လျှပ်စစ် ဓာတ်အားမှာလို ထိန်းနိုင်သိမ်းနိုင်တဲ့ လူများကျတော့ ဒီ အလွန်ကြီးမားတဲ့ အားကြီးကိုပဲ ပိတ်လိုက်နိုင်တဲ့၊ ဖွင့်လိုက်နိုင်တဲ့ သဘောပေါ့ဗျာ။ ကျုပ်ဟာ အမေ့အသက်ကို ပြန်သွင်းနိုင်ခဲ့တာပဲပေါ့။ ကျုပ်မယ် သွင်းနိုင် နုတ်နိုင်တဲ့ အားတွေ ရှိခဲ့တယ်လေ။ ခင်ဗျား ယုံရဲ့လား'

ဆမ်သည် ကပျာကယာ ခေါင်းကို ညိတ်လိုက်၏။

'ဟုတ်ကဲ့၊ စိတ် .... စိတ်ဝင်စား.... စားပါတယ်'

နော်မန်က ခေါင်းညိတ်လိုက်၏။

'ထင်သားပဲ၊ ခင်ဗျား စိတ်ဝင်စားမယ်လို့။ ခင်ဗျားနဲ့ ခင်ဗျားရဲ့ မိန်းကလေးရောပေါ့။ ဒါနဲ့ သူက ခင်ဗျားမိန်းမတော့ မဟုတ်ပါဘူးနော်'

ဆမ်သည် လန့်သွား၏။

'ဘာ .... ဘာလို့'

နော်မန်သည် ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ဟာ ခင်ဗျားထက် အများကြီး သိတာပေါ့ဗျာ။ တခြား မပြောနဲ့၊ ခင်ဗျားအကြောင်းတောင် ခင်ဗျားထက် ပိုပြီး သိသေးတယ်'

ဆမ်သည် မျက်နှာပိုး သတ်လိုက်၏။

'ဒီမှာ မစ္စတာနော်မန်ဗိတ်၊ ခင်ဗျား နေကောင်းရဲ့လား'

နော်မန်ကမူ ငြိမ်ငြိမ်ပင်။

'ခင်ဗျား ဘာဆိုလိုတယ်ဆိုတာ ကျုပ် သိပါတယ်။ ကျုပ် မမူးပါဘူးဗျ။ ခင်ဗျားတို့ ဝင်လာတုန်းကလည်း ကျုပ် မမူးဘူး။ ခင်ဗျားတို့ နားကပ်တွေ့လို့ လုံခြုံရေးမှူးဆီ ကောင်မလေး သွားတိုင်ခိုင်းတော့လည်း မမူးဘူး'

'ကျုပ် .... ကျုပ်'

'နေပါဦးလေ၊ မကြောက်ပါနဲ့။ ကျုပ်ကမှ မကြောက်ဘဲဟာ။ ကဲဗျာ၊ ကျုပ်ကို ကြည့်။ ကျုပ် ကြောက်သလားလို့၊ မကြောက်ဘူး။ တစ်ခုခု အမှားမှား အယွင်းယွင်း ရှိရင် ကျုပ်ကိုယ်တိုင် ကြောက်နေမှာပေါ့။ ခုတော့ ဘာမှ အမှားအယွင်း မရှိတော့ ကျုပ် မကြောက်ဘူးပေါ့ဗျာ။ ကျုပ်က ဒါတွေအားလုံးကို ပြောပြနေလို့ ခင်ဗျားက တစ်ခုခု မှားနေပြီ ထင်လို့လား'

လူဝကြီး နော်မန်သည် နည်းနည်း နားလိုက်ပြီးမှ–

'ကျုပ် မူးလည်း မမူးဘူး၊ မှားလည်း မမှားဘူး။ ကျုပ်ကတော့ အစောင့်သမား သက်သက်ပဲ။ ကျုပ် ခင်ဗျား ဝင်လာအောင် စောင့်နေခဲ့တယ်။ ကောင်မလေး ကားမောင်းထွက်သွားအောင် စောင့်နေခဲ့တယ်။ ကောင်မလေး ကားရပ်သွားတာကိုလည်း စောင့်နေခဲ့တာပဲ'

ဆမ်သည် တုန်သွား၏။

'ရပ် .... ဟုတ်လား'

'အင်းလေ၊ ကောင်မလေး ကားရပ်လိုက်တာ ခင်ဗျား မသိဘူး မဟုတ်လား။ ခင်ဗျားကတော့ ကောင်မလေးဟာ အခုနေဆိုရင် လုံခြုံရေးမှူးဆီကို အရောက်ပြေးနေပြီလို့ အောက်မေ့နေတယ်ပေါ့လေ။ ကောင်မလေးက တစ္ဆတ်ထိုးလေးဗျ။ သူ့စိတ်နဲ့သူ့ကိုယ် လုပ်တတ်ပါဘီသနဲ့။ ခင်ဗျား သူ





ဘာလုပ်ချင်တယ် ဆိုတာကို မှတ်မိမှာပေါ့ဗျာ။ သူက အိမ်ကြီးပေါ်ကို တက်ကြည့်ချင်တယ် ဆိုတာလေ။ အင်း၊ ခုတော့ တကယ်ပဲ ကောင်မလေးဟာ အိမ်ပေါ်မှာ တက်ကြည့်နေလေရဲ့ဗျာ'

ဆမ်သည် ကပျာကယာ လှုပ်ရှားလိုက်၏။

'ဒါဆို ကျုပ်လည်း သွားမှပဲဗျို့'

နော်မန်၏ အသံကမူ အေးအေးပင်။

'ထင်သားပဲ၊ ခင်ဗျား သွားချင်မယ်လို့။ ကျုပ် မတားပါဘူးဗျာ၊ တားပါဘူး။ ခင်ဗျား စိတ်ချောက်ချားနေရင် အရက်တစ်ခွက်လောက် သောက်ချလိုက်ပါဦးလား ဗျ။ ကျုပ် အမေနဲ့ ပတ်သက်ပြီး ဇာတ်လမ်းဆက်လေး ပြောပြမယ်လေ။ ခင်ဗျားလည်း အမေ့အကြောင်းကို သိချင်မှာပဲဗျ။ ဘာလို့လဲ ဆိုတော့ အခုနေဆိုရင် ကောင်မလေးဟာ အမေနဲ့ တွေ့နေလောက်ပြီ ထင်တယ်'

ဆမ်သည် ရုတ်တရက် ထ လိုက်၏။

'ဖယ်စမ်းပါဗျာ လမ်းက'

'ဩော် ခင်ဗျားနှယ် အလောကြီးရန်ကော၊ အရက်ကလေးတစ်ခွက် သောက်မသွားတော့ဘူး။ ဒါဖြင့်လည်း သဘောပါပဲဗျာ၊ ခင်ဗျားလမ်းကို သာ ခင်ဗျား ကြွ'

နော်မန်၏ စကားသံမှာ ဆမ်၏ ပခုံးထက်မှ ပေါ်လာပြီး စကားအဆုံးတွင် မိုးချုန်းလိုက်သလို ဖြစ်ပြီး ဆမ်၏ခေါင်းမှာ မီးပွင့်သွားလေပြီ။ ဆမ်သည် ကြယ်တွေ၊ လတွေလို ရောင်စုံ မီးပန်းကြီးကို ရုတ်တရက် မြင်လိုက်ရ၏။ ဆမ့်နားထဲတွင် အသံအားလုံးမှာ ရုတ်တရက် မှေးမှိန်သွားကာ ဖြည်းဖြည်း တိုးလာ၏၊ တိုးလာ၏။ နောက်ဆုံး ပျောက်ကွယ်သွားပြီး ဆမ် ကိုယ်တိုင်မှာလည်း အမှောင်ထုထဲသို့ နစ်မြောသွားလေတော့၏။

*

ညပင် ဖြစ်ပါသေးသည်။ တစ်ယောက်ယောက်သည် သူ့ကိုယ်ခန္ဓာကို လာ၍ လှုပ်ယမ်းနေချိန်တွင် ညပင် ရှိပါသေး၏။ သူ့ကို မှောင်နေသော ညအတွင်း



www.burmeseclassic.com

www.burmeseclassic.com



မှ လင်းခင်းသော အခန်းတွင်းသို့ ရောက်ရှိအောင် တစ်စုံတစ်ယောက်သည် လှုပ်ယမ်းကာ နှိုးနေ၏။ ဆမ် မျက်စိဖွင့်ရန် ကြိုးစားလိုက်သောအခါ မီးရောင် တန်းကြီးသည် မျက်စိကို ကျိန်းစပ်စေပါ၏။

သူသည် မျက်စိကို ပြန်ပိတ်လိုက်၏။ သို့သော် ဆမ်၏ သတိစိတ် တို့သည် တဖြည်းဖြည်း သူ့ကိုယ်ခန္ဓာအတွင်းမှ နိုးကြား ထကြွလာပြီ ဖြစ်ပါ၏။

ဆမ်သည် သူ့ကို တစ်စုံတစ်ယောက်က ပွေ့ဖက်၍၊ သူ့ကို လှုပ်နိုး နေကြောင်း သတိပြုမိလေသည်။ သူ၏ခေါင်း မှာ ပွေ့ထူနေသည့်ကြားထဲ မှ ခဏ ခဏ လဲကျတော့မလို ဖြစ်နေ၏။ သူသည် စိတ်မနိုင်သေးပေ။

သူသည် တုန်လှုပ်နေသေးသော၊ မခိုင်မြဲသေးသော စိတ်နှင့် မျက်စိကို မှေးမှေး ဖွင့်ကြည့်လိုက်သည်။ လုံခြုံရေးမှူး ချိန်းဘားကို တွေ့ရ၏။

ဆမ်သည် ကြိုးစား၍ ထိုင်လိုက်၏။ ဆမ်သည် ကြိုးစားပြီး စကား ပြောလိုက်၏။

'ခင်ဗျား မြင်လိုက်ရတာ ဘုရားသခင် ၆ တာပါပဲဗျာ။ ဒီငနဲကြီး ညာနေတာပေါ့။ လိုင်လာ ခင်ဗျားဆီကို ရောက်လာတယ် မဟုတ်လား'

လုံခြုံရေးမှူး ချိန်းဘားသည် ဘာမျှ နားမလည်သည့်အလား ခေါင်း ခါပြလိုက်၏။

'ဘယ်သူမှ မလာပါဘူးဗျာ။ ကျုပ်ကို ဖဲယားဗဲဟိုတယ်က ဖုန်းဆက် ပြီး၊ စုံထောက် မီလတန်ဟာ သူ့ပစ္စည်းတွေကို ဟိုတယ်မှာ ထားခဲ့ပြီး ညနေ ပြန်လာမယ်လို့ အသေအချာမှာပြီး ထွက်သွားတာ ခုထိ ပြန်မလာလို့ စိတ်ပူပြီး ဖုန်းဆက်တယ်။ ဒီစုံထောက်ဟာ ပြန်လာမယ်ဆိုပြီး အသေအချာ မှာထားလျက်နဲ့ ပြန်မလာတော့ ကျုပ်လည်း နည်းနည်း စဉ်းစားကြည့်တယ် လေ။ ဒါနဲ့ မင်းတို့ကိုလည်း လိုက်ရှာတာ မတွေ့တာနဲ့ ဒီဘက်ကို ထွက်ချင် ထွက်လာမှာပဲလေ ဆိုပြီး ဒီကို လိုက်လာခဲ့တာပဲ။ ခုလို လိုက်လာတာ ကံကောင်းတာပေါ့ကွာ'





ဆမ်သည် အလန့်တကြား မေးလိုက်၏။

'ဒါဖြင့် လိုင်လာ ခင်ဗျားဆီ မရောက်ဘူးပေါ့လေ'

သူသည် ကပျာကယာ ထ လိုက်၏။ သူ့မျက်လုံးမှာ ပြာဝေလျက် ရှိပြီး သူ့ခေါင်းမှာ တဆစ်ဆစ်နှင့် ကိုက်ခဲလျက်ပင် ရှိပါသေး၏။

ချိန်းဘားသည် သူ့ကို တွဲလာပြီး–

'ဖြည်းဖြည်းထလေ၊ ကျုပ်နဲ့တော့ ခုထိ မတွေ့သေးဘူး'

ဆမ်သည် ယခုတစ်ကြိမ်၌ ကြိုးစား၍ မတ်မတ်ရပ်နိုင်ပြီ ဖြစ်၏။ ခေါင်းကမူ မူးနေဆဲ ဖြစ်၏။

ချိန်းဘားက မေးခွန်း ထုတ်၏။

'ဒီမှာ ဘာတွေ ဖြစ်နေကြတာလဲ၊ နော်မန်ဗိတ်ကော ဘယ်မှာလဲ'

ဆမ်သည် အားယူလိုက်၏။

'ဒီငနဲလား၊ ကျုပ်ခေါင်းကို ရိုက်ခွဲသွားပြီး အိမ်ပေါ်ကို လိုက်သွားပြီ ထင်တယ်။ အိမ်ပေါ်မှာ သူတို့သားအမိ ရှိကြမှာပေါ့'

'သူ့အမေက သေပြီပဲ'

ဆမ်သည် အော်လိုက်၏။

'မသေဘူးဗျ၊ အခုဆိုရင် သူတို့သားအမိနဲ့ လိုင်လာတော့ တွေ့ကြ ရောပေါ့ဗျာ'

'ဒါဖြင့် လာလေ'

လုံခြုံရေးမှူး ချိန်းဘားသည် ဘာမှ ထူးထူးထွေထွေ ဆက်မမေးတော့ ဘဲ မိုးလေတွေထဲသို့ ထွက်လိုက်၏။ ဆမ်လည်း နောက်က ကပ်၍ လိုက်ပါ လာခဲ့လေ၏။ တောင်ကုန်းလေးပေါ်သို့ တက်သော လမ်းမှာ ရေများ စွတ်စို နေသဖြင့် ချောနေ၏။ သူတို့နှစ်ဦးသည် သတိကြီးစွာထားရင်း အိမ်ဆီသို့ တိုးသွားကြလေ၏။

လုံခြုံရေးမှူးသည် နောက်သို့ လှည့်မကြည့်ဘဲ မေးခွန်းတစ်ခု ထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'မင်းဟာက သေချာရဲ့လားကွာ။ မှောင်လိုက်တာကလည်း မည်းလို့၊ ဘာမှ မမြင်ရဘူး'

ဆမ်မှာ ချော်မလဲစေရန် လမ်းလျှောက်ရသည်ကို ဟန်လုပ်နေရသူ ဖြစ်သည့်အတိုင်း တိုတိုပင် ဖြေလိုက်၏။

'သေချာပါတယ်ဗျ'

မိုးချုန်းသံသည် ရုတ်တရက် ကောင်းကင်ပေါ်မှ ထွက်ပေါ်လာ၏။ မိုးထစ်ချုန်းသံနှင့်အတူ အသံ သေးသေးစူးစူး တစ်ခုသည်လည်း ထွက်လာ၏။ နှစ်ဦးစလုံးသည် မိုးထစ်ချုန်းသံကိုရော၊ တစ်ပါတည်းလို ထွက်ပေါ်လာသော အသံ သေးသေးစူးစူးကိုရော ကောင်းစွာ ကြားလိုက်၏။

လိုင်လာ၏ ငယ်သံပါအောင် အော်လိုက်သော အသံ ဖြစ်လေသည်။

[ တစ်ဆယ့်ငါး ]

လိုင်လာသည် တောင်ကုန်း လှေကားထစ်ကလေးများပေါ်သို့ တက်နေ၏။ မိုးမကျမီကလေးတွင်ပင် အိမ်၏ တံစက်မြိတ်အောက်သို့ ရောက်လာ၏။

အိမ်ကြီးမှာ အိုမင်း ဟောင်းနွမ်းလှပေပြီ ဖြစ်၏။ ဆောက်လုပ်ထားပုံမှာလည်း ရှေးကျသော လက်ရာ ဖြစ်သဖြင့် အလင်းရောင် များများရအောင် ဆောက်လုပ်ခြင်းမျိုး မဟုတ်သည့်အပြင် လုံလုံခြုံခြုံဖြစ်ရေးကို အဓိကထား ဆောက်လုပ်ထားပုံ ရလေ၏။

နံရံအသားများမှာ ဆေးသုတ်ထားခြင်း မရှိဘဲ ရေနံချေး သုတ်ထားပုံ ရလေသည်။ ရေနံရည် ဝနေပြီ ဖြစ်သောကြောင့် အိမ်ကြီးမှာ ပင်ကိုအားဖြင့်ပင် ညို့ညို့မှိုင်းမှိုင်းကြီး ဖြစ်နေ၏။

ယခုလို မိုးမှောင်ကျသော ညအချိန်တွင်ကား တောင်ကတုံးပေါ်တွင် မကောင်းဆိုးဝါးကြီး တစ်ကောင် ငုတ်တုတ်ထိုင်နေသလားဟု မှတ်ထင်ရလေ၏။





အိမ်အဝ၌ ခင်းထားသော ကြမ်းပြင်မှ အသားများမှာ ကောင်းစွာ မစေ့တော့ပြီ ဖြစ်သဖြင့် နင်းလိုက်တိုင်း တကျွီကျွီနှင့် မြည်နေ၏။ တစ်ချက်တစ်ချက် လေဝှေ့လိုက်သောအခါ အထက်ထပ်မှ ပြတင်းပေါက်များသည် ခို့ချို့ချွတ်ချွတ်နှင့် မြည်၏။

ညသည် မှောင်နေ၏။

မိုးသည်လည်း သဲသဲမဲမဲ ရွာနေပြီ ဖြစ်၏။

လိုင်လာသည် သော့တံခါးကို ခပ်ဆတ်ဆတ် ခေါက်လိုက်၏။ အတွင်းမှ ထူးမည့်သူကို လိုင်လာ မမျှော်လင့်ပေ။ လိုင်လာသည် ဒေါပွနေသဖြင့် ကြောက်ရမှန်း မသိအောင် ဖြစ်နေ၏။

လိုင်လာသည် မည်သူ၏ အကူအညီကိုမျှ မလိုချင်တော့ပေ။

အမှန်မှာ မည်သူ တစ်ဦးတစ်ယောက်မျှ မေရီ့ကို သူ့လို ချစ်ခြင်း၊ သူ့လို ဂရုစိုက်ခြင်း၊ သူ့လို ပူပန်ခြင်း မရှိကြခြင်းသာ ဖြစ်လေသည်။ ဘယ်သူဆို ဘယ်သူကမှ မပူဘူး။ တကယ် အရေးဆိုလျှင် အရေးကြီးသွေးနီး ဆိုသလို ညီမဖြစ်သူ မိလိုင်လာတစ်ဦးသာ ပူနေရခြင်း ဖြစ်လေ၏။

မစ္စတာ လိုဝီးသည် သူ၏ ငွေများကိုသာ လိုချင်သည်။

စုံထောက် မီလတန်မှာ သူ၏တာဝန်ကိုသာ သူ ထမ်းရွက်သည်။

လုံခြုံရေးမှူး ချိန်းဘားသည် ဒုက္ခမရှာချင်တာကိုဘဲ သူ သိသည်။

အဆိုးရွားဆုံးမှာ ဆမ် ဖြစ်ပါ၏။ ဆမ်၏ ပြုမူမှု၊ တုံ့ပြန်မှုမှာ လိုင်လာကို ဤရွေ့ဤမျှ ဒေါပွအောင် ဖြစ်လာစေခဲ့ခြင်း ဖြစ်ပါ၏။

လိုင်လာသည် တံခါးကို နှာနှာခေါက်လိုက်၏။ အိမ်ကြီးထဲမှ ဟည်းနေသော ပဲ့တင်သံသာ ထွက်လာ၏။ မိုးပြင်းကျနေသံမှာ အရာရာကို ဖုံးလွှမ်းနေ၏။ လိုင်လာကိုယ်တိုင်လည်း နင်လား ငါလား ဂရုစိုက်၍ နားထောင်[illegible] မပြုပေ။

အမှန်ပေပဲ၊ လိုင်လာသည် ဒေါပွနေကြောင်းကိုလည်း [illegible] ဖြစ်သည်။ သူ့အနေနှင့် ဒေါမပွဘဲ နေနိုင်စရာ အကြောင်း[illegible] မရှိ[illegible]။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လုံးလုံး လိုင်လာသည် “ရှေ့ လောမကြီးပါနဲ့၊ စိတ်ရှည်စမ်းပါ၊ စောင့်ပါဦး၊ စိတ်အေးအေးထားပါ” ဆိုသော စကားသံများကိုသာ ကြားခဲ့ရ၏။ အားလုံးသည် သူ့ကို ဖျောင်းဖျ၍သာ နေခဲ့ကြ၏။

သူ့နှယ် စိတ်မပူကြပါ။ သူတို့စကားသာ အဟုတ်မှတ်၍ နာခံရမည်ဆိုလျှင် လိုင်လာသည် ဖို့စဝမ်မြို့မှ ခွာစရာ မလိုတော့ပါ။ ထိုင်လျက်စောင့်နေဖို့သာ ရှိပါတော့သည်။ အစကမူ လိုင်လာသည် ဆမ်ကို အတော်အားထားမိပါ၏။ ဆမ်သည် မေရီအတွက်ဆိုလျှင် ပျာပျာသလဲ ခြေမကိုင်မိ လက်မကိုင်မိ ဆောင်ရွက်ပေလိမ့်မည်။

သြော် တကယ်တော့ လိုင်လာအနေနှင့်လည်း ကြိုတင် သိဖို့ ကောင်းလှသည်။ လူသတ္တဝါတို့သည် အရေးကြီးလျှင် သွေးကသာ နီးတတ်ကြောင်းကို။ ဆမ်သည် ခင်မင်ဖွယ်ကောင်းသူတစ်ဦး ဖြစ်ပါသည်။ ထည်ထည်ဝါဝါ ခံ့ခံ့ချောချောမို့ မိန်းမကျလောက်သော ရုပ်မျိုးကို ပိုင်သသူလည်း ဖြစ်ပါ၏။ ရုပ်ရည်ဖြောင့်စင်းသည်နှင့်အမျှ စိတ်နေမှာလည်း သန့်ရှင်းသူ အမှန်ဖြစ်ပါ၏။ သို့သော် အရာရာတွင် နှေးနှေးကန်ကန် လေးလေးပင်ပင်နှင့်။ အရာရာကို သတိကြီးစွာ ထားတတ်သော တောနေလူတန်းစား၏ ဘဉ်သည် အပြည့်ရှိနေ၏။

လုံခြုံရေးမှူး ချိန်းဘားနှင့် ဆမ်ကတော့ အလွန် လိုက်ဖက်သော အတွဲဖြစ်ပါသည်။ “မသေချာ မလုပ်နဲ့” ဟူသော ဆောင်ပုဒ်အတိုင်း ဖြစ်ပါ၏။ သူတို့၏ ယုံကြည်ချက်မှာ ဤမျှသာ ဖြစ်လေသည်။

လိုင်လာ ကိုယ်တိုင်ကမူ ဤသို့ သဘောမထားနိုင်။ သေသလား၊ ရှင်သလား မသိဘဲ ပျောက်ဆုံးနေသူမှာ သူ၏ တစ်ယောက်တည်းသော အစ်မရင်းခေါက်ခေါက် မေရီ ဖြစ်ပါ၏။

လိုင်လာသည် ကျန် မိတ်ဆွေ အားလုံးနည်းတူ အေးအေးဆေးဆေး လုပ်နေ၍ မဖြစ်နိုင်ပါ။ အထူးသဖြင့် သွေးစွန်းနေသော နားကပ်ကို တွေ့ရပြီးသည့် နောက်တွင် လိုင်လာသည် မအေးနိုင်တော့ပါ။





အံ့မျှား အံ့သြပါရဲ့။ သွေးစွန်းနေသော နားကပ်ကြီးတစ်ဖက်လုံးလုံး က်ထဲမှာ ရောက်နေတာတောင်မှ ဆမ်တို့များ နေနိုင်လိုက်တာ။ ပခုံး ွန့်ပြီး သူ့ကို လုံခြုံရေးမှူးဆီ လွှတ်လိုက်ရတယ်လို့။ အံ့ပါရဲ့၊ အံ့ပါရဲ့၊ ကယ်ပါပဲ။

လိုင်လာသည် ယောက်ျားမားမား ဖြစ်ခဲ့ရင် ဘာမှ ပြောမနေတော့ ူး။ ငနဲသား နော်မန်ဗိတ်ကိုတော့ နားရင်းပါးရင်း ဆော်ပြီး ပွင့်အန်လာအောင် မေးထုတ်လိုက်မှာပဲ။ အခုတော့ သူသည် ယောက်ျားလေး မဟုတ်။

သို့သော် လိုင်လာသည် သူတစ်ပါးနှာခေါင်းနှင့် အသက်ရှူခြင်း အလုပ်၊ သူတစ်ပါးအားကိုးနှင့် မေရီကို ရှာသော အလုပ်ကိုတော့ မလုပ်ချင်တော့ပါ။ အားလုံးမှာ သူတို့ကို အပြစ်မပတ်ရေး၊ သူတို့ မနာရေးသာ ကြည့် ကြသည်။ မေရီအတွက် မကြည့်ကြ။ တော်ပြီ၊ ဆမ်ကိုလည်း နောက်ထပ် ပ်ဖို့ မပြောတော့ပါဘူး။ လုံခြုံရေးမှူး ချိန်းဘားကိုလည်း မယုံတော့ပါ။

လိုင်လာသည် စိတ်ဆိုးနေ၏။ ဒေါလည်း ပွနေ၏။

တစ်ခါလာ စောင့်ပါဦး၊ တစ်ခါလာ စောင့်ပါဦး။ စောင့်နေတုန်း မေရီတစ်ယောက်များ တစ်ခုခု ဖြစ်သွားရင် မခက်ပါလား။ အခုတောင်မှ … တော် တော်၊ ဆက်မတွေးနဲ့။

လိုင်လာသည် မေရီ၏ နားကပ်ကို တွေ့ကတည်းက ဤအိမ်ကြီး ပေါ်တွင် တစ်စုံတစ်ခု ရှိပေလိမ့်မည်ဟု သေသေချာချာ ယုံကြည်ပြီး ဖြစ်နေ ပါသည်။

ဤအချက်ကို လိုင်လာ စွဲမြဲစွာ ယုံကြည်နေမှုကို သူတစ်ပါး၏ ခုံးပေါ်သို့ လွှဲပြောင်းပေးရန် မဖြစ်နိုင်ပါ။ ဆမ်ကိုပဲ ဖြစ်ဖြစ်၊ လုံခြုံရေးမှူးကိုပဲ ဖြစ်ဖြစ်ပေါ့လေ။

သူတို့အကြောင်း တွေးလျှင် ဒေါက ပွလာသဖြင့် တံခါးကို အဆောင်း ပ်ယမ်းလိုက်၏။ တံခါးသည် လှုပ်ရုံသာလှုပ်၍ ပွင့်ကား မပွင့်။ အတွင်းမှ သည်း မည်သည့်အသံမှ မကြားဘဲ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



လိုင်လာ သိသရွေ့ ဆိုရလျှင် အတွင်း၌ သူ့ကို ဖြေမည့်သူ မရှိ၊ နော်မန်ဗိတ် ဆိုသူသည် တစ်ယောက်တည်းနေသူ ဖြစ်၏။

သို့ဆိုလျှင် အတွင်း၌ လူမရှိ။ သူ ဘယ်လောက် တံခါးခေါက်နေနေ တံခါးဖွင့်ပေးမည့်သူ ရှိမည် မဟုတ်။ သည်တော့ တံခါးဖွင့်ရေးမှာ ပြဿနာ တစ်ခု ဖြစ်ပါ၏။

လိုင်လာသည် သူ၏ လက်ဆွဲအိတ်ကို ဖွင့်လိုက်၏။ မိန်းမများ၏ လက်ကိုင်အိတ်မှာ တိုလီမုတ်စ ဖုတ်စဗျင်းတောင်း အလွန်ပေါသည် ဟူသော စကားပုံရှိသည် မဟုတ်ပါလား။ လက်သည်းတိုက်သော တံစဉ်းကလေး ထွက်လာ၏။ ပစ္စည်းသည် နုလွန်း၏။ ဤသော့ကို လည်းကောင်း၊ ဤတံခါးကို လည်းကောင်း ဖွင့်နိုင်မည် မထင်။

လိုင်လာသည် သတိတရပင် သူ့သော့တွဲကို ယူလိုက်၏။ သူ့သော့တွဲမှာ ရုံးခန်းမှ ဗီရိုမျိုးစုံကို ခတ်သော သော့တံများ ပါလေသည်။

သည်တော့ တစ်ချောင်းချောင်းနှင့်များ တန်လျှင် ပွင့်နိုင်ကောင်းရဲ့။

လိုင်လာသည် သော့ တစ်ချောင်းပြီးတစ်ချောင်းကို သော့ပေါက်တွင်းသို့ သွင်းကြည့်၏။ တချို့ သွင်းမရ။ တချို့ သွင်းရ၏၊ လှည့်မရ။ တချို့ သွင်းရ၏၊ မပွင့်။ လိုင်လာသည် စိတ်မရှည်တော့စွာဖြင့် မရသော သော့နှင့် အတင်းအကျပ် လှည့်လိုက်၏။

"ကလစ်" ဟူသော အသံကလေးနှင့်အတူ သော့သည် ပွင့်သွား၏။

တံခါးသည် သော့ထိုးထားသော အရှိန်နှင့် အတွင်းသို့ ပွင့်ဝင်သွားလေ၏။

လိုင်လာသည် ပွင့်နေသော တံခါးမှ ဝင်သွားကာ ခန်းမကျယ်၏ အလယ်ကောင်၌ ရပ်လိုက်၏။ အခန်းထဲမှာက အပြင် တံစက်မြိတ်အောက်မှာထက် ပို၍ မှောင်မည်းနေ၏။ တစ်နေရာရာတွင်တော့ မီးခလုတ် ရှိရမှာပါပဲ။ လိုင်လာသည် ကြိုးစား၍ မီးခလုတ်ကို ရှာလိုက်ပြီး နှိပ်လိုက်၏။ မီးလင်းသွား၏။





မီးရောင်မှာ အားနည်းနည်းသာရှိသော ခေါင်းပေါ်မှ ကြိုးတန်းလန်းနှင့် အုပ်ဆောင်းမပါသော မီးသီးမှ လာလေသည်။

မှိန်ဖျော့ဖျော့ပင်။ မှိန်ဖျော့ဖျော့ မီးရောင်အောက်တွင် အခန်းသည် လင်းလာ၏။

လိုင်လာသည် အခန်းကို ကြည့်ပြီး အံ့သြကြီးမက အံ့သြနေရလေသည်။ ဤအခန်းသည် ၁၈၀၀ ပြည့်နှစ်ခန့်က ဆောက်ထားပေသလောဟူ၍။ နံရံကပ်စက္ကူများမှာလည်း စပျစ်သီးပုံကလေးများပါသော မရန်းရောင်များ။ ပြတိုက်ကြီးလေလား။

လိုင်လာသည် ဆင်ဝင်ခန်းများကို မျက်စိနှင့် တစ်ချက်သာ ဝေ့ကြည့်လိုက်၏။ သို့သော် ဝင်မသွားပေ။ ဤအောက်ထပ် အခန်းများကို ဖြည်းဖြည်းမှ ကြည့်မည်။ သူ့၌ အချိန်များစွာ ရှိပေသည်။

လောလောလတ်လတ် လိုင်လာ ကြည့်ရမည့်အခန်းမှာ အပေါ်ထပ်က အိပ်ခန်း ဖြစ်သည်။

ဓုံထောက်မီလတန်၏ စကားအရ အပေါ်ထပ် အိပ်ခန်း ပြတင်းပေါက်တွင် ထိုင်နေသော မိန်းမတစ်ဦးကို မြင်ခဲ့သည် မဟုတ်ပါလား။

သည်တော့ အပေါ်ထပ် အိပ်ခန်းသည်သာ ပထမဆုံး ရှာဖွေရမည့်နေရာ ဖြစ်သည်။

လှေကားအတွက်မူ မီးခလုတ် ရှာမတွေ့ပေ။ လိုင်လာသည် မတွေ့သော မီးခလုတ်ကို အချိန်ယူ ရှာဖွေရန် မကြိုးစားတော့ဘဲ ခပ်မှောင်မှောင်ထဲပင် အပေါ်ထပ်သို့ လှေကားမှ တက်သွားလေ၏။

အပေါ်ထပ် ကြမ်းပြင်ကို ခြေချလိုက်သည်နှင့် ဘစ်ပြိုင်နက် မိုးသည် တစ်ခဲနက် ထစ်ချုန်းလိုက်၏။ တစ်အိမ်လုံးမှာ မိုးထစ်ချုန်းသံကြောင့် တုန်ခါသွားရလေသည်။

လိုင်လာ ကိုယ်တိုင်လည်း ကြက်သီးမွေးညှင်း ထ သွား၏။

လိုင်လာသည် ကိုယ့်ကိုယ်ကိုယ် အားတင်းလိုက်၏။ အကြော… စရာ ရှိလို့တုံးဟု ကိုယ့်ဘာသာ အားပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်လို အိမ်အို အိမ်ဟောင်းကြီးတွေဟာ ခြောက်လှန့်တတ်တယ်၊ ကြောက်စရာကောင်းတယ်ဆိုတာ ၁၈ ရာစုနှစ်က အတွေးအခေါ်တွေပါ။

လိုင်လာသည် မီးခလုတ်ကို တွေ့အောင် ကြိုးစားရှာဖွေပြီး မီးဖွင့်လိုက်၏။ အလင်းရောင်က ပြာခနဲ လင်းလာသဖြင့် တစ်ခန်းလုံးကပ်ထားသော နံရံကပ် အစိပ် အကျား စက္ကူများကို တွေ့ရပါ၏။

စက္ကူကျားများသည် လိုင်လာကို မခြောက်နိုင်ပါ။ သူ့ကို ဘာကမျှ ခြောက်နိုင်မည် မဟုတ်ပါ။ လိုင်လာ မကြောက်ပါ။

မီးရောင်အောက်တွင် အခန်းသုံးခန်းကို တွေ့ရလေသည်။ တံခါးပေါက် သုံးခုကို တွေ့ရလေသည်။ ပထမအပေါက်ကို ဖွင့်လိုက်ရာ ရေချိုးခန်းဘက်သို့ သွားသည်ကို တွေ့ရ၏။

လိုင်လာသည် ဤကဲ့သို့ ရေချိုးခန်းမျိုး တစ်သက်နှင့်တစ်ကိုယ် မတွေ့ဖူးပါ။ သြော်၊ သည်လိုပြောလို့တော့ မဖြစ်သေးပေဘူးနှင့် တူသည်။ သည်အခန်းမျိုးကို လိုင်လာ တွေ့ဖူးပါ၏။ တွေ့ဖူးသည်မှာ ရှေးဟောင်းရုပ်ရှင်ကားမျိုးတွေထဲမှာ ဖြစ်ပါသည်။

ပြတိုက်များထဲမှာလည်း တွေ့ဖူးသလိုလိုပါပဲ။ ဟယ်၊ ပြတိုက်မှာ ဘယ်ရေချိုးခန်း ပြထားတယ် ရှိလို့တုံး။ လိုင်လာသည် ရေချိုးခန်းကို သွက်သွက်လက်လက် ရှာဖွေလိုက်၏။ ဘီး၊ မှန်၊ ပေါင်ဒါ၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာခင်း စသည်တို့ထက် ဘာမှ ထူးခြားသော ပစ္စည်းတွေ မတွေ့ရပေ။

လိုင်လာသည် ရေချိုးခန်းမှ ထွက်လာပြီးနောက် ဒုတိယတံခါးကို ဖွင့်၍ အတွင်းသို့ ကြည့်လိုက်၏။

ဤအခန်းမှာ အိပ်ခန်း ဖြစ်သည်။ လိုင်လာသည် မီးခလုတ်တစ်ခုကို တွေ့ရသဖြင့် ဖွင့်လိုက်ရာ မှိန်ပျော့ပျော့ မီးရောင်သည် လင်းလာပြန်၏။

နော်မန်ဗိတ်၏ အိပ်ရာခန်းပင် ဖြစ်ပေလိမ့်မည်။ သေးသေးကလေး၊ ကျပ်ကျပ်ကလေး ဖြစ်လေသည်။

ခုတင်ကလေးမှာလည်း နိမ့်နိမ့်ကလေးနှင့် လူကြီးတစ်ဦး၏ အိပ်ခန်း





နှင့် မတူဘဲ ကိုးနှစ်၊ ဆယ်နှစ်အရွယ် ကလေးတစ်ယောက်၏ အိပ်ခန်းနှင့် တူသိနေတော့၏။

ခုတင်ပေါ်မှ တွန့်ကြေနေသော အိပ်ရာခင်းများက မကြာမတင်ကပင် ဤ အိပ်ရာပေါ်၌ အိပ်ခဲ့ကြောင်းကို သက်သေပြနေ၏။

အခန်းထောင့်တွင် ဗီရိုတစ်လုံးကို တွေ့ရသည်။

ဗီရို အပေါ်ဆုံးထပ် အံဆွဲတွင် နက်တိုင်နှင့် လက်ကိုင်ပဝါဟောင်းများကို တွေ့ရ၏။ များသောအားဖြင့် နက်တိုင်များမှာ အပြားကြီးကြီး၊ ပွဲအအ၊ ရှေးကျသော နက်တိုင်များသာ ဖြစ်ကြလေသည်။

ဗီရို ဒုတိယထပ်တွင်တော့ ရှပ်အင်္ကျီများ တွေ့ရ၏။ တတိယထပ်တွင် ခြေအိတ်များ၊ အတွင်းခံဘောင်းဘီများ တွေ့ရပြီး အောက်ဆုံးထပ်တွင်တော့ ပုံပန်းမကျနသော ညဝတ်အင်္ကျီများကို တွေ့ရလေသည်။

ထူးခြားသည်မှာ စာရွက်စာတမ်း၊ ဓာတ်ပုံ စသည်များ မတွေ့ခြင်းပင် ဖြစ်လေ၏။ ဧကန္တ နော်မန်ဗိတ်သည် သူ့စာရွက်စာတမ်းများကို ဟိုတယ်ရုံးခန်းထဲ၌ ထားဟန်တူသည်။

လိုင်လာသည် နံရံ၌ ချိတ်ဆွဲထားသော ဓာတ်ပုံနှစ်ပုံကို ကြည့်လိုက်၏။

တစ်ပုံမှာ ကလေးငယ်တစ်ဦး မြင်းပေါ်၌ ထိုင်နေသော ပုံဖြစ်ပြီး၊ တစ်ပုံမှာ ထိုကလေးငယ်ပင် တခြားသော မိန်းကလေးငယ် ၅ ဦးနှင့်အတူ ထိုင်နေသောပုံ ဖြစ်လေသည်။

လိုင်လာသည် ထိုကလေးငယ်ကို နော်မန်ဗိတ် ဖြစ်သည်ဟု ခန့်မှန်းကြည့်လိုက်၏။

ဓာတ်ပုံထဲမှ ကလေးငယ်သည် ခပ်ပိန်ပိန် ခပ်သေးသေးသာ ဖြစ်ပါ၏။

ရှာစရာဆို၍ နံရံကပ် ဗီရိုတစ်ခုနှင့် စာအုပ်စင်သာ ရှိတော့၏။ နံရံကပ် ဗီရို၏ တံခါးကို ဆွဲဖွင့်လိုက်ရာ ဝတ်စုံနှစ်စုံ ချိတ်ထားသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်စင်သာ ကျန်တော့၏။

လိုင်လာသည် စာအုပ်စင်ကို ကြည့်လိုက်လျှင် ကြည့်လိုက်ချင်း အံ့သြသွား၏။

စာအုပ်များတွင် သိပ္ပံဆိုင်ရာ၊ စိတ်ပညာဆိုင်ရာ ကျမ်းများကို ပထမ တွေ့ရသောကြောင့် ဖြစ်၏။

နောက် ထူးဆန်းတွေလာသော စာအုပ်များ၊ စုန်းကဝေ ပညာဆိုင်ရာ စာအုပ်များ။

လိုင်လာသည် စာအုပ်တစ်အုပ်ကို ဆွဲယူ၍ လှန်ကြည့်လိုက်ရာ ကြက်သီးထပြီး စာအုပ်ကို ပြန်ထည့်လိုက်၏။

လူတစ်ယောက်၏ အကြောင်း၊ အလေ့အကျင့်ကို စာအုပ်စင်၌ တွေ့ရသည် ဆိုသည့်အတိုင်း နော်မန့်ဗိတ်၏ မျက်နှာပေါ်၌ ရှာမတွေ့ခဲ့သော အကြောင်းများကို လိုင်လာသည် ယခု သိရပြီ ဖြစ်၏။

လိုင်လာသည် ခန်းမဘက် ပြန်ထွက်လိုက်ပြီး တတိယခန်းသို့ သွားလိုက်၏။ တတိယခန်းကို ဖွင့်လိုက်ရာ အိုဟောင်းသော ပရုတ်နံ့က ပထမဆုံး နှုတ်ဆက်လိုက်၏။ ပရုတ်နံ့အပြင် ရေမွှေးနံ့လိုလို၊ သစ်ကြံပိုးလိုလို အနံ့သည်လည်း ထွက်နေ၏။

မီးခလုတ်ကို ရှာတွေ့၍ မီးဖွင့်လိုက်သောအခါ တစ်ခန်းလုံး လင်းသွားသည်နှင့် တစ်ပြိုင်နက် လိုင်လာသည် ကြီးစွာ အံ့အားသင့်ရလေ၏။

ဤအခန်းမှာ အမှန်စင်စစ်ပင် စုံထောက် မီလတန် မြင်ရသော အခန်း ဖြစ်ပါ၏။

လုံခြုံရေးမှူး ချိန်းဘားကလည်း နော်မန်သည် သူ့အမေအခန်းကို သူ့အမေ ရှိစဉ်ကအတိုင်း မည်သို့မည်ပုံ ထားသည်ကို ကြားဖူးပါ၏။

သို့သော် လိုင်လာ ဤမျှအထိ မမျှော်လင့်ပေ။

လိုင်လာသည် တခြားကမ္ဘာတစ်ခု အတွင်းသို့ ရောက်လိမ့်မည်ဟု ဘယ်မှာ မျှော်လင့်ပါမည်နည်း။





လိုင်လာ ရောက်နေသောအခန်းမှာ တကယ်ပင် အဘိုးအဘွားများ လက်ထက်က အခန်း ဖြစ်ပါ၏။

လွန်ခဲ့သော အနှစ် ၅၀ ကပင် ဤအခန်းမျိုး ရှိမည်ဟု လိုင်လာ မယုံကြည်ခဲ့ပါ။ တစ်ခန်းလုံးမှာ ပကတိ ရှေးဟောင်းပစ္စည်းများနှင့် ပြည့်နေ၏။

မှိုင်းလုံး ကော်ဇောကြီးများ၊ ငှက်မွေး ဆိုဖာများ၊ သမင်ချိုဟောင်းများ၊ ဝါးယင်းလိပ်အိုကြီးများ၊ ရှေးဟောင်း ပန်းချီကားကြီးများနှင့်။

အားလုံးမှာ ပကတိ အသက်ဝင်နေကြ၏။

ဤအခန်းမှာ လိုင်လာ၏ နှလုံးသားကို ဆုပ်ခါယမ်းနေခြင်း ဖြစ်၏။

လိုင်လာသည် သာမန် ပစ္စည်းဟောင်းများရှိသော အခန်းတစ်ခုထဲ ဝင်ရရုံနှင့် မအံ့သြပါ။ ယခုမူ ပစ္စည်းဟောင်းများ ရှိရုံသာမက ၎င်းပစ္စည်းဟောင်းများကို နေသားတကျ မြတ်မြတ်နိုးနိုး ပွတ်တိုက်ပြီး နေ့စဉ်နေ့တိုင်း အသုံးပြုနေသူတစ်ဦး ရှိနေသကဲ့သို့ ခံစားရသောကြောင့် အံ့သြရခြင်း ဖြစ်ပါသည်။

တကယ်ပင် ဤအခန်းသည် အတော် အသက်ဝင်နေပါ၏။

တခြား မည်သည့် လူနေခန်းတစ်ခုမဆို အသက်ဝင်နေသကဲ့သို့ ဤအခန်းသည်လည်း အသက်ဝင်နေပါ၏။

ဤအခန်းမှာ လွန်ခဲ့သော အနှစ်ငါးဆယ်က ပြင်ဆင် မွမ်းမံထားခဲ့မည်မှာ မှန်သော်လည်း၊ ဤအခန်းပိုင်ရှင်မှာ လွန်ခဲ့သော အနှစ် ၂၀ က ကွယ်လွန်ခဲ့ပြီ ဖြစ်သော်လည်း ဤအခန်းမှာ ပကတိ လူနေခန်းတစ်ခု ဖြစ်ကြောင်း လိုင်လာ သိသည်။ မနေ့ကပင် ဤအခန်းထဲ၌ မိန်းမတစ်ဦး နေခဲ့ပြီး ပြတင်းပေါက်မှ ချောင်းကြည့် ....။

တစ္ဆေများလား။

တစ္ဆေဆိုတာ ရှိမှ မရှိဘဲနဲ့။ လိုင်လာသည် မိမိဘာသာ မိမိ အားပေးလိုက်ရသော်လည်း ကြက်သီးများ ထလာကာ မွေးညင်းကလေးများ ထောင်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ တစ္ဆေ မရှိကြောင်းဖြင့် ခါးခါးသီးသီး ငြင်းနေသော်လည်း ဤအခန်းသည် မနေ့တစ်နေ့ကပင် လူနေခဲ့ကြောင်းကိုမူ မငြင်းနိုင်ဘဲ ဖြစ်နေ၏။

ဗီရိုများ၊ အံဆွဲများကို ဖွင့်ကြည့်လိုက်ရာ အဝတ်အစားဟောင်းများကို တွေ့ရ၏။

အိပ်ရာခင်းမှာ အလွန်လှပ ရေးကျသော အထည်စ ဖြစ်၏။ လိုင်လာမ လိုက်သောအခါ မွေ့ရာနှင့် အိပ်ရာခင်းပါ ပေါ်လာ၏။

အိပ်ရာမှာ မနေ့ညကပင် တစ်ဦးဦး အိပ်ထားသလိုပင်။ သစ်ကြံပိုးနံ့၊ ပရုတ်နံ့နှင့် လူအိုနံ့တို့က ထွက်နေ၏။ ခေါင်းအုံးမှာလည်း အလယ်မှာ ချိုင့်နေပြီး မွေ့ရာကိုယ်နှိုက်ကပင် လူတစ်ဦး နှစ်ရှည်လများ တစ်ပုံစံတည်း အိပ်လာသည့်နှယ် အရာထင် ချိုင့်နေ၏။

တစ္ဆေဆိုတာ မရှိဘူး။ လိုင်လာသည် သူ့ဘာသာ အားပေးရပြန်၏။

ဤအခန်းအား လူတစ်ဦး တကယ် အသုံးပြုခဲ့ခြင်း ဖြစ်ပါ၏။

ဤအချက်တွင် သံသယဖြစ်စရာ မလိုပေ။ နော်မန်ဗိတ်သည် သူ့အခန်းထဲ၌သာ သူ အိပ်ကြောင်း ထင်ရှား၏။ သို့သော် ဤအခန်းထဲ၌လည်း တစ်စုံတစ်ယောက်သည် တကယ်ပင် အိပ်ခဲ့၏။

ပြီး တစ်စုံတစ်ယောက်သည် ပြတင်းပေါက်မှာ ထိုင်၍ အပြင်သို့ ငေးမျှော်နေ၏။

မေရီများလား။

မေရီ ဖြစ်ခဲ့ရင်....၊ အခု မေရီ ဘယ်မှာလဲ။

သူသည် တစ်ခန်းလုံး မွှေနှောက်နေခြင်းဖြင့် အချိန်မဖြုန်းနိုင်တော့ပေ။ သူ ရှာရမည်မှာ သဲလွန်စ မဟုတ်၊ တစ္ဆေ မဟုတ်၊ မေရီသာ ဖြစ်ပေသည်။

ဘယ်မှာ ရှာရမည်နည်း။

လိုင်လာသည် ဖျတ်လတ်စွာ အခန်းထဲကို ကြည့်လိုက်၏။ နောက် အခန်းအပြင်ဘက် အပေါ်ထပ် တစ်ခုလုံးကို သွက်သွက်လက်လက် ရှာဖွေလိုက်၏။





ဘယ်မှာမှ မတွေ့။ သည်တွင် လုံခြုံရေးမှူး ချိန်းဘား၏ စကားတစ်ခွန်းကို သတိရ၏။ နော်မန်ဗိတ်ကို ထင်းခွဲနေခိုက် တွေ့သည် ဆိုလားပဲ။ ထင်းဆိုတော့ ဧကန္တ မီးလှုံစရာနေရာ ရှိဦးပေမှာပေါ့။ မီးဖိုဆိုတော့ အောက်ထပ်မှာပဲ ထင်ရဲ့။

လိုင်လာသည် အောက်ထပ်သို့ ဆင်းလာလေ၏။ အောက်ထပ် တံခါးမကြီးမှာ ဟင်းလင်းကြီး ပွင့်နေ၏။

သူ ဖွင့်ထားခဲ့သည့်အတိုင်း ဖြစ်သည်။ သူသည် အောက်ထပ်သို့ ရောက်လျှင် ကြောက်လာ၏။ သူ စောစောကမူ ဒေါသ ဖြစ်နေခဲ့သည်။ ဒေါပွနေခဲ့သည်။ အမှန်တော့ ကြောက်စိတ်ကို ဒေါသနှင့် ဖုံးကွယ်ထားခြင်းသာ ဖြစ်ပါ၏။

ဒေါသသည် ကြောက်ခြင်းကို ဖုံးခဲ့ပါ၏။ ကြောက်ခြင်းမှာ သူ့အတွက် မဟုတ်ပေ။ မေရီ့အတွက်သာ ဖြစ်ပါ၏။ မေရီ ဘာများ ဖြစ်နေပါလိမ့်။ သည်အတွေးသည် သူ့ရင်ထဲ၊ ကျောထဲကို စိမ့်လာပါစေ၏။ အခုနေ မေရီများ မြေတိုက်ခန်းထဲမှာ ရောက်နေလျှင်တော့ ဒုက္ခပါပဲ။

နော်မန်ဗိတ်ဆိုသော ငနဲမှာ သစ်ညှမ်းသော စာအုပ်များကို ဖတ်ပြီး မေရီကိုများ မြေတိုက်ခန်းထဲမှာ ထည့်ထား နှိပ်စက်နေမှဖြင့်....။

မြေတိုက်ခန်း၊ မြေတိုက်ခန်းကို လိုင်လာ တွေ့အောင် ရှာရပေမည်။

လိုင်လာသည် အောက်ထပ်ခန်းမှ မီးဖိုချောင်ထဲသို့ ဝင်လိုက်၏။ မီးဖိုချောင်မီးကို ဖွင့်လိုက်ရာ မီးဖိုချောင်ကို တွေ့ရ၏။ မီးဖိုချောင် တစ်ဖက်ထွန်းတွင် လှေကားထစ်များ ရှိ၏။

လှေကားထစ်များ အစတွင် လိုင်လာသည် မီးခလုတ်ကို ရှာ၍ ဖွင့်လိုက်၏။ မီးခလုတ်မှာ လှေကားထိပ်တွင် ရှိသော်လည်း မီးလုံးမှာ မြေတိုက် အလယ်လောက်တွင် ရှိဟန်တူ၏။ အကြောင်းမှာ မီးရောင်သည် မြေတိုက်ထဲမှ ထွက်လာသည်ကိုသာ လိုင်လာ တွေ့ရပြီး မီးလုံးကိုမှ မမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com

လိုင်လာသည် လှေကားထစ်ကို တစ်ထစ်ချင်း ဆင်းလိုက်ရာ မီးဖိုရှေ့တည့်တည့်သို့ ရောက်လာ၏။

မီးဖိုကြီးမှာလည်း ရှေးဟောင်းသုတေသနအသင်းမှ ထိန်းသိမ်းထားရန် ကောင်းလှသော မီးဖိုကြီး ဖြစ်ပေသည်။ မီးရောင်မှာ ခပ်မှုန်မှုန်သာလင်းသော၊ အားနည်းသော မီးရောင် ဖြစ်ရကား ရှုခင်းမှာ မီးရောင်အောက်မှာပင် မှုန်ဝါးဝါး ဖြစ်နေ၏။ လိုင်လာ ခြေတစ်လှမ်း လှမ်းလိုက်ရာ ခြေသံသည် မြည်သွား၏။ မြေတိုက်ခန်းမှာ သမံတလင်း ခင်းထား၍ ဖြစ်ပေသည်။

လိုင်လာသည် ကြက်သီးမွေးညင်း ထ သွား၏။

ယခုတော့ ဝန်ခံရတော့မည် ဖြစ်၏။

လိုင်လာ ကြောက်လာပြီ ဖြစ်၏။

ကြက်သီးထသဖြင့် မွေးညင်းကလေးများ ထောင်၍ အဖုကလေးများ ဖြစ်လာသည်ကို လက်ဖြင့် ပွတ်သပ်ပစ်၍လည်း မရ။

မကြောက်ပါဘူးဟု အားတင်း၍လည်း မရဘဲ ဖြစ်လာ၏။

လိုင်လာသည် ကျောရိုးထဲက စိမ့်၍ ကြောက်လာခြင်း ဖြစ်၏။ အပြင်ဘက်မှာ မိုးသည် သည်းထန်စွာ ရွာနေ၏။ တစ်ချက်တစ်ချက် လင်းခနဲ လက်ခနဲ။ အပြင်ဘက်မှ လျှပ်ရောင်သည် မြေတိုက်ခန်း၏ မှန်တံခါးကို ဖြတ်၍ ဝင်လာ၏။

လင်းခနဲ လျှပ်စစ်ရောင်လက်ပြီးလျှင် မိုးထစ်ချုန်းသံကို ကြားမည်ဟု ရင်ပင့်ထား၏။

မိုးထစ်ချုန်းသံက မလာပေ။ သက်မချ၍ ရင်ကို အေးလိုက်ကာမှ ဗြုန်းဆို မိုးက ထစ်ချုန်းလိုက်ပြန်၏။ လိုင်လာသည် လိပ်ပြာ လွင့်စဉ်သွားမတတ် ကြောက်လန့်လာ၏။

အစ ကတည်းက သည်ကို တစ်ယောက်တည်း လာခဲ့ခြင်းကိုက မိုက်မဲမှု၊ မှားယွင်းမှုတစ်ခု ဖြစ်ပေသည်။

ကိုယ့်ကိုယ်ကိုယ် သူရဲကောင်းဆန်လှစွာ လာခဲ့မိပေသည်။





ယခုတော့လည်း ကြောက်ပင်ကြောက်သော်လည်း မတတ်နိုင်တော့ချေ။

ရောက်ခါမှတော့ လုပ်စရာရှိတာကို လုပ်ရပေတော့မည် ဖြစ်၏။

မီးလင်းဖိုကြီး၏ တံခါးကို စမ်းကြည့်၏။

တံခါး အေးစက်နေ၏။

မီးမရှိသည့် သဘောပင်။

မီးလင်းဖိုကြီးမှာ အတန်ကြာကြာကပင် အသုံးမပြုခဲ့ဟန် တူလှပေသည်။

ပြာလည်း မရှိ၊ မီးကြွင်းလည်း မရှိတော့။

လိုင်လာသည် မီးလင်းဖိုကြီး၏ တံခါးကို ပြန်ပိတ်လိုက်၏။ နောက်အခန်းထဲသို့ လျှောက်ကြည့်လိုက်၏။ အခန်းထဲတွင် ကုလားထိုင်စုံအိ တစ်ခုခင်းထားသည်ကို တွေ့ရလေ၏။ လိုင်လာသည် ဘာလုပ်ရမည်မှန်း မသိဘဲ ငိုင်နေ၏။

ထိုအခိုက်မှာ အသံတစ်ခု ကြားခဲ့ခြင်း ဖြစ်သည်။

ပထမတော့ မိုးချုန်းသံပဲဟု လိုင်လာ ထင်မိ၏။ နောက်တော့ ကွဲပြားသွား၏။

ဆမ်များ လေလား....။

ဆမ် ဖြစ်ခဲ့ရင် သူ့နာမည်ကို ဘာလို့ မခေါ်ပါလိမ့်၊ ပြီးတော့ ဘာလို့ မြေတိုက်တံခါးကို ပိတ်လိုက်ပါသနည်း။

ဟုတ်ပါသည်၊ မြေတိုက်တံခါးမှာ ပိတ်သွားပြီ ဖြစ်ပါ၏။ စောစောက မိုးထစ်ချုန်းသံ မဟုတ်ဘဲ တံခါးကြီး ပိတ်လိုက်သံ ဖြစ်ကြောင်း လိုင်လာ သဲချာပါ၏။

ပြီးတော့ လှုပ်ခတ်လိုက်သံ "ကလစ်" သံကလေးကိုပင် ကြားလိုက်ရပါသည်။

ခြေသံသည် မြေတိုက်ခန်းထဲမှ ခန်းမဘက်သို့ ထွက်သွားသံ ဖြစ်၏။ ခြေသံရှင်သည် အပေါ်ထပ်သို့ တက်သွားပုံ ရလေသည်။


www.burmeseclassic.com

www.burmeseclassic.com



လိုင်လာသည် မြေတိုက်ထဲတွင် လှောင်ပိတ်လျက်သား ဖြစ်နေပါပြီ။ ယခုမှ ထောင်ချောက်ထဲ မိနေသော ကြွက်ကလေးပမာ ရေရေလည်လည် ဒုက္ခ ရောက်နေပြီ ဖြစ်ပါ၏။ ထွက်ပေါက်လည်း မရှိပေ။ စောစောက ကြောက်နေသော အရှိန်သည်လည်း တရိပ်ရိပ်နှင့် ပြန်တက်လာလေ၏။ ကြောက်လန့်ခြင်းမှာ ဒုန်းခနဲ ဒိုင်းခနဲ ရင်ထဲ ခေါင်းထဲ ရောက်လာခြင်းမျိုး မဟုတ်ဘဲ ကျောထဲမှ တစိမ့်စိမ့်နှင့် တက်လာသော ကြောက်နည်းမျိုး ဖြစ်လေသည်။ ထမင်းလုံးတစ္ဆေ အခြောက်ခံရသော သူတစ်ဦး၊ ပုါးစပ်တွင် အာဆေး ထည့်ထားသလို အော်ကလည်း မအော်နိုင်ဘဲ တစိမ့်စိမ့်နှင့် အူထဲ အသည်းထဲက ကြောက်လာခြင်း ဖြစ်၏။

ထွက်ပေါက်ကလည်း မရှိ။ ထွက်ပြေးရန်ကလည်း မဖြစ်။ ပုန်းစရာလည်း မရှိ။ မြေတိုက်ခန်း တစ်ခုလုံးမှာ လှေကားထိပ်မှ ကောင်းကောင်းကြီး မြင်နိုင်လေသည်။

လိုင်လာသည် စိတ်ကို အတတ်နိုင်ဆုံး ငြိမ်ငြိမ်သက်သက်ဖြစ်အောင် ထိန်းလိုက်ပြီးနောက် ထွက်ပေါက်ကို ကြည့်၏။ အဖြစ်နိုင်ဆုံးနည်းမှာ လှေကားနံဘေးတွင် ပုနေအောင် ကပ်နေဖို့ပဲ ဖြစ်လေသည်။ သည်နေရာတွင် အမှောင်ရိပ် အစကလေး ရှိလေသည်။

သည်အခိုက်တွင် မြေတိုက်၏ တစ်ပိုင်းတစ်စဖြစ်သော သစ်သီးများ ထားသည့် လှောင်တိုက်တစ်ခြမ်းကို မြင်ရခြင်း ဖြစ်သည်။ လှောင်တိုက်တစ်ခြမ်းကို မြင်ရသည် ဆိုခြင်းထက် ကာရံထားသော ကုလားစောင်ကြီးကို မြင်ရသည် ဆိုခြင်းက မှန်ပါလိမ့်မည်။ ကုလားစောင်ကြီးမှာ အထက်ဖျားမှ အောက်နားအထိ ခင်းကျင်း ကျရောက်နေလေ၏။

လိုင်လာသည် ကုလားစောင်ကို ဆွဲလိုက်ရာ အသာကလေး ပြုတ်ကျသွားပြီး နောက်ဘက်တွင်ရှိသော တံခါးတစ်ခုကို တွေ့လိုက်ရ၏။ တံခါးမှာ သစ်သီးများ လှောင်သော လှောင်အိမ်တံခါးမျိုး ဖြစ်သည်။

ထိုအချိန်တွင် အပေါ်ထပ်မှ ခြေသံကို ကြားရပြန်၏။ သည်ခြေသံ





သည် ရန်ပြုမည့်ခြေသံ ဖြစ်လေသည်။ ခြေတစ်လှမ်း လှမ်းတိုင်း သေချာစွာ ဒ္ပြီး တိုးလာသော ခြေသံ ဖြစ်၏။

လိုင်လာသည် ကြောက်ကြောက်နှင့် တံခါးကို ဆွဲဖွင့်လိုက်၏။

အတွင်းမှ ရှုခင်းကို မြင်ရသည်နှင့် တစ်ပြိုင်နက် လိုင်လာသည် ယ်သံပါအောင် အော်လိုက်လေသည်။

လိုင်လာသည် ငယ်သံပါအောင် အော်လိုက်လေသည်။

အတွင်းမှာ မိန်းမကြီးတစ်ဦး နံရံကိုမှီ၍ လျောင်းနေလေ၏။ မိန်းမကြီး ဆိုသော်လည်း အရေခွံများ ရှုံ့တွနေပြီး ညိုခြောက်နေ၏။ မျက်နှာတစ်ခုလုံးမှာ မျက်လုံးဟောက်ပက်၊ နှာခေါင်းဟောက်ပက်၊ သွားအကျဲသားကြီးနှင့် ံ့တွကြီး ဖြစ်လေသည်။ အဝတ်အစားများကမူ သန့်သန့်ပြန့်ပြန့်နှင့်။

လိုင်လာသည် ကြောက်လန့်ခြင်းကို ထိန်းလိုက်ပြီး ပါးစပ်မှ–

'မစ္စတာဗိတ်' ဟု ယောင်ထွက်သွားလေ၏။

'ဟုတ်ကဲ့'

အဖြေမှာ ရှုံ့တွနေသော မိန်းမကြီး အလောင်းကောင်၏ ပါးစပ်ထဲမှ ထွက်လာသည် မဟုတ်။ လိုင်လာ၏ နောက်ကျောတည့်တည့်မှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။ လိုင်လာသည် ကြောက်အားလန့်အားနှင့် လှည့်ကြည့်လိုက်ရာ လှေကားထိပ်တွင် မားမားကြီး ရပ်နေသော သဏ္ဌာန်တစ်ခုကို မြင်ရ၏။

ထိုသဏ္ဌာန်မှာ မိန်းမဝတ်ဂါဝန်ကို တင်းတင်းဝတ်ထားပြီး ခေါင်းတွင် မာဖလာကြီးကို ခြုံစည်းထားပေသည်။ မျက်နှာတစ်ခုလုံးကို ပေါင်ဒါ အဖွေးသား ရိုက်ထားသဖြင့် ဘာမျှ မသဲမကွဲ ဖြူဖြူဖွေးဖွေးနေ၏။

'ငါ နင့်စီဗိတ်ပဲ .... ဟေ့'

အသံစူးစူးနှင့် တုန်ခါနေသော အသံသည် ထိုသဏ္ဌာန်၏ ပါးစပ်မှ ထွက်လာ၏။ အသံနှင့်အတူ လက်တစ်ဖက် ထွက်လာပြီး ထိုလက်ထဲတွင် ဓားချွန်ကြီးတစ်ချောင်း ပါလာ၏။



www.burmeseclassic.com

ထိုသတ္တဝါကြီးသည် ဘာမှန်းမသိသော စကားများကို အသံစူးစူးနှင့် အော်ပြီး မားကိုကိုင်ကာ တအားပြေးလာ၏။

လိုင်လာသည် ခုခံရန်ပင် သတိမရတော့ဘဲ အော်လိုက်မိပြန်၏။ သိုင်လာ့ နားထဲတွင် နောက်ထပ် ခြေသံများ ကြားသည်ဟု ထင်ရသည်။ မသဲကွဲပါ။ လိုင်လာသည် တုန်လှုပ်စွာ၊ ပြူးကြောင်စွာ ကြည့်နေမိ၏။

မားသွားကြီးမှာ လိုင်လာ့ရင်ဝသို့ ရောက်အံ့ဆဲဆဲ လေ့ကားထိပ်မှ ဆမ်သည် ပေါ်လာ၏။ ဆမ်သည် ဘာမျှ မပြောဆိုနိုင်ဘဲ ထိုသတ္တဝါကြီး အပေါ်သို့ ခုန်အုပ်ကာ လက်ထဲမှ မားကို လိမ်ချိုး လွှင့်ပစ်လိုက်၏။

လိုင်လာသည် သူ့ပါးစပ်ကို သူ ပြန်ပိတ်လိုက်၏။ သို့သော် အော်သံကြီးကမူ စူးစူးရှားရှား ပေါ်ထွက်နေဆဲ ဖြစ်လေသည်။

မိန်းမကြီးတစ်ဦး၏ သေးသေးစူးစူး အသံဖြင့် အာခေါင်ခြစ်၍ အော်လိုက်သော အသံကြီး ဖြစ်ပါသည်။ ထိုအသံကား ဆမ် ဖမ်းချုပ်ထားမိပြီ ဖြစ်သော မိန်းမကြီးလို ဝတ်ထားသည့်၊ ပေါင်ဒါလိမ်းထားသည့် နော်မန်ဗိတ်၏ ပါးစပ်တွင်းမှ ဖြစ်ပါသတည်း။

[ တစ်ဆယ့်ခြောက် ]

ညွှန်တောထဲမှ ကားများ၊ အလောင်းများ ဆယ်ယူရသည်မှာ ရက်သတ္တတစ်ပတ်မျှ ကြာပါသည်။ လမ်းဖောက်လုပ်ရေးအဖွဲ့မှ ဝန်ချီစက်များ၊ ကရိန်းများနှင့် ကူညီ လုပ်ဆောင်ပေးရပေသည်။ အဆုံး၌ ညွှန်တောထဲမှ ကားများ၊ အလောင်းများ အားလုံး ဆယ်ယူ ရရှိလေသည်။

ငွေလေးသောင်းလုံးကိုလည်း မေရီ ထားခဲ့သည့်နေရာ ကားပစ္စည်းသေတ္တာလေးထဲမှပင် ပြန်လည် ရရှိပါ၏။ ရယ်စရာကောင်းလှသည်မှာ ဤငွေလေးသောင်းသည် လူနှစ်ဦးကို သေစေပြီး လူမြောက်မြားစွာကို ဒုက္ခ





ပေးခဲ့ပါသော်လည်း၊ ညွှန်တောထဲတွင် နှစ်ပတ်ကြာမျှ နစ်မြုပ်နေခဲ့ပါသော်လည်း ရွံ့ကလေးတစ်စက် မစွန်းထင်းခဲ့ပေ။ လုံးဝ ပေကျံခြင်း မရှိ။ ပကတိယူသွားစဉ်ကအတိုင်း ပြန်လည် တွေ့ရှိရလေသည်။

ညွှန်အိုင်ကြီးထဲမှ ပစ္စည်းများကို ဆယ်ယူပြီးချိန်လောက်မှာပင် ဖော်လတန် ဘဏ်ကို စီးနင်းတိုက်ခိုက်သွားကြသော ဘဏ်ဓားပြများကို အိုကလာဟိုမားမြို့နားမှာ ဖမ်းဆီးရမိခဲ့လေသည်။ သို့သော် ဘဏ်ဓားပြများ ဖမ်းဆီးရမိခြင်း သတင်းမှာ ဖီယားဗဲ အပတ်စဉ် "တံခွန်သတင်းစာ"တွင် လေးငါးခြောက်ကြောင်း စာမျှသော နေရာကိုသာ ရရှိပါ၏။ အကြောင်းကား မှက်နှာဖုံး တစ်ခုလုံးမှာ နော်မန်ဗိတ်၏ အမှုအခင်းနှင့် ပြည့်နေသောကြောင့် ဖြစ်ပါသည်။

အေပီသတင်း၊ ယူပီသတင်းတို့ကပင် ယူ၍ ကမ္ဘာကို ဖြန့်သည့် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်ပါ၏။ တယ်လီဗစ်ရှင်း သတင်းဌာနမှလည်း မကြာခဏ ဤသတင်းကို လွှင့်နေ၏။ အားလုံးသော သတင်းများမှာ "ကြောက်ဖွယ် ဂေဟာ" ကြီး အဖြစ် ဖန်ဆင်း ရေးသားကြလေ၏။ သတင်းများထဲတွင် နော်မန်ဗိတ်မှာ ရှေးဟောင်းတစ္ဆေခြောက်တတ်သော ဗြဲတိုက်ကြီးများထဲမှ ဗြဲတိုက်ပိုင်ရှင် လူသတ်သမားကြီးပမာ ဟိုတယ်လာသူ မိန်းကလေးများကို သတ်၍ ညွှန်အိုင်ကြီးထဲသို့ သတ်ပစ်ချနေသူဟု ရေးကြ၏။

သတင်းစာတစ်စောင်ကဆိုလျှင် နောက်ထပ် အလောင်းများ မည်မျှ ပေါ်လာဦးမည်ကို မပြောနိုင်ပါဟု သတင်းပေး ရေးသားထား၏။

လုံခြုံရေးမှူး ချိန်းဘားမှာ မကြာခဏ လာတွေ့ခဲ့ရသူ ဖြစ်လေသည်။ တစ်ခါတွေ့တိုင်း လုံခြုံရေးမှူးနှင့် တွေ့ဆုံသူ သတင်းထောက်တို့၏ ဓာတ်ပုံကြီးနှင့်တကွ ဖော်ပြပြီး သူတို့နှစ်ဦး၏ စကား အစမှ အဆုံးတိုင် အပြည့်အစုံ ဖော်ပြကြလေသည်။

အမှုကြီး တစ်ခုလုံးကိုလည်း ခရေစေ့တွင်းကျ အမြန်ဆုံး ဖော်ထုတ်

www.burmeseclassic.com



နိုင်အောင် ဆောင်ရွက်သင့်ကြောင်းဖြင့် နိဂုံးချုပ်ထားလေ ရှိပေသည်။ အမှုကို အမြန်ဆုံး စစ်ဆေးသင့်ကြောင်းလည်း ပါ၏။

(ရွေးကောက်ပွဲမှာ မလိုတော့ပြီ ဖြစ်သဖြင့် အရွေးခံမည့် ပါတီသမားအတွက် သတင်းစာနှင့် မဆန့်ကျင်ရဲအောင် ဖြစ်နေသောကာလ ဖြစ်သည်။)

သတင်းတိုင်း၌ နော်မန်ဗိတ်သည် လူစိတ်မရှိသော၊ ရိုင်းစိုင်းယုတ်မာသော၊ အလွန် ကြောက်ဖွယ်ကောင်းသော လူတစ်ဦး ဖြစ်ကြောင်းဖြင့် နိဂုံးချုပ်ထားကြလေသည်။

သို့သော် ထိုသတင်းရေးသားသူ အားလုံးသည် မည်သူ တစ်ဦးတစ်ယောက်မျှ နော်မန်ဗိတ်ကို တွေ့ခွင့်မရကြချေ။ အကြောင်းကား နော်မန်ဗိတ်သည် အကျဉ်းထောင် ဆေးရုံကြီးတွင် အထူးဆရာဝန်များနှင့် ကြပ်မတ်စွာ စစ်ဆေးနေသောကြောင့် ဖြစ်ပါ၏။

မည်သူမျှ နော်မန်ဗိတ်ကို မတွေ့ရသော်လည်း သတင်းများကမူ ပါဆဲ၊ ပြန့်ပွားဆဲပင် ဖြစ်ပါ၏။ ဖဲယားဗဲ တစ်မြို့လုံးနှင့် တစ်နယ်လုံးမှာ နော်မန်ဗိတ်ကို သိသူ၊ နော်မန်ဗိတ်နှင့် ငယ်ငယ်ကတည်းက သိသူများ ပေါ်လာကြ၏။ နော်မန်ဗိတ်နှင့် ငယ်ငယ်ကတည်းက သိကြသူများကလည်း ငယ်ငယ်ကတည်းက နော်မန်ဗိတ်မှာ လူထူးလူဆန်းကလေး ဖြစ်ကြောင်း ပြောပြ၏။

တချို့ နင်စီဗိတ်နှင့် ဂျူကွန်စတိုင်းတို့နှင့် သိကြသူများကလည်း သူတို့နှစ်ဦး အဆိပ်သောက်ကြပုံမှာ မသင်္ကာစရာ ကောင်းကြောင်းဖြင့် ပြောပြ၏။ ယခုမှ နော်မန်ဗိတ်ကို သိသူတွေ၊ နော်မန်ဗိတ်အမေ နင်စီဗိတ်ကို သိသူတွေက အလိုလို ပေါ်လာကြ၏။

ဟိုတယ်ကတော့ ပိတ်ထားလိုက်ပြီ ဖြစ်လေသည်။ ဟိုတယ်သည် ယခုမှ တည်းချင်သူ သမီးရည်းစားတွေ သောက်သောက်လဲ ဖြစ်လာကြလေ၏။ ယခုနေ ဟိုတယ်ခန်းများကို ဈေးကြီးယူမည် ဆိုကလည်း ငှားကြမည်သာ ဖြစ်လေသည်။ သို့သော် ဟိုတယ်ကို လုံးဝ ပိတ်ထားရသည့်ပြင်





ခြကြာခဏ ဝင်ရောက်ကြည့်ရှုရန် ကြိုးစားကြသူများကြောင့် ရဲအစောင့်ရောက် တာဝန်ယူ၍ ထားရလေသည်။

ဖဲယားဗဲမြို့ကလေး စည်ကားသိုက်မြိုက် နေလိုက်ပုံမှာ မဆီမဆိုင်ဆမ်၏ ကုန်စုံဆိုင်ကပင် အရောင်းအဝယ် ဖွံ့ဖြိုးနေကြောင်းဖြင့် ဘောဘ်ပြောခဲ့ပေသေး၏။

တစ်ခုတော့ ရှိလေသည်။ လူတိုင်း ဆမ်နှင့် တွေ့ချင်၊ စကားပြောချင်တော့ ဖြစ်နေကြသည် မဟုတ်ပါလား။ ဆမ်၏ ဆိုင်ကလေး လူစည်ကားသည်မှာ အံ့ဩစရာ မရှိပါ။ ဆမ်ကို တွေ့ချင်၍၊ မြင်ချင်၍ အကြောင်းမရှိအကြောင်းရှာပြီး ဆမ်၏ဆိုင်သို့ ဈေးဝယ်လာကြ၏။ သို့သော် ဆမ်ကိုမူ မတွေ့ကြရပေ။ အကြောင်းမှု ဆမ်သည် ဖိုးစဝမ်သို့ လိုင်လာနှင့်အတူ လိုက်ပါသွားရပြီး ဆေးရုံကြီးမှ ဆရာဝန်များနှင့်အတူ နော်မန်ဗိတ်၏ အရေးအခင်းများကို ပြုမူ ဆောင်ရွက် ပေးနေရပေသေးသည်။

နောက် ၁၀ ရက်လောက်အကြာတွင်ကား ဆမ်တို့သည် စိတ္တဗေဒပါရဂူ ဒေါက်တာနစ်ကိုလပ်စတိန်းနား ထံမှ ဆေးစစ်ချက်ကို ရရှိလေသည်။ ဆမ်သည် သူ ရလာသော ဆေးစစ်ချက် နော်မန်ဗိတ်အကြောင်းကို အကျဉ်းချုပ် ပြောပြရန် ကြိုးစားပါသော်လည်း လိုင်လာက ပြည့်ပြည့်စုံစုံ အစမှအဆုံးထိ ပြောရမည် ဆိုသဖြင့် လိုက်လာအလိုကို လိုက်လျောလိုက်ရလေသည်။

ဆမ်က စကား စ ၏။

'နောက်ပိုင်း အဖြစ်အပျက် အားလုံးကိုတော့ လိုင်လာလည်း သိသားပဲ။ ဒီနော်မန်ဗိတ် ကိစ္စမယ် ဒေါက်တာစတိန်းနားရဲ့ အဆိုကတော့ တိကျဘယ်လို မပြောနိုင်ဘူး။ ကေန့်ကေလည်း မဆိုနိုင်ဘူးတဲ့။ အနီးကပ်ဆုံးတွေးခေါ် ယူဆချက်ပဲလို့ ဆိုတယ်။ ဒေါက်တာတို့ဟာ နော်မန်ဗိတ်ကို အိပ်ဆေးတိုက်၊ အိပ်မွေ့ချပြီး မေးတာတောင်မှ သေချာလောက်တဲ့အဖြေကို မရကြဘူးတဲ့။ နောက်ဆုံး ရက်တွေမှာဆိုရင် နော်မန်ဟာ တွေ့ကရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ခေါင်းထဲမှာ အလွန်ရုပ်ထွေးတဲ့၊ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ဆင်နွဲနေပုံ ရတယ်လို့ ပြောတာပဲ။

'အားလုံးထဲက ဆန်ခါချပြီး ရသလောက်ကတော့ နော်မန်ဗိတ်ရဲ့ ကလေးဘဝကစ ပြန်ပြောင်း ပြောရမလိုဘဲ။ နော်မန်နဲ့ သူ့အမေဟာ သူ့အဖေ ပစ်သွားကတည်းက နှစ်ယောက်တည်း အတူ နေလာခဲ့ကြတော့ တစ်ဦးနဲ့တစ်ဦး အလွန် တွယ်တာကြပုံ ရတယ်။ နှင်စီဗိတ်ဟာ သူ့သားကို သူ့အနားက မခွာစေဘဲ၊ ဘယ်မှလဲ မသွားစေဘဲ မွေးထားလိုက်တာ နော်မန်ဗိတ်ခများမယ် အရွယ်ရောက်လာလို့တောင်မှ ကလေးစိတ် မပျောက်သေး၊ အမေ့နို့နံ့တောင် မပျောက်သေး ဖြစ်နေရှာအောင်ပဲ။ ဒေါက်တာစတိန်းနားက ယူဆတာတော့ နော်မန်ဗိတ်ဟာ သူ့အမေ မသေမီကတည်းက မိန်းမလျာတောင် ဖြစ်ခဲ့နိုင်သတဲ့။ မိန်းမလျာဆိုတာ လိင်လာ သိတယ် မဟုတ်လား'

'ဘာလဲ၊ ယောကျ်ားဖြစ်လျက်နဲ့ မိန်းမစိတ်ပေါက်ပြီး မိန်းမလို ဝတ်နေတဲ့ လူကို ပြောတာ မဟုတ်လား'

'ဒေါက်တာစတိန်းနား အဆိုကတော့ ဒီ့ထက် ပိုဆိုးပုံပဲ။ နော်မန်ဟာ လိင်အရသာ ဖိုအဖြစ်မှ မအဖြစ် ကူးပြောင်းလိုမှု၊ ဟန်ဆောင်နေမှု ဖြစ်တာ မဟုတ်ဘဲ သူဟာ စိတ်ဓာတ်ကပါ သူ့အမေအဖြစ် စိတ်ပေါက်ခဲ့တယ်လို့ ယူဆတယ်လေ။ နော်မန်ဟာ သူ့ကိုယ်သူ သူ့အမေရဲ့ တစ်စိတ်တစ်ပိုင်း အမြဲ ဖြစ်နေချင်ခဲ့တယ်'

ဆမ်သည် စီးကရက် မီးညှိလိုက်၏။

'နော်မန်ဗိတ် ကျောင်းနေခဲ့တဲ့ ရက်ကလေးအကြောင်းတွေ၊ စစ်တပ်က လက်မခံဘဲ ပယ်လိုက်တဲ့ အကြောင်းတွေကတော့ ထားပါတော့။ ဒါပေမဲ့ အသက် ၁၉ နှစ်လောက် အရောက်မှာ အမေဟာ နော်မန့်ကို သူ့မျက်စိအောက်က အပျောက်မခံတော့ဘဲ ထားလိုက်ဟန် တူပါတယ်။

'နှင်စီဗိတ်ဟာ နော်မန်ကို သေသေချာချာ သိလျက်နဲ့ မခွဲဘဲ ထားသလား၊ မသိလို့ ထားသလားတော့ မပြောနိုင်ဘူးပေါ့လေ။ အဲဒီလို ကမ္ဘာ





ဆရာကြီးနဲ့ အဆက်ပြတ်ပြီး နော်မန်ဟာ သူ့အမေရဲ့ အရိပ်လို ဖြစ်နေတဲ့ အချိန်မှာ ဂျိုကွန်စတိုင်းက ပေါ်ပေါက်လာတော့တာပါပဲ။

'ဒေါက်တာစတိန်းနား ကိုယ်တိုင် နော်မန်ကို ဂျွန်ကွန်စတိုင်း အကြောင်း သိပ်ပြောခိုင်းလို့ မရဘူး။ အနှစ် နှစ်ဆယ်ကျော် ကြာလာပြီဖြစ်တဲ့ ဘိုင် နော်မန်ဟာ ဂျိုရဲ့နာမည်ကို ကြားလိုက်တိုင်း ဒေါပွလာပြီး စကားမပြောနိုင် ဖြစ်သွားသတဲ့။ ဒါပေမဲ့ ဒေါက်တာဟာ လုံခြုံရေးမှူးထံက သိသမျှနဲ့ သတင်းစာအဟောင်းများရဲ့ သတင်းတွေကို စုလိုက်တော့ ဇာတ်လမ်းတော့ ရေးတေးတေး ဖြစ်လာပါတယ်။

'ဂျိုကွန်စတိုင်းဟာ နှင်စီဗိတ် ၃၉ နှစ်လောက် အရောက်မှာ တွေ့သော့ လေးဆယ်ကျော်ကျော် ရှိဦးမယ်တဲ့။ နှင်စီဗိတ်ဟာ အတော် အကျည်းတန်ပြီး ဂျိုကွန်စတိုင်းကတော့ လူချော လူလှ ဆိုပဲ။ ဒါပေမဲ့ နှင်စီဗိတ်ဟာ သူ့ယောကျ်ား ကလေးတစ်ယောက်နဲ့ သူ့ကို ပစ်ပြေးသွားကတည်းက ယောကျ်ားဆိုရင် စိတ်နာနေသမို့ ဂျိုကွန်စတိုင်းလို လူချောလူလှတောင်မှ အတော်ကျအောင် ကြိုးစားယူရ ဆိုပဲ။

'အမှန်က ဂျိုကွန်စတိုင်း ကြည့်ရတာလည်း သိုက်သမားနဲ့ တူပါဘယ်။ နှင်စီဗိတ်ဟာ သူ့ယောကျ်ား ပစ်ပြေးတုန်းက လယ်တွေ၊ ခြံတွေ ရထားလိုက်တယ်။ လယ်နဲ့ ခြံတွေဟာ တစ်နှစ်တစ်နှစ် ဝင်ငွေကောင်းလေတော့ သူတို့သားအမိနှစ်ယောက် အေးအေးဆေးဆေး ထိုင်စားနိုင်တဲ့အပြင် ပိုလျှံလျှံကလေးတောင် ရှိတယ်ဆိုပဲ။ ဂျိုဟာ အတော်ချောလေတော့ အပြောကလည်း ကောင်း၊ ဟန်ရေးကလည်း ချို ဆိုတဲ့ လူမျိုး ဖြစ်လေတော့ နောက်ဆုံး စွဲတယ်ဆိုပဲ'

ဆမ်သည် စီးကရက်မီးကို ငြိမ်းလိုက်၏။

သူသည် စကားပြောရင်း လိုင်လာကို မကြည့်ပေ။

'ဂျိုကွန်စတိုင်းဟာ စွဲတယ်ဆိုရင်ပဲ နှင်စီဗိတ်ကို မြေနဲ့ယာကို ရောင်းခိုင်းပြီး လမ်းမမှာ ဟိုတယ်ဆောက်ဖို့ အကြံပေးသတဲ့။ အဲဒီတုန်းက လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းပဲ သုံးသေးသမို့ အဲဒီလမ်းဟာ လူစည်ကားပြီး ဟိုတယ်ကလည်း အရောင်းအဝယ် ဖြစ်တယ်ဆိုပဲ။

'နော်မန့်အနေနဲ့ ဟိုတယ်ဆောက်တာကိုတော့ ဘာမှ ကန့်ကွက်စရာ မရှိဘူးပေါ့လေ။ ပထမ သုံးလအတွက်တော့ နော်မန်တို့သားအမိဟာ နှစ်ယောက်တည်း ဟိုတယ်ကို သုံးလလောက် အတူဖွင့် နေပြလိုက်သေးတယ်။ ပြီးမှ နော်မန့်ကို သူ့အမေက ဂျိုကွန်စတိုင်းနဲ့ လက်ထပ်တော့မယ့်အကြောင်း ပြောတော့တာပါပဲ တဲ့'

'ဒီတင် ပေါက်ကွဲ တော့တာပဲလား'

ဆမ်သည် ခေါင်းငုံ့လိုက်၏။ စီးကရက်တစ်လိပ်ကို ပါးစပ်မှာ တပ်လိုက်ပြီး အားယူလိုက်၏။

'ဒီလိုတော့ မဟုတ်ဘူးကွယ့်။ ဒေါက်တာစတိန်းနား လေ့လာရမိသလောက်ကတော့ နော်မန်ဟာ သူ့အမေနဲ့ ဂျိုကွန်စတိုင်းတို့ကို အိပ်ရာထဲမှာ အတူအိပ်နေတာကို တစ်ခါတည်း တွေ့တယ်ဆိုပဲ။ သူ အင်မတန်ချစ်တဲ့ တစ်ဦးတည်းသော အမေကို မမျှော်လင့်ဘဲ အိပ်ရာထဲမယ် တုံးလုံးပက်လက် ယောကျ်ားတစ်ဦးနဲ့ တွေ့လိုက်တော့ အဲဒီမှာပဲ နော်မန့်စိတ်ဟာ ပေါက်ကွဲသွားသလား၊ အတော်ကြာမှ ပေါက်ကွဲသလားတော့ မသိဘူး။ ဒေါက်တာစတိန်းနားကတော့ အတန်ကြာမှ ပေါက်ကွဲတယ်လို့ ယူဆတယ်လေ။ ဘာလို့လဲဆိုတော့ နော်မန်ဟာ သူ့အမေကို အင်မတန် ကြောက်တာကလား။ အဖြေကတော့ မကြာမီ သိရတော့တာပါပဲ။

'နော်မန်ဟာ သူ့အမေနဲ့ ဂျိုကွန်စတိုင်းတို့ကို ကြွက်သတ်တဲ့ အဆိပ်ကျွေးပြီး သတ်လိုက်တာကိုး။ အဲဒီနေ့က ဂျိုနဲ့ နင်စီဟာ အထိမ်းအမှတ် အခမ်းအနားလေးအဖြစ် အတူ သောက်နေကြတုန်းမှာပဲ အဆိပ်ကျွေးခဲ့တာပဲ။ နော်မန်ဟာ အဆိပ်ကို ကော်ဖီထဲမှာ ထည့်ခဲ့တာပဲ။ ဂျိုတို့က ကော်ဖီထဲကို ဘရန်ဒီ ထည့်သောက်ကြတော့ အနံ့ဟာလည်း မရဘူးပေါ့ကွယ်'

'ကြောက်စရာကြီးပါလား'





ဆမ်ကမူ သက်ပြင်းချလိုက်၏။

'အဆိပ်ထဲမှာ ကြွက်သတ်ဆေးဟာ တစ်ခါတည်း ဗိုင်းခနဲ လဲသေတဲ့ အဆိပ်မျိုး မဟုတ်လေတော့ အဆိပ်မိသူ နှစ်ဦးဟာ မသေမီအတွင်းမှာ ဝေဒနာ အလူးအလိမ့် ခံစားရပြီးမှ သေတာ ဖြစ်မှာပဲ။

'နော်မန်ဟာ တစ်ချိန်လုံး စောင့်ကြည့်နေတာ ဖြစ်လေတော့ သူ့အမေနဲ့ ဂျိုကွန်စတိုင်း ဝေဒနာ ခံစားရတာကို တစ်ချိန်လုံး မြင်နေရတယ်။ နော်မန်ဟာ သူ့အမေ အလူးအလိမ့် ဝေဒနာ ခံစားနေရတာကို မြင်တော့ သည်းမခံနိုင်တော့ဘူး။

'နော်မန်ဟာ သူ့အမေအနေနဲ့ စာတစ်စောင်ကို ရေးတယ်လေ။ အဲဒီလို ရေးနေတုန်းမှာပဲ ပြောင်းလဲမှုဟာ ဖြစ်မယ်လို့ ဒေါက်တာစတိန်းနားက ယူဆတယ်။ နော်မန်ဟာ အမှန်စင်စစ်တော့ ဒီစာကို ရေးဖို့ အစကတည်းက စီစဉ်ထားတာပဲ ဖြစ်တယ်။ သူ့အနေနဲ့ အမေ့လက်ရေးကို အထူးလေ့ကျင့်ခရာ မလိုအောင်ဘဲ တူအောင် ရေးတတ်နေပြီးသားကိုး။

'နော်မန်ဟာ အစကတည်းက အကြောင်းရှာပြီးသားပဲ။ ကိုယ်ဝန်ရှိလာတာတို့၊ ဂျိုဟာ သူ့အရပ်မှာ မယားကြီး ရှိတယ်၊ တကယ်တော့ ဂျိုဟာ နာမည်တုနဲ့ နေတာတို့ ပါတယ်။ အမှန်တော့ စာကို သေချာဖတ်ကြည့်ရင်တောင် ဒီစာဟာ သူ့အမေ နင်စီဗိတ် ရေးတာ မဟုတ်ဘူးဆိုတာ ထင်ရှားနေတာပဲ။ ဒါပေမဲ့ အဲဒီတုန်းက ဘယ်သူကမှ ဘယ်သူ့ကို သင်္ကာမကင်း မဖြစ်လေတော့ ဘာမှလဲ မစစ်ဆေးတော့ဘူးပေါ့။

'ပြီးတော့ အဲဒီအချိန်မှာလည်း နော်မန်ဟာ သူ့အမေ ဝေဒနာခံစားရတာကို မချိမဆံ့ မြင်လိုက်ရတာနဲ့ ကယောင်ချောက်ချား ဖြစ်သွားတော့၊ ဆေးရုံတောင် တစ်လလောက် တက်နေရတော့ ဘယ်သူကမှလည်း နော်မန်ကို မထင်ဘူးပေါ့။ သူတို့အားလုံး မသိလိုက်တာကတော့ နော်မန်ဟာ သူ့အမေအနေနဲ့ စာရေးနေစဉ်မှာပဲ သူ့အမေစိတ်ဟာ ဝင်လာတယ်ဆိုတာကို ဘယ်သူမှ မသိကြဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



'နော်မန်ဟာ သူ့အမေ အလူးအလိမ့် ဖြစ်နေခိုက်မှာ သူကိုယ်တိုင် ဝေဒနာ ခံစားရပြီး သူ့အမေလည်း ဆုံးသွားရော၊ သူ့အမေကို သိပ်ပြီး ပြန်လိုခ့ုင်နေပြီလေ။ သူ့အမေကို သူ သိပ်ပြန်လိုချင်နေတုန်း သူက စာရေးတယ်။ စာရေးတဲ့အခါမှာ သူဟာ တကယ်ပဲ သူ့ကိုယ်သူ အမေလို့ အောက်မေ့ရာက တကယ်ပဲ သူဟာ သူ့အမေစိတ် ဝင်လာခဲ့တယ်။

'ဒေါက်တာ စတိန်းနားကတော့ ဒီကိစ္စမျိုးမှာ ထူးခြားလှတယ်လို့ မဆိုနိုင်ပါဘူးတဲ့။ အထူးသဖြင့် နော်မန်လို စိတ်မတည်ငြိမ်တဲ့ လူဆိုတော့ ပိုပြီး ပြောင်းလဲနိုင်တာပေါ့လေ။ ပေါက်ကွဲမှု စိတ်ဟာ သိပ်ပြင်းတော့ သူဟာ ဆေးရုံမယ် တစ်လလောက်ကြာ ဝေဒနာ ခံစားလိုက်ရတယ်။ အဲဒီအချိန်မှာ သူ့အမေနဲ့ ဂျိုကွန်စတိုင်းတို့ဟာ မြှုပ်ပြီးနေပြီပေါ့။ နောက် သူ့ကို ဆေးရုံက ဆင်းခွင့်ပြုခဲ့တယ်'

လိုင်လာသည် တုန်လှုပ်နေ၏။

'အဲဒီတော့ သူ့အမေအလောင်းကို သွားပြီး ပြန်ဖော်ရောလား'

ဆမ်က ခေါင်းညိတ်လိုက်၏။

'အဲဒီအတိုင်း ဖြစ်မှာပါပဲ။ နော်မန်ဟာ သူ့အမေအလောင်းကို သွားတူးပြီး အိမ်သယ်လာတယ်။ နောက် သူ ဝါသနာပါတဲ့ ပြန်လည်ချုပ်တွယ်ပြီး အကောင်မပျက် ထားတတ်တဲ့ အလုပ်နဲ့ ချုပ်လုပ်ထားတာပေါ့'

'အင်း ထားပါတော့၊ ဒါပေမဲ့ ကျွန်မ နားမလည်တာက သူဟာ သူကိုယ်တိုင် အမေစိတ် ဝင်နေပြီးသားဟာ ဘာ့ကြောင့် အလောင်းကြီးကိုများ, သွားပြန်သယ်ချင်သေးရပါလိမ့်'

'အဲဒီလောက် မလွယ်ဘူးလေ။ ဒေါက်တာ စတိန်းနားက ပြောတယ်။ နော်မန်ဗိတ်ဟာ အဲဒီအချိန်မှာ လူတစ်ကိုယ်တည်း သုံးစိတ် ဖြစ်နေသတဲ့။ တစ်စိတ်ကတော့ ကလေးစိတ် နော်မန်ပဲ။ အဲဒီ ကလေးစိတ် နော်မန်ဟာ သူ့အမေကို သူ သိပ်ချစ်တယ်။ သူ့အမေကို သိပ်ချစ်လို့ သူ့အမေနဲ့





သူ့အကြားမယ် ဘယ်သူ ဝင်လာလာ သည်းမခံတဲ့ စိတ်ပဲ။ နောက်တစ်စိတ်ကတော့ အမေ နှင်စီဗိတ်ရဲ့ စိတ်ပဲ။

'တတိယနဲ့ နောက်ဆုံးစိတ်ကတော့ လူကြီး နော်မန်ဗိတ် ပကတိစိတ်လို့ ခေါ်ရမှာပဲ ထင်တယ်။ နေ့စဉ် အလုပ်တွေကို လုပ်တယ်။ မှန်မှန်တဲ့ အလုပ်တွေကို လုပ်ပြီး သူ့အတွင်းစိတ်ထဲမှာရှိတဲ့ စိတ်နှစ်မျိုးလုံးကို ဖုံးကွယ်ထားတဲ့လူပဲ။ အမှန်က စိတ်တစ်ခုစီဟာ သီးခြား ကွဲပြားနိုင်တဲ့ သဘောတော့ မရှိဘူးပေါ့။ တစ်ခုနဲ့တစ်ခု မှီခို ငြိတွယ်ခြင်းများ ရှိတယ်လို့ ဆိုရမယ်တဲ့။

'သို့သော် လူကြီးစိတ် နော်မန်ဟာ သူ့ကိုယ်သူ ထိန်းသိမ်းပြီး နေနိုင်ခဲ့လို့သာ ဆေးရုံက ဆင်းခွင့်ရခဲ့တာပဲပေါ့။ နော်မန်ဟာ ပြန်လာပြီး ဟိုတယ်ဆိုင် ဖွင့်နေခဲ့တယ်။ ဒီတော့မှ သူဟာ ဝေဒနာကို ခံစားရတော့တာပဲ။

'သူ့ဘဝမှာ သူ့အမေရဲ့ နေရာဟာ ဘယ်လောက် ကြီးကျယ်ကြောင်း၊ သူ့အမေဟာ သူ့ဘဝ တစ်ခုလုံးရဲ့ အချက်အချာ ဘယ်လောက်ဖြစ်နေပြီဆိုတာ သူ သိရတော့တာပဲ။ အဆိုးဆုံးကတော့ လူကြီးစိတ် နော်မန်မှာ သူ့အမေကို အပြစ် ကျူးလွန်မိထားခြင်းဆိုတဲ့ လိပ်ပြာမသန့်မှုဟာ အမြဲဖိစီးထားလိုက်တော့ ဝေဒနာဟာ တစ်နေ့တခြား ကြီးထွားလာခဲ့တယ်။ သူဟာ သူ့အမေကို ပြန်လိုချင်တယ်။

'ပြန်ပြီး ထိန်းသိမ်းထားချင်တယ်။ စိတ်ထဲမှာ အမေစိတ် ပေါက်နေရုံနဲ့ အားမရတော့ဘူး။ ကိုယ်ကာယအားဖြင့် ဖြစ်တဲ့ သူ့အမေကို ပိုင်ဆိုင်ချင်တယ်၊ ကိုင်တွယ်ချင်တယ်။ ဒါမှသာ သူ့အမေကို သတ်မိခြင်း အပြစ်ဝေဒနာက သက်သာပေလိမ့်မယ်လို့ သူ ယူဆဟန် တူပါတယ်။

'ဒါနဲ့ သူဟာ အမေ့အလောင်းကြီးကို တူးဖော်ပြီး အိမ်ယူလာခဲ့တယ်။ အမေ့ဘဝကိုလည်း အသစ်ပြန်ပြီး ထူထောင်ပေးတယ် ဆိုပါစို့။ သူဟာ အမေ့ကို အိပ်ရာထဲမှာ ကောင်းကောင်းသိပ်တယ်၊ အဝတ်အစား လဲလှယ်ပြင်ပြီး ပြတင်းပေါက်မှာ ထိုင်ပေးတယ်။ သူကိုယ်တိုင်လည်း အမေစိတ် ပေါက်ပြီး အလုပ်တွေ လုပ်နေခဲ့တယ်။ ဒါပေမဲ့ သူဟာ သိပ်သိပ်သည်းသည်း လု[illegible]



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့လို့သာ ဘယ်သူကမှ အမေကြီးကို မမြင်ကြရဘူး။ ဒီကြားထဲ ဓုံထောက် မီလတန်က မြင်သွားခဲ့တယ်'

လိုင်လာသည် မော့ကြည့်လိုက်၏။

'ဒါဖြင့် ကြောက်စရာကောင်းတာက အိမ်ကြီးထဲမှာ မရှိဘဲ သူ့ခေါင်းထဲမှာ ရှိနေတာပေါ့လေ'

'စိတ်သုံးမျိုး နေကြပုံကို ဒေါက်တာ စတီန်းနား တွေ့ရတာက အမေစိတ်နဲ့ ကလေးစိတ်ဟာ အမြဲလိုလို ချစ်ချစ်ခင်ခင်နဲ့ စကားပြောကြတယ်။ လူကြီးစိတ် နော်မန်ဟာ အဲဒီအခြေအနေမှာ အမြဲ ထိန်းကျောင်းပြီး နေခဲ့တယ်။ လူကြီးစိတ် နော်မန်ဟာ သူ့ကိုယ်သူ လူကြီးတစ်ယောက်အနေနဲ့ သိမ်းဆည်း နေနိုင်တာပေါ့လေ။ သူ ဘယ်လောက်သိတယ်ဆိုတာ မည်သူမှ မပြောနိုင်ဘူး'

'မသိနိုင်ဘူးပေါ့လေ။ ဒါပေမဲ့ လူကြီးစိတ်က တွေ့ကရာ ရှစ်သောင်းတွေကို ဖတ်ပြီး စိတ်ပညာတို့၊ ဝိညာဉ်လောကတို့ကို ယုံကြည်ဟန် ရှိပါတယ်။ နောက်တစ်ခုက သူဟာ သူ့မှာဖြစ်တဲ့ တခြားစိတ်နှစ်စိတ်လုံးကို ဖျက်ဆီးပစ်ဖို့ အားမရှိဘူး။ အဲဒီစိတ် နှစ်စိတ်လုံးကို ဖျက်ဆီးတာနဲ့ သူလည်း ပျက်စီးသွားမှာပဲ။ ဒါနဲ့ပဲ သူဟာ လူတစ်ကိုယ်တည်း သုံးဘဝ သုံးစိတ် နေခဲ့တယ်လို့ ဆိုလိုတာပေါ့။ အဲဒီလိုနဲ့ ဘယ်သူမှ မရိပ်မိဘဲ နေခဲ့ရာက'

ဆမ်သည် စကားဆက်ပြောရမည်ကို အားနာသကဲ့သို့ ရပ်လိုက်၏။

ထိုအခါတွင် လိုင်လာက စကား ဝင်ထောက်ပေးလေ၏။

'ဒီလိုနေတုန်း မေရီ ရောက်သွားပြီး မေရီကို နော်မန်ဗိတ်က သတ်လိုက်တာပေါ့လေ'

ဆမ်သည် ခေါင်းယမ်းပြလိုက်၏။

'သူ မဟုတ်ပါဘူး၊ အမေက သတ်တာပါ။ နင်စီဗိတ်ဟာ မင်းရဲ့ အစ်မ မေရီကို သတ်လိုက်တာပါပဲ။ အခြေအနေ အတိအကျတော့ မသိဘူးပေါ့။ ဒါပေမဲ့ ဒေါက်တာစတီန်းနားရဲ့ အနီးကပ်ဆုံး တွေးခေါ်ချက်က





တော့ အကျဉ်းအကျပ် အခက်အခဲတစ်ရပ် ပေါ်ပေါက်လာရင် နင်စီဗိတ်ရဲ့ ဗိတ်ဟာ ထူးထူးခြားခြား ထင်ရှားလာတယ်လို့ ဆိုတာပဲ။ နော်မန်ဗိတ်ဟာ အဲဒီညက အရက်သောက်ရင်း သူ့အတွင်းစိတ် ပဋိပက္ခကို မနိုင်တော့ဘဲ လူကြီးစိတ် နော်မန်ဟာ မေ့မြောသွားခဲ့တယ်။ ဒီအချိန်မှာ အမေစိတ် နင်စီဗိတ်ဟာ အပေါ်ထပ်ကို တက်၊ သူ့အဝတ်တွေ လဲပြီး မေရီကို လာသတ်တာပါပဲ။ ဒါကို လူကြီးစိတ် နော်မန်က အိပ်ရာကနိုးတော့ သူ့အမေကို ကာကွယ်ဖို့ တာဝန်ရှိတဲ့ အနေနဲ့၊ သားကောင်းတစ်ယောက် အနေနဲ့ အလောင်းတွေကို ဖျောက်ဖျက်ပစ်ခဲ့တယ်။

'နောက်ပြီး သူ့အမေဟာ တကယ် လူသတ်သမားပဲလို့ ယုံကြည်ပြီး သူ့အမေရဲ့ အလောင်းကောင်ကြီးကိုလည်း ထိန်းသိမ်း စောင့်ရှောက်ထားခဲ့တယ်'

'ဒါဖြင့် နော်မန်ဗိတ်ဟာ ရူးနေတာပေါ့'

'ဒေါက်တာ စတီန်းနားကတော့ စိတ္တဇဆိုတဲ့ စကားလုံးကို သုံးလိုက်တယ်။ စိတ္တဇ ဝေဒနာသည်တစ်ဦးလို့ အသိအမှတ်ပြုပြီး စိတ္တဇဆေးရုံမှာ ဂရုသက်ပန် ထားလိမ့်မယ် ထင်ပါတယ်'

'ဒါဖြင့် ရုံးတင် တရားမစွဲဘူးပေါ့လေ'

ဆမ်က သက်ပြင်းချလိုက်၏။

'ကိုယ် အခု လိုင်လာကို လာပြောတာ အဲဒါအတွက်ပါပဲ။ ဒီလူဟာ စိတ္တဇဝေဒနာသည် တစ်ဦးသာ ဖြစ်တာမို့ တရားရုံးမှာ တင်ပြီး အမှုဖွင့် ခစ်မယ် မဟုတ်တော့ဘူး၊ လိုင်လာ့အနေနဲ့ ဘယ်လို ခံစားရမယ်ဆိုတာ ကိုယ် သိပါတယ်။ ဒါပေမဲ့....'

လိုင်လာက ဖြည်းညင်းစွာ ဝင်ပြောလိုက်၏။

'ဒါပဲ ကောင်းပါတယ်ရှင်၊ ဘဝဆိုတာ တွေးကြည့်လိုက်ရင် ရယ်စရာကြီးပဲနော်။ ကျွန်မဟာ မေရီ့အတွက် သိပ်မကျေမနပ် ဖြစ်ပြီး အပြင်းအထန် လိုက်ရှာခဲ့တယ်။ ဘဝရဲ့ အလှည့်အပတ်ကလေးတွေကို ကျွန်မတို့ဆစ်တွေ မမြင်နိုင်ခဲ့ကြဘူး။ ကျွန်မတို့ဟာ လမ်းမှန်ကို ရှာမတွေ့ကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



'လမ်းမှန်ပေါ်မှာတောင်မှ အယူမှား၊ အမြင်မှားနဲ့ လမ်းလျှောက်ခဲ့ကြသေးတယ် မဟုတ်လား။ ယခု ကျွန်မအနေနဲ့ နော်မန့်ဗိတ်ကိုတောင် မှန်းလို့ မရတော့ဘူး၊ တကယ်တော့ နော်မန့်ဗိတ်ဟာ ကျွန်မတို့တစ်တွေထက် စိတ်ဝေဒနာ ပိုပြီးခံစားရတဲ့ လူတစ်ယောက်ပါပဲ ရှင်။

'ကျွန်မတော့ ဒီလိုပဲ တွေးလို့ ရတော့တယ်။ ပြီးတော့ တကယ့်တကယ် ကျပြန်တော့လည်း ကျွန်မတို့ရဲ့ စိတ်ကိုယ်နှိုက်က မှန်တယ်လို့တောင် မနိုင်မာချင်တော့ဘူး၊ ပုထုဇနော ဥမ္မာတကော ဆိုတယ် မဟုတ်လား ရှင်'

ဆမ်သည် ထ လိုက်၏။ လိုင်လာသည် တံခါးဝသို့ လိုက်ပို့၏။

'ကဲလေ အားလုံး ပြီးကုန်ပြီဟာ၊ ပြီးတာတွေတော့ ပြီးပါစေတော့လေ၊ ကျွန်မတော့ အားလုံးကိုပဲ မေ့ပစ်ဖို့ ကြိုးစားရတော့မှာပဲ'

'အားလုံးကိုပဲလား'

ဆမ်သည် လိုင်လာ၏ မျက်နှာကို မကြည့်ဘဲ ပြောလိုက်လေသည်။

လိုင်လာကမူ ဘာမျှ မပြောဘဲ နေလိုက်၏။

သည်တွင် ပြီးဆုံးခြင်းသည် ရောက်လေ၏။

သို့မဟုတ် ပြီးဆုံးခြင်းသို့ ရောက်လုလုဟု ဆိုရမည် ထင်ပါသည်။

အကြောင်းကား....။

**[ တစ်ဆယ့်ခုနစ် ]**

တကယ့် ပြီးဆုံးခြင်းသည် အေးဆေးငြိမ်သက်စွာ ရောက်နေ၏။

ရောက်နေသောအရပ်မှာ သံတိုင်များဖြင့် ကာရံထားသော အခန်းကလေး တစ်ခု အတွင်းမှာ ဖြစ်ပါသည်။ ၎င်းအခန်းကလေး အတွင်းတွင် မကြာသေးမီက လူကြီးတစ်ယောက်၏ အသံ၊ မိန်းမကြီးတစ်ဦး၏ အသံနှင့် ကလေးငယ်တစ်ဦးတို့၏ အသံတို့ဖြင့် ဆူညံနေခဲ့ပေသည်။





ယင်းအသံ သုံးခုသည် ထိခိုက်မှု၊ ပေါက်ကွဲမှု ဖြစ်ခဲ့လေသည်။ ပြင်းထန်သော ထိခိုက်မှု၊ တိုက်ခိုက်မှုများကြောင့် ပေါက်ကွဲမှုကား တကယ် ဖြစ်ခဲ့လေပြီ။

ယခုတော့ ဤအခန်းငယ်သည် အသံဟူ၍ တစ်သံပဲ ကျန်ရစ်လေတော့၏။ အမှန်မှာ ဤသည်သာလျှင် အဓိပ္ပာယ်ရှိပေမည် ဖြစ်၏။

အကြောင်းသော်ကား ဤအခန်းထဲတွင် လူကလည်း တစ်ဦးသာ ရှိသဖြင့် အသံသည်လည်း တစ်သံသာ ရှိအပ် ရှိထိုက်လှသည် မဟုတ်ပါသား။ အမှန်တော့ အစကတည်းက တစ်ယောက်ဆို တစ်ယောက်တည်း ရှိခဲ့ခြင်း ဖြစ်ပါသည်။

ယခုတော့ အမေ.... သိပါပြီ။

ယခုတော့ အမေ သိပါပြီ။ သည့်အတွက် အမေ ဝမ်းသာ၏။

တကယ့်တကယ်ဆိုတော့ အမှန်တရား ဆိုသည်က အဆုံး၌ နိုင်စမြဲ မဟုတ်လား။ ယခုကဲ့သို့ ဖြစ်လာခြင်းသည်သာ အကောင်းဆုံးနည်း မဟုတ်ပါလား။ လူတစ်ဦးတစ်ယောက်သည် မိမိ၏စိတ်ကို မိမိတစ်ယောက်တည်း ပိုးပိုင်ကြီး ပိုင်ဆိုင်နေရခြင်းသာ အဓိပ္ပာယ်ရှိသည် မဟုတ်ပါလော။ ခိုင်ခိုင်မာမာကြီး၊ ယုံယုံကြည်ကြည်ကြီး၊ လုံလုံခြုံခြုံကြီး.... လေ။

ယခုတော့ အမေ့အနေနှင့် အတိတ်ဖြစ်ရပ် အားလုံးကို အိပ်မက်ဆိုးကြီး တစ်ခုလို ပြန်ပြီး တွေးနိုင်၊ ကြည့်နိုင်ပြီ ဖြစ်ပါ၏။

ဟုတ်သည်၊ အမှန်ပေပဲ။ အိပ်မက်ဆိုးကြီး တစ်ခုပါပဲ။ အိပ်မက်ထဲက လူတွေက ထင်ရာမြင်ရာတွေကို ထင်ယောင်မြင်ယောင် ရုပ်တွေနဲ့ လုပ်ကြသူတွေလေ။

အိပ်မက်ဆိုးကြီးထဲတွင် ကလေးဆိုးကလေးတစ်ကောင် ရှိပါသည်။ သည်အငယ်ကောင်သည် သူနှင့် သူ့ချစ်သူတို့ကို အဆိပ်ကျွေးသတ်ခဲ့သူ ဖြစ်ကြောင်း အမေ သိပါ၏။ အိပ်မက်ထဲမှာ အဆိပ်ဒဏ်သည် ပြည်မျိုး တစ်ဆို့လာပြီး မျက်လုံးများ ပြာမိုက်လာကာ နစ်နေခဲ့ရပုံတွေ၊ လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲက ဒီအရာကြီးတွေ ထွက်သွားအောင် ကိုယ့်လည်မျိုကို ဖွဲ့ကာ ကုတ်ခြစ်ခဲ့ရတာတွေ၊ သည်လို ကြိုးစားနေခိုက် မျက်နှာကြီးက ပြာလာပြီး မျက်လုံးကြီးက ဖြူလာပြီ။ သည်လိုပါပဲ.... သည်လိုပါပဲ။

အိပ်မက်ဆိုးကြီးရဲ့ တစ်နေရာမှာတော့ သချိုင်းမြေက ပါလေသေးရဲ့။ သချိုင်းမြေက မြေပုံထဲကို တူးဆွနေပုံကလည်း ပါလေသေး။ မြေကြီးများမှာ ဖို့ပြီး တစ်လခန့်သာ ကြာသေးသဖြင့် မြေကြီးတွေ ဖယ်လိုက်သောအခါ ခေါင်းကြီးက ထွက်လာပုံ၊ ခေါင်းကြီးရဲ့ အဖုံးပူဉ်ကို သံတူးရှင်းဖြင့်ကလန့်လိုက်တော့ အထဲက ရှိနေသော အလောင်းကြီးကို တွေ့သည်ပင်။

အလောင်းကြီး၊ အလောင်းကြီးနှင့် ပြောပြောနေကြတာ။ အမှန်တော့ အလောင်းကြီးဟု ပြောရအောင် ဘယ်သူက သေလို့တုံး။ အလောင်းကြီးလို့ပြောပြောနေကြတဲ့ ငါ့ကိုလား၊ အမေ့ကိုလား။ ငါ မသေပေါင်၊ အမေကဖြင့်မသေပေါင်ထဲကဘဲ။ သေတာက ကလေးဆိုးလေး၊ ကောင်ဆိုးလေးသေသွားတာပဲကွယ့်။

နောက် ကောင်ဆိုးကြီးကလည်း ရှိပြန်ပါသေးရဲ့။ သည်ကောင်ဆိုးကြီးကလည်း ကောင်ဆိုးလေးနည်းတူ လူသတ်သမား ဖြစ်ပါသည်။ သူကအရက်သောက်သည်။ ညစ်ညမ်းစုတ်ပဲ့သော စာအုပ်များ ဖတ်သည်။ နံရံတွင်အပေါက်ဖောက်ပြီး တစ်ဖက်ခန်းမှ ရေချိုးသော ကောင်မလေးကို ကြည့်သည်။ တွေ့ကရာတွေ ဖတ်ပြီး မဟုတ်တာ မှန်သမှ ယုံတဲ့၊ မကောင်းမှုမှန်သမျှ လုပ်တဲ့ ကောင်ကြီးပေါ့။

အဆိုးဆုံးကတော့ ဘာမှ အပြစ်မရှိတဲ့ လူနှစ်ယောက်ကို သတ်ဂဲ့က်တာပါပဲ။ တစ်ယောက်ကတော့ ရင်သားကြီးကြီးနဲ့ ကောင်မလေး၊ ဘစ်ယောက်ကတော့ အညိုရောင် သက္ကလတ်ဦးထုပ်ပျော့ကို ဆောင်းတဂ်သူတစ်ဦးတို့ကို ဖြစ်ပါသည်။

သူ့အနေနှင့်၊ အမေ့အနေနှင့်ကတော့ အားလုံး သိပါသည်။ သေသေချာချာကြီးကို သိပါသည်။ အားလုံး ဖြစ်ပျက်သမျှမှာ အမေ့မျက်စိရှေ့မှောက်





ဘွင် ဖြစ်ပျက်ခဲ့သမို့ အမေသည် အရာရာ ခပ်သိမ်း သိနေခြင်း ဖြစ်ပါသည်။ ဘကယ်တော့ အမေသည် သိရုံသာ သိနေခြင်း ဖြစ်ပါ၏။ အကြောင်းမှုအမေသည် ကြည့်ရုံသာ ကြည့်နေသူတစ်ဦး ဖြစ်သောကြောင့်တည်း။

ကောင်ဆိုးကြီးသည် ဤအပြစ်ကင်းမဲ့သူ နှစ်ဦးကို ကိုယ်ထိလက်ရောက် သတ်ဖြတ်ပစ်ခဲ့ပြီးနောက် အမေ့အပေါ်သို့ အပြစ်များ လွှဲချပါသည်။

'အမေ သတ်တာ၊ အမေ သိပ်ဆိုးတာပဲ'

စသည်ဖြင့် စသည်ဖြင့် သူ့အပေါ် အပြစ်များ ပုံ၍ချလိုက်ပါ၏။

'အမေက သတ်တာ။ ငါက သတ်တာ ဟုတ်လား။ ငါက ဘယ်လိုဘုပ်ပြီး သတ်နိုင်မှာလဲ ဟဲ့။ ငါက ကြည့်ရုံ ကြည့်နေတာပဲ'

အမေက ပြန်ပြောလိုက်၏။

ဟုတ်သည်၊ အမေသည် သူ့ဘာသာသူ သိပါ၏။

အမေသည် တကယ်ပင် ကြည့်ရုံသာ ကြည့်နေခဲ့သူတစ်ဦး ဖြစ်လေသည်။

ကြည့်မနေ၍ကော အမေက ဘာတတ်နိုင်ပါမည်နည်း။ တကယ်တော့ အမေ၏ ကိုယ်ခန္ဓာမှာ ချုပ်ထား၊ တည်းထား၊ ပြန်၍ကပ်ထားသောအရုပ်ကောင်ကြီး ဖြစ်သလို ဟန်ဆောင်၍ နေရသေးသည် မဟုတ်ပါလား။ ဟုတ်သည်၊ အမေသည် မည်သူ့ကိုမျှ၊ ဘာကိုမျှ၊ အန္တရာယ် စိုးစဉ်းမျှမပြုနိုင်သော အရုပ်ကောင်ကြီး ဖြစ်ပါသည်။

ဤအရုပ်ကောင်ကြီးသည် ယုံပါတော့၊ မည်သူ့ကိုမျှ ရန်သတ္တရမပြုနိုင်ပါ။ သူ့ဘာသာသူ ထားရာတွင်သာ ကမ္ဘာတည်သရွေ့ နေသွားရမည်ဖြစ်ပါသည်။

အမှန်တော့ အမေ.... သိသည်။

မည်သူ တစ်ဦးတစ်ယောက်ကမျှ ကောင်ဆိုးကြီး၏ စကားကိုယုံမည် မဟုတ်ပေ။ ကောင်ဆိုးကြီးက ထိုလူနှစ်ယောက်ကို အမေ သတ်



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု သူ့အပေါ် မည်မျှ အပြစ်ပုံချသည် ဖြစ်စေ၊ ယုံကြည်ကြမည် မဟုတ်ပါ။

ထားပါတော့၊ ယခုတော့ဖြင့် ကောင်ဆိုးကြီးသည် ဆုံးရှာပြီ ဖြစ်ပါ၏။ ကောင်ဆိုးကြီးရော၊ ကောင်ဆိုးလေးပါ သေဆုံးသွားလေပြီ ဖြစ်ပါ၏။

သို့မဟုတ် သူတို့သည် အိပ်မက်ဆိုး တစ်စိတ်တစ်ဒေသ ဖြစ်သည့်အတိုင်း နိုးလာသောအခါ၌ ကြေမွပျက်စီးသွားပြီ ဖြစ်ပါ၏။

ယခုတော့ အစကတည်းက တကယ်ရှိတာက သူ တစ်ယောက်တည်းပါပဲ။

အမေ .... တစ်ယောက်တည်းပါပဲ။

သေသေချာချာ တစ်ယောက်တည်း ရှိမှန်းက ဧကန်ဧက ဖြစ်လာသည့်အခါ၊ ပြီးတော့ အစစ်တကယ် ရှိမှန်းကလည်း မလွဲဧကန် ဖြစ်ရတာ ဘယ်လောက်များ ကြီးကျယ် ခမ်းနားလိုက်ပါသတုံး။

ဒါပေမဲ့ ဒါပေမဲ့၊ အန္တရာယ်ဆိုတာ ဝေးဝေကရှောင် ဆိုတဲ့အတိုင်း အမေ့အနေနှင့် သူဟာ အစစ်တကယ် ချုပ်ထားသော၊ တည်းထားသော၊ မှိုင်းတင်ထားသော၊ ကျုပ်တင်ထားသော အရုပ်ကောင်ကြီးအဖြစ် ဆက်လက်ဟန်ဆောင်နေရပေဦးမည် ဖြစ်၏။

ဘယ်အခါမျှ မလှုပ်ဘဲနှင့်....။

ဘယ်တော့မှလည်း မလှုပ်ဘဲနှင့်....။

သည်အခန်းကျဉ်းကျဉ်းကလေးထဲမှာ တစ်သက်လုံး၊ တစ်သက်လုံး၊ တစ်ကမ္ဘာဆုံး အထိလေ။

အင်း၊ သူ့အနေနှင့်သာ သည်လို စိတ်ကို ခိုင်ခိုင်ကြီး ထားပြီး တောင့်ထားနိုင်မယ်ဆိုရင် သူတို့က ဘယ်လို အပြစ်ပေးကြမှာတဲ့တုံး၊ မလွယ်ပေ။

အကယ်၍ အမေသာ သည်အခန်းကလေးထဲမှာ ချထားတဲ့အတိုင်း မလှုပ်မရှားဘဲ နေတာကို သူတို့က တွေ့မယ်ဆိုရင်၊ အသေအချာ သိနေရမယ် ဆိုရင် သူတို့ဟာ အဖြစ်အပျက်မှန်ကို သိမှာပဲ၊ တွေးမိမှာပဲ။





သို့နှင့် အမေသည် ကာလကြာမြင့်စွာ အခန်းထဲ၌ ပကတိ မလှုပ်မရှားဘဲ ငြိမ်ငြိမ်သက်သက်ကြီး ထိုင်နေလေ၏။

ထိုအခိုက် ခြင်တစ်ကောင်မှာ ပြတင်းပေါက်သံတိုင်များ အကြားမှ ပြတ်သန်းလာပြီး အမေ့လက်ပေါ်၌ နားလေသည်။ အမေ့လက်ပေါ်၌ နားသေ၏။

တကယ်လို့ သူသာ သည်ခြင်ကောင်ကို သတ်ပစ်လိုပါမူ လက်ဖြင့် ဖြတ်သတ်လိုက်ရုံသာပဲ ရှိပါသည်။

သို့သော် သူ မသတ်ပေ။

အမေ မသတ်ပေ။

အမေသည် သူ့ကို စောင့်ကြည့်နေပါစေဟု ဆုတောင်းမိပါ၏။ အကြောင်းသော်ကား ယခုနေ သူ့ကို သူတို့ စောင့်ကြည့်နေကြပါလျှင် သူတို့ အဖြေမှန်ကို တွေ့သွားကြမည် ဖြစ်သောကြောင့်တည်း။

သူသည် ခြင်တစ်ကောင်ကိုတောင် အန္တရာယ် မပြုသူပါတကား။

အမေသည် ခြင်ကိုတောင် မသတ်သူပါတကား ရယ်လို့ပဲ။ ။

မောင်မိုးသူ

၂၃-၈-၆၅

BURMESE CLASSIC .com

www.burmeseclassic.com